# ထာဝရလိုအင်သက်တော်စဉ်

## (ပထမပိုင်း)

# ထာဝရလိုအင်သက်တော်စဉ်

(ပထမပိုင်း)

အင်္ဂလိပ်ဘာသာ ရေးသားပြုစုသည့် "The Desire of Ages" စာအုပ်ကို
ဦးရဲကိုက ''ထာဝရလိုအင်သက်တော်စဉ်'' အမည်ဖြင့်
မြန်မာပြန်ဆိုသည်

ပထမအကြိမ်



## ထာဝရလိုအင်သက်တော်စဉ်
**(ပထမပိုင်း)**

**ပုံနှိပ်သူ**
ဦးဖုန်းနိုင် (၁၁၂၈၃)
ကင်းဇောင့်ပုံနှိပ်တိုက်
၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**
ဦးဇောမဲမရီထွန်း (၀၄၄၃၂)
ဥက္ကဌ
သတ္တမနေ့အသင်းတော်သာသနာအဖွဲ့ချုပ်၊
၆၈ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၅၀၀၀

တန်ဖိုး – ၂၁၀၀.၀၀

ပထမအကြိမ်

## ရှေးဦးစကား

နေရာအသီးသီးတွင်နေထိုင်လျက်ရှိကြသော လူသားတိုင်းတို့၏စိတ်နှလုံးထဲတွင် မိမိတို့ပိုင်ဆိုင်ထားခြင်းမရှိသေးသည့်အရာများကို ပိုင်ဆိုင်လိုသည့်ဆန္ဒများသည် မဖော်ပြနိုင်အောင်များပြားလျက်ရှိတတ်ပါသည်။ လူသားများသည် ကောင်းစားသည်ဖြစ်စေ၊ ဒုက္ခရောက်သည်ဖြစ်စေ မိမိတို့၏ပစ္စုပ္ပန်အခြေအနေများနှင့် ရောင့်ရဲကျေနပ်မနေတတ်ကြဘဲ တစ်ခုခုကိုတောင့်တနေတတ်ကြပါသည်။ ဤစိတ်ဓာတ်ကလေးကို လူသားများ၏နှလုံးသားဝယ် ဘုရားသခင်ကိုယ်တော်တိုင်ဖန်တီးတော်မူခဲ့ခြင်းဖြစ်ပါသည်။ လူသားများသည် အကောင်းဆုံးသောအရာကို ကြိုးစားရှာဖွေကာ သူ့အသက်ဝိညာဉ်၏ထာဝရကောင်းချီးမင်္ဂလာအတွက် အကောင်းဆုံးသောအရာကိုတွေ့ရှိသွားရန် ထာဝရဘုရားအလိုရှိတော်မူပါသည်။

လူသားများ၏ထိုလိုလားတောင့်တမှုကို လမ်းလွှဲသွားရန် ကောက်ကျစ်သောနည်းများကိုအသုံးပြုလျက် စာတန်ကြိုးစားနေပါသည်။ ထိုလိုလားတောင့်တမှုကို အပျော်အပါး၊ စည်းစိမ်ဥစ္စာ၊ ချမ်းသာကုံလုံခြင်း၊ ကျော်စောကိတ္တိ၊ တန်ခိုးအာဏာ စသည့်အရာများအားဖြင့် ဖြည့်စွမ်းပေးနိုင်မည်ဟု လူသားများအား စာတန်အယုံသွင်းခဲ့သော်လည်း ဤအရာများသည် အသက်တာများတွင် ငြီးငွေ့မှုကိုသာဖြစ်စေပြီး အသက်ဝိညာဉ်၏ လိုလားတောင့်တမှုကို မဖြည့်စွမ်းနိုင်ကြောင်း ၎င်းတို့တွေ့ရှိခဲ့ကြရပါသည်။

လူသားများ၏နှလုံးတွင်ဖြစ်ပေါ်နေသော ထိုလိုလားတောင့်တစိတ်သည် ထိုပုဂ္ဂိုလ်အား ထိုတောင့်တစိတ်ကိုဖြည့်ဆည်းပေးနိုင်သည့် ဘုရားသခင်ထံတော်သို့ပို့ဆောင်ပေးရန် ထာဝရဘုရားရည်စူးတော်မူပါသည်။ ကိုယ်တော်၏အကြောင်းကိုသိလိုသောဆန္ဒသည် ထိုလိုလားတောင့်တမှုကို ဖြည့်ဆည်းပေးနိုင်သည့် ကိုယ်တော်ရှင့်ထံသို့လမ်းပြပေးနိုင်မည်ဖြစ်ပါသည်။ အလိုပြည့်စုံမှုကို ထာဝရဘုရား၏သားတော်ယေရှုခရစ်တော်၌သာတွေ့ရပါသည်။ "ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ကိန်းဝပ်စေခြင်းငှါ ဘုရားသခင်အလိုရှိတော်မူ၏။" "အကြောင်းမူကား၊ ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏။"

ဟဂ္ဂဲက ကိုယ်တော်အား "လူမျိုးအပေါင်းတို့နှစ်သက်ဖွယ်သောအရာ" ဟု ခေါ်ဝေါ်သမုတ်ထားပါသည်။ ကျွန်ုပ်တို့အနေဖြင့်လည်း ကိုယ်တော်အား "ထာဝရလိုအင်သက်တော်စဉ်" ဟု ခေါ်ဝေါ်သမုတ်နိုင်ကြပါမည်။

ခရစ်တော်၏သက်တော်စဉ်အကြောင်းကို စာအုပ်စာပေပေါင်းများစွာတွင် ရေးသားဖော်ပြထားခဲ့ကြသော်လည်း သက်တော်စဉ်၏အစိတ်အပိုင်းတစ်ဝက်ခန့်ကိုမူ မည်သည့်အချိန်ကမျှ မဖွင့်ဆိုခဲ့ဖူးကြပါ။ ထို့ကြောင့် ခရစ်တော်သည် လိုလားတောင့်တမှုအပေါင်းကိုဖြည့်ဆည်းပေးနိုင်သည့် တစ်ပါးတည်းသောဘုရားတစ်ဆူဖြစ်ကြောင်းကို ဤစာအုပ်ကဖွင့်ဆိုထားပါသည်။

ဤစာအုပ်တွင် ခရစ်တော်၏သက်တော်စဉ်နှင့်ပတ်သက်သော အရေးကြီးသည့်အဖြစ်အပျက်များနှင့် အံ့ဩဖွယ်ရာသင်ခန်းစာယူစရာများကို အချိန်ကာလအစဉ်အလိုက်ဖော်ပြထားပါသည်။ လူသားတိုင်းမျှဝေခံစားနိုင်သည့် ခရစ်တော်၏အသက်တာတွင် ထင်ရှားခဲ့သည့်ဘုရားသခင်၏ အသရေတင့်တယ်မှုတည်းဟူသော ကိုယ်တော်၏မဟာမေတ္တာတော် အကြောင်းကိုလည်း ဖွင့်ဆိုထားပါသည်။

စာရေးသူအမျိုးသမီးကြီးသည် ခရစ်တော်၏သက်တော်စဉ်မှ အသစ်သောတင့်တယ်မှုများကိုဖော်ပြထားပြီး ရတနာသေတ္တာထဲမှ အသစ်စက်စက်သောကျောက်သံပတ္တမြားကိုထုတ်ယူကာ စာဖတ်သူအားဖွင့်ပြထားပါသည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်ဝလျက်ရှိသော အသစ်သောအလင်းတော်များသည် ဤစာအုပ်၏စာမျက်နှာတိုင်းတွင် ထွန်းတောက်လျက်ရှိပါသည်။ အချုပ်အားဖြင့်ဆိုရသော် ဤစာအုပ်တွင် ခရစ်တော်အား ဘုရားသခင်၏ပြည့်စုံတော်မူခြင်း၊ အပြစ်သားများ၏အနန္တကရုဏာနှင့်ပြည့်စုံသောကယ်တင်ရှင်တရားတော်နေမင်း၊ ယဇ်ပုရောဟိတ်မင်းကြီး၊ အနာကိုပျောက်ကင်းစေသည့်သမားတော်ကြီး၊ ကြင်နာမှုအပြည့်ရှိသော

မိတ်ဆွေ၊ ငြိမ်သက်ခြင်းအရှင်ထာဝရအဘ စသည်စသည်ဖြင့်ဖော်ပြဖွင့်ဟထားပါသည်။

ဤစာအုပ်ထဲတွင် မှတ်တမ်းတင်ထားသည့်စကားလုံးများသည် ယခုတိုင်လိုလားတောင့်တမှုကိုဖြည့်ဆည်းခြင်းမခံရသေးသည့် လူသားများ၏ အသက်ဝိညာဉ်အတွက် အသက်နှင့်စပ်ဆိုင်သောစကားလုံးကလေးများ ဖြစ်ပါစေဟု ဆုတောင်းရင်း ဘုရားသခင်၏စောင့်မမှုကိုခံယူလျက် မြန်မာပြည်တစ်လွှားရှိ ဘုရားသခင်၏သားသမီးများထံသို့ ဤ 'ထာဝရလိုအင်သက်တော်စဉ်' စာအုပ်ကိုဖြန့်ဝေလိုက်ရပါသည်။

ထုတ်ဝေဖြန့်ချိသူများ

-ဝ-



## မာတိကာ


၁ ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင် -------------------- ၁
၂ ရွေးချယ်ခြင်းခံရသောလူမျိုး -------------------------------- ၁၆
၃ ကာလအချိန်ပြည့်စုံခြင်း ----------------------------------- ၂၄
၄ သင်တို့အဖို့အလို့ငှါကယ်တင်ရှင်တစ်ပါး -------------------- ၃၅
၅ ဆက်ကပ်အပ်နှံခြင်း ---------------------------------------- ၄၅
၆ သူ၏ကြယ်ကိုငါတို့တွေ့မြင်ခဲ့ရပြီ --------------------------- ၅၉
၇ သူငယ်တော်ယေရှု ------------------------------------------ ၇၃
၈ ပသခါပွဲသို့သွားရောက်လည်ပတ်ခြင်း ----------------------- ၈၇
၉ တိုက်လှန်ခြင်းခံရသောနေ့ရက်များ ---------------------- ၁၀၃
၁၀ တော၌ဟစ်ကြွေးသောအသံ ----------------------------- ၁၁၉
၁၁ နှစ်ခြင်းမင်္ဂလာ -------------------------------------- ၁၄၃
၁၂ စုံစမ်းနှောင့်ယှက်ခြင်း --------------------------------- ၁၅၃
၁၃ အောင်မြင်ခြင်း ---------------------------------------- ၁၇၄
၁၄ ငါတို့သည်မေရှိယကိုတွေ့ကြပြီ -------------------------- ၁၈၇
၁၅ မင်္ဂလာလက်ထပ်ပွဲ၌ ---------------------------------- ၂၀၄
၁၆ ဘုရားသခင်၏ဗိမာန်တော်၌ -------------------------- ၂၂၃
၁၇ နိကောဒင် -------------------------------------------- ၂၄၅
၁၈ ထိုသခင်သည်တိုးပွားခြင်းရှိရမည် ---------------------- ၂၆၄
၁၉ ယာကုပ်ရေတွင်း၌ ------------------------------------ ၂၇၂
၂၀ သင်တို့သည်နိမိတ်လက္ခဏာနှင့်အံ့ဖွယ်သောအမှုတို့ကို မမြင်ရလျှင် -------------------------------------------- ၂၉၆
၂၁ ဗေသေသဒနှင့်ဆန်ဟီဒရင် ---------------------------- ၃၀၄
၂၂ ဗတ္တိဇံဆရာယောဟန်၏အကျဉ်းချခံရခြင်းနှင့် အသေသတ်ခံရခြင်း ------------------------------------ ၃၃၂


-ဝ-

# (၁)
# ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်

“ထိုသားကို ဧမာနွေလအမည်ဖြင့်မှည့်ကြရလတ္တံ့။ ဧမာနွေလ အနက်ကား ငါတို့နှင့်အတူရှိတော်မူသော ဘုရားသခင်ဟုဆိုလိုသတည်း။” ဘုရားသခင်၏ဘုန်းတော်ကိုသိသောဉာဏ်ပညာ၏အလင်းတော်ကို ယေရှုခရစ်၏မျက်နှာတော်၌ တွေ့မြင်ရပါသည်။ ထာဝရကာလမှစ၍ သခင်ယေရှုခရစ်သည် အဘဘုရားသခင်နှင့်အတူရှိတော်မူခဲ့ပြီးလျှင် ကိုယ်တော်သည် ဘုရားသခင်နှင့်တစ်သဏ္ဍာန်တည်းဖြစ်တော်မူ၍ ထာဝရဘုရား၏ကြီးမြတ်ခြင်းနှင့် ဘုန်းအာနုဘော်တော်၏ပုံသဏ္ဍာန်ဖြစ်ပြီး ဘုရားသခင်၏ဘုန်းတော်ထွန်းတောက်ခြင်းဖြစ်တော်မူပါသည်။ ဤဘုန်းတော်ကိုထင်ရှားစေရန် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏ကမ္ဘာမြေသို့ကြွမြန်းတော်မူခဲ့ပါသည်။ ထာဝရဘုရားသည် အပြစ်မှောင်မိုက်ကျနေသော ဤကမ္ဘာတွင် ကျွန်ုပ်တို့နှင့်အတူ ရှိကြောင်းကိုဖော်ပြရန်အတွက် ဘုရားသခင်၏မေတ္တာရောင်ခြည်ကို ထွန်းလင်းရန် ကိုယ်တော်သည် ဤကမ္ဘာမြေသို့ကြွမြန်းခဲ့ပါသည်။ ထို့ကြောင့် “သူ၏အမည်ကို ဧမာနွေလ” ဟုခေါ်ဝေါ်ကြရမည်ဟု ကြိုတင်ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

သခင်ယေရှုသည် ကျွန်ုပ်တို့နှင့်အတူ လာရောက်နေထိုင်ခြင်းအားဖြင့် လူသားများနှင့် ကောင်းကင်တမန်များအား ဘုရားသခင်၏ရုပ်လုံးကိုဖော်ပြရန်ဖြစ်ပါသည်။ ကိုယ်တော်သည် ဘုရားသခင်၏သဘောထားကို ကြားစေနိုင်သော ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ပါသည်။ “ကိုယ်တော်သည် အကျွန်ုပ်ကိုချစ်တော်မူသောမေတ္တာသည် သူတို့၌ရှိစေခြင်းငှါလည်းကောင်း၊ အကျွန်ုပ်သည် သူတို့၌ရှိစေခြင်းငှါလည်းကောင်း၊ ချစ်သနားခြင်းမေတ္တာ ကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော ကိုယ်တော်၏နာမကို သူတို့အားပြညွှန်ပါပြီ” ဟု တပည့်တော်များအတွက် ဆုတောင်းစဉ်တွင် သခင်ယေရှုမြွက်ဆိုတော်မူခဲ့ပါသည်။ သို့သော် ကမ္ဘာပေါ်တွင် မွေးဖွားခဲ့သည့် ကိုယ်တော်





၏သားသမီးများအတွက်သာ ဖော်ပြတော်မူခဲ့ခြင်းမဟုတ်ချေ။ ကျွန်ုပ်တို့နေထိုင်သည့် သေးငယ်သောကမ္ဘာကလေးသည် စကြဝဠာကြီး၏သင်ခန်းစာစာအုပ်တစ်အုပ်ဖြစ်ပါသည်။ ဘုရားသခင်ကရုဏာတော်၏ အံ့ဩဖွယ်သောအကြံအစည်တော်နှင့် ကယ်လွှတ်တော်မူခြင်းမေတ္တာ၏ သိမ်မွေ့နက်နဲခြင်းများသည် ကောင်းကင်တမန်များကြည့်ရန် ဆန္ဒရှိသောအဓိကအရာတစ်ခုဖြစ်သည့်အပြင် ခေတ်အဆက်ဆက် ၎င်းတို့၏လေ့လာသင်ယူရမည့်အရာလည်းဖြစ်ပါလိမ့်မည်။ ကယ်တင်ခြင်းခံရသူများနှင့် မဖောက်ပြန်သေးသည့်ကောင်းကင်တမန်များသည် ၎င်းတို့၏လေ့လာဆည်းပူးနေသည့်အရာနှင့် ၎င်းတို့သီဆိုနေသောသီချင်းကို ခရစ်တော်၏ကပ်တိုင်တွင်တွေ့ရပါလိမ့်မည်။ သခင်ယေရှု၏မျက်နှာတော်တွင် ထွန်းတောက်နေသောဘုန်းရောင်ခြည်သည် ကိုယ်ကျိုးစွန့်သောမေတ္တာတော်၏ဘုန်းရောင်ခြည်ဖြစ်ကြောင်းမြင်တွေ့ရပါလိမ့်မည်။ ကိုယ်အလိုကိုစွန့်သောမေတ္တာတော်၏စည်းမျဉ်းသည် ကောင်းကင်နှင့်မြေကြီးပေါ်တွင် အသက်ရှင်ကျင်လည်ကြမည့် အသက်တာများ၏စည်းမျဉ်းဖြစ်ကြောင်းကိုလည်းကောင်း၊ ကိုယ်ကျိုးမရှာတတ်သောမေတ္တာသည် ဘုရားသခင်၏နှလုံးတော်မှယိုစီးလာခဲ့ကြောင်းကိုလည်းကောင်း၊ အလင်းတော်သည် စိုးစံတော်မူ၍ မည်သူတစ်ဦးတစ်ယောက်မျှအနီးသို့မချဉ်းကပ်နိုင်သော ထာဝရဘုရား၏စာရိတ္တတော်သည် နူးညံ့သိမ်မွေ့၍ နှိမ့်ချတော်မူသော ကိုယ်တော်ရှင်၏အသက်တာတွင် ထင်ရှားလျက်ရှိကြောင်းကိုလည်းကောင်း ကရာနီမှအလင်းတော်တွင်မြင်တွေ့နိုင်ပါလိမ့်မည်။

အစအဦး၌ ဖန်ဆင်းထားသောလက်ရာတော်အားလုံးတွင် ဘုရားသခင်အားထင်ရှားစေခဲ့ပါသည်။ ကောင်းကင်ကိုဖြန့်ကြက်၍ အုတ်မြစ်ကိုတည်ခဲ့သောပုဂ္ဂိုလ်သည် ခရစ်တော်ဖြစ်ပါသည်။ ကမ္ဘာများအား လွတ်လပ်လဟာတွင်ချိတ်ဆွဲတော်မူ၍ ကွင်းပြင်မှပန်းပွင့်ကလေးများကို ခြယ်သတော်မူသောလက်တော်သည် ကိုယ်တော်၏လက်တော်ဖြစ်တော်မူ၏။ ကိုယ်တော်သည် တန်ခိုးနှင့်ပြည့်စုံ၍ အားကြီးသောကြောင့် တောင်များကိုတည်စေတော်မူ၏။ ပင်လယ်ကိုလည်း ဖန်ဆင်း၍ပိုင်တော်မူ၏။

ကုန်းကိုလည်း လက်တော်နှင့်ပြုပြင်တော်မူ၏။ ကိုယ်တော်သည် ကမ္ဘာကြီးအား အလှအပနှင့်ပြည့်စုံစေ၍ လေထုကိုသီချင်းသံများနှင့်ပြည့်ဝစေတော်မူသည်။ ၎င်းပြင် ကမ္ဘာပေါ်ရှိအရာဝတ္ထုများတွင်သော်လည်းကောင်း၊ လေထုနှင့် ကောင်းကင်ယံတွင်သော်လည်းကောင်း အဖဘုရားသခင်မေတ္တာတော်၏သတင်းစကားကို ရေးသားတော်မူခဲ့ပါသည်။

ယခုအချိန်တွင် အပြစ်သည် ထာဝရဘုရား၏စုံလင်သောလက်ရာတော်များကို ပျက်စီးယိုယွင်းစေခဲ့သော်လည်း လက်ရာတော်များသည် ဆက်လက်တည်မြဲဆဲဖြစ်ပါသည်။ ယခုအချိန်တိုင်အောင် ခပ်သိမ်းသောအရာများသည် ကိုယ်တော်၏ဘုန်းတော်ကိုပြည့်ထွန်းနေပါသည်။ လူသား၏အတ္တများသောစိတ်နှလုံးမှလွဲ၍ အရာတိုင်းသည် မိမိကောင်းစားရေးအတွက်သာ အသက်ရှင်သောအရာဟူ၍မရှိချေ။ အခြားသက်ရှိသတ္တဝါများအား အကျိုးမပြုသည့်ငှက်တစ်ကောင်တလေမျှ လေထဲတွင်ပျံသန်းခြင်းမရှိသကဲ့သို့ ကုန်းပေါ်တွင်သွားလာနေသောသတ္တဝါများလည်းမရှိကြချေ။ အကျိုးသက်ရောက်စေခြင်းမရှိသည့် သစ်ရွက်တစ်ရွက်မှ သစ်တောတွင်မရှိသကဲ့သို့ မြက်ရွက်တစ်ရွက်မှလည်း မြက်ခင်းပြင်တွင်မရှိချေ။ လူသားများနှင့် တိရစ္ဆာန်များအသက်ရှင်ရန် မရှိမဖြစ်လိုအပ်သောအခြေခံပစ္စည်းများကို သစ်ပင်တိုင်း၊ ချုံပုတ်တိုင်းနှင့် သစ်ရွက်တိုင်းမှထုတ်လွှင့်ပေးလျက်ရှိပါသည်။ ပန်းပွင့်များသည် မွှေးရနံ့များကိုထုတ်လွှင့်၍ ၎င်းတို့၏အလှကိုကမ္ဘာသူကမ္ဘာသားများအတွက် ကောင်းချီးမင်္ဂလာအနေဖြင့်ဖော်ပြနေသည်။ နေသည်များစွာသော ကမ္ဘာတို့အား ဝမ်းမြောက်ရွှင်လန်းစေရန် ၎င်း၏အလင်းရောင်များကို ဖြာထွက်စေသည်။ စမ်းရေတွင်းများ၏ အရင်းမူလဖြစ်သော သမုဒ္ဒရာသည် အရပ်ရပ်မှစီးဆင်းလာသော ချောင်းရေမြစ်ရေများကိုလက်ခံစုသိမ်းပါသည်။ သို့သော် သမုဒ္ဒရာ၏ရယူခြင်းသည် စိမ့်စမ်းများအားပေးဝေရန်အတွက်ဖြစ်သည်။ သမုဒ္ဒရာ၏ရေမျက်နှာပြင်မှ အထက်သို့တက်သွားသောရေခိုးရေငွေ့များသည် ကမ္ဘာမြေကြီးကိုရေလောင်းရန်မိုးစက်ကလေးများအသွင်ဖြင့် အထက်မှကျလာသောသစ်ပင်များကို ဖြစ်ထွန်းဖူးငုံစေပါသည်။



ဘုန်းတော်နှင့်ပြည့်စုံသော ကောင်းကင်တမန်များသည် ဖောက်ပြန်ကျဆုံး၍ မသန့်ရှင်းတော့သည့်အသက်ဝိညာဉ်များအား မမောတမ်းမပန်းတမ်းကြည့်ရှုစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် မေတ္တာတရားပွားများခြင်းလုပ်ငန်းများတွင် ပျော်ရွှင်မှုကိုတွေ့ကြရပါသည်။ ကောင်းကင်သားများသည် လူသားများ၏နှလုံးသားကို မေတ္တာစကားပြောနေကြသည်။ အထက်ရွှေနန်းမှ အလင်းတော်ကို အမှောင်ကမ္ဘာသို့ဆောင်ကြဉ်းလာကြသည်။ ၎င်းတို့ကိုယ်တိုင်ရရှိသည့်ရင်းနှီးမှုထက် ပိုသောရင်းနှီးမှုဖြင့် ခရစ်တော်နှင့် မိတ်သဟာယဖွဲ့နိုင်ရန်အတွက် ပျောက်ဆုံးနေသောလူသားများကို ကိုယ်တော်ထံသို့ပို့ဆောင်ရန် ကောင်းကင်တမန်များသည် လူသားများ၏စိတ်နှလုံးကို ကျိုးနွံစိတ်ရှည်စွာဖြင့် နှိုးဆော်တိုက်တွန်းကြပါ၏။

သို့သော် သာ၍သေးငယ်နိမ့်ကျသော ရုပ်လုံးဖော်မှုများကို ကျော်ခိုင်း၍ ကျွန်ုပ်တို့သည် ခရစ်တော်၌ ဘုရားသခင်ကိုကြည့်ရှုကြ၏။ သခင်ယေရှုကိုမျှော်ကြည့်ခြင်းဖြင့် ကျွန်ုပ်တို့အားပြသမည့် ဘုရားသခင်၏ဘုန်းတော်ကို ကျွန်ုပ်တို့မြင်တွေ့ကြရပါသည်။ “ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှမပြု၊ အသက်ရှင်တော်မူသော ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ၍ ငါသည် ခမည်းတော်အားဖြင့် အသက်ရှင်သည်။ ငါသည် ကိုယ့်ဘုန်းအသရေကိုမရှာ၊ ငါ့ကိုစေလွှတ်တော်မူသော သူ၏ဘုန်းအသရေကိုသာရှာ၏။” (ယောဟန် ၈း၂၈။ ၆း၅၇။ ၈း၅၀)။ ဤစကားများအားဖြင့် စကြဝဠာပေါ်တွင်ရှိသော လူသားများအတွက် အရေးကြီးသောအသက်တာစည်းမျဉ်းကို ဖော်ပြနေပါသည်။ ဘုရားသခင်ထံမှ ခရစ်တော်ဘုရားရယူခဲ့သောအရာခပ်သိမ်းသည် ပေးဆပ်ရန်အတွက်သာဖြစ်ပါသည်။ ကောင်းကင်ရွှေနန်းတွင်သော်လည်းကောင်း၊ ဖန်ဆင်းခြင်းခံရသောသတ္တဝါအားလုံးအတွက် ကိုယ်တော်၏အမှုတော်လုပ်ငန်းတွင်သော်လည်းကောင်း အဖဘုရားသခင်၏အသက်တာသည် ခပ်သိမ်းသောသတ္တဝါများထံသို့ သားတော်အားဖြင့် ယိုစီးသွားသကဲ့သို့ သတ္တဝါများ၏ချီးမွမ်းခြင်းနှင့်ဝမ်းမြောက်ဝမ်းသာအမှုတော်ဆောင်ခြင်းများသည်လည်း ထိုသားတော်မှတစ်ဆင့် အဖဘုရားသခင်ထံသို့ ပြန်လည်ရောက်ရှိသွားပါသည်။ ထိုကဲ့သို့

အသက်တာစည်းမျဉ်းတည်းဟူသော ဘုရားသခင်၏စာရိတ္တတော်ကို ပုံဆောင်သောကောင်းမှုကုသိုလ်သံသရာသည် ခရစ်တော်အားဖြင့် ပြီးမြောက်ပြည့်စုံသွားပါသည်။

ဤစည်းမျဉ်းကို ကောင်းကင်နိုင်ငံ၌ပင်လျှင် ချိုးဖောက်ခဲ့ကြပြီးဖြစ်ပါသည်။ အပြစ်သည် ကိုယ်ကျိုးရှာခြင်းမှအစပြုခဲ့ပါသည်။ ပင်္ဂညာဉ်သေတ္တာကိုလွှမ်းမိုးရသော ခေရုဗိမ်လူစီဖါသည် ကောင်းကင်နိုင်ငံတွင် အထွတ်အထိပ်နေရာကိုရလိုခဲ့ပါသည်။ သူသည် ကောင်းကင်တမန်များကို ထိန်းချုပ်ရန်အတွက်သော်လည်းကောင်း၊ ၎င်းတို့အားဖန်ဆင်းရှင်မှဝေးကွာစေ၍ ၎င်းတို့၏ကိုးကွယ်မှုကို မိမိရရှိရန်အတွက်သော်လည်းကောင်း ကြိုးစားခဲ့ပါသည်။ ထို့ကြောင့် ကိုယ်တော်အား မိမိကိုယ်မိမိချီးမြှောက်ရန် ဆန္ဒရှိသောသူဖြစ်ကြောင်းယိုးစွပ်လျက် သူသည် ဘုရားသခင်ကို မှားယွင်းစွာရုပ်လုံးဖော်ခဲ့ပါသည်။ ချစ်ခင်မြတ်နိုးအပ်သော ဖန်ဆင်းရှင်အား မိမိ၏ဒုစရိုက်အကျင့်စာရိတ္တများဖြင့် ဆင်ယင်အပ်နှင်းရန် သူကြိုးစားခဲ့ပါသည်။ ထိုကဲ့သို့သောနည်းအားဖြင့် ကောင်းကင်တမန်များကို လိမ်လည်ခဲ့ပါသည်။ ထိုနည်းအတူ လူသားများကိုလည်း လှည့်ဖြားခဲ့ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သံသယရှိလာစေရန်အတွက်သော်လည်းကောင်း၊ ကိုယ်တော်၏ကောင်းမြတ်ခြင်းကို မယုံကြည်စေရန်အတွက်သော်လည်းကောင်း သူဖြားယောင်းခဲ့ပါသည်။ ထာဝရဘုရားသည် ဖြောင့်မတ်စွာတရားစီရင်၍ ကြီးမြတ်သောဘုန်းအာနုဘော်တော်ရှိသည့် ဘုရားသခင်ဖြစ်သောကြောင့် ကိုယ်တော်အား ရက်စက်ကြမ်းကြုတ်၍ ခွင့်မလွှတ်တတ်သောဘုရားအဖြစ်ရှုမြင်ရန် လူသားများအား သူသွေးဆောင်ခဲ့ပါသည်။ ထိုနည်းအားဖြင့် စာတန်သည် ဘုရားသခင်အား ဆန့်ကျင်သောလုပ်ဆောင်မှုတွင် လူသားများပါဝင်လာရန် ဆွဲဆောင်ခဲ့၍ ဝမ်းနည်းခြင်း၏ညကို တည်တံ့ခိုင်မြဲစေခဲ့ပါသည်။

ကမ္ဘာလောကသည် ဘုရားသခင်၏အကြောင်းကို နားလည်မှုလွဲနေသည့်အတွက် ဝိညာဉ်ရေးမှောင်မိုက်ကျခဲ့ပါသည်။ ဝိညာဉ်ရေးမှောင်မိုက်ကျနေခြင်းမှ အလင်းတရားများပြန်လည်ရရှိလာစေရန်နှင့် ကမ္ဘာသူ



ကမ္ဘာသားများအား ဘုရားသခင်ထံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် စာတန်၏လှည့်စားမှုတန်ခိုးများကို ချိုးဖျက်ပစ်ရမည်ဖြစ်ပါသည်။ ဤကိစ္စသည် အင်အားသုံး၍ လုပ်နိုင်သောကိစ္စမဟုတ်ချေ။ အင်အားသုံးခြင်းသည် ဘုရားသခင်နိုင်ငံတော်၏စည်းမျဉ်းများနှင့် ဖီလာဆန့်ကျင်ပါသည်။ မေတ္တာတရားအပေါ်တွင် အခြေခံသည့်လုပ်ဆောင်မှုကိုသာ ကိုယ်တော်ရှင်အလိုရှိတော်မူပါသည်။ အမိန့်ပေးခြင်းဖြင့် မေတ္တာကိုမရယူနိုင်ချေ။ အင်အားသုံးခြင်းအားဖြင့်သော်လည်းကောင်း၊ အာဏာသုံးခြင်းအားဖြင့်သော်လည်းကောင်း၊ မေတ္တာကို မပိုင်ဆိုင်နိုင်ချေ။ မေတ္တာကို မေတ္တာအားဖြင့်သာလျှင် နိုးထစေနိုင်ပါသည်။ ဘုရားသခင်ကိုသိခြင်းအရာသည် ကိုယ်တော်ကိုချစ်ခြင်းဖြစ်၏။ ကိုယ်တော်၏စာရိတ္တတော်များသည် စာတန်၏စာရိတ္တများနှင့် ခြားနားစွာထင်ရှားစေရမည်ဖြစ်သည်။ ဤအလုပ်ကို စကြဝဠာတွင် တစ်ဆူတည်းရှိတော်မူသောဘုရားသခင်တစ်ပါးတည်းကသာ ပြုလုပ်နိုင်တော်မူပါသည်။ ထာဝရဘုရား၏မေတ္တာတော်အတိမ်အနက်ကို သိတော်မူသောကိုယ်တော်တစ်ပါးတည်းကသာ လူအများနားလည်သိရှိအောင် လုပ်နိုင်စွမ်းရှိပါသည်။ ကမ္ဘာလောက၏မှောင်မိုက်ညတွင် "တရားတော်နေမင်းသည် အနာပျောက်စေသောအတောင်တို့နှင့် ပေါ်ထွန်းတော်မူမည်။" (မာလခိ ၄း၂)။

ကျွန်ုပ်တို့အတွက် ကယ်တင်ခြင်းစီမံကိန်းသည် အာဒံကျဆုံးပြီးသည့်အချိန်ကျမှ စီစဉ်ဖန်တီးလိုက်သော "သူခိုးနောက်မှအကြံရ" စီမံကိန်းမျိုးမဟုတ်ချေ။ ထိုစီမံကိန်းသည် ရှေးကပ်ကာလပတ်လုံးဝှက်ထားပြီးလျှင် ယခုမှထင်ရှားသည့် နက်နဲသောအရာတစ်ခုဖြစ်ပါသည်။ ထိုစီမံကိန်းသည် ထာဝရကာလမှစ၍ ဘုရားသခင်ပလ္လင်တော်၏ အခြေခံစည်းမျဉ်းများကို ဖွင့်ပြဖော်ပြခြင်းဖြစ်ပါသည်။ ထာဝရဘုရားရှင်နှင့် ခရစ်တော်ဘုရားသည် အစအဦးမှစ၍ စာတန်ဖောက်ပြန်မည့်အကြောင်းကိုလည်းကောင်း၊ စာတန်၏မှားယွင်းသောလှည့်ဖြားမှုများအားဖြင့် လူသားများ၏ကျဆုံးခြင်းကိုလည်းကောင်း သိရှိတော်မူခဲ့သည်။ ထာဝရဘုရားသည် အပြစ်တရားကိုမဖန်ဆင်းခဲ့သော်လည်း အပြစ်၏တည်ရှိမှုကို ကြိုတင်မြင်တွေ့တော်မူခဲ့ပါသည်။ ၎င်းပြင် ကြောက်လန့်ဖွယ်ထိုအရေးပေါ်ကိစ္စကို ရင်ဆိုင်ရန်ပြင်ဆင်မှုများကို

ပြုလုပ်ခဲ့ပါသည်။ ကမ္ဘာသူကမ္ဘာသားများအပေါ် ထားရှိသော ကိုယ်တော်ရှင်၏မေတ္တာတော်သည် ကြီးမားလှသောကြောင့် သားတော်ကိုယုံကြည်သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ မိမိ၏တစ်ပါးတည်းသောသားတော်ကိုစွန့်ရန် ထာဝရဘုရားသည် ပဋိညာဉ်ပြုတော်မူခဲ့သည်။

လူစီဖာက "ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်---အမြင့်ဆုံးဘုရားကဲ့သို့ငါနေမည်" ဟုပြောဆိုခဲ့သော်လည်း ခရစ်တော်မှာမူ "ဘုရားသခင်၏သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင် မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကိုဆောင်လျက် လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကိုခံတော်မူ၏" (ဟေရှာ ၁၄း၁၃-၁၄။ ဖိလိပ္ပိ ၂း၆-၇)။

ကိုယ်တော်၏ဆက်ကပ်ခြင်းသည် မိမိအလိုအတိုင်းပြုသော ဆက်ကပ်ခြင်းမျိုးဖြစ်သည်။ သခင်ယေရှုသည် အဖဘုရားသခင်၏လက်ယာဘက်တွင် ဆက်လက်စိုးစံမည်ဆိုလျှင် စိုးစံနိုင်ခွင့်ရှိသည်။ ဘုန်းတန်ခိုးအာနုဘော်တော်များနှင့် ကောင်းကင်တမန်များ၏ဂါရဝပြုကန်တော့ခြင်းကိုလည်း ဆက်လက်ခံယူခွင့်ရှိသည်။ သို့သော်လည်း ကိုယ်တော်သည် မှောင်မိုက်ကမ္ဘာအတွက် အလင်းကိုပို့ဆောင်၍ ပျက်စီးတော့မည့်အခြေအနေတွင်ရှိသောသူများထံသို့ အသက်ကိုယူဆောင်သွားနိုင်ရန်အတွက် အာဏာတော်ကို အဖဘုရားသခင်၏လက်တော်တွင် ပြန်လည်အပ်နှံ၍ စကြဝဠာ၏ပလ္လင်တော်ပေါ်မှဆင်းသက်ခဲ့ရန် ရွေးချယ်ခဲ့ပါသည်။

လွန်ခဲ့သောအနှစ် ၂၀၀၀ လောက်၌ ကောင်းကင်နိုင်ငံတော်ရှိ ဘုရားသခင်၏ပလ္လင်တော်မှ နက်နဲသောအဓိပ္ပါယ်ပါသည့်အသံကိုကြားခဲ့ရပါသည်။ "အို---ဘုရားသခင်၊ ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သကာကို အလိုမရှိသည်ဖြစ်၍ အကျွန်ုပ်အဖို့ ကိုယ်ခန္ဓာကိုပြင်ဆင်တော်မူပြီ---အကျွန်ုပ်သည် ကိုယ်တော်၏အလိုတော်ကိုဆောင်အံ့သောငှါ သွားပါမည်ဟု အကျွန်ုပ်ဝန်ခံပါသည်" ဟူသောအသံတည်း။ ဟေဗြဲ ၁၀း၅-၇။ ထာဝရ



ကာလတစ်လျှောက်လုံး ဝှက်ကွယ်ထားခဲ့သောအကြံအစည်တော်ပြည့်စုံမှုကို ဤစကားများတွင် ထုတ်ဖော်ကြေညာလိုက်ပါသည်။ ခရစ်တော်သည် အကျွန်ုပ်တို့ကမ္ဘာသို့ ခေတ္တခဏလာရောက်၍ လူဇာတိကိုခံယူတော်မူမည်ဖြစ်ပါသည်။ "အကျွန်ုပ်အဖို့ ကိုယ်ခန္ဓာကိုပြင်ဆင်တော်မူပြီ" ဟု ကိုယ်တော်မြွက်ဆိုတော်မူခဲ့ပါသည်။ ကိုယ်တော်၏ကိုယ်ခန္ဓာကို ကမ္ဘာမတည်ရှိမီ အဖဘုရားသခင်နှင့်အတူနေခဲ့စဉ်က ရှိနှင့်ပြီးသောဘုန်းတန်ခိုးများနှင့်ပေါ်ထွန်းခဲ့မည်ဆိုလျှင် ကိုယ်တော်၏ဘုန်းရောင်ခြည်တော်ကို ကျွန်ုပ်တို့ခံရပ်နိုင်ကြမည်မဟုတ်ချေ။ ကျွန်ုပ်တို့သည် ပျက်စီးခြင်းမရှိဘဲ ကိုယ်တော်အားကြည့်ရှုနိုင်ရန်အတွက် သခင်ဘုရား၏ဘုန်းရောင်ခြည်တော်ကို ဖုံးကွယ်ထားရပါသည်။ ကိုယ်တော်၏ဘုရားဇာတိတော်ကို လူသားဇာတိအဖြစ် ဖုံးကွယ်ထားခဲ့ရပါသည်။ မျက်မြင်မရသော ဘုန်းရောင်ခြည်တော်ကို မျက်မြင်ရသောလူသား အဆင်းသဏ္ဌာန်ဖြင့် ဖုံးကွယ်ခဲ့ရပါသည်။

ဤကြီးကျယ်သောအကြံအစည်တော်ကို ပုံဆောင်မှုများ၊ အထိမ်းအမှတ်လက္ခဏာများအားဖြင့် အရိပ်နိမိတ်ပြတော်မူခဲ့ပါသည်။ မောရှေအား ခရစ်တော်ကိုယ်ထင်ပြရာတွင် အသုံးပြုခဲ့သည့် မီးလောင်နေသောချုံပုတ်သည် ထာဝရဘုရားအား ထင်ရှားစေခဲ့ပါသည်။ ထာဝရဘုရားသခင်အား ကိုယ်စားပြုရန် ရွေးချယ်ခြင်းခံရသောအထိမ်းအမှတ်သည် ဆွဲဆောင်မှုမရှိသယောင်ဖြစ်သော နိမ့်ကျသည့်ချုံပုတ်တစ်ခုဖြစ်သော်လည်း အနန္တတန်ခိုးရှင်သည် ထိုအထဲတွင်ရှိတော်မူခဲ့ပါသည်။ မောရှေသည် ထိုချုံပုတ်ကိုကြည့်ရှု၍ ဆက်လက်အသက်ရှင်နေနိုင်ရန် ကိုယ်တော်၏ဘုန်းတော်ကို အနိမ့်ကျဆုံးသောပုံဆောင်မှုတွင် သနားခြင်းကရုဏာအရှင်ထာဝရဘုရားသခင်အနေနှင့် ဖုံးကွယ်ထားခဲ့ပါသည်။ ထိုနည်းအတိုင်းပင် ဘုရားသခင်သည် မိမိ၏အလိုတော်ကို လူအများသိရှိရန်ထုတ်ဖော်၍ ကရုဏာတော်အားမျှဝေလျက် နေ့အချိန်တွင် မိုးတိမ်တိုင်အားဖြင့်သော်လည်းကောင်း၊ ညအချိန်တွင် မီးတိမ်တိုင်အားဖြင့်သော်လည်းကောင်း အဆက်အသွယ်ပြုခဲ့ပါသည်။ ခွန်အားနည်းပါးသောလူသားများအနေဖြင့် တွေ့မြင်နိုင်စေရန် ထာဝရဘုရား၏ဘုန်းတန်ခိုးတော်ကို အရှိန်အဝါလျှော့၍

ဘုန်းအာနုဘော်တော်ကို ကာကွယ်ထားတော်မူခဲ့ပါသည်။ ထိုနည်းအတိုင်းပင် ခရစ်တော်သည် ယုတ်ညံ့သော ကျွန်ုပ်တို့ကဲ့သို့သောလူဇာတိကိုခံတော်မူ၏။ လောကအမြင်အားဖြင့် နှစ်သက်စွဲလမ်းစေလောက်သော လှပတင့်တယ်မှု တစ်စုံတစ်ခုမျှမရှိသော်လည်း ကိုယ်တော်သည် ကောင်းကင်နှင့်မြေကြီး၏ အလင်းဖြစ်တော်မူသော ဘုရားဇာတိမှခံယူခဲ့သူတစ်ပါးဖြစ်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဝမ်းနည်းကြေကွဲလျက် စုံစမ်းခြင်းခံနေရသော လူသားများအား အပါးတော်သို့တွဲခေါ်နိုင်ရန် ဘုန်းတော်ကိုဖုံးအုပ်တော်မူ၍ ဘုန်းအာနုဘော်တော်နှင့် ကြီးမြတ်တော်မူခြင်းများကို ကွယ်ကာထားတော်မူခဲ့ပါသည်။

ထာဝရဘုရားသခင်က "ငါသည် သင်တို့တွင်ကိန်းဝပ်ရာဖို့ သန့်ရှင်းရာဌာနကိုလုပ်ကြစေ" ဟု ဣသရေလလူများအတွက် မောရှေအား မိန့်တော်မူ၍ ၎င်းတို့၏အလယ်တွင်သော်လည်းကောင်း၊ သန့်ရှင်းရာဌာနတော်တွင်သော်လည်းကောင်း ကိန်းဝပ်တော်မူခဲ့သည်။ တော၌ ပင်ပန်းဆင်းရဲစွာသွားလာခဲ့ရသောခရီးတစ်လျှောက်လုံးတွင် ကိုယ်တော်သည် ၎င်းတို့နှင့်အတူရှိတော်မူခဲ့သည်။ ထိုသို့နည်းအားဖြင့် ခရစ်တော်သည် ဣသရေလလူများ၏တဲစခန်းအလယ်တွင် ကိုယ်တော်၏တဲတော်ကို ဆောက်တည်ခဲ့သည်။ ကျွန်ုပ်တို့အထဲတွင် ကိန်းဝပ်နိုင်စေရန်အတွက်သော်လည်းကောင်း၊ ကိုယ်တော်၏ဘုရားဇာတိတော်နှင့်အသက်တာကို ကျွန်ုပ်တို့နှင့်ရင်းနှီးစေရန်အတွက်သော်လည်းကောင်း ကိုယ်တော်သည် မိမိ၏တဲတော်ကို လူသားများ၏တဲများနံဘေးတွင် စိုက်ထူခဲ့ပါသည်။ "နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍ ကျေးဇူးတော်နှင့်လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တစ်ပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည်မြင်ရကြပြီ" (ယော၊ ၁း၁၄)။

ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူ လာရောက်နေထိုင်တော်မူခဲ့သောကြောင့် ထာဝရဘုရားသည် ကျွန်ုပ်တို့ခံရသောစုံစမ်းခြင်းများကို ခံစားခဲ့ရပြီး ကျွန်ုပ်တို့၏ဝမ်းနည်းကြေကွဲစရာများအတွက် ကျွန်ုပ်တို့အား သနား



ကြင်နာမည်ဖြစ်ကြောင်းသိပါသည်။ ဖန်ဆင်းရှင်ဘုရားသည် အပြစ်သားများ၏မိတ်ဆွေဖြစ်ကြောင်းကို အာဒံ၏သားသမီးတိုင်း နားလည်နိုင်သည်။ ကယ်တင်ရှင်၏လောကအသက်တာတွင် တွေ့ခဲ့ရသောကရုဏာတော်အတွက် သွန်သင်ချက်တိုင်းတွင်သော်လည်းကောင်း၊ ဝမ်းမြောက်ရွှင်လန်းမှုအတွက် ကတိတော်တိုင်းတွင်သော်လည်းကောင်း၊ မေတ္တာပြသည့်လုပ်ငန်းတိုင်းတွင်သော်လည်းကောင်း၊ ဘုရားသခင်နှင့်ပတ်သက်သော စိတ်စွဲလမ်းစရာတိုင်းတွင်သော်လည်းကောင်း ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ကြရပါသည်။

စာတန်သည် မေတ္တာကို အရင်းခံသောဘုရားသခင်၏ပညတ်တော်ကို စိတ်ပေါ်တွင်အခြေခံသောပညတ်တစ်ခုအဖြစ် ဖော်ပြထားပါသည်။ ထိုပညတ်တွင်ပါရှိသည့်ပြဋ္ဌာန်းချက်များသည် ကျွန်ုပ်တို့အနေနှင့် လိုက်နာကျင့်ဆောင်ရန်မဖြစ်နိုင်ကြောင်းကို သူထုတ်ဖော်ခဲ့ပါသည်။ ကျွန်ုပ်တို့၏မိဦးဖဦးများ အပြစ်တွင်ကျဆုံးခဲ့ရမှုနှင့် ထိုကဲ့သို့ကျဆုံးမှုကြောင့် ခံစားလာကြရသည့် သောကဗျာပါဒများအတွက် ဘုရားသခင်သည် တရားခံဖြစ်ကြောင်း စွပ်စွဲလျက် ဘုရားသခင်သည် အပြစ်ဒုစရိုက်၊ ဒုက္ခဆင်းရဲခြင်းနှင့် သေခြင်းတရားများ၏လက်သည်ဖြစ်ကြောင်း လူအများရှုမြင်စေရန် သွေးဆောင်လျက် သူသည် ဖန်ဆင်းရှင်အားအပြစ်တင်ခဲ့သည်။ သခင်ယေရှုသည် ဤလိမ်ညာမှုကိုထုတ်ဖော်ခဲ့ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကဲ့သို့သော လူသားတစ်ဦးအနေဖြင့် နားထောင်ခြင်းအတွက် စံနမူနာတစ်ခုကိုပြသရမည်ဖြစ်ပါသည်။ ထိုအကြောင်းကြောင့် သခင်ယေရှုသည် လူသားဇာတိကိုယူတင်ဝတ်ဆင်၍ ကျွန်ုပ်တို့ကဲ့သို့အသက်ရှင်ခဲ့ခြင်းဖြစ်ပါသည်။ "ခရစ်တော်သည်---မိမိညီအစ်ကိုတို့နှင့် လုံးလုံးလျားလျားတူရသောအကြောင်းရှိ၏" (ဟေဗြဲ ၂း၁၇)။ ခရစ်တော်မခံစားခဲ့ဖူးသောစုံစမ်းခြင်းများကို ကျွန်ုပ်တို့ခံစားရမည်ဆိုလျှင် ထိုအချက်ကိုထောက်ပြ၍ ဘုရားသခင်၏တန်ခိုးတော်သည် ကျွန်ုပ်တို့အတွက် မလုံလောက်ကြောင်း စာတန်ကဖော်ပြပေလိမ့်မည်။ ထို့ကြောင့် ခရစ်တော်သည် ကျွန်ုပ်တို့နည်းတူ အမျိုးမျိုးသော စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံစားဖူးသောသူဖြစ်တော်မူ၏။ ကိုယ်တော်သည်

ကျွန်ုပ်တို့တွင်ဖြစ်တတ်သောစုံစမ်းခြင်းအားလုံးကို ခံတော်မူခဲ့ရပါသည်။ ၎င်းပြင် ကိုယ်တော်သည် ၎င်းအား လွတ်လပ်စွာသုံးစွဲခွင့်ပြုမထားသည့် မည်သည့်တန်ခိုးအာဏာကိုမျှ မိမိကိုယ်ကျိုးအတွက် အသုံးမပြုခဲ့ချေ။ လူသားတစ်ဦးအနေနှင့် ကိုယ်တော်သည် စုံစမ်းနှောင့်ယှက်ခြင်းများကို ရင်ဆိုင်ခဲ့ရပြီး ဘုရားသခင်ပေးသနားတော်မူသောခွန်အားများအားဖြင့် ကျော်လွှားခဲ့ပါသည်။ "ကိုယ်တော်၏အလိုကိုဆောင်ရာ၌ ကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏" ဟု ကိုယ်တော်မြွက်ဆိုခဲ့ပါသည်။ ကိုယ်တော်သည် ကောင်းမြတ်သောအလုပ်များကိုလုပ်ကိုင်ရန်နှင့် စာတန်၏နှောင့်ယှက်မှုကြောင့် ရောဂါဝေဒနာခံစားနေရသူများအားကုသရန် သွားလာလှုပ်ရှားစဉ် ဘုရားသခင့်ပညတ်တော်၏ဂုဏ်အင်္ဂါနှင့် ကိုယ်တော်အမူတော်၏သဘာဝကို လူအများအား ထင်ရှားစွာသိမြင်စေခဲ့ပါသည်။ ကျွန်ုပ်တို့အနေနှင့် ဘုရားသခင်၏ပညတ်တော်ကို လိုက်နာကျင့်စောင့်ရန် ဖြစ်နိုင်ကြောင်းကို ကိုယ်တော်၏အသက်တာက သက်သေပြခဲ့ပါသည်။

ခရစ်တော်သည် လူဇာတိအားဖြင့် လူသားများကို ထိတွေ့တော်မူ၍ ကိုယ်တော်၏ဘုရားဇာတိအားဖြင့် ဘုရားသခင်၏ပလ္လင်တော်ကို စွဲကိုင်တော်မူ၏။ ကိုယ်တော်သည် လူသားတစ်ဦးအနေနှင့် နားထောင်ခြင်းစံနမူနာကို ကျွန်ုပ်တို့အားပြ၍ ဘုရားသခင်၏သားတော်အနေနှင့် နားထောင်ရန် တန်ခိုးကိုပေးတော်မူ၏။ "ငါဖြစ်သည်အတိုင်းငါဖြစ်၏။ ငါဖြစ်သည်ဟုအမည်ရှိသောသူသည် ငါ့ကို သင်တို့ရှိရာသို့စေလွှတ်တော်မူပြီဟု ဣသရေလအမျိုးသားတို့အားပြန်ပြောလော့" ဟု ဟောရတောင်ပေါ်ရှိ ချုံပုတ်ထဲမှ မောရှေအားစကားပြောခဲ့သောသူသည် ခရစ်တော်ဖြစ်ပါသည်။ ဤစကားတော်သည် ဣသရေလလူများ၏လွတ်မြောက်ရေးအတွက် ကတိဝန်ခံချက်ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်တော်သည် လူ၏ပုံသဏ္ဍာန်နှင့်အညီ ကြွလာခဲ့စဉ်က မိမိကိုယ်ကို "ငါဖြစ်သည်" ဟုထုတ်ဖော်ပြောကြားခဲ့ပါသည်။ နှိမ့်ချ၍ နူးညံ့သောကယ်တင်ရှင်တည်းဟူသော ဗက်လင်မြို့မှသူငယ်သည် ကိုယ်ခန္ဓာ၌ ပေါ်ထွန်းတော်မူသောဘုရားသခင်ဖြစ်တော်မူ၏။ ၎င်းပြင်



"ငါသည် ကောင်းသောသိုးထိန်းဖြစ်၏။ ငါသည် အသက်မုန့်ဖြစ်၏။ ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ" ဟူ၍လည်း ကျွန်ုပ်တို့အား ကိုယ်တော်က မြွက်ဆိုတော်မူပါသည်။ "ငါဖြစ်တော်မူသည်" မကြောက်လန့်ကြနှင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူသည်ဟူသောကတိတော်သည် အပြစ်မှကျွန်ုပ်တို့လွတ်မြောက်ခြင်းအတွက် အာမခံချက်တစ်ခုဖြစ်ပြီး ဘုရားသခင်၏ပညတ်တော်ကို စောင့်ရှောက်နိုင်ရန် ဘုရားသခင်ပေးသနားမည့်တန်ခိုးတော်အတွက် အာမခံချက်တစ်ခုလည်းဖြစ်ပါသည်။

မိမိကိုယ်ကို လူဇာတိခံယူရန် နှိမ့်ချခြင်းအရာတွင် စာတန်၏အကျင့်စာရိတ္တနှင့်ဆန့်ကျင်သောစာရိတ္တတော်ကို ခရစ်တော်ဖော်ပြခဲ့ပါသည်။ သို့သော်လည်း ကိုယ်တော်သည် နှိမ့်ချခြင်းအရာတွင် ပို၍နိမ့်ကျသောအသက်တာဖြင့် အစဉ်တစိုက်ပါဝင်ခဲ့ပါသည်။ "ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏" (ဖိလိပ္ပိ ၂း၈)။ ယဇ်ပုရောဟိတ်မင်းများသည် အလွန်ခမ်းနားကြီးကျယ်သောဝတ်ရုံကိုချွတ်၍ သာမန်ယဇ်ပုရောဟိတ်များဝတ်ဆင်သောအဖြူရောင်ဝတ်ရုံကိုသာဝတ်ဆင်ပြီး အမှုတော်ဆောင်သကဲ့သို့ ခရစ်တော်သည် အစေခံကျွန်တစ်ဦး၏ပုံသဏ္ဍာန်တော်ကိုဆောင်လျက် မိမိကိုယ်တိုင် ယဇ်ပုရောဟိတ်လုပ်၍ မိမိ၏ခန္ဓာကိုယ်တည်းဟူသော ယဇ်ကောင်ကိုပူဇော်တော်မူ၏။ "ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏" ဟေရှာ ၅၃း၅။

ကျွန်ုပ်တို့သည် ခရစ်တော်စံစားထိုက်သောအရာကို စံစားနိုင်ရန် အလို့ငှါ ကိုယ်တော်သည် ကျွန်ုပ်တို့ခံစားထိုက်သည့်အပြစ်ဒဏ်ကို ခံစားတော်မူခဲ့သည်။ ကျွန်ုပ်တို့နှင့်မထိုက်တန်သော ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားအားဖြင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှါ ကိုယ်တော်

သည် ကျွန်ုပ်တို့၏အပြစ်များကြောင့် မိမိနှင့်မပတ်သက်သောအပြစ်ဒဏ်စီရင်ခြင်းကို ခံစားတော်မူသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ပိုင်ဆိုင်ရာဖြစ်တော်မူသော အသက်ရှင်ခြင်းကိုရစိမ့်သောငှါ ကိုယ်တော်သည် ကျွန်ုပ်တို့၏အငန်းအတာဖြစ်သော သေခြင်းကိုခံတော်မူခဲ့ပါသည်။ ကိုယ်တော်ခံရသော ဒဏ်ချက်များအားဖြင့် ကျွန်ုပ်တို့သည် အနာပျောက်လျက်ရှိကြ၏။

ခရစ်တော်သည် မိမိ၏အသက်တာနှင့် အသေခံခြင်းအားဖြင့် အပြစ်ကြောင့်ဖြစ်ပေါ်ခဲ့သောဆုံးရှုံးမှုထက် ပိုမိုများပြားသောအောင်မြင်မှုများကိုရရှိခဲ့ပါသည်။ စာတန်၏အကြံသည် ကျွန်ုပ်တို့အား ဘုရားသခင်နှင့် ထာဝရခွဲခြားစေရန်ဖြစ်သော်လည်း ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် အပြစ်မကျူးလွန်မီကကဲ့သို့ ဘုရားသခင်နှင့်ပိုမို၍နီးကပ်စွာတစ်လုံးတစ်ဝတည်းဖြစ်လာခဲ့ပါသည်။ ကယ်တင်ရှင်သည် လူဇာတိကိုခံယူတော်မူခြင်းအားဖြင့် လူသားများနှင့် ခိုင်မြဲသောနှောင်ဖွဲ့မှုတစ်ခုကို ပြုတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ထာဝရကာလတစ်လျှောက်လုံး ကျွန်ုပ်တို့နှင့် အဆက်အသွယ်ပြုတော်မူခဲ့ပါသည်။ "ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အပြစ်များကိုခံယူရန်အတွက်သားတော်ကိုစေလွှတ်တော်မူခဲ့သည်မဟုတ်ဘဲ ကျွန်ုပ်တို့၏ယဇ်ကောင်အနေဖြင့်လည်း အသေသတ်ခံရန် အပြစ်တွင်ကျဆုံးနေသောကျွန်ုပ်တို့ထံသို့ စေလွှတ်တော်မူခဲ့ပါသည်။ ကိုယ်တော်၏မပြောင်းမလဲတည်ရှိတော်မူသော ငြိမ်သက်မှုအတွက် အကြံဉာဏ်ပေးချက်ကို ကျွန်ုပ်တို့စိတ်ချယုံကြည်စေရန်အတွက် ကိုယ်တော်၏လူသားဇာတိကို အမြဲထိန်းသိမ်းထားရန် ဘုရားသခင်သည် တစ်ပါးတည်းသောသားတော်ကို လူသားမိသားစုအဝင်တစ်ဦးဖြစ်စေတော်မူခဲ့ပါသည်။ "ငါတို့အဖို့ သူငယ်ကိုဖွားမြင်၏။ ငါတို့အား သားကိုသနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်" ဆိုသည့် ကိုယ်တော်၏စကားတော်ကို ဤအာမခံချက်အားဖြင့် ပြည့်စုံစေတော်မူလိမ့်မည်။ ဘုရားသခင်သည် လူသားဇာတိကို သားတော်တည်းဟူသော ပုဂ္ဂိုလ်တော်အားဖြင့် ခံယူတော်မူ၍ လူသားများကို အမြင့်ဆုံးကောင်းကင်သို့



တိုင်အောင် ယူဆောင်တော်မူခဲ့သည်။ ထိုသားတော်သည် စကြဝဠာ၏ပလ္လင်တော်တွင် အဖခမည်းတော်နှင့်အတူ စံမြန်းတော်မူခဲ့သည်။ ထိုသားတော်ကို အံ့ဩဖွယ်၊ တိုင်ပင်ဖက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ကြလိမ့်မည်ဖြစ်ပါသည်။ ထို "ငါဖြစ်သည်" ဟူသောပုဂ္ဂိုလ်သည် ဘုရားသခင်နှင့် လူသားများအကြား နှစ်ဖက်စလုံးအပေါ်သို့ လက်ကိုတင်၍ ပေါင်းကူးပေးထားသည့် ကြားဖျန်သူဖြစ်တော်မူပါသည်။ သန့်ရှင်းစင်ကြယ်၍ အညစ်အကြေးနှင့် ကင်းလွတ်လျက် အပြစ်ရှိသောသူတို့နှင့် မဆက်ဆံသောကိုယ်တော်သည် ကျွန်ုပ်တို့အား ညီအစ်ကိုဟုခေါ်ခြင်းငှါ ရှက်ကြောက်တော်မမူချေ။ ကောင်းကင်မိသားစုများနှင့် မြေကြီးမိသားစုများသည် ခရစ်တော်၌ တစ်လုံးတစ်ဝတည်း နှောင်ဖွဲ့တော်မူကြ၏။ ဘုန်းတော်နှင့်ပြည့်ဝတော်မူသော ခရစ်တော်သည် ကျွန်ုပ်တို့၏ညီအစ်ကိုဖြစ်တော်မူ၏။ ဘုရားသခင်သည် လူသားဇာတိကို ကိန်းဝပ်တော်မူ၍ လူသားဇာတိကို အနန္တမေတ္တာတော်ရှင်၏ရင်ခွင်တော်တွင် ပိုက်ပွေ့တော်မူ၏။ "သူတို့သည် မြေတော်၌ ထင်ရှားသောသရဖူမျက်မွန်ကဲ့သို့ဖြစ်ကြလိမ့်မည်။ ကျေးဇူးတော်သည် အလွန်ကြီးစွတကား၊ ဂုဏ်အသရေတော်လည်း အလွန်ကြီးစွတကား" ဟု ထာဝရဘုရားသခင်သည် မိမိ၏လူမျိုးများအကြောင်းကို မြွက်ဆိုတော်မူသည်။ ကယ်တင်ခြင်းခံစားရသူများအား ချီးမြှောက်ခြင်းအရာသည် ထာဝရဘုရား၏ကရုဏာတော်အတွက် ထာဝရသက်သေခံတစ်ခုဖြစ်ပါလိမ့်မည်။ အနာဂတ်ကာလများတွင် ကိုယ်တော်သည် ထိုသခင်အားဖြင့် ကျေးဇူးပြု၍ ကျေးဇူးတော်၏အလွန်ကြွယ်ဝခြင်းကို ထင်ရှားစေတော်မူသည်။ "ငါတို့သခင်ယေရှုကိုအကြောင်းပြု၍ ထာဝရအကြံတော်ရှိသည်နှင့်အညီ ကောင်းကင်အရပ်တို့၌ အထွတ်အမြတ်အာဏာစက်တို့သည် ဘုရားသခင်၏ထူးဆန်းသောပညာတော်ကို သိရမည်အကြောင်းတည်း။" ဧဖက် ၂း၇။ ၃း၁၀-၁၁။

ခရစ်တော်၏ကယ်တင်ခြင်းလုပ်ငန်းများအားဖြင့် ဘုရားသခင်၏အုပ်စိုးခြင်းသည် ဖြောင့်မတ်စွာရပ်တည်နေပါသည်။ အနန္တတန်ခိုးတော်အရှင်အား မေတ္တာတော်အရှင်ဘုရားသခင်အဖြစ် သိသာထင်ရှားစေခဲ့ပါ

သည်။ စာတန်၏စွပ်စွဲချက်များသည် မှားယွင်းကြောင်း ထင်ရှားစေခဲ့သည့်အပြင် ၎င်း၏စာရိတ္တကိုလည်း သိသာစေရန် ဖွင့်ပြတော်မူသည်။ ဆန့်ကျင်မှုသည် နောက်တစ်ဖန်ဝင်မလာနိုင်တော့ချေ။ ထာဝရကာလတစ်လျှောက်လုံးတွင် ခပ်သိမ်းသောသတ္တဝါများသည် အယူလွဲ၊ ဖောက်ပြန်ခြင်းမှကင်းဝေးကြလိမ့်မည်ဖြစ်သည်။ မေတ္တာကိုအခြေခံသော ကိုယ်ကျိုးစွန့်ခြင်းအားဖြင့်မြေကြီးသားများနှင့် ကောင်းကင်သားများတို့သည် မပျက်နိုင်သောအနှောင်အဖွဲ့များအားဖြင့် ၎င်းတို့၏ဖန်ဆင်းရှင်ထာဝရဘုရားသခင်၌ ရစ်ပတ်နှောင်ဖွဲ့ခြင်းကိုခံကြရပါသည်။

ကယ်တင်ခြင်းအလုပ်သည် ပြီးစီးစုံလင်သွားလိမ့်မည်။ အပြစ်တရားလွှမ်းမိုးခဲ့သည့်နေရာတွင် ထာဝရဘုရား၏ကရုဏာသည် ပိုမိုများပြားစွာကြွယ်ဝလျက်ရှိပါသည်။ မိမိပိုင်သည်ဟု စာတန်ကြေညာထားသော ဤကမ္ဘာလောကကို ပြန်လည်ရွေးယူရုံသာမက ချီးမြှောက်ရန်လည်းဖြစ်ပါသည်။ ကိုယ်တော်၏ဂုဏ်ကျက်သရေနှင့် တင့်တယ်လှပသည့်ဖန်ဆင်းခြင်းခံရသောအရာများတွင် အပြစ်ကျိန်ခြင်းအောက်တွင် အမှောင်ထုလွှမ်းမိုးခဲ့သောသေးငယ်သည့်ကျွန်ုပ်တို့၏ ဤကမ္ဘာလေးသည် စကြဝဠာတွင်ရှိသော အခြားကမ္ဘာများအထက်တွင် ချီးမြှောက်ခြင်းကိုခံရလိမ့်မည်။ လူသားများအကြားတွင် သားတော်ဘုရားကိန်းဝပ်တော်မူခဲ့သော ဤကမ္ဘာတွင် ဘုန်းတန်ခိုးအရှင်ခရစ်တော်ရှင်ကိုယ်တိုင်နေထိုင်တော်မူခဲ့ပြီး ဒုက္ခအမျိုးမျိုးကိုခံစား၍အသေသတ်ခြင်းကိုခံခဲ့ရသော ဤကမ္ဘာတွင် ခပ်သိမ်းသောအရာများကိုအသစ်ပြုပြင်၍ ဘုရားသခင်သည် လူသားများနှင့်အတူစိုးစံမည့် ဤကမ္ဘာတွင် ကိုယ်တော်သည် လူသားများနှင့်အတူရှိနေမည်ဖြစ်ပြီး သူတို့သည်ကိုယ်တော်၏လူများဖြစ်ကြလိမ့်မည်။ ၎င်းပြင် ထာဝရဘုရားကိုယ်တော်တိုင်သည် သူတို့နှင့်အတူရှိတော်မူ၍ သူတို့၏ဘုရားဖြစ်တော်မူလိမ့်မည်။ ကယ်တင်ခြင်းခံရသူများသည် အဆုံးမရှိသောကာလတစ်လျှောက်လုံးတွင် ဘုရားသခင်၏အလင်းတော်တွင် လျှောက်လှမ်းကြစဉ်တွင် နှုတ်ဖြင့်မမြွက်ဆိုနိုင်လောက်သော ကိုယ်တော်၏သနားခြင်းဆုကျေးဇူးတော်အတွက် သူတို့သည် ကိုယ်တော်အား ချီးမွမ်းထောမနာပြုကြပါလိမ့်မည်။

-၀-



# (၂)
# ရွေးချယ်ခြင်းခံရသောလူမျိုး

ယုဒလူမျိုးသည် နှစ်ပေါင်းများစွာကတည်းက ကယ်တင်ရှင်၏ကြွလာခြင်းကို စောင့်မျှော်ခဲ့ကြပါသည်။ ဤကြွလာခြင်းအပေါ်တွင် သူတို့သည် မျှော်လင့်ချက်များထားခဲ့ကြပါသည်။ သူတို့သည် အနာဂတ္တိစကားတွင်သော်လည်းကောင်း၊ ဗိမာန်တော်တွင်ကျင်းပသည့် အခမ်းအနားများနှင့်အိမ်ထောင်ဆုတောင်းပွဲများတွင်သော်လည်းကောင်း ကိုယ်တော်၏နာမတော်ကို အမြတ်တနိုးထားခဲ့ကြပါသည်။ သို့ပါသော်လည်း ကိုယ်တော်ကြွလာတော်မူသောအခါ သူတို့သည် ကိုယ်တော်ကိုမသိကြတော့ချေ။ သားတော်ဘုရားသည် ၎င်းတို့အတွက် "သွေ့ခြောက်သောမြေ၌ပေါက်သောအတက်ကဲ့သို့လည်းကောင်း၊ ပမာဏပြုစရာအဆင်းတင့်တယ်ခြင်းမရှိသောသူ၊ ချစ်လိုဖွယ်သောမျက်နှာလက္ခဏာနှင့်မပြည့်စုံသောသူကဲ့သို့လည်းကောင်းဖြစ်နေလျက် သူသည် မိမိဒေသသို့ကြွလာသော်လည်း မိမိလူမျိုးတို့သည်သူ့ကိုလက်မခံဘဲနေကြ၏။" ဟေရှာ၊ ၅၃း၂။ ယောဟန် ၁း၁၁။

မည်သို့ပင်ဖြစ်စေကာမူ ထာဝရဘုရားသခင်သည် ဣသရေလလူမျိုးအား ရွေးချယ်တော်မူခဲ့၏။ ကိုယ်တော်၏ပညတ်တော်ကိုလည်းကောင်း၊ ကယ်တင်ရှင်အားညွှန်ပြနေသောပုံဆောင်မှုများနှင့် အနာဂတ္တိစကားများကိုလည်းကောင်း လူများသည် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ကိုယ်တော်သည် သူတို့ကိုခေါ်တော်မူခဲ့သည်။ ကိုယ်တော်ရှင်သည် သူတို့အားကမ္ဘာလောကအတွက်ကယ်တင်ခြင်းစမ်းရေတွင်းများဖြစ်စေရန် ဆန္ဒရှိတော်မူခဲ့ပါသည်။ အာဗြဟံသည် တစ်ကျွန်းတစ်နိုင်ငံတွင်နေထိုင်ခဲ့ရသကဲ့သို့၊ ယောသပ်သည် အီဂျစ်ပြည်တွင်ရှိနေခဲ့ရသကဲ့သို့၊ ဒံယေလသည် ဗာဗုလုန်နန်းတော်တွင်နေခဲ့ရသကဲ့သို့ ဟေဗြဲလူများသည်လည်း နိုင်ငံများအလယ်တွင်အသက်ရှင်နေထိုင်၍ လူများအား ထာဝရဘုရားအကြောင်းကို ဖော်ပြကြရန်ဖြစ်ပါသည်။

ဘုရားသခင်သည် အာဗြဟံကိုခေါ်ယူခဲ့စဉ်က "ငါကောင်းချီးပေး၍ သင်၏နာမကိုကြီးမြတ်စေမည်။ သင်သည် ကောင်းချီးခံရသောသူဖြစ်လိမ့်မည်။ သင့်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကိုခံရကြလိမ့်မည်" ဟုမိန့်တော်မူခဲ့သည်။ (ကမ္ဘာ ၁၂း၂-၃)။ ထိုသွန်သင်ချက်ကို ပုရောဖက်များအားဖြင့် ထပ်ခါတလဲလဲဖော်ပြခဲ့ပါသည်။ ဣသရေလလူများသည် စစ်ဖြစ်ပွားခြင်းနှင့် သုံ့ပန်းဘဝကျရောက်ခြင်းများကြောင့် အသုံးမရသည့်ဘဝသို့ရောက်ခဲ့သည့်တိုင် "ကျန်ကြွင်းသောယာကုပ်အမျိုးသားတို့သည် တစ်ပါးအမျိုးသားတို့တွင်နေ၍ ထာဝရဘုရားပေးတော်မူသောနှင်းကဲ့သို့လည်းကောင်း၊ လူကိုမငံ့လင့်၊ လူသားတို့၏အလိုသို့မလိုက်သောမိုးရေကဲ့သို့လည်းကောင်း ဖြစ်ကြလိမ့်မည်" ဟူသောကတိတော်သည် သူတို့အတွက် ဆက်လက်ဖြစ်နေပါသေးသည်။ ဘုရားသခင်သည် ယေရုရှလင်မြို့တွင်ရှိနေသော ဗိမာန်တော်နှင့်ပတ်သက်၍ ဟေရှာယအားဖြင့် မိန့်တော်မူသည်မှာ "ငါ့အိမ်ကို လူအမျိုးမျိုးဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်ကြလတ္တံ့" ဟူ၏။ ဟေရှာ ၅၆း၇။

သို့သော်လည်း ဣသရေလလူများသည် လောကီနှင့်ပတ်သက်သော ကြီးကျယ်ခမ်းနားမှုများကိုသာ မျှော်လင့်ချက်ထားခဲ့ကြပါသည်။ ခါနာန်ပြည်ကိုဝင်ရောက်ခဲ့စဉ်အချိန်မှစ၍ သူတို့သည် ထာဝရဘုရား၏ပညတ်တော်များမှသွေဖည်၍ တစ်ပါးအမျိုးသားတို့၏နည်းလမ်းများကို လိုက်လျှောက်ခဲ့ကြပါသည်။ ဘုရားသခင်သည် ပုရောဖက်များအားဖြင့် သတိပေးခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့ပါသည်။ သူတို့သည် တစ်ပါးအမျိုးသားများ၏ ဖိနှိပ်ညှဉ်းပန်းမှုများကို အချည်းနှီးခံစားခဲ့ကြရပါသည်။ ဘာသာရေးပြုပြင်ရေးလုပ်သည့်အခါတိုင်း ပို၍နက်ရှိုင်းသောအယူဝါဒဖောက်ပြန်မှုများသည် ဆက်တိုက်ဖြစ်ပေါ်လာခဲ့ပါသည်။

ဣသရေလလူများသည် ဘုရားသခင်ဘက်တွင် သစ္စာရှိကြမည်ဆိုလျှင် ထာဝရဘုရားအား သူတို့၏ရိုသေမှုများနှင့် ချီးမြှောက်မှုများအားဖြင့် ကိုယ်တော်သည် မိမိ၏အကြံအစည်တော်ကိုပြီးမြောက်စေနိုင်ပါသည်။ သူတို့သည် နားထောင်မှုလမ်းကြောင်းများတွင် လျှောက်လှမ်းခဲ့ကြပါလျှင်





ကိုယ်တော်သည် ၎င်းတို့အား လူမျိုးတကာထက် ဂုဏ်အသရေကျော်စောကိတ္တိသာလွန်စေမည်ဖြစ်ပါသည်။ "သင်သည် ထာဝရဘုရား၏နာမတော်ဖြင့် ခေါ်ဝေါ်သမုတ်ခြင်းကိုခံရသည်ဟု လူမျိုးခပ်သိမ်းတို့သည်သိမြင်၍ သင့်ကို ကြောက်ရွံ့ကြလိမ့်မည်" ဟူ၍လည်းကောင်း၊ "သူတို့ကလည်း ဤကြီးမြတ်သောလူမျိုးသည် အကယ်စင်စစ်ဉာဏ်ပညာများနှင့်ပြည့်စုံသောအမျိုးဖြစ်၏" ဟူ၍လည်းကောင်း မောရှေပြောဆိုခဲ့သည်။ တရားဟော၊ ၂၈း၁၀။ ၄း၆။ သို့သော်လည်း ၎င်းတို့၏သစ္စာမဲ့မှုကြောင့် ထာဝရဘုရား၏အကြံတော်သည် ဖီလာဆန့်ကျင်မှုများနှင့် အထင်သေးမှုများကိုသာခံခဲ့ရပါသည်။

သူတို့သည် ဗာဗုလုန်နိုင်ငံ၏သြဇာခံဘဝသို့ရောက်ခဲ့ကြပါသည်။ ၎င်းပြင် တစ်ပါးအမျိုးသားများတွင် ပျံ့လွင့်ကုန်ကြပါသည်။ များစွာသော ဣသရေလလူများသည် ဆင်းရဲဒုက္ခများကိုခံစားခဲ့ရခြင်းအားဖြင့် ဘုရားသခင်၏ပဋိညာဉ်အပေါ် အသစ်တစ်ဖန်သစ္စာစောင့်လာခဲ့ကြပြန်ပါသည်။ သူတို့သည် မိုးမခပင်တွင် စောင်းများကိုချိတ်ဆွဲကြစဉ်၊ ၎င်းပြင်ပျက်စီးခဲ့ရသော သန့်ရှင်းသောဗိမာန်တော်အတွက် ဝမ်းနည်းငိုကြွေးနေကြစဉ်တွင် သမ္မာတရားအလင်းသည် သူတို့အားဖြင့်ထွန်းလင်း၍ ဘုရားသခင်ကို သိသောဉာဏ်သည် တိုင်းနိုင်ငံများအလယ်တွင် ပျံ့နှံ့ခဲ့ပါသည်။ တစ်ပါးအမျိုးသားများ၏ယဇ်ပူဇော်ခြင်းနည်းစနစ်များသည် ထာဝရဘုရား သတ်မှတ်ပြဋ္ဌာန်းထားသောနည်းစနစ်များမှ ဖောက်ပြန်သွေဖည်သွားသည့် ယဇ်ပူဇော်နည်းများဖြစ်ပါသည်။ ၎င်းတစ်ပါးအမျိုးသားများ၏ဝတ်ပြုပွဲအခမ်းအနားများကို ရိုးရိုးသားသားဖြင့် လိုက်နာစောင့်ရှောက်ကြသော လူများစွာတို့သည် ဘုရားသခင်၏တန်ခိုးတော်နှင့် ကြိုတင်ပြင်ဆင်ထားသည့် ဝတ်ပြုကိုးကွယ်မှုများ၏အနက်အဓိပ္ပါယ်ကို ဟေဗြဲလူမျိုးများထံမှသင်ယူကြပြီး ယုံကြည်ခြင်းအားဖြင့် ကယ်တင်ရှင်တစ်ပါးကြွလာမည်ဟူသော ကတိတော်ကို ကိုင်စွဲခဲ့ကြသည်။

တစ်ကျွန်းတစ်နိုင်ငံတွင်နေထိုင်ကြရသည့် များစွာသောဣသရေလများသည် ဖိနှိပ်ခြင်းကိုခံကြရပါသည်။ များစွာသောလူတို့သည် ဥပုသ်တော်နေ့ကို ဂရုမပြုကြရန်ကိုသော်လည်းကောင်း၊ အမျိုးသားများ၏ပွဲများကို

စောင့်ထိန်းရန်သော်လည်းကောင်း ငြင်းဆိုမှုများပြုခဲ့ကြသည့်အတွက် အသက်ဆုံးရှုံးခဲ့ကြရပါသည်။ ရုပ်တုကိုးကွယ်သူများအား သမ္မာတရားကို နှိပ်ကွပ်နင်းချေရန် လှုံ့ဆော်နေကြစဉ်တွင် ရှင်ဘုရင်များနှင့် မင်းစိုးရာဇာများသည် အလင်းတရားကိုရရှိစေရန် ဘုရားသခင်သည် မိမိ၏အစေခံကျွန်အား ၎င်းတို့နှင့်မျက်နှာချင်းဆိုင်တွေ့ဆုံနိုင်ရန် ဆောင်ကြဉ်းတော်မူခဲ့သည်။ ထင်ပေါ်ကျော်စောသောဘုရင်များသည် ဟေဗြဲသုံ့ပန်းများကိုးကွယ်သောဘုရားသည် အမြင့်မြတ်ဆုံးသောထာဝရဘုရားဖြစ်ကြောင်းကို ထုတ်ဖော်ပြောကြားစေရန် အကြိမ်ကြိမ်လမ်းပြခြင်းကိုခံကြရသည်။

ဣသရေလလူများတို့သည် ဗာဗုလုန်နိုင်ငံတွင် သုံ့ပန်းဘဝသို့ ရောက်ခဲ့ခြင်းအားဖြင့် ရုပ်တုကိုးကွယ်ခြင်းများမှအကျိုးဖြစ်ထွန်းလောက်အောင် ကင်းရှင်းလာခဲ့ကြသည်။ နောက်ပိုင်းရာစုနှစ်များအတွင်းတွင် သူတို့၏ကြီးပွားချမ်းသာမှုသည် ဘုရားသခင်၏ပညတ်တော်ကို နားထောင်မှုအပေါ်တွင်မူတည်ကြောင်း ခိုင်ခိုင်မာမာသဘောပေါက်လာသည့်အထိ ၎င်းတို့သည် တစ်ပါးအမျိုးသားရန်သူများ၏ဖိနှိပ်ခြင်းဒဏ်များကို ခံစားခဲ့ကြရပါသည်။ သို့သော်လည်း များစွာသောလူများ၏ပညတ်တော်ကို လိုက်နာကျင့်စောင့်ခြင်းသည် မေတ္တာ၏နှိုးဆော်ချက်ကြောင့်မဟုတ်ဘဲ ၎င်းတို့၏ရည်ရွယ်ချက်များမှာ မိမိကောင်းစားရေးအတွက်သာဖြစ်ခဲ့ပါသည်။ သူတို့သည် အမျိုးသားရေးကြီးမြတ်မှုကိုရယူရန် နည်းလမ်းတစ်ခုအနေဖြင့် ဘုရားသခင်အား အပြင်ပန်းအားဖြင့် နားထောင်ကြခြင်းဖြစ်ပါသည်။ သူတို့သည် ကမ္ဘာအတွက် အလင်းတရားမဖြစ်ခဲ့သော်လည်း ရုပ်တုကိုးကွယ်ခြင်းနှင့်ပတ်သက်သော စုံစမ်းနှောင့်ယှက်ခြင်းများမှကင်းဝေးစေရန် သူတို့ကိုယ်သူတို့ ကမ္ဘာနှင့်အဆက်ဖြတ်ခဲ့ကြပါသည်။ ထာဝရဘုရားသခင်သည် ၎င်းတို့အား မောရှေအားဖြင့် ရုပ်တုကိုးကွယ်သူများနှင့်ပေါင်းဖော်ခြင်းများကို ထိန်းချုပ်မှုများပြုတော်မူခဲ့ပါသည်။ သို့သော် ဤသွန်သင်ချက်ကို ၎င်းတို့ကလွဲမှားစွာ အဓိပ္ပါယ်ကောက်ယူခဲ့ကြပါသည်။ ထိုညွှန်ကြားချက်များသည် တစ်ပါးအမျိုးသားများ၏အမူအကျင့်များကိုပုံစံယူ၍ တူအောင်လိုက်လုပ်ခြင်းများမှ ဣသရေလများအား တားဆီးရန်ရည်ရွယ်ခဲ့သော်လည်း



၎င်းညွှန်ကြားချက်များကို ဣသရေလလူများနှင့် တစ်ပါးအမျိုးသားများအကြားတွင် ခွဲခြားသည့်တံတိုင်းတစ်ခုအဖြစ် တည်ဆောက်ရန်အတွက် အသုံးပြုခဲ့ကြပါသည်။ ဣသရေလလူများသည် ယေရုရှလင်မြို့အား ၎င်းတို့၏ ကောင်းကင်နိုင်ငံအနေဖြင့် ရှုမြင်ကြပြီး ဘုရားသခင်အနေဖြင့် တစ်ပါးအမျိုးသားများအား ကရုဏာပြမည်ကိုစိုးရိမ်ကာ သူတို့မနာလိုဝန်တိုစိတ်များ အမှန်တကယ်ဖြစ်ပေါ်ခဲ့ကြပါသည်။

ဗာဗုလုန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာကြပြီးသည့်နောက် ဘာသာရေးနှင့်ပတ်သက်သော ညွှန်ကြားချက်များကို များစွာအာရုံပြုခဲ့ကြပါသည်။ နိုင်ငံအနှံ့အပြားတွင် တရားဇရပ်များကိုတည်ဆောက်၍ ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာများသည် ပညတ်တော်ကို အဓိပ္ပါယ်ရှင်းလင်းဖွင့်ဆိုခဲ့ကြပါသည်။ ဖြောင့်မတ်ခြင်းတရား၏စည်းမျဉ်းများကို သိပ္ပံဝိဇ္ဇာပညာရပ်များနှင့် ပူးတွဲသင်ကြားပေးမည့်စာသင်ကျောင်းများကိုလည်း တည်ထောင်ခဲ့ကြပါသည်။ သို့ပါသော်လည်း ဤအဖွဲ့အစည်းများသည် ဖောက်ပြန်ပျက်ယွင်းခဲ့ကြပါသည်။ သုံ့ပန်းဘဝတွင်နေကြရစဉ် လူများစွာတို့သည် တစ်ပါးအမျိုးသားများ၏အတွေးအခေါ်များနှင့် ဓလေ့ထုံးစံများကိုရရှိထားကြပြီးဖြစ်သည့်ပြင် ထိုအရာများကို ဘာသာရေးဝတ်ပြုကိုးကွယ်ပွဲများတွင် ထည့်သွင်းလာခဲ့ကြပါသည်။ သူတို့သည် မြောက်မြားစွာသောအရာများတွင် ရုပ်တုကိုးကွယ်သူများ၏အမူအကျင့်များကို အတုခိုးလုပ်ဆောင်ခဲ့ကြပါသည်။

သူတို့သည် ထာဝရဘုရားသခင်နှင့် ဝေးကွာလာသည်နှင့်အမျှ ဝတ်ပြုကိုးကွယ်နည်းများအတွက် သွန်သင်ချက်များကို များစွာမျက်ခြည်ပြတ်ခဲ့ကြပါသည်။ ထိုဝတ်ပြုကိုးကွယ်ပွဲများကို ခရစ်တော်ကိုယ်တိုင်တည်ထောင်တော်မူ၍ အခန်းကဏ္ဍတိုင်းတွင် ကိုယ်တော်ကိုပုံဆောင်သည့်အပြင် ထိုအရာများသည် ပြည့်ဝသောအသက်ရှင်စေနိုင်သည့်ခွန်အားနှင့် ဝိညာဉ်ရေးတင့်တယ်မှုများဖြစ်ကြသည်။ သို့သော်လည်း ဣသရေလများသည် ၎င်းတို့၏ဘာသာရေးအခမ်းအနားများကို ကျင်းပခြင်းအားဖြင့် ဝိညာဉ်ရေးအသက်တာများဆုံးရှုံးခဲ့ကြရ၍ အသက်မပါသောကျင်းပသည့်ပုံစံများကိုသာ စွဲလမ်းခဲ့ကြပါသည်။ သူတို့သည် ပူဇော်သကာများပြည့်နှက်သော

ကိုယ်တော်ရှင်အား ယုံကြည်အားကိုးခြင်းရှိရမည့်အစား ပူဇော်သကာများနှင့် ဘာသာရေးပွဲများကိုသာ ယုံကြည်အားထားခဲ့ကြပါသည်။ သူတို့ဆုံးရှုံးခဲ့သော နေရာများအတွက် နေရာအစားယူရန်အလို့ငှါ ယဇ်ပုရောဟိတ်များနှင့် ကျမ်းပြုဆရာများသည် ၎င်းတို့၏ကိုယ်ပိုင်လိုလားချက်များကို ပိုမိုများပြားစွာ တောင်းဆိုခဲ့ပါသည်။ ပညတ်ချက်များသည် ပိုမို၍ကျပ်တည်းတိကျစွာ တောင်းဆိုလာသည်နှင့်အမျှ ထာဝရဘုရား၏မေတ္တာတော်သည် ပိုမို၍ အရောင်မှိန်သွားပါတော့သည်။ သူတို့၏စိတ်နှလုံးများသည် မာနတရားများ၊ ဟန်ဆောင်မှုများဖြင့်ပြည့်ဝနေချိန်တွင် ဣသရေလလူများသည် များပြားစွာ သောဘာသာရေးအခမ်းအနားများအားဖြင့် ၎င်းတို့၏သန့်ရှင်းမှုကိုတိုင်းတာ ခဲ့ကြပါသည်။

၎င်းတို့၏အသေးစိတ်ကျ၍ ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်သော ပညတ်ချက်များကြောင့် ပညတ်တော်ကိုစောင့်ထိန်းနိုင်ရန်မှာမဖြစ်နိုင်သည့်အရာ တစ်ခုဖြစ်နေပါသည်။ ထာဝရဘုရားအားအစေခံရန် ဆန္ဒရှိသူများနှင့် ကျမ်းတတ်ဆရာများ၏ပြဋ္ဌာန်းချက်များကိုစောင့်ထိန်းရန် ကြိုးစားနေသူများ သည် လေးလံသောဝန်ထုပ်ဝန်ပိုးတစ်ခုအောက်တွင် ပင်ပန်းကြီးစွာဖြင့် ကြိုးစားခဲ့ကြရပါသည်။ သူတို့သည် သောကဗျာပါဒရောက်နေသောဩတ္တပ္ပ စိတ်၏စွပ်စွဲချက်များကြောင့် သက်သာခြင်းကိုမရနိုင်ကြချေ။ ထိုနည်း အားဖြင့် ဘုရားသခင်၏သားသမီးများကို စိတ်ဓာတ်ကျစေရန်၊ ထာဝရ ဘုရား၏စာရိတ္တတော်နှင့်ပတ်သက်သောတွေးခေါ်ချက်များကို နိမ့်ကျလာ စေရန်နှင့် ဣသရေလများ၏ယုံကြည်ချက်များကို အထင်အမြင်သေးစရာ အသွင်သို့ဖန်တီးရန် စာတန်သည်လုပ်ဆောင်ခဲ့ပါသည်။ စာတန်သည် ကောင်းကင်နိုင်ငံတော်တွင် ခြားနားခဲ့စဉ်က ထုတ်ဖော်ပြောဆိုခဲ့သကဲ့သို့ ထာဝရဘုရား၏တောင်းဆိုချက်များသည် တရားမျှတမှုမရှိကြောင်းနှင့် လိုက်လျှောက်ကျင့်ဆောင်ရန်မဖြစ်နိုင်ကြောင်းကို အခိုင်အမာပြောဆိုရန် စောင့်စားခဲ့ပါသည်။ ဣသရေလများသည်ပင်လျှင် ပညတ်တော်ကိုမစောင့် နိုင်ကြောင်းကိုလည်း သူကြေညာခဲ့ပါသည်။



ဣသရေလများသည် မေရှိယအရှင်ကြွလာခြင်းကိုတောင့်တခဲ့ကြ သော်လည်း ကိုယ်တော်ရှင်၏အမှုတော်အပေါ်တွင် အမြင်မကြည်ခဲ့ကြချေ။ သူတို့သည် အပြစ်မှကယ်တင်ခြင်းခံရစေရန် မကြိုးစားကြဘဲ ရောမ လူမျိုးများလက်အောက်မှ လွတ်မြောက်ရေးအတွက်သာ ကြိုးစားခဲ့ကြပါ သည်။ မေရှိယအရှင်သည် အောင်နိုင်သူတစ်ဦးအနေနှင့်ကြွလာပြီး ၎င်းတို့အားဖိနှိပ်ချုပ်ချယ်ထားသည့်တန်ခိုးအာဏာများကို သုတ်သင် ချေမှုန်း၍ ဣသရေလနိုင်ငံကို စကြဝဠာတစ်ခုလုံးအား စိုးမိုးအုပ်ချုပ်ပိုင်ခွင့် အာဏာပေးအပ်ချီးမြှောက်လိမ့်မည်ဟု သူတို့မျှော်မှန်းခဲ့ကြပါသည်။ ထိုသို့ သောနည်းအားဖြင့် ကယ်တင်ရှင်ကိုငြင်းပယ်ရန် သူတို့အသင့်အနေအထား တွင်ရှိခဲ့ကြပါသည်။

ခရစ်တော်မွေးဖွားလာသောအချိန်တွင် ယုဒနိုင်ငံသည် နိုင်ငံခြားသား သခင်များ၏အုပ်ချုပ်မှုအောက်တွင် အမျက်ဒေါသထွက်လျက်ရှိကြပြီး ညီအစ်ကိုချင်းဖြစ်ပွားနေသောခိုက်ရန်ဒေါသမှုများကြောင့် အထိနာလျက်ရှိ ခဲ့ပါသည်။ ဣသရေလလူများသည် သီးခြားအုပ်ချုပ်ရေးပုံစံဖြင့် အုပ်ချုပ်ခွင့် ပေးထားခဲ့သော်လည်း သူတို့သည် ရောမအင်ပါယာအောက်တွင်ရှိနေ ကြောင်းကို ထင်ယောင်ထင်မှားရှိရန်နှင့် အာဏာတန်ခိုးနှင့်ပတ်သက်သော ကန့်သတ်ချက်များအတွက် ၎င်းတို့နှင့်စေ့စပ်ရန် မည်သည့်အကြောင်းတစ်စုံ တစ်ခုမျှမရှိချေ။ ယဇ်ပုရောဟိတ်မင်းရာထူးကိုခန့်ထားရန်အတွက်သော် လည်းကောင်း၊ ဖြုတ်ချရန်အတွက်သော်လည်းကောင်း၊ လုပ်ပိုင်ခွင့်ရှိကြောင်း အခိုင်အမာပြောလာကြပြီး မကြာခဏထိုရာထူးကိုလိမ်လည်ခြင်းအားဖြင့် သော်လည်းကောင်း၊ လာဘ်ပေးလာဘ်ယူခြင်းအားဖြင့်သော်လည်းကောင်း၊ လူသတ်မှုကျူးလွန်ခြင်းအားဖြင့်သော်လည်းကောင်း ရယူခဲ့ကြပါသည်။ ထိုနည်းအားဖြင့် ယဇ်ပုရောဟိတ်ရာထူးသည် ပို၍ပို၍ဖောက်ပြန်ညစ်ညူးလာ ခဲ့ပါသည်။ သို့စေကာမူ ယဇ်ပုရောဟိတ်များသည် ကြီးမားသောတန်ခိုး အာဏာများကို ပိုင်ဆိုင်ထားဆဲဖြစ်ပြီး ထိုအာဏာများကို ကိုယ်ကျိုးရှာသော မိမိကောင်းစားရေးအလုပ်များအတွက် အသုံးပြုခဲ့ကြပါသည်။ ဣသရေလ များသည် အကြင်နာကင်းမဲ့သောခိုင်းစေမှုများအောက်တွင် နင်းပြားများဖြစ်

ခဲ့ရပြီး အခွန်စည်းကြပ်မှုကိုလည်း များစွာခံခဲ့ကြရပါသည်။ ဤအခြေအနေများကြောင့် နိုင်ငံအနှံ့အပြားတွင် မကျေနပ်မှုများဖြစ်ပေါ်ခဲ့ပြီးလျှင် အများပြည်သူများ၏ မခံမရပ်နိုင်မှုများသည်လည်း မကြာခဏဖြစ်ပေါ်ခဲ့ပါသည်။ လောဘကြီးခြင်းနှင့် အကြမ်းဖက်မှုများသည်လည်းကောင်း၊ မယုံကြည်မှုများနှင့်လျစ်လျူရှုမှုများသည်လည်းကောင်း နိုင်ငံသားများ၏စိတ်သဘောထားများကို တဖြည်းဖြည်းပျက်ပြားစေခဲ့ပါသည်။

ရောမလူမျိုးများအား မုန်းတီးမှုများသည်လည်းကောင်း၊ အမျိုးသားရေးနှင့် ဝိညာဉ်ရေးမာနထောင်လွှားမှုသည်လည်းကောင်း ဣသရေလလူမျိုးအား ၎င်းတို့၏ဝတ်ပြုကိုးကွယ်သည့်ပုံစံများကို ဆက်လက်၍တင်းကျပ်စွာစွဲကိုင်စေခဲ့ပါသည်။ ယဇ်ပုရောဟိတ်များသည် ဘာသာရေးအခမ်းအနားများကို သေသေချာချာအာရုံပြုလုပ်ဆောင်၍ ဘုရားသခင်၌မွေ့လျော်ခြင်းနှင့်ပတ်သက်သော ဂုဏ်သတင်းများကို ဆက်လက်ထိန်းသိမ်းရန်ကြိုးစားခဲ့ကြပါသည်။ သူတို့၏ဝိညာဉ်ရေးမှောင်မိုက်ကျနေသောအခြေအနေများနှင့် ဖိနှိပ်ချုပ်ချယ်မှုခံရခြင်းများတွင် အသက်ရှင်ကြရသောပြည်သူများနှင့် တန်ခိုးအာဏာများကိုငတ်မွတ်လျက်ရှိကြသောမင်းစိုးရာဇာများ၊ ၎င်းတို့၏ရန်သူများကိုအောင်မြင်ပြီး ဣသရေလနိုင်ငံကိုပြန်လည်ရယူပေးမည့် ကယ်တင်ရှင်၏ကြွလာခြင်းကိုမျှော်လင့်စောင့်စားခဲ့ကြပါသည်။ သူတို့သည် အနာဂတ္တိစကားများကိုလေ့လာခဲ့သော်လည်း ဝိညာဉ်ရေးအသိမရှိခဲ့ကြချေ။ ထို့ကြောင့် သူတို့သည် ခရစ်တော်၏နှိမ့်ချစွာကြွလာမည့် ပထမအကြိမ်ကြွလာခြင်းအကြောင်းကို ပြည့်ွန်ထားသည့်ကျမ်းစာများကို မျက်စိမှောက်ခဲ့ကြပါသည်။ ၎င်းပြင်ဘုန်းတော်နှင့်ကြွလာမည့် ကိုယ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းနှင့်ပတ်သက်သော ပြောဆိုချက်များကိုလည်း တလွဲယူဆအသုံးပြုခဲ့ကြပါသည်။

မာနထောင်လွှားခြင်းသည် သူတို့၏အမြင်ကိုအမှောင်ကျစေခဲ့ပြီး အနာဂတ္တိစကားများကို ကိုယ်ကျိုးရှာလိုသောဆန္ဒများနှင့်လျော်ညီစွာ အနက်ဖွင့်ခဲ့ကြပါသည်။

-၀-



# (၃)
# ကာလအချိန်ပြည့်စုံခြင်း

"အချိန်ကာလစေ့သောအခါ ငါတို့သည် သား၏အခွင့်အရာကိုခံရမည့်အကြောင်း၊ ပညတ်တရားလက်၌ရှိသော ငါတို့ကို ရွေးနုတ်စေခြင်းငှါ ---သားတော်ကို ဘုရားသခင်သည်စေလွှတ်တော်မူ၏" ဂလာတိ ၄း၄-၅။

ကယ်တင်ရှင်ကြွလာခြင်းအကြောင်းကို ဧဒင်ဥယျာဉ်တွင်ပြောကြားခဲ့ပါသည်။ အာဒံနှင့်ဧဝတို့သည် ထိုကတိတော်ကို ဦးစွာပထမကြားခဲ့ရစဉ်က ဆောလျင်စွာကတိတော်ပြည့်စုံစေရန် မျှော်လင့်ခဲ့ကြပါသည်။ သူတို့သည် သားဦးကလေးကို ကတိထားတော်မူသောကယ်တင်ရှင်ဖြစ်မည်ဟု မျှော်လင့်လျက် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကြိုဆိုခဲ့ကြပါသည်။ သို့သော်လည်း ကတိတော်၏ပြည့်စုံမှုသည် ကြန့်ကြာခဲ့ပါသည်။ ကတိတော်ကို ပထမဦးစွာရရှိခဲ့သောသူများသည် ကယ်တင်ရှင်ကို မမြင်လိုက်ကြရဘဲ သေကုန်ခဲ့ကြပါသည်။ ရှေးဘိုးဘေးများနှင့်ပုရောဖက်များသည် ဧနောက်အချိန်မှစ၍ ကိုယ်တော်ရှင်၏ကြွလာခြင်းအတွက် မျှော်လင့်ခြင်းစိတ်ဓာတ်များနိုးကြားနေစေရန် ထိုကတိတော်ကို မကြာခဏပြောကြားခဲ့ပါသည်။ သို့စေကာမူ ကိုယ်တော်ရှင်သည် ကြွမလာခဲ့ချေ။ ဒံယေလအနာဂတ္တိစကားသည် ကိုယ်တော်ရှင်ကြွလာမည့်အချိန်ကိုဖော်ပြခဲ့သော်လည်း ထိုသတင်းစကားကို မှန်ကန်စွာအနက်အဓိပ္ပါယ်မကောက်ယူနိုင်ခဲ့ကြချေ။ ရာစုနှစ်တစ်ခုပြီးတစ်ခု ကျော်လွန်ခဲ့ပေပြီ။ ပုရောဖက်များ၏အသံများလည်း ငြိမ်သက်ကုန်ကြပေပြီ။ ဖိနှိပ်ချုပ်ချယ်သူ၏လက်များသည် ဣသရေလလူများအပေါ်သို့ လေးလံစွာကျရောက်ခဲ့ပြီး များစွာသောသူတို့သည် "နေ့ရက်ကာလရွေ့လျက်ရှိ၍ ခပ်သိမ်းသောဗျာဒိတ်ရူပါရုံလည်းပျက်ကြပြီ" ဟုအော်ဟစ်ရန်အသင့်ရှိခဲ့ကြပါသည်။ ယေဇကျေ၊ ၁၂း၂၂။

သို့သော်လည်း မိမိတို့၏လမ်းကြောင်းများအတိုင်း လှည့်ပတ်သွားလာနေသောကြယ်များကဲ့သို့ ထာဝရဘုရား၏အကြံအစည်တော်များသည် သတ်မှတ်ထားသောအချိန်ထက်စော၍ မဖြစ်ပွားခဲ့သည့်အပြင် နှောင့်နှေး

ခြင်းလည်းမရှိခဲ့ချေ။ ထူထဲမှောင်မိုက်ခြင်းနှင့် မီးခိုးထွက်နေသောမီးဖိုများတို့၏ ပုံဆောင်ခြင်းများအားဖြင့် ဘုရားသခင်သည် ဣသရေလလူများတို့ အီဂျစ်ပြည်တွင်ကျွန်ခံရမည့်အကြောင်းကိုလည်းကောင်း၊ ထိုကာလသည် နှစ်ပေါင်း (၄၀၀) ဖြစ်မည့်အကြောင်းကိုလည်းကောင်း ဖော်ပြခဲ့ပါသည်။ "ထိုနောက်မှ သူတို့သည် များစွာသောဥစ္စာနှင့်ထွက်ကြလိမ့်မည်" ဟူ၍ မိန့်မြွက်တော်မူပါသည် (ကမ္ဘာဦး ၁၅း၁၄)။ ထိုနှုတ်ထွက်စကားများကို ဆန့်ကျင်၍ မာနထောင်လွှားသောဖါရောမင်း၏အင်ပါယာမှ တန်ခိုးအာဏာများက ဆိုင်ပြိုင်တိုက်လှန်ခဲ့ကြသော်လည်း အချည်းနှီးသာဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏ကတိတော်အတိုင်း သတ်မှတ်ထားသောနေ့သို့ ရောက်လာသောအခါ "ထာဝရဘုရား၏ဗိုလ်ခြေအပေါင်းတို့သည် အဲဂုတ္တုပြည်မှထွက်သွားကြ၏" ကမ္ဘာဦး ၁၂း၄၁။ ထိုနည်းအတိုင်းပင် ကောင်းကင်ရွှေနန်းတော်တွင် ခရစ်တော်ကြွလာခြင်းအတွက် အချိန်နာရီကိုသတ်မှတ်ထားပြီးဖြစ်ပါသည်။ သတ်မှတ်ထားသောအချိန်နာရီသို့ရောက်သောအခါ သခင်ယေရှုသည် ဗက်လင်မြို့တွင် ဖွားမြင်ခြင်းကိုခံယူတော်မူခဲ့ပါသည်။

ကာလအချိန်ပြည့်စုံသောအခါ ဘုရားသခင်သည် သားတော်ကို စေလွှတ်တော်မူခဲ့သည်။ ကမ္ဘာကြီးသည် ကယ်တင်ရှင်၏ကြွလာခြင်းအတွက် အဆင်သင့်ရှိသည့်အခြေအနေသို့ရောက်သည့်တိုင်အောင် ဘုရားသခင်သည် တိုင်းနိုင်ငံများ၏လှုပ်ရှားမှုများနှင့် လူသားများ၏လှုံ့ဆော်မှုများ၊ ဆွဲဆောင်မှုများ၏အတက်အကျအပြောင်းအလဲများကို ညွှန်ကြားထားတော်မူခဲ့သည်။ တစ်နိုင်ငံလုံးကို အစိုးရတစ်ခုတည်းလက်အောက်တွင် စုစည်းခဲ့ကြသည်။ ဘာသာစကားတစ်ခုကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုပြောဆိုကြပြီး ထိုဘာသာစကားကို အမျိုးသားစာပေ၏စကားဟူ၍ တိုင်းပြည်၏နေရာတိုင်းတွင် အသိအမှတ်ပြုခဲ့ကြသည်။ အရပ်ရပ်တွင် ကွဲလွင့်ခဲ့ကြသော ယုဒလူမျိုးများသည် နှစ်စဉ်ကျင်းပမြဲဖြစ်သောပွဲကို တက်ရောက်ရန် ယေရုရှလင်မြို့တွင်စုရုံးခဲ့ကြပါသည်။ ၎င်းတို့သည် ထိုပွဲမှနေရင်းအရပ်များသို့ပြန်လည်ရောက်ရှိသွားကြသောအခါ မေရှိယကြွလာခြင်းနှင့်ပတ်သက်သောသတင်းစကားများကို ကမ္ဘာအနှံ့သာသနာဖြန့်ခဲ့ကြပါသည်။



ဤအချိန်တွင် တစ်ပါးအမျိုးသားများ၏ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သောစနစ်များသည် ဣသရေလများအပေါ်တွင် ဆွဲဆောင်မှုနည်းပါးလာခဲ့ပါသည်။ လူများပြသသည့်အခင်းအကျင်းများနှင့် ယုံတမ်းစကား ဒဏ္ဍာရီပုံပြင်များဖြင့်သာ သူတို့ငြီးငွေ့ခဲ့ကြရပါသည်။ သူတို့သည် နှလုံးသား၏လိုအပ်ချက်ကိုဖြည့်စွမ်းပေးနိုင်မည့် ဘာသာတရားတစ်ခုကို တောင့်တခဲ့ကြပါသည်။ သမ္မာတရား၏အလင်းသည် လူသားများအတွင်းမှ ပျောက်ကွယ်သယောင်ရှိစဉ်တွင် အလင်းတရားကိုတောင့်တနေသည့် စိတ်ရှုပ်ထွေးမှုများနှင့် ဝမ်းနည်းမှုများကိုခံစားနေရသောအသက်ဝိညာဉ်များစွာရှိပါသည်။ ၎င်းတို့သည် အသက်ရှင်လျက်ရှိတော်မူသော ဘုရားသခင်ကို ချစ်ခြင်းပညာနှင့်သေခြင်း၏တစ်ဖက်တွင်ရှိသောအာမခံချက်ကို တောင့်တမျှော်လင့်နေခဲ့ကြပါသည်။

ဣသရေလများသည် ထာဝရဘုရားသခင်ထံမှ ဝေးကွာခဲ့ကြစဉ် ယုံကြည်ခြင်းနည်းလာပြီး အနာဂတ်မျှော်လင့်ချက်များလည်း မှေးမှိန်လုနီးနီးဖြစ်ပျက်ခဲ့ကြပါသည်။ ပုရောဖက်စကားများကိုလည်း သဘောပေါက်နားလည်မှုမရှိကြတော့ချေ။ ပြည်သူလူထုအတွက် သေခြင်းတရားသည် စိုးရွံ့ထိတ်လန့်ဖွယ်နက်နဲမှုတစ်ခုဖြစ်နေပြီး သေခြင်း၏တစ်ဖက်တွင် မသေချာမှုနှင့်အမှောင်ထုသာရှိခဲ့ပါသည်။ "ရာမအရပ်၌ သည်းစွာသောညည်းတွားငိုကြွေးမြည်တမ်းခြင်းအသံကိုကြားရ၍ ရာခေလသည် မိမိသားတို့မရှိသောကြောင့် ငို၍စိတ်မပြေနိုင်" ဟူသောပုရောဖက်စကားသည် ဗက်လင်တွင်ရှိကြသော မိခင်များတို့၏ငိုကြွေးမြည်တမ်းခြင်းအတွက်သာမကဘဲ လူသားထုတစ်ခုလုံး၏နှလုံးသားများမှအော်ဟစ်သံများလည်းဖြစ်ပါသည်။ သေမင်း၏အရိပ်လွှမ်းမိုးသောအရပ်တွင် လူသားများသည် ဖြေသိမ့်ခြင်းမရှိဘဲ နေထိုင်ခဲ့ကြရပါသည်။ သူတို့သည် အမှောင်ထုကွယ်ပျောက်၍ အနာဂတ်လျှို့ဝှက်မှုများကို ထင်ထင်ရှားရှားသိရှိနိုင်မည့်အချိန်တည်းဟူသော ကယ်တင်ရှင်ကြွလာမည့်အချိန်ကို တောင့်တသောမျက်လုံးများဖြင့် မျှော်လင့်ခဲ့ကြပါသည်။

ဣသရေလနိုင်ငံ၏ပြင်ပတွင်လည်း သခင်ယေရှုပေါ်ထွန်းမည့်အကြောင်းကို ကြိုတင်အနာဂတ်ပြုသည့်သူများရှိခဲ့ကြပါသည်။ ဤလူများ

သည် သမ္မာတရားကိုရှာဖွေခဲ့ကြသဖြင့် ဝိညာဉ်တော်တန်ခိုးကိုရရှိခဲ့ကြပါသည်။ မှောင်မည်းနေသောကောင်းကင်ပြင်တွင် ကြယ်များထွန်းတောက်သကဲ့သို့ ထိုကျမ်းတတ်ဆရာများသည် တစ်ယောက်ပြီးတစ်ယောက်ပေါ်ထွန်းခဲ့ကြပါသည်။ ၎င်းတို့၏အနာဂတ္တိစကားများသည် တစ်ပါးအမျိုးသားတို့၏ကမ္ဘာမှ ထောင်ပေါင်းများစွာသောလူများ၏စိတ်နှလုံးများတွင် မျှော်လင့်ခြင်းရောင်ခြည်တောက်ပစေခဲ့ပါသည်။

နှစ်ပေါင်းများစွာအတွင်းတွင် သမ္မာကျမ်းစာကို ထိုအချိန်၌ ရောမအင်ပါယာအနှံ့အပြားတွင် အသုံးပြုခဲ့သောဂရိဘာသာအားဖြင့် ဘာသာပြန်ဆိုခဲ့ပါသည်။ ဣသရေလများသည် နေရာအနှံ့ကွဲလွင့်ခဲ့ကြပြီး ၎င်းတို့၏မေရှိယကြွလာခြင်းနှင့်ပတ်သက်သောမျှော်လင့်ချက်သည်လည်း တစ်ပါးအမျိုးသားများအားဖြင့် အတော်အတန်ပျံ့နှံ့ခဲ့ပါသည်။ ဣသရေလများအနေဖြင့် တစ်ပါးအမျိုးသားဟုခေါ်ဝေါ်ခြင်းခံနေရသူများထဲတွင် မေရှိယနှင့်ပတ်သက်သော အနာဂတ္တိကျမ်းစာများကို ယုဒပြည်တွင်ရှိသောကျမ်းတတ်ဆရာများထက် ပို၍နားလည်သောသူများရှိခဲ့ကြပါသည်။ အချို့သောတစ်ပါးအမျိုးသားများအနေနှင့် ကယ်တင်ရှင်၏ကြွလာခြင်းသည် အပြစ်မှကယ်လွှတ်မည့်သူတစ်ဦးအနေဖြင့် ကြွလာမည်ဖြစ်ကြောင်း မျှော်လင့်ခဲ့ကြပါသည်။ အတွေးအခေါ်ပညာရှင်များသည် ဟေဗြဲအိမ်ထောင်မှုစီမံအုပ်ချုပ်သည့်နည်းစနစ်များ၏ နက်နဲရှုပ်ထွေးမှုများကိုလေ့လာရန် ကြိုးစားခဲ့ကြပါသည်။ သို့သော် ယုဒလူမျိုးများ၏တစ်ယူသန်မှုသည် အလင်းတရားပျံ့နှံ့မည့်အရေးကို အတားအဆီးဖြစ်လျက်ရှိပါသည်။ သူတို့နှင့်အခြားလူမျိုးများအကြား ကွဲပြားခြားနားမှုကို ဆက်လက်ထိန်းသိမ်းလိုသည့်သဘောဖြင့် ၎င်းတို့လက်ဝယ်ပိုင်ဆိုင်ထားသည့်ပုံဆောင်မှုဆိုင်ရာဝတ်ပြုကိုးကွယ်မှုများနှင့်ပတ်သက်သောအရာများကို ဣသရေလလူများသည် အခြားသူများအား မမျှဝေလိုကြချေ။ အနက် အဓိပ္ပါယ်ကိုဖွင့်ဆိုမည့်သူတည်းဟူသော ပုံဆောင်မှုများဖြင့် ရှေ့ပြေးနိမိတ်ပြုခြင်းခံရသော ပုဂ္ဂိုလ်တစ်ပါးသည် ကြွလာ၍ ထိုပုံဆောင်မှုများ၏ထူးခြားသည့် အဓိပ္ပါယ်ရှိမှုများကို ရှင်းလင်းပေးမည်ဖြစ်ပါသည်။



ထာဝရဘုရားသည် သဘာဝတရားအားဖြင့်သော်လည်းကောင်း၊ ပုံဆောင်မှုများအားဖြင့်သော်လည်းကောင်း၊ ရှေးဘိုးဘေးများနှင့် ပုရောဖက်များအားဖြင့်သော်လည်းကောင်း ကမ္ဘာသားများအား ပြောကြားခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် လူသားများကို ၎င်းတို့အသုံးပြုသည့်ဘာသာစကားများအားဖြင့် သင်ခန်းစာပေးရမည်ဖြစ်ပါသည်။ ပဋိညာဉ်ပြုခဲ့သောထာဝရဘုရားကိုယ်တိုင်မိန့်မြွက်တော်မူ၍ ကိုယ်တော်၏အသံတော်ကို ကိုယ်တော်၏ဗိမာန်တော်ထဲတွင် ကြားနာရမည်ဖြစ်သည်။ ရှင်းရှင်းလင်းလင်းပြတ်ပြတ်သားသားနားလည်သင့်သောနှုတ်ကပတ်တော်များကို မိန့်မြွက်တော်မူရန်ခရစ်တော်ကြွလာမည်ဖြစ်ပါသည်။ သမ္မာတရားကို ရေးသားခဲ့သူဖြစ်သောကိုယ်တော်ရှင်ဘုရားသည် သမ္မာတရားအတွက် လူသားများထုတ်ဖော်ခဲ့သောအကျိုးမဲ့သေးနုပ်သည့်အရာများနှင့် စစ်မှန်သောသမ္မာတရားကိုခွဲခြား၍ပြသရပါမည်။ ဘုရားသခင်နိုင်ငံတော်၏စည်းမျဉ်းများနှင့်ကယ်တင်ခြင်းစီမံကိန်းများကို ရှင်းလင်းစွာဖော်ပြရမည်။ ဓမ္မဟောင်းကျမ်းမှသင်ခန်းစာများကို လူများရှေ့တွင် ပြည့်စုံစွာတင်ပြရမည်ဖြစ်ပါသည်။

ဣသရေလလူများထဲ၌ ယုံကြည်ခြင်းတွင် ခိုင်မြဲသောသူများတည်းဟူသော သန့်ရှင်းသောအမျိုးအနွယ်များအားဖြင့် ဘုရားသခင်ကိုသိခြင်းပညာကို ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ပါသည်။ ထိုသူများသည် ဘိုးဘေးများကို ပေးထားခဲ့သောကတိတော်၏မျှော်လင့်ချက်ကို မျှော်လင့်ကြဆဲဖြစ်ပါသည်။ သူတို့၏ယုံကြည်ခြင်းကို မောရှေမှတစ်ဆင့် ဘုရားသခင်ပေးတော်မူခဲ့သည့် “သင်တို့၏ဘုရားသခင်ထာဝရဘုရားသည် သင်တို့အမျိုးသားချင်းတို့အထဲ၌ ငါနှင့်တူသောပုရောဖက်တစ်ပါးကို သင်တို့အဖို့ပေါ်ထွန်းစေတော်မူမည်။ ထိုပုရောဖက်ဟောပြောသမျှသောအရာတို့ကို သင်တို့သည်နားထောင်ကြရမည်” ဟူသော အာမခံချက်အပေါ်တွင်ရပ်တည်၍ ခွန်အားယူခဲ့ကြပါသည်။ တစ်ဖန်ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကိုကြားပြောစေခြင်းငှါလည်းကောင်း၊ နှလုံးကြေကွဲသောသူတို့၏အနာကိုစည်းစေခြင်းငှါလည်းကောင်း၊ ဖမ်းဆီးခြင်းခံရသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့် အကျဉ်းချခြင်းခံရသောသူတို့အား ထောင်တံခါးဖွင့်ပေးမည့်

အကြောင်းကို ပြောစေခြင်းငှါလည်းကောင်း၊ ထာဝရဘုရား၏မင်္ဂလာနှစ် အကြောင်းကို ပြောစေခြင်းငှါလည်းကောင်း ထာဝရဘုရားသည် ကိုယ်တော်ကိုဘိသိက်ပေးတော်မူခဲ့ကြောင်းကို သူတို့ဖတ်ခဲ့ကြရပါသည်။ (ဟေရှာ ၆၁း၁-၂)။ ကိုယ်တော်သည် မြေကြီးပေါ်တွင် တရားတော်ကိုတည်စေမည့်အကြောင်းနှင့် ကိုယ်တော်၏တရားတော်ကို တစ်ကျွန်းတစ်နိုင်ငံသားတို့သည် မျှော်လင့်ကြမည့်အကြောင်းများကိုလည်းကောင်း၊ တစ်ပါးအမျိုးသားများသည် ကိုယ်တော်၏အလင်းတော်သို့လာကြ၍ ရှင်ဘုရင်တို့သည် ကိုယ်တော်၏ပေါ်ထွန်းခြင်းအရောင်သို့ လာရောက်ချဉ်းကပ်ကြမည့် အကြောင်းများကိုလည်းကောင်း သူတို့ဖတ်ရှုခဲ့ကြပါသည်။

"ရှိလောမရောက်မီတိုင်အောင် ရာဇလှံတံသည် ယုဒထံမှလည်းကောင်း၊ မင်းအာဏာသည် သူ၏အမျိုးအနွယ်မှလည်းကောင်း မရွေ့ရ" ဟူသောသေခါနီးဖြစ်နေသော ယာကုပ်ပြောသွားခဲ့သောစကားများသည် သူတို့အား မျှော်လင့်ချက်နှင့်ပြည့်ဝစေခဲ့ပါသည်။ ဣသရေလများ၏ ဆုတ်ယုတ်လျော့ပါးနေသောတန်ခိုးအာဏာများသည် မကြာတော့မီ အချိန်တွင် မေရှိယကြွလာမည်ကို သက်သေပြခဲ့ပါသည်။ ဒံယေလအနာဂတ္တိကျမ်းသည် လောကီနိုင်ငံရှိသမျှကိုအောင်နိုင်ကာ တည်ထောင်မည့်နိုင်ငံတစ်ခုကိုအုပ်စိုးမည့် ကိုယ်တော်ရှင်၏ဘုန်းတော်ကို ရုပ်လုံးဖော်ထားပါသည်။ ၎င်းပြင် "ထိုနိုင်ငံသည် အစဉ်အမြဲတည်လိမ့်မည်" ဟု ဒံယေလကပြောကြားခဲ့ပါသည်။ လူအနည်းငယ်ကသာ ခရစ်တော်၏အမှုတော်အကြောင်းကို နားလည်ခဲ့ကြပြီး တန်ခိုးကြီးသောမင်းသားတစ်ပါးသည် ဣသရေလနိုင်ငံကြီးကိုတည်ထောင်၍ ရောမတို့၏လက်မှ ၎င်းတို့ကိုကယ်တင်လိမ့်မည်ဟု ကျယ်ကျယ်ပြန့်ပြန့်မျှော်လင့်ခဲ့ကြပါသည်။

ကာလအချိန်ပြည့်စုံလာခဲ့ပေပြီ။ ခေတ်အဆက်ဆက်အပြစ်ကျူးလွန်မှုကြောင့် ပို၍ယုတ်ညံ့လာသောလူသားများသည် ကယ်တင်ရှင်၏ကြွလာခြင်းကို အထူးလိုအပ်လာခဲ့ပါသည်။ စာတန်သည် ကောင်းကင်နှင့်မြေကြီးအကြား မကျော်ဖြတ်နိုင်လောက်အောင် အလွန်နက်ရှိုင်းသောချိုင့်ဝှမ်းကြီးကို ဖန်တီးလျက်ရှိပါသည်။ လူသားများအား အပြစ်ပြုရန် ရဲဆေးတင်ပေးခဲ့ပါ



သည်။ ကိုယ်တော်ရှင်သည် ဤကမ္ဘာကြီးအား စာတန်၏တရားစီရင်မှုအောက်တွင်စွန့်ပစ်ထားခဲ့စေရန်အလို့ငှါ ထာဝရဘုရား၏သည်းခံမှုကို တဖြည်းဖြည်းပျောက်ကွယ်သွားစေရန်နှင့် လူသားများအပေါ်ထားရှိသည့် ဘုရား၏မေတ္တာတော်ချုပ်ငြိမ်းသွားစေရန်မှာ စာတန်၏အကြံအစည်ဖြစ်ပါသည်။

လူသားများအနေနှင့် ဘုရားသခင်ကိုသိခြင်းပညာကိုမရအောင် ပိတ်ပင်တားဆီးရန်အတွက်သော်လည်းကောင်း၊ ၎င်းတို့၏အာရုံပြုမှုကို ဘုရားသခင်၏ဗိမာန်တော်မှကျော်ခိုင်းစေရန်အတွက်သော်လည်းကောင်း၊ ၎င်း၏ကိုယ်ပိုင်နိုင်ငံတော်တည်ထောင်ရန်အတွက်သော်လည်းကောင်း စာတန်သည် ကြိုးစားလျက်ရှိပါသည်။ အထွတ်အမြတ်ရာထူးအတွက် စာတန်၏ယှဉ်ပြိုင်တိုက်လှန်ခြင်းသည် လုံးလုံးလျားလျားအောင်မြင်တော့မလိုလိုဖြစ်ခဲ့ပါသည်။ ခေတ်အဆက်ဆက်တွင် ထာဝရဘုရား၌ ကိုယ်စားလှယ်တော်များရှိခဲ့သည်ဆိုသည်မှာမှန်ပါသည်။ တစ်ပါးအမျိုးသားများထဲ၌ ပင်လျှင် အပြစ်နှင့် ယုတ်ညံ့ဆုတ်လျော့မှုများမှ ၎င်းတို့အားမြှင့်တင်ရန် ထိုလူများအားဖြင့် ခရစ်တော်သည် အလုပ်လုပ်တော်မူခဲ့ပါသည်။ သို့သော် ထိုလူများသည် အထင်အမြင်သေးမှုနှင့် မုန်းတီးမှုကိုခံကြရပါသည်။ ၎င်းတို့အထဲမှ လူများစွာတို့သည် ရက်စက်စွာအသတ်ခံခဲ့ကြရပါသည်။ ကမ္ဘာကြီးအပေါ်သို့ စာတန်လွှမ်းခြုံထားသည့် အမှောင်ထုကြီးသည် ပို၍ပို၍သာမည်းမှောင်လာပါတော့သည်။

စာတန်သည် ရုပ်တုကိုးကွယ်ခြင်းဝါဒအားဖြင့် လူသားများအား ဘုရားသခင်ထံမှ ခေတ်အဆက်ဆက်သွေဖည်လမ်းလွဲစေခဲ့ပါသည်။ သို့သော်လည်း ဣသရေလများ၏ ယုံကြည်ခြင်းဖောက်ပြန်နေခြင်းများတွင် သူသည် အကြီးအကျယ်အောင်မြင်မှုရရှိခဲ့ပါသည်။ တစ်ပါးအမျိုးသားများသည် မိမိတို့၏ကိုယ်ပိုင်တွေးဆချက်များအပေါ်တွင်သာ အာရုံပြုဦးစားပေးကြခြင်းဖြင့် ထာဝရဘုရားကိုသိခြင်းပညာဆုံးရှုံးပြီး ပို၍ပို၍ဖောက်ပြန်ပျက်စီးလာခဲ့ကြပါသည်။ ထိုနည်းနှင့်ပင် ဣသရေလများသည်လည်း ဖောက်ပြန်ပျက်စီးလာခဲ့ကြပါသည်။ မိမိ၏အကျင့်အားဖြင့် ကယ်တင်ခြင်း

ရောက်နိုင်သည်ဆိုသည့်လမ်းစဉ်သည် ရုပ်တုကိုးကွယ်သောဘာသာတိုင်း၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ထိုလမ်းစဉ်သည် ယခုအချိန်တွင် ယုဒဘာသာရေး၏ လမ်းစဉ်ဖြစ်လာခဲ့ပါသည်။ ထိုလမ်းစဉ်ကို စာတန် စိုက်ထူခဲ့ပါသည်။ ထိုလမ်းစဉ်ကိုကျင့်သုံးသော မည်သည့်နေရာတွင်မဆို လူ၌အပြစ်နှင့်ဆန့်ကျင်၍ မည်သည့်အတားအဆီးမျှမရှိတော့ချေ။

ကယ်တင်ခြင်းသတင်းစကားကို လူသားကိုယ်စားလှယ်များမှ တစ်ဆင့် လူများထံသို့ပျံ့နှံ့စေခဲ့ပါသည်။ သို့သော် ယုဒလူများသည် ထာဝရ အသက်တည်းဟူသော သမ္မာတရားကို လက်ဝါးကြီးအုပ်ရန် ကြိုးစားခဲ့ ပါသည်။ သူတို့သည် အသက်နှင့်ပြည့်စုံသောမန္နမုန့်ကို စုဆောင်းသိမ်းဆည်း ခဲ့ကြသဖြင့် ထိုမုန့်များသည် ပျက်စီးကုန်ခဲ့ကြပါသည်။ မိမိတို့အတွက်သာ ကျင့်ဆောင်ရန် သီးသန့်ထားရှိသည့်ဘာသာတရားသည် ထိမိလဲစရာ အဆီးအတားတစ်ခုဖြစ်လာခဲ့ပါသည်။ သူတို့သည် ထာဝရဘုရား၏ ဘုန်းတော်ကို မှေးမှိန်စေပြီး မှားယွင်းသောဧဝံဂေလိသတင်းစကားနှင့် ကမ္ဘာကြီးကိုလိမ်လည်ခဲ့ကြပါသည်။ သူတို့သည် ကမ္ဘာကြီးတစ်ခုလုံး၏ ကယ်တင်ခြင်းအတွက် မိမိကိုယ်ကို ဘုရားသခင်ထံဆက်ကပ်အပ်နှံရန် ငြင်းဆန်ခဲ့ကြသဖြင့် ၎င်းတို့သည် အဖျက်လုပ်ငန်းအတွက် စာတန်၏ ကိုယ်စားလှယ်များဖြစ်လာခဲ့ကြပါသည်။

သမ္မာတရားအတွက် အခြေခံမဏ္ဍိုင်များဖြစ်ရန် ဘုရားသခင် ခေါ်တော်မူခဲ့သောသူများသည် စာတန်၏ကိုယ်စားလှယ်များဖြစ်လာခဲ့ကြ ပေပြီ။ သူတို့သည် ထာဝရဘုရား၏စာရိတ္တတော်ကို မှားယွင်းစွာရုပ်လုံး ဖေါ်ရေးလမ်းစဉ်ကိုလိုက်လျှောက်လျက် စာတန်လုပ်ဆောင်စေလိုသည့် အလုပ်များကိုလုပ်လျက်ရှိကြပါသည်။ ၎င်းပြင် ကိုယ်တော်အားနိုင်ထက် စီးနင်းအုပ်ချုပ်သောသူကဲ့သို့ ကမ္ဘာကရှုမြင်လာအောင် လှုံ့ဆော်နေပါသည်။ ဗိမာန်တော်တွင် အမှုတော်ထမ်းဆောင်နေသောယဇ်ပုရောဟိတ်များသည် ပင်လျှင် မိမိတို့လုပ်ဆောင်နေသောအခမ်းအနားများ၏ ထူးခြားသော ပုံဆောင်မှုများကို မျက်ခြည်ပြတ်ခဲ့ကြပါသည်။ သူတို့သည် ပုံဆောင်ထား သောအရာများ၏နောက်ကွယ်တွင်ရှိသော ထူးခြားသည့်လေးနက်မှုများကို



မကြည့်ရှုကြတော့ချေ။ ပူဇော်သကာများကို ဆက်ကပ်ခြင်းများတွင် သူတို့ သည် ပြဇာတ်ထဲမှ မင်းသားများကဲ့သို့ဖြစ်နေခဲ့ကြပါသည်။ ဘုရားသခင် ကိုယ်တော်တိုင်သတ်မှတ်ခဲ့သောဝိနည်းအထုံးအဖွဲ့များကို ဝိညာဉ်ရေး မျက်စိကန်းခြင်းနှင့် စိတ်နှလုံးမာကျောခြင်းများဖြစ်စေသည့်နည်းလမ်းများ ဖြစ်စေခဲ့ကြပါသည်။ ထာဝရဘုရားသည် လူသားများအတွက် ဤနည်းလမ်း များအရ ယခုထက်ပို၍ မလုပ်ဆောင်နိုင်တော့ချေ။ နည်းစနစ်ကြီး တစ်ခုလုံးကို ဖျက်သိမ်းရှင်းလင်းပစ်ရမည်ဖြစ်ပါသည်။

အပြစ်၏လိမ်ညာမှုသည် အထွတ်သို့ရောက်ရှိခဲ့ပါသည်။ စာတန်၏ လက်အောက်တွင် တန်ခိုးသြဇာရှိသော ပုဂ္ဂိုလ်အားလုံးသည် လူသားများ၏ အကျင့်စာရိတ္တများဖောက်ပြန်ပျက်ပြားလာရန်အတွက် လုပ်ကိုင်ဆောင်ရွက် ရန်ကြိုးစားခဲ့ကြပါသည်။ ဘုရားသခင်၏သားတော်သည် ကမ္ဘာလောက ကြီးကို ကြည့်ရှုလိုက်သောအခါ ကိုယ်ဆင်းရဲခြင်းများနှင့် စိတ်ဆင်းရဲခြင်း များကို တွေ့မြင်ခဲ့ရပါသည်။ လူသားများသည် အလွန်ဆိုးရွားသောရက်စက် ကြမ်းကြုတ်မှုများ၏သားကောင်များဖြစ်နေကြကြောင်းကို ရင်ထုမနာ တွေ့မြင်ခဲ့ရပါသည်။ ပျက်ယွင်းညစ်ညူးအောင်ပြုမူခံနေရသူများ၊ အသတ် အဖြတ်ခံနေရသူများနှင့် ပျောက်ဆုံးနေသူများကို ကရုဏာသက်ဝင်စွာဖြင့် ကိုယ်တော်ရှင်ကြည့်ရှုတော်မူ၏။ သူတို့အား သံ့ပန်းအဖြစ် ဖမ်းဆီးချည်နှောင် မည့်သူကို ဘုရင်အဖြစ်လည်းကောင်း သူတို့သည်ရွေးချယ်ခဲ့ကြသည်။ စိတ်ရှုပ်ထွေးပြီး လိမ်လည်လှည့်ဖြားမှုကိုခံခဲ့ကြရသဖြင့် ၎င်းတို့သည် စိတ်ညှိုးငယ်စွာဖြင့်တန်းစီလျက် အသက်ရှင်ရန် မျှော်လင့်ချက်လုံးဝမရှိတော့ သည့် ပျက်စီးခြင်းသို့ဦးတည်သွားလာနေကြပါသည်။ စာတန်၏ဘက်တော် သားကိုယ်စားလှယ်များသည် လူသားများနှင့်ပူးပေါင်းခဲ့ကြသည်။ ဘုရား သခင်ကိန်းအောင်းရန်နေရာအဖြစ် ဖန်ဆင်းထားသောလူသားများ၏ ကိုယ်ခန္ဓာများသည် နတ်ဆိုးများ၏ဘုံဗိမာန်များဖြစ်လာခဲ့ပါသည်။ လူသား များ၏အာရုံခံစားမှုများ၊ အာရုံကြောများ၊ စိတ်ဆန္ဒများနှင့် ကိုယ်အင်္ဂါ အစိတ်အပိုင်းများတို့သည် အယုတ်ညံ့ဆုံးသောကာမဂုဏ်လိုက်စားခြင်းတွင် နတ်ဆိုးများ၏ အသုံးပြုခြင်းကိုခံနေရပေသည်။ နတ်ဆိုးများတို့၏တံဆိပ်ကို

လူသားများ၏မျက်နှာများတွင် ၎င်းတို့အားစီးထားသောနတ်ဆိုးတပ်ကြီး၏ ရုပ်လုံးများသည် ရောင်ပြန်ဟပ်လျက်ရှိပါသည်။ ကမ္ဘာ့ကယ်တင်ရှင်သည် ထိုကဲ့သို့သောမြင်ကွင်းများကို ရှုမြင်တော်မူခဲ့သည်။ ကယ်တင်ရှင်အတွက် ကြည့်ရှုရန် မနှစ်မြို့စရာကောင်းသောမြင်ကွင်းတစ်ခုပါတကား။

အပြစ်သည် သိပ္ပံပညာရပ်တစ်ခုဖြစ်လာခဲ့ပြီး ဆိုးညစ်မှုသည် ဘာသာတရား၏ကဏ္ဍတစ်ခုအနေဖြင့် ဆက်ကပ်အပ်နှံခြင်းကိုခံခဲ့ရ၏။ ဘုရားရှင်အား ဆန့်ကျင်သည့်စိတ်ဓာတ်သည် လူသားတို့၏နှလုံးသားဝယ် နက်နက်ရှိုင်းရှိုင်းအမြစ်စွဲခဲ့ပေပြီ။ ၎င်းအပြင် လူသားများ၏ရန်လိုမှုများသည် ကောင်းကင်နိုင်ငံတော်နှင့်ဆန့်ကျင်၍ ပြင်းပြင်းထန်ထန်အကြမ်းဖက်ခဲ့ကြ၏။ ဘုရားသခင်မပါဘဲ လူသားများကိုမြှောက်တင်၍မရနိုင်ကြောင်းကို စကြဝဠာ၏ရှေ့မှောက်တွင် သိသာထင်ရှားစေခဲ့ပါသည်။ အသက်နှင့်တန်ခိုးအာဏာများ၏အသစ်သောအခြေခံအင်အားစုတစ်ခုကို ကမ္ဘာ့ဖန်ဆင်းရှင်အားဖြင့်သာ ပေးဝေရမည်ဖြစ်ပါသည်။

ထာဝရဘုရားသခင်သည် ထတော်မူ၍ ဤကမ္ဘာမှလူသားများအား သုတ်သင်ရှင်းလင်းမည်ကိုမြင်နိုင်ရန် မကျဆုံးသေးသောကမ္ဘာများမှ အလွန့်အလွန်စိတ်ပါဝင်စားစွာဖြင့် စောင့်ကြည့်ခဲ့ကြပါသည်။ ထာဝရဘုရားသည် ထိုကဲ့သို့လုပ်ဆောင်လိုက်မည်ဆိုလျှင် ကောင်းကင်သားများ၏သစ္စာခံမှုကို ရယူရန်၊ မိမိ၏အစီအစဉ်ကို အကောင်အထည်ဖော်ရန် စာတန်သည် အသင့်အနေအထားတွင်ရှိခဲ့ပါသည်။ ဘုရားသခင်အုပ်စိုးမှု၏စည်းမျဉ်းများသည် အပြစ်ခွင့်လွှတ်ခြင်းအတွက်မဖြစ်နိုင်ကြောင်း သူကထုတ်ဖော်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အကယ်၍သာ ဤကမ္ဘာကို ဘုရားသခင်ဖျက်ဆီးခဲ့ပါလျှင် စာတန်အနေဖြင့် ၎င်း၏စွပ်စွဲချက်များသည် မှန်ကန်ကြောင်း အခိုင်အမာ ပြောဆိုလိမ့်မည်ဖြစ်ပါသည်။ သူသည် ဘုရားသခင်အပေါ် အပြစ်တင်ရန်နှင့် ကိုယ်တော်အားဆန့်ကျင်မှုများကို အခြားကမ္ဘာများသို့ပျံ့နှံ့သွားစေဖို့ လုပ်ဆောင်ရန် အသင့်ရှိနေခဲ့ပါသည်။ သို့သော်လည်း ထာဝရဘုရားသည် ကမ္ဘာကို ဖျက်ဆီးမပစ်သည့်အပြင် ဤကမ္ဘာကိုကယ်တင်ရန် သားတော်ကို စေလွှတ်တော်မူခဲ့ပါသည်။ ပျက်စီးယိုယွင်းမှုများနှင့် အန်တုဖက်ပြိုင်မှုများကို





ဤဆန့်ကျင်ဖီလာပြုသော ကမ္ဘာကလေး၏နေရာတိုင်းတွင် တွေ့မြင်နိုင်သော်လည်း မူမှန်အခြေအနေသို့ပြန်လည်ရောက်ရှိစေနိုင်သည့်နည်းလမ်းတစ်ခုကိုစီမံထားပါသည်။ ထိုအကျပ်အတည်းတွင် စာတန်သည် အောင်နိုင်တော့မလိုလိုဖြစ်နေသောအချိန်တွင် သားတော်သည် ဘုရားသခင်၏ ကရုဏာတော်နှင့်ပတ်သက်သော အထူးသတင်းစကားကိုယူဆောင်လျက် ကြွလာတော်မူခဲ့ပါသည်။ ခေတ်အဆက်ဆက်၏နာရီမိနစ်တိုင်းတွင် ဘုရားသခင်၏မေတ္တာတော်သည် လူသားများအတွက်အလုပ်လုပ်ခဲ့ပါသည်။ ၎င်းပြင် ကာလအချိန်စေ့စုံလာသောအခါ ကယ်တင်ခြင်းစီမံကိန်းမပြီးမချင်းမည်သည့်အခါမျှ ပိတ်ပင်တားဆီးခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းမပြုမည့် တသွင်သွင်စီးနေသောကရုဏာတော်ကို ကမ္ဘာပေါ်သို့သွန်းလောင်းတော်မူခြင်းအားဖြင့် ဘုရားသခင်သည် ချီးမွမ်းထောမနာပြုခြင်းကို ခံယူလျက်ရှိခဲ့ပါသည်။

ထာဝရဘုရား၏ပုံသဏ္ဌာန်တော်ကို လူသားဇာတိတွင် နှိမ့်ချခြင်းခံရစေရန် ဖြစ်မြောက်အောင်ဖန်တီးနိုင်ခဲ့သဖြင့် စာတန်သည် ဝမ်းသာရွှင်မြူးနေပါသည်။ ထို့နောက် သခင်ယေရှုသည် ဖန်ဆင်းရှင်၏ပုံသဏ္ဌာန်တော်ကို ပြန်လည်ရယူရန် ကြွလာခဲ့ပါသည်။ အပြစ်ကြောင့် ပျက်ယွင်းသွားခဲ့သော အကျင့်စာရိတ္တများကို အသစ်ပြန်ဖြစ်ရန် ခရစ်တော်မှလွဲ၍ လုပ်ဆောင်နိုင်သူမရှိတော့ချေ။ ကိုယ်တော်သည် လူသားများအား စီးထားသောနတ်ဆိုးများကို နှင်ထုတ်ရန်ကြွလာခဲ့ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ယုတ်ညံ့သောအခြေအနေမှပြန်လည်မြှင့်တင်ရန်အတွက်သော်လည်းကောင်း၊ ပျက်ယွင်းနေသောစာရိတ္တများကို ဘုရား၏စာရိတ္တပုံစံတော်အတိုင်း ပြန်လည်ပုံသွင်းရန်အတွက်သော်လည်းကောင်း၊ ကိုယ်တော်၏ဘုန်းတော်အားဖြင့် ကျွန်ုပ်တို့အား လှပတင့်တယ်အောင်ပြုလုပ်ပေးရန်အတွက်သော်လည်းကောင်း ဤလောကသို့ကြွလာတော်မူခဲ့ပါသည်။

-၀-

## (၄)
## သင်တို့အဖို့အလို့ငှါကယ်တင်ရှင်တစ်ပါး

ရှင်လုကာခရစ်ဝင် ၂း၁-၂၀ ကိုအခြေခံထားပါသည်

ဘုန်းတော်အရှင်ဘုရားသခင်သည် လူသားဇာတိကိုခံယူရန် နိမ့်ကျစွာနှိမ့်ချတော်မူခဲ့သည်။ အရိုင်းအစိုင်းများနှင့်အတားအဆီးများသည် ကိုယ်တော်၏လောကပတ်ဝန်းကျင်များဖြစ်ခဲ့ကြသည်။ ကိုယ်တော်ရှင်၏ အပြင်ပန်းရုပ်သွင်သည် ဆွဲဆောင်မှုကိုဖြစ်စေမည့် လှုံ့ဆော်မှုတစ်ခုဖြစ်မလာစေရန်အတွက် ဘုန်းတော်ကိုကာကွယ်ထားတော်မူခဲ့သည်။ ကိုယ်တော်သည် အပြင်ပန်းပကာသနအားလုံးကိုဖော်ပြရန် ရှောင်ရှားတော်မူ၏။ ကြွယ်ဝမှုများ၊ လောကကျော်စောကိတ္တိများနှင့် ကြီးမြတ်မှုများသည် လူသားများ၏ အသက်ဝိညာဉ်ကို သေခြင်းမှမည်သည့်အခါမျှကယ်တင်နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် သခင်ယေရှုသည် လောကနှင့်ပတ်သက်သောဆွဲဆောင်မှုများမပါဘဲ လူသားများကို ကိုယ်တော်၏အပါးသို့ခေါ်ယူတော်မူခဲ့ပါသည်။ ကောင်းကင်နှင့်ဆိုင်သောသမ္မာတရား၏တင့်တယ်မှုကသာလျှင် ကိုယ်တော်၏နောက်တော်သို့လိုက်မည့်သူများအား ဆွဲယူတော်မူမည်။ မေရှိယအရှင်၏စာရိတ္တတော်ကို နှစ်ပေါင်းများစွာကတည်းက အနာဂတ္တိစကားများတွင် ကြိုတင်ပြောပြခဲ့ပြီးဖြစ်သဖြင့် နှုတ်ကပတ်တော်၏သက်သေခံချက်အပေါ်တွင်အမှီပြု၍ ကိုယ်တော်အားလက်ခံကြရန် ထာဝရဘုရားအလိုရှိတော်မူခဲ့ပါသည်။

ကောင်းကင်တမန်များသည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသောကယ်တင်ခြင်းစီမံကိန်းအတွက် အံ့အားသင့်ခဲ့ကြပါသည်။ လူဇာတိကိုခံယူမည့်သားတော်အား ဘုရားသခင်ရွေးချယ်ထားသောလူမျိုးက မည်ကဲ့သို့လက်ခံကြိုဆိုမည်ကိုတွေ့မြင်ရန် စောင့်ကြည့်ခဲ့ကြသည်။ ကောင်းကင်တမန်များသည် ဘုရားသခင်ရွေးချယ်ခြင်းခံခဲ့ရသောလူမျိုးများထံသို့ ဆင်းသက်လာခဲ့ကြပါသည်။ အခြားလူမျိုးများသည် ဒဏ္ဍာရီစကားများကိုလက်ခံ၍



မှားယွင်းစွာဝတ်ပြုကိုးကွယ်နေကြပါသည်။ ကောင်းကင်တမန်များသည် ဘုရားသခင်၏ဘုန်းတော်ထင်ရှား၍ အနာဂတ္တိစကား၏အလင်းတော်ထွန်းလင်းတော်မူသောတိုင်းပြည်သို့ကြွလာခဲ့ကြပါသည်။ ၎င်းတို့သည် ယေရုရှလင်မြို့သို့လည်းကောင်း၊ သမ္မာကျမ်းစာတော်မြတ်ကို ထုတ်ဖော်ရှင်းလင်းရန် ခန့်အပ်ခြင်းခံရသူများထံသို့လည်းကောင်း၊ ဘုရားသခင်အိမ်တော်တွင် အမှုတော်ဆောင်သောသူများထံသို့လည်းကောင်း ကိုယ်ယောင်ဖျောက်၍ကြွလာခဲ့ကြပါသည်။ ယဇ်ပလ္လင်ရှေ့တွင် အမှုတော်ဆောင်နေသောယဇ်ပုရောဟိတ်ဇာခရိထံသို့လာ၍ ခရစ်တော်၏ကြွလာခြင်းနီးကပ်ကြောင်းကို ကြေညာခဲ့ပါသည်။ ခရစ်တော်အတွက် ရှေ့ပြေးဖြစ်သောဗတ္တိဇံဆရာယောဟန်ကိုမမွေးဖွားမီကပင် ၎င်း၏အထူးလုပ်ငန်းကို နိမိတ်လက္ခဏာအားဖြင့်သော်လည်းကောင်း၊ အနာဂတ္တိစကားအားဖြင့်သော်လည်းကောင်း သက်သေခံခဲ့ပြီးဖြစ်ပါသည်။ သူ၏ဖွားမြင်ခြင်းသတင်းနှင့် လုပ်ဆောင်ရမည့်အထူးလုပ်ငန်း၏အံ့သြဖွယ်ရာထူးကဲမှုသတင်းများသည် ကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့သွားခဲ့ပါသည်။ သို့စေကာမူ ယေရုရှလင်မြို့သည် မိမိ၏ကယ်တင်ရှင်ကိုကြိုဆိုရန် ပြင်ဆင်မှုများမပြုလုပ်ခဲ့ချေ။

မွန်မြတ်သန့်စင်သောသမ္မာတရား၏အလင်းတော်ကို ကမ္ဘာအားပျံ့နှံ့စေရန် ဘုရားသခင်ခေါ်တော်မူခဲ့သောလူမျိုးတို့၏စိတ်မဝင်စားမှုကို ကောင်းကင်တမန်များသည် အံ့သြစွာဖြင့် ကြည့်ရှုခဲ့ကြပါသည်။ ခရစ်တော်သည် အာဗြဟံ၏အမျိုးအနွယ်မှ ဖွားမြင်ခြင်းကိုခံယူမည့်သက်သေခံချက်တစ်ခုအနေနှင့် ယုဒလူမျိုးများကို ဘုရားသခင်ထိန်းသိမ်းစောင့်ရှောက်ထားတော်မူခဲ့ပါသည်။ သို့စေကာမူ ကိုယ်တော်ရှင်၏ကြွလာခြင်းသည် ယခုအခါတွင် နီးကပ်လျက်ရှိကြောင်းကို သူတို့မသိခဲ့ကြချေ။ ဗိမာန်တော်ထဲတွင် နေ့စဉ်ဆက်ကပ်နေသောနံနက်ပူဇော်သကာနှင့် ညနေပူဇော်သကာများသည် ဘုရားသခင်၏သိုးသငယ်ကို ပြညွှန်နေသော်လည်း ထိုနေရာသည်ပင်လျှင် ကိုယ်တော်အားလက်ခံကြိုဆိုရန် ပြင်ဆင်မှုများမပြုလုပ်ခဲ့ချေ။ ယုဒနိုင်ငံတွင်ရှိသော ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာများသည်

ခေတ်အဆက်ဆက်တွင်အကြီးမားဆုံးသောအဖြစ်အပျက်ကြီး ဖြစ်ပျက်တော့မည်ကို မသိခဲ့ကြချေ။ သူတို့သည် အဓိပ္ပါယ်ကင်းမဲ့သောဆုတောင်းချက်များကို အထပ်ထပ်ရွတ်ဆို၍ လူအများမြင်သာသော ဝတ်ပြုကိုးကွယ်မှုများကို ပြုလုပ်ကျင်းပနေကြပြီး ချမ်းသာကြွယ်ဝမှုများနှင့် လောကထင်ပေါ်ကျော်စောမှုများကို ရရှိရန် အစွမ်းကုန်ကြိုးစားနေကြသောကြောင့် မေရှိယအရှင်၏ပေါ်ထွန်းတော်မူခြင်းအတွက် သူတို့မပြင်ဆင်မိခဲ့ကြချေ။ ကိုယ်တော်ရှင်၏ကြွလာခြင်းကို စိတ်မဝင်စားမှုများသည် ဣသရေလနိုင်ငံအနှံ့ ထိုးဖောက်စိမ့်ဝင်သွားခဲ့ပါသည်။ အတ္တစိတ်နှလုံးများနှင့် လောကကိုစွဲလမ်းသောစိတ်နှလုံးများသည် ကောင်းကင်နိုင်ငံတစ်ခုလုံးခံစားရလိုက်သောပျော်ရွှင်ဝမ်းမြောက်မှုကို မခံစားလိုက်ရကြချေ။ လူနည်းစုလောက်သာလျှင် ကိုယ်တော်ရှင်ကိုကြိုဆိုရန် တောင့်တခဲ့ပါ သည်။ ထိုလူများထံသို့ ဘုရားသခင်သည် ကောင်းကင်တမန်များကိုစေလွှတ်တော်မူခဲ့ပါသည်။

ယောသပ်နှင့်မာရိတို့သည် ၎င်းတို့နေထိုင်သောမြို့ဖြစ်သည့် နာဇရက်မှ ဒါဝိဒ်၏မြို့သို့ ခရီးသွားကြစဉ်တွင် ကောင်းကင်တမန်များသည် ၎င်းတို့အားအလုပ်အကျွေးပြုခဲ့ကြပါသည်။ ရောမနိုင်ငံအတွင်းတွင် နေထိုင်ကြသည့်သူများကို သန်းခေါင်စာရင်းကောက်မည့်အမိန့်သည် ဂါလိလဲတောင်တန်းဒေသများတွင်နေထိုင်သောသူများထံသို့ ရောက်ရှိလာခဲ့ပါသည်။ ရှေးခေတ်အခါတွင် သံ့ပန်းဘဝရောက်နေသော ဘုရားသခင်၏သားသမီးများအား လွတ်မြောက်ခွင့်ပေးမည့် ကုရုမင်းအား ကမ္ဘာ့အင်ပါယာ၏ပလ္လင်ပေါ်သို့ ခေါ်တင်တော်မူသကဲ့သို့ သခင်ယေရှု၏မိခင်အား ဗက်လင်သို့ခေါ်ဆောင်ရန်တည်းဟူသော ဘုရားသခင်၏အကြံတော်ကိုပြည့်စုံစေရန်အတွက် ကဲသာဘုရင်ဩဂုတ္တုအား ကိုယ်စားလှယ်တစ်ဦးအနေဖြင့် အသုံးပြုတော်မူခဲ့ပါသည်။ မာရိသည် ဒါဝိဒ်၏အမျိုးအနွယ်ဖြစ်၍ ဒါဝိဒ်၏သားတော်သည် ဒါဝိဒ်၏မြို့တော်တွင် ဖွားမြင်ခြင်းကိုခံရမည်ဖြစ်သည်။ ဗက်လင်မြို့ထဲမှ "ဣသရေလအမျိုးကို အုပ်စိုးရသောသခင်သည်. . . ပေါ်ထွန်းလတ္တံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသခင်ဖြစ်၏" ဟူ၍



မိက္ခာပုရောဖက်ကဖွင့်ဆိုခဲ့ပါသည်။ မိက္ခာ ၅း၂။ သို့ပါသော်လည်း ဘုရင့်အမျိုးအနွယ်များနေထိုင်သော ဗက်လင်မြို့တွင်မူ ယောသပ်နှင့်မာရိတို့သည် အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုခြင်းကိုမခံခဲ့ကြရချေ။ သူတို့သည် မောပန်းနေကြပြီး နားနေရန်အတွက်လည်း အိမ်တစ်အိမ်မျှမရှိခဲ့ကြချေ။ ကျဉ်းမြောင်းသောဗက်လင်မြို့လမ်းများတစ်လျှောက် မြို့တံခါးဝမှစ၍ မြို့၏အရှေ့ဘက်စွန်းတိုင်အောင် လျှောက်သွား၍ ညအခါနားနေအိပ်စက်ရန် တည်းခိုရမည့်နေရာကို အချည်းနှီးရှာဖွေကြပါသည်။ တည်းခိုနိုင်မည့်ထမင်းဆိုင်များတွင်လည်း လူပြည့်နေပြီဖြစ်သဖြင့် သူတို့အတွက် နေရာလွတ်မရှိတော့ချေ။ နောက်ဆုံးတွင် တိရစ္ဆာန်များအရိပ်ခိုရန် ဖြစ်ကတတ်ဆန်းဆောက်လုပ်ထားသောအဆောက်အအုံတစ်ခုကိုတွေ့ရှိပြီး ထိုနေရာတွင်ပင် ကမ္ဘာ့ကယ်တင်ရှင်ကြီးကိုမွေးဖွားခဲ့ရပါသည်။ ကိုယ်တော်ရှင်ဖွားမြင်တော်မူခြင်းကို လူသားများမသိခဲ့သော်လည်း ထိုသတင်းသည် ကောင်းကင်နိုင်ငံတစ်ခုလုံးကို ဝမ်းသာကြည်နူးမှုများဖြင့် ပြည့်ဝစေခဲ့ပါသည်။ အလင်းကမ္ဘာမှကောင်းကင်သားများသည် ပို၍နက်နဲသိမ်မွေ့သောစိတ်ဝင်စားမှုများဖြင့် ဤကမ္ဘာကြီးကို အာရုံပြုခဲ့ကြပါသည်။ ကမ္ဘာသစ်တစ်ခုလုံးသည် ကိုယ်တော်ရှင်၏ဘုန်းတော်ကြောင့် ယခင်ကထက်ပို၍ထွန်းလင်းလျက်ရှိပါသည်။ ဗက်လင်မြို့ရှိတောင်ကုန်းများပေါ်တွင် မရေမတွက်နိုင်အောင် များပြားသောကောင်းကင်တမန်များသည် စုရုံးခဲ့ကြပါသည်။ သူတို့သည် ဝမ်းမြောက်ဖွယ်ရာသတင်းကို ကမ္ဘာအားပြောကြားရန် ဘုရားသခင်၏အချက်ပြမှုကို စောင့်ကြည့်နေကြပါသည်။ ယုဒခေါင်းဆောင်များသည် ကိုယ်တော်ပေးအပ်ထားသည့် သတင်းစကားများအပေါ် သစ္စာရှိကြမည်ဆိုလျှင် ခရစ်တော်မွေးဖွားခြင်း၏ ရွှင်ပြေးဝမ်းမြောက်ခြင်းများကို မျှဝေခံစားနိုင်ကြလိမ့်မည်ဖြစ်ပါသည်။ သို့သော်လည်း ယခုတွင် သူတို့မခံစားလိုက်ရဘဲ ကျော်လွန်သွားခဲ့ပေပြီ။

"ရေငတ်သောသူအပေါ်မှာ ရေကိုငါသွန်းလောင်း၍ သွေ့ခြောက်သောမြေကို ရေလွှမ်းမိုးစေမည်။ သဘောဖြောင့်သောသူတို့အဖို့ မှောင်မိုက်ထဲမှာအလင်းပေါ်ထွန်းတတ်၏" ဟူ၍ ထာဝရဘုရားထုတ်ဖော်မိန့်မြွက်



တော်မူခဲ့ပါသည်။ (ဟေရှာ ၄၄း၃။ ဆာလံ ၁၁၂း၄)။ အလင်းတရားကို ရှာဖွေသောသူများအပေါ်တွင်သော်လည်းကောင်း၊ အလင်းတရားကို ဝမ်းမြောက်ဝမ်းသာ လက်ခံသောသူများအပေါ်သို့သော်လည်းကောင်း ထာဝရဘုရား၏ပလ္လင်တော်မှ တောက်ပသောလင်းရောင်ခြည်များသည် ထွန်းလင်းကြပါလိမ့်မည်။

ဒါဝိဒ်မင်းကြီးငယ်စဉ်အခါက သိုးကျောင်းခဲ့သောကွင်းပြင်များတွင် သိုးထိန်းများသည် ယခုခေတ်တိုင်အောင် ညအချိန်များတွင် သိုးကျောင်းကြပါသည်။ သူတို့သည် ကတိထားတော်မူသောကယ်တင်ရှင်အကြောင်းကို ဆိတ်ငြိမ်သောညချမ်းများတွင် အတူတကွပြောခဲ့ကြပါသည်။ ၎င်းပြင် ဒါဝိဒ်၏ ပလ္လင်ပေါ်တွင် နန်းတက်မည့်ထိုဘုရင်၏ကြွလာခြင်းအတွက်လည်း



ဆုတောင်းခဲ့ကြပါသည်။ ထာဝရဘုရား၏ကောင်းကင်တမန်သည် သူတို့အနားမှာပေါ်လာ၍ ပတ်ဝန်းကျင်၌ ထာဝရဘုရား၏ဘုန်းတော်ထွန်းတောက်သဖြင့် သူတို့သည် အလွန်ကြောက်ခြင်းသို့ရောက်ကြ၏။ ကောင်းကင်တမန်ကလည်း "ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လူအပေါင်းတို့အတွက် ဝမ်းမြောက်ဝမ်းသာစရာသတင်းကို ငါသည် သင်တို့အားကြားပြောရ၏။ ယနေ့ဒါဝိဒ်၏မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဖို့အလို့ငှါ ဖွားမြင်ခြင်းကိုခံတော်မူပြီ" ဟူ၍ကြွေးကြော်ခဲ့၏။

ဤစကားများအား နားထောင်နေသောသိုးထိန်းများ၏စိတ်ထဲတွင် ဘုန်းတော်နှင့်ထင်ရှားသည့် မြင်ကွင်းများဖြင့်ပြည့်ဝလျက်ရှိပါသည်။ ကယ်တင်ရှင်သည် ယုဒပြည်သို့ကြွလာတော်မူပြီ။ တန်ခိုးတော်များ၊ ချီးမြှောက်ခြင်းများနှင့် အောင်မြင်မှုများသည် ကိုယ်တော်၏ကြွလာခြင်းနှင့်အတူ ဆက်နွှယ်နေသော်လည်း ကောင်းကင်တမန်အနေဖြင့် ခရစ်တော်၏ဆင်းရဲနွမ်းပါးမှုနှင့် နှိမ့်ချမှုများအတွက် အသိအမှတ်ပြုရန် သိုးထိန်းများ၏စိတ်နှလုံးကိုပြင်ဆင်ပေးရမည်ဖြစ်ပါသည်။ ထို့ကြောင့် "သူငယ်သည် အဝတ်နှင့်ပတ်ရစ်၍ နွားစားခွက်၌သိပ်ထားလျက်ရှိသည်ကို တွေ့ကြလိမ့်မည်" ဟု ကောင်းကင်တမန်ကဆိုခဲ့၏။

ကောင်းကင်တမန်များသည် သိုးထိန်းများ၏ကြောက်ရွံ့မှုများကို အေးငြိမ်းစေခဲ့ပါသည်။ ခရစ်တော်အားတွေ့ရန် မည်ကဲ့သို့ပြုလုပ်ရမည်ကိုလည်း သူတို့အားပြောပြခဲ့ပါသည်။ လူသားများ၏အားနည်းချက်များကို သနားထောက်ထားလျက် ဘုရားသခင်ထံမှ ထွန်းတောက်လာမည့်ရောင်ခြည်များကို ကျင့်သားရလာစေရန် သူတို့အား အချိန်ဆွဲထားခဲ့ပါသည်။ သို့သော် ကိုယ်တော်၏ဘုန်းတော်နှင့်ခံစားရသောဝမ်းမြောက်မှုများကို အချိန်ကြာကြာ ဖုံးကွယ်၍မရနိုင်တော့ချေ။ လွင်ပြင်တစ်ခုလုံးသည် ကောင်းကင်တမန်၏ဘုန်းရောင်ခြည်များကြောင့် ထွန်းလင်းတောက်ပနေပါသည်။ ကမ္ဘာလောကကြီးသည် တိတ်ဆိတ်အေးချမ်းလျက်ရှိပြီး ဤသီချင်းကိုနားသောတဆင်ကြရန် ဆင်းကြွလာခဲ့ပါသည်။

> "ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း၊ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း၊ လူတို့အား မေတ္တာကရုဏာရှိစေသတည်း။"

ယနေ့ထက်တိုင်လူသားမိသားစုများသည် ထိုသီချင်းကိုသတိရမှတ်မိနေကြမည်ဖြစ်ပါသည်။ ထိုနေ့တွင်ပြုလုပ်ခဲ့သည့် ကြေညာချက်နှင့်လေထဲတွင်ရိုက်ခတ်ခဲ့သောသီချင်းများသည် ကမ္ဘာ့နောက်ဆုံးနေ့များတိုင်အောင် ဘဝင်ခွေ့စေမည့်သီချင်းများဖြစ်ပြီး ကမ္ဘာကုန်ဆုံးသောအခါနောက်တစ်ဖန်ပဲ့တင်ဟိန်းဦးမည်ဖြစ်ပါသည်။ အတောင်တော်များတွင်အနာငြိမ်းစေသောတန်ခိုးပါရှိရသော တရားတော်နေမင်းပေါ်ထွန်းလာသောအခါ ထိုသီချင်းကို ရေ၏အသံများကဲ့သို့သောအသံများဖြင့် များစွာသောလူထုကြီးသည် အောက်ပါအတိုင်းပြောဆို၍ တစ်ဖန်သီဆိုကြဦးမည်ဖြစ်ပါသည်။ "ဟာလေလုယအနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်၊ ငါတို့ဘုရားသခင်သည် စိုးစံတော်မူ၏။" (ဗျာဒိတ် ၁၉း၆)။

ကောင်းကင်တမန်များပျောက်ကွယ်သွားသောအခါ ထွန်းတောက်နေသောအလင်းရောင်များသည် မှေးမှိန်သွားပြီး ညမှောင်ရိပ်များသည် ဗက်လင်တောင်ကုန်းများပေါ်တွင် တစ်ဖန်ကျရောက်ခဲ့ကြပြန်သည်။ သို့သော်လည်း လူသားများ၏မျက်မြင်ကိုယ်တွေ့မြင်ကွင်းထဲတွင် အတောက်ပအထွန်းလင်းဆုံးသောထိုမြင်ကွင်းသည် သိုးထိန်းငယ်များ၏စိတ်အာရုံတွင် ထင်ကျန်စေခဲ့ပါသည်။ ကောင်းကင်တမန်တို့သည် ကောင်းကင်ဘုံသို့ပြန်ကြပြီးမှ သိုးထိန်းတို့က "ငါတို့သည် ဗက်လင်မြို့သို့သွားကြကုန်အံ့၊ ထာဝရဘုရားသည် ဖော်ပြတော်မူသော ဤအမှုအရာကိုကြည့်ကြကုန်အံ့" ဟု အချင်းချင်းပြောဆိုပြီးလျှင် အလျင်အမြန်သွား၍ မာရိနှင့်ယောသပ်ကိုလည်းကောင်း၊ နွားစားခွက်တွင်သိပ်ထားလျက်ရှိသောသူငယ်ကိုလည်းကောင်း တွေ့ကြ၏။

သိုးထိန်းများသည် ကောင်းကင်တမန်များ၏သီချင်းသံကိုနားသောတဆင်ခဲ့ကြသည့်နေ့ရက်များမှာထက် ယနေ့နေ့ရက်များတွင်



ကောင်းကင်နိုင်ငံနှင့် ဤကမ္ဘာလောကသည် ပို၍မဝေးကွာပါချေ။ သာမန်အလုပ်များကိုလုပ်ကိုင်ကြသော သာမန်လူတန်းစားများသည် နေ့ခင်းအချိန်၌ ကောင်းကင်တမန်များနှင့်တွေ့ဆုံစဉ်ကကဲ့သို့လည်းကောင်း၊ စပျစ်ဥယျာဉ်များနှင့် လယ်ကွင်းပြင်များတွင် ကောင်းကင်သားများနှင့်စကားလက်ဆုံကျခဲ့ကြစဉ်ကကဲ့သို့လည်းကောင်း လူသားများသည်ကောင်းကင်နိုင်ငံ၏ပြင်းပြသောလိုလားချက်၏ဦးတည်ချက်ဖြစ်ဆဲဖြစ်ပါသည်။ ကောင်းကင်နိုင်ငံသည် သာမန်လူတန်းစားများဖြစ်သော ကျွန်ုပ်တို့နှင့်အလွန်နီးကပ်စွာတည်ရှိနိုင်ပါသည်။ အထက်ကောင်းကင်ဘုံနန်းမှကောင်းကင်တမန်များသည် ထာဝရဘုရား၏အမိန့်ဖြင့် သွားလာနေကြသူများ၏ခြေလှမ်းများကို ပို့ဆောင်မစလျက်ရှိပါလိမ့်မည်။

ဗက်လင်မြို့မှ ထိုအဖြစ်အပျက်ကလေးသည် တစ်ခါမှမရိုးနိုင်သည့်ပြောဆိုရေးသားစရာအကြောင်းတစ်ခုဖြစ်နေပါသည်။ ထိုအဖြစ်အပျက်ကလေးထဲတွင် အလွန်ကျယ်ပြန့်နက်နဲသော ဘုရားသခင်၏ပညာနှင့်ဉာဏ်တော်ကို ဖုံးကွယ်မြှုပ်နှံထားပါသည်။ ကောင်းကင်ပလ္လင်တော်အားနွားစားခွက်နှင့်လည်းကောင်း၊ ကိုးကွယ်နေကြသည့် ကောင်းကင်တမန်များ၏အပေါင်းအဖော်ပြုခြင်းအား တင်းကုပ်မှသားရဲတိရစ္ဆာန်များနှင့်လည်းကောင်း၊ အလဲအလှယ်လုပ်ခဲ့ရသည့် ကယ်တင်ရှင်၏အနစ်နာခံမှုအတွက် ကျွန်ုပ်တို့အံ့သြခဲ့ကြရပါသည်။ လူသားများ၏မောက်မာမှုများနှင့် ကိုယ်ကိုကိုယ်အထင်ကြီးမှုသည် ကိုယ်တော်၏ရှေ့မှောက်တွင် အပြစ်တင်ခံရသည့် အခြေအနေတွင်ရှိနေပါသည်။ သို့စေကာမူ ထိုအရာသည် ကိုယ်တော်ရှင်၏အံ့သြဖွယ်ကိုယ့်ကိုကိုယ်နှိမ့်ချခြင်း၏အစကလေးသာဖြစ်ခဲ့ပါသည်။ ဧဒင်ဥယျာဉ်တွင်နေထိုင်စဉ်က အာဒံ၏အပြစ်ကင်းသောအခြေအနေမျိုးတွင်သားတော်သည် နှိမ့်ချလျက် လူဇာတိကိုခံခဲ့မည်ဆိုလျှင်ပင် ကိုယ်တော်အတွက် အတိုင်းထက်အလွန်များပြားလှသော နှိမ့်ချမှုတစ်ခုဖြစ်ခဲ့မည်ဖြစ်ပါသည်။ သို့ပါသော်လည်း ခရစ်တော်သည်အနှစ် ၄၀၀၀ လောက် အပြစ်ကြောင့် အားနည်းခဲ့ရသောလူသားများတွင် လူဇာတိကိုခံယူခဲ့ပါသည်။

ကိုယ်တော်သည် လူသားများခံစားရမည့် ဆိုးကျိုးကောင်းကျိုးများကို အခြားအာဒံ၏သားသမီးများနည်းတူ ခံစားခဲ့ပါသည်။ ဤကောင်းကျိုးဆိုးမွေများကို ကိုယ်တော်၏လောကဘိုးဘေးများ၏သမိုင်းစဉ်တွင် အထင်အရှားပြသခဲ့ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဝမ်းနည်းမှုများနှင့် စုံစမ်းနှောင့်ယှက်ခြင်းများကို မျှဝေခံစားရန်နှင့် ကျွန်ုပ်တို့အား အပြစ်ကင်းသောအသက်တာပုံစံတစ်ခုကို နမူနာပေးရန် ထိုကဲ့သို့သောဇာတိတော်အားဖြင့်ကြွလာခဲ့ပါသည်။

စာတန်သည် ကောင်းကင်ရွှေနန်းတော်တွင် စိုးစံခဲ့ရသောကိုယ်တော်၏ရာထူးတော်အတွက် ကောင်းကင်နိုင်ငံကတည်းက ခရစ်တော်ကို မုန်းတီးခဲ့ရာ မိမိသဘောအတိုင်း ကောင်းကင်ပလ္လင်မှဆင်းသက်လာခဲ့သော ခရစ်တော်ကို စာတန်သည် ပို၍ပင်မုန်းတီးလာခဲ့ပါသည်။ သူသည် အပြစ်သားအမျိုးအနွယ်တစ်ခုလုံးကိုကယ်တင်ရန် ဝန်ခံချက်ပြုခဲ့သော ခရစ်တော်ကို မုန်းတီးခဲ့ပါသည်။ သို့စေကာမူ စာတန်အုပ်စိုးမှုပြုထားသော ဤကမ္ဘာလောကသို့ အကူအညီမဲ့သောကလေးငယ်အသွင်ဖြင့် အားနည်းသောလူသားတစ်ဦးအသွင်ကိုဆောင်ကာကြွလာရန် ထာဝရဘုရားသည် သားတော်ကို ခွင့်ပြုခဲ့ပါသည်။ လူသားတိုင်း၏အသက်တာတွင် ခံစားရသည့် ဘေးအန္တရာယ်များကိုတွေ့ကြုံခံစားရန်အတွက်သော်လည်းကောင်း၊ ကျဆုံးမှုများနှင့် ထာဝရဆုံးရှုံးမှုများရှိနေသည့် ကမ္ဘာတွင် လူသားတိုင်းဝင်ရောက်ဆင်နွှဲခဲ့ရသည့်တိုက်ပွဲကို ပါဝင်ဆင်နွှဲရန်အတွက်သော်လည်းကောင်း ခမည်းတော်ဘုရားသည် သားတော်ဘုရားကိုခွင့်ပြုခဲ့ပါသည်။

လူသားဖခင်၏နှလုံးသားသည် ၎င်း၏သားအတွက် လွမ်းဆွတ်တမ်းတလေ့ရှိသည်။ သူသည် သားငယ်၏မျက်နှာကို သေသေချာချာကြည့်ရှု၍ အသက်တာတွင်တွေ့ကြုံရမည့်ဘေးအန္တရာယ်များအကြောင်းကို စဉ်းစားကာ တုန်လှုပ်ချောက်ချားနေပါသည်။ သူသည် ချစ်သောသားငယ်အား စာတန်၏ရန်မှကာကွယ်ရန်နှင့်စုံစမ်းခြင်းများ၊ တိုက်လှန်ခြင်းများမှ သူ့အား ဆီးတားရန် ဆန္ဒပြင်းပြနေပါသည်။ ကျွန်ုပ်တို့၏သားသမီးငယ်များ၏ အသက်တာလမ်းကြောင်းများလုံခြုံစိတ်ချ၍ သက်သာချောမွေ့စေရန်အလို့ငှါ



ထာဝရဘုရားသည် ပို၍ခါးသီးသောတိုက်လှန်ပွဲကို တွေ့ဆုံတိုက်လှန်ရန်နှင့် ပို၍ကြောက်စရာကောင်းသောစွန့်စားမှုကိုလုပ်ဆောင်ရန် တစ်ပါးတည်းသောသားတော်ကိုပေးသနားတော်မူခဲ့ပါသည်။ “ထိုအရာကိုထောက်ရှုသော် ချစ်ခြင်းမေတ္တာသည် ထင်ရှားလျက်ရှိ၏။ အံ့သြစရာကောင်းကင်ပါတကား၊ အံ့အားသင့်စရာမြေကြီးပါတကား။”

-၀-

## (၅)
## ဆက်ကပ်အပ်နှံခြင်း

ရှင်လုကာခရစ်ဝင် ၂း၂၁-၃၈ ကိုအခြေပြုပါသည်

ခရစ်တော်ကိုမွေးဖွားပြီး ရက်ပေါင်း ၄၀ လောက်ကြာပြီးနောက် ကိုယ်တော်ရှင်အား ထာဝရဘုရားထံဆက်ကပ်ရန်နှင့် ပူဇော်သကာများကို ပေးလှူရန် ယောသပ်နှင့်မာရိတို့သည် သူငယ်တော်ယေရှုကို ယေရုရှလင်မြို့သို့ ခေါ်ဆောင်ခဲ့ပါသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် ယုဒဘာသာဝင်တို့၏ ဥပဒေစည်းမျဉ်းများအရ လုပ်ဆောင်ခြင်းဖြစ်ပြီး လူသားများကိုယ်စား အစားထိုးခြင်းခံရသည့်ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် တရားတော်နှင့်တိတိကျကျ စေ့စေ့စပ်စပ်လိုက်လျောညီထွေအောင် လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ထာဝရဘုရား၏ပညတ်တော်များကို နားထောင်ခြင်းအတွက် ခံဝန်ချက်တစ်ခုအနေဖြင့် ကိုယ်တော်သည် အရေဖျားလှီးမင်္ဂလာကိုလည်း ခံယူခဲ့ပြီးဖြစ်ပါသည်။

ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်များအရ တစ်နှစ်အရွယ်ရှိ သိုးထီးကလေးကိုမီးရှို့ရာယဇ်အနေဖြင့်လည်းကောင်း၊ ခိုတစ်ကောင် (သို့မဟုတ်) ချိုးတစ်ကောင်ကို အပြစ်ဖြေရာယဇ်အနေဖြင့်လည်းကောင်း မိခင်အနေဖြင့် ပူဇော်လှူဒါန်းရမည်ဖြစ်ပါသည်။ အကယ်၍မိဘများသည် အလွန်ဆင်းရဲပါလျှင် သိုးသငယ်အစား၊ ခို (သို့မဟုတ်) ချိုးတစ်စုံကိုယူလာ၍ တစ်ကောင်ကိုမီးရှို့ရာယဇ်အတွက်လည်းကောင်း၊ ကျန်တစ်ကောင်ကို အပြစ်ဖြေရာယဇ်အတွက်လည်းကောင်း ပူဇော်ရန် ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်များက ခွင့်ပြုထားပါသည်။

ထာဝရဘုရားအားလှူဒါန်းသော ပူဇော်သက္ကာရများသည် အပြစ်အနာအဆာနှင့်ကင်းစင်ရမည်ဖြစ်ပါသည်။ ဤပူဇော်သက္ကာရများသည် ခရစ်တော်ကိုကိုယ်စားပြုထားပြီး ၎င်းအရာများအားဖြင့် ခရစ်တော်ယေရှုကိုယ်တိုင်သည် ကိုယ်ခန္ဓာအင်္ဂါချို့တဲ့မှုများနှင့်ကင်းလွတ်ကြောင်း ထင်ရှားစေပါသည်။ ကိုယ်တော်သည် "အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်



ကင်းစင်သောသိုးသငယ်" ဖြစ်တော်မူ၏။ ၁ပေ၊ ၁း၁၉။ ကိုယ်တော်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းတွင် မည်သည့်ချွတ်ယွင်းမှုမျှမရှိပါ။ ခန္ဓာကိုယ်သည် ကျန်းမာသန်စွမ်းနေပါသည်။ ၎င်းပြင် အသက်တာတစ်လျှောက်လုံးတွင် သဘာဝတရားများနှင့် လိုက်လျောညီထွေစွာ ကိုယ်တော်နေထိုင်တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်သည် ကာယဗလဘက်တွင်လည်းကောင်း၊ ဝိညာဉ်ရေးဘက်တွင်လည်းကောင်း ပညတ်တော်များကို လိုက်နာစောင့်ရှောက်ခြင်းအားဖြင့် ရရှိနိုင်မည့်လူသားများအပေါ် ဘုရားသခင်မျှော်မှန်းထားသည့် အသက်တာပုံစံနမူနာတစ်ခုဖြစ်ခဲ့ပါသည်။

သားဦးကို ဆက်ကပ်အပ်နှံခြင်းဓလေ့သည် အလွန်ရှေးကျသော အချိန်များမှအစပျိုးခဲ့ပါသည်။ ဘုရားသခင်သည် အပြစ်သားကိုကယ်တင်ရန် ကောင်းကင်သားဦးတည်းဟူသော သခင်ခရစ်တော်ကိုပေးသနားမည့် အကြောင်း ကတိပြုတော်မူပါသည်။ မိသားစုတိုင်းသည် သားဦးများကို ဆက်ကပ်အပ်နှံခြင်းအားဖြင့် ဤဆုကျေးဇူးတော်ကို အသိအမှတ်ပြုရန်ဖြစ်ပါသည်။ သားဦးကို လူသားများထဲမှ ခရစ်တော်၏ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန် ဆက်ကပ်ဖို့ဖြစ်ပါသည်။

ဣသရေလများအား အဲဂုတ္တု (အီဂျစ်) ပြည်မှလွတ်မြောက်ရေးလုပ်ငန်းတွင် သားဦးဆက်ကပ်ခြင်းအမှုကို တစ်ဖန်မိန့်တော်မူခဲ့ပြန်ပါသည်။ ဣသရေလများသည် အီဂျစ်ပြည်တွင် ကျေးကျွန်ဘဝရောက်ရှိနေကြစဉ်တွင် "ဖါရောဘုရင်ကိုလည်း ထာဝရဘုရားက ဣသရေလသည် ငါ့သားဖြစ်၏၊ ငါ့သားဦးဖြစ်၏၊ ငါ့သားသည် ငါ့အားဝတ်ပြုသောအခွင့်ရှိစေခြင်းငှါ လွှတ်လော့၊ မလွှတ်ဖူးဟုငြင်းလျှင် သင်၏သားဦးကိုပင် ငါကွပ်မျက်မည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုလော့ဟု မောရှေအားမှာထားတော်မူ၏။" ထွက်၊ ၄း၂၂-၂၃။

မောရှေသည် ကိုယ်တော်၏သတင်းစကားကို ဖါရောမင်းထံ ကြားပြောခဲ့သော်လည်း မာနထောင်လွှားလျက်ရှိသော ဖါရောမင်း၏ အဖြေမှာ "ထာဝရဘုရား၏စကားကိုနားထောင်၍ ဣသရေလအမျိုးသားတို့ကို ငါလွှတ်စေခြင်းငှါ ထိုဘုရားကားအဘယ်သူနည်း။ ထာဝရဘုရားကို

ငါမသိ၊ ဣသရေလအမျိုးသားတို့ကို ငါမလွှတ်ဟုဆိုလေ၏” ထွက်၊ ၅း၂။ ထိုအခါ ထာဝရဘုရားသည် ဖါရောမင်းအပေါ်တွင် ကြောက်လန့်ဖွယ်စီရင်မှုများကို ကျရောက်စေလျက် အံ့သြဖွယ်နိမိတ်လက္ခဏာများဖြင့် ကိုယ်တော်၏လူမျိုးအတွက် လုပ်ဆောင်တော်မူ၏။ အဆုံးတွင် အီဂျစ်ပြည်ရှိလူနှင့်တိရစ္ဆာန်သားဦးများကို သုတ်သင်သတ်ဖြတ်ရန် ဖျက်ဆီးမည့် ကောင်းကင်တမန်အား အမိန့်ပေးလိုက်ပါသည်။ ထိုဖျက်ဆီးခြင်းရန်မှ ဣသရေလများလွတ်မြောက်ကြစေရန် ၎င်းတို့၏တံခါးထုပ်နှင့်တံခါးတိုင်နှစ်ဖက်တို့တွင် သိုးသငယ်၏အသွေးနှင့်သုတ်လိမ်းထားရန် ညွှန်ကြားထားခဲ့ပါသည်။ သားဦးများကိုသုတ်သင်မည့်ကောင်းကင်တမန်ရောက်လာသောအခါ ဣသရေလလူများ၏နေအိမ်များကိုမဖျက်ဆီးဘဲ ကျော်သွားနိုင်စေရန်အလို့ငှါ အိမ်တိုင်းတွင်ထိုကဲ့သို့မှတ်သားရန်ဖြစ်ပါသည်။

အီဂျစ်ပြည်အပေါ်တွင် အပြစ်ဒဏ်စီရင်မှုများပြုလုပ်ခဲ့ပြီးသောအခါ ထာဝရဘုရားသည် “မောရှေကိုခေါ်၍ ဣသရေလအမျိုးသားတို့တွင်လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ သားဦးအပေါင်းတို့ကို ငါ့အဖို့သန့်ရှင်းစေလော့။ ငါ့ဥစ္စာဖြစ်ကြသည်။ အကြောင်းမူကား အဲဂုတ္တုပြည်၌ သားဦးအပေါင်းတို့ကိုငါသည်ဒဏ်ခတ်သောအခါ ဣသရေလအမျိုးတွင် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ သားဦးအပေါင်းတို့ကို ငါ့အဖို့ငါသန့်ရှင်းစေသောကြောင့် သားဦးအပေါင်းတို့ကို အထူးသဖြင့်ငါပိုင်ရ၏၊ ငါသည် ထာဝရဘုရားဖြစ်၏” ဟုမိန့်တော်မူ၏ (ထွက်၊ ၁၃း၂။ တောလည် ၃း၁၃)။ တဲတော်တည်ဆောက်ပြီးစီးသည့်နောက်ပိုင်းတွင် တဲတော်အမှုကိစ္စများကိုဆောင်ရွက်ရန် ဣသရေလသားဦးများ၏နေရာတွင် လေဝိအမျိုးသားများကို ဘုရားသခင်ရွေးချယ်တော်မူခဲ့သည်။ သို့ရာတွင် သားဦးများသည် ဆက်လက်၍ဘုရားသခင်ပိုင်ဆိုင်ဆဲဖြစ်ကြောင်း မှတ်ယူထားရန်ဖြစ်ပြီး ထိုက်သင့်သောအဖိုးအခတစ်ခုဖြင့် ပြန်လည်ရွေးယူရန်ဖြစ်ပါသည်။

သို့အတွက် သားဦးအရာနှင့်ပတ်သက်သောဆက်ကပ်ခြင်းဆိုင်ရာပညတ်များသည် အထူးသဖြင့်အရေးတယူပြုကျင့်လုပ်ဆောင်ခြင်းကိုခံရပါသည်။ သားဦးများကိုဆက်ကပ်အပ်နှံခြင်းသည် ဣသရေလလူများအပေါ်



ပြုခဲ့သည့် ထာဝရဘုရား၏အံ့သြဖွယ်ကယ်တင်ခြင်းအမှုအတွက် အထိမ်းအမှတ်တစ်ခုဖြစ်သကဲ့သို့ တစ်ပါးတည်းသောသားတော်အားဖြင့် ပြီးစီးစေမည့် မဟာကယ်တင်ခြင်းလုပ်ငန်းကြီးကို ကြိုတင်ရုပ်လုံးဖော်ခြင်းလည်းဖြစ်ပါသည်။ တံခါးထုပ်နှင့်တံခါးတိုင်များအပေါ်တွင် သုတ်လိမ်းထားသောသိုးသငယ်၏အသွေးတော်အားဖြင့် ဣသရေလသားဦးများအသက်ချမ်းသာခြင်းရခဲ့သကဲ့သို့ ခရစ်တော်၏အသွေးတော်၌ လူသားများအားကယ်တင်ရန်တန်ခိုးရှိတော်မူ၏။

ခရစ်တော်ကို ဆက်ကပ်အပ်နှံခြင်းသည် ထိုအချိန်က မည်သည့်အဓိပ္ပါယ်မျိုးသက်ရောက်ခဲ့ပါသနည်း။ ယဇ်ပုရောဟိတ်များသည် ကန့်လန့်ကာကိုကျော်ဖြတ်၍ မည်သည့်လေးနက်မှုကိုမှ မမြင်တွေ့ခဲ့ကြချေ။ နောက်ကွယ်တွင်ရှိသော နက်နဲမှုများကို ၎င်းတို့မသိခဲ့ကြချေ။ ကလေးငယ်များကို ဆက်ကပ်ခြင်းအရာသည် သာမန်မြင်ကွင်းတစ်ခုသာဖြစ်ခဲ့ပါသည်။ ယဇ်ပုရောဟိတ်သည် ကလေးများကိုဆက်ကပ်သည့်အခါတိုင်း တစ်နေ့ပြီးတစ်နေ့ ကယ်တင်ခြင်းအလှူငွေများကိုရရှိခဲ့ပါသည်။ ယဇ်ပုရောဟိတ်သည် ဆက်ကပ်သောကလေး၏မိဘများ၏ချမ်းသာကြွယ်ဝခြင်း (သို့မဟုတ်) ကြီးမြင့်သောရာထူး ဌာနန္တရများရှိခြင်းကိုမတွေ့ရလျှင် ၎င်းတို့ကိုဂရုမစိုက်ဘဲ နေ့စဉ်လုပ်ဆောင်ရမည့်လုပ်ငန်းအစီအစဉ်များအတိုင်းသာ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားတတ်ပါသည်။ ယောသပ်နှင့်မာရိတို့သည် ဆင်းရဲကြပါသည်။ ၎င်းတို့သည် ကလေးငယ်နှင့်အတူရောက်ရှိလာကြသောအခါ နိမ့်ကျစုတ်နုပ်သောအဝတ်များကို ဝတ်ဆင်ထားသော ဂါလိလဲမှလာသည့်အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးအနေဖြင့်သာ ယဇ်ပုရောဟိတ်များကမြင်ခဲ့ကြပါသည်။ ၎င်းတို့၏ပုံပန်းလက္ခဏာများသည် စွဲလမ်းစိတ်ဝင်စားစရာတစ်စုံတစ်ခုမျှမရှိသည့်ပြင် ဆင်းရဲသားလူတန်းစားများလှူသည့် ပူဇော်သကာမျိုးကိုသာ သူတို့ပေးလှူနိုင်ခဲ့ကြသည်။

ယဇ်ပုရောဟိတ်သည် ၎င်းလုပ်ဆောင်ရမည့်လုပ်ငန်းများ၏အခမ်းအနားများကိုပြီးစီးအောင်လုပ်ဆောင်ခဲ့ပါသည်။ သူသည် ကလေးငယ်ကိုလက်မောင်းမှကိုင်၍ ယဇ်ပလ္လင်ရှေ့တွင်မချီခဲ့ပါသည်။ ထို့နောက် မိခင်အား

ပြန်ပေးပြီး သားဦးများစာရင်းတွင် "ယေရှု" ဟူသောအမည်ကို ရေးသွင်းလိုက်ပါသည်။ ကလေးငယ်ကိုချီထားစဉ်တွင် ထိုကလေးငယ်သည် ကောင်းကင်၏အရှင်၊ ဘုန်းတော်နှင့်ပြည့်စုံသောဘုရင်ကြီးဖြစ်ကြောင်းကို ယဇ်ပုရောဟိတ်သည် နည်းနည်းကလေးမျှမတွေးမိခဲ့ချေ။ ထိုကလေးငယ်သည် မောရှေရေးသားပြောပြခဲ့သောပုရောဖက်ဖြစ်ကြောင်းကိုလည်း ထိုယဇ်ပုရောဟိတ်မသိခဲ့ချေ။ "မောရှေက သင်တို့၏ဘုရားသခင်ထာဝရဘုရားသည် သင်တို့အမျိုးသားချင်းတို့အထဲ၌ ငါနှင့်တူသောပုရောဖက်တစ်ပါးကို သင်တို့အဖို့ ပေါ်ထွန်းစေတော်မူမည်။ ထိုပုရောဖက်ဟောပြောသမျှသောအရာတို့ကို သင်တို့သည် နားထောင်ရကြမည်" (တမန် ၃း၂၂)။ သူ၏ဘုန်းတော်ကိုကြည့်ခွင့်ပြုရန် မောရှေတောင်းခံခဲ့သောပုဂ္ဂိုလ်သည် ထိုကလေးငယ်ဖြစ်ကြောင်းကိုလည်း ၎င်းယဇ်ပုရောဟိတ်မသိခဲ့ချေ။ သို့သော်လည်း မောရှေထက်ကြီးမြတ်သောပုဂ္ဂိုလ်သည် ထိုယဇ်ပုရောဟိတ်၏လက်ထဲတွင် လျောင်းစက်နေပါသည်။ ၎င်းပြင် သူသည် ကလေးငယ်၏နာမည်ကို စာရင်းသွင်းနေသောအခါ ယုဒအိမ်မှုအုပ်ချုပ်သည့်နည်းစနစ်များ၏အခြေခံဖြစ်သောပုဂ္ဂိုလ်၏အမည်ကို စာရင်းသွင်းနေခဲ့ခြင်းဖြစ်ပါသည်။ ထိုနာမည်သည် ထိုစနစ်အတွက် "သေစေဝရမ်းအမိန့်စာ" တည်းဟူသော ပြီးဆုံးကြောင်း အမိန့်စာတစ်ခုအဖြစ်မှတ်ယူရန်ဖြစ်ပါသည်။ အကြောင်းမူကား ယဇ်ပူဇော်ခြင်းစနစ်သည် ဟောင်းမြင်းလာပြီဖြစ်ပြီး ပုံဆောင်သောအရာသည် ပုံဆောင်ခြင်းခံရသောအရာနှင့်လည်းကောင်း၊ အရိပ်သည်အရိပ်၏အရှင်နှင့်လည်းကောင်း တွေ့ဆုံလုနီးနီးဖြစ်နေခြင်းကြောင့်တည်း။

ထာဝရဘုရား၏ဘုန်းရောင်ခြည်တော်သည် ဗိမာန်တော်မှကွယ်ပျောက်ခဲ့သော်လည်း သူငယ်တော်ယေရှုကိုမူ ဘုန်းရောင်ခြည်နှင့်ရစ်ပတ်ခဲ့ပါသည်။ ထိုဘုန်းတော်ရောင်ခြည်ရှေ့မှောက်တွင် ကောင်းကင်တမန်များသည် ဦးချကိုးကွယ်ခဲ့ကြပါသည်။ လူမှန်းမသိတတ်သေးသော ဤကလေးသူငယ်သည် ဧဒင်ဥယျာဉ်အဝင်ဝတွင်တည်ရှိခဲ့သော ပထမဦးဆုံးယဇ်ပလ္လင်မှ ပြဋ္ဌန်ခဲ့သောကတိတော်နှင့်ပတ်သက်သည့် အမျိုးအနွယ်ဖြစ်ပါသည်။





ဤသူငယ်သည် အသက်ပေးပိုင်ရှင်ရှိလောဖြစ်တော်မူသည်။ ဤသူငယ်သည် မောရှေအား "ငါဖြစ်သည်" ဟုထုတ်ဖော်ကြေညာခဲ့သောသူဖြစ်ပါသည်။ ဤသူငယ်သည် မိုးတိမ်အားဖြင့်လည်းကောင်း၊ မီးတိမ်တိုင်အားဖြင့်လည်းကောင်း ဣသရေလများအား လမ်းပြပို့ဆောင်ခဲ့သောသူလည်းဖြစ်ပါသည်။ ဤသူငယ်သည် ပုရောဖက်များအချိန်ကြာမြင့်စွာကပင် ကြိုတင်ဟောကြားခဲ့သောသူလည်းဖြစ်ပါသည်။ ဤသူငယ်သည် လူမျိုးအားလုံး၏တောင့်တချက်၊ ဒါဝိဒ်၏အမြစ်၊ ဒါဝိဒ်မှသက်ဆင်းသူ၊ ၎င်းအပြင်ထွန်းတောက်သောမိုးသောက်ကြယ်လည်းဖြစ်တော်မူ၏။ ကျွန်ုပ်တို့၏ညီအစ်ကိုဟုကြေညာလျက် ဣသရေလစာရင်းတွင် အမည်ရေးသွင်းခြင်းခံရသော ထိုအကူအညီမဲ့ကလေးငယ်၏နာမတော်သည် ဖောက်ပြန်ပျက်စီးနေသောလူသားများ၏မျှော်လင့်ချက်ဖြစ်ခဲ့ပါသည်။ ကယ်တင်ခြင်းအလှူငွေကို သူ့အတွက်ပေးလှူခြင်းခံခဲ့ရသောထိုကလေးငယ်သည် ကမ္ဘာသူကမ္ဘာသားအားလုံး၏အပြစ်အတွက်ရွေးယူရန်၊ အဖိုးအခကိုပေးရန်ဖြစ်ပါသည်။ ထိုသူငယ်သည် ထာဝရဘုရား၏အိမ်တော်ကိုအုပ်စိုးသော ယဇ်ပုရောဟိတ်မင်း၊ မပြောင်းလဲသောယဇ်ပုရောဟိတ်အကြီး၊ မြင့်သောအရပ်မှ တန်ခိုးအာနုဘော်တော်၏လက်ယာဘက်တွင် ထိုင်တော်မူသောကြားဖျန်ဖြေသူတစ်ပါးဖြစ်တော်မူပါသည်။

ဝိညာဉ်ရေးကိစ္စများကို ဝိညာဉ်ရေးအရသာသိမြင်နိုင်ပါသည်။ မိမိလာရောက်လုပ်ကိုင်ရမည့်အရာများကိုလုပ်ကိုင်ရန် ဘုရားသခင်၏သားတော်ကို ဗိမာန်တော်တွင်ဆက်ကပ်အပ်နှံခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်သည် အခြားကလေးငယ်များအပေါ်သို့ ရှုမြင်ခဲ့သကဲ့သို့ ထိုသူငယ်တော်အပေါ်ဝယ်ရှုမြင်ခဲ့သည်။ သို့သော် ထူးခြားသောအရာများကို ယဇ်ပုရောဟိတ်အနေဖြင့် မတွေ့မြင်မခံစားခဲ့ရသော်လည်း ကမ္ဘာသူကမ္ဘာသားများအတွက် ဘုရားသခင်၏သားတော်ကိုစွန့်ခြင်းအရာတွင် ထာဝရဘုရား၏လုပ်ဆောင်မှုကို အသိအမှတ်ပြုခဲ့ပါသည်။ ဤအဖြစ်အပျက်သည် ခရစ်တော်အား အသိအမှတ်တစ်စုံတစ်ရာမပြုဘဲ ကျော်လွန်ပြီးမြောက်ခဲ့သည်မဟုတ်ချေ။ "ရှုမောင်အမည်ရှိသောသူတစ်ယောက်သည် ယေရုရှလင်မြို့၌ရှိ၏။ ထိုသူသည် ဖြောင့်မတ်သောသူ၊ တရားကိုရိုသောသူ၊ ဣသရေလ



အမျိုး၏သက်သာခြင်းအကြောင်းကို မျှော်လင့်သောသူဖြစ်၏။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့အပေါ်၌တည်သည်ဖြစ်၍ သူသည် ထာဝရဘုရား၏ ခရစ်တော်ကိုမမြင်မီ မသေရဟု ဗျာဒိတ်တော်ကိုရ၏။" လုကာ ၂း၂၅-၂၆။

ရှုမောင်သည် ဗိမာန်တော်သို့ဝင်လာစဉ် မိသားစုတစ်စုသည် သားဦးကလေးကို ယဇ်ပုရောဟိတ်ရှေ့မှောက်တွင်ဆက်ကပ်နေကြောင်းကို မြင်တွေ့ခဲ့ရပါသည်။ သူတို့၏အသွင်အပြင်များသည် ဆင်းရဲနွမ်းပါးမှုကို ထင်ရှားဖော်ညွှန်းနေသော်လည်း ရှုမောင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ သတိပေးချက်များကို နားလည်သဘောပေါက်ခဲ့ပါသည်။ ၎င်းပြင် ဘုရားသခင်ထံသို့ ဆက်ကပ်ခြင်းခံနေရသောကလေးငယ်သည် ကြာမြင့်စွာကတည်းကဖူးတွေ့ရန် စောင့်မျှော်ခဲ့သော ဣသရေလအမျိုး၏သက်သာခြင်း



ဖြစ်ကြောင်းကို သူသည်ထိထိမိမိခံစားခဲ့ရပါသည်။ ယဇ်ပုရောဟိတ်ကြီး အံ့အားသင့်ရလောက်အောင် ရှုမောင်သည် နှလုံးပီတိဖြစ်နေသည်မှာ ပေါ်လွင်ထင်ရှားနေပါသည်။ သူငယ်တော်သည် မယ်တော်မာရိထံသို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် သူသည် ကလေးငယ်အား လက်နှင့်မချီပြီး ထာဝရဘုရားထံဆက်ကပ်ပါသည်။ ထိုစဉ်တွင် တစ်ခါမှမခံစားခဲ့ရဖူးသော ဝမ်းမြောက်ခြင်းကို သူခံစားခဲ့ရပါသည်။ သူသည် သူငယ်တော်ကယ်တင်ရှင်အား ကောင်းကင်သို့မြှောက်ချီ၍ "ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းလျက် အစိုးရတော်မူသောအရှင်ဗျာဒိတ်တော်အတိုင်း ကိုယ်တော်၏ကျွန်သည် ငြိမ်ဝပ်စွာစုတေ့ရသောအခွင့်ကို ကိုယ်တော်သည် ယခုတွင်ပေးတော်မူ၏။ ကိုယ်တော်၏လူဣသရေလအမျိုးကိုချီးမြှောက်စေခြင်းငှါလည်းကောင်း၊ တစ်ပါးအမျိုးသားတို့ကိုလင်းစေခြင်းငှါလည်းကောင်း လူအမျိုးမျိုးတို့ ရှေ့မှောက်၌ ပြင်ဆင်တော်မူသောအလင်းတည်းဟူသော ကယ်တင်သော သခင်ကို ကျွန်ုပ်တို့သည် ကိုယ့်မျက်စိနှင့်မြင်ရပါ၏ဟုမြွက်ဆို၏။" (လုကာ ၂း၂၉-၃၂)။

ဝိညာဉ်ဆုကျေးဇူးများသည် ဘုရားသခင်၏လူဖြစ်သော ဤပုဂ္ဂိုလ် အပေါ်တွင်ကျရောက်တော်မူခဲ့၏။ ၎င်းပြင် ယောသပ်နှင့်မာရိတို့သည် ၎င်း၏နှုတ်ထွက်စကားများကို အံ့အားသင့်လျက် အနားတွင်ရပ်နေကြစဉ် ရှုမောင်သည် ၎င်းတို့အား ကောင်းချီးပေး၍ မာရိအား "ဤသူငယ်အား ဣသရေလလူအများလဲမည့်အကြောင်း၊ အများထမည့်အကြောင်း၊ လူအများ တို့၏အကြံအစည်ကိုထင်ရှားစေခြင်းငှါ ငြင်းခုံစရာဖြစ်မည့်အကြောင်း ခန့်ထားသောသူဖြစ်၏" (လုကာ ၂း၃၄) ဟုဆို၏။

ပုရောဖက်မအန္နသည် ဗိမာန်တော်အတွင်းသို့ဝင်ပြီး ခရစ်တော်နှင့် ပတ်သက်သောရှုမောင်၏သက်သေခံချက်ကိုအတည်ပြုပြောဆိုပေးခဲ့ပါသည်။ ရှုမောင်စကားပြောစဉ်တွင် သူမ၏မျက်နှာသည် ဘုရားသခင်၏ဘုန်း ရောင်ခြည်များနှင့်တောက်ပနေပြီး သခင်ခရစ်တော်အားဖူးမြော်ခွင့်ပေးသည့် အတွက် သူမသည် နှလုံးတွင်းမှထွက်ပေါ်လာသောကျေးဇူးတင်စကားများကို ရေရွတ်နေခဲ့ပါသည်။

စိတ်နှလုံးနှိမ့်ချစွာဖြင့် ကိုးကွယ်သော ဤသူများသည် အနာဂတ္တိစကားများကို အချည်းနှီးလေ့လာခဲ့ကြသည်မဟုတ်ချေ။ သို့သော် ဣသရေလနိုင်ငံရှိ ရာထူးများရရှိထားသည့် အုပ်ချုပ်သူများနှင့် ယဇ်ပုရောဟိတ်များသည် တန်ဖိုးရှိလှသည့် အနာဂတ္တိစကားများကိုရရှိခဲ့ကြသော်လည်း ၎င်းတို့သည် ထာဝရဘုရားလမ်းတော်သို့မလိုက်လျှောက်ခဲ့သည့်အပြင် ကိုယ်တော်ကို ဖူးတွေ့ရန် ၎င်းတို့၏မျက်စိများကိုမဖွင့်ခဲ့ကြချေ။

ယခုအချိန်တိုင်အောင်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်နေလျက်ရှိပါသည်။ ကောင်းကင်နိုင်ငံတစ်ခုလုံးမှအာရုံပြုလျက်ရှိသော ဤအဖြစ်အပျက်ကို လူအများဂရုမစိုက်ခဲ့ကြချေ။ ၎င်းအပြင်ဖြစ်ပျက်နေသည့်ဖြစ်အင်များကို ဘာသာရေးခေါင်းဆောင်များနှင့် ထာဝရဘုရား၏အိမ်တော်မှဝတ်ပြုကိုးကွယ်သူများသည် အရေးမစိုက်ခဲ့ကြချေ။ လူသားများသည် အသက်ရှင်သောခရစ်တော်ကို ကျော်ခိုင်းသွားခဲ့ကြသော်လည်း သမိုင်းတွင်မူ ခရစ်တော်ကို အသိအမှတ်ပြုခဲ့ကြပါသည်။ သက်သာခြင်းကိုတောင်းခံနေသော ဆင်းရဲသားများ၊ ဒုက္ခဝေဒနာခံစားနေရသူများနှင့် ဥစ္စာမနေ နွမ်းပါးခြင်း၊ ပင်ပန်းခြင်း၊ အပြစ်တင်ခံရခြင်းများခံစားနေရသည့် ဖြောင့်မတ်သောဘက်တော်သားများအတွက် ခရစ်တော်သည် ကိုယ်ကျိုးစွန့်ကြရန် နှုတ်တော်ထွက်စကားများဖြင့် ခေါ်တော်မူခြင်းကို လွန်ခဲ့သော အနှစ် (၁၀၀၀) ကကဲ့သို့ပင် ယခုအချိန်တွင်လည်း အလွယ်တကူလက်ခံခြင်း မပြုကြချေ။

မာရိသည် ရှုမောင်၏ကျယ်ပြန့်နက်ရှိုင်းသောအနာဂတ္တိစကားကို အလေးအနက်စဉ်းစားနေပါသည်။ လက်ထဲတွင်ပွေ့ထားသောသူငယ်တော်ကိုကြည့်ရှု၍ ဗက်လင်မြို့မှသိုးထိန်းများ၏စကားသံကို ပြန်လည်တွေးတောမိသောအခါ သူမသည် ဝမ်းမြောက်ပီတိဖြစ်ပြီး မျှော်လင့်ချက်ရောင်ခြည်များ သန်းလာခဲ့ပါသည်။

ရှုမောင်၏နှုတ်ထွက်စကားများသည် သူမအား ဟေရှာယ၏ အနာဂတ္တိဆိုင်ရာမြွက်ဆိုချက်များကိုသတိရစေခဲ့သည်။ "ယေရှဲအမျိုးအငုတ်၌ အတက်ပေါက်လိမ့်မည်။ သူမ၏အမြစ်တို့တွင် အညွန့်သည်



အသီးသီးလိမ့်မည်။ ထာဝရဘုရား၏ဝိညာဉ်တော်တည်းဟူသော ဉာဏ်ပညာကိုပေးသော ဝိညာဉ်၊ ကြံစည်တတ်စွမ်းနိုင်သောသဘောကိုပေးသောဝိညာဉ်၊ ထာဝရဘုရားကိုသိ၍ ကြောက်ရွံ့သောသဘောကိုပေးသောဝိညာဉ်တော်သည် ထိုသူအပေါ်မှာကျိန်းဝပ်တော်မူလိမ့်မည်။---တရားနှင့်သစ္စာသည် သူ၏ခါးပန်းခါးစည်းဖြစ်လိမ့်မည်။" "မှောင်မိုက်ထဲမှာသွားလာသောသူများတို့သည် ကြီးစွာသောအလင်းကိုမြင်ရ၍ သေမင်း၏နိုင်ငံအရိပ်တွင်ရှိသောသူတို့၌ အလင်းပေါ်ထွန်းလျက်ရှိ၏။ ငါတို့အဖို့ သူငယ်ကိုဖွားမြင်၏။ ငါတို့အား သားကိုသနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံလိမ့်မည်။" (ဟေရှာ၊ ၁၁း၁-၅။ ၉း၂-၆)။

သို့စေကာမူ မာရိသည် ခရစ်တော်၏အမှုတော်ကို နားမလည်ခဲ့ချေ။ ကိုယ်တော်သည် ဣသရေလများအတွက် ဘုန်းတော်ဖြစ်သကဲ့သို့ တစ်ပါးအမျိုးသားများအတွက် ထွန်းလင်းမည့်အလင်းတစ်ခုဖြစ်ကြောင်း ရှုမောင်သည် ကိုယ်တော်အကြောင်းဟောကြားခဲ့ပါသည်။ ထိုနည်းအတိုင်းပင် ကောင်းကင်တမန်များသည် ကမ္ဘာသူကမ္ဘာသားအတွက် ဝမ်းမြောက်ဖွယ်ရာ သတင်းစကားအနေဖြင့် ကယ်တင်ရှင်၏ဖွားမြင်ခြင်းကို ကြေညာခဲ့ကြပါသည်။ ထာဝရဘုရားသည် မေရှိယ၏အမှုတော်အပေါ်ထားရှိသော ယုဒလူမျိုးများ၏ ကျဉ်းမြောင်းသည့်သဘောထားများကိုပြုပြင်ပေးရန် ကြိုးစားခဲ့ပါသည်။ ဣသရေလလူများ၏ကယ်တင်ရှင်တစ်ပါးအနေနှင့်သာမက ကမ္ဘာ့ကယ်တင်ရှင်အနေဖြင့် လူအများသည် ကိုယ်တော်ရှင်အား မျှော်ကြည့်ကြရန် ထာဝရဘုရားလိုလားခဲ့သည်။ သို့ပါသော်လည်း သခင်ယေရှု၏မယ်တော်သည်ပင်လျှင် နှစ်ပေါင်းများစွာကျော်လွန်ပြီးမှ ကိုယ်တော်ရှင်၏အမှုတော်ကို နားလည်လိမ့်မည်ဖြစ်ပါသည်။

မာရိသည် ဒါဝိဒ်၏ပလ္လင်ပေါ်တွင် မေရှိယ၏စိုးစံမှုကိုမျှော်မှန်းခဲ့ပါသည်။ သို့သော်လည်း ဒုက္ခဆင်းရဲခြင်းဗတ္တိဇံအားဖြင့် ထိုအရာကိုအောင်မြင်ရမည်ကိုသူမ မသိမြင်ခဲ့ချေ။ မေရှိယလျှောက်ရမည့်လမ်းသည် ကမ္ဘာ့အလယ်

တွင် အတားအဆီးအခက်အခဲမရှိသောခရီးလမ်းမဟုတ်ကြောင်းကို ရှုမောင်အားဖြင့်ထုတ်ဖော်ထားပါသည်။ "သံလျက်သည် သင်၏စိတ်နှလုံးကိုခွင်းလိမ့်မည်" ဟူသောစကားများအားဖြင့် ထာဝရဘုရားသည် သနားခြင်းကရုဏာအားဖြင့် ကိုယ်တော်အတွက် သူမစတင်ခံစားခဲ့ရပြီးဖြစ်သည့် သောကမီး၏အရိပ်အမြွက်ကို ခရစ်တော်၏မယ်တော်အားမိန့်တော်မူခဲ့ပါသည်။ ဤသူငယ်သည် ဣသရေလလူအများလဲမည်ဖြစ်ကြောင်း၊ အများထမည်ဖြစ်ကြောင်း၊ လူအများတို့၏အကြံအစည်ကိုထင်ရှားစေခြင်းငှါ ငြင်းခုံစရာဖြစ်မည်အကြောင်း ခန့်ထားသောသူဖြစ်၏ဟု ရှုမောင်ပြောကြားခဲ့ပါသည်။ တစ်ဖန်ပြန်၍ ထမည့်သူများသည် လဲကြရမည်။ ခရစ်တော်၌မြောက်တင်ခြင်းမခံရမီ ကျွန်ုပ်တို့သည် "ကျောက်မြတ်" ပေါ်တွင်ကျ၍ ကြေမွပျက်စီးခြင်းခံကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်နှင့်ဆိုင်သော ဘုန်းတော်ကိုသိခဲ့ကြမည်ဆိုလျှင် ကိုယ်ကျိုးစွန့်၍ မာနတရားကိုချိုးနှိမ်ရပါမည်။ ယုဒလူများသည် နှိမ့်ချခြင်းအားဖြင့်သာ တက်လှမ်းနိုင်သောဂုဏ်အသရေကိုလက်မခံကြချေ။ ထို့ကြောင့် သူတို့သည် ကယ်တင်ရှင်ကို မရရှိခဲ့ကြချေ။ ကိုယ်တော်သည် ငြင်းခုံစရာဖြစ်မည့်အကြောင်း ခန့်ထားသောသူဖြစ်နေပါသည်။

"လူအများတို့၏အကြံအစည်ကိုထင်ရှားစေခြင်းငှါ ခန့်ထားခြင်းခံရသောသူဖြစ်၏။" ကယ်တင်ရှင်၏အသက်တာမှ ထင်ရှားသောအလင်းတရားအားဖြင့် ဖန်ဆင်းရှင်ဘုရားသခင်၏အကြံအစည်မှစ၍ အမှောင်၏သခင့် (စာတန်) အကြံအစည်အထိ အားလုံးသောစိတ်နှလုံးအကြံအစည်များကို ထင်ရှားစေခဲ့ပါသည်။ စာတန်သည် ဘုရားသခင်အားအပေးမရှိဘဲ အတောင်းသက်သက်ရှိသောအတ္တများ၏ဖိနှိပ်ချုပ်ချယ်သူတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ မိမိ၏ဘုန်းတန်ခိုးကြီးထွားရေးအတွက် ဝေနေယျသတ္တဝါများ၏ဝတ်ပြုကိုးကွယ်မှုကိုတောင်းခံ၍ လူသားများ၏ကောင်းစားရေးအတွက် မည်သည့်အနစ်နာခံမှုကိုမှမပြုလုပ်သောပုဂ္ဂိုလ်တစ်ပါးအနေဖြင့်သော်လည်းကောင်း ရုပ်လုံးဖော်ခဲ့ပါသည်။ သို့သော် ခရစ်တော်ပေးသနားတော်မူသောလက်ဆောင်သည် အဖခမည်းတော်၏စိတ်နှလုံးအကြံအစည်ကိုထင်ရှားစေခဲ့ပါသည်။ ကျွန်ုပ်တို့အပေါ်ထားရှိသောဘုရားသခင်၏အကြံ



အစည်သည် "အကျိုးနည်းစေခြင်းငှါ ကြံစည်သောအကြံမဟုတ်ဘဲ ငြိမ်ဝပ်စေခြင်းငှါ ကြံစည်သောအကြံအစည်ဖြစ်ကြောင်းကို" ထိုလက်ဆောင်ကသက်သေပြခဲ့ပါသည်။ ဘုရားသခင်၏အပြစ်တရားအပေါ်တွင် ရွံရှာမုန်းတီးခြင်းသည် သေခြင်းတရားအပေါ်တွင် မုန်းတီးသကဲ့သို့ပြင်းထန်ပြီး အပြစ်သားအပေါ်ထားရှိသော ကိုယ်တော်၏မေတ္တာတော်သည် သေခြင်းတရားထက်ပိုမိုခွန်အားကြီးပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းကိုပြီးမြောက်အောင် လုပ်ဆောင်ပြီးသည့်နောက် ကိုယ်တော်သည် အမှုတော်ပြီးစီးရန်အတွက် မရှိမဖြစ်လိုအပ်သောမည်မျှတန်ဖိုးကြီးသည့်အရာကိုမဆိုချန်ထားလိမ့်မည်မဟုတ်ချေ။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် မရှိမဖြစ်လိုအပ်သော မည်သည့်အမှန်တရားကိုမျှမပေးဘဲ သိမ်းမထားခဲ့ချေ။ မည်သည့်သနားခြင်းကရုဏာ၏နိမိတ်လက္ခဏာကိုမှမပြုလုပ်ဘဲမနေခဲ့ချေ။ မည်သည့်ကောင်းကင်တမန်တစ်ပါးကိုမျှ လူသားများအတွက် မခိုင်းစေဘဲမထားခဲ့ချေ။ အကျိုးကျေးဇူးတစ်ခုအပေါ်မှာ တစ်ခုကိုထပ်၍ထပ်၍စုပုံထားခဲ့ပါသည်။ ကယ်တင်ခြင်းရရှိရန် ကြိုးစားရှာဖွေသောသူများအတွက် ကောင်းကင်ဘဏ္ဍာများကို ဖွင့်ပေးနေပါသည်။ စကြဝဠာ၏ကြွယ်ဝမှုများကိုစုသိမ်း၍ အနန္တတန်ခိုးတော်၏အစွမ်းသတ္တိများကိုဖွင့်လှစ်ထားပြီးနောက် ထာဝရဘုရားသည် ဤအရာအားလုံးကို ခရစ်တော်၏လက်တော်တွင်အပ်နှံပြီးလျှင် အရာအားလုံးသည် လူသားများအတွက်ဖြစ်ကြောင်း၊ ကောင်းကင်အောက်မြေကြီးပေါ်တွင် ငါ့မေတ္တာထက်ကြီးမားသောမေတ္တာမရှိကြောင်းကို စာတန်အား နားလည်သဘောပေါက်ရန် ဤအရာများကိုအသုံးပြုရန်ဖြစ်ကြောင်း၊ ကြီးမားသောဝမ်းမြောက်ရွှင်လန်းခြင်းသည် ငါ့ကိုချစ်ခြင်း၌သာတွေ့နိုင်လိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့်မိန့်မှာတော်မူပါသည်။

ချစ်ခြင်းမေတ္တာနှင့် တစ်ကိုယ်ကောင်းဆန်မှုသည် ကရာနီမှ ကပ်တိုင်တော်တွင် မျက်နှာချင်းဆိုင်ရပ်တည်ခဲ့ကြသည်။ ဤနေရာတွင် ၎င်းတို့အတွက် အထွတ်အထိပ်ဖြစ်သော ထင်ရှားစွာထုတ်ဖော်ချက်များကိုတွေ့မြင်ရပါမည်။ ခရစ်တော်သည် သူတစ်ပါးအားနှစ်သိမ့်ရန်နှင့် ကောင်းချီး

ပေးရန်အတွက်သာ အသက်ရှင်ခဲ့ပါသည်။ စာတန်သည် ကိုယ်တော်ကို သတ်ဖြတ်လိုက်ခြင်းအားဖြင့် ထာဝရဘုရားအပေါ်ထားရှိသော ၎င်း၏ မုန်းတီးခြင်းနှင့်ရန်ငြိုးထားခြင်းများကို ပေါ်လွင်ထင်ရှားစေပါသည်။ သူ့ဆန့်ကျင်မှု၏စစ်မှန်သောရည်ရွယ်ချက်သည် ထာဝရဘုရားအားနန်းချရန်နှင့် မေတ္တာတော်ကိုထင်ရှားစေသော ခရစ်တော်ကိုသုတ်သင်ဖျက်ဆီးရန်ဖြစ်ကြောင်းကို ထိုလုပ်ရပ်အားဖြင့် ပေါ်လွင်ထင်ရှားစေခဲ့ပါသည်။

ခရစ်တော်၏သက်တော်စဉ်နှင့် ကိုယ်တော်၏အသေခံခြင်းအားဖြင့် လူသားများ၏အတွေးအခေါ်များကိုလည်း သိမြင်စေနိုင်ခဲ့ပါသည်။ နွားစားခွက်မှသည် ကပ်တိုင်သို့တိုင် ထင်ရှားစေခဲ့သော ကိုယ်တော်ရှင်၏ သက်တော်စဉ်သည် မိမိကိုယ်ကိုဆက်ကပ်အပ်နှံရန်နှင့် ဒုက္ခဆင်းရဲခံရစဉ်တွင် မိတ်သဟာယဖွဲ့ရန် တောင်းဆိုနေသောအော်သံတစ်ခုဖြစ်ခဲ့ပါသည်။ လူသားများတို့၏အကြံအစည်များကိုလည်း ဖွင့်ပြခဲ့ပါသည်။ သခင်ယေရှုသည် ကောင်းကင်သမ္မာတရားနှင့်အတူ ကြွလာတော်မူခဲ့ပြီး သန့်ရှင်းသောဝိညာဉ်တော်၏အသံတော်ကိုနားထောင်သောသူအားလုံးတို့သည် အထံတော်သို့ ဆွဲယူခြင်းကိုခံရကြပါမည်။ မိမိကိုယ်ကိုကိုးကွယ်သူတို့သည် စာတန်၏ တိုင်းနိုင်ငံမှပြည်သူများဖြစ်ကြသည်။ ခရစ်တော်အပေါ်ထားရှိသော ၎င်းတို့၏သဘောထားများအားဖြင့် မိမိတို့သည် မည်သူ့ဘက်တွင်ရပ်တည်ကြောင်းကို လူခပ်သိမ်းတို့သည်ပြကြလိမ့်မည်။ ထိုနည်းအားဖြင့် လူတိုင်းသည် မိမိကိုယ်ကိုတရားစီရင်နေကြပါသည်။ အပြီးသတ်တရားစီရင်သောနေ့တွင် ကယ်တင်ခြင်းဆုံးရှုံးသောဝိညာဉ်တိုင်းသည် သမ္မာတရားအပေါ် မိမိတို့ငြင်းပယ်ခဲ့မှုများ၏ သဘာဝကိုနားလည်လာကြပါလိမ့်မည်။ ကပ်တိုင်ကို ၎င်းတို့၏ရှေ့မှောက်တွင် ထင်ရှားစေလိမ့်မည်။ ၎င်းပြင် အပြစ်ကျူးလွန်မှုကြောင့် ဝိညာဉ်ရေးမှောင်မိုက်ကျခဲ့သော လူသားတိုင်းတို့သည် ကပ်တိုင်၏စစ်မှန်သောရှုခင်းကိုမြင်တွေ့ကြရပါလိမ့်မည်။ လူတိုင်းနားလည်ရန်ခက်လှသော အပြစ်၏သားကောင်ကို ချိတ်ဆွဲထားသောကရာနီမြင်ကွင်း၏ရှေ့တွင် အပြစ်သားများသည် မတ်တတ်ရပ်၍ တရားစီရင်ခြင်းခံကြရမည်ဖြစ်ပါသည်။ လိမ်ညာ၍ပြောသောဆင်ခြေတိုင်းသည် ဖယ်ရှား



ခြင်းကိုခံရလိမ့်မည်။ လူသားများ၏အယူဝါဒဖောက်ပြန်မှုများသည် ၎င်းတို့၏ စက်ဆုပ်ရွံရှာဖွယ်သောစာရိတ္တများဖြင့်ပေါ်ထွက်လာကြလိမ့်မည်။ လူသားများသည် ၎င်းတို့၏ရွေးချယ်မှုများကို မြင်တွေ့ကြရလိမ့်မည်။ အချိန်ကြာမြင့်စွာအငြင်းပွားခဲ့သော အမှားနှင့်အမှန်တို့၏မေးခွန်းတိုင်းကိုလည်း ထိုအချိန်တွင်ရှင်းလင်းအောင်ပြုလုပ်ပေးလိမ့်မည်ဖြစ်ပါသည်။ စကြဝဠာ၏ တရားစီရင်ခြင်းလုပ်ငန်းတွင် ထာဝရဘုရားသည် အပြစ်ဒုစရိုက်တည်ရှိခြင်းနှင့် အဆက်မပြတ်ဒုစရိုက်ကျူးလွန်မှုများအတွက် အပြစ်တင်ခွင့်နှင့်ကင်းရှင်းစွာရပ်တည်ပါလိမ့်မည်။ ထာဝရဘုရားစီမံထားတော်မူသောအရာများသည် အပြစ်ကျူးလွန်ရန်အထောက်အကူမပြုကြောင်းကိုလည်း သိသာထင်ရှားပါလိမ့်မည်။ ထာဝရဘုရား၏အုပ်စိုးမှုတွင် အပြစ်အနာအဆာတစ်စုံတစ်ရာမရှိသည့်ပြင် အကြည်ညိုပျက်စေသောအကြောင်းတစ်စုံတစ်ရာလည်း မရှိပါချေ။ လူသားအားလုံး၏စိတ်နှလုံးအကြံအစည်များကို ထင်ရှားစေပြီးသောအခါ သစ္စာစောင့်သောသူများနှင့် မစောင့်သောသူများသည် အတူတကွပူးပေါင်း၍ “အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော်၏အပြုအမူတို့သည် ကောင်းမြတ်၍ အံ့သြဖွယ်ဖြစ်ကြပါသည်။ ---ကိုယ်တော်သည် မကြောက်ရွံ့ဘဲ၊ နာမတော်ကိုမချီးမွမ်းဘဲ အဘယ်သူနေရပါအံ့နည်း။ အကြောင်းမူကား၊ တရားသဖြင့်စီရင်တော်မူခြင်းအရာတို့သည် ထင်ရှားပါ၏” (ဗျာဒိတ် ၁၅း၃-၄) ဟူ၍ဟစ်ကြော်ကြပါလိမ့်မည်။

-၀-

## (၆)
## သူ၏ကြယ်ကိုငါတို့တွေ့မြင်ခဲ့ရပြီ

ရှင်မဿဲခရစ်ဝင် ၂ ကိုအခြေပြုသည်

"ယုဒပြည်ဗက်လင်မြို့၌ ဟေရုဒ်မင်းကြီးလက်ထက် ယေရှုသည် ဖွားမြင်ခြင်းကိုခံတော်မူပြီးမှ မာဂုပညာရှိတို့သည် အရှေ့ပြည်က ယေရုရှလင်မြို့သို့ရောက်လာကြလျှင် ယခုဖွားသောယုဒရှင်ဘုရင်သည် အဘယ်မှာရှိတော်မူသနည်း၊ အရှေ့ပြည်၌ သူ၏ကြယ်ကို ငါတို့မြင်ရသည်ဖြစ်၍ ဖူးတွေ့ပူဇော်ခြင်းငှါရောက်လာပြီဟု မေးမြန်းပြောဆိုကြ၏။"

အရှေ့ပြည်မှရောက်လာကြသောပညာရှိများသည် အတွေးအခေါ် ပညာရှင်များဖြစ်ကြပါသည်။ သူတို့သည် မြင့်မြတ်သောမိသားစုများမှ မွေးဖွားလာသူများ၊ ဥစ္စာနေကြွယ်ဝချမ်းသာ၍ ပညာတတ်သောလူတန်းစားများဖြင့် စုပေါင်းဖွဲ့စည်းထားသော ဩဇာတန်ခိုးထက်မြက်၍ လူပေါင်းများစွာပါဝင်သော လူမှုအဖွဲ့အစည်းတစ်ခုမှပုဂ္ဂိုလ်များဖြစ်ကြပါသည်။ ထိုအဖွဲ့ထဲမှ များစွာသောလူများသည် ပြည်သူများ၏ ၎င်းတို့အပေါ်ထားရှိသည့်ယုံကြည်လွန်းမှုများအပေါ် အခွင့်ကောင်းယူကြပါသည်။ အချို့မှာသဘာဝတရားတွင်ရှိသော ဘုရားသခင်အားပြဿနာချက်များကို လေ့လာ၍ ၎င်းတို့၏သမ္မာဓိရှိမှုနှင့် ဉာဏ်ပညာစွမ်းရည်များအတွက် ရိုသေလေးစားခြင်းခံရသည့် ဖြောင့်မတ်မှန်ကန်သောသူများဖြစ်ကြပါသည်။ သခင်ယေရှုထံသို့လာခဲ့ကြသောပညာရှိများတွင် ထိုကဲ့သို့သောအကျင့်စာရိတ္တများရှိကြပါသည်။

ထာဝရဘုရား၏အလင်းတရားသည် တစ်ပါးအမျိုးသားများ၏ အမှောင်ကမ္ဘာတွင် ထာဝစဉ်ထွန်းလင်းလျက်ရှိပါသည်။ ဤမာဂုပညာရှိများသည် ကြယ်များနှင့်ပြည့်ဝနေသော ကောင်းကင်ယံကိုလေ့လာကြပြီး ၎င်းတို့၏ထွန်းလင်းနေသောလမ်းကြောင်းပေါ်တွင် တိမ်မြုပ်နေသည့် ခက်ခဲနက်နဲသောအရာများကို ထိုးထွင်းသိမြင်ရန် ကြိုးစားခဲ့ကြစဉ်တွင်



ဖန်ဆင်းရှင်၏ဘုန်းတော်ကို သူတို့ကြည့်မြင်ခဲ့ကြရပါသည်။ ပိုမိုရှင်းလင်းသိသာသော အသိပညာများကိုရှာဖွေလျက် သူတို့သည် ဟေဗြဲများ၏သမ္မာကျမ်းစာတော်မြတ်ကိုလေ့လာခဲ့ကြပါသည်။ ဘုရားသခင်နှင့်ပတ်သက်သော ဆရာတစ်ပါးကြွလာခြင်းအကြောင်းကို အနာဂတ္တိပြုထားသည့် အနာဂတ္တိစကားများကိုလည်း အရှေ့ပြည်တွင် နေ့စဉ်သူတို့ဆည်းပူးခဲ့ကြပါသည်။ ဗာလမ်သည် တစ်ချိန်က ထာဝရဘုရား၏ပုရောဖက်တစ်ပါးဖြစ်ခဲ့သော်လည်း မှော်ဆရာအဖွဲ့ထဲမှပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကြိုတင်ဟောကြားထားခဲ့သည့် ဣသရေလလူမျိုးများ၏ ကြီးပွားချမ်းသာမှုများကိုလည်းကောင်း၊ မေရှိယပေါ်ထွန်းလာမည့်အကြောင်းကိုလည်းကောင်း (၎င်းဟောကြားခဲ့သည့်အနာဂတ္တိစကားများကို) မိရိုးဖလာထုံးတမ်းစဉ်လာအနေဖြင့် ရာစုနှစ်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းလက်ခံနာယူခဲ့ကြပါသည်။ သို့သော်လည်း ကယ်တင်ရှင်၏ကြွလာခြင်းသည် ဓမ္မဟောင်းကျမ်းတွင် ပိုမိုရှင်းလင်းစွာဖော်ပြခြင်းခံရပါသည်။ မာဂုပညာရှိများက ကိုယ်တော်ရှင်၏ကြွလာခြင်းသည် နီးကပ်လျက်ရှိကြောင်းကိုလည်းကောင်း၊ ၎င်းပြင် ကမ္ဘာတစ်ခုလုံးသည်လည်း ထာဝရဘုရား၏ဘုန်းတော်ကိုသိခြင်းပညာနှင့် ပြည့်ဝစေတော့မည်ကိုလည်းကောင်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် လေ့လာသင်ယူခဲ့ကြပါသည်။

ထိုပညာရှိများသည် ထိုညဉ့် ဗက်လင်တောင်ကုန်းများအထက်ရှိ ကောင်းကင်ယံတွင် ထာဝရဘုရား၏ဘုန်းရောင်ခြည်တော်ဖြိုးဝေသောအချိန်၌ ပေါ်ထွန်းလာသည့် ထူးဆန်းသောအလင်းတစ်ခုကိုမြင်တွေ့ခဲ့ကြရပါသည်။ ထိုအလင်းမှေးမှိန်သွားသည့်အခါတွင် အရောင်အဝါတောက်ပသောကြယ်တစ်လုံးသည် ပေါ်ထွန်းပြီးလျှင် ကောင်းကင်ယံတွင်ဆက်လက်တည်ရှိနေခဲ့ပါသည်။ ထိုအရာသည် နေရာအပြောင်းအရွှေ့မရှိသော ကြယ်တစ်လုံးမဟုတ်သည့်အပြင် ဂြိုဟ်တစ်လုံးလည်းမဟုတ်ခဲ့ချေ။ ထူးဆန်းသောအရာသည် အလွန်အမင်းစိတ်ဝင်စားမှုတစ်ခုကိုဖြစ်စေရန် နှိုးဆွပေးခဲ့ပါသည်။ ထိုကြယ်သည် တောက်ပနေသောကောင်းကင်တမန်များစုဝေးနေခြင်းကို အဝေးမှလှမ်းမြင်ရခြင်းဖြစ်ပါသည်။ သို့သော် ထိုအကြောင်းကို မာဂု

ပညာရှိများမသိနားမလည်ခဲ့ကြချေ။ သို့စေကာမူ ထိုကြယ်သည် ၎င်းတို့အတွက်အရေးပါကြောင်းကို သိရှိခံစားခဲ့ကြရပါသည်။ သူတို့သည် ထိုအကြောင်းနှင့်ပတ်သက်၍ ယဇ်ပုရောဟိတ်များ၊ အတွေးအခေါ်ပညာရှင်များနှင့်တိုင်ပင်ဆွေးနွေးခဲ့ပြီး ရှေးမှတ်တမ်းစာလိပ်များကို ရှာဖွေလေ့လာခဲ့ကြပါသည်။ "ကြယ်တစ်လုံးသည် ယာကုပ်အမျိုး၌ပေါ်ထွန်း၍ ရာဇလှံတံသည် ဣသရေလအမျိုး၌ထင်ရှားပါလိမ့်မည်" ဟူ၍ ဗာလမ်၏အနာဂတ္တိစကားတွင် ထုတ်ဖော်ကြေညာခဲ့ပါသည်။ (တောလည် ၂၄း၁၇)။ ဤထူးဆန်းသောကြယ်သည် ကယ်တင်ရှင်ပေါ်ထွန်းခြင်းအတွက် ရှေ့ပြေးတစ်ခုဖြစ်နိုင်ပါသလား။ မာဂုပညာရှိများသည် ကောင်းကင်မှစေလွှတ်ခဲ့သော ထိုအလင်းကိုကြိုဆိုခဲ့ကြပါသည်။ ယခုအချိန်တွင် ထိုအလင်းသည် ၎င်းတို့အပေါ်သို့ တောက်ပသောရောင်ခြည်တန်းများအားဖြင့် သက်ရောက်လျက်ရှိပါသည်။ မွေးဖွားခြင်းကိုခံတော်မူလျက်ရှိသော ကယ်တင်ရှင်ကိုသွားရောက်ရှာဖွေရန် အိပ်မက်အားဖြင့် ဘုရားသခင်သည် ၎င်းတို့ကိုညွှန်ကြားတော်မူခဲ့ပါသည်။

အာဗြဟံသည် အမွေခံလတ္တံ့သောပြည်သို့ထွက်သွားရမည်အကြောင်း ဘုရားသခင်ခေါ်တော်မူသောအခါ သူသည် အဘယ်အရပ်သို့သွားရမည်ကို ကိုယ်တိုင်မသိဘဲလျက် ယုံကြည်ခြင်းအားဖြင့် နားထောင်၍ ထွက်သွားခဲ့သကဲ့သို့လည်းကောင်း၊ ကတိထားတော်မူသောပြည်သို့သွားရန် ဣသရေလလူများသည် ယုံကြည်ခြင်းအားဖြင့် မိုးတိမ်တိုင်နောက်သို့လိုက်ခဲ့ကြသကဲ့သို့လည်းကောင်း ဤတစ်ပါးအမျိုးသားများသည် ကတိထားတော်မူသောကယ်တင်ရှင်ကိုရှာဖွေရန် ထွက်လာခဲ့ကြပါသည်။ အရှေ့တိုင်းနိုင်ငံသည် အဖိုးတန်ပစ္စည်းများဖြင့် ပေါကြွယ်ဝလျက်ရှိသောကြောင့် မာဂုပညာရှိများသည် လက်ချည်းသက်သက်ဖြင့်မသွားခဲ့ကြချေ။ ဘုရင်များနှင့်ရာထူးကြီးမြင့်သောသူများအား အရိုအသေပေးသည့်အနေဖြင့် လက်ဆောင်များပေးခြင်းသည် အရှေ့တိုင်း၏ဓလေ့ထုံးစံတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာသူကမ္ဘာသားများအား ကောင်းချီးပေးမည့်ထိုပုဂ္ဂိုလ်အား ပူဇော်သကာအနေဖြင့် ဆက်ကပ်ရန်အတွက် ၎င်းတို့တိုင်းပြည်မှ အကောင်းဆုံးလက်ဆောင်များကို သယ်ဆောင်လာခဲ့ကြပါသည်။ ထိုကြယ်ကြီးအား



မျက်ခြည်ပြတ်မသွားစေရန် ညအခါတွင်ခရီးသွားကြစဉ် သူတို့သည် မိရိုးဖလာပုံပြင်များအား ပြန်လည်ပြောကြားခြင်းဖြင့်သော်လည်းကောင်း၊ သူတို့ရှာဖွေနေသောကယ်တင်ရှင်နှင့်ပတ်သက်သည့် အနာဂတ္တိဆိုင်ရာစကားများတို့ကို ရွတ်ဆိုခြင်းအားဖြင့်သော်လည်းကောင်း ပျော်ရွှင်မြူးထူးစွာအချိန်ကိုကုန်လွန်စေခဲ့ကြပါသည်။ သူတို့သည် ခေတ္တရပ်နားသည့်အခါတိုင်း အနာဂတ္တိကျမ်းများကို ရှာဖွေလေ့လာခဲ့ကြပါသည်။ ၎င်းပြင် သူတို့အား ဘုရားသခင်လမ်းပြပို့ဆောင်နေသည်ဟူသော ယုံကြည်စိတ်ချမှုသည် နက်ရှိုင်းလာခဲ့ပါသည်။ အပြင်လက္ခဏာ တစ်ရပ်အနေဖြင့် သူတို့၏ရှေ့တွင် ထိုကြယ်ကြီးရှိနေစဉ်တွင် ၎င်းတို့၏စိတ်နှလုံးကိုလှုပ်ရှားစေ၍ မျှော်လင့်ချက်များဖြင့်ပြည့်ဝစေသော အတွင်းလက္ခဏာတစ်ရပ်ဖြစ်သည့် သန့်ရှင်းသောဝိညာဉ်တော်၏သက်သေထင်ရှားခြင်းကို သူတို့ရရှိခဲ့ကြပါသည်။ ထိုခရီးသည် ရှည်လျားသော်လည်း သူတို့အတွက် ပျော်ရွှင်စရာတစ်ခုဖြစ်ခဲ့ပါသည်။

သူတို့အား လမ်းခရီးတစ်လျှောက်လုံး လမ်းပြခဲ့သောထိုကြယ်ကြီးသည် ဗိမာန်တော်အပေါ်၌ရပ်တန့်နေသောအချိန်တွင် သူတို့သည် ဣသရေလနိုင်ငံသို့ရောက်ရှိလာကြပြီး ယေရုရှလင်မြင်ကွင်းကိုကြည့်ရှုရင်း သံလွင်တောင်ကျောတစ်လျှောက်ဆင်းလာခဲ့ကြသည်။ ခဏကြာသောအခါ ထိုကြယ်သည် ၎င်းတို့၏မြင်ကွင်းမှပျောက်ကွယ်သွားခဲ့ပါသည်။ မေရှိယ၏မွေးဖွားခြင်းနှင့်ပတ်သက်သော ဝမ်းမြောက်ဖွယ်များကို လူတိုင်း၏ပါးစပ်ဖျားတွင် အရေးတယူလုပ်၍ပြောနေကြမည်ဟု မျှော်လင့်လျက် ယုံကြည်စိတ်ချစွာဖြင့် သူတို့သည် စိတ်အားထက်သန်သောခြေလှမ်းများအားဖြင့် ရှေ့သို့တက်လှမ်းခဲ့ကြပါသည်။ သို့သော်လည်း ၎င်းတို့၏မေးမြန်းစုံစမ်းမှုများသည် အချည်းနှီးသာဖြစ်ခဲ့ရပါသည်။ မြို့ထဲသို့ရောက်လာသောအခါ သူတို့သည် ဗိမာန်တော်သို့သွားရောက်ခဲ့ရာ အသစ်မွေးဖွားခြင်းခံယူသည့် ဘုရင်၏အကြောင်းကိုသိရှိထားသည်ဟု မှတ်ယူရသောသူတစ်စုံတစ်ယောက်ကိုမျှ ဗိမာန်တော်တွင်မတွေ့ရှိခဲ့ရ၍ သူတို့အံ့ဩခဲ့ကြရပါသည်။ သူတို့၏မေးခွန်းများတွင် ဝမ်းမြောက်သောခံစားချက်တစ်စုံတစ်ရာကိုမျှ ထုတ်ဖော်ခြင်း

မရှိကြောင်းတွေ့ရပြီး အံ့အားသင့်မှု၊ ကြောက်လန့်မှုနှင့် မထီလေးစားပြုမှုများကိုသာဖော်ပြနေခဲ့ပါသည်။

ယဇ်ပုရောဟိတ်များသည် မိရိုးဖလာကိစ္စတို့ကို ပြန်လည်ပြောပြနေသည်။ သူတို့သည် ဂရိလူမျိုးများနှင့် ရောမလူမျိုးများအား တစ်ပါးအမျိုးသားများအနေဖြင့်သော်လည်းကောင်း၊ အခြားသူများထက်ဆိုးသောအပြစ်သားများအဖြစ်ဖြင့်သော်လည်းကောင်း လူသိရှင်ကြားစွပ်စွဲပြောဆိုနေစဉ်တွင် မိမိတို့ကိုးကွယ်သောဘာသာတရားများနှင့် မိမိတို့ကိုယ်တိုင်၏ ဘုရားတရားရှိမှုကို အမွှမ်းတင်နေကြပါသည်။ ထိုပညာရှိများသည် ရုပ်တုကိုးကွယ်သူများမဟုတ်ကြပါ။ ၎င်းပြင်ထိုသူတို့သည် ဘုရားသခင်၏ ရှေ့မှောက်တွင် ကိုယ်တော်ရှင်အား ယုံကြည်သက်ဝင်ကြောင်း ဝန်ခံထားသည့်ယုဒလူမျိုးများထက်ပင် များစွာသာလွန်သောအခြေအနေတွင်ရပ်တည်နေကြပါသည်။ သို့ပါသော်လည်း ယုဒလူများက သူတို့အား တစ်ပါးအမျိုးသားရုပ်တုကိုးကွယ်သူများအနေဖြင့် မြင်ခဲ့ကြပါသည်။ ခန့်အပ်ထားခြင်းခံရသော ယုဒဘာသာရေးအဖွဲ့ဝင်များထဲ၌ပင်လျှင် ထိုပညာရှိများ၏မေးခွန်းများအပေါ်တွင် ခံစားချက်တစ်စုံတစ်ရာမရှိခဲ့ကြချေ။

မာဂုပညာရှိများရောက်ရှိလာခြင်းသတင်းသည် ယေရုရှလင်မြို့အနှံ့အပြားသို့လျင်မြန်စွာပျံ့နှံ့သွားခဲ့ပါသည်။ သူတို့၏ထူးဆန်းသောလုပ်ဆောင်မှုများသည် ယုဒလူများအကြားတွင် စိတ်လှုပ်ရှားမှုကိုဖြစ်ပေါ်စေခဲ့ပြီး ထိုသတင်းသည် ဟေရုဒ်မင်းကြီး၏နန်းတော်သို့တိုင် ပျံ့နှံ့စိမ့်ဝင်သွားခဲ့ပါသည်။ စဉ်းလဲသောဧဒုံလူမျိုးဟေရုဒ်သည် ပြိုင်ဘက်တစ်ယောက်ဖြစ်လာနိုင်သည့် ထိုအရိပ်အမြွက်သတင်းကြောင့် စိတ်လှုပ်ရှားလာခဲ့ပါသည်။ သူသည် မရေမတွက်နိုင်သောလူသတ်မှုများကိုကျူးလွန်၍ ထီးနန်းကိုရရန် သွေးစွန်းသောလမ်းများကို လျှောက်လှမ်းခဲ့ရသည်။ သူသည် ယုဒသွေးမဟုတ်သောကြောင့် ၎င်းအုပ်ချုပ်ရသည့်ယုဒပြည်သူများ၏မုန်းတီးခြင်းကိုလည်းခံခဲ့ရသည်။ သူ၏တစ်ခုတည်းသောဘေးကင်းလုံခြုံမှုသည် ရောမအစိုးရ၏မျက်နှာသာပေးခြင်းပင်ဖြစ်ပါသည်။ သို့သော် အသစ်မွေးဖွားလာသော သူငယ်တော်ယေရှုတွင် ပို၍မြင့်မြတ်သောရိုးရာအလိုက် အခွင့်



အရေးတစ်ရပ်ရှိနေခဲ့ပါသည်။ ၎င်းမှာ သူသည် ယုဒနိုင်ငံတွင်မွေးဖွားခံရခြင်းပင်ဖြစ်ပါသည်။

ယဇ်ပုရောဟိတ်များသည် ထိုသူစိမ်းဧည့်သည်များနှင့်ပူးပေါင်းကာ အုတ်အုတ်ကျက်ကျက်ဖြစ်ရန် နှိုးဆွနေပြီး ၎င်းအားထီးနန်းမှချရန် ကြံစည်နေကြသည်ဟု ဟေရုဒ်မင်းကြီးမယုံသင်္ကာဖြစ်ခဲ့ပါသည်။ သို့သော်လည်း ဟေရုဒ်သည် ပို၍ပါးနပ်လိမ္မာသောနည်းများဖြင့် ၎င်းတို့၏အကြံအစည်များကိုချေဖျက်ရန်ဆုံးဖြတ်လျက် သူ၏သင်္ကာမကင်းမှုများကို မထုတ်ဖော်ခဲ့ချေ။ ယဇ်ပုရောဟိတ်အကြီးများနှင့် ကျမ်းတတ်ဆရာများကို နန်းတော်သို့ဆင့်ခေါ်လျက် မေရှိယအရှင်မွေးဖွားမည့်နေရာနှင့်ပတ်သက်သော သမ္မာကျမ်းစာ၏သွန်သင်ချက်များကိုမေးမြန်းခဲ့ပါသည်။

ထီးနန်းကိုအဓမ္မသိမ်းပိုက်ထားသည့် ဟေရုဒ်၏စုံစမ်းမေးမြန်းချက်နှင့်သူစိမ်းဧည့်သည်များပြုလုပ်ခဲ့သော တောင်းဆိုချက်များသည် ယုဒကျမ်းတတ်ဆရာများ၏ဂုဏ်ရောင်ကိုထိခိုက်စေခဲ့ပါသည်။ စိတ်မဝင်စားစွာဖြင့် သူတို့သည် အနာဂတ္တိစာလိပ်များကို လှန်လှောနေကြခြင်းသည် မနာလိုငြူစူနေသောဘုရင်ကြီးအား အမျက်ဒေါသထွက်စေခဲ့ပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ သူတို့သိသောအရာများကိုထိမ်ချန်ရန် ကြိုးစားနေကြသည်ဟု ၎င်းတို့အပေါ် ဟေရုဒ်ထင်ခဲ့ပါသည်။ ကျမ်းစာကိုအသေးစိတ်ရှာဖွေလှေ့လာ၍ ၎င်းတို့မျှော်လင့်ထားသော ဘုရင်၏မွေးဖွားသည့်နေရာကို ဖော်ထုတ်ရန် ဟေရုဒ်မင်းကြီးသည် ၎င်းတို့အား မလွန်ဆန်နိုင်သော အာဏာကိုအသုံးပြု၍ အမိန့်ပေးခဲ့ပါသည်။ ထိုသူတို့ကလည်း ပုရောဖက်တစ်ပါးရေးထားသောအချက်ဟူမူကား "အိုယုဒပြည်ဗက်လက်မြို့အစိုးရသောယုဒမြို့တွင် သင်သည် မြို့ငယ်မြို့ယုတ်မဟုတ်၊ အကြောင်းမူကား ငါ၏လူစုဣသရေလအမျိုးကို အုပ်စိုးရသောသခင်သည် သင်၏အထဲမှာ ပေါ်ထွန်းလတ္တံ့" ဟုကျမ်းစာလာပါ၏။ ထို့ကြောင့် ယုဒပြည်ဗက်လင်မြို့၌ ခရစ်တော်ကိုဖွားမြင်ပါလိမ့်မည်ဟု မင်းကြီးအား ပြန်ကြားလျှောက်ထားကြ၏။ မဿဲ ၂း၆။

ယခုတွင် ဟေရုဒ်မင်းကြီးသည် မာဂုပညာရှိများအား မထင်မရှား ဖိတ်ခေါ်ခဲ့၏။ ၎င်း၏စိတ်နှလုံးထဲတွင် အမျက်ဒေါသများနှင့်စိုးရိမ်ကြောက်ရွံ့မှုတို့သည် ဗလောင်ဆန်နေသော်လည်း တည်ငြိမ်သောအသွင်ကိုဆောင်လျက် သူသည် ဧည့်သည်များကို ယဉ်ကျေးပျူငှါစွာဖြင့် လက်ခံတွေ့ဆုံခဲ့ပါသည်။ သူသည် မည်သည့်အချိန်တွင် ကြယ်ကြီးပေါ်ထွန်းကြောင်းမေးမြန်း၍ ခရစ်တော်၏မွေးဖွားခြင်းသတင်းကို ဝမ်းမြောက်ဝမ်းသာစွာဖြင့်ကြိုဆိုမည့်အကြောင်းကို ထုတ်ဖော်ပြောပြခဲ့ပါသည်။ သူသည် ထိုပညာရှိများအား "သင်တို့သွား၍ ထိုသူငယ်ကိုကြိုးစားရှာကြပါ။ တွေ့လျှင် ငါ့ထံသို့ပြန်လာ၍ ငါလည်း ထိုသူငယ်ကိုဖူးတွေ့ပူဇော်ရအောင်ကြားပြောကြပါ" ဟု မှာကြားခဲ့ပါသည်။ ထိုကဲ့သို့ပြော၍ သူတို့အား ဗက်လင်သို့ဆက်လက်သွားကြရန်စေလွှတ်ခဲ့ပါသည်။

ယေရုရှလင်မှယဇ်ပုရောဟိတ်များနှင့် လူအကြီးအကဲများသည် ခရစ်တော်၏မွေးရပ်မြေနှင့်ပတ်သက်၍ မသိနားမလည်ခြင်းမဟုတ်ချေ။ သိုးထိန်းများကို ကောင်းကင်တမန်များပြောကြားခဲ့သည့်သတင်းများသည် ယေရုရှလင်မြို့သို့တိုင်ရောက်ရှိခဲ့ပါသည်။ သို့သော် ထိုဆရာများသည် ကြားရသည့်သတင်းစကားများကို ဂရုစိုက်ရလောက်အောင် တန်ဖိုးမရှိသောအရာအဖြစ် မှတ်ယူခဲ့ကြပါသည်။ သူတို့သည် သခင်ယေရှုကို ကိုယ်တိုင်သွားရောက်ရှာဖွေတွေ့ရှိနိုင်ပြီး မာဂုပညာရှိများအား ကိုယ်တော်ရှင်၏မွေးရပ်မြေသို့သွားရောက်ပို့ဆောင်ရန် အသင့်အနေအထားတွင်ရရှိနိုင်ခဲ့ကြပါသည်။ သို့သော် ထိုသို့ဖြစ်ရမည့်အစား ခရစ်တော်မွေးဖွားသည့်နေရာကိုရှာရန် မာဂုပညာရှိများက ၎င်းတို့အားလာရောက်သတိပေးနေရပါသည်။ "ယခုဖွားမြင်သောယုဒရှင်ဘုရင်သည် အဘယ်မှာရှိတော်မူသနည်း။ အရှေ့ပြည်၌ သူ၏ကြယ်ကိုငါတို့မြင်ရသည်ဖြစ်၍ ဖူးတွေ့ပူဇော်ခြင်းငှါ ရောက်လာကြပြီ" ဟု သူတို့ဆိုကြ၏။

ယခုတွင် မာနတရားများနှင့် ငြူစူစောင်းမြောင်းခြင်းများသည် အလင်းတော်ကိုတားမြစ်ပိတ်ပင်ထားလေပြီ။ အကယ်၍သာ သိုးထိန်းများနှင့် ပညာရှိများယူဆောင်လာခဲ့သောသတင်းစကားများကို ယုံကြည်လက်ခံခဲ့





ကြလျှင် ထိုသူများသည် ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာများကို သမ္မာတရားအား မှားယွင်းစွာဖြင့် အဓိပ္ပါယ်ဖော်ပြသူများဖြစ်ကြောင်း သက်သေပြကာ အလွန်နိမ့်ကျသောရာထူးများတွင် ပြောင်းရွှေ့ခန့်အပ်ကြပါလိမ့်မည်။ ဤပညာတတ်ကျမ်းပြုဆရာများသည် တစ်ပါးအမျိုးသားများဟု ၎င်းတို့ခေါ်ဝေါ်ထားသည့်သူများ၏သွန်သင်ခြင်းကိုခံရန် အောက်ကျို့ကြလိမ့်မည်မဟုတ်ချေ။ ဘုရားသခင်သည် သူတို့ကိုကျော်၍ ပညာမဲ့သိုးထိန်းများနှင့် အရေဖျားလှီးခြင်းမခံယူသည့် တစ်ပါးအမျိုးသားများကို ဆက်သွယ်ရန်မဖြစ်နိုင်ပါဟု သူတို့ကဆိုကြသည်။ ဟေရုဒ်မင်းနှင့်တကွ ယေရုရှလင်တစ်မြို့လုံးကို စိတ်လှုပ်ရှားစေသော ထိုသတင်းကိုသူတို့ အထင်မကြီးကြောင်းပြရန် စိတ်ဆုံးဖြတ်ခဲ့ကြပါသည်။ ဤအရာများတကယ်ဟုတ်သည်မဟုတ်သည်ကိုကြည့်ရန် သူတို့သည် ဗက်လင်မြို့ကိုသွားကြလိမ့်မည်မဟုတ်ချေ။ ၎င်းပြင်သူတို့သည် ယုဒလူများအား သခင်ယေရှုအပေါ် စိတ်ဝင်စားခြင်းကို တစ်ယူသန်မှားယွင်းသောစိတ်လှုပ်ရှားစေမှုတစ်ခုအနေဖြင့် မှတ်ယူကြရန် လမ်းပြသွန်သင်ခဲ့ပါသည်။ ဤအချိန်မှစ၍ ခရစ်တော်အပေါ် ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာတို့၏ငြင်းပယ်ခြင်းအစပျိုးခဲ့ပါသည်။ ထိုအချက်မှ အစပြုခဲ့သောသူတို့၏မာနထောင်လွှားခြင်းနှင့် ခေါင်းမာခြင်းများသည် ကယ်တင်ရှင်အပေါ် တင်းမာသောမုန်းတီးခြင်းသို့တိုင် တိုးပွားခဲ့ပါသည်။ ထာဝရဘုရားသခင်သည် တစ်ပါးအမျိုးသားများအတွက် တံခါးဖွင့်ပေးနေစဉ် ယုဒခေါင်းဆောင်များသည် ၎င်းတို့ကိုယ်တိုင်အတွက် တံခါးပိတ်လျက်ရှိကြပါသည်။

ပညာရှိများသည် အခြားမည်သည့်ယုဒလူတစ်ယောက်မျှမပါဘဲနှင့် ယေရုရှလင်မြို့မှထွက်ခွာခဲ့ကြပါသည်။ သူတို့သည် မြို့တံခါးမှထွက်လာကြစဉ် ညမှောင်ရိပ်ကျလျက်ရှိသော်လည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ထိုကြယ်ကြီးကို တစ်ဖန်မြင်တွေ့ခဲ့ရပြန်ပြီ။ သူတို့အား ဗက်လင်မြို့ဘက်သို့ လမ်းညွှန်ခဲ့ပါသည်။ သိုးထိန်းများအားပေးသနားခဲ့သော သခင်ယေရှု၏ နိမ့်ကျသည့်အခြေအနေများ၏အရိပ်အမြွက်မျိုးကို မာဂုပညာရှိများမရခဲ့ကြချေ။ ခရီးရှည်ကြီးကို လျှောက်လှမ်းလာခဲ့ပြီးသည့်နောက် ယုဒခေါင်းဆောင်

များ၏ခရစ်တော်မွေးဖွားခြင်းအပေါ် စိတ်မဝင်စားမှုများကြောင့် စိတ်ပျက်ခဲ့ကြရပြီး မြို့ထဲကိုဝင်လာစဉ်အခါကထက် နည်းပါးသောယုံကြည်စိတ်ဖြင့် ယေရုရှလင်မြို့မှ ထွက်ခွာခဲ့ကြပါသည်။ သူတို့သည် မွေးဖွားလာမည့် ကယ်တင်ရှင်အား ကာကွယ်စောင့်ရှောက်ရန် တပ်ချထားသောမည်သည့် ဘုရင့်တပ်ကိုမျှ ဗက်လင်မြို့တွင်မတွေ့ခဲ့ရချေ။ မည်သည့်ကမ္ဘာ့ဂုဏ်အသရေရှိပုဂ္ဂိုလ်တစ်စုံတစ်ယောက်မျှ ထိုနေရာသို့မတက်ရောက်ခဲ့ကြချေ။ သခင်ယေရှုသည် နွားစားခွက်တွင် သိပ်ထားခြင်းကိုခံရပါသည်။ ပညာမတတ်သောလယ်သမားလူတန်းစားဖြစ်သည့် သူ၏မိဘများသည် ကိုယ်တော်၏သက်တော်စောင့်များဖြစ်ကြပါသည်။ "ယာကုပ်အမျိုးအနွယ်တို့ကိုချီးမြှောက်ခြင်း၊ ဘေးလွတ်သောဣသရေလသားတို့ကို အလျင်ကကဲ့သို့ဖြစ်စေခြင်းငှါပြုမည့်သူ" ဖြစ်နိုင်မည်လား။ ထိုပုဂ္ဂိုလ်သည် "မြေကြီးစွန်းတိုင်အောင် ကယ်တင်ခြင်းကိုပြုမည့်သူ၊ တစ်ပါးအမျိုးသားတို့အတွက် အလင်းတရားဖြစ်စေမည့်သူ" ဖြစ်နိုင်ပါမည်လား။ ဟေရှာ ၄၉း၆။

သူတို့သည် အိမ်သို့ဝင်လေသော် မယ်တော်မာရိနှင့်တကွ သူငယ်တော်ကိုတွေ့မြင်လျှင် ပျပ်ဝပ်ကိုးကွယ်ကြ၏။ ခရစ်တော်၏နှိမ့်ကျသောအသွင်အပြင်အောက်တွင်ဖုံးကွယ်ထားသော ကိုယ်တော်၏ဘုရားဇာတိတော်ကို သူတို့အသိအမှတ်ပြုခဲ့ကြသည်။ သူတို့သည် ကိုယ်တော်ရှင်အား ၎င်းတို့၏ကယ်တင်ရှင်အနေဖြင့် စိတ်နှလုံးများကိုပေးအပ်ခဲ့ကြပြီး မိမိတို့၏ဘဏ္ဍာဥစ္စာတို့ကိုဖွင့်၍ လောဗန်နှင့်မုရန်တည်းဟူသော နံ့သာမျိုးကိုလည်းကောင်း၊ ရွှေကိုလည်းကောင်း ဆက်ကပ်ပူဇော်ကြ၏။ သူတို့၏ယုံကြည်ခြင်းသည် ကြီးမားလှပါတကား။ "ဤမျှလောက်သောယုံကြည်ခြင်းကို ဣသရေလအမျိုး၌ပင် ငါမတွေ့ဖူးသေး" ဟုအညွှန်းခံခဲ့ရသောရောမတပ်မှူးကလေး၏ယုံကြည်ခြင်းကဲ့သို့ အရှေ့ပြည်မှလာသော ဤပညာရှိများ၏ယုံကြည်ခြင်းကို ခိုင်းနှိုင်းပြောဆိုနိုင်ပါသည်။

မာဂုပညာရှိများသည် သခင်ယေရှုအပေါ်ထားရှိသည့် ဟေရုဒ်၏အကြံအစည်ကိုထိုးဖောက်မသိမြင်ခဲ့ကြပါ။ သူတို့ခရီးစဉ်၏ရည်ရွယ်ချက်ပြည့်စုံပြီးမြောက်သွားသောအခါ ၎င်းတို့၏အောင်မြင်မှုများကို ဟေရုဒ်



မင်းကြီးအား သတိပေးကြားပြောရန်ရည်ရွယ်လျက် ယေရုရှလင်မြို့သို့ပြန်သွားကြရန် သူတို့ပြင်ဆင်ခဲ့ကြသည်။ သို့သော်သူတို့သည်ဟေရုဒ်မင်းကြီးနှင့်နောက်ထပ်အဆက်အသွယ်မလုပ်တော့ရန် ညွှန်ကြားသောဘုရားသခင်ထံမှသတင်းစကားကို အိပ်မက်အားဖြင့်ရရှိခဲ့ကြပါသည်။ ထို့ကြောင့် သူတို့သည် ယေရုရှလင်ကိုရှောင်ကွင်း၍ အခြားလမ်းမှ မိမိတို့၏တိုင်းပြည်သို့ပြန်ခဲ့ကြပါသည်။

ထိုပုံစံမျိုးအတိုင်းပင် မာရိနှင့်သူငယ်တော်ယေရှုကိုခေါ်ဆောင်၍ အီဂျစ်ပြည်သို့ထွက်ပြေးရန် သတိပေးစကားကို ယောသပ်ရရှိခဲ့ပါသည်။ ၎င်းပြင် ကောင်းကင်တမန်က "တစ်ဖန်ငါပြောဆိုသည်တိုင်အောင် ထိုပြည်၌နေလော့။ ဟေရုဒ်မင်းကြီးသည် သူငယ်တော်ကိုသတ်အံ့သောငှါရှာလိမ့်မည်ဟုဆိုလေ၏။" ယောသပ်သည် လုံခြုံမှုပိုမိုရရှိနိုင်စေရန်အတွက် ထိုညတွင်ပင် ခရီးကိုအစပြုခဲ့ခြင်းအားဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ နားထောင်ခဲ့ပါသည်။

ထာဝရဘုရားသခင်သည် ထိုပညာရှိများအားဖြင့် ခရစ်တော်၏မွေးဖွားခြင်းကို ယုဒအမျိုးသားများအာရုံပြုလာရန် လုပ်ဆောင်ခဲ့သည်။ မာဂုပညာရှိများ ယေရုရှလင်မြို့တွင် ပြုလုပ်ခဲ့သောစုံစမ်းမှုများသည်လည်းကောင်း၊ ထိုအကြောင်းနှင့်ပတ်သက်၍ လူအများ၏စိတ်ဝင်စားမှုသည်လည်းကောင်း၊ ယဇ်ပုရောဟိတ်များနှင့်ကျမ်းတတ်ဆရာများအား ဇွတ်အတင်းအာရုံပြုစေခဲ့သော ဟေရုဒ်မင်းကြီး၏မနာလိုမှုသည်လည်းကောင်း မေရှိယနှင့်ပတ်သက်သော အနာဂတ္တိစကားများနှင့် မကြာမီကဖြစ်ပျက်ခဲ့သော ကြီးကျယ်သည့်ဖြစ်ရပ်ကြီးအပေါ်သို့ စိတ်ဝင်စားလာရန် လမ်းညွှန်ခဲ့ပါသည်။

စာတန်သည် ဘုရားသခင်၏ထိုအလင်းတော်ကို ကမ္ဘာထဲသို့ရောက်ရှိမလာရန် ပိတ်ဆို့ခြင်းလုပ်ငန်းကိုလုပ်ဆောင်ရန် အာရုံစူးစိုက်ခဲ့ပါသည်။ ၎င်းပြင် သူသည် ကယ်တင်ရှင်ကိုသုတ်သင်ဖျက်ဆီးရန် အကောင်းဆုံးပါးနပ်မှုများကိုအသုံးပြုခဲ့ပါသည်။ သို့သော် ငိုက်မျဉ်းခြင်း၊ အိပ်ငိုက်ခြင်းမရှိသောထာဝရဘုရားသခင်သည် ချစ်လှစွာသောသားတော်ကို ကြည့်ရှု

စောင့်ကြပ်လျက်ရှိခဲ့သည်။ ဣသရေလများအတွက် ကောင်းကင်မှမန္နမုန့် မိုးရွာပေးခဲ့သော ဝတ်မွတ်ခေါင်းပါးရာကာလတွင် ဧလိယအား ကျွေးမွေးတော်မူခဲ့သော ထာဝရဘုရားသည် တစ်ပါးအမျိုးသားများ၏တိုင်းပြည်တွင် မာရိနှင့်သူငယ်တော်ယေရှုအတွက် ခိုလှုံရာတစ်ခုကိုပြင်ဆင်ပေးတော်မူခဲ့သည်။ တစ်ပါးအမျိုးသားတိုင်းပြည်မှ မာဂုပညာရှိများ၏လက်ဆောင်များအားဖြင့် အီဂျစ်ပြည်သို့သွားမည့်ခရီးစဉ်အတွက်သော်လည်းကောင်း၊ သူစိမ်းလူများ၏နိုင်ငံတော်တွင် ခေတ္တယာယီတည်းခိုသည့်ကာလအတွက်သော်လည်းကောင်း ပစ္စည်းကြေးငွေများကို ထာဝရဘုရားထောက်ပံ့ခဲ့ပါသည်။

မာဂုပညာရှိများသည် ကယ်တင်ရှင်ကိုကြိုဆိုကြသည့် ပထမဦးဆုံးအဖွဲ့ထဲမှ ပုဂ္ဂိုလ်များဖြစ်ခဲ့ကြပါသည်။ ၎င်းတို့ပေးလှူခဲ့ကြသည့်လက်ဆောင်ပဏ္ဏာများသည် ကိုယ်တော်၏ခြေတော်ရင်းတွင် ရောက်ရှိလာသည့် ပထမဦးဆုံးသောလက်ဆောင်များဖြစ်ခဲ့ပါသည်။ ထိုလက်ဆောင်ပဏ္ဏာများအားဖြင့် အမှုတော်ဆောင်ခြင်း၏အခွင့်အရေးတစ်ရပ်ကိုရရှိခဲ့ကြပါသည်တကား၊ ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသော စိတ်နှလုံးထဲမှထွက်ပေါ်လာသည့်ပူဇော်သကာကို ကိုယ်တော်၏အမှုတော်တွင် အထိရောက်ဆုံးဖြစ်စေလျက် ထာဝရဘုရားသည်ဂုဏ်ပြုရန် နှစ်ခြိုက်တော်မူပါသည်။ ကျွန်ုပ်တို့သည်လည်း မိမိတို့၏စိတ်နှလုံးများကို သခင်ယေရှုအား ဆက်ကပ်ထားကြပြီးဆိုလျှင် ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့ လက်ဆောင်ပဏ္ဏာများကိုယူဆောင်လာကြလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပိုင်သောရွှေများ၊ ငွေများ၊ လောကတွင်ရှိသောအဖိုးတန်ပစ္စည်းများ၊ အကောင်းဆုံးသောဉာဏ်ပညာစွမ်းရည်များနှင့် ဝိညာဉ်ရေးစွမ်းအားများကို ကျွန်ုပ်တို့အားချစ်၍ မိမိကိုယ်ကိုကျွန်ုပ်တို့အတွက် ပေးသနားတော်မူသော ကိုယ်တော်ထံအကြွင်းမဲ့ဆက်ကပ်လှူဒါန်းကြပါလိမ့်မည်။

ယေရုရှလင်မြို့တွင်ရှိသော ဟေရုဒ်မင်းကြီးသည် မာဂုပညာရှိများ၏ပြန်အလာကိုသည်းခံ၍ မစောင့်ဆိုင်းနိုင်တော့ချေ။ ရောက်ချိန်တန်သော်လည်း သူတို့ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် မယုံသင်္ကာစိတ်များပေါ်ပေါက်လာခဲ့ပါသည်။ မေရှိယမွေးဖွားသည့်နေရာကိုပြဿနာရန်



ကျမ်းတတ်ဆရာများ၏စိတ်ပါဝင်စားမှုမရှိခြင်းသည် ၎င်းတို့အနေနှင့် ဟေရုဒ်မင်းကြီး၏အကြံအစည်ကို သိသွားပြီဖြစ်ကြောင်းကိုလည်းကောင်း၊ မာဂုပညာရှိများသည် မင်းကြီးအား သက်သက်ရှောင်ကွင်းသွားခြင်းဖြစ်ကြောင်းကိုလည်းကောင်း ဖော်ညွှန်းနေသကဲ့သို့ဖြစ်နေပါသည်။ ထိုအတွေးများသည် မင်းကြီးအား စိတ်နှလုံးနောက်ကျိစေပါသည်။ လိမ္မာပါးနပ်စွာလုပ်ဆောင်ခြင်းအားဖြင့် မအောင်မြင်သော်လည်း အင်အားကိုသုံး၍လုပ်ဆောင်ရန် နည်းလမ်းကျန်ပါသေးသည်။ သူသည် ဤသူငယ်တော်ဘုရင်ကလေးအတွက် စံပြအနေနှင့် အပြစ်ဒဏ်စီရင်လေ၏။ မာနကြီးဘဝင်မြင့်နေသောဂျူးများသည် သက်ဦးဆံပိုင်ဘုရင်တစ်ပါးကိုနန်းတင်ရန်ကြိုးစားခဲ့သဖြင့် ၎င်းတို့မျှော်လင့်ထားခဲ့သည့်အရာကို တွေ့မြင်သင့်ပါသည်။

အသက်အရွယ်နှစ်နှစ်နှင့် အောက်ရှိကလေးငယ်အားလုံးကို သတ်ပစ်ရန် ဗက်လင်မြို့သို့ချက်ချင်းစေလွှတ်ခဲ့ပါသည်။ နှစ်ပေါင်းခြောက်ရာခန့်စော၍ ပုရောဖက်ယေရမိအားဖြင့် ဖွင့်ဆိုထားသော “ရာမအရပ်၌ သည်းစွာသောညည်းတွား၊ ငိုကြွေး၊ မြည်တမ်းခြင်းအသံကိုကြားရ၍ ရာခေလသည် မိမိသားတို့မရှိသောကြောင့် ပို၍စိတ်မပြေနိုင်ဟူသောစကားသည်” ထိုအခါတွင် ဒါဝိဒ်၏မြို့တော်တွင်ဖြစ်ပွားခဲ့သောမြင်ကွင်း၊ ကြောက်စရာမြင်ကွင်းများအားဖြင့်ပြည့်စုံခဲ့၏။

ဤဘေးဒုက္ခကြီးကို ယုဒလူမျိုးများကိုယ်တိုင် ဖြစ်ပွားအောင် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် ထာဝရဘုရားရှေ့တော်တွင် သစ္စာရှိစွာ၊ နှိမ့်ချစွာဖြင့် အသက်ရှင်ခဲ့ကြမည်ဆိုလျှင် ကိုယ်တော်သည် ထူးကဲသောနည်းနိဿယအားဖြင့် ဟေရုဒ်မင်းကြီး၏အမျက်ဒေါသကို သူတို့အတွက်ဘေးမဖြစ်အောင် ပြုလုပ်တော်မူလိမ့်မည်ဖြစ်ပါသည်။ သို့ပါသော်လည်း ယုဒလူများသည် ၎င်းတို့၏အပြစ်များအားဖြင့် ထာဝရဘုရားနှင့်တသီးတခြားစီဖြစ်သည့်ပြင် ၎င်းတို့အတွက် တစ်ခုတည်းသောကာကွယ်ရာဖြစ်တော်မူသည့် သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ငြင်းပယ်ခဲ့ကြပါသည်။ သူတို့သည် ထာဝရဘုရား၏အလိုတော်နှင့်ညီသောအသက်တာကိုရရန် ဆန္ဒဖြင့် ကျမ်းစာကိုလေ့လာခဲ့ကြသည်မဟုတ်ဘဲ မိမိတို့ကိုယ်ကိုချီးမြှောက်

နိုင်ရန်နှင့် ထာဝရဘုရားသည် အခြားလူမျိုးများအား မည်ကဲ့သို့အထင်အမြင်သေးကြောင်း ဖော်ပြရန်များအတွက် အနက်အဓိပ္ပါယ်ဖွင့်ဆိုနိုင်သော အနာဂတ္တိစကားများကိုသာ ရှာဖွေလေ့လာခဲ့ကြပါသည်။ မေရှိယအရှင်သည် ရန်သူများကို အောင်နိုင်လျက်၊ တစ်ပါးအမျိုးသားများကို အမျက်တော်အားဖြင့် နင်းချေလျက်၊ ဘုရင်တစ်ပါးအနေဖြင့်ကြွလာမည်ဆိုသည်မှာ ၎င်းတို့၏ဂုဏ်ယူသောကြွားလုံးတစ်ခုဖြစ်ပါသည်။ ထိုနည်းအားဖြင့် သူတို့သည် ၎င်းတို့၏ရောမဘုရင်များ၏မုန်းတီးမှုကို နှိုးဆွခဲ့ကြပါသည်။ ခရစ်တော်၏အမှုတော်မြတ်အပေါ် သူတို့၏မှားယွင်းသောရုပ်လုံးဖော်မှုအားဖြင့် စာတန်သည် ကယ်တင်ရှင်အား သုတ်သင်ရှင်းလင်းရန် စဉ်းလဲသောအကြံကိုကြံစည်ခဲ့ပါသည်။ သို့သော်လည်း ကိုယ်တော်ရှင်အား သုတ်သင်ဖျက်ဆီးနိုင်မည့်အစား ထိုအကြံအစည်သည် သူတို့ခေါင်းပေါ်သို့ပြန်၍ကျခဲ့ပါသည်။

ဤရက်စက်စွာလုပ်ဆောင်မှုသည် ဟေရုဒ်မင်းကြီး၏ထီးသက်နန်းသက်တွင် မှောင်မိုက်စေသည့် နောက်ဆုံးဖြစ်ရပ်များမှ လုပ်ဆောင်မှုတစ်ခုဖြစ်ပါသည်။ အပြစ်မဲ့သောကလေးငယ်များကိုသတ်ဖြတ်ပြီး၍ မကြာမီတွင်သူသည် မည်သူတစ်စုံတစ်ဦးကမျှလွှဲပယ်၍မရသောကံကြမ္မာဆိုးကို လက်မြှောက်အရှုံးပေး၍ မိမိကိုယ်ကိုမိမိအနိုင်အထက်ပြုခဲ့ပါသည်။ ဟေရုဒ်မင်းကြီးသည် သေခြင်းဆိုးနှင့်သေခဲ့ရပါသည်။

ယခုတိုင်အီဂျစ်ပြည်တွင်နေထိုင်လျက်ရှိသော ယောသပ်အား ဣသရေလတိုင်းပြည်သို့ပြန်ရန် ဘုရားသခင်၏ကောင်းကင်တမန်သည် ယခုအချိန်တွင်ဖိတ်ခေါ်ခဲ့ပါသည်။ ဒါဝိဒ်၏ထီးနန်းကိုဆက်ခံမည့်သူတစ်ဦးဖြစ်သော သခင်ယေရှုကိုထောက်ထားလျက် ယောသပ်သည် ဗက်လင်မြို့တွင်ပြန်၍နေလိုသော်လည်း ဟေရုဒ်မင်းကြီးအရာတွင် သားတော်အာခေလသည် ယုဒပြည်တွင်မင်းပြုနေကြောင်းကြားရလျှင် ခရစ်တော်ကိုသတ်ဖြတ်မည့်ဖခင်၏စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်မည်ကို ယောသပ်စိုးရိမ်ခဲ့သည်။ ဟေရုဒ်မင်းကြီး၏သားများထဲတွင် အာခေလသည် ဖခင်နှင့်အကျင့်စရိုက်အတူဆုံးဖြစ်ပါသည်။ ၎င်း၏ထီးနန်းဆက်ခံမှုကို ယေရုရှလင်



မြို့တွင်ဖြစ်ပွားခဲ့သည့် အုတ်အုတ်ကျက်ကျက်၊ ရုန်းရင်းခတ်မှုတစ်ခုအားဖြင့်သော်လည်းကောင်း၊ ယုဒထောင်ပေါင်းများစွာကို အစုလိုက်အပြုံလိုက်ရောမလူမျိုးများကသတ်ဖြတ်မှုအားဖြင့်သော်လည်းကောင်း အမှတ်အသားပြုခဲ့ပါသည်။

ယောသပ်သည် လုံခြုံစိတ်ချရသောနေရာတစ်ခုသို့ တစ်ဖန်လမ်းညွှန်ခြင်းကိုခံခဲ့ရပါသည်။ သူသည် ယခင်ကနေထိုင်ခဲ့ဖူးသောနာဇရက်မြို့သို့ပြန်လာခဲ့ပါသည်။ ဤနေရာတွင် သခင်ယေရှုသည် အနှစ်သုံးဆယ်နီးပါးနေထိုင်ခဲ့သဖြင့် “ခရစ်တော်ကို နာဇရက်လူဟု ခေါ်ဝေါ်ကြလတ္တံ့ဟူသောပုရောဖက်တို့၏နှုတ်ထွက်စကား” ပြည့်စုံခဲ့ပါသည်။ ဂါလိလဲပြည်သည် ဟေရုဒ်မင်းကြီး၏သားတစ်ယောက်၏အုပ်ချုပ်မှုလက်အောက်တွင်ရှိခဲ့သော်လည်း ယုဒပြည်မှာထက် အခြားလူမျိုးများ၊ များစွာရောယှက်နေသောပြည်နယ်တစ်ခုဖြစ်ပါသည်။ သို့အတွက် ယုဒများနှင့်သာ အထူးပတ်သက်သောကိစ္စများကို စိတ်ဝင်စားမှုနည်းပါးသည့်အပြင် သခင်ယေရှုနှင့်ပတ်သက်သော အခိုင်အမာပြောဆိုချက်များသည် အုပ်ချုပ်သူအဖွဲ့အစည်းမှ သူများ၏ဝန်တိုမှုကိုနှိုးဆွရန် ဖြစ်တန်မှုနည်းပါးလိမ့်မည်ဖြစ်ပါသည်။

ကယ်တင်ရှင်သည် လောကကိုကြွလာစဉ်အခါက ထိုသို့သောအဖြစ်အပျက်များကို ကိုယ်တော်ရှင်ခံယူခဲ့ပါသည်။ သူငယ်တော်ယေရှုရှင်အတွက် လုံခြုံသောနေရာ (သို့မဟုတ်) နားနေရန်နေရာတစ်စုံတစ်ခုမျှမရှိသလောက်ရှိခဲ့ပါသည်။ လူသားများ၏ကယ်တင်ခြင်းအတွက် အမှုတော်ဆောင်စဉ်မှာပင် ထာဝရဘုရားသည် ချစ်လှစွာသောသားတော်ကို လူတို့၏လက်ထဲတွင်ပုံ၍မအပ်နိုင်ခဲ့ချေ။ ခရစ်တော်သည် ဤကမ္ဘာတွင်လုပ်ဆောင်ရမည့်အမှုတော်လုပ်ငန်းပြီးစီး၍ မိမိကယ်တင်ရန်လာခဲ့သောလူများ၏လက်ချက်ဖြင့် အသေသတ်ခံပြီးသည့်တိုင် ကိုယ်တော်ကိုပံ့ပိုးမစ၍ ကူညီရန် ထာဝရဘုရားသည် ကောင်းကင်တမန်များကို အထူးတာဝန်ပေးအပ်တော်မူခဲ့ပါသည်။

-o-

## (၇)
## သူငယ်တော်ယေရှု

သခင်ယေရှု၏ကလေးဘဝနှင့် လူငယ်ဘဝသည် သေးငယ်သော တောင်ပေါ်ရွာကလေးတစ်ရွာတွင် ကုန်လွန်ခဲ့ပါသည်။ လောကတွင်ရှိသော မည်သည့်နေရာမဆို ကိုယ်တော်ရှင်ရောက်ရှိခြင်းအားဖြင့် ဂုဏ်ပြုခြင်းမခံရသောနေရာဟူ၍ ရှိလိမ့်မည်မဟုတ်ချေ။ ဘုရင့်နန်းတော်များသည် ကိုယ်တော်ရှင်အား အထူးဧည့်သည်အဖြစ် လက်ခံခြင်းအားဖြင့် အခွင့်အရေးပေးခြင်းကို ခံရလိမ့်မည်ဖြစ်ပါသည်။ သို့သော်လည်း ကိုယ်တော်သည် လူချမ်းသာများ၏နေအိမ်များ၊ ဘုရင့်နန်းတော်များနှင့် ပညာတတ်များ၏ ကျော်စောကိတ္တိဖြစ်သော ရိပ်သာများကိုကျော်၍ ထင်ရှားကျော်ကြားခြင်းမရှိသောအထင်အမြင်သေးခံရသည့် နာဇရက်မြို့တွင် အခြေချနေထိုင်ခဲ့ပါသည်။

ကိုယ်တော်ရှင်၏ငယ်ရွယ်စဉ်အသက်တာမှတ်တမ်းအကျဉ်းချုပ်သည် အထူးအဓိပ္ပါယ်ရှိမှုတွင် အံ့ဩဖွယ်ဖြစ်ပါသည်။ အဖခမည်းတော်၏ မျက်နှာတော်အလင်းတော်တွင် သခင်ယေရှုသည် "အစဉ်အတိုင်းကြီး၍ ပညာတိုးပွားလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရတော်မူ၏။" လုကာ ၂း၅၂။ ကိုယ်တော်၏စိတ်နှလုံးသည် အသက်နှင့်မလိုက်အောင် ထောက်ထားစာနာတတ်ပြီး ဉာဏ်ပညာနှင့်ပြည့်ဝကာ သွက်လက်ချက်ချာ၍ ထိုးထွင်းသိမြင်တတ်ပါသည်။ ကိုယ်တော်၏အကျင့်စာရိတ္တသည်လည်း ရှုချင်စဖွယ်ကောင်းခြင်းနှင့်ပြည့်စုံသောတင့်တယ်ခြင်းရှိလှပါသည်။ ကလေးအချိန်တွင် လိုက်နာရမည့်စည်းမျဉ်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် စိတ်တန်ခိုးများနှင့် ခန္ဓာကိုယ်ခွန်အားများသည် တဖြည်းဖြည်းဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။

သခင်ယေရှုသည် ကလေးငယ်တစ်ဦးအနေဖြင့် ပင်ကိုသဘောထား၏အထူးနှစ်လိုဖွယ်ကောင်းစရာတစ်ခုကို ထင်ရှားစွာထုတ်ဖော်ပြသခဲ့ပါသည်။ ကိုယ်တော်၏စိတ်စေတနာနှင့်ပြည့်ဝသောလက်များသည် အခြား



သူများကို အလုပ်အကျွေးပြုရန် အမြဲတမ်းအဆင်သင့်ရှိခဲ့ပါသည်။ ကိုယ်တော်သည် မည်သည့်အရာကမျှမနှောင့်ယှက်နိုင်သောသည်းခံခြင်းနှင့် သမ္မာဓိရှိမှုကို မည်သည့်အခါမျှ လက်လွှတ်မခံမည့် ဟုတ်တိုင်းမှန်ရာပြောတတ်ခြင်းကို အသက်တာတွင် ထင်ရှားစေခဲ့ပါသည်။ များသောအားဖြင့် ကျောက်ဆောင်တစ်ခုကဲ့သို့ ခိုင်မာသည့်အတ္တကင်းသောဖော်ရွေမှု၏ နှစ်သက်ဖွယ်သောအရာများကို ကိုယ်တော်၏အသက်တာတွင် ထင်ရှားစေခဲ့ပါသည်။

သခင်ယေရှု၏မယ်တော်သည် ကိုယ်တော်၏အစွမ်းသတ္တိများတိုးတက်ဖွံ့ဖြိုးလာခြင်းကို အလွန်စိတ်အားထက်သန်စွာဖြင့် ဂရုပြုစောင့်ကြည့်ခဲ့ပြီး စာရိတ္တတော်၏ပြည့်စုံမှုအမှတ်အသားများကို တွေ့မြင်ခဲ့ရပါသည်။ သူမသည် ကိုယ်တော်၏ထက်မြက်၍ ခံယူတတ်သောစိတ်သဘောထားကို နှစ်ခြိုက်စွာဖြင့်အားပေးရန် ကြိုးစားခဲ့ပါသည်။ ထာဝရဘုရားသခင်တစ်ပါးတည်းသာ မိမိ၏အဖဖြစ်ကြောင်း အခိုင်အမာပြောဆိုခဲ့သော ဤကလေးငယ်၏ဖွံ့ဖြိုးတိုးတက်ရေးများတွင် သူမသည် ကောင်းကင်သားများနှင့်အတူတကွပေါင်းဖက်ဆောင်ရွက်ရန် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဉာဏ်ပညာကိုရရှိခဲ့ပါသည်။

ရှေးခေတ်အခါများမှစ၍ ဣသရေလပြည်တွင်ရှိသော ဘုရားသခင်ဘက်တွင် သစ္စာရှိသူများသည် လူငယ်များ၏ပညာရေးကို အထူးဂရုစိုက်ခဲ့ကြပါသည်။ ကလေးများကို ငယ်စဉ်အခါမှစ၍ ကိုယ်တော်ရှင်၏ကောင်းမြတ်ခြင်းနှင့် ကြီးမြတ်ခြင်းအပြင် အထူးသဖြင့် ကိုယ်တော်၏ပညတ်တော်နှင့် ဣသရေလရာဇဝင်များတွင် ဖော်ပြထားသည့်အရာများကိုသင်ကြားပေးရန် ထာဝရဘုရားသခင်က ညွှန်ကြားခဲ့ပါသည်။ သမ္မာကျမ်းစာမှသီချင်းများ၊ ဆုတောင်းချက်များနှင့်သင်ခန်းစာများကို ဖွင့်ဟထားသော ထိုစိတ်နှလုံးများအတွက် သင့်လျော်အောင်ပြုပြင်၍ သင်ကြားပေးရန်ဖြစ်ပါသည်။ မိခင်ဖခင်များသည် သားသမီးများအား ဘုရားသခင်၏ပညတ်တော်သည် ကိုယ်တော်၏စာရိတ္တတော်ကို ဖော်ညွှန်းထားသည့် အရာတစ်ခုဖြစ်ကြောင်းကိုလည်းကောင်း၊ ပညတ်တော်၏စည်းမျဉ်းများကို စိတ်နှလုံးထဲတွင် လက်ခံရရှိသည်နှင့်အမျှ ဘုရားသခင်၏ရုပ်လုံးသည် ၎င်းတို့၏သဘောထားများနှင့်

စိတ်ဓာတ်များတွင်တွေ့ရှိနိုင်ကြမည်ဖြစ်ကြောင်းကိုလည်းကောင်း သွန်သင်ရန်ဖြစ်ပါသည်။ များပြားစွာသောသွန်သင်ချက်များသည် နှုတ်တိုက်သင်ကြားပို့ချခြင်းဖြစ်သော်လည်း လူငယ်များသည် ပေဖြစာပေများကိုလည်း အဖတ်သင်ကြရပါသည်။ ၎င်းပြင် ဓမ္မဟောင်းကျမ်းစာ၏စာလိပ်များသည် သူတို့လေ့လာရသည့်အရာများဖြစ်ကြပါသည်။

ခရစ်တော်သက်တော်ထင်ရှားခဲ့စဉ်အချိန်များတွင် လူငယ်များအတွက် ဘာသာရေးနှင့်ပတ်သက်သောဩဝါဒများကိုသင်ကြားပို့ချရန် စီစဉ်ခြင်းမရှိသော မြို့ကြီးမြို့ငယ်များသည် ထာဝရဘုရား၏ကျိန်ခြင်းအမင်္ဂလာအောက်တွင်ရှိသောမြို့များဟူ၍ မှတ်ယူခြင်းကိုခံကြရပါသည်။ သို့ပါသော်လည်း သင်ကြားပို့ချမှုများသည် အပေါ်ယံဟန်ပန်မျှသာဖြစ်ပါသည်။ ရိုးရာဓလေ့များသည် ကျမ်းစာ၏နေရာတော်တော်များများတွင် အစားထိုးနေရာယူခဲ့ပါသည်။ စစ်မှန်သောပညာရေးသည် လူငယ်များအား တွေ့ကောင်းတွေ့နိုင်မည်ဖြစ်သော ဘုရားသခင်ကိုရှာရန် လမ်းညွှန်နေပါသည်။ သို့သော်ယုဒခေါင်းဆောင်များသည် ဝိနည်းထုံးဖွဲ့မှုနှင့်ဆိုင်သောအရာများကိုသာ အာရုံပြုခဲ့ကြပါသည်။ လူတို့၏စိတ်နှလုံးများသည် နာယူသူများအတွက် အကျိုးမရှိသောအထက်ကောင်းကင်ရွှေနန်းတော်မှ ပို၍မြင့်မြတ်သောကျောင်းများတွင် အသိအမှတ်ပြုခြင်းရှိလိမ့်မည်မဟုတ်သော ရုပ်ဝတ္ထုပစ္စည်းများဖြင့်သာ ရှုပ်ထွေးပြည့်ညပ်နေပါသည်။ ထာဝရဘုရားသခင်၏နှုတ်ကပတ်တော်ကို ပုဂ္ဂလိကလက်ခံခြင်းအားဖြင့် ရရှိနိုင်သည့်အတွေ့အကြုံအတွက် ထိုပညာရေးစနစ်တွင် နေရာမရှိခဲ့ချေ။ အပြင်ပန်းဝိနည်းထုံးဖွဲ့များတွင်နစ်မြုပ်ကာ ကျမ်းစာလေ့လာသူများသည် ဘုရားသခင်နှင့်အတူနေထိုင်ရသည့် ငြိမ်သက်သာယာသော အချိန်များကိုမတွေ့ခဲ့ကြရချေ။ ယုဒခေါင်းဆောင်များသည် သူတို့၏စိတ်နှလုံးများအတွက် ဘုရားသခင်စကားပြောနေသောအသံတော်ကို မကြားခဲ့ကြချေ။ သူတို့သည် အသိပညာများကိုရှာဖွေရင်း ပညာ၏အချုပ်အခြာဖြစ်သော ဘုရားသခင်ကိုကျောခိုင်းခဲ့ကြပါသည်။ ဘုရားသခင်၏အမှုတော်တွင် အလွန်အဓိကကျသောအရာများကို သူတို့လျစ်လျူရှုခဲ့ကြသည်။ ပညတ်တော်၏စည်းမျဉ်းများကို



ရှင်းလင်းစွာနားမလည်ခဲ့ကြချေ။ သာလွန်ကောင်းမွန်သောပညာရေးစနစ်ဟု ၎င်းတို့အရေးတယူပြုခဲ့သောအရာများသည် စစ်မှန်သောဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသောအဟန့်အတားကြီးတစ်ခုဖြစ်ခဲ့ပါသည်။ ကျမ်းတတ်ဆရာများ၏သင်ကြားပို့ချမှုအောက်တွင် လူငယ်များ၏အစွမ်းသတ္တိများသည် ဖိနှိပ်ခြင်းကိုခံခဲ့ရပါသည်။ သူတို့၏စိတ်ထားများသည် ကျုံ့၍ကျဉ်းမြောင်းလာခဲ့ပါသည်။

သူငယ်တော်ယေရှုသည် ထိုတရားဇရပ်များတွင် သင်ကြားပေးနေသောကျောင်းများမှ ဩဝါဒများကိုမသင်ယူခဲ့ချေ။ သူ၏မိခင်သည် သူ၏ပထမဦးဆုံးလူသားဆရာတစ်ဦးဖြစ်ပြီး သူ၏နှုတ်ခမ်းမှထွက်လာသောသင်ချက်များနှင့် ပုရောဖက်များရေးသားခဲ့သောစာလိပ်များမှတစ်ဆင့်ကောင်းကင်နှင့်ပတ်သက်သောအရာများကို သူလေ့လာသင်ကြားခဲ့ပါသည်။ ဣသရေလလူများအတွက် မောရှေအား သူကိုယ်တိုင်ပြောကြားခဲ့သောစကားများကို ယခုအချိန်တွင် သူ၏မိခင်ထံမှသင်ယူခဲ့ရပြန်သည်။ ကလေးငယ်ဘဝမှလူငယ်ဘဝသို့ ကူးပြောင်းကြီးပြင်းလာသောအခါတွင်လည်း သူသည် ကျမ်းတတ်ဆရာများ၏ကျောင်းတွင် တက်ရောက်၍ပညာမရှာယူခဲ့ချေ။ ထာဝရဘုရားသခင်သည် သူ၏ဆရာဖြစ်သောကြောင့် ထိုသို့သောကျောင်းများမှ ပညာရပ်များကို သူရယူရန်မလိုအပ်ချေ။

ကယ်တင်ရှင်၏အမှုတော်ကာလတွင် "ဤသူသည် စာမသင်ဘဲလျက် အဘယ်သို့တတ်ဘိသနည်း" ဟူ၍မေးခဲ့သောမေးခွန်းသည် ကိုယ်တော်အနေနှင့် စာမတတ်ဟုမဆိုလိုဘဲ ကိုယ်တော်သည် ကျမ်းတတ်ဆရာများ၏ပညာရေးများမရယူခဲ့ခြင်းကို ဖော်ညွှန်းပါသည်။ ယောဟန် ၇း၁၅။ ကျွန်ုပ်တို့သည် အသိပညာများကိုရရှိနိုင်ကြသကဲ့သို့ ကိုယ်တော်ရရှိခဲ့သည့်အတွက် ကိုယ်တော်၏သမ္မာကျမ်းစာအား ကျေကျေညက်ညက်သိကျွမ်းမှုသည် ငယ်ရွယ်စဉ်အချိန်တွင် နှုတ်ကပတ်တော်ကို မည်မျှလုံ့လဝီရိယစိုက်ထုတ်၍ လေ့လာခဲ့ကြောင်းကို ဖော်ပြနေပါသည်။ ထာဝရဘုရား၏ဖန်ဆင်းခြင်းလက်ရာများတည်းဟူသော စာကြည့်တိုက်ကြီးသည် ကိုယ်တော်၏ရှေ့မှောက်တွင် ဖြန့်လျက်ရှိခဲ့ပါသည်။ ခပ်သိမ်းသောအရာများကို ဖန်ဆင်း

တော်မူသောကိုယ်တော်သည် မိမိ၏လက်တော်အားဖြင့် ရေးသားခဲ့သော မြေကြီး၊ သမုဒ္ဒရာနှင့် ကောင်းကင်ယံမှသင်ခန်းစာများကို လေ့လာခဲ့ပါသည်။ လောက၏မသန့်ရှင်းသောနည်းလမ်းများအရမဟုတ်ဘဲ ကိုယ်တော်သည် သိပ္ပံပညာနှင့်ပတ်သက်သော အသိဉာဏ်များကို သဘာဝမှစုဆောင်းလေ့လာခဲ့ပါသည်။ ကိုယ်တော်သည် သစ်ပင်များ၊ တိရစ္ဆာန်များနှင့် လူသားများ၏အသက်များကို လေ့လာခဲ့ပါသည်။ ငယ်ရွယ်စဉ်အခါမှစ၍ ကိုယ်တော်ပိုင်ဆိုင်ခဲ့သည့် တစ်ခုတည်းသောသဘောထားမှာ "သူသည် အခြားသူများအား ကောင်းချီးပေးရန်အသက်ရှင်ခြင်း" ပင်ဖြစ်သည်။ ထိုကိစ္စကိုလုပ်ဆောင်ရန်အတွက် ကိုယ်တော်သည် သဘာဝတရားထဲတွင် စွမ်းရည်များကိုတွေ့ရှိခဲ့ပါသည်။ သစ်ပင်များနှင့် တိရစ္ဆာန်များ၏ အသက်တာကိုလေ့လာစဉ် လုပ်ဆောင်ရန်နည်းလမ်းများအတွက် အသစ်သောအတွေးအခေါ်များသည် ကိုယ်တော်၏စိတ်နှလုံးထဲတွင်ပေါ်ထွက်ခဲ့ပါသည်။ မျက်မြင်ရသောသာဓကများအားဖြင့် အသက်ရှင်လျက်ရှိတော်မူသော ဘုရား၏နှုတ်ကပတ်တော်များကိုတင်ပြရန်အတွက် ဆွဲဆောင်ရန်အဆက်မပြတ်ကြိုးစားခဲ့ပါသည်။ ကိုယ်တော်ရှင်၏အမှုတော်ဆောင်စဉ်ကာလအတွင်း ပုံပမာများကိုအသုံးပြု၍ သမ္မာတရားသင်ခန်းစာများကို သွန်သင်ရန်နှစ်သက်ခြင်းသည် ကိုယ်တော်၏စိတ်နှလုံးသည် သဘာဝတရား၏ဩဇာသက်ရောက်မှုများအပေါ် မည်မျှဖွင့်ပေးထားသည်ကိုလည်းကောင်း၊ ဝိညာဉ်ရေးနှင့်ပတ်သက်သောသွန်သင်ချက်များကို နေ့စဉ်ကျင်လည်ခဲ့ရသော အသက်တာ၏ပတ်ဝန်းကျင်များမှ ကိုယ်တော်မည်မျှစုဆောင်းခဲ့သည်ကိုလည်းကောင်း ဖော်ပြနေပါသည်။

ထိုသို့သောနည်းအားဖြင့် သခင်ယေရှုသည် အရာဝတ္ထုများ၏ ပကတိအခြေအနေများကို နားလည်ရန်ကြိုးစားနေစဉ် ထာဝရဘုရား၏ နှုတ်ကပတ်တော်နှင့် လက်ရာတော်များ၏အရေးပါမှုများတို့ကို မြင်တွေ့ခဲ့ရပါသည်။ ကောင်းကင်သားများသည် ကိုယ်တော်၏အစေအပါးများဖြစ်ပြီး သန့်ရှင်းသောအပြောအဆိုနှင့်စိတ်ထားများအတွက် ဖွံ့ဖြိုးတိုးတက်အောင်လေ့ကျင့်ပြုပြင်ခြင်းသည် ကိုယ်တော်၏အငန်းအတာဖြစ်တော်မူခဲ့သည်။



အသိဉာဏ်ဖွံ့ဖြိုးစအချိန်မှစ၍ ကိုယ်တော်သည် ဝိညာဉ်ရေးနှင့်ပတ်သက်သည့် နှစ်သက်ဖွယ်သောအရာများနှင့် သမ္မာတရားအသိဉာဏ်များတို့တွင် မနားမနေတိုးတက်ကြီးပွားခဲ့ပါသည်။

ခရစ်တော်ကဲ့သို့ ကလေးသူငယ်တိုင်းသည် သမ္မာတရားအသိဉာဏ်များကိုရရှိနိုင်ကြပါသည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်အားဖြင့် ခမည်းတော်ဘုရားအား သိကျွမ်းလာစေရန် ကြိုးစားနေစဉ်တွင် ကောင်းကင်တမန်များသည် ကျွန်ုပ်တို့အပါးသို့ချဉ်းကပ်လာ၍ စိတ်ဓာတ်ခွန်အားများတက်လာစေရန်အားပေး၍ ကျွန်ုပ်တို့၏စာရိတ္တများကို သန့်စင်မြင့်တင်ပေးလိမ့်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကယ်တင်ရှင်နှင့်ပို၍တူလာကြမည်ဖြစ်ပါသည်။ ၎င်းအပြင် ကျွန်ုပ်တို့သည် သဘာဝတရားတွင်ရှိသည့် လှပတင့်တယ်သောအရာများနှင့် ကြီးကျယ်ခမ်းနားမှုများကိုတွေ့မြင်ရသောအခါ ထာဝရဘုရားအား ချစ်ခင်စုံမက်လာခဲ့ပါသည်။ စိတ်နှလုံးသည် စိုးရွံ့ထိတ်လန့်နေစဉ်တွင် လက်ရာတော်များမှတစ်ဆင့် အနန္တတန်ခိုးရှင်နှင့်အဆက်အသွယ်ရခြင်းအားဖြင့် အသက်ဝိညာဉ်သည် သန်စွမ်းကြံ့ခိုင်နေပါသည်။ ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းသည် စိတ်ဓာတ်စွမ်းရည်များနှင့် ကိုယ်ကျင့်တရားစွမ်းရည်များကို ဖွံ့ဖြိုးတိုးတက်စေပါသည်။ ဝိညာဉ်ရေးနှင့်ပတ်သက်သောအရာများအပေါ် တွေးခေါ်မှုများကို ပြုစုပျိုးထောင်စဉ် ဝိညာဉ်ရေးနှင့်ပတ်သက်သောတန်ခိုးများသည် အားကောင်းလာစေပါသည်။

သခင်ယေရှု၏အသက်တာသည် ထာဝရဘုရား၏အလိုတော်နှင့် ကိုက်ညီသည့်အသက်တာတစ်ခုဖြစ်ပါသည်။ ကိုယ်တော်သည် ငယ်စဉ်အခါတွင် သူငယ်လိုစိတ်ထင်၍ သူငယ်လိုစကားပြောခဲ့သော်လည်း ဘုရားသခင်၏သဏ္ဌာန်တော်ကို ပျက်ယွင်းစေမည့်အရာတစ်စုံတစ်ခုကိုမျှ ကိုယ်တော်၌ မတွေ့ရချေ။ သို့စေကာမူ ကိုယ်တော်သည် စုံစမ်းနှောင့်ယှက်ခြင်းမှ မကင်းလွတ်ခဲ့ချေ။ နာဇရက်မြို့သူမြို့သားများသည် ၎င်းတို့၏ဆိုးသွမ်းမှုများအတွက် ကျော်ကြားသူများဖြစ်ကြပါသည်။ "နာဇရက်မြို့ထဲက ကောင်းသောအရာတစ်စုံတစ်ခုမျှထွက်နိုင်သလော" ဟူသော နာသနေလ၏မေးခွန်းအားဖြင့် အများတကာ၏ ၎င်းတို့အပေါ်အထင်သေးမှုကို ထင်ရှားစေခဲ့ပါ

သည်။ စာရိတ္တတော်ကို အစမ်းသပ်ခံရမည့်နေရာတွင် ကိုယ်တော်ကို အသက်ရှင်စေခဲ့ပါသည်။ ကိုယ်တော်သည် မိမိ၏ဖြူစင်သန့်ရှင်းသော အသက်တာကို ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှါ အမြဲတမ်းသတိနှင့် နေထိုင်ရန်လိုအပ်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ကလေးဘဝ၊ လူငယ်ဘဝ၊ လူကြီးဘဝများအတွက် စံနမူနာဖြစ်နိုင်စေရန် ကျွန်ုပ်တို့ တွေ့ကြုံရမည့်တိုက်လှန်ပွဲအားလုံးကို ကြုံတွေ့ခံစားခဲ့ရပါသည်။



စာတန်သည် သူငယ်တော်ယေရှုအား ချေမှုန်းအောင်မြင်ရန် မမောတမ်းမပန်းတမ်းကြိုးစားခဲ့ပါသည်။ ငယ်ရွယ်စဉ်အချိန်မှစ၍ ကောင်းကင်တမန်များအားဖြင့် ကာကွယ်စောင့်ရှောက်ပေးခဲ့သော်လည်း ကိုယ်တော်၏အသက်တာသည် မကောင်းမှုဆိုင်ရာအင်အားစုများနှင့် အချိန်ရှည်လျားစွာ ဆန့်ကျင်ရုန်းကန်ရသောအသက်တာတစ်ခုဖြစ်ခဲ့ပါသည်။ ဒုစရိုက်အညစ်အကြေးနှင့်ကင်းလွတ်သောလူတစ်ယောက် ကမ္ဘာပေါ်တွင်ရှိခြင်းသည် စာတန်အတွက်မနှစ်မြို့စရာ၊ စိတ်ရှုပ်ထွေးစရာ တစ်ခုဖြစ်ပါသည်။ သူသည် သခင်ယေရှုအား နည်းမျိုးစုံအသုံးပြု၍ စုံစမ်း



ခဲ့သည်။ မည်သည့်သူငယ်တစ်စုံတစ်ယောက်မျှ ခရစ်တော်ကဲ့သို့စုံစမ်းခြင်းဖြင့်ပြီးသော ပြင်းထန်သည့်တိုက်လှန်ပွဲအလယ်တွင် သန့်ရှင်းသော အသက်တာဖြင့် အသက်ရှင်နေထိုင်နိုင်လိမ့်မည်မဟုတ်ချေ။

သခင်ယေရှု၏မိဘများသည် ပစ္စည်းဥစ္စာဆင်းရဲ၍ တစ်နေ့လုပ်မှ တစ်နေ့စားရမည့်သူများဖြစ်ကြသဖြင့် ကိုယ်တော်သည် ဆင်းရဲခြင်း၊ အပျော်အပါးရှောင်ကြဉ်ခြင်းနှင့် ချို့တဲ့နွမ်းပါးခြင်းများကို ကောင်းစွာနားလည်သဘောပေါက်ခဲ့ပါသည်။ ဤအတွေ့အကြုံသည် ကိုယ်တော်အတွက် အကာအကွယ်တစ်ခုဖြစ်ခဲ့ပါသည်။ အလုပ်ကိုကြိုးစားလုပ်ဆောင်ခဲ့ရသော ကိုယ်တော်ရှင်၏အသက်တာတွင် စုံစမ်းခြင်းကိုခေါ်ဖိတ်ရန်အတွက် ပျင်းရိဖွယ်အချိန်လုံးဝမရှိခဲ့ချေ။ အကျင့်စာရိတ္တဖောက်ပြန်သည့်အပေါင်းအဖော်များအတွက် လမ်းဖွင့်ပေးရန် အလဟဿအချိန်များလည်းမရှိခဲ့ချေ။ ကိုယ်တော်သည် စာတန်မဝင်နိုင်ရန် တတ်နိုင်သမျှတံခါးပိတ်ထားခဲ့ပါသည်။ ဥစ္စာဓနနှင့်ကာမဂုဏ်ခံစားခြင်းသည်လည်းကောင်း၊ ချီးမွမ်းခြင်းနှင့် အပြစ်တင်ပြောဆိုခြင်းသည်လည်းကောင်း အမှားကိုလုပ်ဖို့ သဘောတူရန် ကိုယ်တော်အားမသွေးဆောင်နိုင်ခဲ့ချေ။ ကိုယ်တော်သည် မကောင်းမှုဒုစရိုက်ကိုခွဲခြားသိမြင်ရန် အမြော်အမြင်ရှိ၍ ခုခံတွန်းလှန်ရန် ခွန်အားရှိတော်မူသည်။

ခရစ်တော်သည် ကမ္ဘာပေါ်တွင် အသက်ရှင်နေထိုင်ခဲ့သည့် လူသားများတွင် တစ်ဦးတည်းသောအပြစ်ကင်းသူဖြစ်ပါသည်။ သို့စေကာမူ ကိုယ်တော်သည် ဆိုးသွမ်းသောနာဇရက်မြို့သားများအလယ်တွင် နှစ်ပေါင်းသုံးဆယ်နီးပါးနေထိုင်ခဲ့ပါသည်။ ဤအချက်သည် အပြစ်တင်ခြင်းနှင့်ကင်းသောအသက်တာဖြင့် နေထိုင်နိုင်စေရန်အလို့ငှါ နေထိုင်ရမည့်နေရာဌာနနှင့် ကံကြမ္မာ (သို့မဟုတ်) ကောင်းစားခြင်းအပေါ်တွင်မူတည်ကြောင်း ထင်မြင်သောသူများအတွက် ဆုံးမစကားတစ်ခုဖြစ်ပါသည်။ စုံစမ်းနှောင့်ယှက်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ ဆင်းရဲဒုက္ခရောက်ခြင်းများသည် ဖြူစင်သန့်ရှင်းခြင်းနှင့် ဇွဲကောင်းခြင်းကို တိုးတက်ဖွံ့ဖြိုးရန် လိုအပ်သောစည်းမျဉ်းများဖြစ်ကြပါသည်။

သခင်ယေရှုသည် တောသူတောင်သားမိသားစုတစ်ခုတွင် အသက်ရှင်ကြီးထွားခဲ့ပြီး မိမိနှင့်ပတ်သက်သည့် အိမ်မှုတာဝန်များကို သစ္စာရှိစွာဖြင့် နှောင့်နှေးဆိုင်းတွခြင်းမရှိဘဲ လုပ်ဆောင်ခဲ့ပါသည်။ ကိုယ်တော်သည် ကောင်းကင်ဗိုလ်မင်းဖြစ်ခဲ့ပြီး ကောင်းကင်တမန်များသည် ကိုယ်တော်၏နှုတ်တော်ထွက်စကားများကိုဖြည့်ဆည်းရန် နှစ်ခြိုက်ခဲ့ကြပါသည်။ ယခုတွင်မူ ကိုယ်တော်ရှင်သည် စိတ်စေတနာရှိသောကျွန်တစ်ဦး၊ ချစ်စရာကောင်းပြီး နားထောင်မှုရှိသည့် သားတစ်ဦးဖြစ်ခဲ့ပါသည်။ ကိုယ်တော်သည် လက်သမားပညာကိုသင်ယူကာ ယောသပ်နှင့်အတူ လက်သမားအလုပ်ရုံတွင် ကိုယ်တော်တိုင်၏လက်တော်များဖြင့် အလုပ်လုပ်တော်မူခဲ့ပါသည်။ သာမန်အလုပ်သမားအဝတ်တို့ကိုဝတ်ဆင်လျက် ကိုယ်တော်သည် ထိုမြို့ငယ်ကလေး၏လမ်းများတွင် မိမိ၏နိမ့်ကျသော အလုပ်ရုံသို့ အသွားအပြန်လမ်းလျှောက်ခဲ့ရပါသည်။ ကိုယ်တော်သည် မိမိ၏ဝန်ကိုလျှော့နည်းသွားရန်အတွက်သော်လည်းကောင်း၊ မိမိ၏ ပင်ပန်းတကြီးလုပ်ကိုင်ခြင်းများကို ပေါ့ပါးသွားစေရန်အတွက်သော် လည်းကောင်း ဘုရားဇာတိ၏တန်ခိုးအစွမ်းများကို အသုံးမပြုခဲ့ချေ။

သခင်ယေရှုသည် ကလေးဘဝနှင့်လူငယ်ဘဝများတွင် အလုပ်လုပ်ခဲ့စဉ်တွင် အသိဉာဏ်နှင့်ခန္ဓာကိုယ်သည် ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ ကျန်းမာရေးအတွက် ခွန်အားများကို ချုပ်ထိန်းထားသော်လည်း အဘက်ဘက်မှ အကောင်းဆုံးအလုပ်များကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကိုယ်တော်သည် မိမိ၏ခန္ဓာကိုယ်ခွန်အားများကို အရမ်းမဲ့အသုံးမပြုခဲ့ချေ။ အသုံးပြုသောပစ္စည်းများကို ကိုင်တွယ်သုံးစွဲရာတွင်ပင် ချွတ်ယွင်းမှုများရှိရန် မလိုလားခဲ့ချေ။ ကိုယ်တော်သည် အကျင့်စာရိတ္တဘက်တွင် ပြည့်စုံသကဲ့သို့ အလုပ်သမားတစ်ဦးအနေဖြင့်လည်း စုံလင်ခဲ့ပါသည်။ လုံ့လဝီရိယစိုက်ထုတ်လုပ်ကိုင်ရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်ကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့၏ အလုပ်များကို တိတိကျကျ၊ စေ့စေ့စပ်စပ်လုပ်ဆောင်သင့်ကြောင်းကို လည်းကောင်း ထိုကဲ့သို့သောလုပ်ကိုင်မှုများသည် ဂုဏ်ယူဖွယ်ဖြစ်ကြောင်းကို လည်းကောင်း၊ မိမိ၏အသက်တာစံနမူနာအားဖြင့် သွန်သင်တော်မူခဲ့ပါသည်။ လက်များကိုအသုံးဝင်ရန် သွန်သင်သောလုပ်ငန်းများနှင့် အသက်တာ၏ဝန်ထုပ်ဝန်ပိုးများကို မျှဝေထမ်းဆောင်ရန် လူငယ်များအား လေ့ကျင့်ပညာပေးသောလုပ်ငန်းများသည် ခန္ဓာကိုယ်ခွန်အားများကို ဖြစ်ထွန်းစေပြီးလျှင် အဘက်ဘက်မှစွမ်းအားများကိုလည်း ဖွံ့ဖြိုးတိုးတက်စေပါသည်။ လူတိုင်းသည် မိမိအတွက်အကျိုးကျေးဇူးရှိ၍ အခြားလူများအတွက် အမအစဖြစ်မည့်လုပ်ငန်းများကို ရှာဖွေလုပ်ဆောင်သင့်လှပါသည်။ ထာဝရဘုရားသည် အလုပ်ကို ကောင်းချီးမင်္ဂလာတစ်ပါးအနေဖြင့် သတ်မှတ်ထားပြီး ကြိုးစားလုပ်ဆောင်သောအလုပ်သမားများသည်သာ အသက်တာ၏စစ်မှန်သောကျက်သရေနှင့် ဝမ်းမြောက်မှုကိုတွေ့ရှိကြရပါသည်။ ထာဝရဘုရား၏သဘောကျနှစ်ခြိုက်ခြင်းသည် နှစ်သက်ဖွယ်သော အာမခံချက်နှင့်အတူ မိခင်ဖခင်များ၏ဝန်တာများကို မျှဝေထမ်းဆောင်လျက် အိမ်မှုကိစ္စတာဝန်များတွင် မိမိတို့လုပ်ဆောင်ရမည့်ကဏ္ဍကို မခိုမကပ်ဘဲ လုပ်ဆောင်ကြသည့်ကလေးများနှင့် လူငယ်များအပေါ်တွင် ကျရောက်ပါသည်။ ထိုကဲ့သို့သောကလေးများသည် လူ့အဖွဲ့အစည်းတွင် အသုံးဝင်သောသူများဖြစ်လာရန် အိမ်ထောင်များမှထွက်ပေါ်လာကြလိမ့်မည်။

လောကအသက်တာတစ်လျှောက်လုံးတွင် သခင်ယေရှုသည် စိတ်အားထက်သန်၍ မခြားမလပ်လုပ်ဆောင်သောလုပ်သားကောင်းတစ်ဦး ဖြစ်ခဲ့ပါသည်။ များများမျှော်လင့်ခဲ့သည့်အတွက် များများကြိုးစားလုပ်ဆောင်ခဲ့ပါသည်။ အမှုတော်မြတ်ထဲသို့ ဝင်ရောက်လာပြီးသည့်နောက် ကိုယ်တော်က "ငါ့ကိုစေလွှတ်တော်မူသောသူ၏အမှုကို နေ့အချိန်ရှိစဉ်တွင် ငါပြုရမည်။ အဘယ်သူမျှအမှုမပြုနိုင်သော အချိန်တည်းဟူသော ညအချိန်လာသေး၏" ဟု မိန့်တော်မူခဲ့ပါသည်။ (ယောဟန် ၉း၄)။ သခင်ယေရှုသည် ကိုယ်တော်၏ နောက်လိုက်များဖြစ်ကြောင်း ဝန်ခံထားသည့် အချို့သောသူများကဲ့သို့ တာဝန်ဝတ္တရားကို ခိုကပ်ခြင်းမရှိခဲ့ချေ။ သူတို့သည် ဤအသက်တာစည်းမျဉ်းကိုရှောင်ဖယ်ရန် ကြိုးစားကြသောကြောင့် ခွန်အားနည်းပါး၍ လုပ်ကိုင်ရာတွင် အရည်အချင်းညံ့ဖျင်းလာခဲ့ကြပါသည်။ သူတို့သည်

အဖိုးတန်၍ နှစ်လိုဖွယ်ကောင်းသောကြန်အင်လက္ခဏာများကို ပိုင်ဆိုင်နိုင်ကြသော်လည်း ခွန်အားမဲ့၍ အခက်အခဲများကိုတွေ့ဆုံဖြေရှင်းရမည့်အချိန်များ (သို့မဟုတ်) အဟန့်အတားများကို ကျော်လွှားရမည့်အချိန်များတွင် အသုံးမကျသလောက်ဖြစ်နေကြသည်။ ခရစ်တော်၏အသက်တာတွင် ထင်ရှားစွာတွေ့မြင်ခဲ့ရသော ခိုင်မာတိကျပြတ်သားခြင်းနှင့် ကြိုးစားအားထုတ်ခြင်းများသည်လည်းကောင်း၊ သိပ်သည်းကျစ်လျစ်ခြင်းနှင့် စာရိတ္တကောင်းမွန်ခြင်းများသည်လည်းကောင်း ကိုယ်တော်ရှင်လိုက်နာကျင့်ဆောင်ခဲ့သောစည်းမျဉ်းကို လိုက်နာကျင့်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏အသက်တာများသည်လည်း ထိုကဲ့သို့ဖွံ့ဖြိုးတိုးတက်နိုင်ကြောင်း ဖော်ပြရန်ဖြစ်ပါသည်။ ၎င်းပြင် ကိုယ်တော်ရရှိခံစားခဲ့ရသည့် ကရုဏာတော်သည် ကျွန်ုပ်တို့အတွက်ဖြစ်ပါသည်။

လူသားများအထဲ၌ နေထိုင်တော်မူခဲ့သည့်အချိန်ပိုင်းတစ်လျှောက်လုံးတွင် ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ဆင်းရဲသားများ၏ကံကြမ္မာကို မျှဝေခံစားခဲ့ပါသည်။ ၎င်းတို့၏ပူပန်သောကများနှင့် အခက်အခဲအကျပ်အတည်းများကို ကိုယ်တွေ့ခံစားခြင်းအားဖြင့် သိတော်မူခဲ့သည့်ပြင် နိမ့်ကျသောအလုပ်သမားအားလုံးကို နှစ်သိမ့်တော်မူနိုင်ခဲ့ပြီး အားပေးတိုက်တွန်းတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်သွန်သင်ချက်များ၏သဘောတရားအမှန်များကိုသိရှိသောသူတို့သည် လူတန်းစားခွဲခြားခြင်းကိုလည်းကောင်း၊ ချမ်းသာသူများကို ဆင်းရဲသားများထက်ပို၍အခွင့်အရေးပေးခြင်းများကိုလည်းကောင်း မည်သည့်အခါမှပြုကြလိမ့်မည်မဟုတ်ချေ။

သခင်ယေရှုသည် လုပ်ငန်းခွင်တွင် ရွှင်ပျသောစိတ်ဓာတ်များ၊ ချက်ချက်ချာချာအဆင်ပြေအောင်ဆောင်ရွက်တတ်သည့်စိတ်ဓာတ်များဖြင့် လုပ်ဆောင်ခဲ့ပါသည်။ ထိုကဲ့သို့လုပ်ဆောင်နိုင်ရန် သည်းခံမှုများစွာလိုပါသည်။ ၎င်းပြင် သမ္မာကျမ်းစာတွင်ဖော်ပြထားသည့် ဘာသာတရားကို အိမ်ထောင်စုများနှင့် အလုပ်ရုံများတွင် ယူဆောင်သွားရန်လိုအပ်ပြီး လောကစီးပွားရေးလုပ်ငန်းများ၏အစွန်းအကွက်များကိုသည်းခံလျက် ဘုရားသခင်၏ဘုန်းတော်ကိုသာ ဦးလည်မသုန်ထောက်ရှုကြရန် များစွာ



လိုအပ်ပါသည်။ ဤနေရာတွင် ခရစ်တော်သည် မစမည့်အရှင်ဖြစ်တော်မူခဲ့ပါသည်။ ကောင်းကင်နှင့်ပတ်သက်သောအရာများကို စဉ်းစားလုပ်ဆောင်ရန်အချိန်မလောက်အောင် ကိုယ်တော်၌ လောကပူပန်မှုများမရှိခဲ့ချေ။ စိတ်နှလုံး၏ဝမ်းမြောက်မှုများကို ဆာလံသီချင်းများ၊ ကောင်းကင်နိုင်ငံနှင့်ပတ်သက်သောဓမ္မသီချင်းများအားဖြင့် ကိုယ်တော်သည် မကြာခဏထုတ်ဖော်ခဲ့ပါသည်။ နာဇရက်မြို့သူမြို့သားများသည် ကိုယ်တော်၏ဘုရားဂုဏ်တော်ကျေးဇူးတော်ချီးမွမ်းသံများကို မကြာခဏကြားခဲ့ရပါသည်။ ကိုယ်တော်သည် ဓမ္မတေးသီချင်းအားဖြင့် ကောင်းကင်နိုင်ငံနှင့်မိတ်သဟာယဖွဲ့ခဲ့သည်။ ၎င်းပြင် အလုပ်ပင်ပန်းသည့်အတွက် ညည်းညူသောအပေါင်းအဖော်များသည် ကိုယ်တော်၏နှုတ်တော်မှထွက်လာသည့်သာယာသောတေးသံများအားဖြင့် ရွှင်လန်းအားတက်ခဲ့ကြရပါသည်။ ကိုယ်တော်၏ဂုဏ်တော်ချီးမွမ်းသံများသည် နတ်ဆိုးများကိုနှင်ထုတ်နိုင်သည့်လက္ခဏာရှိပြီး နံ့သာများကဲ့သို့ နေရာတိုင်းကို အမွှေးအကြိုင်များနှင့်ပြည့်ဝစေပါသည်။ ကိုယ်တော်၏ဂုဏ်တော်ချီးမွမ်းသံများကို ကြားရသည့်လူများ၏စိတ်နှလုံးသည် လောကတစ်ကျွန်းတစ်နိုင်ငံမှသည် ကောင်းကင်ရွှေအိမ်နန်းသို့တိုင် ယူဆောင်ခြင်းကိုခံရကြပါသည်။

သခင်ယေရှုသည် ကမ္ဘာသူကမ္ဘာသားများအတွက် အနာပျောက်ကင်းခြင်းကရုဏာတော်၏ အခြေခံတိုက်မြစ်ဖြစ်တော်မူပါသည်။ နာဇရက်မြို့တွင် တစ်သီးပုဂ္ဂလနေထိုင်ခဲ့ရသောနှစ်များတစ်လျှောက်လုံးတွင် ကိုယ်တော်၏အသက်တာမှ သနားကြင်နာမှုများနှင့် နူးညံ့သိမ်မွေ့သောစိတ်သဘောထားများသာ ယိုစီးခဲ့ပါသည်။ သက်ကြီးရွယ်အိုများ၊ ဝမ်းနည်းပူဆွေးနေကြသောသူများ၊ အပြစ်၏ဝန်လေးနေကြသောသူများ၊ အပြစ်ကင်းသောဝမ်းမြောက်ဝမ်းသာမှုနှင့် ကစားနေကြသောကလေးများနှင့် သစ်တောငယ်ကလေးမှ သေးငယ်သည့်သတ္တဝါများအားလုံးတို့သည် ၎င်းတို့နှင့်အတူကိုယ်တော်ရှင်ရှိတော်မူသည့်အတွက် ပို၍ပျော်ရွှင်မှုကိုခံစားကြရပါသည်။ တန်ခိုးကြီးသောနှုတ်တော်ထွက်အမိန့်တော်အားဖြင့် ကမ္ဘာဂြိုဟ်များကိုပင့်မြောက်တည်ရှိစေသောကိုယ်တော်သည် ထိခိုက်ဒဏ်ရာရသော

ငှက်ကလေးတစ်ကောင်၏အနာကိုသက်သာစေရန် လောကသို့ဆင်းသက်ကြွလာတော်မူခဲ့၏။ ကိုယ်တော်ရှင်၏ဂရုစိုက်ခြင်းအတွက် ပမာဏမပြုလောက်သောအရာတစ်စုံတစ်ခုမျှမရှိချေ။ ကိုယ်တော်သည် အလုပ်အကျွေးပြုရန် မထိုက်တန်ဟု အထင်အမြင်သေးသောအရာတစ်စုံတစ်ခုမျှမရှိချေ။

ဤသို့နှယ်သခင်ယေရှုသည် အစဉ်အတိုင်းကြီးထွားလာ၍ ပညာတိုးပွားလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရတော်မူ၏။ လူအားလုံးအပေါ်တွင် သနားကြင်နာခြင်းရှိကြောင်း ဖော်ပြလုပ်ဆောင်ခြင်းအားဖြင့် လူအများ၏သနားယုယမှုကိုရရန် ဆွဲဆောင်တော်မူခဲ့သည်။ မျှော်လင့်ခြင်းနှင့် ရဲစွမ်းသတ္တိပြည့်စုံသောပတ်ဝန်းကျင်သည် ကိုယ်တော်အား ဝန်းရံရစ်ပတ်ထားသဖြင့် ကိုယ်တော်သည် အိမ်ထောင်တိုင်းအတွက် ကောင်းချီးမင်္ဂလာတစ်ပါးဖြစ်ခဲ့ပါသည်။ ၎င်းပြင် တစ်ခါတစ်ရံတွင် ကိုယ်တော်ရှင်အားဥပုသ်နေ့၌ တရားဇရပ်တွင် ပုရောဖက်ရေးသားထားသောစာများကိုဖတ်၍ တရားဟောရန်ဖိတ်ခေါ်ခြင်းကို ခံခဲ့ရပါသည်။ ထိုအခါများတွင် ကြားခဲ့ရသောတရားစကားများသည် ကြားနေကျကျမ်းချက်များဖြစ်သော်လည်း အသစ်သောအလင်းတရားတစ်ခုထွန်းလင်းသကဲ့သို့ ကြားနာရသောတရားနာပရိသတ်၏စိတ်နှလုံးတွင် ပီတိဖြစ်ခဲ့ကြပါသည်။ သို့စေကာမူ ခရစ်တော်သည် ပကာသနကိုရှောင်ရှားတော်မူခဲ့ပါသည်။ နာဇရက်မြို့တွင် နေထိုင်ခဲ့သောနှစ်များတွင် ကိုယ်တော်သည် အံ့ဩဖွယ်နိမိတ်လက္ခဏာတစ်စုံတစ်ခုကိုမျှ ပြတော်မမူခဲ့ချေ။ ကိုယ်တော်သည် မြင့်မြတ်သောရာထူးများကိုရရန် မကြိုးစားခဲ့သည့်ပြင် မည်သည့်ဘွဲ့နာမကိုမှလည်း အသုံးမပြုခဲ့ချေ။ ကိုယ်တော်၏အေးချမ်းငြိမ်သက်၍ ရိုးသားသောကလေးဘဝအသက်တာနှင့် ထိုငယ်ရွယ်စဉ်အသက်တာအကြောင်းကို သမ္မာကျမ်းစာတွင် ဖော်ပြထားခြင်းမပြုခြင်းသည်ပင် အရေးကြီးသောသင်ခန်းစာတစ်ခုကို သွန်သင်နေပါသည်။ လူတို့ပြုလုပ်ဖန်တီးထားသည့် စိတ်လှုပ်ရှားစရာများနှင့် ပိုမိုကင်းရှင်း၍ သဘာဝနှင့်ပိုမိုဆီလျော်သော သာ၍အေးချမ်းငြိမ်သက်ပြီး သာ၍ရိုးသားသောအသက်တာဖြင့် နေထိုင်ရသည့်ကလေးဘဝသည်



ကိုယ်ခန္ဓာစွမ်းရည်များနှင့် စိတ်တန်ခိုးများအပြင် ဝိညာဉ်ရေးခွန်အားများတိုးတက်စေရန်အတွက် သင့်မြတ်ကောင်းမွန်လှပါသည်။

သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် စံနမူနာဖြစ်ပါသည်။ များစွာသောလူများသည် ကိုယ်တော်၏လူသိရှင်ကြားအမှုတော်ဆောင်သောအချိန်များတွင် ကိုယ်တော်အားစိတ်ဝင်စားမှုရှိခဲ့ကြသော်လည်း သူငယ်တော်ဘဝတွင် ပြုလုပ်ခဲ့သည့်သွန်သင်ချက်များကို သတိမမူမိခဲ့ကြချေ။ သို့သော်ကိုယ်တော်ရှင်၏အိမ်တွင်းအသက်တာသည် ကလေးငယ်အားလုံးနှင့် လူငယ်အားလုံးအတွက် ပုံစံနမူနာတစ်ခုဖြစ်ပါသည်။ နိမ့်ကျသောလူသားများဖြစ်သည့် ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်နှင့် မည်မျှနီးကပ်စွာလျှောက်လှမ်းနိုင်ကြောင်းကို ကျွန်ုပ်တို့အား သွန်သင်နိုင်ရန် ကယ်တင်ရှင်သည် ဆင်းရဲနွမ်းပါးသည့်ဘဝအခြေထဲသို့ ကိုယ့်ကိုကိုယ်နှိမ့်ချလျက်ဝင်စားခဲ့ပါသည်။ ကိုယ်တော်ရှင်သည် သာမန်ကိစ္စများတွင် အဖခမည်းတော်နှစ်သက်စေရန်အတွက်သော်လည်းကောင်း၊ အဖဘုရားအား ဂုဏ်ပြုရန်အတွက်သော်လည်းကောင်း၊ အဖဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေရန်အတွက်သော်လည်းကောင်း၊ နေထိုင်သက်ရှင်ခဲ့ပါသည်။ မိမိ၏အမှုတော်ကို တစ်နေ့လုပ်မှတစ်နေ့စားရသော လက်မှုပညာများ၏ နိမ့်ကျသောလုပ်ငန်းများတွင် ဆက်ကပ်၍လုပ်ကိုင်ခြင်းဖြင့် အစပြုခဲ့ပါသည်။ ကိုယ်တော်သည် လူများစွာတို့အတွက် နိမိတ်လက္ခဏာများကို ပြတော်မူသောအချိန်မှာကဲ့သို့ လက်သမားရုံတွင် အလုပ်လုပ်သောအခါတွင်လည်း ကြိုးစားလုပ်ကိုင်၍ ထာဝရဘုရား၏အမှုတော်ကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ၎င်းပြင် နိမ့်ကျသောအိမ်ထောင်တွင် ခရစ်တော်ကျင့်သုံးခဲ့သော သစ္စာရှိမှုနှင့် နားထောင်မှုနမူနာများကို ကျွန်ုပ်တို့လိုက်လျှောက်ကြပါမည်။ အဖဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကိုယ်တော့်အကြောင်းမိန့်တော်မူခဲ့သော နှုတ်ထွက်စကားများကို မှန်ကန်ကြောင်း လူငယ်တိုင်းအခိုင်အမာပြောဆိုနိုင်ကြမည်ဖြစ်ပါသည်။ "ငါထောက်မသော ငါ့ကျွန်ရင်း---ငါရွေးချယ်ထားသော---ထိုသူ၏အပေါ်၌ ငါ့ဝိညာဉ်ကိုငါတည်စေမည်။" (ဟေရှာ၊ ၄၂း၁)။

-o-

## (၈)
## ပသခါပွဲသို့သွားရောက်လည်ပတ်ခြင်း

ရှင်လုကာ ၂း၄၁-၅၁ ကိုအခြေပြုသည်

ယုဒလူမျိုးများတွင် အသက်တာဆယ့်နှစ်နှစ်အရွယ်သည် ကလေးဘဝနှင့်လူငယ်ဘဝကို ခွဲခြားသောအရာဖြစ်ပါသည်။ အသက်နှစ်နှစ်ပြည့်သွားသည့် ဟေဗြဲယောကျ်ားကလေးများသည် ပညတ်တော်၏သားဟူ၍လည်းကောင်း၊ ဘုရားသခင်၏သားဟူ၍လည်းကောင်း ခေါ်ဝေါ်ခြင်းကိုခံရပါသည်။ ထိုသူငယ်သည် ဘာသာရေးသွန်သင်ဆုံးမစကားများကို နာယူရန် အထူးအခွင့်အရေးရရှိပြီး သန့်ရှင်းမွန်မြတ်သောဘာသာရေးပွဲများနှင့် ဝတ်ပြုကိုးကွယ်ပွဲများတွင်လည်း ပါဝင်ခွင့်ရရှိလာကြသည်။ သခင်ယေရှုသည် ကလေးဘဝ၌ ဓလေ့ထုံးစံများနှင့်လျော်ညီစွာ ပသခါပွဲတက်ရန် ယေရုရှလင်မြို့သို့ခရီးထွက်ခဲ့ပါသည်။ ဘာသာရေးကိုင်းရှိုင်းသောဣသရေလလူများအားလုံးကဲ့သို့ ယောသပ်နှင့်မာရိသည် ပသခါပွဲသို့တက်ရောက်ရန် နှစ်စဉ်နှစ်တိုင်းသွားရောက်ခဲ့ရာ သခင်ယေရှုသည် သတ်မှတ်ထားသည့် အသက်ပြည့်မီသောအခါ ၎င်းတို့နှင့်အတူ သူငယ်တော်အား ယေရုရှလင်မြို့သို့ ခေါ်ဆောင်သွားခဲ့ကြပါသည်။

ဣသရေလလူမျိုးဖြစ်သော အရွယ်ရောက်သည့်ယောကျ်ားအားလုံးသည် ယေရုရှလင်မြို့သို့လာရောက်၍ ဘုရားဝတ်ပြုကိုးကွယ်ရမည့် နှစ်စဉ်ကျင်းပသည့်ဘာသာရေးပွဲသုံးခုရှိပါသည်။ ၎င်းတို့မှာ ပသခါပွဲ၊ ပင်တေကုတ္တေပွဲနှင့် သကေနေပွဲတို့ဖြစ်ကြပါသည်။ ဤပွဲသုံးခုတွင် ပသခါပွဲသည် လူအများဆုံးတက်ရောက်သည့်ပွဲတစ်ခုဖြစ်ပါသည်။ အရပ်ရပ်တွင် ကွဲလွင့်နေသောယုဒလူမျိုးများစွာတို့သည် မိမိတို့နေထိုင်သည့်တိုင်းပြည်များမှ ယေရုရှလင်မြို့သို့စုရုံးလာခဲ့ကြပါသည်။ ဂါလိလဲမှ ယေရုရှလင်မြို့သို့သွားသည့်ခရီးသည် ရက်ပေါင်းများစွာကြာသဖြင့် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးစေကြရန်အတွက်သော်လည်းကောင်း၊



ရန်သူများကိုကာကွယ်ရန်အတွက်သော်လည်းကောင်း ခရီးသည်များသည် ကြီးမားသောလူအုပ်ကြီးများဖွဲ့စည်း၍ ခရီးသွားကြပါသည်။ မတ်စောက်၍ ကျောက်တောင်ထူထပ်သောလမ်းများသို့ရောက်သောအခါ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများသည် နွားများ၊ မြည်းများကိုစီး၍ ခရီးသွားကြရသည်။ သန်မာကြံ့ခိုင်သောယောကျ်ားကြီးများနှင့် လူငယ်များတို့သည် ခြေလျင်သွားကြရပါသည်။ ပသခါပွဲအချိန်သည် မတ်လကုန်ပြီး ဧပြီလဆန်းတွင်ကျရောက်သောကြောင့် ယုဒပြည်တစ်ခုလုံးတွင် ပန်းမာလာများနှင့် လှပနေပြီး ငှက်ကလေးများ၏သီချင်းသံများဖြင့် သာယာလျက်ရှိပါသည်။ လမ်းခရီးတစ်လျှောက်လုံးတွင် ဣသရေလများ၏သမိုင်းဝင်သတိရအောက်မေ့ဖွယ်ရာများရှိပါသည်။ ၎င်းပြင် မိခင်ဖခင်များသည် သားသမီးများအား အတိတ်ကာလအချိန်များတွင် ဘုရားသခင်သည် မိမိလူများအတွက် ပြုတော်မူခဲ့သောအံ့ဩဖွယ်ရာများအကြောင်းကို ပြန်ပြောင်းပြောပြခဲ့ကြပါသည်။ သူတို့သည် ခရီးစဉ်ကို သီချင်းများသီဆိုတီးမှုတ်၍သွားခြင်းအားဖြင့် ပျော်ရွှင်အောင်ဖန်တီးခဲ့ကြပါသည်။ နောက်ဆုံးတွင် ယေရုရှလင်ရှိမျှော်စင်များကိုတွေ့မြင်ကြရသောအခါ လူတိုင်းသည် အောက်ပါသီချင်းကို အောင်ပွဲခံသည့်အသံမျိုးဖြင့် သီဆိုကြပါသည်။

> "အိုယေရုရှလင်မြို့ သင်၏တံခါးတို့အတွင်း၌
> ငါတို့သည်ရပ်နေကြလိမ့်မည်...................
> သင်၏မြို့ရိုးအတွင်း၌ ငြိမ်ဝပ်ခြင်း၊ သင်၏
> ဘုံဗိမာန်တို့၌ ချမ်းသာခြင်းရှိပါစေသော"
> ဆာလံ ၁၂၂း၂-၇။

ပသခါပွဲကိုကျင်းပစောင့်ထိန်းခြင်းသည် ဟေဗြဲနိုင်ငံပေါက်ဖွားလာသည့်အချိန်မှအစပျိုးခဲ့ပါသည်။ အီဂျစ်ပြည်တွင်နေထိုင်ခဲ့ရသောကျွန်ဘဝ၏နောက်ဆုံးညတွင် လွတ်မြောက်ခြင်းအတွက် အရိပ်အခြည်တစ်စုံတစ်ခုမျှမရှိသောအချိန်၌ လောလောဆယ်ရရှိမည့်လွတ်ငြိမ်းချမ်းသာခွင့်

အတွက်ပြင်ဆင်ကြရန် သူတို့အား ဘုရားသခင်အမိန့်ပေးတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဖါရောဘုရင်အား အီဂျစ်လူမျိုးများအပေါ်သို့ကျရောက်မည့် နောက်ဆုံးဘေးဒဏ်အကြောင်းကို ကြိုတင်သတိပေးပြီးလျှင် ဟေဗြဲလူမျိုးများအားလည်း မိမိတို့၏မိသားစုများကိုစုရုံးကာ မိမိတို့နေအိမ်များထဲတွင် နေကြရန် ညွှန်ကြားခဲ့ပါသည်။ အသေသတ်ခြင်းခံရသောသိုးသငယ်၏ အသွေးဖြင့် တံခါးတိုင်များကိုပက်ဖျန်းပြီးနောက် အသားကိုမီးနှင့်ကင်ပြီးမှ ထိုညဉ့်၌ပင် တဆေးမပါသောမုန့်၊ ခါးသောဟင်းသီးဟင်းရွက်နှင့်စားရန်ဖြစ်ပါသည်။ ထိုသို့စားရာတွင် "ခါးစည်းကိုစည်းလျက်၊ ခြေနင်းကိုစီးလျက်၊ တောင်ဝှေးကိုကိုင်လျက် အလျင်အမြန်စားရမည်။ ထာဝရဘုရား၏ပသခါဖြစ်သတည်း" ထွက်မြောက်ရာ ၁၂:၁၁။ ထိုညသန်းခေါင်ယံအချိန်တွင် အဲဂုတ္တုပြည်ရှိသားဦးအားလုံးသည် ဒဏ်ခတ်ခြင်းကိုခံရ၏။ ထိုအချိန်တွင် ဖါရောမင်းသည် ဣသရေလလူများထံသို့ "ထ၍ ငါ့လူစုထဲကထွက်သွားကြလော့၊ သင်တို့တောင်းသည့်အတိုင်း ထာဝရဘုရားအားသွား၍ဝတ်ပြုကြလော့" ဟုသတင်းပို့ခဲ့၏။ ဟေဗြဲလူမျိုးများသည် လွတ်လပ်သောလူမျိုးများအဖြစ်ဖြင့် အဲဂုတ္တုပြည်မှထွက်လာခဲ့ကြပါသည်။ ပသခါပွဲကို နှစ်စဉ်ကျင်းပရမည်ဖြစ်ကြောင်း ထာဝရဘုရားမိန့်တော်မူခဲ့ပါသည်။ ၎င်းပြင် "သင်တို့၏သားမြေးတို့က ဤဝတ်ကိုပြု၍ အဘယ်သို့ဆိုလိုသနည်းဟုမေးမြန်းကြလျှင် ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကိုဒဏ်ခတ်၍ ငါတို့အိမ်များကိုချမ်းသာပေးတော်မူသောအခါ အဲဂုတ္တုပြည်၌ ဣသရေလအမျိုးသားတို့၏အိမ်များကို လွန်သွားတော်မူသောထာဝရဘုရား၏ပသခါဖြစ်သည်ဟု ပြန်ပြောရမည်ဟုဆို၏။" ဤနည်းအားဖြင့် အံ့ဩဖွယ်ရာကယ်လွှတ်ခြင်းအကြောင်းများကို မျိုးစဉ်မျိုးဆက်ပြန်ပြောင်းပြောပြခဲ့ကြပါသည်။

ပသခါပွဲကျင်းပသည့်နေ့မှစ၍ ခုနစ်ရက်တိုင်တိုင် အဇုမပွဲကို ဆက်လက်ကျင်းပခဲ့ပါသည်။ ထိုပွဲ၏ဒုတိယမြောက်နေ့တွင် တစ်နှစ်အတွက် ကောက်ရိတ်သိမ်းခြင်း၏အဦးသီးဖြစ်သော မုယောစပါးကောက်လှိုင်းများကို ထာဝရဘုရားရှေ့တွင် ဆက်ကပ်လှူဒါန်းကြပါသည်။ ထိုပွဲတော်၏ဝိနည်း



ထုံးဖွဲ့နှင့်ဆိုင်သောလုပ်ငန်းအားလုံးသည် ခရစ်တော်၏အမှုတော်အတွက် ပုံဆောင်မှုများဖြစ်ကြပါသည်။ အဲဂုတ္တုပြည်မှ ဣသရေလများအား ကယ်လွှတ်ခြင်းသည် ကယ်တင်ခြင်းလုပ်ငန်းအတွက် သရုပ်ပြသင်ခန်းစာတစ်ခုဖြစ်ပြီး ပသခါပွဲသည် ထိုအရာကိုအမြဲတမ်းသတိရအောက်မေ့ရန် ရည်စူးပါသည်။ အသေသတ်ခြင်းခံရသောသိုးသငယ်သည်လည်းကောင်း၊ တဆေးမဲ့မုန့်သည်လည်းကောင်း၊ အဦးသီးကောက်လှိုင်းသည်လည်းကောင်း ကယ်တင်ရှင်ကို ပုံဆောင်ထားပါသည်။ ခရစ်တော်၏အချိန်တွင် အသက်ရှင်ခဲ့ကြသည့် များစွာသောလူများတို့အတွက်မူ ပသခါပွဲကျင်းပခြင်းသည် အပေါ်ယံအပြင်ပန်းသက်သက်သာဖြစ်လာပြီး ဆုတ်ယုတ်ရွေ့လျော့လာခဲ့ပါသည်။ သို့စေကာမူ သားတော်မြတ်သခင်ခရစ်တော်အတွက်မူ အထူးအရေးပါလှပါသည်။

သူငယ်တော်ယေရှုသည် ထိုအချိန်တွင် ပထမဦးဆုံးအကြိမ်အဖြစ်ဖြင့် ဗိမာန်တော်ကိုကြည့်ရှုလိုက်ရာ အဖြူရောင်ဝတ်ရုံကိုဝတ်ဆင်၍ မွန်မြတ်လှသောအမှုတော်ကို ထမ်းဆောင်နေကြသော ယဇ်ပုရောဟိတ်များကို မြင်တွေ့ခဲ့ရပါသည်။ ယဇ်ပလ္လင်ပေါ်တွင်ရှိသော သွေးသံရဲရဲနှင့်ယဇ်ကောင်ကိုလည်းကြည့်ရှုခဲ့ပါသည်။ နံ့သာပေါင်းအခိုးအငွေ့များသည် ထာဝရဘုရားရှေ့တော်သို့ပျံတက်နေစဉ် ကိုယ်တော်သည် အခြားကိုးကွယ်သူများနှင့်အတူ ဦးညွှတ်၍ ဆုတောင်းခဲ့ပါသည်။ ပသခါအထိမ်းအမှတ်ကိုးကွယ်မှု၏စိတ်တွင် စွဲမြဲစေသော အခမ်းအနားများကို မျက်မြင်ကိုယ်တွေ့မြင်ခဲ့ရပါသည်။ ကိုယ်တော်သည် ၎င်းဝတ်ပြုကိုးကွယ်မှု၏အနက်အဓိပ္ပါယ်များကိုလည်း တစ်နေ့ထက်တစ်နေ့ပိုမို၍ရှင်းလင်းစွာတွေ့မြင်ခဲ့ရပါသည်။ လုပ်ဆောင်မှုတိုင်းသည် ကိုယ်တော်ရှင်၏အသက်တာနှင့်နီးကပ်စွာဆက်နွှယ်နေပါသည်။ ကိုယ်တော်၏စိတ်ထဲတွင် အသစ်သောစိတ်လှုပ်ရှားမှုများဖြစ်ပေါ်လာခဲ့ပါသည်။ ကိုယ်တော်သည် ကြီးမားသောပြဿနာတစ်ခုကိုလေ့လာနေသကဲ့သို့ ငြိမ်သက်၍ အာရုံစူးစိုက်နေပါသည်။ အမှုတော်မြတ်၏နက်နဲမှုများသည် ကယ်တင်ရှင်၏ရှေ့မှောက်တွင် ထင်ရှားလျက်ရှိပါသည်။

ဤမြင်ကွင်းများကို စဉ်းစားဆင်ခြင်မှုတွင် စိတ်အာရုံရောက်ရှိနေသဖြင့် ကိုယ်တော်သည် မိဘများ၏နံဘေးတွင်မနေတော့ဘဲ တစ်ကိုယ်တည်းနေရန် ကြိုးစားခဲ့ပါသည်။ ပသခါအထိမ်းအမှတ်ကိုးကွယ်ပွဲများကျင်းပပြီးစီးသွားသောအခါ ကိုယ်တော်သည် ဗိမာန်တော်ဝင်းအတွင်း၌ပင် ဆက်လက်၍နေထိုင်ခဲ့ရာ အခြားကိုးကွယ်သူများသည် ကိုယ်တော်ကို ယေရုရှလင်မြို့တွင် ချန်ထားခဲ့၍ ထွက်ခွာသွားခဲ့ကြပါသည်။

သခင်ယေရှု၏မိဘများသည် ယေရုရှလင်မြို့သို့လာရောက်လည်ပတ်ခဲ့သည့် ဤခရီးစဉ်အတွင်း၌ ကိုယ်တော်အား ဣသရေလတိုင်းပြည်မှ ဆရာကြီးများနှင့်အဆက်အသွယ်ရကာ ရင်းနှီးသွားစေလိုကြပါသည်။ ကိုယ်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ခရေစေ့တွင်းကျ လိုက်နာကျင့်ဆောင်နေစဉ်တွင် ယုဒကျမ်းတတ်ဆရာများကျင့်ဆောင်သော ကိုးကွယ်မှုများ၊ ဓလေ့ထုံးစံ (အလေ့အထ) များနှင့်ပုံစံကိုက်အောင် မလုပ်ဆောင်နိုင်ခဲ့ချေ။ ယောသပ်နှင့်မာရိတို့အနေနှင့်မူ ကိုယ်တော်သည် ကျမ်းတတ်ဆရာနှင့်ပညာတတ်များကို ရိုသေလေးစား၍ ၎င်းတို့ချမှတ်ထားသောစည်းကမ်းချက်များကို ကောင်းမွန်စွာလိုက်နာစောင့်ရှောက်ရန်လိုလားကြပါသည်။ သို့သော် ဗိမာန်တော်အတွင်း၌ရှိသော သခင်ယေရှုသည် ထာဝရဘုရား၏သွန်သင်မှုကိုခံယူခဲ့ပြီးဖြစ်ပါသည်။ ထို့နောက် ကိုယ်တော်သည် မိမိခံယူရရှိခဲ့သည့်အရာများကို ချက်ချင်းစတင်ဝေငှတော်မူခဲ့ပါသည်။

ထိုအချိန်အခါတွင် ယဇ်ပုရောဟိတ်များသည် ပုရောဖက်ကျောင်းများ၏ပုံစံကိုယူ၍ ဗိမာန်တော်နှင့်ဆက်လျက်ရှိသောအခန်းတစ်ခန်းကို သန့်ရှင်းသောကျောင်းဟူ၍ သီးခြားသတ်မှတ်ထားပါသည်။ ထိုနေရာတွင် ကျမ်းတတ်ဆရာများနှင့် ၎င်း၏တပည့်များတို့သည် စုရုံးခဲ့ကြပြီး ထိုနေရာသို့ သူငယ်တော်ယေရှုရောက်ရှိလာခဲ့ပါသည်။ ကိုယ်တော်သည် သိက္ခာရှိသော ဤပညာတတ်ပုဂ္ဂိုလ်များ၏ခြေရင်းတွင်ထိုင်၍ ၎င်းတို့၏သြဝါဒများကို နားထောင်ခဲ့ပါသည်။ ကိုယ်တော်သည် ပညာကိုရှာဖွေနေသူတစ်ဦးအနေနှင့် မိမိသိလိုသောအနာဂတ္တိစကားများနှင့်ပတ်သက်သောမေးခွန်းများကို



လည်းကောင်း၊ မေရှိယကြွလာခြင်းကိုပြည့်နှန်နေသောအဖြစ်အပျက်များ၊ ထိုအချိန်ကဖြစ်ပျက်လျက်ရှိသော အဖြစ်အပျက်များအကြောင်းကိုလည်းကောင်း ထိုကျမ်းတတ်ဆရာများအားမေးမြန်းခဲ့ပါသည်။

သခင်ယေရှုသည် ထာဝရဘုရားအကြောင်းကို အလွန်သိချင်သူတစ်ဦးအဖြစ်ဖြင့် မိမိကိုယ်ထင်ရှားစေခဲ့ပါသည်။ ကိုယ်တော်၏မေးခွန်းများသည် အသက်ဝိညာဉ်များ၏ကယ်တင်ခြင်းအတွက်အရေးကြီးသော်လည်း အချိန်ကြာမြင့်စွာမထင်မရှားဖြစ်ခဲ့သည့် နက်နဲသောသမ္မာတရားအတွက် အသိပြန်ဝင်လာရန် စောင်းပါးရိပ်ခြည်ပြသောမေးခွန်းများဖြစ်ခဲ့ပါသည်။ ကိုယ်တော်မေးသည့်မေးခွန်းတိုင်းသည် ကျမ်းတတ်ဆရာများ၏ပညာသည် ကျဉ်းမြောင်း၍ အပေါ်ယံကြောမျှသာဖြစ်ကြောင်းကိုဖော်ပြနေပြီး တစ်ချိန်တည်းမှာပင် ၎င်းတို့အား ဘုရားသခင်နှင့်ပတ်သက်သော သင်ခန်းစာတစ်ခုကိုပေးနေကာ သမ္မာတရားကို အသစ်သောအသွင်အပြင်တစ်ခုအားဖြင့် တင်ပြခဲ့ပါသည်။ ကျမ်းတတ်ဆရာများသည် ယုဒလူမျိုးများထဲမှ မေရှိယကြွလာမည့်အကြောင်းကို အံ့သြဖွယ်ရာအဖြစ် အမွှမ်းတင်ပြောကြားခဲ့ပါသည်။ သို့သော် သခင်ယေရှုသည် ဟေရှာယအနာဂတ္တိစကားကိုတင်ပြ၍ အသေသတ်ခြင်းကိုခံမည့် ဘုရားသခင်၏သိုးသငယ်ကိုပြည့်နှန်ထားသော ကျမ်းစာ၏အနက်အဓိပ္ပါယ်ကို ၎င်းတို့အားမေးမြန်းခဲ့ပါသည်။

ကျမ်းတတ်ဆရာများသည် ကိုယ်တော်အားမေးခွန်းများဖြင့် ပြန်လည်မေးမြန်းကြရာ ကြားခဲ့ရသည့်အဖြေစကားများသည် ၎င်းတို့အား အံ့အားသင့်စေခဲ့ပါသည်။ ကိုယ်တော်သည် ကလေးတစ်ဦး၏နှိမ့်ချမှုဖြင့် ထိုပညာရှိများမသိရှိခဲ့ကြသည့် အဓိပ္ပါယ်နက်နဲမှုကိုဖော်ပြလျက် ကျမ်းစာတော်မှနှုတ်ကပတ်တော်များကို အထပ်ထပ်ရွတ်ဆိုပြခဲ့ပါသည်။ အကယ်၍သာ ကိုယ်တော်၏သွန်သင်ချက်များအတိုင်း လိုက်လျှောက်ခဲ့ကြပါလျှင် ညွှန်ပြတော်မူခဲ့သော သမ္မာတရား၏ပုံပြင်လက္ခဏာများသည် ထိုခေတ်ထိုအခါက ဘာသာရေးတွင် ပြန်လည်ပြုပြင်မှုတစ်ခုဖြစ်လာခဲ့လိမ့်မည်ဖြစ်ပါသည်။ ဘုရားတရားရေးတွင် နက်နက်ရှိုင်းရှိုင်းစိတ်ဝင်စားလာကြလိမ့်မည်ဖြစ်ပါသည်။ ၎င်းပြင် ခရစ်တော်အမှုတော်ကိုအစပြုဆောင်ရွက်

သောအချိန်တွင် လူများစွာတို့သည် ကိုယ်တော်ကိုလက်ခံရန်ပြင်ဆင်ပြီး ဖြစ်ခဲ့ကြပါလိမ့်မည်။



သခင်ယေရှုသည် ၎င်းတို့၏ကျောင်းများတွင် လာရောက်ပညာ မသင်ယူဖူးကြောင်းကို ကျမ်းတတ်ဆရာများသိရှိခဲ့ကြပါသည်။ သို့စေကာမူ ကိုယ်တော်၏အနာဂတ္တိစကားများကို တတ်သိနားလည်မှုသည် ၎င်းတို့ထက် များစွာသာလွန်ခဲ့ပါသည်။ သူတို့သည် ဤဆင်ခြင်တွေးဆတတ်သောဂါလိလဲ လူငယ်ကလေး၌ မဟာကတိတော်ကိုသိမြင်ခဲ့သည်။ ကိုယ်တော်သည်



ဣသရေလအမျိုး၏ဆရာတစ်ဦးဖြစ်လာနိုင်စေရန်အလို့ငှါ ၎င်းတို့၏တပည့် ဖြစ်ရန် သူတို့ဆန္ဒရှိခဲ့ကြပါသည်။ ပင်ကိုစိတ်သဘောထားကို ၎င်းတို့၏ အလိုအတိုင်း ပုံသွင်းပေးရန်အလို့ငှါ သူတို့သည် ကိုယ်တော်၏ပညာရေးကို ကြပ်မတ်လိုကြပါသည်။

လူသားများ၏နှုတ်ထွက်စကားများကြောင့် မလှုပ်ရှားခဲ့ဖူးသော ၎င်း၏စိတ်နှလုံးကို သခင်ယေရှု၏သွန်သင်ချက်သည် လှုပ်ရှားစေခဲ့ပါသည်။ ထာဝရဘုရားသည် ထိုဣသရေလခေါင်းဆောင်များအား အလင်းတရား ပေးရန် ကြိုးစားလျက်ရှိပြီး ၎င်းတို့ထံလက်လှမ်းမီနိုင်မည့်နည်းများကိုသာ အသုံးပြုတော်မူခဲ့ပါသည်။ ၎င်းတို့၏မာနထောင်လွှားသောစိတ်နှလုံးများ ကြောင့် အခြားသူတစ်ဦးထံမှသွန်သင်ချက်များကို ရရှိခဲ့ကြောင်းဝန်ခံရန် အောက်တန်းကျသည်ဟုထင်မှတ်ကာ ငြင်းဆိုခဲ့လိမ့်မည်ဖြစ်ပါသည်။ အကယ်၍ သခင်ယေရှုသည် ၎င်းတို့အားသွန်သင်ရန်ကြိုးစားသည့် အသွင်နှင့်ပြောခဲ့လျှင် ထိုကျမ်းတတ်ဆရာများသည် ပမာဏမပြုဘဲနေခဲ့ကြ လိမ့်မည်ဖြစ်ပါသည်။ သို့သော် သူတို့သည် ကိုယ်တော်အားသွန်သင်ခြင်း ပြုနေရသည့်အတွက်ကြောင့်လည်းကောင်း၊ အနည်းဆုံးကိုယ်တော်၏ ကျမ်းစာဗဟုသုတကို စစ်ဆေးရခြင်းအတွက်ကြောင့်လည်းကောင်း နှစ်ထောင်းအားရကြပါသည်။ သခင်ယေရှု၏ပျိုမျစ်နုနယ်သောကောင်းမြတ် ခြင်းနှင့် ယဉ်ကျေးပြေပြစ်ခြင်းများသည် ၎င်းတို့၏တစ်ဖက်သတ်ထင်မြင် ယူဆချက်တို့ကိုလျော့ကျပျောက်ကင်းစေခဲ့သည်။ ဩတ္တပ္ပစိတ်နှိုးဆော်မှုကို မလိုက်နာဘဲလျက် ဘုရားသခင်၏နှုတ်ကပတ်စကားများကိုနာယူရန် သူတို့၏စိတ်နှလုံးများကို ဖွင့်ထားခဲ့ပါသည်။ ၎င်းပြင်သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့၏စိတ်နှလုံးကို စကားပြောတော်မူခဲ့ပါသည်။ အနာဂတ္တိစကားအားဖြင့် မဟုတ်မှန်ကြောင်း ထင်ရှားစေသည့်မေရှိယနှင့် ပတ်သက်သော ၎င်းတို့၏မျှော်လင့်ချက်ကို သူတို့ကောင်းမွန်စွာတွေ့မြင်ခဲ့ရ ပါသည်။ သို့သော် ၎င်းတို့၏ရည်မှန်းချက်များကို အမွှမ်းတင်သောသဘော တရားများကိုမူ သူတို့မစွန့်ပစ်နိုင်ခဲ့ကြချေ။ သူတို့သွန်သင်ရန် မှန်ကန်

သင့်လျော်ကြောင်းကို အခိုင်အမာပြောဆိုခဲ့သည့်ကျမ်းစာကို ၎င်းတို့နားလည်မှုလွဲခဲ့ကြောင်းကိုမူ သူတို့ဝန်မခံခဲ့ကြချေ။ “ဤသူသည် စာမသင်ဘဲလျက် အဘယ်သို့တတ်ဘိသနည်း” ဟု ယုဒလူများသည် တစ်ယောက်ကိုတစ်ယောက်မေးမြန်းစုံစမ်းခဲ့ကြသည်။ အလင်းသည် မှောင်မိုက်၌လင်းလျက်ရှိသော်လည်း မှောင်မိုက်သည်မခံမယူခဲ့ချေ။

ထိုအချိန်အတောအတွင်း၌ ယောသပ်နှင့်မာရိသည် အထူးစိတ်နှလုံးရှုပ်ထွေးပူပန်လျက်ရှိပါသည်။ ယေရုရှလင်မြို့မှထွက်ခွာလာစဉ်တွင် သူတို့သည် သခင်ယေရှုကို မျက်ခြည်ပြတ်ခဲ့ကြပြီး ကိုယ်တော်နေရစ်ခဲ့သည်ကို သူတို့မသိရှိခဲ့ကြချေ။ ယုဒပြည်တွင် ထိုအချိန်၌ အထူးလူစည်ကားနေပြီး ဂါလိလဲမှလာသောခရီးသည်များသည် အလွန်များပြားလျက်ရှိပါသည်။ သူတို့ ယေရုရှလင်မှထွက်ခွာလာခဲ့စဉ်က မြို့ထဲတွင် လူတွေရှုပ်ယှက်ခတ်နေပါသည်။ လမ်းခရီးတွင်လည်း ရင်းနှီးသောမိတ်ဆွေသူငယ်ချင်းများနှင့်အတူ ပျော်ရွှင်စွာခရီးသွားရသဖြင့် အခြားအရာများကိုအာရုံမပြုဘဲ အချိန်ရောက်မှသာ သခင်ယေရှုမပါလာမှန်းကို ၎င်းတို့သတိပြုခဲ့ကြပါသည်။ ညအိပ်နားနေရန် စခန်းချထားသောအချိန်တွင် သူတို့သည် သားငယ်၏ကူညီတတ်သောလက်များကိုမတွေ့ရတော့ချေ။ ၎င်း၏အခြားအပေါင်းအဖော်များနှင့်အတူရှိနေမည်ဟုစိတ်ထင်လျက် သူတို့သည်မစိုးရိမ်ခဲ့ကြချေ။ သခင်ယေရှုသည် ငယ်ရွယ်သူတစ်ဦးဖြစ်သော်လည်း ၎င်းတို့၏လိုလားချက်များကို ကြိုတင်သိရှိလျက် အမြဲတမ်းလုပ်ဆောင်ပေးခဲ့သကဲ့သို့ လိုအပ်သည့်အချိန်တွင် ၎င်းတို့အားမစကူညီရန် အသင့်ရှိလိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် မိဘများသည် ယုံကြည်စိတ်ချစွာဖြင့် ကိုယ်တော်ကိုအားကိုးခဲ့ပါသည်။ သို့သော် ယခုအချိန်တွင် သူတို့၏စိုးရိမ်မှုများသည် တိုးပွားလာခဲ့ပါသည်။ သူတို့သည် နေရာအနှံ့သို့သွား၍ ကိုယ်တော်အားရှာခဲ့ကြပါသည်။ သို့သော် အချည်းနှီးသာဖြစ်ခဲ့ပါသည်။ ကိုယ်တော်ရှင်ငယ်ရွယ်စဉ်ကလေးဘဝ၌ရှိစဉ်က ဟေရုဒ်မင်းသည် ကိုယ်တော်အား မည်ကဲ့သို့သတ်ဖြတ်ရန်ကြံဆောင်ခဲ့ကြောင်းကို သူတို့သတိရအောက်မေ့ပြီး ထိတ်လန့်သွားကြ



ပါသည်။ သူတို့၏စိတ်နှလုံးများသည် မကောင်းသောရှေ့ပြေးနိမိတ်များဖြင့်ပြည့်ဝနေခဲ့ကြပြီး သူတို့သည် ကိုယ့်ကိုကိုယ်ခါးသီးစွာအပြစ်တင်ခဲ့ကြပါသည်။

သူတို့သည် ယေရုရှလင်သို့ပြန်လာကြပြီး ကိုယ်တော်အားရှာဖွေခဲ့ကြပါသည်။ နောက်တစ်နေ့တွင် ဗိမာန်တော်၌ အခြားဝတ်ပြုကိုးကွယ်သူများနှင့်အတူ ရောနှောဝတ်ပြုနေကြစဉ် အကျွမ်းတဝင်ကြားဖူးခဲ့သောအသံတစ်ခုသည် သူတို့ကိုအာရုံစူးစိုက်စေခဲ့ပါသည်။ သူတို့နားကြားမလွဲကြပါ။ အကြောင်းမူကား ထိုကဲ့သို့က္ကန္ဒြေသိက္ခာရှိပြီး စိတ်အားထက်သန်ကာ သာယာနာပျော်ဖွယ်ကောင်းသော ကိုယ်တော်၏အသံမျိုးနှင့်တူသော အခြားမည်သည့်အသံမျှမရှိသောကြောင့်တည်း။

သူတို့သည် ကျမ်းတတ်ဆရာများ၏ကျောင်းတွင် ကိုယ်တော်အားတွေ့ရှိခဲ့ကြပါသည်။ ကိုယ်တော်ကိုပြန်လည်တွေ့ရှိကြသည့်အတွက် အားရရွှင်လန်းကြသော်လည်း ခံစားခဲ့ရသောဝမ်းနည်းမှုနှင့် စိုးရိမ်ပူပန်မှုကိုမမေ့နိုင်ခဲ့ကြချေ။ ကိုယ်တော်သည် သူတို့အနားသို့ပြန်လည်ရောက်ရှိလာသောအခါ မယ်တော်က ပြစ်တင်ဆုံးမသည့်သဘောမျိုးနှင့် “ငါ့သား၊ အဘယ်ကြောင့်ငါတို့အား ဤသို့ပြုရသနည်း။ ညိုးငယ်ကြောင့်ကြသောစိတ်နှင့် မိဘတို့သည် မောင်ကိုရှာကြပြီ” ဟုဆို၏။

ယေရှုက “မိဘသည် အဘယ်ကြောင့်အကျွန်ုပ်ကိုရှာပါသနည်း။ အကျွန်ုပ်သည် အဘအိမ်၌နေရသည်ကိုမသိသလော” ဟုပြောဆိုရာ အထက်ကိုညွှန်ပြသောကိုယ်တော်၏စကားကို သူတို့နားလည်ပုံမပေါ်ချေ။ မျက်နှာတော်ပေါ်တွင် ထွန်းလင်းနေသောအလင်းကိုမြင်ခဲ့ကြရာ သူတို့အံ့သြခဲ့ကြရပါသည်။ ဘုရားသခင်၏ဇာတိတော်သည် လူသားဇာတိ၌တောက်ပလျက်ရှိပါသည်။ ကိုယ်တော်အား ဗိမာန်တော်တွင်တွေ့ရှိစဉ် သူတို့သည် ကိုယ်တော်နှင့်ကျမ်းတတ်ဆရာများအကြား ပြောဆိုသံများကိုကြားခဲ့ရပြီး ကိုယ်တော်မေးသောမေးခွန်းများနှင့် ဖြေကြားခဲ့သောအဖြေများကြောင့် အံ့အားသင့်ခဲ့ကြရပါသည်။ ကိုယ်တော်၏နှုတ်ထွက်စကားများသည် မမေ့နိုင်သောတွေးစရာခေါ်စရာတသီတတန်းကြီးကို အစပျိုးခဲ့ပါသည်။

၎င်းအပြင် "အကျွန်ုပ်သည် အဘအိမ်၌နေရသည်ကို မသိပါသလော" ဟူသောကိုယ်တော်၏မေးခွန်းထဲတွင် သင်ခန်းစာတစ်ခုပါရှိပါသည်။ သခင်ယေရှုသည် ဤကမ္ဘာတွင် မိမိလုပ်ကိုင်ရန်လာရောက်ခဲ့သည့် အမှုတော်အပေါ်တွင် အာရုံပြု၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ သို့သော် ယောသပ်နှင့်မာရိသည် မိမိတို့လုပ်ရမည့်အလုပ်ကို ဂရုမစိုက်ခဲ့ကြချေ။ ထာဝရဘုရားသခင်သည် ၎င်းတို့အား သားတော်ကိုပေးသနားတော်မူခြင်းအားဖြင့် ကြီးမြတ်သောဂုဏ်အသရေကို ထင်ရှားစေတော်မူခဲ့ပါသည်။ သန့်ရှင်းသောကောင်းကင်တမန်များသည် သခင်ယေရှု၏အသက်တာကို အန္တရာယ်ကင်းစေရန်အလို့ငှါ လုပ်ဆောင်ရမည့်အရာများကို ယောသပ်အား ညွှန်ကြားခဲ့ပါသည်။ သို့သော်လည်း သူတို့သည် တစ်ခဏကလေးပင် မမေ့လျော့သင့်သော ကိုယ်တော်အား တစ်နေ့လုံးလုံးမေ့လျော့ခဲ့ကြပေပြီ။ ၎င်းပြင် ကိုယ်တော်အားပြန်လည်တွေ့ရှိခဲ့ကြသောအခါတွင်လည်း ကိုယ်ကိုကိုယ်အပြစ်မတင်ကြဘဲ ကိုယ်တော်အပေါ်၌သာအပြစ်ပုံခဲ့ကြချေပြီ။ မိဘများအနေဖြင့် ယေရှုသည် မိမိတို့၏သားအရင်းတစ်ဦးဖြစ်သည်ဟု ရှုမြင်ခြင်းသည် သဘာဝကျလှပါသည်။ ကိုယ်တော်သည် သူတို့နှင့်အတူ နေ့စဉ်ရှိနေပြီး ကိုယ်တော်၏အသက်တာတွင် အခြားကလေးငယ်များ၏ လုပ်ပုံကိုင်ပုံများနှင့် တော်တော်များများတူညီခဲ့ပါသည်။ ထို့ကြောင့် ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကိုမှတ်ယူရန်မှာ သူတို့အတွက်အခက်တွေ့ခဲ့ကြပါသည်။ ကမ္ဘာ့ကယ်တင်ရှင်အတူရှိတော်မူခြင်းအားဖြင့် ပေးသနားတော်မူသောကောင်းချီးမင်္ဂလာကို အထူးကျေးဇူးတင်ရန် ပျက်ကွက်ခြင်းအတွက် ဘေးအန္တရာယ်ထိုက်သင့်စေခဲ့ပါသည်။ ကိုယ်တော်ကိုပျောက်ဆုံးနေစဉ် ၎င်းတို့ခံစားခဲ့ရသောဝမ်းနည်းပူပန်မှုနှင့် သာယာဖြည်းညင်းသောဆုံးမမှုကိုပြုရာရောက်သည့် ကိုယ်တော်၏ နှုတ်ထွက်စကားများသည် သူတို့အားယုံကြည်၍ အပ်နှံထားသော သားတော်၏သန့်ရှင်းမှုကို စိတ်တွင်ခံစားမိစေရန် ရည်ရွယ်ခဲ့ပါသည်။

သခင်ယေရှုသည် မိမိနှင့်ဘုရားသခင်အကြားဆက်သွယ်မှုကို နားလည်ကြောင်း မယ်တော်အားပေးခဲ့သည့်အဖြေထဲတွင် ပထမဦးစွာ





ထင်ရှားစေခဲ့ပါသည်။ ကိုယ်တော်မမွေးဖွားမီကပင် ကောင်းကင်တမန်သည် မာရိအားပြောဆိုခဲ့သည်မှာ "ဤသားသည်ကား ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံးသောဘုရား၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ရာဇပလ္လင်ကို ထာဝရအရှင်ဘုရားသခင်သည် သူ့အားပေးတော်မူမည်။ ထိုသူသည်လည်း ယာကုပ်အမျိုးအနွယ်ကို အစဉ်မပြတ် အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည်လည်း ဆုံးခြင်းမရှိရ" ဟူသတည်း။ လုကာ ၁း၃၂-၃၃။ မာရိသည် ဤစကားများကို စိတ်နှလုံးထဲတွင် ဆင်ခြင်သုံးသပ်ခဲ့ပါသည်။ သို့စေကာမူ သူငယ်တော်အား ဣသရေလလူများ၏ မေရှိယဟုယုံကြည်သော်လည်း ကိုယ်တော်၏ အမှုတော်ကို သူမသဘောမပေါက်ခဲ့ချေ။ ယခုတွင်သူမသည် ကိုယ်တော်၏ စကားများကို နားမလည်သေးချေ။ သို့သော် ကိုယ်တော်သည် ယောသပ်နှင့် ဆွေမျိုးတော်စပ်ခြင်းကိုလက်ခံရန် ငြင်းဆိုမည်ကိုလည်းကောင်း၊ မိမိသည် ထာဝရဘုရား၏သားတော်ဖြစ်ကြောင်းကိုလည်းကောင်း သူမသိရှိခဲ့ပါသည်။

သခင်ယေရှုသည် မိမိ၏လောကမိဘများနှင့်တော်စပ်ဆက်နွယ်မှုများကို လျစ်လျူမရှုခဲ့ပါ။ ကိုယ်တော်သည် မိဘများနှင့်အတူ ယေရုရှလင်မြို့မှပြန်လာ၍ ပင်ပန်းစွာလုပ်ကိုင်ရသည့်အသက်တာလုပ်ငန်းများတွင် မိဘများကိုကူညီလုပ်ကိုင်ခဲ့ပါသည်။ အမှုတော်တွင် ဝင်ရောက်ရမည့် သတ်မှတ်ထားသည့်အချိန်ကို ကျိုးကျိုးနွံနွံဖြင့်စောင့်ဆိုင်းလျက် ကိုယ်တော်သည် အမှုတော်မြတ်၏နက်နဲသိမ်မွေ့သောအရာများကို စိတ်နှလုံးတွင်ထိမ်ဝှက်ထားခဲ့ပါသည်။ မိမိသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို မိမိကိုယ်တိုင်အသိအမှတ်ပြုပြီးသည့်နောက် တစ်ဆယ့်ရှစ်နှစ်လုံးလုံးတွင် ကိုယ်တော်သည် နာဇရက်မှ မိသားစုများနှင့်သံယောဇဉ်ချည်နှောင်မှုရှိနေပြီဖြစ်ကြောင်းဝန်ခံပြီးလျှင် သားတစ်ဦး၏တာဝန်ကိုလည်းကောင်း၊ ညီအစ်ကိုတစ်ယောက်၏တာဝန်ကိုလည်းကောင်း၊ မိတ်ဆွေတစ်ဦး၏တာဝန်ကိုလည်းကောင်း၊ တိုင်းသူပြည်သားတစ်ဦး၏တာဝန်ကိုလည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

သခင်ယေရှုသည် ဗိမာန်တော်တွင် အမှုတော်ကိုဆောင်ရွက်ရန် လမ်းပွင့်ခဲ့သော်လည်း လူထုနှင့်ဆက်သွယ်ရန် တွန့်ဆုတ်ခဲ့ပါသည်။ ကိုယ်တော်သည် မိမိအသက်တာ၏လျှို့ဝှက်ချက်များကိုသိခဲ့သောသူများနှင့်အတူ ယေရုရှလင်မြို့မှ ငြိမ်သက်သာယာစွာဖြင့် ပြန်လာလိုသောဆန္ဒရှိခဲ့ပါသည်။ ထာဝရဘုရားသခင်သည် ပသခါပွဲကျင်းပခြင်းအားဖြင့် မိမိ၏လူများအား လောကနှင့်ပတ်သက်သောအရာများမှဝေးရာသို့ ခေါ်ဆောင်သွားရန်အတွက်သော်လည်းကောင်း၊ အဲဂုတ္တုပြည်မှ ၎င်းတို့အား ကယ်လွှတ်ခြင်းအရာတွင် ပြုတော်မူခဲ့သော ကိုယ်တော်၏အံ့ဖွယ်အမှုများကို သူတို့အား ပြန်လည်သတိရစေရန်အတွက်သော်လည်းကောင်း ကြိုးစားတော်မူခဲ့ပါသည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းအားဖြင့် ဘုရားသခင်သည် ၎င်းတို့အား အပြစ်မှကယ်လွှတ်ခြင်းနှင့်ပတ်သက်သောကတိတော်ကိုမြင်တွေ့ရန် လိုလားခဲ့ပါသည်။ အသေသတ်ခြင်းခံခဲ့ရသော သိုးသငယ်၏အသွေးသည် ဣသရေလမိသားစုများအား သေဘေးမှကင်းဝေးစေခဲ့သကဲ့သို့ ခရစ်တော်၏အသွေးတော်သည် ၎င်းတို့၏အသက်ဝိညာဉ်များကို ကယ်တင်ရန်ဖြစ်ပါသည်။ သို့သော်လည်း သူတို့သည် ကိုယ်တော်၏အသက်တာကို မိမိတို့၏ကိုယ်ပိုင်အသက်တာအဖြစ် ယုံကြည်ခြင်းအားဖြင့် မှတ်ယူစဉ်တွင် ၎င်းတို့သည် ခရစ်တော်အားဖြင့် ကယ်တင်ခြင်းကိုခံစားနိုင်ကြပါသည်။ အထိမ်းအမှတ်ပြု၍ ကျင်းပသောဤပရိသတ်အစည်းအဝေးပွဲများတွင် ဝတ်ပြုကိုးကွယ်သူများအား ခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ်ပြညွှန်သည့်အချိန်၌သာ အံ့ဩဖွယ်တန်ခိုးအစွမ်းကိုတွေ့ရပါသည်။ သူတို့သည် ခရစ်တော်၏အမှုတော်နှင့်စပ်လျဉ်း၍ ဆုတောင်းလျက် သေချာစွာလေ့လာသုံးသပ်ရန် ဘုရားသခင်ဆန္ဒရှိခဲ့ပါသည်။ သို့သော်လည်း ယုဒလူထုသည် ယေရုရှလင်မြို့မှပြန်လည်ထွက်ခွာသွားသောအခါ လမ်းခရီးတွင် စိတ်လှုပ်ရှားမှုများနှင့် အချင်းချင်း မိတ်သဟာယဖွဲ့မှုများထဲ၌ မကြာခဏအာရုံရောက်သွားပြီး ၎င်းတို့မျက်မြင်ကိုယ်တွေ့မြင်ခဲ့ရသောအစည်းအဝေးကို မေ့လျော့သွားခဲ့ကြပါသည်။ ကယ်တင်ရှင်သည် အပေါင်းအဖော်များအတွက် ဆွဲဆောင်မှုမရှိခဲ့ချေ။



ယောသပ်နှင့်မာရိတို့သည် သခင်ယေရှုတစ်ဦးတည်းနှင့်သာ ယေရုရှလင်မြို့မှပြန်လာခဲ့မည်ဆိုလျှင် ဒုက္ခဝေဒနာခံစားရမည့် ကယ်တင်ရှင်နှင့်ပတ်သက်သော အနာဂတ္တိစကားများကို ၎င်းတို့အားသွန်သင်ခွင့်ရလိမ့်မည်ဟု ကိုယ်တော်မျှော်လင့်ခဲ့ပါသည်။ ကိုယ်တော်သည် ကရာနီကုန်းတွင် မယ်တော်၏ဝမ်းနည်းပူပန်မှုကို ပေါ့ပါးသက်သာရန် ကြိုးစားခဲ့ပါသည်။ ယခုတွင် မယ်တော်အတွက် ကိုယ်တော်သည် စဉ်းစားလျက်ရှိပါသည်။ မာရိသည် ကိုယ်တော်ခံစားရမည့်ဝေဒနာကို သက်သေခံရန်ဖြစ်ပါသည်။ ၎င်းပြင် သူမ၏အသက်ဝိညာဉ်ကို ဓါးဖြင့်ထိုးဖောက်နာကျင်စေသောအခါ ခံနိုင်ရည်ရှိစေဖို့ ခွန်အားရရန် သူမသည် ကိုယ်တော်၏အမှုတော်ကိုနားလည်ဖို့ ကိုယ်တော်ဆန္ဒရှိတော်မူခဲ့ပါသည်။ သခင်ယေရှုသည် သူမနှင့်အဆက်အသွယ်ပြတ်သဖြင့် သုံးရက်လုံးလုံးကိုယ်တော်အား ဝမ်းနည်းစွာဖြင့် ရှာဖွေခဲ့ရသကဲ့သို့ ကိုယ်တော်သည် လောက၏အပြစ်များအတွက် ဆက်ကပ်ပူဇော်ခြင်းကိုခံရသောအချိန်တွင် သူမထံမှ သုံးရက်ကြာတစ်ဖန်ပျောက်ဆုံးနေမည်ဖြစ်ပါသည်။ ၎င်းပြင် ကိုယ်တော်ရှင်သည် သင်္ချိုင်းတွင်းမှပြန်လည်နိုးထလာသောအချိန်တွင်မူ သူမ၏ဝမ်းနည်းမှုများသည် ဝမ်းမြောက်မှုအသွင်သို့ တစ်ဖန်ပြောင်းလဲသွားခဲ့ပါသည်။ သို့သော် ကိုယ်တော်သည် သူမ၏အတွေးအခေါ်များကို ပြန်လည်ဦးလှည့်လာရန် ကြိုးစားသင်ပြနေသောကျမ်းစာများကို သူမနားလည်ခဲ့မည်ဆိုလျှင် သူမသည် ဤစိတ်ဒုက္ခရောက်မှုကို များစွာခံနိုင်ရည်ရှိနိုင်ပါမည်။

ယောသပ်နှင့်မာရိသည် ဘုရားကိုအာရုံပြုခြင်းအားဖြင့်သော်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း ထာဝရဘုရားအပေါ်တွင်မှီခိုအားကိုးမည်ဆိုလျှင် ၎င်းတို့အားအပ်နှံထားသောအရာ၏သန့်ရှင်းမွန်မြတ်မှုကို သူတို့ကောင်းမွန်စွာသိရှိကြလိမ့်မည်ဖြစ်ပြီး သခင်ယေရှုကိုလည်း ပျောက်ဆုံးခဲ့ကြလိမ့်မည်မဟုတ်ချေ။ တစ်နေ့တာအမှုမဲ့အမှတ်မဲ့ပြုမူမိခြင်းကြောင့် ကယ်တင်ရှင်ကို သူတို့ပျောက်ဆုံးခဲ့ရသည့်အပြင် ကိုယ်တော်ရှင်ကိုပြန်လည်တွေ့ရှိရန် သုံးရက်တာမျှစိတ်ပူပန်စွာဖြင့် ရှာဖွေခဲ့ရပါသည်။ ကျွန်ုပ်တို့၏အသက်တာတွင်လည်း ထိုနည်းအတိုင်း

ဖြစ်ပျက်ခံစားနေကြရပါသည်။ အချည်းနှီးစကားများကိုပြောကြားခြင်းအားဖြင့်သော်လည်းကောင်း၊ ကုန်းချောသောစကားများကိုပြောကြားခြင်းအားဖြင့်သော်လည်းကောင်း၊ ဆုတောင်းခြင်းကိုလျစ်လျူရှုထားခြင်းအားဖြင့်သော်လည်းကောင်း ကျွန်ုပ်တို့သည် ကယ်တင်ရှင်၏အတူရှိခြင်းကို တစ်နေ့တာဆုံးရှုံးသွားနိုင်ပါသည်။ ၎င်းပြင်တစ်နေ့တာကိုယ်တော်ရှင်နှင့်အတူမရှိခြင်းသည် ကိုယ်တော်ရှင်အား ပြန်လည်တွေ့ရှိပြီး ဆုံးရှုံးသွားသောငြိမ်သက်ခြင်းချမ်းသာကို ပြန်လည်ရယူနိုင်ရန်အလို့ငှါ ဝမ်းနည်းစွာနှင့်ရှာဖွေရန် ရက်ပေါင်းများစွာကြာမြင့်နိုင်ပါသည်။

လူတစ်ယောက်နှင့်တစ်ယောက် ပေါင်းသင်းဆက်ဆံခြင်းအမှုတွင် သခင်ယေရှုကိုမမေ့လျော့မိရန် ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူမရှိပါဟု ဂရုမစိုက်ဘဲ အစဉ်မပြတ်အချိန်ကုန်မသွားစေရန် ဂရုပြုသင့်ကြပါသည်။ ထာဝရအသက်၏မျှော်လင့်ခြင်းဗဟိုပြုနေသော ကိုယ်တော့်အကြောင်းကို မစဉ်းစားမသုံးသပ်မိစေရန် ကျွန်ုပ်တို့သည် လောကရေးရာများထဲ၌ နစ်မျောနေသောအခါ မိမိကိုယ်ကို သခင်ယေရှုနှင့်သော်လည်းကောင်း၊ ကောင်းကင်တမန်များနှင့်သော်လည်းကောင်း အဆက်ဖြတ်ထားခြင်းဖြစ်ပါသည်။ ကယ်တင်ရှင်ကိုအလိုမရှိသောနေရာနှင့် ကိုယ်တော်ရှင်ရှိတော်မူခြင်းကို ဂရုမပြုသောနေရာတွင် ကောင်းကင်သားများဆက်လက်နေထိုင်နိုင်ခြင်းမရှိချေ။ ဤအချက်သည် ခရစ်တော်၏နောက်လိုက်များအား စိတ်ဓာတ်ကျဆင်းမှုများကို မကြာခဏဖြစ်ပေါ်စေသောအချက်ဖြစ်ပါသည်။

များစွာသောလူများသည် ဘာသာရေးဝတ်ပြုကိုးကွယ်ပွဲများကိုတက်ရောက်၍ နှုတ်ကပတ်တော်အားဖြင့် အားသစ်လောင်းခြင်းနှင့် နှစ်သိမ့်မှုများကို ခံစားခဲ့ကြသော်လည်း ခရစ်တော်အကြောင်းကို ဆင်ခြင်သုံးသပ်ခြင်း၊ နိုးနိုးကြားကြားရှိခြင်းနှင့် ဆုတောင်းခြင်းများကို လျစ်လျူရှုကြသည့်အတွက် သူတို့သည် ကောင်းချီးမင်္ဂလာကိုမရဘဲ ယခင်ကထက်ပို၍ချို့တဲ့နွမ်းပါးမှုကိုခံစားကြရပါသည်။ ထာဝရဘုရားသည် သူတို့အား အကြင်နာကင်းမဲ့စွာပြုမူသည်ဟု မကြာခဏသူတို့ခံစားကြရပါသည်။ ၎င်းတို့အမှားကြောင့်ဖြစ်ရကြောင်းကို သူတို့မမြင်တွေ့ကြချေ။ မိမိကိုယ်ကို သခင်ယေရှုနှင့်



ခွဲခွာလိုက်ခြင်းအားဖြင့် သူတို့သည် ကိုယ်တော်ရှင်၏အလင်းတရားကို တားဆီးပိတ်ဆို့ခဲ့ကြပါသည်။

ခရစ်တော်၏သက်တော်စဉ်အကြောင်းကို ဆင်ခြင်သုံးသပ်ခြင်းအတွက် တစ်နေ့လျှင်တစ်နာရီအသုံးပြုခြင်းသည် ကျွန်ုပ်တို့အတွက် ကောင်းမွန်သောအရာဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏သက်တော်စဉ်ကို တစ်ခုချင်းစဉ်းစားသုံးသပ်၍ ထိုစဉ်းစားစိတ်ကူးခြင်းသည် အထူးသဖြင့် သက်တော်စဉ်၏နောက်ဆုံးပိုင်းမြင်ကွင်းတစ်ခုစီအား သဘောပေါက်ငုံမိစေရပါမည်။ ကျွန်ုပ်တို့အတွက် ပေးဆပ်ခဲ့သောကြီးမားသည့်ပူဇော်သကာအပေါ် ကျွန်ုပ်တို့ရပ်တည်သည်နှင့်အမျှ ကိုယ်တော့်အပေါ် ကျွန်ုပ်တို့၏စိတ်ချယုံကြည်မှုများ ပိုမိုခိုင်မြဲလာပြီး မေတ္တာတရားလည်း ရှင်သန်နိုးထလာကာ ကျွန်ုပ်တို့တွင် သန့်ရှင်းသောဝိညာဉ်တော်သည် ပိုမို၍နက်ရှိုင်းစွာပျံ့နှံ့စွဲမြဲလိမ့်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နောက်ဆုံး၌ကယ်တင်ခြင်းခံစားကြရလိမ့်မည်ဆိုလျှင် ကပ်တိုင်ခြေရင်းတွင်ရှိသောနောင်တသံဝေဂတရားနှင့် နှိမ့်ချခြင်းအကြောင်းသင်ခန်းစာကို ကျွန်ုပ်တို့သင်ယူကြရပါမည်။

လူသားအချင်းချင်း အတူတကွပေါင်းသင်းနေထိုင်သောကြောင့် ကျွန်ုပ်တို့သည် တစ်ဦးအတွက်တစ်ဦးကောင်းချီးမင်္ဂလာဖြစ်စေနိုင်ကြပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏သားသမီးများဖြစ်လျှင် ကျွန်ုပ်တို့၏နှစ်လိုဖွယ်သောအတွေးများသည် ကိုယ်တော်၏အကြောင်းသာဖြစ်ပါလိမ့်မည်။ ကိုယ်တော်ရှင့်အကြောင်းကိုပြောရန် ကျွန်ုပ်တို့နှစ်သက်ကြလိမ့်မည်။ ကိုယ်တော်ရှင်၏မေတ္တာတော်အကြောင်းကို ကျွန်ုပ်တို့အချင်းချင်းပြောကြစဉ် ကျွန်ုပ်တို့၏စိတ်နှလုံးများသည် ဘုရားသခင်၏ပြုပြင်တတ်သောအာနိသင်ကြောင့် နူးညံ့ပျော့ပျောင်းလာပါလိမ့်မည်။ ကိုယ်တော်ရှင့်စာရိတ္တတော်၏တင့်တယ်မှုကိုကြည့်ရှုလျက် "ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိကြရ၏။"

-၀-

## (၉)
## တိုက်လှန်ခြင်းခံရသောနေ့ရက်များ

ယုဒကလေးငယ်တစ်ယောက်သည် ငယ်ရွယ်စဉ်အချိန်မှစ၍ ကျမ်းတတ်ဆရာများ၏စည်းကမ်းချက်များအလယ်တွင် အသက်ရှင်ခဲ့ရပါသည်။ အသေးအဖွဲကိစ္စအတွက်မှစ၍ လုပ်ကိုင်ဆောင်ရွက်မှုတိုင်းအတွက် တင်းကျပ်သောစည်းကမ်းဥပဒေများကို ပြဋ္ဌာန်းထားခဲ့ပါသည်။ တရားဇရပ်ရှိဆရာများလက်အောက်တွင် စောင့်ရှောက်ဖို့ရန် လိုအပ်သည့်မရေမတွက်နိုင်သောစည်းမျဉ်းဥပဒေများကိုလိုက်နာရန် သွန်သင်ခြင်းခံကြရပါသည်။ သို့သော် သခင်ယေရှုသည် ဤအရာများတွင် စိတ်ဝင်စားမှုမရှိချေ။ ကိုယ်တော်သည် ကလေးဘဝမှစ၍ ယုဒလူမျိုးကျမ်းတတ်ဆရာများ၏ ပညာများကို အမှီတံကဲမပြုဘဲလုပ်ဆောင်ခဲ့သည်။ ဓမ္မဟောင်းကျမ်းမှ ကျမ်းစာများသည် ကိုယ်တော်အစဉ်အမြဲလေ့လာခဲ့သောအရာဖြစ်ပြီး "ထာဝရဘုရားမိန့်တော်မူသည်ကား" ဆိုသည့်စကားများသည် ကိုယ်တော့်နှုတ်ခမ်းဖျားတွင် ရေပန်းစားခဲ့သောစကားများဖြစ်ပါသည်။

ယုဒလူများ၏အခြေအနေကို ကောင်းမွန်ရှင်းလင်းစွာသိရှိလာသောအခါ လူ့အဖွဲ့အစည်း၏တောင်းဆိုချက်များသည် အစဉ်သဖြင့် ဆန့်ကျင်ဖီလာနေကြောင်းကို ကိုယ်တော်တွေ့ခဲ့ရပါသည်။ လူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်မှသွေဖည်၍ လူသားများတီထွင်ထားသော ဆင်ခြင်တွေးဆချက်များကို အမွှမ်းတင်လျက်ရှိကြပါသည်။ သူတို့သည် အထူးကောင်းမြတ်သည့်အကျင့်မပါသော မိရိုးဖလာအခမ်းအနားများကို စောင့်ရှောက်ခဲ့ကြပါသည်။ ၎င်းတို့၏ဘာသာရေးအခမ်းအနားသည် ဝိနည်းအထုံးအဖွဲ့များနှင့်လာပြီးလျက်ရှိပါသည်။ သင်ကြားရန်ရည်စူးသည့် သန့်ရှင်းသောသမ္မာတရားသည် ဝတ်ပြုကိုးကွယ်သူများထံမှ ဝှက်ထားခြင်းကိုခံခဲ့ကြရပါသည်။ ယုံကြည်ခြင်းမပါသော ကိုးကွယ်မှုများတွင် သူတို့သည် ငြိမ်သက်ခြင်းကိုမရခဲ့ကြကြောင်းကို ကိုယ်တော်မြင်တွေ့ခဲ့ရပါသည်။ ထာဝရဘုရားအား မှန်ကန်စွာဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် ရရှိသည့်ဝိညာဉ်၏



လွတ်လပ်ခြင်းအခွင့်ကို သူတို့မသိရှိခဲ့ကြချေ။ သခင်ယေရှုသည် ထာဝရဘုရားအား ဝတ်ပြုကိုးကွယ်ခြင်း၏အနက်အဓိပ္ပါယ်ကိုသွန်သင်ရန် ကြွလာတော်မူခဲ့ပါသည်။ ၎င်းပြင် လူသားများ၏တောင်းဆိုချက်များနှင့် ဘုရားသခင်၏ပညတ်ချက်များ အရောရောအနှောနှောလုပ်ခြင်းကိုလည်း ကိုယ်တော်ခွင့်မပြုနိုင်ခဲ့ချေ။ ကိုယ်တော်သည် ကျမ်းတတ်ဆရာများ၏ ပညတ်များနှင့် လေ့ကျင့်လုပ်ဆောင်မှုများကို တိုက်ခိုက်မှုမပြုခဲ့ချေ။ သို့သော် မိမိရိုးသားသောအကျင့်ဓလေ့များကို အပြစ်တင်ပြောဆိုခြင်းခံရသောအခါ ကိုယ်တော်သည် မိမိအကျင့်စာရိတ္တ၏ ဖြောင့်မတ်ခြင်းအားဖြင့် ထာဝရဘုရား၏နှုတ်ကပတ်တော်ကိုတင်ပြခဲ့ပါသည်။

သခင်ယေရှုသည် မိမိနှင့်တွေ့ဆုံဆက်သွယ်သောသူများအား နူးညံ့သိမ်မွေ့၍ ကျိုးနွံသောနည်းလမ်းများအားဖြင့် ကျေနပ်မှုရှိစေရန် ကြိုးစားခဲ့ပါသည်။ ကိုယ်တော်သည် နူးညံ့သိမ်မွေ့၍ ဣန္ဒြေစောင့်စည်းသူတစ်ဦးဖြစ်သောကြောင့် ၎င်းတို့၏သွန်သင်ချက်များဖြင့် ကိုယ်တော်အား အလွယ်တကူသိမ်းသွင်းနိုင်လိမ့်မည်ဟု ကျမ်းတတ်ဆရာများနှင့် ယုဒလူအကြီးအကဲများက အထင်ရှိခဲ့ကြပါသည်။ ဘိုးစဉ်ဘောင်ဆက်လက်ဆင့်ကမ်းပေးခဲ့သော ယုဒလူများလိုက်နာရမည့်စည်းကမ်းများနှင့် မိရိုးဖလာဓလေ့ထုံးစံများကို လက်ခံကျင့်သုံးရန် ကိုယ်တော်အား ၎င်းတို့တိုက်တွန်းခဲ့ကြပါသည်။ သို့သော် ကိုယ်တော်သည် သမ္မာကျမ်းစာမှအထောက်အထားများကိုတောင်းခံခဲ့ပါသည်။ ကိုယ်တော်သည် ထာဝရဘုရား၏နှုတ်တော်မှထွက်လာသောတရားစကားတိုင်းကို နာခံလိမ့်မည်ဖြစ်သော်လည်း လူသားများတီထွင်ထားသောအရာများကို နားထောင်ကျင့်ကြံနိုင်မည်မဟုတ်ချေ။ သခင်ယေရှုသည် သမ္မာကျမ်းစာကို အစမှအဆုံးတိုင်သိရှိထားပြီး ကျမ်းချက်များကို အရှိအတိုင်းတင်ပြခဲ့ပါသည်။ ကျမ်းတတ်ဆရာများသည် ကလေးတစ်ယောက်၏သွန်သင်ခြင်းကိုခံကြရသဖြင့် ရှက်ကိုးရှက်ကန်းဖြစ်နေကြပါသည်။ ကျမ်းစာကို ရှင်းလင်းတင်ပြရန်မှာ ၎င်းတို့၏အလုပ်တာဝန်ဖြစ်ပြီး ၎င်းတို့၏အနက်ဖွင့်သွန်သင်ချက်ကိုလက်ခံရန်မှာ ကိုယ်တော်၏အငန်းအတာဖြစ်ကြောင်း

သူတို့ကအခိုင်အမာပြောကြပါသည်။ ကိုယ်တော်သည် ၎င်းတို့၏စကားကို ဆန့်ကျင်ဘက်လုပ်နေသောကြောင့် သူတို့သည် မခံမရပ်နိုင်ဖြစ်ကာ အမျက်ဒေါသထွက်နေကြပါသည်။

သူတို့၏မိရိုးဖလာဓလေ့ထုံးစံများအတွက် သမ္မာကျမ်းစာတွင် အထောက်အထားမရှိကြောင်းကို သူတို့သိခဲ့ကြပါသည်။ ဝိညာဉ်ရေးနှင့် ပတ်သက်သောသိကျွမ်းနားလည်မှုများတွင် သခင်ယေရှုသည် ၎င်းတို့ထက်များစွာသာလွန်ကြောင်း သူတို့သိရှိခဲ့ကြပါသည်။ သို့စေကာမူ ၎င်းတို့၏အမိန့်ကို နားမထောင်သောကြောင့် ကိုယ်တော်အား သူတို့စိတ်ဆိုးခဲ့ကြပါသည်။ ကိုယ်တော်ရှင်၏အခြေအနေကိုသဘောမပေါက်ကြသောကြောင့် ၎င်းတို့သည် ယောသပ်နှင့်မာရိကိုရှာဖွေ၍ ကိုယ်တော်၏လိုက်လျောမှုမရှိသည့်အတိုင်းအတာများကို မြင်သာအောင်တင်ပြခဲ့ကြပါသည်။ ဤနည်းအားဖြင့် ကိုယ်တော်သည် အပြစ်တင်ခြင်းနှင့်မြည်တွန်တောက်တီးခြင်းများကိုခံခဲ့ရပါသည်။

သခင်ယေရှုသည် အသက်အရွယ်နုနယ်သောအချိန်တွင် အကျင့်စာရိတ္တဖွံ့ဖြိုးခြင်းကို မိမိဘာသာစတင်လှုပ်ရှားလုပ်ဆောင်ခဲ့ပါသည်။ ၎င်းပြင် မိဘများကို ရိုသေချစ်ခင်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်များကိုနားထောင်ခြင်းမှ ကိုယ်တော်အားဦးလှည့်မသွားစေနိုင်ခဲ့ချေ။ မိသားစု၏ဓလေ့ထုံးစံများမှ ကွဲပြားခြားနားသည့်အပြုအမူတိုင်းအတွက် ကိုယ်တော်၏အကြောင်းပြချက်မှာ "ကျမ်းစာလာသည်ကား" ဟူသောစကားပေတည်း။ သို့သော်ကျမ်းတတ်ဆရာများ၏ဩဇာသက်ရောက်မှုသည် ကိုယ်တော်၏အသက်တာအား ခါးသီးသောအသက်တာတစ်ခုဖြစ်စေခဲ့ပါသည်။ ကိုယ်တော်သည် လူငယ်ဘဝ၌ပင် ရေငုံနှုတ်ပိတ်ခြင်းနှင့်သည်းခံခြင်းများအတွက် ခက်ခဲသောသင်ခန်းစာများကို လေ့ကျက်ခဲ့ရပါသည်။

ယောသပ်၏သားများဖြစ်သော ကိုယ်တော်၏ညီအစ်ကိုများသည် ယုဒကျမ်းတတ်ဆရာများဘက်မှရပ်တည်ခဲ့ကြပါသည်။ မိရိုးဖလာထုံးတမ်းစဉ်လာများကို ဘုရားသခင်၏ခိုင်းစေချက်များသဖွယ် လိုက်လျှောက်ကြရမည်ဟု သူတို့တိုက်တွန်းပြောဆိုခဲ့ကြပါသည်။ သူတို့သည် လူသားများပြဋ္ဌာန်းသည့် ပညတ်များကို ဘုရားသခင်၏နှုတ်ကပတ်တော်ထက်များစွာ အရေးတယူပြုခဲ့ကြပြီး သခင်ယေရှု၏အမှားနှင့်အမှန်ကိုခွဲခြား၍ ရှင်းလင်းစွာထိုးဖောက်သိမြင်နိုင်ခြင်းအတွက် အလွန်စိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြပါသည်။ ဘုရားသခင်၏ပညတ်တော်ကို တိတိကျကျလိုက်နာခဲ့သည့် ကိုယ်တော်၏နားထောင်မှုကိုလည်း တစ်ယူသန်နိုင်ခြင်းအဖြစ် အပြစ်တင်ခဲ့ကြပါသည်။ ကျမ်းတတ်ဆရာများကိုဖြေကြားရာတွင် ကိုယ်တော်အသုံးပြုခဲ့သော ဥာဏ်ပညာနှင့်အသိပညာများကြောင့် သူတို့အံ့အားသင့်ခဲ့ကြရပါသည်။ ကိုယ်တော်သည် ယုဒပညာရှိများထံတွင် ပညာမသင်ယူခဲ့ဖူးကြောင်းကို သူတို့သိခဲ့ကြပါသည်။ သို့စေကာမူ ကိုယ်တော်သည် သူတို့အတွက် သွန်သင်သူတစ်ဦးဖြစ်နေသည်ကို ငြင်းကွယ်၍မရတော့ချေ။ ကိုယ်တော်ရှင်၏ပညာအဆင့်အတန်းသည် သူတို့၏ပညာအဆင့်အတန်းထက်မြင့်မားကြောင်းကို သူတို့အသိအမှတ်ပြုခဲ့ကြပါသည်။ သို့သော်လည်း ၎င်းတို့မသိမြင်ခဲ့ကြသော ပညာ၏အချုပ်အခြာဖြစ်သည့် အသက်ပင်ကိုချဉ်းကပ်ခွင့်သည် ကိုယ်တော်၌ရှိကြောင်းကို သူတို့မသိရှိခဲ့ကြချေ။

ယေရှုသည် လူများနှင့်မရောမနှောဘဲ သီးသန့်ခွဲ၍မနေထိုင်ခဲ့ချေ။ ၎င်းပြင်ကိုယ်တော်သည် ဤကိစ္စတွင် ၎င်းတို့၏တင်းကျပ်သောစည်းမျဉ်းဥပဒေများမှ သွေဖည်လုပ်ဆောင်ခြင်းအားဖြင့် ဖါရိရှဲများအား ပြင်းထန်စွာတိုက်ခိုက်ခဲ့ပါသည်။ နေ့စဉ်အသက်တာအတွက် အရေးကြီးသည့်အထူးသန့်ရှင်းသောအရာအဖြစ်သတ်မှတ်၍ ဘာသာရေးနယ်ကို မြင့်မားသောနံရံကြီးများနှင့် သီးသန့်ခွဲခြားကာရံထားကြောင်းကို ကိုယ်တော်တွေ့မြင်ခဲ့ရပါသည်။ ဤပိုင်းခြားထားသောနံရံများကို ကိုယ်တော်ကျော်လွှားခဲ့ပါသည်။ ကိုယ်တော်သည် တွေ့ထိရင်းနှီးသောလူများအား "ခင်ဗျားရဲ့အယူဝါဒကဘာလဲ" ဟူ၍လည်းကောင်း၊ "ခင်ဗျားက ဘယ်အသင်းတော်ကလဲ" ဟူ၍လည်းကောင်း မမေးမြန်းခဲ့ချေ။ ကိုယ်တော်သည် မိမိ၏မစခြင်းတန်ခိုးကို အမအစလိုသူများအတွက် အသုံးပြုတော်မူခဲ့သည်။ ဘုရားစာရိတ္တတော်များကို ထင်ရှားစေရန်အလို့ငှါ ရသေ့ဂူတစ်ခုတွင် လူများနှင့်အဆက်အသွယ်

ဖြတ်ကာ ကိန်းအောင်းနေရမည့်အစား လူသားများအကျိုးအတွက် စိတ်အားထက်သန်စွာလုပ်ကိုင်ခဲ့ပါသည်။ ကျမ်းစာတွင်ဖော်ပြထားသည့် ဘာသာတရားသည် ခန္ဓာကိုယ်ကိုအနာခံ၍ ခြိုးခြံစွာကျင့်ခြင်းများမပါဝင်ကြောင်းကို ကိုယ်တော်သည် လူအများကိုသိသာစေခဲ့ပါသည်။ ဖြူစင်သန့်ရှင်း၍ မညစ်ညူးသည့်ဘာသာတရားသည် အထူးဘာသာရေးပွဲများနှင့် ထိုပွဲများကိုကျင်းပရန် အချိန်များသတ်မှတ်ပေးခြင်းလောက်သာ အဓိပ္ပါယ်သက်ရောက်ခြင်းမဟုတ်ကြောင်းကိုလည်း ကိုယ်တော်သွန်သင်တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်သည် လူသားများတို့အား ချစ်ခင်ကြောင်းကို အချိန်တိုင်းနှင့်နေရာတိုင်းတွင် ထင်ရှားစေတော်မူခဲ့ပြီး နှစ်သက်ဖွယ်သောဘုရားတရားကိုင်းရှိုင်းခြင်း၏ ပညာအလင်းကို မိမိတို့ပတ်လည်တွင်သက်ရောက်စေတော်မူခဲ့သည်။ ဤအရာအားလုံးသည် ဖါရိရှဲများအား အထိနာစေသောအရာများဖြစ်သည်။ အတ္တလွန်ကဲခြင်းသည် ဘာသာတရားကိုလိုက်စားမှုတွင် အဓိကမဟုတ်ကြောင်းကိုလည်းကောင်း၊ သူတို့ပုဂ္ဂလိကကိစ္စများအပေါ် အလေးပေးခြင်းသည် စစ်မှန်သောဘုရားတရားရှိမှုနှင့် အလွန်ဝေးကွာနေကြောင်းကိုလည်းကောင်း ကိုယ်တော်၏သွန်သင်ချက်ကဖော်ပြခဲ့ပါသည်။ ၎င်းတို့၏စည်းမျဉ်းဥပဒေများနှင့်လိုက်လျောညီထွေခြင်းရှိအောင် နေထိုင်ရန် သူတို့သည် ကိုယ်တော်အား ဇွတ်အတင်းလုပ်ခိုင်းဖို့ ကြိုးစားစေရန်အလို့ငှါ ထိုသွန်သင်ချက်များသည် သခင်ယေရှုအပေါ်ထားရှိသော ၎င်းတို့၏ရန်ညှိုးကို နှိုးထစေခဲ့ပါသည်။

သခင်ယေရှုသည် တွေ့ရှိခဲ့သမျှသောရောဂါဝေဒနာခံစားနေရသူများအား သက်သာစေတော်မူခဲ့သည်။ ကိုယ်တော်၌ ပိုက်ဆံငွေကြေးမရှိသော်လည်း မကြာခဏမိမိစားရမည့်အစာများကိုမစားဘဲ မိမိထက်ပို၍ ငတ်မွတ်နေသောသူများအား ကျွေးမွေးတော်မူခဲ့၏။ ကိုယ်တော်၏သြဇာသက်ရောက်မှုသည် ၎င်းတို့၏လုပ်ဆောင်ချက်များကို ဟန့်တားပျက်ပြယ်ရန် အပြင်းအထန်တိုက်ခိုက်နေသည်ဟု ကိုယ်တော်၏ညီအစ်ကိုများကထင်မှတ်ခဲ့ကြပါသည်။ ၎င်းတို့အထဲမှတစ်ယောက်၌မှမရှိသည့်အပြင် တစ်ယောက်ကမှ ပိုင်ဆိုင်ရန် ဆန္ဒမရှိသော ပင်ကိုဇဝနဉာဏ်မျိုးကို ကိုယ်တော်ပိုင်ဆိုင်ထား



တော်မူခဲ့ပါသည်။ ထိုသူတို့သည် ဆင်းရဲသားများနှင့်နိမ့်ကျသောသူများကို ကြမ်းတမ်းစွာပြောဆိုဆက်ဆံကြသောအခါ ကိုယ်တော်သည် ထိုကဲ့သို့သောသူများကို လိုက်လံရှာဖွေ၍ အားပေးစကားများကိုပြောကြားခဲ့ပါသည်။ ကိုယ်တော်သည်ငတ်မွတ်သောသူများအား ရေအေးတစ်ခွက်တိုက်မည်ဖြစ်ပြီး မိမိစားရမည့်အစာကို တိတ်ဆိတ်စွာဖြင့် ၎င်းတို့အားကျွေးတော်မူမည်ဖြစ်ပါသည်။ ၎င်းတို့ခံစားနေကြရသောဝေဒနာများကို သက်သာပျောက်ကင်းစေသကဲ့သို့ သွန်သင်သောသမ္မာတရားများကို သနားခြင်းကရုဏာပြသည့် လုပ်ငန်းများနှင့် အထူးပူးတွဲလုပ်ဆောင်ဟောကြားခြင်းအားဖြင့် တရားတော်ကိုခိုင်မြဲစွာသတိရအောက်မေ့စေခဲ့ပါသည်။

ဤအရာအားလုံးသည် ကိုယ်တော်၏ညီအစ်ကိုများအား မခံချိမခံသာဖြစ်စေခဲ့ပါသည်။ သခင်ယေရှုထက် ၎င်းတို့အသက်ကြီးသောသူများဖြစ်သဖြင့် ကိုယ်တော်သည် ၎င်းတို့၏အမိန့်ကိုနာခံသင့်သည်ဟု သူတို့ယူဆခဲ့ကြပါသည်။ ယေရှုသည် မိမိကိုယ်ကိုညီအစ်ကိုများထက်သာလွန်မြင့်မြတ်ကြောင်းအထင်ရှိသည်ဟု သူတို့က ကိုယ်တော်အားစွပ်စွဲခဲ့ကြပြီး မိမိကိုယ်ကို ၎င်းတို့၏ယုဒဆရာများ၊ ယဇ်ပုရောဟိတ်များနှင့် အကြီးအကဲအုပ်ချုပ်သူများအထက်တွင် နေရာယူခြင်းအတွက် အပြစ်တင်ပြောဆိုခဲ့ကြပါသည်။ သူတို့သည် ကိုယ်တော်အား ကြိမ်းမောင်းပြီး ခြိမ်းခြောက်ရန်ကြိုးစားခဲ့ကြသော်လည်း ကိုယ်တော်သည် ကျမ်းစာတော်မြတ်ကို လမ်းပြအနေဖြင့်ကိုးစားကာ ဆက်လက်ကျော်လွှားခဲ့ပါသည်။

သခင်ယေရှုသည် မိမိညီအစ်ကိုများကို ချစ်တော်မူခဲ့ပြီး မယုတ်လျော့သောသနားကြင်နာမှုများဖြင့် ဆက်ဆံတော်မူခဲ့ပါသည်။ သို့ပါသော်လည်း ၎င်းတို့သည် ကိုယ်တော်ကိုဝန်တိုခဲ့ကြပြီး မယုံကြည်မှုများပွင့်ပွင့်လင်းလင်းပြခဲ့ကြကာ မခန့်လေးစားပြုမှုများကို ထင်ထင်ရှားရှားပြခဲ့ကြပါသည်။ သူတို့သည် ကိုယ်တော်၏လုပ်ပုံကိုင်ပုံကို နားမလည်နိုင်ခဲ့ကြချေ။ သူတို့သည် သခင်ယေရှုကို အကြီးအကျယ်ဆန့်ကျင်ဖီလာပြုလုပ်ခဲ့ကြသည်။ ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသော်လည်း အကူအညီမဲ့ကလေးတစ်ဦးဖြစ်နေခဲ့ပါသည်။ ကမ္ဘာကိုဖန်ဆင်းခဲ့သည့် ဖန်ဆင်းရှင်တစ်ပါး

ဖြစ်ပြီး ကမ္ဘာသည် ကိုယ်တော်ရှင်ပိုင်ဆိုင်သောအရာဖြစ်သော်လည်း အသက်တာတစ်လျှောက်လုံးတွင် ဆင်းရဲနွမ်းပါးမှုကို ခံစားခဲ့ရပါသည်။ လောကတွင်ရှိသောဝါကြွားစရာများနှင့် စိတ်ကြီးဝင်စရာများထက် ခြွင်းချက်မရှိ သာလွန်ကောင်းမွန်သည့်ကြီးမြတ်ခြင်းနှင့် ပုဂ္ဂိုလ်အလိုက် ထူးခြားမှုများကို ကိုယ်တော်ပိုင်ဆိုင်တော်မူ၏။ ကိုယ်တော်သည် လောက၏ကြီးမြတ်မှုများကိုရရှိရန် ကြိုးစားအားထုတ်မှုများကို မပြုလုပ်ဘဲ အနိမ့်ကျဆုံးသောအဆင့်အတန်းနှင့်ပင် ကျေနပ်ရောင့်ရဲတော်မူခဲ့ပါသည်။ ဤအရာသည်လည်း ကိုယ်တော်၏ညီအစ်ကိုများအား အမျက်ဒေါသထွက်စေခဲ့ပါသည်။ ဆင်းရဲဒုက္ခရောက်သောအခါများနှင့် ဆီးတားပိတ်ပင်ခြင်းခံရသောအခါများတွင် မပြောင်းမလဲရပ်တည်ခဲ့သောကိုယ်တော်၏စိတ်နှလုံး တည်ကြည်မှုကို သူတို့ပမာဏမပြုခဲ့ကြချေ။ ကိုယ်တော်ခံစားခဲ့ရသောဆင်းရဲတော်မူခြင်းဖြင့် ကျွန်ုပ်တို့တွင်စည်းစိမ်ရှိစေခြင်းငှါ ကျွန်ုပ်တို့အတွက် ကိုယ်တော်သည် ဆင်းရဲခံခဲ့ရသည်ကို သူတို့မသိရှိခဲ့ကြချေ။ ကိုယ်တော်ရှင် အမှုတော်၏အဓိပ္ပါယ်နက်နဲမှုကို သူတို့သိရှိနားလည်ခြင်းသည် ယောဘ၏ မိတ်ဆွေများက ၎င်းခံစားရသောဝေဒနာများနှင့်ပတ်သက်၍ နားလည် သဘောပေါက်ခြင်းထက်မပိုခဲ့ချေ။

သခင်ယေရှုသည် မိမိညီအစ်ကိုများ၏အထင်လွဲခြင်းကိုခံခဲ့ရသည်။ အကြောင်းမူကား ကိုယ်တော်ရှင်၏အသက်တာသည် ၎င်းတို့၏အသက်တာနှင့်မတူသောကြောင့်ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏အသက်တာသည် ၎င်းတို့၏အသက်တာနှင့်မတူညီချေ။ သူတို့သည် လူကိုကြည့်၍ ဘုရားသခင်ကိုကျောခိုင်းခဲ့ကြသဖြင့် ၎င်းတို့၏အသက်တာတွင် ဘုရားသခင်၏တန်ခိုးတော်မရရှိခဲ့ကြချေ။ သူတို့ကျင့်ကြံစောင့်ထိန်းခဲ့သောဘာသာရေးအယောင်ဆောင်မှုများသည် ၎င်းတို့၏အကျင့်စာရိတ္တကိုပြောင်းလဲစေရန် မစွမ်းနိုင်ခဲ့ချေ။ သူတို့သည် ပင်စိမ်း၊ စမွတ်၊ ဇီယာ၊ အသီးအရွက်တို့ကို ဆယ်ဖို့တစ်ဖို့ပေးလှူသော်လည်း တရားသဖြင့်စီရင်ခြင်း၊ သူတစ်ပါးကိုသနားခြင်း၊ သစ္စာစောင့်ခြင်းတည်းဟူသော ပညတ်တရားများမှ လေးသောအရာတို့ကိုချန်လှပ်ထားခဲ့ကြသည်။ (မဿဲ ၂၃း၂၃) သခင်ယေရှု၏အသက်တာပုံစံနမူနာသည်



သူတို့အား အမြဲတမ်းဒေါသထွက်စေခဲ့ပါသည်။ ကိုယ်တော်ရှင်မုန်းတီးသောအရာဟူ၍ လောကတွင်တစ်ခုသာရှိပါသည်။ ၎င်းမှာ အပြစ်တရားဖြစ်ပါသည်။ အသွင်သဏ္ဌာန်ပြောင်းလဲရန် မဖြစ်နိုင်သောမှားယွင်းသည့်လုပ်ဆောင်မှုတစ်ခုကို နာကျင်မှုဝေဒနာမခံစားရဘဲ ကိုယ်တော်ရှင်သက်သေမခံနိုင်ချေ။ အပြစ်ကိုမြတ်နိုးခင်တွယ်သည့်စိတ်များကို ဖုံးကွယ်ထားသည့် သန့်ရှင်းမွန်မြတ်သောအသွင်အပြင်ရှိသည့် အပြင်ပန်းစည်းကမ်းများကို လိုက်နာလွန်းသူများထဲတွင် ဘုရားသခင်၏ဘုန်းတော်ကိုထွန်းလင်းစေရန်အတွက် စိတ်အားထက်သန်သောလူထူးလူဆန်းတစ်ဦးသည် အမြဲတမ်း အထွတ်အထိပ်တွင်ရှိနေခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များကိုခွဲခြားရာတွင် မမှားနိုင်ပါချေ။ သခင်ယေရှု၏အသက်တာသည် မကောင်းမှုများကို ပြစ်တင်ရှုတ်ချသောကြောင့် ကိုယ်တော်သည် မိမိ၏အိမ်တွင်သော်လည်းကောင်း၊ အခြားနေရာများတွင်သော်လည်းကောင်း ဆန့်ကျင်ခြင်းကိုခံခဲ့ရပါသည်။ ကိုယ်တော်၏ကိုယ်ကျိုးစွန့်မှုနှင့် သမ္မာဓိရှိမှုကြောင့် ဘုရားကိုစော်ကားသူတစ်ဦးအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုခြင်းကိုခံခဲ့ရပါသည်။ ကိုယ်တော်၏သည်းခံတတ်မှုနှင့် ကြင်နာသနားမှုများကို သူရဲဘောကြောင်ခြင်းအဖြစ် သတ်မှတ်ခဲ့ကြပါသည်။

လူသားများအပေါ်သို့ကျရောက်နေသောနာကြည်းစရာကောင်းသည့်ဖြစ်ရပ်များတွင် ခရစ်တော်မခံစားဖူးခဲ့သောအရာဟူ၍မရှိခဲ့ချေ။ မွေးဖွားခဲ့သည့်အခြေအနေများကြောင့် ကိုယ်တော့်အပေါ်အထင်သေးရန် ကြိုးစားခဲ့ကြသည့်လူအချို့ရှိခဲ့ပါသည်။ ကိုယ်တော်သည် ကလေးဘဝမှစ၍ ၎င်းတို့၏အထင်သေးသောအကြည့်များနှင့် အတင်းအဖျင်းပြောခြင်းများကို ခံခဲ့ရပါသည်။ သည်းခံခြင်းမရှိသောစကားများ (သို့မဟုတ်) စိတ်ဆိုးသောအကြည့်များနှင့် ပြန်လည်တုံ့ပြန်မိမည်ဆိုလျှင်သော်လည်းကောင်း၊ မိမိညီအစ်ကိုများအား မှားယွင်းသောလုပ်ရပ်ကလေးတစ်ခုဖြင့် လိုက်လျောမိမည်ဆိုလျှင်သော်လည်းကောင်း ကိုယ်တော်သည် စုံလင်သောစံနမူနာတစ်ခုအဖြစ်ရပ်တည်နေခြင်းမှ ချို့ယွင်းသွားခဲ့လိမ့်မည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့၏ကယ်တင်ခြင်းစီမံကိန်းအကောင်အထည်

ဖော်ခြင်းလုပ်ငန်းများသည်လည်း မအောင်မမြင်ဖြစ်ခဲ့လိမ့်မည်ဖြစ်ပါသည်။ ကိုယ်တော်သည် အပြစ်အတွက်ခြွင်းချက်တစ်ခုရှိနိုင်ကြောင်းခွင့်ပြုခဲ့လျှင်ပင် စာတန်သည် အောင်ပန်းဆွတ်သွားခဲ့လိမ့်မည်ဖြစ်ပြီး ကမ္ဘာကြီးသည် ကယ်တင်ခြင်းဆုံးရှုံးသွားလိမ့်မည်ဖြစ်ပါသည်။ ဤအကြောင်းကြောင့် ကိုယ်တော်အားအပြစ်ကျူးလွန်ရန် စာတန်သည် တတ်နိုင်သမျှကြိုးစား၍ စုံစမ်းသွေးဆောင်ခဲ့ပါသည်။

သို့သော် စုံစမ်းနှောင့်ယှက်ခြင်းအားလုံးအတွက် ကိုယ်တော်၌ရှိသည့် တစ်ခုတည်းသောအဖြေမှာ "ကျမ်းစာလာသည်ကား" ပင်ဖြစ်ပါသည်။ ကိုယ်တော်သည် မိမိညီအစ်ကိုများ၏အမှားလုပ်ရပ်များကို အပြစ်တင်ခဲ့သော်လည်း ၎င်းတို့အားပြောရန် ကိုယ်တော်၌ ဘုရားသခင်ထံမှလာသည့် စကားတစ်လုံးသာရှိခဲ့ပါသည်။ တားမြစ်ထားသောအရာများကို ၎င်းတို့နှင့် အတူပူးပေါင်းလုပ်ဆောင်ရန် ငြင်းဆိုခြင်းအတွက် သူရဲဘောကြောင်သူ တစ်ဦးအဖြစ် ကိုယ်တော်သည် မကြာခဏအစွပ်စွဲခံရသော်လည်း ကိုယ်တော်၏အဖြေမှာ ကျမ်းစာလာသည့်အတိုင်း "ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသည် ပညာဖြစ်ကြောင်းနှင့် ဒုစရိုက်ကိုရှောင်ခြင်းသည် ဉာဏ်ဖြစ်ကြောင်း" ဟူသောအဖြေပင်ဖြစ်ပါသည်။ ယောဘ ၂၈း၂၈။

ကိုယ်တော်ရှင်နှင့်အတူတကွနေထိုင်ရခြင်းကြောင့် ငြိမ်သက်မှုရရှိခံစားရသည်ဟုထင်မှတ်လျက် ကိုယ်တော်ရှင်အား မိတ်သဟာယဖွဲ့ရန် အချို့ကြိုးစားခဲ့ကြသော်လည်း များစွာသောလူများသည် ကိုယ်တော်အား ရှောင်ရှားခဲ့ကြပါသည်။ အကြောင်းမူကား ကိုယ်တော်၏အစွန်းအထင်းမရှိသော အသက်တာသည် သူတို့အား အထိနာစေခဲ့ပါသည်။ သူငယ်ချင်းများသည် ၎င်းတို့လုပ်သကဲ့သို့လုပ်ရန် ကိုယ်တော်အားတိုက်တွန်းခဲ့ပါသည်။ ကိုယ်တော်သည် ဉာဏ်ထက်မြက်၍ စေတနာကောင်းသူတစ်ဦးဖြစ်ပါသည်။ သူတို့သည် ကိုယ်တော်ရှင်နှင့်အတူနေထိုင်ရသည့်အတွက် ပျော်မွေ့ပြီး ကိုယ်တော်ပေးသောအကြံပေးချက်များကို နှစ်နှစ်ခြိုက်ခြိုက်လက်ခံကြိုဆိုခဲ့ကြသော်လည်း သူတို့သည် ကိုယ်တော်၏စနောင့်စနင်းဖြစ်မှုအတွက် သည်းခံနိုင်စွမ်းမရှိကြဘဲ ကိုယ်တော်အားအမြင်ကျဉ်း၍ အပြောရကျပ်သူ



တစ်ဦးအဖြစ် အခိုင်အမာပြောဆိုလာခဲ့ကြပါသည်။ သခင်ယေရှုဖြေဆိုခဲ့သည်မှာ ကျမ်းစာလာသည်ကား "လူပျိုသည် မိမိသွားရာလမ်းကို အဘယ်သို့ သန့်ရှင်းစေနိုင်ပါမည်နည်းဟူမူကား နှုတ်ကပတ်တော်အတိုင်းသတိပြုရမည်။ ကိုယ်တော်ကိုမပြစ်မှားဘဲ နေနိုင်မည့်အကြောင်း ဗျာဒိတ်တော်ကို နှလုံးထဲမှာသိုထားပါပြီ" ဟူ၍ဖြစ်၏။ ဆာလံ ၁၁၉း၉၊၁၁။

"ဘယ့်အတွက်ကြောင့် မင်းဟာ အထီးကျန်နေချင်ရတာလဲ။ အဘယ်ကြောင့် တို့အားလုံးနဲ့မတူဘဲ တစ်မူထူးခြားချင်ရတာလဲ" ဟူသော မေးခွန်းများကို ကိုယ်တော်မကြာခဏအမေးခံခဲ့ရပါသည်။ ကိုယ်တော်က ကျမ်းစာလာသည်ကား "ထာဝရဘုရား၏တရားလမ်း၌ မလွဲမတိမ်းလိုက်သွားသောသူတို့သည် မင်္ဂလာရှိကြ၏။ သက်သေခံတော်မူချက်တို့ကိုစောင့်၍ ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ရှာသောသူတို့သည် မင်္ဂလာရှိကြ၏။ ထိုသူတို့သည် ဒုစရိုက်ကိုမပြု လမ်းခရီးတော်၌လိုက်သွားတတ်ကြ၏" (ဆာလံ ၁၁၉း၁-၃) ဟူ၍ဖြေဆိုခဲ့ပါသည်။

ကိုယ်တော်သည် နာဇရက်လူငယ်များ၏ပျော်ရွှင်မြူးထူးပွဲများတွင် အဘယ်ကြောင့်ပါဝင်ပူးပေါင်းမှုမပြုသည်ကို မေးခွန်းထုတ်လာသောအခါ ကိုယ်တော်က ကျမ်းစာလာသည်ကား "ခပ်သိမ်းသောစည်းစိမ်ဥစ္စာကိုရဘိသကဲ့သို့ သက်သေခံတော်မူရာလမ်း၌ ဝမ်းမြောက်ပါ၏။ ပေးတော်မူသောသြဝါဒကိုဆင်ခြင်၍ လမ်းခရီးတော်တို့ကိုကြည့်ရှုပါ၏။ အထုံးအဖွဲ့တော်တို့၌ မွေ့လျော်ပါသည်။ နှုတ်ကပတ်တော်ကိုမမှတ်ဘဲမနေပါ" ဟူ၍ ဖြေကြားတော်မူပါသည်။ ဆာလံ ၁၁၉း၁၄-၁၆။

သခင်ယေရှုသည် မိမိ၏လုပ်ပိုင်ခွင့်များအတွက် ငြင်းခုံတိုက်ခိုက်ခြင်းမပြုခဲ့ချေ။ ကိုယ်တော်သည် စိတ်စေတနာရှိ၍ သည်းခံတတ်သောကြောင့် ကိုယ်တော်၏အလုပ်များကိုမလိုအပ်ဘဲ မကြာခဏအလူးအလဲဒုက္ခရောက်စေခဲ့ကြသည်။ သို့စေကာမူ ကိုယ်တော်သည် ဆက်လက်လုပ်ဆောင်ရန် ပျက်ကွက်ခြင်းမရှိသည့်အပြင် စိတ်ဓာတ်ကျခြင်းလည်းမရှိခဲ့ချေ။ ထာဝရဘုရားမျက်နှာတော်၏အလင်းတော်တွင်ရှိနေသကဲ့သို့ ကိုယ်တော်သည်

ထိုအခက်အခဲများကိုကျော်လွှား၍ အသက်ရှင်ခဲ့ပါသည်။ ကိုယ်တော်သည် ကြမ်းတမ်းစွာဆက်ဆံပြုမူခြင်းကိုခံရသောအခါ လက်တုံ့ပြန်ခြင်းမပြုဘဲ စော်ကားမှုများကို စိတ်ရှည်ခြင်းဖြင့် သည်းခံတော်မူခဲ့သည်။

မိမိညီအစ်ကိုတို့ထံမှ ထိုကဲ့သို့သောအပြုံးထားသည့်စကားအသုံးအနှုန်းများကို အဘယ်ကြောင့်ပြန်လည်ချေပခြင်းမပြုဘဲ အညံ့ခံရသနည်းဟု ကိုယ်တော်ကို ခဏခဏမေးမြန်းခဲ့ကြပါသည်။ ထိုအချိန်များတွင် ကိုယ်တော်က ကျမ်းစာလာသည်ကား "ငါ့သား၊ ငါပေးသောတရားကို မမေ့နှင့်၊ ငါ့ပညတ်တို့ကို သင်၏နှလုံးစောင့်ရှောက်ပါစေ။ အကြောင်းမူကား ပညတ်တရားသည် အသက်ရှည်သောကာလနှစ်ပေါင်းများကိုလည်းကောင်း၊ ငြိမ်ဝပ်ခြင်းကိုလည်းကောင်း တိုးပွားစေလိမ့်မည်။ ကရုဏာတရားနှင့် သစ္စာတရားကို သင်နှင့်မကွာစေနှင့်၊ သစ္စာတရားတို့ကို သင်၏လည်ပင်း၌ ဆွဲထားလော့၊ နှလုံးစာရင်းအင်းတွင်ရေးသားလော့၊ ထိုသို့ပြုလျှင် ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရ၍ ကျေးဇူးကိုခံရလိမ့်မည်။" သုတ္တံ ၃း၁-၄။

သခင်ယေရှု၏မိဘများသည် ကိုယ်တော်ကို ဗိမာန်တော်တွင် ပြန်လည်တွေ့ရှိပြီးသည့်အချိန်မှစ၍ ကိုယ်တော်၏လုပ်ပုံကိုင်ပုံများသည် ၎င်းတို့အတွက် နားလည်ရခက်ခဲပါသည်။ ကိုယ်တော်သည် အငြင်းအခုံမဖြစ်ရန် ရှောင်ရှားခဲ့သော်လည်း မိမိ၏အသက်တာပုံစံနမူနာသည် ခိုင်မြဲသောသင်ခန်းစာတစ်ခုဖြစ်ခဲ့သည်။ သီးသန့်ခွဲထားခြင်းခံရသောသူတစ်ဦးကဲ့သို့ဖြစ်နေခဲ့ပါသည်။ သဘာဝနှင့်သော်လည်းကောင်း၊ ထာဝရဘုရားနှင့်သော်လည်းကောင်း သီးသန့်နေထိုင်ခဲ့ရသောအချိန်များတွင် ကိုယ်တော်သည် ပျော်ရွှင်မှုကိုတွေ့ရှိခဲ့ရပါသည်။ လယ်ကွင်းပြင်များထဲသို့သွားရန်အတွက် သော်လည်းကောင်း၊ စိမ်းလန်းသောလျှိုမြောင်ချိုင့်ဝှမ်းများတွင် တရားဒေသနာများကို စဉ်းစားဆင်ခြင်ရန်အတွက်သော်လည်းကောင်း၊ တောင်များပေါ်နှင့် သစ်တောကြီးများထဲတွင် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ဆိုရန်အတွက် သော်လည်းကောင်း အခွင့်အရေးရသည့်အခါတိုင်းတွင် ကိုယ်တော်သည်





လုပ်ငန်းခွင်မှရှောင်ရှားခဲ့ပါသည်။ လင်းအားကြီးအချိန်များတွင် ဆိတ်ငြိမ်သောနေရာများ၌ တရားဒေသနာများကိုဆင်ခြင်လျက်၊ ကျမ်းစာကိုဖတ်လျက်၊ (သို့မဟုတ်) ဆုတောင်းလျက်ရှိသည်ကို မကြာခဏတွေ့ခဲ့ရပါသည်။ နောက်မှ ကိုယ်တော်သည် တာဝန်များကိုတစ်ဖန်လုပ်ကိုင်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်စရာလုပ်ငန်းများအတွက် စံနမူနာများကိုပေးရန် အိမ်သို့ ပြန်တော်မူခဲ့ပါသည်။

ခရစ်တော်၏အသက်တော်စဉ်သည် မယ်တော်အား ချစ်ခင်လေးစားခြင်းများဖြင့် သားနားထင်ရှားလျက်ရှိခဲ့ပါသည်။ မိမိမွေးဖွားခဲ့သည့် ဖြူစင်သန့်ရှင်းသောကလေးငယ်သည် အချိန်ကြာမြင့်စွာကတည်းကစောင့်မျှော်ခဲ့ရသောမေရှိယဖြစ်သည်ဟု မာရိသည် စိတ်ထဲတွင်ယုံကြည်ခဲ့သော်လည်း သူမ၏ယုံကြည်ခြင်းကို သူမမထုတ်ဖော်ရဲခဲ့ချေ။ ကိုယ်တော်၏အသက်တာတစ်လျှောက်လုံးတွင် သူမသည် ကိုယ်တော်၏ဒုက္ခဝေဒနာများကို မျှဝေခံစားခဲ့သူတစ်ယောက်ဖြစ်ခဲ့ပါသည်။ ကိုယ်တော်ရှင်၏ခံစားခဲ့ရသောဒုက္ခဆင်းရဲခြင်းများအကြောင်းကိုလည်း မာရိသည် ဝမ်းနည်းပက်လက်သက်သေခံပါသည်။ သူမသိသလောက်သောကိုယ်တော်၏အကျင့်စာရိတ္တပိုင်းကို အပြစ်ကင်းကြောင်းထောက်ခံပြောဆိုမှုကြောင့် သူမကိုယ်တိုင်စုံစမ်းခြင်းခံရမည့်အနေအထားသို့ရောက်ရှိလာခဲ့ပါသည်။ သူမသည် မိသားစုနှင့်ပတ်သက်သော အပေါင်းအဖော်များကိုလည်းကောင်း၊ အကျင့်စာရိတ္တတည်ဆောက်ရေးတွင် ကလေးများအပေါ်တွင်ထားရှိသည့် မိခင်၏အလွန်အရေးကြီးသော စောင့်ရှောက်ထိန်းသိမ်းမှုကိုလည်းကောင်း တွေးမျှော်၍ကြည့်ရှုခဲ့ပါသည်။ ယောသပ်၏သားသမီးများသည် ထိုအရာကို သိခဲ့ကြပြီး သူမ၏စိုးရိမ်ကြောင့်ကြမှုကိုဝေဖန်ပြောဆိုခြင်းအားဖြင့် ၎င်းတို့၏ လုပ်နည်းလုပ်ဟန်များနှင့်ကိုက်ညီစေရန် ကိုယ်တော်၏အလေ့အထများကို ပြင်ပေးရန် သူတို့ကြိုးစားခဲ့ကြပါသည်။

တစ်ခါတစ်ရံတွင် သူမသည် ကိုယ်တော်ကို ဘုရားသခင်ပို့ဆောင်လိုက်သောပုဂ္ဂိုလ်ဟု မယုံကြည်သောညီအစ်ကိုများနှင့် သခင်ယေရှုအကြား ဟိုဘက်ယိမ်း၊ ဒီဘက်ယိမ်းဖြစ်ခဲ့ပါသည်။ သို့သော်လည်း ကိုယ်တော်ရှင်၌

အလွန့်အလွန်ကောင်းမြတ်သောစာရိတ္တတော်များရှိကြောင်း အထောက်အထားများကိုတွေ့ရှိခဲ့ပါသည်။ သူတစ်ပါးကောင်းစားရေးအတွက် ကိုယ်တော်သည် မိမိကိုယ်ကိုအနစ်နာခံခဲ့ကြောင်းကို သူမတွေ့မြင်ခဲ့ရပါသည်။ ကိုယ်တော်ရှင်သည် မိသားစုထဲသို့ ဖြူစင်သန့်ရှင်းသောပတ်ဝန်းကျင်ကိုဖြစ်ထွန်းစေခဲ့ပါသည်။ ၎င်းပြင် ကိုယ်တော်၏အသက်တာသည် လူမှုအဖွဲ့အစည်းများ၏အခြေခံအင်အားစုများတွင် တဆေးကဲ့သို့ အကျိုးသက်ရောက်ခဲ့ပါသည်။ ကိုယ်တော်သည် အဆင်အခြင်ကင်းမဲ့သော၊ ကြမ်းတမ်းသော၊ မဖော်ရွေသောသူများအထဲတွင်သော်လည်းကောင်း၊ မတရားသောအခွန်ခံများ၊ အရမ်းမဲ့ငွေကြေးဖြုန်းတီးသူများ၊ မဖြောင့်မတ်သောရှမာရိများ၊ တစ်ပါးသောအမျိုးသားများ၊ ရိုင်းစိုင်းသောလူတန်းစားများတို့နှင့် လူပေါင်းစုံများအလယ်တွင်သော်လည်းကောင်း ဘေးမသီရန်မခဘဲ ညစ်ညူးမှုကင်းစင်စွာဖြင့် လျှောက်လှမ်းနိုင်ခဲ့ပါသည်။ လေးသောဝန်များကိုထမ်းရန်အတွက် အတင်းအကျပ်ပြုခြင်းခံရသော မောပန်းနွမ်းနယ်နေသူများကို တွေ့မြင်ခဲ့သောအခါတိုင်း မေတ္တာစကားများကို ဟိုမှာနည်းနည်း၊ ဒီမှာနည်းနည်းကိုယ်တော်ပြောကြားခဲ့ပါသည်။ ၎င်းတို့၏ဝန်များကိုမျှဝေထမ်းရွက်ခဲ့ပြီး သဘာဝတရားမှ မိမိလေ့လာသိရှိခဲ့သော ဘုရားသခင်၏ မေတ္တာတော်၊ ကြင်နာသနားခြင်းနှင့် ကောင်းမြတ်ခြင်းများနှင့်ပတ်သက်သောသင်ခန်းစာများကို ၎င်းတို့အားပြန်လည်ပြောပြခဲ့ပါသည်။

ဘုရားသခင်သည် လူခပ်သိမ်းတို့အား ပင်ကိုစွမ်းရည်များပေးသနားတော်မူကြောင်းကိုလည်းကောင်း၊ ထိုစွမ်းရည်များကို မှန်ကန်စွာအသုံးပြုလျှင် ထာဝရချမ်းသာခြင်းကိုရရှိနိုင်လိမ့်မည်ဖြစ်ကြောင်းကိုလည်းကောင်း၊ (မိမိကိုယ်ကိုရှုမြင်ကြရန်) ကိုယ်တော်သွန်သင်တော်မူခဲ့သည်။ ကိုယ်တော်သည် အသုံးမဝင်သောအရာများကို အသက်တာမှပယ်ရှင်းတော်မူခဲ့ပြီး အချိန်တိုင်းအချိန်တိုင်းသည် ထာဝရကာလတွင်သက်ရောက်မည့် အကျိုးဆက်များဖြင့် ပြည့်နှက်နေကြောင်းကိုလည်းကောင်း၊ အချိန်တိုင်းအချိန်တိုင်းကို အဖိုးတန်သောဘဏ္ဍာတစ်ခုကဲ့သို့ နှစ်သက်မြတ်နိုးရန်နှင့် သန့်ရှင်းသောကိစ္စများတွင်အသုံးပြုရန်ဖြစ်ကြောင်းကိုလည်းကောင်း



မိမိ၏အသက်တာ နမူနာပုံစံအားဖြင့် သင်ကြားတော်မူခဲ့ပါသည်။ ကိုယ်တော်သည် မည်သည့်လူသားတစ်ဦးတစ်ယောက်ကိုမျှ တန်ဖိုးမရှိသကဲ့သို့မဆက်ဆံခဲ့ဘဲ အသက်ဝိညာဉ်တိုင်းအတွက် ကယ်တင်ခြင်းဆေးဝါးကိုအသုံးပြုရန်ကြိုးစားခဲ့ပါသည်။ ကိုယ်တော်ရောက်ရှိသောနေရာတိုင်းတွင်




အခြေအနေ၊ အချိန်အခါနှင့် ဆီလျော်သင့်လျော်သောသင်ခန်းစာတစ်ခုကိုတင်ပြခဲ့ပါသည်။ ဘုရားသခင်၏သားသမီးများတွင်ပြုတော်မူသကဲ့သို့ ၎င်းတို့တွင်ထင်ရှားစေမည့် ထိုကဲ့သို့သောအကျင့်စာရိတ္တများကိုရယူလျက် ၎င်းတို့သည် အပြစ်အနာအဆာကင်းစင်သောသူများဖြစ်လာနိုင်ကြောင်း အာမခံချက်များကိုဖော်ပြကာ ကိုယ်တော်သည် မျှော်လင့်ချက်ကင်းမဲ့သူများအား မျှော်လင့်ချက်ရှိလာစေရန် ကြိုးစားခဲ့ပါသည်။ စာတန်၏အုပ်ထိန်းမှုအောက်သို့ လိုက်ပါသွားသောသူများကိုလည်းကောင်း၊ စာတန်၏ကျော့ကွင်းကိုထိုးဖောက်ရန် တန်ခိုးခွန်အားမရှိသောသူများကိုလည်းကောင်း

ကိုယ်တော်မကြာခဏတွေ့ခဲ့ရပါ သည်။ ထိုကဲ့သို့သောစိတ်ဓာတ်ကျနေသည့် ဖျားနာနေသောစုံစမ်းခြင်းကို ခံနေရသည့်ကျဆုံးနေသောသူများအတွက် သခင်ယေရှုခရစ်သည် ပြောဖို့လိုအပ်၍နားလည်နိုင်သောကြင်နာမှု ပြည့်ဝသည့် အနူးအညွတ်ဆုံးသောစကားများကိုပြောတော်မူခဲ့ပါသည်။ လူသားများ၏ရန်သူတည်းဟူသော စာတန်မာရ်နတ်နှင့်လက်တစ်ကမ်း တိုက်လှန်ပွဲဝင်နေသူများကိုလည်း ကိုယ်တော်တွေ့တော်မူခဲ့ပါသည်။ ၎င်းတို့မုချအောင်ပွဲဆင်မည်ဖြစ်ကြောင်း အာမခံလျက် ဖွဲ့ရှိရှိနှင့်ဆက်လက် တိုက်ပွဲဝင်ရန် အားပေးတော်မူခဲ့ပါသည်။ အကြောင်းမူကား ဘုရားသခင်၏ ကောင်းကင်တမန်များသည် သူတို့၏အနီးအပါးတွင်ရှိ၍ သူတို့အား အောင်မြင်ခြင်းအခွင့်ကိုပေးလိမ့်မည်ဖြစ်သောကြောင့်တည်း။ ထိုကဲ့သို့ ကိုယ်တော်ကူညီလိုက်သောသူများတို့သည် မိမိတို့၌ လုံးလုံးယုံကြည်အားကိုး နိုင်မည့်ပုဂ္ဂိုလ်တစ်ပါးရှိကြောင်းကို သဘောပေါက်လာခဲ့ကြပါသည်။ ကိုယ်တော်နားတော်ထဲသို့ ၎င်းတို့လျှောက်တင်ထားသောလျှို့ဝှက်ချက်များကို ကိုယ်တော်သည်ဖော်ကောင်လုပ်လိမ့်မည်မဟုတ်ချေ။

သခင်ယေရှုသည် ဝိညာဉ်ရေးနာမကျန်းမှုများကို ကုစားပေး သကဲ့သို့ ခန္ဓာကိုယ်နာမကျန်းမှုများကိုလည်း ကုစားပေးသောသူတစ်ပါးဖြစ် တော်မူခဲ့ပါသည်။ ကိုယ်တော်သည် မိမိဂရုစိုက်သာသောနေရာတွင် ရောက်ရှိလာသည့် ဒုက္ခဝေဒနာတိုင်းကို စိတ်ဝင်စားတော်မူသည့်ပြင် ဝေဒနာခံစားရသူတိုင်းအားလည်း အနာပျောက်ကင်းစေသောဆီမွှေး ပါရှိသည့် ကြင်နာသောစကားများအားဖြင့် သက်သာခြင်းအခွင့်ကိုပေးသနား တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ကလေးဘဝတွင် အဘယ်နိမိတ် လက္ခဏာကိုလုပ်ခဲ့သည်ဟု မည်သူကမျှမပြောနိုင်ခဲ့သော်လည်း မေတ္တာ၏ အနာပျောက်ခြင်းတန်ခိုးသည် စိတ်ဒုက္ခ ကိုယ်ဒုက္ခရောက်နေသူများအတွက် ကိုယ်တော်မှထွက်တော်မူခဲ့ပါသည်။ ထိုကဲ့သို့သောမသိမသာသော နည်းအားဖြင့် ကိုယ်တော်သည် ကလေးဘဝမှစ၍ လူများကောင်းကျိုး အတွက် လုပ်ကိုင်ဆောင်ရွက်တော်မူခဲ့သည်။ ထိုအကြောင်းကြောင့် လူထုအတွင်းအမှုတော်ကိုစတင်ဆောင်ရွက်သည့်အချိန်တွင် လူအများသည်



ကိုယ်တော်၏ဒေသနာတော်ကို ဝမ်းမြောက်ဝမ်းသာစွာဖြင့် နာယူကြခြင်း ဖြစ်ပါသည်။

သို့စေကာမူ သခင်ယေရှုသည် ကလေးဘဝ၊ လူငယ်ဘဝနှင့် လူကြီး ဘဝများတစ်လျှောက်တွင် တစ်ကိုယ်တည်းလျှောက်လှမ်းခဲ့ရပါသည်။ စပျစ်ရည်ညှစ်သည့်ဆုံတွင်လည်း တစ်ကိုယ်တည်းညှစ်ခဲ့ပါသည်။ ကိုယ်တော် နှင့်အတူရပ်တည်ခဲ့သည့်လူဟူ၍ တစ်စုံတစ်ဦးမျှမရှိခဲ့ချေ။ ကိုယ်တော်သည် လူသားများ၏ကယ်တင်ခြင်းအတွက် စိုးရွံ့ထိတ်လန့်ဖွယ်ကောင်းသော တာဝန်ဝတ္တရားများကို ထမ်းဆောင်ခဲ့ပါသည်။ လူသားများ၏အသက်တာ စည်းမျဉ်းများနှင့်အကြံအစည်များကို ခိုင်ခိုင်မာမာမပြောင်းလဲခဲ့လျှင် အားလုံးပျက်စီးသွားလိမ့်မည်ကို ကိုယ်တော်သိတော်မူခဲ့ပါသည်။ ဤအသိ သည် ကိုယ်တော့်စိတ်ဝိညာဉ်၏ဝန်ထုပ်ဖြစ်ပြီး ကိုယ်တော်အပေါ်ကျရောက် လျက်ရှိသော ထိုဝန်ကို မည်သူကမျှမှန်ကန်စွာနားလည်သဘောပေါက် ခြင်းမရှိခဲ့ကြချေ။ ကိုယ်တော်သည် ကြီးမားသောရည်ရွယ်ချက်ဖြင့် လူသားများအတွက် အလင်းတရားဖြစ်သင့်သည့် မိမိအသက်တာ၏ အကြံအစည်တော်များကို အကောင်အထည်ဖော်တော်မူခဲ့ပါသည်။

-၀-

# (၁၀)
# တော၌ဟစ်ကြွေးသောအသံ

ရှင်လုကာ ၁း၅-၂၃၊ ၅၇-၈၀။ ရှင်မဿဲ ၃း၁-၁၂။ ရှင်မာကု ၁း၁-၈
ကိုအခြေပြုသည်

မေရှိယကြွလာခြင်းကို အချိန်ကြာမြင့်စွာကတည်းကစောင့်မျှော်ခဲ့ကြသော သစ္စာရှိဣသရေလလူများထဲမှ ခရစ်တော်အတွက်ရှေ့ပြေးတစ်ဦး ပေါ်ထွန်းခဲ့သည်။ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော ဇာခရိနှင့်ဇနီး ဧလိရှဗက်တို့သည် ဘုရားသခင့်ရှေ့၌ ဖြောင့်မတ်ခြင်းပါရမီနှင့်ပြည့်စုံသူများ ဖြစ်ကြပြီး ၎င်းတို့၏ငြိမ်သက်သာယာသောအသက်တာများအားဖြင့် ဆိုးယုတ်သောနေ့များ၏အမှောင်ထုအလယ်တွင် ယုံကြည်ခြင်းအလင်းကို ကြယ်ကလေးတစ်လုံးပမာ ထွန်းတောက်ခဲ့ကြပါသည်။ ထာဝရဘုရား၏ လမ်းခရီးတော်ကိုပြင်ဆင်ခြင်းငှါ ရှေ့ပြေးအဖြစ်ပေါ်ထွန်းမည့် သားတစ်ယောက်နှင့်ပတ်သက်သောကတိတော်ကို ဘုရားတရားရှိသော ဤဇနီးမောင်နှံအား ဘုရားသခင်ပေးသနားတော်မူခဲ့ပါသည်။

ဇာခရိသည် ယုဒတောင်ကြားအရပ်များတွင် နေထိုင်ခဲ့ပါသည်။ ဣသရေလလူမျိုးတစ်မျိုးစီမှ ယဇ်ပုရောဟိတ်များသည် တစ်နှစ်လျှင် နှစ်ကြိမ်ကျ၊ ယေရုရှလင်မြို့ရှိဗိမာန်တော်တွင် အမှုတော်ထမ်းဆောင်ရသည် ဖြစ်၍ သူသည် ရက်သတ္တတစ်ပတ်ကြာအမှုတော်ထမ်းဆောင်ရန် ယေရုရှလင်မြို့သို့သွားခဲ့ပါသည်။ မိမိအသင်းနှင့်တကွ အလှည့်ကျ၍ ဘုရားသခင့်ရှေ့တော်၌ ယဇ်ပုရောဟိတ်အမှုကိုဆောင်ရွက်ရာတွင် ယဇ်ပုရောဟိတ်ထုံးစံအတိုင်း စာရေးတံချရာ သူသည် ထာဝရဘုရား၏ ဗိမာန်တော်တွင်းသို့ဝင်၍ နံ့သာပေါင်းတို့ကိုမီးရှို့ရသည့်တာဝန်ကို ထမ်းဆောင်ခဲ့ရပါသည်။

သူသည် ဗိမာန်တော်ရှိသန့်ရှင်းသောအခန်း၌ နံ့သာပေါင်းမီးရှို့သောယဇ်ပလ္လင်ရှေ့တွင် မတ်တတ်ရပ်နေစဉ် နံ့သာပေါင်းအခိုးအငွေ့



များနှင့်အတူ ဣသရေလလူများ၏ဆုတောင်းသံများသည် ထာဝရဘုရား ရှေ့တော်မှောက်သို့တက်လွင့်လျက်ရှိပါသည်။ ထာဝရဘုရား၏ကောင်းကင် တမန်သည် ရုတ်တရက်ထင်ရှား၍ နံ့သာပေါင်းကိုမီးရှို့ရာယဇ်ပလ္လင်၏ လက်ယာဘက်၌ရပ်နေသည်ကို ဇာခရိမြင်တွေ့ခဲ့ရပြီး ကောင်းကင်တမန်၏ အနေအထားသည် ကျေးဇူးပြုချင်သည့်သဘောကိုဖော်ညွှန်းနေသော်လည်း သူသတိမမူမိခဲ့ချေ။ သူသည် ကယ်တင်ရှင်ကြွလာခြင်းနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာဆုတောင်းခဲ့ပါသည်။ ယခုတွင် ဘုရားသခင်သည် ၎င်း၏ ဆုတောင်းချက်များကို အဖြေပေးတော့မည့်အကြောင်း အသိပေးရန် ကောင်းကင်တမန်တစ်ပါးကို စေလွှတ်တော်မူခဲ့သော်လည်း ၎င်းအတွက် ယုံကြည်လက်ခံရန် ထာဝရဘုရား၏သနားခြင်းကရုဏာသည် အလွန် ကြီးမားနေသယောင်ဖြစ်နေပါသည်။ ထို့ကြောင့်သူသည် စိတ်နှလုံးမငြိမ် မဝပ်ဖြစ်ကာ ထိတ်လန့်ကြောက်ရွံ့နေခဲ့ပါသည်။

သို့သော်လည်း ကောင်းကင်တမန်က၊ ဇာခရိ၊ ကြောက်ရွံ့ခြင်း မရှိနှင့်၊ သင်ပြုသောပတ္ထနာကိုနားညောင်းတော်မူပြီ။ သင်၏ဇနီးဧလိရှဗက် သည် သားယောကျာ်းကိုဖွားမြင်လိမ့်မည်။ ထိုသားကို ယောဟန်အမည်ဖြင့် မှည့်ရမည်။ သင်သည် ဝမ်းသာရွှင်မြူးခြင်းရှိလိမ့်မည်။ ထိုသားကို ဖွားမြင် သောကြောင့် လူအများတို့သည်လည်း ဝမ်းမြောက်ခြင်းသို့ရောက်ကြလိမ့် မည်။ အကြောင်းမူကား ထိုသားသည် ထာဝရဘုရားရှေ့တော်၌ ကြီးမြတ် သောသူဖြစ်လိမ့်မည်။ စပျစ်ရည်နှင့်ယစ်မျိုးကိုမသောက်ဘဲ အမိဝမ်းထဲ ကပင် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလိမ့်မည်။ အဘနှင့်သားတို့ကို အသင့်အတင့်ဖြစ်စေခြင်းငှါလည်းကောင်း၊ ငြင်းဆန်သောသူတို့ကို သူတော်ကောင်းတို့၏အသိပညာလမ်းသို့ပြောင်းလဲစေသောအားဖြင့် ထာဝရ ဘုရားအဖို့အလို့ငှါ ပြင်ဆင်သောလူမျိုးဖြစ်စေခြင်းငှါလည်းကောင်း၊ သူသည် ဧလိယ၏စိတ်ဝိညာဉ်နှင့်ပြည့်စုံလျက် ဘုရားသခင့်ရှေ့တော်သို့ သွားလိမ့်မည်။ ဣသရေလအမျိုးများတို့ကို သူတို့၏ဘုရားသခင်ထာဝရ ဘုရားထံတော်သို့ ပြောင်းလဲစေလိမ့်မည်ဟု သူ့အားဝမ်းမြောက်ဖွယ် အာမခံချက်နှင့် နှုတ်ခွန်းဆက်ခဲ့ပါသည်။ ဇာခရိကလည်း ထိုသို့ဖြစ်လိမ့်

မည်ကို အကျွန်ုပ်အဘယ်သို့သိရပါမည်နည်း။ အကျွန်ုပ်သည် လူအိုဖြစ်ပါ၏။ အကျွန်ုပ်မယားသည်လည်း အသက်အရွယ်ကြီးရင့်ပါပြီဟု ကောင်းကင်တမန်အားပြောဆိုခဲ့၏။

အာဗြဟံသည် ကတိတော်အရာ၌တည်ကြည်ကြောင်း ကိုယ်တော်ရှင်အားယုံကြည်သောကြောင့် အသက်အရွယ်အိုမင်းသောအချိန်တွင် သားကလေးတစ်ယောက်ကို ပေးသနားတော်မူခြင်းခံခဲ့ရကြောင်းကို ဇာခရိကောင်းမွန်စွာသိရှိခဲ့ပါသည်။ သို့သော် သက်ကြီးရွယ်အို ဤယဇ်ပုရောဟိတ်ကြီးသည် အားနည်းသောလူသားတစ်ဦးကဲ့သို့ တွေးခေါ်ခဲ့ပါသည်။ ထာဝရဘုရားသည် ကတိထားတော်မူသောအရာကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြောင်းကို သူမေ့လျော့ခဲ့ပါသည်။ "အကျွန်ုပ်သည် ထာဝရဘုရား၏ကျွန်မဖြစ်ပါ၏။ ကိုယ်တော်၏စကားအတိုင်း အကျွန်ုပ်၌ဖြစ်ပါစေသော်" ဟူ၍ ကောင်းကင်တမန်၏အံ့သြဖွယ်ကြေညာချက်ကိုဖြေကြားခဲ့သော မာရိ၏နှစ်သက်ဖွယ်သောကလေးငယ်နှင့်တူသောယုံကြည်ခြင်းနှင့် ဇာခရိ၏မယုံကြည်မှုသည် မည်မျှကွာခြားလိုက်ပါဘိသနည်း။

ဇာခရိအတွက် သားတစ်ဦးမွေးဖွားခြင်းသည် အာဗြဟံနှင့်မာရိတို့အတွက် သားကလေးမွေးဖွားခြင်းကဲ့သို့ ကြီးကျယ်သောဝိညာဉ်ရေးအမှန်တရားတစ်ခုကို သွန်သင်ရန်ဖြစ်ပါသည်။ ထိုသမ္မာတရားကလေးကို သင်ယူရန် ဖင့်နွှဲကြသော်လည်း ထိုသမ္မာတရားကလေးကို မေ့လျော့ရန် အဆင်သင့်ရှိခဲ့ကြသည်။ ကျွန်ုပ်တို့၏ခွန်အားများကိုအားကိုး၍ မည်သည့်ကောင်းသောအရာကိုမျှလုပ်ဆောင်နိုင်စွမ်းမရှိကြသော်လည်း တိုးလျှိုးအောက်ကျို့၍ ယုံကြည်သောအသက်ဝိညာဉ်တိုင်းတွင် ထိုမစွမ်းနိုင်သောအရာကို ထာဝရဘုရား၏တန်ခိုးတော်အားဖြင့် ပြီးမြောက်စေတော်မူလိမ့်မည်ဖြစ်ပါသည်။ ယုံကြည်ခြင်းအားဖြင့် ကတိတော်နှင့်ပတ်သက်သောအကျင့်များကို လုပ်ဆောင်နိုင်ကြပါသည်။

ဇာခရိ၏အမေးကို တုံ့ပြန်သည့်အနေဖြင့် ကောင်းကင်တမန်က "ငါသည် ဘုရားသခင့်အထံတော်၌ ခစားသောဂါဗြေလဖြစ်၏၊ သင့်ကိုနှုတ်ဆက်၍ ဤဝမ်းမြောက်စရာသတင်းကိုကြားပြောစေခြင်းငှါ၊ ငါ့ကို



စေလွှတ်တော်မူ၏" ဟူ၍ဖြေကြားခဲ့၏။ လွန်ခဲ့သောနှစ်ပေါင်းငါးရာအချိန်က ခရစ်တော်ကြွလာမည့်အချိန်အထိ ဖော်ပြထားသောအချိန်နှင့်ပတ်သက်သည့် အနာဂတ္တိစကားများကို ဂါဗြေလသည် ဒံယေလအားကြားပြောခဲ့ဖူးပါသည်။ အဆုံးသို့ရောက်လုပြီဟူသောအသိသည် ဇာခရိအား မေရှိယကြွလာခြင်းအတွက် ဆုတောင်းရန် လှုံ့ဆော်ပေးခဲ့ပါသည်။ ထိုအနာဂတ္တိစကားကို ပေးခဲ့သည့် ထိုကောင်းကင်တမန်သည် ယခုအချိန်တွင် ယင်းအနာဂတ္တိစကား၏ပြည့်စုံခြင်းကို ကြေညာရန်လာခဲ့ပါသည်။

ငါသည် ဘုရားသခင်၏အထံတော်၌ ခစားသောဂါဗြေလဖြစ်သည်ဟူသောစကားများသည် ၎င်းအနေဖြင့် ကောင်းကင်ရွှေနန်းတော်တွင် မြင့်မားစွာဂုဏ်ပြုခြင်းခံရသည့်ရာထူးတစ်ခုကို ကိုင်စွဲထားကြောင်းကိုပြသနေပါသည်။ ထိုကောင်းကင်တမန်သည် ဒံယေလထံသို့သတင်းစကားတစ်ခုကိုယူလာခဲ့သောအချိန်က "သင်တို့၏မင်း၊ မိက္ခေလမှတစ်ပါး၊ ငါ့ဘက်မှာနေသောသူမရှိ" ဟူ၍ပြောဆိုခဲ့ပါသည်။ (ဒံယေလ ၁၀း၂၁)။ ကယ်တင်ရှင်သည် ဂါဗြေလနှင့်ပတ်သက်၍ ဗျာဒိတ်ကျမ်းတွင်ပြောဆိုထားသည်မှာ "ထိုသခင်သည် မိမိကောင်းကင်တမန်ကိုစေလွှတ်၍ မိမိအစေခံကျွန်ယောဟန်အား ဗျာဒိတ်တော်အရိပ်ကိုပြတော်မူ၏" ဟူ၍ဖြစ်၏။ ၎င်းပြင် ယင်းကောင်းကင်တမန်က ယောဟန်အားပြောဆိုသည်မှာ "ငါကား၊ သင်၏လုပ်ဖော်ဆောင်ဖက်ဖြစ်၏၊ သင်၏အစ်ကိုပုရောဖက်တို့နှင့် ဤစာစောင်၏စကားကိုစောင့်ရှောက်သောသူတို့၏လုပ်ဖော်ဆောင်ဖက်လည်းဖြစ်၏" ဟူသတည်း။ ဂုဏ်အသရေအရာတွင် ခရစ်တော်ပြီးလျှင် အကြီးဆုံးသောသူတစ်ပါးအား ထာဝရဘုရား၏သဘောထားကို အပြစ်သားများထံသို့လာရောက်ပြောကြားရန် ရွေးချယ်ခြင်းအရာသည် အံ့သြစရာကောင်းလှသည့်အကြံအစည်တစ်ခုဖြစ်ပါသည်။

ဇာခရိသည် ထိုကောင်းကင်တမန်၏စကားများအပေါ် သံသယရှိကြောင်း ဖော်ပြပြောဆိုခဲ့ပါသည်။ ကောင်းကင်တမန်ပြောဆိုခဲ့သောထိုစကားများပြည့်စုံသည့်အချိန်တိုင်အောင် ၎င်းကိုနှုတ်အစေခဲ့ပါသည်။ "သင်သည် ငါ့စကားကိုမယုံသောကြောင့် ဤအကြောင်းအရာမဖြစ်မီ

နေ့တိုင်အောင် စကားမပြောနိုင်ဘဲ အလျက်နေလိမ့်မည်။ ငါ့စကားသည်ကား အချိန်တန်လျှင်ပြည့်စုံလိမ့်မည်” ဟူ၍ပြောခဲ့ပါသည်။ အများပြည်သူများနှင့် နိုင်ငံတော်တစ်ခုလုံး၏အပြစ်များအတွက်သော်လည်းကောင်း၊ မေရှိယကြွလာခြင်းအတွက်သော်လည်းကောင်း ဤအစည်းအဝေးတွင်ဆုတောင်းပေးရန်မှာ ယဇ်ပုရောဟိတ်၏တာဝန်ဖြစ်ပါသည်။ ဇာခရိသည် ထိုအရာကိုဆုတောင်းပေးရန် ကြိုးစားခဲ့သော်လည်း စကားတစ်လုံးကိုမျှမပြောဆိုနိုင်ခဲ့ချေ။

သူသည် လူများအားကောင်းချီးပေးရန် ထွက်လာသောအခါ “သူတို့အား အရိပ်အမှတ်ကိုသာပေး၍ စကားအလျက်နေ၏။ ယုဒလူများသည် ဇာခရိ၏ထွက်အလာကို ကြာမြင့်စွာစောင့်မျှော်ခဲ့ကြပါသည်။ ၎င်းပြင် ဘုရားသခင်၏စီရင်မှုကြောင့် သေဆုံးသွားမည်ကိုစိုး၍ပူပန်ခဲ့ကြပါသည်။ သို့သော် သန့်ရှင်းရာဌာနတော်မှထွက်လာသောအခါ ၎င်း၏မျက်နှာသည် ဘုန်းရောင်ခြည်များဖြင့် ထွန်းလင်းတောက်ပနေသောကြောင့် သူသည် ဗျာဒိတ်ရူပါရုံကိုမြင်ခဲ့ရပြီဖြစ်ကြောင်း ရိပ်မိခဲ့ကြပါသည်။ ဇာခရိသည် ၎င်းမြင်တွေ့ကြားနာခဲ့ရသောအရာများကို ထိုသူများအား အရိပ်အမှတ်အားဖြင့်ပြောပြပြီးနောက် ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်ရသောအချိန်ကာလကုန်သောအခါ မိမိအိမ်သို့ထွက်ခွာသွားခဲ့လေ၏။

ကတိထားတော်မူသောသားငယ်ကို ဖွားမြင်ပြီးသည့်နောက် ခဏချင်းတွင်ပင် ဇာခရိသည် နှုတ်ဖွင့်ခြင်း၊ လျှာလွတ်ခြင်းရှိသည်ဖြစ်၍ စကားအားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းလေ၏။ အိမ်နီးချင်းရှိသမျှတို့သည် ကြောက်ရွံ့ခြင်းရှိကြ၍ ထိုအမှုအရာများသည် ယုဒတောင်ကြားအရပ်ရပ်၌ နှံ့ပြားကျော်စောလေ၏။ ကြားရသောသူအပေါင်းတို့သည် နှလုံးထဲ၌မှတ်သားထား၍ ဤသူငယ်သည် အဘယ်သို့သောသူဖြစ်လိမ့်မည်နည်းဟုဆိုကြ၏။ ဤအရာအားလုံးသည် မေရှိယကြွလာခြင်းကိုအာရုံပြုစေရန် ရည်စူးခဲ့ပါသည်။ ထိုကြွလာခြင်းအတွက် ဆရာယောဟန်သည် လမ်းခရီးကိုပြင်ဆင်ရန်ဖြစ်ပါသည်။



သန့်ရှင်းသောဝိညာဉ်တော်သည် ဇာခရိအပေါ်တွင်ကျရောက်၍ ပြောင်မြောက်သောစကားလုံးများတို့ဖြင့် မိမိ၏သားငယ်အမှုတော်အကြောင်းကို အနာဂတ်ဟောကြားခဲ့ပါသည်။

“အချင်းသူငယ်၊ သင်သည်လည်း အမြင့်ဆုံးသောဘုရား၏ပုရောဖက်ဟု ခေါ်ဝေါ်ခြင်းကိုခံရလိမ့်မည်။ အကြောင်းမူကား၊ ငါတို့ဘုရားသခင်၏သနားတော်မူခြင်းကျေးဇူးတော်အားဖြင့် အပြစ်ဖြေ၍ကယ်တင်ခြင်းသို့ရောက်နိုင်ကြောင်းကို ဘုရားသခင်၏လူမျိုးအား ဖော်ပြသဖြင့် ထာဝရဘုရား၏လမ်းခရီးတော်ကို ပြင်ဆင်ခြင်းငှါ သင်သည် ရှေ့တော်၌သွားရလိမ့်မည်။ ထိုသနားတော်မူခြင်းကျေးဇူးအားဖြင့် ကောင်းကင်မှနေအရုဏ်သည် ငါတို့အပေါ်သို့တက်သဖြင့် မှောင်မိုက်နှင့်သေမင်း၏အရိပ်ထဲတွင်ရှိနေသောသူတို့၌ အလင်းပေါ်ထွန်း၍ ငါတို့အား ငြိမ်သက်ခြင်းလမ်းကိုပြလျက်ရှိသည်” ဟု ပုရောဖက်ဉာဏ်နှင့်ဟောလေ၏။ လုကာ ၁း၇၆-၇၉။

ထိုသူငယ်သည်ကား၊ ကြီးပွား၍ ဉာဏ်ပညာနှင့်ပြည့်စုံ၏။ ဣသရေလလူတို့အား မထင်ရှားမီတိုင်အောင် တောအရပ်၌နေလေ၏။ ဆရာယောဟန်မမွေးဖွားမီ ထိုကောင်းကင်တမန်က၊ ထိုသားသည် ထာဝရဘုရားရှေ့တော်၌ ကြီးမြတ်သောသူဖြစ်လိမ့်မည်။ စပျစ်ရည်နှင့်ယစ်မျိုးကိုမသောက်ဘဲနေ၍ အမိဝမ်းတွင်းကပင် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလိမ့်မည်ဟုပြောဆိုခဲ့ပါသည်။ ထာဝရဘုရားသည် ဇာခရိ၏သားအားကြီးမားသောအမှုတော်တစ်ခုအတွက်ခေါ်တော်မူခဲ့ပြီး ထိုအလုပ်သည် လူသားများကိုပေးအပ်ခဲ့ဖူးသောလုပ်ငန်းများထဲတွင် အကြီးမားဆုံးဖြစ်ပါသည်။ ထိုလုပ်ငန်းကို ပြီးမြောက်အောင်လုပ်ကိုင်ရန်အတွက် ဘုရားသခင်သည် ၎င်းနှင့်အတူလုပ်ဆောင်ပေးရမည်ဖြစ်ပါသည်။ ၎င်းပြင် သူသည် ဂါဗြေလ၏ညွှန်ကြားချက်များကို လိုက်လျှောက်ခဲ့မည်ဆိုလျှင် ဘုရားသခင်၏ဝိညာဉ်တော်သည် ၎င်းနှင့်အတူရှိခဲ့လိမ့်မည်ဖြစ်ပါသည်။

ဆရာယောဟန်သည် ထာဝရဘုရား၏စေတမန်တစ်ဦးအနေနှင့် ဘုရားသခင်၏အလင်းတရားကို လူများထံသို့ယူဆောင်သွားရန်ဖြစ်ပါသည်။

၎င်းတို့၏အတွေးအခေါ်များကိုလည်း ဘုရားသခင်ထံသို့ဦးလှည့်ပေးရမည်ဖြစ်ပါသည်။ ဘုရားသခင်လိုလားတော်မူသည့် သန့်ရှင်းခြင်းနှင့် ၎င်းတို့တွင်လိုအပ်နေသော ကိုယ်တော်၏စုံလင်ဖြောင့်မတ်ခြင်းတရားများကို သူတို့၏စိတ်ထဲတွင် စွဲမြဲသွားစေအောင်လုပ်ဆောင်ပေးရပါမည်။ ဤကဲ့သို့သော လုပ်ငန်းများကို ဆောင်ရွက်မည့်စေတမန်သည် ကိုယ်တိုင်သန့်ရှင်းရမည်ဖြစ်ပါသည်။ သူသည် ဘုရားသခင်၏ဝိညာဉ်တော်ကိန်းအောင်းတော်မူရာဗိမာန်တော်ဖြစ်ရမည်ဖြစ်ပါသည်။ မိမိ၏ဝတ္တရားများကိုပြည့်စုံပြီးမြောက်စေရန် သူ၌ကြံ့ခိုင်တောင့်တင်းသောကိုယ်ခန္ဓာရှိရပါမည်။ စိတ်တန်ခိုးနှင့်ဝိညာဉ်ရေးခွန်အားများလည်းပြည့်စုံနေရပါမည်။ ထို့ကြောင့် ခံတွင်းအလိုကိုထိန်းသိမ်းရန်နှင့် ကာမဂုဏ်ခံစားခြင်းကိုချုပ်တည်းရန်မှာ သူတို့အတွက်မဖြစ်မနေလုပ်ဆောင်ရမည့်အလုပ်ဖြစ်လာခဲ့ပါသည်။ လူအများနှင့်နေထိုင်သောအခါ ၎င်းအနေဖြင့် ကန္တာရထဲတွင်ရှိသော ကျောက်တောင်များကဲ့သို့ ပတ်ဝန်းကျင်အခြေအနေများကြောင့် ယိမ်းယိုင်လှုပ်ရှားခြင်းမဖြစ်စေရန် မိမိတွင်ရှိသောအစွမ်းသတ္တိများကို ထိန်းသိမ်းနိုင်ရမည်ဖြစ်ပါသည်။

ဆရာယောဟန်အချိန်တွင် ချမ်းသာကြွယ်ဝမှုများကိုမက်မောခြင်း၊ အပျော်အပါးများနှင့် ဝင့်ဝါခြင်းများကို နှစ်သက်မြတ်နိုးခြင်းများသည် ပျံ့နှံ့လျက်ရှိခဲ့ပါသည်။ ကာမဂုဏ်ခံစားခြင်းများနှင့် အသောက်အစားများသည် ခန္ဓာကိုယ်တွင် ရောဂါဘယများကိုဖြစ်ပေါ်စေ၍ ဝိညာဉ်ရေးအသိအမြင်စွမ်းအားတို့ကို ယုတ်ညံ့ထုံထိုင်းစေပြီးလျှင် အပြစ်ကိုအပြစ်မှန်းသိသည့်ခံစားမှုကိုလျော့နည်းစေပါသည်။ ယောဟန်အနေဖြင့် ဘာသာရေးပြုပြင်ရေးသမားတစ်ဦးအဖြစ် ရပ်တည်ရန်သာဖြစ်ပါသည်။ မိမိ၏အစားအသောက်ခြိုးခြံသောအသက်တာနှင့် ရိုးသားသောဝတ်ဆင်မှုများအားဖြင့် လွန်ကျူးစွာနေထိုင်စားသောက်သူများအား သွန်သင်ရန်ဖြစ်ပါသည်။ ထိုနေရာတွင် ဘုရားသခင်၏ပလ္လင်တော်မှ ကောင်းကင်တမန်တစ်ပါးသည် ချုပ်တည်းခြင်းနှင့်ပတ်သက်သောသင်ခန်းစာတစ်ခုကို ယောဟန်၏မိဘများအား သင်ကြားပေးခဲ့ပါသည်။



ကလေးအရွယ်နှင့် လူငယ်အရွယ်များတွင် အကျင့်စာရိတ္တကိုပုံသွင်းရန် အကောင်းဆုံးအချိန်ဖြစ်ပါသည်။ မိမိကိုယ်ကိုချုပ်တည်းနိုင်သည့်တန်ခိုးအား ထိုအချိန်အရွယ်တွင် ရယူထားသင့်ပါသည်။ မီးဖိုနံဘေးနှင့်မိသားစုထမင်းဝိုင်းများတွင် လာမည့်အသက်တာအတွက် အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုအကျိုးသက်ရောက်မှုများ၏အကျိုးဆက်သည် ထာဝရကာလနှင့်အမျှ တည်မြဲလျက်ရှိပါသည်။ အသက်အရွယ်ငယ်စဉ်အခါတွင် တည်ဆောက်ခဲ့သောအကျင့်ဓလေ့များသည် လူတစ်ယောက်အား ဘဝတိုက်ပွဲတွင် အောင်မြင်မည် (သို့မဟုတ်) ရှုံးနိမ့်မည်ဆိုသည်ကို အခြားပင်ကိုစွမ်းအားများထက် ပို၍ဆုံးဖြတ်မှုပေးပါသည်။ လူငယ်အရွယ်တွင် မျိုးစေ့ကြဲရန် အကောင်းဆုံးအချိန်ဖြစ်ပါသည်။ ထိုအချိန်သည် ယခုဘဝနှင့်နောင်တမလွန်ဘဝတွင် ရိတ်သိမ်းရမည့်စာရိတ္တကိုအဆုံးအဖြတ်ပေးပါသည်။

ဆရာယောဟန်သည် ပုရောဖက်တစ်ပါးအနေဖြင့် အဘတို့နှင့်သားတို့ကို အသင့်အတင့်ဖြစ်စေခြင်းငှါလည်းကောင်း၊ ငြင်းဆန်သောသူတို့ကို သူတော်ကောင်းတို့၏သတိပညာအလိုငှါ ပြင်ဆင်သောလူမျိုးဖြစ်စေခြင်းငှါလည်းကောင်း၊---ပြုလုပ်ရန်ဖြစ်ပါသည်။ ခရစ်တော်၏ပထမအကြိမ်ကြွလာခြင်းအတွက် လမ်းခရီးကိုပြင်ဆင်ခြင်းအားဖြင့် သူသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းကို ပြင်ဆင်ပေးနေသောလူများကိုကိုယ်စားပြုသူတစ်ဦးဖြစ်ခဲ့ပါသည်။ ကမ္ဘာကြီးသည် လွန်ကျူးစွာကာမဂုဏ်ခံစားမှုနောက်သို့လိုက်ပါခဲ့ပါသည်။ အမှားများနှင့်ယုံတမ်းစကားများသည်ပေါကြွယ်ဝလျက်ရှိခဲ့ပါသည်။ အသက်ဝိညာဉ်များကို ဖျက်ဆီးခြင်းအတွက်စာတန်၏ထောင်ချောက်များသည် များပြားလျက်ရှိပါသည်။ ထာဝရဘုရားကိုကြောက်ရွံ့ခြင်းအားဖြင့် သန့်ရှင်းခြင်းအသက်တာ၌ စုံလင်စေမည့်သူများအားလုံးသည် ချုပ်တည်းခြင်းနှင့် မိမိကိုယ်ကိုထိန်းချုပ်ခြင်းအတွက်သင်ခန်းစာများကိုလေ့ကျက်ရပါမည်။ ခံတွင်းတောင့်တခြင်းနှင့် ကိလေသာဇောများကိုပို၍အားကောင်းသောစိတ်တန်ခိုးအောက်တွင် ထိန်းချုပ်ထားရပါမည်။ ဤကဲ့သို့မိမိကိုယ်ကို စည်းကမ်းရှိအောင်လုပ်ဆောင်ခြင်းသည်

ထာဝရဘုရား၏နှုတ်ကပတ်တော်မှ သန့်ရှင်းမွန်မြတ်သောသမ္မာတရားများကို နားလည်ကျင့်ကြံနိုင်စွမ်းရှိစေသောစိတ်ဓာတ်ခွန်အားများနှင့် ဝိညာဉ်ရေးထိုးထွင်းသိမြင်ခြင်းများအတွက် မရှိမဖြစ်သောအရာတစ်ခုဖြစ်ပါသည်။ ထိုအကြောင်းကြောင့် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအတွက် ပြင်ဆင်ရေးလုပ်ငန်းတွင် ချုပ်တည်းခြင်းသည် လိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

ဖြစ်ရိုးဖြစ်စဉ်အတိုင်းဆိုလျှင် ဇာခရိ၏သားသည် ယဇ်ပုရောဟိတ်လုပ်ငန်းအတွက် ပညာသင်ယူရလိမ့်မည်ဖြစ်ပါသည်။ သို့သော် ကျမ်းတတ်ဆရာများ၏ကျောင်းများတွင် သင်ကြားပို့ချမှုများသည် ၎င်းလုပ်ဆောင်ရမည့်လုပ်ငန်းနှင့် ဆီလျော်ခြင်းမရှိခဲ့ချေ။ ကျမ်းစာကို မည်ကဲ့သို့အနက်အဓိပ္ပါယ်ပြန်ဆိုရမည်ကို သင်ယူရန် ဘုရားသခင်သည် ၎င်းအား ကျမ်းစာဆရာများထံသို့မစေလွှတ်ခဲ့ချေ။ သဘာဝတရားနှင့် သဘာဝ၏အရှင်သခင်ထာဝရဘုရားအကြောင်းကိုလေ့လာနိုင်စေရန် သူ့အားတောသို့ခေါ်ဆောင်တော်မူခဲ့ပါသည်။

သစ်ပင်မပေါက်သောတောင်ကတုံးများ၊ တောကျီးအများနှင့်ကျောက်လိုဏ်ဂူများ၏အလယ်၊ လူဆိတ်ညံသောအရပ်၌ တင်းကျပ်သောစည်းကမ်းချက်များအောက်၌နေထိုင်ရန်အတွက် အသက်တာ၏အပျော်အပါးများနှင့်ကာမဂုဏ်ခံစားမှုများကိုစွန့်လွှတ်ရန် သူရွေးချယ်ခဲ့ပါသည်။ ဤနေရာသည် ရိုးသားသောအကျင့်ဓလေ့များနှင့် အပျော်အပါးကြဉ်ရှောင်ခြင်းနှင့်ပတ်သက်သောအကျင့်များအတွက် ကောင်းမွန်သောပတ်ဝန်းကျင်ဖြစ်ပါသည်။ ဤနေရာတွင် ကမ္ဘာလောက၏အော်ဟစ်သံများ၏နှောင့်ယှက်ခြင်းကိုမခံရဘဲ သဘာဝ၏သင်ခန်းစာများကိုသော်လည်းကောင်း၊ ဗျာဒိတ်တော်၏သင်ခန်းစာများကိုလည်းကောင်း၊ ဘုရားသခင်နှင့်ပတ်သက်သောသင်ခန်းစာများကိုလည်းကောင်း သူလေ့လာနိုင်ခဲ့ပါသည်။ ဇာခရိအားကောင်းကင်တမန်ပြောကြားခဲ့သောစကားများကို ဘုရားသခင်အားကြောက်ချစ်သောမိဘနှစ်ပါးသည် ယောဟန်အား မကြာခဏပြန်လည်ပြောပြခဲ့ကြပါသည်။ ကလေးဘဝမှစ၍ သူ့အတွက်လုပ်ဆောင်ရန် သတ်မှတ်



ထားသည့်သန့်ရှင်းသောထိုခိုင်းစေချက်များကို သူလက်ခံခဲ့ပါသည်။ လူအရောက်အပေါက်နည်းလှသည့် တောအရပ်သည် သူ့အတွက်မယုံသင်္ကာမှုများ၊ မယုံကြည်မှုများနှင့် ညစ်ညမ်းမှုများ နေရာအနှံ့အပြားနီးပါးတွင်ပျံ့နှံ့နေသောလူ့အဖွဲ့အစည်းမှ အားရဝမ်းသာစေသောလွတ်မြောက်မှုတစ်ခုဖြစ်ခဲ့ပါသည်။ စုံစမ်းခြင်းကိုခုခံရန် မိမိ၏အစွမ်းသတ္တိကို ဆရာယောဟန်အားမကိုးခဲ့ချေ။ ၎င်းပြင် အပြစ်ကိုအပြစ်မှန်းသိသည့် အာရုံခံစားမှုကိုပျောက်ပျက်မည်စိုး၍ အပြစ်နှင့်ဆက်သွယ်မှုကိုလည်း ရှောင်ရှားခဲ့ပါသည်။

နာဇရက်မြို့သားသခင်ယေရှုသည် မွေးစမှပင် ထာဝရဘုရားအားဆက်ကပ်အပ်နှံခြင်းကိုခံယူတော်မူခဲ့သကဲ့သို့ သူသည်လည်း အသက်တာတစ်လျှောက်လုံးအတွက် မိမိကိုယ်ကိုဆက်ကပ်အပ်နှံရန် ကတိသစ္စာပြုခဲ့ပါသည်။ သူ၏ဝတ်စားဆင်ယင်ပုံမှာ ရှေးပုရောဖက်များကဲ့သို့ ကုလားအုတ်မွေးနှင့်ပြီးသောဝတ်ရုံကိုဝတ်လျက် သားရေခါးပတ်တစ်ခုကို ခါးတွင်စည်းထားပါသည်။ သူသည် တောတွင်းရှိသောကျိုင်းကောင်နှင့်ပျားရည်ကိုစားသုံး၍ တောတောင်များထဲတွင်ရှိသည့် သန့်စင်သောရေကိုသောက်သုံးခဲ့ပါသည်။

သို့သော် ဆရာယောဟန်၏အသက်တာသည် အလုပ်မလုပ်ဘဲပျင်းရိစွာဖြင့်အချိန်ကုန်လွန်ခဲ့သောအသက်တာမျိုး၊ အလွန့်အလွန်ခြိုးခြံသောအသက်တာမျိုး၊ ကိုယ်ကျိုးအတွက်အထီးကျန်နေသောအသက်တာမျိုးအားဖြင့် အချိန်မဖြုန်းခဲ့ချေ။ သူသည် မကြာခဏဆိုသလို အခြားလူများနှင့်ရောနှောနေထိုင်ရန် တောမှထွက်လာခဲ့သည့်အပြင် ကမ္ဘာကြီးတွင်ဖြစ်ပျက်နေသောအရာများကို အမြဲတမ်းစိတ်ဝင်တစားလေ့လာခဲ့သူတစ်ဦးဖြစ်ခဲ့ပါသည်။ သူသည် မိမိ၏ငြိမ်သက်သာယာသောဆိတ်ကွယ်ရာအရပ်မှ လောကတွင်ဖြစ်ပျက်လျက်ရှိသောအရာများတို့ကို စောင့်၍ကြည့်ရှုခဲ့ပါသည်။ ၎င်းယူဆောင်လာသောကောင်းကင်မှသတင်းစကားကို လူသားများထံမည်ကဲ့သို့အရောက်ပို့ရမည်ကို နားလည်သဘောပေါက်နိုင်စေရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ထွန်းလင်းပေးတော်မူသည့်စိတ်ကူး

စိတ်သန်းအားဖြင့် လူများ၏စာရိတ္တများကိုလေ့လာခဲ့ပါသည်။ ၎င်းဆောင်ရွက်ရမည့်အမှုတော်၏ဝန်သည် သူ့အပေါ်သို့ကျရောက်လျက်ရှိပါသည်။ တောတွင်တစ်ကိုယ်တည်းနေစဉ် ဘုရားသခင်၏အကြောင်းကိုသုံးသပ်ဆင်ခြင်ခြင်းနှင့်ဆုတောင်းခြင်းများအားဖြင့် ရှေ့တွင်ဆောင်ရွက်ရမည့်အမှုတော်အတွက် အားသွန်ခွန်စိုက်ပြင်ဆင်ရန် သူကြိုးစားခဲ့ပါသည်။

တောတွင်သွားရောက်နေထိုင်ခဲ့သော်လည်း သူသည် စုံစမ်းခြင်းနှင့်လွတ်ကင်းခဲ့သည်မဟုတ်ချေ။ သူသည် စာတန်စုံစမ်းနှောင့်ယှက်နိုင်သည့်လမ်းတိုင်းကို တတ်နိုင်သမျှပိတ်ကာထားခဲ့သော်လည်း စာတန်၏တိုက်ခိုက်မှုကိုခံရဆဲဖြစ်ခဲ့ပါသည်။ သို့သော် သူ၏ဝိညာဉ်ရေးအသိအမြင်များသည်ကြည်လင်ခဲ့ပါသည်။ သူသည် မိမိ၏ခွန်အားများနှင့်ဆုံးဖြတ်ချက်များကိုတိုးပွားခိုင်မာစေခဲ့ပါသည်။ ၎င်းပြင် သန့်ရှင်းသောဝိညာဉ်တော်၏မစခြင်းအားဖြင့် စာတန်၏ချဉ်းကပ်လာမှုကိုသိရှိတွေ့မြင်ရန်နှင့် ၎င်းအားဆန့်ကျင်တွန်းလှန်ရန် စွမ်းဆောင်နိုင်ခဲ့ပါသည်။

ယောဟန်သည် မိမိအတွက် စာသင်ကျောင်းနှင့်ဗိမာန်တော်ကိုတော၌တွေ့ရှိခဲ့ပါသည်။ မိဒျန်တောတွင်နေထိုင်ခဲ့သောမောရှေကဲ့သို့သူသည် ဘုရားသခင်၏အကွယ်အကာပေးမှုကိုရရှိခဲ့ပြီး ကိုယ်တော့်တန်ခိုးတော်၏သက်သေအထောက်အထားများကို အနီးကပ်တွေ့မြင်ခံစားခဲ့ရပါသည်။ သူ၏အသက်တာသည် ဣသရေလခေါင်းဆောင်ကြီးများကဲ့သို့လူသူကင်းဝေးသောတောတောင်များရှိ ကြီးကျယ်ခမ်းနားသောအဆောင်အယောင်များနှင့်နေထိုင်ရန်မဟုတ်သော်လည်း သူ၏ရှေ့တွင် မြင့်မားသောမောဘတောင်တန်းကြီးနှင့် သူ၏နောက်တွင်ရှိသောယော်ဒန်မြစ်တို့သည်တောင်များကိုခိုင်ခံ့စေ၍ သယံဇာတများနှင့်ပြည့်ဝစေတော်မူသောဘုရားသခင်၏ဂုဏ်တော်ကိုကျူးအေးနေကြပါသည်။ ၎င်းနေထိုင်လျက်ရှိသောတောတွင်ရှိသည့်သဘာဝ၏ကြောက်မက်ဖွယ်မြင်ကွင်းများသည် ဣသရေလလူများတို့၏အခြေအနေကို ကွင်းကွင်းကွက်ကွက်ရုပ်လုံးဖော်ပြနေပါသည်။ ထာဝရဘုရား၏အသီးများကို သီးပွင့်ခဲ့သောစပျစ်ဥယျာဉ်များသည် စွန့်ပစ်ခြင်းကိုခံရသောလွင်တီးခေါင်ခေါင်ဖြစ်ခဲ့ချေပြီ။ သို့သော် တော၏





အထက်တွင် ကောင်းကင်ပြင်သည် ထွန်းလင်းလှပနေပါသည်။ မုန်တိုင်းနှင့်အတူ မည်းမှောင်နေသောမိုးတိမ်များကို ကတိတော်၏သက်တံအားဖြင့်မိုး၍ထားတော်မူပါသည်။ ထိုနည်းနှင်နှင်ပင် ဣသရေလများ၏အခြေအနေသိမ်ဖျင်းယုတ်ညံ့လာခြင်းအပေါ်တွင် ကတိထားတော်မူရာ မေရှိယ၏စိုးစံခြင်းဘုန်းတော်ဖြင့် မိုးထားခဲ့ပါသည်။ အမျက်တော်မိုးတိမ်ကိုကိုယ်တော်၏ပဋိညာဉ်ဆိုင်ရာ သနားခြင်းကရုဏာသက်တံအားဖြင့်ဖြန့်ကြက်ထားတော်မူပါသည်။

ကြယ်များကဲ့သို့ မရေမတွက်နိုင်အောင်များပြားမည့်အမျိုးအနွယ်နှင့်ပတ်သက်သော အာဗြဟံအား ဘုရားသခင်ပေးထားတော်မူသည့်ကတိတော်ကို သူသည် တိတ်ဆိတ်သောညများတွင် တစ်ယောက်တည်းလေ့ကျက်ခဲ့ပါသည်။ မောဘတောင်တန်းများပေါ်သို့ ကျရောက်နေသောအရုဏ်ဦးလင်းရောင်ခြည်သည် တိမ်ရှင်းသောအချိန်တွင် ထွက်လာသောနံနက်အလင်းကဲ့သို့ဖြစ်တော်မူသည့် ကိုယ်တော်၏အကြောင်းကို ကျူးအေးခဲ့ပါသည်။ ၎င်းပြင်မွန်းတည့်နေရောင်ခြည်တွင် “ထာဝရဘုရား၏ဘုန်းတော်ပေါ်ထွန်း၍ လူအပေါင်းတို့သည် အတူမြင်ကြရမည့်” ကိုယ်တော်ရှင်၏ဘုန်းကျက်သရေနှင့်ပြည့်စုံမှုကို ဆရာယောဟန်တွေ့မြင်ခဲ့ရပါသည်။

ကတိတော်နှင့်ယှဉ်သောကိုယ်တော်သည် ပေါ်ထွန်းလာကာ မြွေ၏ဦးခေါင်းကိုကြိတ်မည်ကိုလည်းကောင်း၊ ဘုရင်တစ်ပါးမပေါ်ထွန်းမီ ပေါ်ထွန်းလာမည့်ငြိမ်သက်ခြင်းအရှင် ရှိလောသည် ဒါဝိဒ်၏ပလ္လင်တွင် နန်းစိုးစံမှုကိုအဆုံးသတ်စေလိမ့်မည်ဖြစ်ကြောင်းကိုလည်းကောင်း ဖော်ပြထားသည့်မေရှိယကြွလာခြင်းနှင့်ပတ်သက်သော ဗျာဒိတ်တော်များတို့ကို စိုးရွံ့ထိတ်လန့်သော်လည်း အထူးအားရရွှင်လန်းသောစိတ်ဖြင့် သူသည်အနာဂတ္တိကျမ်းများတွင် ရှာဖွေလေ့လာခဲ့ပါသည်။ ထိုအချိန်သည် ယခုတွင်ရောက်ရှိလာခဲ့ပါသည်။ ရောမဘုရင်တစ်ပါးသည် ဇိအုန်တောင်ပေါ်တွင်ရှိသောနန်းတော်တွင် စိုးစံလျက်ရှိခဲ့ပြီး ထာဝရဘုရား၏စေ့စပ်သေချာသောကတိတော်အားဖြင့် ခရစ်တော်သည်လည်း ဖွားမြင်ခြင်းကိုခံတော်မူခဲ့ပါသည်။

ဟေရှာယ၏ဘဝင်ခိုက်လောက်သော မေရှိယအကြောင်းရုပ်လုံးဖော်ရေးသားချက်များကို နေ့ရောညပါ ဆရာယောဟန်လေ့လာခဲ့ပါသည်။ ၎င်းတို့မှာ "ယေရှဲအမျိုးအငုတ်၌ အတက်ပေါက်လိမ့်မည်။. . . ဆင်းရဲသားတို့၏အမှုကို တရားတော်အတိုင်းစီရင်၍ နှိမ့်ချသောမြေကြီးသားတို့၌ နေလျက် ဖြောင့်မတ်စွာဆုံးဖြတ်လိမ့်မည်" (ဟေရှာ၊ ၁၁း၁၊၄) ဟူ၍လည်းကောင်း၊ "ထိုမင်းသည် လေလုံ၍ မိုးသက်မုန်တိုင်းကွယ်ရာအရပ်ကဲ့သို့လည်းကောင်း၊ နေပူသောအရပ်၌ ကျောက်လုံးကြီးအရိပ်ကဲ့သို့လည်းကောင်း ဖြစ်လိမ့်မည်" (ဟေရှာယ ၃၂း၂) ဟူ၍လည်းကောင်း၊ "သင့်ကိုစွန့်ပစ်သောသူဟူ၍လည်းကောင်း၊ သင်၏မြေကို လူဆိတ်ညံသောမြေဟူ၍လည်းကောင်း နောက်တစ်ဖန်မခေါ်ရ။ သင်သည် ငါနှစ်သက်သောသူ၊ သင်၏မြေသည် လက်ထပ်သောမြေဟူ၍လည်းကောင်း အမည်ကိုရလိမ့်မည်။ အကြောင်းမူကား ထာဝရဘုရားသည် သင့်ကိုနှစ်သက်တော်မူ၏" (ဟေရှာယ ၆၂း၄) ဟူ၍လည်းကောင်းဖြစ်ကြပါသည်။ အထီးကျန်ဘဝတွင်နေရသော ဆရာယောဟန်၏စိတ်နှလုံးသည် ဝမ်းမြောက်ဖွယ်ရာမြင်ကွင်းများဖြင့် ဖြည့်ဆည်းခြင်းကိုခံခဲ့ရပါသည်။

သူသည် လှပတင့်တယ်စွာပေါ်ထွန်းလာမည့်ဘုရင်တစ်ပါးကို မျှော်ကြည့်ရင်း မိမိကိုယ်ကိုပင်မေ့လျော့ခဲ့ပါသည်။ သန့်ရှင်းခြင်း၏ကြီးကျယ်ခမ်းနားမှုကို မြင်တွေ့ခဲ့ရပြီး မိမိကိုယ်ကိုမထိုက်တန်ကြောင်းခံစားခဲ့ရပါသည်။ သူသည် မည်သည့်လူသားများကိုမျှ ကြောက်ရွံ့ခြင်းမရှိဘဲ ဘုရားသခင်၏စေတမန်တစ်ဦးကဲ့သို့ ရှေ့သို့ချီတက်ရန် အဆင်သင့်ရှိခဲ့ပါသည်။ အကြောင်းမူကား ဘုရားသခင်ကို သူမျှော်ကြည့်ခဲ့သောကြောင့်တည်း။ သူသည် လောကရှင်ဘုရင်များရှေ့မှောက်တွင် မကြောက်မရွံ့ဘဲ မားမားမတ်မတ်ရပ်တည်ခဲ့ပါသည်။ အကြောင်းမူကား၊ ဘုရင်တကာတို့၏ဘုရင့်ရှေ့မှောက်တော်တွင် သူဦးညွှတ်ခဲ့ပြီးဖြစ်သောကြောင့်တည်း။

ယောဟန်သည် မေရှိယနိုင်ငံတော်၏သဘာဝကိုမူ ကောင်းမွန်ပြည့်စုံစွာနားမလည်ခဲ့ချေ။ ဣသရေလများအား ရန်သူများလက်မှ ကယ်လွှတ်ခြင်းအမှုကို ထိုသခင်သည် လုပ်ဆောင်တော်မူလိမ့်မည်ဟု



သူမျှော်လင့်ခဲ့သော်လည်း သူ၏မျှော်လင့်ချက်တွင် ကြီးမားသောရည်မှန်းချက်များမှာ ကိုယ်တော်သည် ဘုရင့်တကာ့ဘုရင်၏ဖြောင့်မတ်ခြင်းနှင့်ကြွလာတော်မူ၍ သန့်ရှင်းသောလူမျိုးတစ်မျိုးအနေဖြင့် ဣသရေလနိုင်ငံကိုတည်ထောင်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြစ်ပါသည်။ ထိုနည်းအားဖြင့် ၎င်းအားမွေးဖွားစဉ်က ပေးတော်မူခဲ့သော အနာဂတ္တိစကားသည် ပြီးပြည့်စုံပြီးဖြစ်လိမ့်မည်ဟု ယုံကြည်လျက် ဇာခရိက–

> "ငါတို့သည် ရန်သူဘေးနှင့်ကင်းလွတ်၍ ဘုရားသခင့်ရှေ့တော်၌ တစ်သက်လုံးသန့်ရှင်းဖြောင့်မတ်ခြင်းပါရမီအားဖြင့် ဘုရားဝတ်ကိုရဲရင့်စွာပြုရသောအခွင့်ကိုပေးမည်ဟု---ကတိထားတော်မူသော သန့်ရှင်းသောပဋိညာဉ်တရားတော်ကို အောက်မေ့တော်မူသဖြင့်လည်းကောင်း---------------------------"
>
> ဟူ၍မြွက်ဆိုခဲ့ပါသည်။

မိမိလူများသည် အလိမ်ခံနေကြရကြောင်း၊ ကိုယ့်လုပ်ရပ်များကို ကြည့်ရှုကာ သဘောကျနေကြကြောင်းနှင့် အပြစ်တွင်နစ်မျောအိပ်ပျော်နေကြောင်းများကို ယောဟန်မြင်တွေ့ခဲ့ရပါသည်။ သူသည် ၎င်းတို့အားသာ၍သန့်ရှင်းကောင်းမွန်သောအသက်တာများကိုရရှိရန်အတွက် လှုံ့ဆော်ပေးရန် မျှော်လင့်ချက်ပေးခဲ့ပါသည်။ သူ့အား ထာဝရဘုရားပေးသနားတော်မူသောသတင်းစကားသည် ယုဒလူများအား ငိုက်မျဉ်းနေရာမှ နိုးနိုးကြားကြားရှိလာကြစေရန်နှင့် ၎င်းတို့၏ကြီးမားသောဆိုးယုတ်မှုများကြောင့် တုန်လှုပ်ချောက်ချားသွားစေရန် ရည်ရွယ်ခဲ့ပါသည်။ ဧဝံဂေလိတရားတော်၏ မျိုးစေ့ခြေကုပ်မယူမီတွင် စိတ်နှလုံးမြေလွှာကို ခြေမွှဖျက်ဆီးပစ်ရမည်ဖြစ်ပါသည်။ သူတို့သည် သခင်ယေရှုထံမှ အနာပျောက်ကင်းစေသောတန်ခိုးကိုရယူရန်မကြိုးစားမီ အပြစ်၏ဒဏ်ရာဒဏ်ချက်များမှရရှိမည့်အန္တရာယ်များကို သိမြင်ကြရမည်ဖြစ်ပါသည်။

ထာဝရဘုရားသည် အပြစ်သားများကိုမြှောက်ပင့်ပြောဆိုရန် စေတမန်များကို စေလွှတ်တော်မူသည်မဟုတ်ချေ။ မသန့်ရှင်းသောသူများကို လုံခြုံစိတ်ချရသောနေရာသို့ရောက်စေခြင်းငှါ ချော့မော့ရန်အတွက်လည်း

မည်သည့်ငြိမ်းချမ်းရေးသတင်းစကားကိုမျှ ကိုယ်တော်မမိန့်မြွက်ခဲ့ချေ။ ကိုယ်တော်သည် ဒုစရိုက်ပြုသူများ၏ ဩတ္တပ္ပစိတ်ပေါ်သို့ လေးလံသောဝန်ထုပ်များကို တင်တော်မူပါသည်။ ၎င်းပြင် အပြစ်ရှိကြောင်း ထင်ရှားစွာသိမြင်စေခြင်းများအားဖြင့် စိတ်ဝိညာဉ်များကို ထိုးဖောက်တော်မူပါသည်။ မိမိတွင်ရှိနေသောလိုအပ်ချက်များကို ပိုမိုနက်ရှိုင်းစွာဖြင့် သိရှိလာစေရန်နှင့် "ကယ်တင်ခြင်းရအောင် ကျွန်ုပ်ဘာလုပ်ရမည်နည်း" ဟူသော အော်ဟစ်သံကိုအော်ဟစ်လာစေရန်အတွက် အစေခံနံ့ဝိညာဉ်ကောင်းကင်တမန်များသည် ကြောက်လန့်ဖွယ်ဘုရားသခင်၏တရားစီရင်ခြင်းအကြောင်းကို ထိုသူအားဖော်ပြကြပါသည်။ ထို့နောက် မြေမှုန့်တိုင်အောင် နှိမ့်ချတော်မူခဲ့သောလက်ရုံးတော်သည် နောင်တရသောအပြစ်သားအား မချီတော်မူပါသည်။ အပြစ်ကိုဆုံးမ၍ မာနထောင်လွှားခြင်းများနှင့် ကြီးပွားလိုစိတ်ရှိခြင်းများကို ရှက်ကြောက်စေခဲ့သောကိုယ်တော်၏အသံသည် "သင်၌အဘယ်သို့ပြုစေလိုသနည်း" ဟု သနားသက်ဝင်စွာဖြင့် မေးတော်မူလိမ့်မည်ဖြစ်ပါသည်။


ဆရာယောဟန်၏အမှုတော်စတင်သည့်အချိန်တွင် ယုဒလူများတို့သည် လွတ်လပ်မှုအပေါ်တွင်စိတ်ရောက်နေပြီး စိတ်လှုပ်ရှားမှုများနှင့် မကျေနပ်မှုများဖြစ်နေသောအခြေအနေတွင်ရှိနေခဲ့ပါသည်။ အုပ်ချုပ်နေသောအာခေလကို ဖယ်ရှားပြီးနောက် ယုဒပြည်သည် ရောမ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်သို့ရောက်ရှိလာခဲ့ပါသည်။ အုပ်ချုပ်မှုများနှင့် ရောမဘုရင်ခံများ၏ အဆမတန်အခွန်ငွေတောင်းခံမှုများတို့သည်လည်းကောင်း၊ တစ်ပါးအမျိုးသားများ၏အထိမ်းအမှတ်များနှင့် ဓလေ့ထုံးစံများကို စတင်လုပ်ဆောင်ရန် အခိုင်အမာသန္နိဋ္ဌာန်ချခဲ့ခြင်းများသည်လည်းကောင်း ဣသရေလလူတို့များမှ သူရသတ္တိနှင့်အပြည့်ဝဆုံးသောသူရဲကောင်းထောင်ပေါင်းများစွာတို့၏သွေးများဖြင့် ငြိမ်းသတ်ခဲ့ရပါသည်။ ဤအဖြစ်အပျက်အားလုံးတို့သည် ရောမများအပေါ် ယုဒတစ်မျိုးသားလုံး၏မုန်းတီးမှုကိုတင်းမာစေပြီး ရောမတို့၏အုပ်ချုပ်မှုအောက်မှလွတ်မြောက်လိုစိတ်များကို ပိုမိုတိုးပွားစေခဲ့ပါသည်။



စိတ်ဝမ်းကွဲပြား၍ တစ်ဖက်နှင့်တစ်ဖက်အကြိတ်အနယ်ဘက်ပြိုင်နေသည့်အကြားတွင် တောမှအသံတစ်ခုကိုကြားခဲ့ကြရပါသည်။ ထိုအသံသည် ထိတ်လန့်စရာကောင်းပြီးတင်းမာသော်လည်း မျှော်လင့်ချက်အပြည့်အဝရှိသော "ကောင်းကင်နိုင်ငံတည်လုနီးပြီ၊ ထိုကြောင့်နောင်တရကြလော့" ဟူသောအသံပင်ဖြစ်ပါသည်။ ထိုအသံသည် ထူးခြားသောတန်ခိုးများဖြင့် လူအများ၏စိတ်တို့ကို လှုပ်ရှားစေခဲ့ပါသည်။ ပုရောဖက်များသည် ခရစ်တော်ကြွလာခြင်းအကြောင်းကို အလွန်ဝေးသေးသည့်အနာဂတ်တွင်ဖြစ်ပျက်မည့်အဖြစ်အပျက်တစ်ခုအနေဖြင့် ကြိုတင်ဟောကြားခဲ့ကြပါသည်။ သို့သော် ထိုအခြင်းအရာသည် အလွန်နီးကပ်နေပြီဖြစ်ကြောင်းကို တောတွင်ကြေညာနေပါသည်။ ဆရာယောဟန်၏တစ်ကိုယ်တော်ပေါ်ထွန်းလုပ်ဆောင်ခြင်းသည် ကြားနာရသူများ၏စိတ်နှလုံးကို ရှေးခေတ်ပုရောဖက်များအားသတိရအောက်မေ့စေခဲ့ပါသည်။ ဟန်အမူအရာနှင့်ဝတ်စားဆင်ယင်မှုတွင် ဆရာယောဟန်သည် ဧလိယနှင့်ဆင်တူခဲ့ပါသည်။ ဧလိယ၏စိတ်ဓာတ်၊ ဧလိယ၏တန်ခိုးအားဖြင့် တစ်မျိုးသားလုံးတွင်ဖြစ်ပေါ်နေသောပျက်စီးယိုယွင်းမှုများကို လူသိရှင်ကြားအပြစ်တင်ခဲ့ပြီး နေရာအနှံ့တွင် ခေတ်စားနေသောအပြစ်ကျူးလွန်မှုများကိုဆုံးမခဲ့ပါသည်။ သူ၏စကားများသည် ရှင်းလင်းပြတ်သားထိရောက်ကာ သဘောပေါက်နားလည်လွယ်စေခဲ့ပါသည်။ သူသည် ရှင်ပြန်ထမြောက်လာသော ပုရောဖက်တစ်ပါးဖြစ်သည်ဟု လူအများကယုံကြည်ခဲ့ကြပါသည်။ သူ့သတင်းကြောင့် တစ်နိုင်ငံလုံးတွင် လူအများလှုပ်လှုပ်ရွရွဖြစ်ကာ တောတွင်စုရုံးလာခဲ့ကြပါသည်။

ယောဟန်သည် မေရှိယကြွလာခြင်းအကြောင်းကို ကြွေးကြော်၍ လူအများကိုနောင်တရကြရန် ဖိတ်ခေါ်ခဲ့ပါသည်။ အပြစ်ဆေးကြောခြင်းအထိမ်းအမှတ်အနေဖြင့် ယော်ဒန်မြစ်တွင် လူများအားနှစ်ခြင်းပေးခဲ့ပါသည်။ ထိုနည်းအားဖြင့် ဘုရားသခင်ရွေးချယ်ထားခြင်းခံရသောသူများဟု မိမိကိုယ်ကိုထင်နေကြသူများသည် အပြစ်အားဖြင့် ညစ်ညူးလျက်ရှိကြကြောင်း၊ ၎င်းတို့စိတ်နှလုံးများနှင့်အသက်တာများတွင် စွန်းထင်းလျက်ရှိ

နေသောထိုအပြစ်များကို သန့်ရှင်းစင်ကြယ်အောင်မပြုလုပ်ခဲ့လျှင် မေရှိယ၏ နိုင်ငံတော်နှင့်သက်ဆိုင်ခြင်းမရှိကြောင်းများကို အရေးကြီးသော ထိုသရုပ်ပြ သင်ခန်းစာတစ်ခုအားဖြင့် ဆရာယောဟန်ကထုတ်ဖော်ကြေညာခဲ့ပါသည်။ မင်းညီမင်းသားများနှင့် ကျမ်းတတ်ဆရာများအပြင် စစ်သူရဲများ၊ အခွန်ခံများနှင့် လယ်သမားများသည် ဤပုရောဖက်၏သတင်းစကားကိုကြားနာရန် တောသို့လာခဲ့ကြပါသည်။ ထာဝရဘုရားထံမှလာသော စိုးရွံ့ဖွယ်ကောင်းသည့် ထိုသတိပေးစကားသည် ထိုသူများအား ထိတ်လန့်စေခဲ့ပြီး



များစွာသောသူများကို နောင်တရရှိစေခဲ့သည်။ နောင်တရရှိကြသော ထိုသူများသည် ဆရာယောဟန်ထံတွင် နှစ်ခြင်းမင်္ဂလာကိုခံယူခဲ့ကြပါသည်။ မေရှိယ၏နိုင်ငံတော်တွင်ဝင်စားနိုင်ကြစေရန်အလို့ငှါ လူတန်းစားအလွှာ အသီးသီးမှပုဂ္ဂိုလ်များသည် ဆရာယောဟန်၏တောင်းဆိုချက်များကို လိုက်လျှောခဲ့ကြပါသည်။

များစွာသောကျမ်းတတ်ဆရာများနှင့် ဖါရိရှဲများသည် ယောဟန်ထံသို့လာရောက်၍ မိမိအပြစ်များကိုဝန်ခံလျက် နှစ်ခြင်းပေးရန် တောင်းခံခဲ့ကြပါသည်။ သူတို့သည် မိမိကိုယ်ကို သူတစ်ပါးထက်သာလွန်ကောင်းမွန်သည်ဟု အမှမ်းတင်ခဲ့ကြပြီး ဘုရားတရားကိုင်းရှိုင်းခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏ထင်မြင်ယူဆချက်များကို ဆက်လက်လုပ်ဆောင်သွားကြရန် လမ်းပြခဲ့ပါသည်။ ယခုတွင်မူ ၎င်းတို့အသက်တာများတွင် ကျူးလွန်ခဲ့ကြသောအခြားသူတို့မသိသည့်အပြစ်များသည် ဘူးပေါ်သလိုပေါ်ခဲ့ပေပြီ။ သို့သော် ဤသူများအပြစ်မှအမှန်တကယ်နောင်တရခြင်းမရှိကြောင်းကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆရာယောဟန်သိရှိခဲ့ရပါသည်။



သူတို့သည် သာယာစီးများသာဖြစ်ကြပါသည်။ မိမိတို့သည် ဆရာယောဟန်၏မိတ်ဆွေများဖြစ်သောကြောင့် ကြွလာတော်မူမည့်မေရှိယထံတွင် အခွင့်အရေးရရှိကြလိမ့်မည်ဟု သူတို့မျှော်လင့်ခဲ့ကြပါသည်။ ၎င်းပြင် လူကြိုက်များ၍ ရေပန်းစားနေသော ဤဆရာထံတွင် နှစ်ခြင်းမင်္ဂလာကို ခံယူလိုက်ခြင်းအားဖြင့် ယုဒလူများအပေါ် ၎င်းတို့၏ဩဇာသက်ရောက်မှု ပိုမိုအားကောင်းလာလိမ့်မည်ဟု သူတို့ထင်ခဲ့ကြပါသည်။

ဆရာယောဟန်သည် ထိုသူများအား ထိခိုက်နာကြည်းစေသော စကားများအားဖြင့် ပြောဆိုသည်ကား၊ "အချင်းမြွေဆိုးအမျိုးတို့၊ ရောက်လုသောဘေးဒဏ်မှပြေးသွားစိမ့်သောငှါ အဘယ်သူသည် သင်တို့ကိုသတိပေးဘိသနည်း။ နောင်တရခြင်းနှင့်ထိုက်တန်သောအကျင့်ကိုကျင့်ကြလော့၊ အာဗြဟံသည် ငါတို့အဘဖြစ်သည်ဟု စိတ်ထဲ၌မအောက်မေ့ကြနှင့်၊ ဘုရားသခင်သည် ဤကျောက်ခဲတို့မှ အာဗြဟံသားတို့ကိုထုတ်ဖော်ဖန်ဆင်းနိုင်တော်မူသည်" ဟူ၍ဖြစ်၏။

ဣသရေလများအပေါ် ထာဝရကာလကျေးဇူးပြုခြင်းနှင့်ပတ်သက်သော ထာဝရဘုရား၏ကတိတော်ကို ယုဒလူများသည် လွဲမှားစွာအဓိပ္ပါယ်ကောက်ယူခဲ့ကြပါသည်။ "နေ့အချိန်၌လင်းစရာဖို့ နေကိုခန့်ထား၍ ညအချိန်၌ လင်းစရာဖို့ လနှင့်ကြယ်များတို့ကို စီရင်တော်မူထသော၊ သမုဒ္ဒရာကိုဆုံးမတော်မူ၍ လှိုင်းတံပိုးကို ဟုန်းစေတော်မူထသော၊ ကောင်းကင်ဗိုလ်ခြေထာဝရဘုရားဟူသော ဘွဲ့နာမရှိတော်မူသော ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထိုတရားတို့သည် ငါ့ရှေ့၌ကွယ်ပျောက်လျှင် ဣသရေလအမျိုးသည် ငါ့ရှေ့၌အမျိုးတိမ်မြုပ်၍ အစဉ်ကွယ်ပျောက်လိမ့်မည်ဟု မိန့်တော်မူ၏။ တစ်ဖန်ထာဝရဘုရားမိန့်တော်မူသည်ကား အထက်ကောင်းကင်ကို တိုင်းထွာနိုင်လျှင်သော်လည်းကောင်း၊ မြေကြီးအောက်ဆုံးအမြစ်တို့ကို လိုက်၍စစ်နိုင်လျှင်သော်လည်းကောင်း ဣသရေလအမျိုးအပေါင်းတို့ကို သူတို့ပြုမိသမျှသောအပြစ်တို့ကြောင့် ငါစွန့်ပစ်မည်ဟု မိန့်တော်မူ၏။" ယေရမိ ၃၁း၃၅-၃၇။ အာဗြဟံမှသက်ဆင်းလာသော

သူများသည် ဤကတိတော်အားပေးအပ်ခြင်းခံသူများဖြစ်သည်ဟု ယုဒလူများကမှတ်ယူခဲ့ကြပါသည်။ သို့သော် ထာဝရဘုရားရှင်သီးခြားဖော်ပြထားသည့်အခြေအနေများကို သူတို့သတိမမူမိခဲ့ကြချေ။ ၎င်းတို့အားကတိတော်ကိုမပေးမီ ကိုယ်တော်မိန့်တော်မူသည်ကား "ငါထာဝရဘုရားသည် ငါ၏ပညတ်တရားကို သူတို့အတွင်းထဲသို့သွင်းမည်။ သူတို့နှလုံးပေါ်မှာရေးထားမည်။ ငါသည် သူတို့၏ဘုရားဖြစ်မည်၊ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။---ထိုအခါ ငါသည် သူတို့အပြစ်များကိုသည်းခံမည်။ သူတို့ပြုသောဒုစရိုက်များကို မအောက်မေ့ဘဲနေမည်" ယေရမိ ၃၁း၃၃-၃၄။

ကိုယ်တော်၏ပညတ်တော်ကို နှလုံးပေါ်တွင်ရေးမှတ်ခြင်းခံရသောလူမျိုးအတွက် ထာဝရဘုရားသည် အမှန်တကယ်ကျေးဇူးပြုတော်မူမည်ဖြစ်ပြီး သူတို့သည် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိကြပါသည်။ သို့သော် ယုဒလူများသည် ထာဝရဘုရားထံမှ မိမိတို့သဘောအတိုင်း ခွဲထွက်ခဲ့ကြပေပြီ။ မိမိတို့၏အပြစ်များကြောင့် ထာဝရဘုရား၏အပြစ်စီရင်မှုအောက်တွင် သူတို့သည် ဒုက္ခဝေဒနာများကိုခံစားနေကြရပါသည်။ ဤအချက်သည် တစ်ပါးအမျိုးသားနိုင်ငံတစ်ခုတွင် ၎င်းတို့ကျွန်ခံရခြင်း၏အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ သူတို့၏စိတ်နှလုံးများသည် အပြစ်ကျူးလွန်မှုများကြောင့် မှောင်မိုက်နေပါသည်။ အတိတ်အချိန်များတွင် ဘုရားသခင်သည် ၎င်းတို့အား များစွာကျေးဇူးပြုခဲ့သောကြောင့် ကျူးလွန်ခဲ့သောအပြစ်များအတွက် သူတို့ဆင်ခြင်တက်ခဲ့ကြပါသည်။ ၎င်းတို့သည် အခြားလူများထက်သာလွန်ကောင်းမြတ်ကြကြောင်း၊ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကိုခံစားထိုက်သောသူများဖြစ်ကြောင်း သူတို့ကိုယ်သူတို့အမွှမ်းတင်ခဲ့ကြပါသည်။

"ထိုအကြောင်းအရာရှိသမျှတို့သည် ကာလအဆုံးတွင်ဖြစ်သောငါတို့ကိုဆုံးမစရာဖို့ ကျမ်းစာ၌ရေးထားလျက်ရှိသတည်း။" ၁ကော၊ ၁း၁၁။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို အကြိမ်မည်မျှအဓိပ္ပါယ်လွဲမှားစွာဖြင့် ကောက်ယူခဲ့ကြပြီး ကျွန်ုပ်တို့သည် ဘုရားတရား



ရှိကြသည့်အတွက် ဘုရားသခင်၏ကျေးဇူးပြုခြင်းကိုခံခဲ့ရကြောင်း မိမိကိုယ်ကိုအကြိမ်မည်မျှအမွှမ်းတင်ပြောဆိုခဲ့ကြပါသနည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်လုပ်ဆောင်ပေးရန် မျှော်ကိုးထားသည့်အရာကို လုပ်ပေးနိုင်ခွင့်ရရှိတော်မမူခဲ့ချေ။ မိမိလုပ်ဆောင်နေသောအလုပ်ကို မှန်သည်ဟုထင်ကာ ကျေနပ်နေသောစိတ်ကိုတိုးပွားစေရန်အတွက်သော်လည်းကောင်း၊ အပြစ်နှင့်မယုံကြည်မှုများတွင် စိတ်နှလုံးခိုင်မာစေရန်အတွက်သော်လည်းကောင်း ကိုယ်တော်ရှင်ပေးသနားတော်မူသည့်ကျေးဇူးတော်များကို ကျွန်ုပ်တို့အသုံးပြုနေခဲ့ကြပါသည်။

ဆရာယောဟန်သည် ဣသရေလကျမ်းတတ်ဆရာများအား ၎င်းတို့၏မာနထောင်လွှားခြင်းများ၊ တစ်ကိုယ်ကောင်းဆန်ခြင်းများနှင့် ရက်စက်ကြမ်းကြုတ်မှုများသည် ဖြောင့်မတ်၍နားထောင်မှုရှိသောအာဗြဟံ၏သားသမီးများဖြစ်ခြင်းထက် လူအများအတွက်သေစေတတ်သောကျိန်ခြင်းတည်းဟူသော မြွေဆိုးအမျိုးများဖြစ်ရန်ထင်ရှားကြောင်း ထုတ်ဖော်ခဲ့ပါသည်။ ထာဝရဘုရားထံမှ ၎င်းတို့လက်ခံရရှိထားသည့်အလင်းတရားများကိုထောက်ရှုခြင်းအားဖြင့် မိမိတို့ထက်နိမ့်ကျသည်ဟု ၎င်းတို့ကထင်ထားခဲ့ကြသည့်တစ်ပါးအမျိုးသားများထက် ၎င်းတို့သည် ဆိုးသွမ်းနေကြပါသည်။ မိမိတို့အား ထွင်းယူခဲ့သောကျောက်ကို သူတို့မေ့ခဲ့ကြပြီ။ ၎င်းပြင်မိမိတို့အားတူး၍ထုတ်ယူခဲ့ရသည့်ချိုင့်ထဲမှတွင်းကိုလည်း သူတို့မေ့ခဲ့ကြပြီ။ ထာဝရဘုရားသည် မိမိအကြံအစည်တော်ကို အကောင်အထည်ဖော်ရန် သူတို့အပေါ်မမှီခိုခဲ့ချေ။ အာဗြဟံအား တစ်ပါးအမျိုးသားများထဲမှထုတ်ဆောင်ခဲ့သကဲ့သို့ ကိုယ်တော်သည် အခြားပုဂ္ဂိုလ်များကိုလည်း အမှုတော်အတွက် ထုတ်ဆောင်နိုင်တော်မူပါသည်။ ဘုရားသခင်ခေါ်ထုတ်မည့်ထိုပုဂ္ဂိုလ်များသည် ယခုအချိန်တွင် ကျောက်တုံးများကဲ့သို့ အသက်မရှိကြဘဲ ခံစားမှုများလည်းရှိချင်မှရှိကြမည်ဖြစ်သော်လည်း သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့၏စိတ်ထဲတွင် ကိုယ်တော်ရှင်၏အလိုတော်အားနှိုးဆွနိုင်ပြီး မိမိကတိတော်၏ပြည့်စုံခြင်းကိုရရှိနိုင်တော်မူပါသည်။

“သစ်ပင်အမြစ်နားမှာ ပုဆိန်ထားလျက်ရှိသည်ဖြစ်၍ ကောင်းသောအသီးမသီးသောအပင်ရှိသမျှတို့ကိုခုတ်လှဲ၍ မီးထဲသို့ချလိုက်ရသည်” ဟု ထိုပုရောဖက်ကဆက်လက်ပြောဆိုခဲ့ပါသည်။ အပင်၏အမည်အားဖြင့်မဟုတ်ဘဲ အပင်၏အသီးအားဖြင့် ၎င်းအပင်၏တန်ဖိုးကိုဆုံးဖြတ်ပါသည်။ အသီးများသည် တန်ဖိုးမရှိလျှင် အပင်၏အမည်သည် အပင်အားခုတ်လှဲခံရခြင်းမှကာကွယ်နိုင်မည်မဟုတ်ချေ။ ထာဝရဘုရား၏ရှေ့တွင် ၎င်းတို့၏ရပ်တည်မှုကို ၎င်းတို့၏အကျင့်စာရိတ္တများနှင့်အသက်တာများက အဆုံးအဖြတ်ပေးမည်ဖြစ်ကြောင်းကို ယုဒလူများအား ဆရာယောဟန်ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ နှုတ်အားဖြင့် ယုံကြည်သက်ဝင်ကြောင်း ထုတ်ဖော်ပြောဆိုခြင်းသည် အရာမရောက်ပါချေ။ ၎င်းတို့၏အသက်တာနှင့် အကျင့်စာရိတ္တများသည် ဘုရားသခင်၏ပညတ်တော်နှင့်မကိုက်ညီလျှင် သူတို့သည် ကိုယ်တော်၏လူများမဟုတ်ကြချေ။

အရင်းခံသဘောများကိုထင်ရှားသိသာရန် စိတ်နှလုံးကိုစစ်ဆေးခြင်းနှင့်ဆိုင်သော ယောဟန်၏စကားများကိုကြားရသောသူအပေါင်းတို့သည် မိမိတို့လွန်ကျူးခဲ့သောအပြစ်များကို ထင်ရှားစွာတွေ့မြင်လာခဲ့ကြပြီး “သို့ဖြစ်လျှင် အကျွန်ုပ်တို့သည် အဘယ်သို့ပြုရမည်နည်း” ဟုမေးမြန်းလာခဲ့ကြပါသည်။ ယောဟန်က “အင်္ကျီနှစ်ထည်ရှိသောသူသည် အင်္ကျီမရှိသောသူအားမျှစေ၊ စားစရာရှိသောသူသည်လည်း ထိုနည်းအတူပြုစေ” ဟု ဖြေဆိုခဲ့ပါသည်။ ၎င်းပြင် အခွန်ခံများ၏မတရားအခွန်ကောက်ခံမှုများနှင့် စစ်သူရဲတို့၏အနိုင်အထက်ပြုမှုများကိုလည်း သတိပေးဆုံးမခဲ့ပါသည်။

ခရစ်တော်၏နိုင်ငံတော်သားများဖြစ်လာမည့် သူအပေါင်းတို့သည် ယုံကြည်ခြင်းရှိကြောင်း အထောက်အထားများနှင့်နောင်တရပြီးကြောင်း သာဓကများကို မိမိတို့၏အသက်တာတွင် ပြကြရမည်ဟု ဆရာယောဟန်သွန်သင်ခဲ့ပါသည်။ သနားကြင်နာခြင်း၊ ရိုးသားခြင်းနှင့် ဘုရားသခင့်အပေါ်သစ္စာစောင့်သိခြင်း စသည့်စိတ်သဘောထားများကို ၎င်းတို့၏အသက်တာတွင်တွေ့မြင်နိုင်ကြရမည်ဖြစ်ပါသည်။ သူတို့သည် ဆင်းရဲချို့တဲ့သူများအား



အလုပ်အကျွေးပြု၍ ဘုရားသခင့်အထံတော်သို့လည်း ပူဇော်သကာများကို ယူဆောင်လာကြလိမ့်မည်ဖြစ်ပါသည်။ ၎င်းတို့သည် အကူအညီမဲ့သူများကို ကာကွယ်၍ ကောင်းမြတ်သောအကျင့်နှင့် သနားကြင်နာခြင်းများတို့အတွက် ပုံသက်သေကိုပြကြလိမ့်မည်ဖြစ်ပါသည်။ ထိုနည်းနှင်နှင်ပင် ခရစ်တော်၏နောက်လိုက်များတို့သည် မိမိတို့၏အသက်တာများကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လုံးလုံးပြောင်းလဲပြီးပြီဖြစ်ကြောင်းကို လက်တွေ့ပြကြရလိမ့်မည်။ ထိုသူတို့၏နေ့စဉ်အသက်တာတွင် တရားမျှခြင်း၊ ကရုဏာရှိခြင်းနှင့် ဘုရားသခင်၏မေတ္တာတော်များကို တွေ့မြင်ကြပါလိမ့်မည်။ ထိုသို့မဟုတ်လျှင် ထိုသူများသည် မီးဖိုထဲသို့ထည့်ခြင်းခံရမည့်အမှိုက်များနှင့်တူကြပါလိမ့်မည်။

“ငါသည် နောင်တရဖို့အလိုငှါ သင်တို့ကို ရေနှင့်ဗတ္တိဇံပေး၏။ ငါ့နောက်ကြွလာသောသူသည် ငါ့ထက်တတ်စွမ်းနိုင်၏။ ထိုသူ၏ခြေနင်းတော်ကိုမျှ ဆောင်ခြင်းငှါငါမထိုက်။ ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ မီးနှင့်လည်းကောင်း သင်တို့ကိုဗတ္တိဇံပေးမည်” မဿဲ ၃း၁၁။ ထာဝရဘုရားသည် တရားစီရင်သောဝိညာဉ်၊ မီးလောင်သောဝိညာဉ်တော်အားဖြင့် မိမိလူမျိုး၏အညစ်အကြေးများကို ဆေးကြောမည်ဖြစ်ကြောင်းကို ဟေရှာယပုရောဖက်ကထုတ်ဖော်ပြောကြားခဲ့ပါသည်။ ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ဣသရေလလူများထံရောက်ရှိလာသည်ကား၊ “သင့်ကိုလည်း ငါကိုင်ယူပြီးလျှင် ချော်နှင့်ကင်းစင်၍ သင်၏ကြေးဖြူ (သံဖြူ) ရှိသမျှကိုလည်းပယ်ရှားမည်” ဟေရှာ ၁း၂၅ ဟူ၍ဖြစ်၏။ အပြစ်ကိုတွေ့ရှိသည့်နေရာတိုင်းတွင် “ငါတို့ဘုရားသခင်သည် လောင်သောမီးဖြစ်တော်မူ၏။” ဟေဗြဲ ၁၂း၂၉။ ထာဝရဘုရား၏ဝိညာဉ်တော်သည် ကိုယ်တော်၏အုပ်စိုးမှုကိုခံယူမည့်သူအားလုံး၌ စွန်းထင်းနေသောအပြစ်များကိုလောင်ကျွမ်းတော်မူလိမ့်မည်။ သို့သော်လူများသည် အပြစ်ကိုတွယ်ကပ်စွဲငြိနေကြလျှင် ၎င်းတို့သည် အပြစ်နှင့်အတူခွဲမရအောင် ထပ်တူထပ်မျှဖြစ်လာကြပါသည်။ ထိုနောက် အပြစ်ကိုဖျက်ဆီးသော

ဘုရားသခင်၏ဘုန်းတော်သည် သူတို့ကိုလည်းဖျက်ဆီးမည်ဖြစ်ပါသည်။ ယာကုပ်သည် ကောင်းကင်တမန်နှင့်တစ်ညလုံးနပန်းလုံးပြီးနောက် "ငါသည် ဘုရားသခင်ကို မျက်နှာချင်းဆိုင်၍ ဖူးမြင်ရသော်လည်း အသက်ချမ်းသာပြီဟုဆိုသတည်း" ကမ္ဘာဦး ၃၂း၃၀။ ယာကုပ်သည် ၎င်း၏ အမူအကျင့်များတွင် ဧသောအပေါ်ကြီးမားသောဒုစရိုက်တစ်ခုကို ကျူးလွန်မိခဲ့ပါသည်။ သို့သော် သူသည် နောင်တရရှိခဲ့ပါသည်။ သူ၏ကျူးလွန်ခဲ့သည့် အပြစ်များကို ခွင့်လွှတ်ခံခဲ့ရပြီး အပြစ်ကိုဆေးကြောခြင်းခံခဲ့ရပါသည်။ ထို့ကြောင့် သူသည် ကောင်းကင်တမန်နှင့်နပန်းလုံးသောအချိန်တွင် ထာဝရဘုရားရှေ့တော်၌ အသက်ရှင်နိုင်ခဲ့ပါသည်။ သို့သော် ဘုရားသခင့်ရှေ့မှောက်သို့ အပြစ်ဒုစရိုက်ကို ဆန္ဒပြင်းပြစွာဖြင့် စွဲလမ်းမြတ်နိုးလျက်ရောက်ရှိလာသောသူများသည် ဖျက်ဆီးခြင်းကိုခံကြရပါမည်။ ခရစ်တော်ဘုရားဒုတိယအကြိမ်ကြွလာသောအခါ နှုတ်ထွက်ဝိညာဉ်တော်အားဖြင့် အဓမ္မလူများကိုဖျက်ဆီး၍ ကြွလာတော်မူခြင်း၏ရောင်ခြည်အားဖြင့် ပယ်ရှားတော်မူလိမ့်မည်။ ၂သက်သာ ၂း၈။ ဖြောင့်မတ်သောသူများအား အသက်ရှင်ခြင်းကိုဖြစ်စေသော ထာဝရဘုရား၏ဘုန်းရောင်ခြည်တော်သည် အဓမ္မလူများအား ပယ်ရှင်းတော်မူမည်ဖြစ်ပါသည်။

ဗတ္တိဇံဆရာယောဟန်၏အချိန်တွင် ခရစ်တော်သည် ထာဝရဘုရား၏စာရိတ္တတော်ကိုထင်ရှားစေမည့်သူတစ်ပါးအနေဖြင့် ပေါ်ထွန်းလာတော့မည့်ဆဲဆဲဖြစ်ပါသည်။ ကိုယ်တော်၏ရှေ့မှောက်တွင် လူသားများ၏အပြစ်သည် ထင်ရှားစေလိမ့်မည်ဖြစ်ပါသည်။ မိမိတို့၏အပြစ်များကိုဆေးကြောခြင်းငှါအလိုရှိသောသူများသာလျှင် ကိုယ်တော်ရှင်နှင့်မိတ်သဟာယဖွဲ့နိုင်ကြမည်ဖြစ်ပါသည်။ စိတ်နှလုံးဖြူစင်သောသူများသာလျှင် ကိုယ်တော်ရှင်၏ရှေ့မှောက်တွင် အသက်ရှင်နိုင်ကြမည်ဖြစ်ပါသည်။

ဗတ္တိဇံဆရာယောဟန်သည် ထိုနည်းအတိုင်း ဘုရားသခင်၏သတင်းစကားများကို ဣသရေလလူများအား ဖွင့်ဟပြောကြားခဲ့ပါသည်။ များစွာသောလူများသည် ၎င်း၏သွန်သင်ချက်များကို လိုက်နာခဲ့ကြပါသည်။



ထိုသို့လိုက်နာစောင့်ရှောက်နိုင်ရန်အလို့ငှါ ၎င်းတို့သည် ကိုယ်ကျိုးစွန့်ခဲ့ကြရပါသည်။ လူအုပ်ကြီးသည် ဆရာယောဟန်သွားသည့်နေရာတိုင်းသို့ ထက်ကြပ်မကွာလိုက်ခဲ့ကြပြီး သူသည် မေရှိယဖြစ်နိုင်ကြောင်း လူများစွာတို့က မျှော်လင့်စွဲလမ်းခဲ့ကြပါသည်။ သို့သော် မိမိအပေါ်သို့ လူအများ၏စိတ်နှလုံးများသည် ယိမ်းယိုင်နေကြောင်း တွေ့မြင်သောအခါ သူသည် ထိုသူများ၏ယုံကြည်ခြင်းကို ကြွလာမည့်ကယ်တင်ရှင်ထံသို့ အခွင့်အရေးရတိုင်း ဦးလှည့်ပေးရန်ကြိုးစားခဲ့ပါသည်။

-o-

# (၁၁)
# နှစ်ခြင်းမင်္ဂလာ

ရှင်မဿဲ ၃း၁၃-၁၇။ ရှင်မာကု ၁း၉-၁၁။ ရှင်လုကာ ၃း၂၁-၂၂ တို့ကိုအခြေပြုထားပါသည်

တော၌ဟစ်ကြော်နေသောပုရောဖက်နှင့် ၎င်း၏အံ့ဩဖွယ်ရာ ကြွေးကြော်ချက်များနှင့်ပတ်သက်သည့်သတင်းများသည် ဂါလိလဲပြည်အနှံ့ အပြားသို့ပျံ့နှံ့သွားခဲ့ပါသည်။ ထိုသတင်းသည် ဝေးလံသောတောင်ကြား မြို့ကလေးများတွင်နေထိုင်သော လယ်သမားလူတန်းစားများထံသို့လည်း ကောင်း၊ ဂါလိလဲအိုင်နံဘေးတွင်နေထိုင်ကြသောတံငါသည်များထံသို့လည်း ကောင်း ရောက်ရှိသွားပြီး ရိုးသားဖြောင့်မတ်၍ စိတ်အားထက်သန်သော ထိုသူများထံမှ စစ်မှန်သောတုံ့ပြန်သံများကိုရရှိခဲ့ပါသည်။ နာဇရက်မြို့တွင် ရှိသော ယောသပ်၏လက်သမားအလုပ်ရုံတွင်လည်း ထိုသတင်းကိုပြောဆို ကြရာ တစ်ယောက်သူသည် ထိုဟစ်ကြော်သံကိုကျက်မိခဲ့ပါသည်။ သူ၏ နေ့စဉ်လုပ်ဆောင်နေသောလုပ်ငန်းများကို ကျောခိုင်းလျက် သူသည် မယ်တော်ကိုနှုတ်ဆက်ပြီးနောက် ယော်ဒန်မြစ်သို့သွားရောက်စုဝေးကြမည့် နာဇရက်မြို့သားများနောက်သို့လိုက်ပါသွားခဲ့သည်။

သခင်ယေရှုနှင့်ဗတ္တိဇံဆရာယောဟန်တို့သည် ညီအစ်ကိုဝမ်းကွဲ ဖြစ်ကြပြီး ၎င်းတို့မွေးဖွားလာသည့်အခြေအနေများသည် အလွန်နီးကပ်စွာ တူညီနေခဲ့ပါသည်။ သို့စေကာမူ ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦးတိုက်ရိုက် သိကျွမ်းခြင်းမရှိခဲ့ချေ။ သခင်ယေရှု၏အသက်တာသည် ဂါလိလဲပြည် နာဇရက်မြို့တွင်အချိန်ကုန်ခဲ့ပြီး ဆရာယောဟန်မှာမူ ယုဒပြည်၏တော၌သာ အချိန်ကုန်လွန်ခဲ့ပါသည်။ မတူညီသောပတ်ဝန်းကျင်များအလယ်တွင် သူတို့သည် တသီးတခြားစီနေထိုင်ခဲ့ကြရပြီး တစ်ဦးနှင့်တစ်ဦးလုံးဝ အဆက်အသွယ်မရှိခဲ့ကြချေ။ ထာဝရဘုရားသည် ဤကဲ့သို့ဖြစ်လာရန် စီစဉ်တော်မူခဲ့ခြင်းဖြစ်သည်။ တစ်ဦး၏ပြောဆိုချက်ကို တစ်ဦးကထောက်ခံ



ပြောဆိုရာတွင် သူတို့သည် ပူးပေါင်းကြံစည်နေကြသည်ဟူသောစွပ်စွဲမှုများ ပြုလုပ်ရန်အတွက် အခွင့်အရေးမရစေရန် ထိုကဲ့သို့ဘုရားသခင်စီမံထားခြင်း ဖြစ်ပါသည်။

ဆရာယောဟန်သည် သခင်ယေရှု၏မွေးဖွားခြင်းအတွက် အထူး ထင်ရှားစေခဲ့သောအဖြစ်အပျက်များကို ကောင်းစွာသိရှိခဲ့ပါသည်။ ကလေး ဘဝတွင် သခင်ယေရှုသည် ယေရုရှလင်မြို့သို့သွားရောက်လည်ပတ်ခဲ့သည့် အကြောင်းများကိုလည်းကောင်း၊ ယုဒကျမ်းတတ်ဆရာများ၏ကျောင်းတွင် ပြောဆိုခဲ့သည့်အရာများကိုလည်းကောင်း ယောဟန်ကြားသိခဲ့ရပြီးဖြစ်ပါ သည်။ သခင်ယေရှု၏အပြစ်ကင်းသောအသက်တာအကြောင်းကို သူသိရှိ ခဲ့သည့်အပြင် ကိုယ်တော်သည် မေရှိယဖြစ်တော်မူကြောင်းကိုလည်း ယုံကြည် ခဲ့ပါသည်။ သို့သော်လည်း ဤအကြောင်းအရာနှင့်ပတ်သက်၍ သူ့တွင် ခိုင်မာသောအာမခံချက်မရှိခဲ့ချေ။ သခင်ယေရှုသည် မိမိ၏အမှုတော်နှင့် ပတ်သက်၍ အထောက်အထားတစ်စုံတစ်ခုကိုမျှမပြဘဲ နှစ်ပေါင်းများစွာ မထင်မရှားနေထိုင်ခဲ့သည့်အချက်သည် ကိုယ်တော်အနေဖြင့် မေရှိယ ဖြစ်နိုင်မဖြစ်နိုင်ဟူသောအကြောင်းနှင့်စပ်လျဉ်း၍ သံသယများကိုဖြစ်ပေါ် စေခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ထာဝရဘုရားသတ်မှတ်ထားသောအရာ ခပ်သိမ်းတို့သည် ရှင်းလင်းသွားလိမ့်မည်ဟုယုံကြည်လျက် ဆရာယောဟန် သည် ယုံကြည်ခြင်းအားဖြင့် စောင့်မျှော်ခဲ့ပါသည်။ မေရှိယသည် မိမိ၏ လက်ထဲတွင် နှစ်ခြင်းမင်္ဂလာကိုခံယူတော်မူရန် တောင်းဆိုလိမ့်မည်ဖြစ် ကြောင်းကိုလည်းကောင်း၊ ကိုယ်တော်၏ဘုရားဇာတိတော်နှင့်ပတ်သက်သော အထိမ်းအမှတ်တစ်ခုကို ထိုအချိန်တွင်ထင်ရှားစေလိမ့်မည်ဖြစ်ကြောင်း ကိုလည်းကောင်း ဆရာယောဟန်အား ဗျာဒိတ်ပေးထားခဲ့ပြီးဖြစ်ပါသည်။ ထိုသို့သောနည်းအားဖြင့် သူသည် လူများထံတွင် ကိုယ်တော်အား မေရှိယ ဖြစ်တော်မူကြောင်းဖော်ပြရန် တတ်စွမ်းနိုင်လိမ့်မည်ဖြစ်ပါသည်။

ခရစ်တော်သည် နှစ်ခြင်းမင်္ဂလာခံယူရန် ကြွလာတော်မူသောအခါ အခြားမည်သူတစ်ဦးတစ်ယောက်တွင်မျှ မတွေ့ခဲ့ဖူးသောဖြူစင်သန့်ရှင်း သောစာရိတ္တတော်ကို ကိုယ်တော်၌သူတွေ့ရှိခဲ့ရပါသည်။ ကိုယ်တော်

ရောက်ရှိနေသောပတ်ဝန်းကျင်သည် သန့်ရှင်းတော်မူ၍ စိတ်နှလုံးစိုးရွံ့မှုများကို နှိုးဆွလျက်ရှိပါသည်။ ဆရာယောဟန်သည် ယော်ဒန်မြစ်အနီးရှိ မိမိ၏ပတ်လည်တွင်စုရုံးနေကြသောလူအုပ်ကြီးထဲမှ အပြစ်နှင့်ပတ်သက်သည့်



ရင်လေးဖွယ်ကောင်းသောအဖြစ်အပျက်များကို ကြားမြင်ခဲ့ရပြီး မရေမတွက်နိုင်အောင်များပြားသည့် အပြစ်၏လေးလံသောဝန်ထုပ်များအောက်တွင် ခေါင်းငိုက်စိုက်ကျနေသောအသက်ဝိညာဉ်များကိုတွေ့ခဲ့ရပါသည်။ သို့ပါသော်လည်း ဘုရားတန်ခိုးတော်ရစ်ပတ်လျက်ရှိသည့် ထိုကဲ့သို့သောလူသားတစ်ဦးကို သူသည် မည်သည့်အချိန်ကမျှမတွေ့ဆုံခဲ့ဖူးချေ။ ဤအဖြစ်အပျက်များအားလုံးသည် မေရှိယနှင့်ပတ်သက်သောဆရာယောဟန်တင်ပြခဲ့သည့်အရာများနှင့်ကိုက်ညီခဲ့ပါသည်။ သို့စေကာမူ သခင်ယေရှု၏တောင်းဆိုချက်ကိုလိုက်လျောရန် သူတွန့်ဆုတ်ခဲ့ပါသည်။ အပြစ်သားတစ်ဦးဖြစ်သောသူ့အနေနှင့် အပြစ်ကင်းသောသခင်ခရစ်တော်





အား မည်ကဲ့သို့နှစ်ခြင်းပေးနိုင်ပါမည်နည်း။ ဇင်းပြင် နောင်တရရန်မလိုသောကိုယ်တော်ရှင်သည် အပြစ်ဆေးကြောခြင်းကိုခံယူရန်အတွက် အပြစ်ကိုဝန်ချတောင်းပန်ခြင်းနှင့်ဆိုင်သော အခမ်းအနားတစ်ခုကို အောက်ကျခံ၍ မည်သည့်အတွက်ကြောင့်လုပ်ဆောင်ရသနည်း။

သခင်ယေရှုသည် နှစ်ခြင်းခံပေးရန်တောင်းဆိုသောအခါ ဆရာယောဟန်သည် နောက်သို့ဆုတ်လိုက်ပြီး "အကျွန်ုပ်သည် ကိုယ်တော်ထံ၌ ဗတ္တိဇံကိုခံရမည့်အကြောင်းရှိပါသည်ဖြစ်၍ ကိုယ်တော်သည် အကျွန်ုပ်ထံသို့ ကြွလာတော်မူသလော" ဟုဆီးတားလေ၏။ ယေရှုကလည်း အလုံးစုံသောတရားတို့ကို အကုန်အစင်ကျင့်သင့်သည်ဖြစ်၍ ယခုအခွင့်ပေးပါဟု အသံမာသော်လည်း နူးညံ့၍ တန်ခိုးအာဏာနှင့်ပြည့်စုံသောအသံနှင့်ပြန်၍ မိန့်တော်မူခဲ့ပါသည်။ ထိုအခါ ဆရာယောဟန်သည် အလျှော့ပေးကာ ကိုယ်တော်အား ယော်ဒန်မြစ်ထဲသို့ခေါ်ဆောင်သွားပြီးလျှင် ရေသချိုင်း၌ မြှုပ်နှံလိုက်ပါသည်။ ရေမှပေါ်ထစဉ်တွင် ကောင်းကင်ဖွင့်လှစ်သဖြင့် ဘုရားသခင်၏ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ဆင်းသက်၍ ကိုယ်တော်အပေါ်၌နားတော်မူသည်ကိုမြင်ခဲ့ရ၏။

သခင်ယေရှုသည် မိမိကျူးလွန်ခဲ့သောအပြစ်များကို ဝန်ခံသည့်အနေဖြင့် နှစ်ခြင်းမင်္ဂလာကိုခံယူခဲ့ခြင်းမဟုတ်ချေ။ ကျွန်ုပ်တို့ဆောင်ရွက်ရမည့်အရာများကိုဆောင်ရွက်လျက်၊ ကျွန်ုပ်တို့လုပ်ကိုင်ရမည့်အလုပ်များကိုလုပ်ကိုင်လျက် ကိုယ်တော်သည် မိမိကိုယ်ကိုအပြစ်သားနှင့်ထပ်တူထပ်မျှမှတ်ယူတော်မူခဲ့ပါသည်။ နှစ်ခြင်းခံယူပြီးနောက် ဒုက္ခဝေဒနာများကို စိတ်ရှည်ရှည်နှင့်ကြိတ်မှိတ်ခံစားခဲ့သော ကိုယ်တော့်အသက်တာသည် ကျွန်ုပ်တို့အတွက်ပုံသက်သေတစ်ခုဖြစ်ပါသည်။

သခင်ယေရှုသည် ရေထဲမှထလာပြီးနောက် ယော်ဒန်မြစ်ကမ်းပါးပေါ်တွင် ဦးညွှတ်၍ ဆုတောင်းတော်မူခဲ့ပါသည်။ အရေးကြီးသောလုပ်ငန်းသစ်တစ်ခု၏အစသည် ကိုယ်တော့်ရှေ့မှောက်တွင် ထင်ရှားလျက်ရှိပါသည်။ ယခုတွင်ကိုယ်တော်သည် မိမိအသက်တာ၏တိုက်လှန်ပွဲထဲသို့ ကျယ်ကျယ်ပြန့်ပြန့်ဝင်ရောက်လျက်ရှိပါသည်။ ကိုယ်တော်သည် ငြိမ်သက်ခြင်း၏အရှင်

ဖြစ်တော်မူသော်လည်း ကိုယ်တော်၏ကြွလာခြင်းသည် တိုက်ပွဲသစ်တစ်ခုအတွက် စစ်ကြေညာသကဲ့သို့ဖြစ်ရပါမည်။ အကြောင်းမှာ ကိုယ်တော်ရှင်လာရောက်တည်ထောင်မည့်နိုင်ငံတော်သည် ယုဒလူမျိုးများလိုလားကြသည့်နိုင်ငံမျိုးနှင့် ဆန့်ကျင်နေသောကြောင့်တည်း။ ဣသရေလလူများ၏ဝတ်ပြုကိုးကွယ်ခြင်းနှင့်အိမ်ထောင်မှုအုပ်ချုပ်ရေးနည်းစနစ်များ၏တိုက်မြစ်ဖြစ်တော်မူသော ကိုယ်တော်ကို ၎င်းတို့၏ရန်သူတစ်ယောက်အနေဖြင့်သော်လည်းကောင်း၊ အဖျက်သမားတစ်ဦးအနေဖြင့်သော်လည်းကောင်း ရှုမြင်လာခဲ့ကြပါသည်။ သိနာတောင်ပေါ်တွင် ပညတ်တော်ကိုပေးခဲ့သော ကိုယ်တော်အား ပညတ်တော်ချိုးဖောက်သူတစ်ဦးအနေဖြင့် စီရင်ခဲ့ကြပါသည်။ စာတန်၏တန်ခိုးအာဏာကိုချိုးဖျက်ရန် ကြွလာတော်မူခဲ့သော ကိုယ်တော်အား ဗေလုဇေဗုလဟူ၍ စွပ်စွဲပြောဆိုခဲ့ကြပါသည်။ ကမ္ဘာသူကမ္ဘာသားအားလုံးသည် ကိုယ်တော်ရှင်ကိုနားမလည်ခဲ့ကြချေ။ အမှုတော်ဆောင်ရွက်စဉ်ကာလအတွင်း၌ ကိုယ်တော်သည် အထီးကျန်ဘဝဖြင့် အမြဲတစေလျှောက်လှမ်းခဲ့ရပါသည်။ ကိုယ်တော်၏မယ်တော်နှင့်ညီတော်များသည် ကိုယ်တော်ဆောင်ရွက်သည့်အမှုတော်အကြောင်းကို အသက်ထက်ဆုံးသဘောမပေါက်ခဲ့ကြချေ။ ကိုယ်တော်၏တမန်တော်များပင်လျှင် ကိုယ်တော်အားနားမလည်ခဲ့ကြချေ။ ကိုယ်တော်သည် ထာဝရဘုရားသခင်နှင့်အတူရှိတော်မူခဲ့သော ပုဂ္ဂိုလ်တစ်ပါးအနေဖြင့် ထာဝရအလင်းတော်တွင် စိုးစံတော်မူခဲ့သော်လည်း ၎င်း၏လောကအသက်တာသည် တစ်ပါးတည်းနေထိုင်တော်မူခြင်းဖြင့် အချိန်ကုန်ခဲ့ရပါသည်။

ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူရှိနေသူတစ်ပါးအနေဖြင့် ကျွန်ုပ်တို့၏အပြစ်များနှင့် ဝမ်းနည်းဖွယ်ကောင်းသောအပြစ်၏ဝန်ထုပ်ဝန်ပိုးများကိုထမ်းရွက်ရမည်ဖြစ်ပါသည်။ အပြစ်ကင်းသောကိုယ်တော်သည် အပြစ်အတွက်အရှက်ရတော်မူခဲ့ရပါသည်။ ငြိမ်သက်ခြင်းကိုမြတ်နိုးသော ကိုယ်တော်သည် ရန်ဘက်ပြုခြင်းများအကြားတွင်နေထိုင်တော်မူရမည်ဖြစ်ပြီး သမ္မာတရားသည် မှားယွင်းခြင်းနှင့်လည်းကောင်း၊ သန့်ရှင်းစင်ကြယ်



ခြင်းသည် ဆိုးသွမ်းမှုနှင့်လည်းကောင်း အတူနေရပါမည်။ ပညတ်တော်ကိုချိုးဖေါက်မှုကြောင့် ဖြစ်ပေါ်လာသောအပြစ်ဟူသမျှ၊ စိတ်ဝမ်းကွဲပြားမှုဟူသမျှနှင့် ညစ်ညမ်းသောကိလေသာတပ်မက်မှုဟူသမျှတို့သည် ကိုယ်တော်၏စိတ်နှလုံးအား ထိခိုက်နာကျင်စေခဲ့ပါသည်။

ကိုယ်တော်သည် တစ်ပါးတည်းလျှောက်လှမ်းကာ အပြစ်ဝန်များကိုသယ်ပိုးရမည်ဖြစ်ပါသည်။ မိမိ၏ဘုန်းအသရေတော်ကိုချွတ်ပယ်၍ လူသားများ၏အားနည်းမှုများကို ခံယူဝတ်ဆင်ခဲ့သောကိုယ်တော်အပေါ်တွင် ကမ္ဘာသူကမ္ဘာသားများ၏ကယ်တင်ခြင်းသည် ကျရောက်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဤအရာအားလုံးကိုတွေ့မြင်ခံစားခဲ့ရသော်လည်း မိမိ၏အကြံအစည်တော်ကို ရှိရင်းအတိုင်းဆက်လက်ခိုင်ခံ့စေခဲ့ပါသည်။ ကျဆုံးခဲ့သောလူသားများ၏ကယ်တင်ခြင်းသည် ကိုယ်တော်၏လက်တော်ပေါ်တွင်တည်ခဲ့ပြီး ကိုယ်တော်သည် မိမိ၏လက်တော်ဖြင့် မေတ္တာတော်ရှင်အဖဘုရား၏လက်တော်ကိုကိုင်စွဲရန် လက်ကမ်းတော်မူခဲ့၏။

ဆုတောင်းစဉ်တွင် မိမိ၏အသက်ဝိညာဉ်ကိုသွန်းလောင်းတော်မူသောအချိန်၌ ကယ်တင်ရှင်၏လျှပ်တစ်ပြက်အကြည့်သည် ကောင်းကင်နိုင်ငံတော်သို့ထိုးဖောက်ရောက်ရှိသွားသကဲ့သို့ဖြစ်ပါသည်။ အပြစ်တရားသည် လူသားများ၏စိတ်နှလုံးများကို မည်ကဲ့သို့မာကျောစေကြောင်းကိုလည်းကောင်း၊ မိမိ၏အမှုတော်ကိုသိရှိနားလည်ရန် သူတို့အတွက် မည်မျှခက်ခဲလိမ့်မည်ကိုလည်းကောင်း၊ ကယ်တင်ခြင်းဆုမင်္ဂလာကို လက်ခံရယူရန် ၎င်းတို့အတွက် မည်မျှခက်ခဲလိမ့်မည်ကိုလည်းကောင်း ကိုယ်တော်ရှင်သည် ကောင်းမွန်စွာသိရှိတော်မူခဲ့ပါသည်။ ၎င်းတို့၏မယုံကြည်မှုများကို အောင်မြင်နိုင်ရန်အတွက်သော်လည်းကောင်း၊ လူသားများကိုယ်စား အဖျက်သမားစာတန်ကိုအောင်မြင်စေရန်အတွက်သော်လည်းကောင်း၊ ၎င်းတို့အားစွဲလမ်းတမ်းတစေအောင် စာတန်ပြုလုပ်ထားသည့်အနှောင်အဖွဲ့များကိုချိုးဖျက်ရန်အတွက်သော်လည်းကောင်း၊ လိုအပ်သောတန်ခိုးများကို ရရှိရန်ကိုယ်တော်ရှင်သည် အဖဘုရားထံတွင် တောင်းခံခဲ့ပါသည်။ သားတော်

ဘုရားတွင်ရှိတော်မူသည့်လူသားဇာတိကို ဘုရားသခင်လက်ခံတော်မူကြောင်း သက်သေခံချက်ကိုလည်း ကိုယ်တော်တောင်းခံတော်မူခဲ့ပါသည်။

ကောင်းကင်တမန်များသည် ထိုကဲ့သို့သောဆုတောင်းချက်မျိုးကို ယခင်ကမကြားခဲ့ဖူးချေ။ သူတို့သည် အာမခံချက်နှင့်နှစ်သိမ့်မှုသတင်းတစ်ခုကို ချစ်လှစွာသော မိမိတို့၏သခင်ထံသို့ သယ်ဆောင်သွားကြရန် စိတ်အားထက်သန်နေကြပါသည်။ သို့သော်လည်း ထိုအခွင့်အရေးကို သူတို့မရကြချေ။ အဖဘုရားကိုယ်တော်တိုင် သားတော်၏တောင်းလျှောက်မှုကို အဖြေပေးတော်မူမည်ဖြစ်ပါသည်။ ဘုန်းတန်ခိုးရောင်ခြည်တော်များကို ပလ္လင်တော်မှတိုက်ရိုက်ထွန်းလင်းစေတော်မူခဲ့ပါသည်။ ကောင်းကင်ကို ဖွင့်လှစ်ပြီး နူးညံ့သိမ်မွေ့၍ နှိမ့်ချသူတစ်ပါးဖြစ်သော ကိုယ်တော်အတွက် သင့်လျော်သောအထိမ်းအမှတ်ဖြစ်သည့် ချိုးငှက်သဏ္ဌာန်အသန့်စင်ဆုံးအလင်းတော်ကို ကယ်တင်ရှင်၏ဦးခေါင်းတော်ပေါ်သို့ ဆင်းသက်စေတော်မူပါသည်။

ယော်ဒန်မြစ်ကမ်းတွင်ရှိသော ကြီးမားသည့်လူအုပ်ကြီးထဲမှ ဆရာယောဟန်အပါအဝင် လူအနည်းငယ်မျှသာ ကောင်းကင်မှထိုမြင်ကွင်းကိုမြင်လိုက်ကြရပါသည်။ သို့စေကာမူ၊ ထာဝရဘုရား၏ကြည်ညိုလေးမြတ်ဖွယ်သောအတူရှိနေမှုသည် လူထုကြီးအပေါ်တွင်လည်း ကျရောက်တော်မူခဲ့ပါသည်။ လူအများသည် ခရစ်တော်ကိုစေ့စေ့ကြည့်ရှုခဲ့ကြရာ ကိုယ်တော်၏သဏ္ဌာန်တော်ကို ဘုရားသခင်၏ပလ္လင်တော်တွင် အမြဲတမ်းကွန့်မြူးလျက်ရှိသော ရောင်ခြည်တော်များနှင့်လွှမ်းမိုးရစ်ပတ်တော်မူသည်ကို မြင်ခဲ့ကြရပါသည်။ ကောင်းကင်သို့မော်ကြည့်နေသောကိုယ်တော်၏မျက်နှာတော်သည် ဘုန်းရောင်ခြည်များနှင့်တောက်ပနေခဲ့ပါသည်။ ထိုသို့သောအလင်းရောင်ခြည်တော်တောက်ပနေသောမျက်နှာမျိုးကို လူသားများ၏မျက်နှာပေါ်တွင် မတွေ့ဖူးခဲ့ကြချေ။ ဖွင့်လှစ်သောကောင်းကင်မှထွက်လာသောအသံတော်ကား၊ “ဤသူကား၊ ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း” ဟူ၍ဖြစ်၏။



ထိုမြင်ကွင်းကိုကြည့်နေသောလူများ၏ယုံကြည်ခြင်းကို တိုးပွားစေရန်အတွက်သော်လည်းကောင်း၊ မိမိ၏အမှုတော်အတွက် ကယ်တင်ရှင်ယေရှုအား ခွန်အားဖြည့်တင်းပေးရန်အတွက်သော်လည်းကောင်း ဘုရားသခင်သည် ဤစကားများကိုပြောကြားတော်မူခဲ့ပါသည်။ ဒုစရိုက်ကျူးလွန်လျက်ရှိသော ဤကမ္ဘာ၏အပြစ်များကို ခရစ်တော်အပေါ်သို့တင်ထားတော်မူခဲ့ငြားသော်လည်း ကျွန်ုပ်တို့၏ကျဆုံးနေသောလူသားသဘာဝကို ယူတင်ဝတ်ဆင်ခြင်းကြောင့် အသရေယုတ်ညံ့စေခဲ့ငြားသော်လည်း ကောင်းကင်မှအသံတော်သည် ကိုယ်တော်ရှင်အား ထာဝရဘုရား၏သားတော်ဖြစ်ကြောင်း ကြေညာတော်မူခဲ့ပါသည်။ ဘုရားသခင်၏အတည်ပြုချက်ရရှိရန်အတွက် မျက်ရည်မျက်ခွက်နှင့်တောင်းလျှောက်လျက် အသနားခံသူတစ်ဦးအနေဖြင့် ဦးညွှတ်နေသောသခင်ယေရှုကိုတွေ့ရသောအချိန်တွင် ဆရာယောဟန်သည် အလွန်စိတ်လှုပ်ရှားခဲ့ပါသည်။ ဘုရားသခင်၏ဘုန်းရောင်ခြည်သည် ကိုယ်တော်အားရစ်ပတ်တော်မူ၍ ကောင်းကင်မှအသံတော်ကိုကြားရသောအချိန်တွင် ဘုရားသခင်ကတိပြုတော်မူခဲ့ပြီးသောအထိမ်းအမှတ်ကို ဆရာယောဟန်မှတ်မိသတိရခဲ့ပါသည်။ မိမိဗတ္တိဇံပေးခဲ့သောပုဂ္ဂိုလ်သည် ကမ္ဘာ့ကယ်တင်ရှင်ကြီးဖြစ်ကြောင်း ဆရာယောဟန်သိရှိလာခဲ့ရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဆရာယောဟန်အပေါ်သို့လည်း ကျရောက်ခဲ့ပြီးဖြစ်သဖြင့် သူသည် သခင်ယေရှုထံလက်ကိုဆန့်ညွှန်ကာ “ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုကြည့်ရှုလော့” ဟုဟစ်အော်လေ၏။

“ဘုရားသခင်၏သိုးသငယ်” ဟု မြွက်ဆိုခဲ့သောဆရာယောဟန်အပါအဝင်ကြားရသောသူအားလုံးသည် ထိုစကား၏အရေးပါပုံကို နားမလည်ခဲ့ကြချေ။ မောရိတောင်ပေါ်တွင် “အဘ-ယဇ်ရှို့စရာဖို့ သိုးသငယ်သည် အဘယ်မှာရှိသနည်း” ဣဇာက်ကမေးခဲ့ရာ “ငါ့သား ယဇ်ရှို့စရာဖို့ သိုးသငယ်ကို ဘုရားသခင်သည် မိမိအဖို့ပြင်ဆင်တော်မူလိမ့်မည်” ဟု အာဗြဟံဖြေဆိုခဲ့ပါသည်။ ဣဇာက်အစားပူဇော်ရန် ဘုရားသခင်ပြင်ဆင်ပေးသောသိုးသငယ်သည် လူသားများ၏အပြစ်အတွက် အသေသတ်ခြင်းကို

ခံမည့်ကိုယ်တော်ရှင်အား ပုံဆောင်မှုတစ်ခုဖြစ်ကြောင်းကို အာဗြဟံမြင်တွေ့ခဲ့ပါသည်။ "အသေသတ်ခြင်းငှါ ဆောင်သွားသောသိုးသငယ်ကဲ့သို့ သူ့ကိုဆောင်သွား၍---ထာဝရဘုရားသည် ခပ်သိမ်းသောငါတို့၏အပြစ်များကိုသူ့အပေါ်၌တင်တော်မူ၏" ဟူ၍ သန့်ရှင်းသောဝိညာဉ်တော်သည် ဟေရှာယအားဖြင့် ကယ်တင်ရှင်၏အကြောင်းကို ဥပမာပုံဆောင်၍ အနာဂတ်ဟောကြားခဲ့ပါသည်။ (ဟေရှာ ၅၃း၇၊၆)။ သို့သော် ဣသရေလလူများသည် ထိုဆုံးမသွန်သင်ချက်ကိုနားမလည်ခဲ့ကြချေ။ များစွာသောလူများသည် သာသနာပလူများမြင်ခဲ့ကြသကဲ့သို့ ပူဇော်သကာသည် ၎င်းတို့အား ဘုရားသခင်၏အမျက်တော်ကိုပြေစေရန် ပေးဆက်သည့်လက်ဆောင်ကဲ့သို့ရှုမြင်ကာ ပူဇော်သကာများအပေါ် များစွာအရေးတယူပြုခဲ့ကြပါသည်။ မိမိနှင့်မိမိလူတို့အကြား ရန်ငြိမ်းစေသောလက်ဆောင်မွန်သည် ကိုယ်တော်တိုင်၏မေတ္တာတော်မှပေါက်ဖွားလာကြောင်းကို ၎င်းတို့အားသင်ကြားပေးရန် ဘုရားသခင်ဆန္ဒရှိတော်မူခဲ့ပါသည်။

၎င်းပြင် "ဤသူကား၊ ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း" ဟူသော ယော်ဒန်မြစ်တွင် ယေရှုရှင်အားညွှန်ပြပြောဆိုခဲ့သောစကားသည် လူသားများကိုပိုက်ပွေ့တော်မူပါသည်။ ယေရှုခရစ်သည် ကျွန်ုပ်တို့၏ကိုယ်စားလှယ်တော်ဖြစ်ကြောင်း ဘုရားသခင်မိန့်မြွက်တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည် အပြစ်များနှင့်အားနည်းချက်များရှိလျက်ပင် တန်ဖိုးမဲ့သူများအဖြစ် ပယ်တော်မမူဘဲ "သခင်ယေရှုအားဖြင့် သားအရာကိုရမည်အကြောင်း---ရှေးမဆွကခွဲခန့်မှတ်သားတော်မူ၏" ဧဖက် ၁း၆။ ခရစ်တော်အပေါ်သို့သက်ဆင်းတော်မူခဲ့သော ဘုန်းတော်သည် ကျွန်ုပ်တို့အပေါ်တွင်ထားရှိသော ဘုရားသခင်၏မေတ္တာတော်၏ကတိသစ္စာတော်ဖြစ်ပါသည်။ လူသားများ၏ဆုတောင်းသံများသည် ဘုရားသခင်၏နားတော်သို့ရောက်ရှိနိုင်ကြောင်းနှင့် ကျွန်ုပ်တို့၏တောင်းလျှောက်သံများအားကောင်းကင်ရွှေနန်းတော်တွင် လက်ခံခြင်းအခွင့်ပေးကြောင်း စသည့်ဆုတောင်းခြင်း၏တန်ခိုးအကြောင်းများကို ဤအဖြစ်အပျက်က ကျွန်ုပ်တို့အား သွန်သင်လျက်ရှိပါသည်။ အပြစ်ကြောင့် ကမ္ဘာသည်



ကောင်းကင်နှင့်အဆက်ဖြတ်ခြင်းကိုခံခဲ့ရပြီး ဆက်သွယ်မှုပြတ်တောက်ခဲ့ရသော်လည်း ယေရှုခရစ်သည် ၎င်းကမ္ဘာအား ဘုန်းအသရေတော်နှင့်ပြည့်စုံသော ကောင်းကင်နိုင်ငံတော်နှင့်တစ်ဖန်ဆက်သွယ်ပေးတော်မူခဲ့ပြီးဖြစ်ပါသည်။ ကိုယ်တော်၏မေတ္တာတော်သည် လူသားများကိုပတ်ရစ်၍ အမြင့်ဆုံးကောင်းကင်နိုင်ငံသို့တိုင် ရောက်ရှိတော်မူခဲ့ပါသည်။ ယေရှုခရစ်၏ဦးခေါင်းတော်ပေါ်သို့ကျရောက်သက်ဆင်းတော်မူခဲ့သောအလင်းတော်သည် စုံစမ်းနှောင့်ယှက်ခြင်းကိုတွန်းလှန်ရန် လိုအပ်သောအကူအညီများအတွက်ကျွန်ုပ်တို့ဆုတောင်းသောအချိန်တွင်လည်း ကျွန်ုပ်တို့အပေါ်သို့ကျရောက်လိမ့်မည်ဖြစ်ပါသည်။ ခရစ်တော်အား မိန့်မြွက်တော်မူခဲ့သောအသံတော်သည် ယုံကြည်လျက်ရှိသောဝိညာဉ်များအားလည်း "ဤသူကား၊ ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း" ဟူ၍မိန့်မြွက်နေပါသည်။

"ချစ်သူတို့၊ ယခုတွင် ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတ္တံ့" ၁ယော၊ ၃း၂။ အပြစ်အများဆုံးသောသူ၊ အဆင်းရဲဆုံးသောသူ၊ အဖိနှိပ်အခံရဆုံးသောသူနှင့် အထင်သေးအခံရဆုံးသောသူများသည် ခမည်းတော်ဘုရားထံသို့ တိုးဝင်ချဉ်းကပ်ခွင့်ရစေရန်အလို့ငှါ ယေရှုခရစ်သည် လမ်းဖွင့်ပေးတော်မူခဲ့ပါသည်။ လူတိုင်းသည် ကိုယ်တော်သွားရောက်ပြင်ဆင်နေသောအိမ်တော်တွင် နေစရာအခန်းများရနိုင်ကြပါသည်။ "သန့်ရှင်းသောသူ၊ ဟုတ်မှန်သောသူ၊ ဒါဝိဒ်မင်း၏တံခါးသော့ကိုကိုင်သောသူ၊ အဘယ်သူမျှမပိတ်နိုင်အောင်ဖွင့်၍ အဘယ်သူမျှမဖွင့်နိုင်အောင်ပိတ်ထားသောသူ၏အမိန့်ကား---အဘယ်သူမျှမပိတ်နိုင်သောတံခါးကို သင့်ရှေ့၌ငါဖွင့်ထားပြီ" ဗျာဒိတ် ၃း၇၊၈။

-ဝ-

## (၁၂)
## စုံစမ်းနှောင့်ယှက်ခြင်း

ရှင်မဿဲ ၄း၁-၁၁။ ရှင်မာကု ၁း၁၂၊၁၃။ ရှင်လုကာ ၄း၁-၁၃
တို့ကိုအခြေပြုထားပါသည်

"မာရ်နတ်၏စုံစမ်းနှောင့်ယှက်ခြင်းကို ခံစေမည့်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကို တောသို့ပို့ဆောင်တော်မူ၏။" ထိုစာသားများထက် မာကု၏စာသားများသည် ပို၍ထူးခြားနေပါသည်။ "ထိုခဏချင်းတွင် ဝိညာဉ်တော်သည် ယေရှုကိုတောသို့သွားစေတော်မူ၏။ အရက်လေးဆယ်ပတ်လုံး ထိုတော၌နေ၍ စာတန်၏စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏။ ထိုကာလပတ်လုံး၊ အစာအာဟာရကိုသုံးဆောင်တော်မမူ။"

ယေရှုသည် စုံစမ်းသွေးဆောင်ခြင်းကိုခံတော်မူရန် တောသို့ပို့ဆောင်ခြင်းကိုခံရသောအချိန်တွင် ဘုရားသခင်၏ဝိညာဉ်တော်လမ်းပြမှုကိုခံယူခဲ့ရပါသည်။ စုံစမ်းနှောင့်ယှက်ခြင်းကိုမူ ကိုယ်တော်မဖိတ်ခေါ်ခဲ့ချေ။ ကိုယ်တော်သည် မိမိ၏အမှုတော်လုပ်ငန်းအတွက် အာရုံပြုနိုင်စေရန် တစ်ပါးတည်းနေထိုင်နိုင်ဖို့ တောသို့ကြွမြန်းတော်မူခဲ့ခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် သွေးစွန်းသောလမ်းကိုလျှောက်ရမည်ဖြစ်သဖြင့် အစာရှောင်ခြင်းအားဖြင့်သော်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း မိမိကိုယ်ကိုအားဖြည့်တော်မူခဲ့ပါသည်။ သို့သော် ခရစ်တော်သည် တောထဲသို့ကြွမြန်းသွားကြောင်း စာတန်သိရှိကာ၊ ဤအချိန်သည် ကိုယ်တော့်ထံချဉ်းကပ်ရန် မိမိအတွက်အကောင်းဆုံးအချိန်ဖြစ်သည်ဟု မှတ်ယူခဲ့ပါသည်။

ကမ္ဘာအတွက်ကြီးမားသည့်အကျိုးဆက်များသည် ခရစ်တော်နှင့် စာတန်အကြား ဖြစ်ပွားနေသောတိုက်လှန်ပွဲကြီးတွင် အချေအတင်ဖြစ်နေပါသည်။ လူသားများအား အပြစ်ကျူးလွန်ရန် စုံစမ်းသွေးဆောင်ပြီးနောက် ဤကမ္ဘာကြီးအား မိမိပိုင်သောကမ္ဘာကြီးဖြစ်ကြောင်း ကြေညာခဲ့ပြီး



မိမိကိုယ်ကို ဤကမ္ဘာ၏အရှင်သခင်အဖြစ် စာတန်သည် ဟိတ်ဟန်ထုတ်ခဲ့ပါသည်။ စာတန်သည် ကျွန်ုပ်တို့၏မိဦးဖဦးအား ၎င်း၏ပင်ကိုသဘာဝနှင့် ကိုက်ညီအောင်လုပ်ဆောင်ပြီး ဤကမ္ဘာတွင် မိမိ၏အင်ပါယာကို တည်ထောင်ရန် သူကြံရွယ်ခဲ့ပါသည်။ လူသားများသည် ၎င်းတို့၏ရှင်ဘုရင်အဖြစ် မိမိအားရွေးချယ်ခဲ့ကြပြီးဖြစ်ကြောင်း သူအခိုင်အမာပြောဆိုခဲ့ပါသည်။ စာတန်သည် လူသားများအား အစိုးတရပြုနိုင်ခဲ့ခြင်းအားဖြင့် ဤကမ္ဘာအား အုပ်ချုပ်ပိုင်ခွင့်အာဏာကိုကိုင်စွဲခဲ့ပါသည်။ ခရစ်တော်သည် စာတန်၏ပြောကြားမှုများ မှားယွင်းကြောင်းသက်သေထူရန် ကြွမြန်းတော်မူခဲ့ပါသည်။ ကိုယ်တော်သည် လူသားအနေဖြင့် ဘုရားသခင်ဘက်တွင် သစ္စာရှိစွာရပ်တည်ရပါလိမ့်မည်။ ထိုသို့နည်းအားဖြင့် စာတန်သည် လူသားတစ်ရပ်လုံးအပေါ်တွင် လုံးလုံးလျားလျားအစိုးတရမပြုနိုင်ကြောင်းနှင့် ဤကမ္ဘာကို မိမိပိုင်သည်ဟူသောပြောဆိုချက်သည် မှားယွင်းကြောင်း ထင်ရှားစေလိမ့်မည်ဖြစ်ပါသည်။ စာတန်၏အာဏာစက်အောက်မှ လွတ်မြောက်ရန် ဆန္ဒရှိသူတိုင်းသည် လွတ်မြောက်ခြင်းအခွင့်ကိုရကြလိမ့်မည်ဖြစ်ပါသည်။ အပြစ်တရားကြောင့် အာဒံဆုံးရှုံးခဲ့ရသောအချုပ်အခြာအုပ်ချုပ်ခွင့်အာဏာကို ပြန်လည်ရရှိကြလိမ့်မည်ဖြစ်ပါသည်။

"သင်နှင့်မိန်းမကိုလည်းကောင်း၊ သင်၏အမျိုးအနွယ်နှင့်မိန်းမ၏အမျိုးအနွယ်ကိုလည်းကောင်း ငါသည်ရန်ငြိုးဖွဲ့စေမည်" ဟူ၍ ဧဒင်ဥယျာဉ်တွင် မြွေကိုကြေညာပြီးသည့်အချိန်မှစ၍ မိမိအနေနှင့် ကမ္ဘာကို လုံးလုံးလျားလျားစိုးမိုးခွင့်ရနိုင်မည်မဟုတ်ကြောင်းကို စာတန်သိရှိပြီးဖြစ်ခဲ့ပါသည်။ ၎င်း၏အချုပ်အခြာပိုင်ဆိုင်မှုကို ခုခံဆန့်ကျင်၍ လှုပ်ရှားခဲ့သောအင်အားစုတစ်ခုကို လူသားများ၏အသက်တာတွင်တွေ့မြင်ခဲ့ပါသည်။ အာဒံနှင့်၎င်း၏သားများပူဇော်ခဲ့သောယဇ်ကောင်များကို စာတန်သည် အလွန့်အလွန်စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်ခဲ့ပါသည်။ ဤအခမ်းအနားများတွင်အသုံးပြုသောယဇ်ကောင်သည် ကောင်းကင်နှင့်မြေကြီးအကြား အဆက်အသွယ်ပြုခြင်းအထိမ်းအမှတ်တစ်ခုဖြစ်ကြောင်းကို သူခွဲခြားသိရှိခဲ့ပါသည်။ သူသည် ထိုမိတ်သဟာယဖွဲ့ခြင်းကို ကြားဝင်ဖြတ်တောက်ရန်

စီစဉ်ခဲ့ပါသည်။ သူသည် ဘုရားသခင်အား မှားယွင်းစွာရုပ်လုံးဖော်ခဲ့ပြီး ကယ်တင်ရှင်ကိုပြည့်ဆွန်ပေးနေသော ဘာသာရေးအခမ်းအနားများကိုလည်း မှားယွင်းစွာအနက်ဖွင့်ခဲ့ပါသည်။ ဘုရားသခင်အား လူသားများ၏ပျက်စီးခြင်းကိုလိုလားသူတစ်ပါးအနေနှင့် ကြောက်ရွံ့နေစေရန် လူသားများအား လမ်းညွှန်ခဲ့ပါသည်။ ကိုယ်တော်၏မေတ္တာတော်ကိုထင်ရှားစေသင့်သော ယဇ်ပူဇော်ခြင်းများကို ကိုယ်တော်၏အမျက်တော်ပြေစေရန်အတွက်သာ ပူဇော်စေခဲ့ပါသည်။ လူသားများအပေါ်တွင် ၎င်း၏လွှမ်းမိုးမှုခိုင်မြဲစေရန် အလို့ငှါ လူသားများ၏ဆိုးယုတ်သောကာမဂုဏ်ခံစားမှုများကို သူနှိုးဆွခဲ့ပါသည်။ ရေးသားထားသောနှုတ်ကပတ်တော်များကို လူသားများအား ပေးသောအခါတွင် စာတန်သည် ကယ်တင်ရှင်ကြွလာခြင်းနှင့်ဆိုင်သော အနာဂတ္တိစကားများကိုလေ့လာခဲ့ပြီး ယုဒလူများသည် ခရစ်တော်ကြွလာသောအခါ ကိုယ်တော်အားငြင်းပယ်ကြစေရန်အတွက် စာတန်သည် အနာဂတ္တိစကားများကို အသိအမြင်ကင်းမဲ့စေရန် လူသားတစ်ဆက်ပြီး တစ်ဆက်ကိုမျက်ကွယ်စေခဲ့ပါသည်။

ယေရှုခရစ်မွေးဖွားသောအချိန်ခါတွင် မိမိ၏အချုပ်အခြာပိုင်မှုကို အငြင်းအခုံပြုရန်အတွက် ပုဂ္ဂိုလ်တစ်ပါးသည် ဘုရားသခင်၏အမိန့်တော်နှင့်ကြွလာတော်မူပြီဖြစ်ကြောင်းကို စာတန်သိရှိခဲ့ပါသည်။ အသစ်မွေးဖွားလာသောဘုရင်၏သြဇာအာဏာနှင့်ပတ်သက်၍ သက်သေထူလျက်ရှိသော ကောင်းကင်တမန်၏သတင်းစကားကိုကြားရသောအခါ သူကြောက်ရွံ့တုန်လှုပ်ခဲ့ပါသည်။ ခရစ်တော်သည် ခမည်းတော်ဘုရား၏နှစ်သက်မြတ်နိုးရာသားတော်တစ်ပါးအနေဖြင့် ကောင်းကင်နိုင်ငံတော်တွင် ကိုင်စွဲထားတော်မူသောအဆင့်အတန်းကို စာတန်ကောင်းမွန်စွာသိရှိခဲ့ပါသည်။ သားတော်ဘုရားသည် အံ့အားသင့်စရာများ၊ အမှန်တရားကိုသိမြင်ခြင်းများနှင့်ပြည့်ဝသောလူသားတစ်ဦးအနေဖြင့် ဤကမ္ဘာသို့ကြွလာတော်မူမည်ဖြစ်ကြောင်းကိုလည်း သူကောင်းစွာသိရှိခဲ့ပါသည်။ သူသည် ကြီးမားသော ဤဆက်ကပ်မှု၏နက်နဲမှုကို စေ့ငုံစွာနားမလည်နိုင်ခဲ့ချေ။ လှည့်ဖြားခြင်းခံနေရသောလူသားအနွယ်အတွက် ထားတော်မူသည့် ထိုကဲ့သို့သော



မေတ္တာတော်ကို ၎င်း၏အတ္တများသောစိတ်ဝိညာဉ်သည် နားမလည်နိုင်ခဲ့ချေ။ ကောင်းကင်နိုင်ငံတော်၏ဘုန်းအာနုဘော်နှင့် ငြိမ်သက်ခြင်းကိုလည်းကောင်း၊ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းကြောင့် ခံစားရသည့် ပျော်ရွှင်မှုကိုလည်းကောင်း လူသားများသည် မထင်မရှားသာနားလည်ခဲ့ကြပါသည်။ သို့သော် လွှမ်းမိုးသောခေရုဗိမ်ဖြစ်သည့် လူစီဖါကိုမူ ၎င်းတို့ကောင်းမွန်စွာသိကြပါသည်။ စာတန်သည် ကောင်းကင်နိုင်ငံကို လက်လွှတ်ခဲ့ရပြီးသည့်အချိန်မှစ၍ မိမိကျဆုံးသကဲ့သို့ အခြားသူများကိုလည်း ကျဆုံးအောင်လုပ်ဆောင်ခြင်းအားဖြင့် ကလဲ့စားချေရန် ဆုံးဖြတ်ချက်ချထားခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်ကိုအကောင်အထည်ဖော်ရန် လူသားများအား ကောင်းကင်ဆိုင်ရာအမှုအရာများကို တန်ဖိုးမထားကြစေရန်အတွက်သော်လည်းကောင်း၊ မြေကြီးပေါ်ရှိအရာများတို့အပေါ်တွင် စိတ်နှလုံးရောက်နေကြစေရန်အတွက်သော်လည်းကောင်း သွေးဆောင်ခြင်းအားဖြင့် သူကြိုးစားလိမ့်မည်ဖြစ်ပါသည်။

ခရစ်တော်သည် ကောင်းကင်နိုင်ငံတော်အတွက် လူသားများကို အောင်နိုင်ရန် လုပ်ဆောင်မှုတွင် အဟန့်အတားမရှိခဲ့သည်မဟုတ်ချေ။ ကိုယ်တော်သည် ဗက်လင်မြို့တွင် မွေးဖွားခြင်းခံတော်မူသည့်အချိန်မှစ၍ စာတန်၏တိုက်ခိုက်မှုများကို အဆက်မပြတ်ခံခဲ့ရပါသည်။ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်သည် ခရစ်တော်၌ထင်ရှားတော်မူသည်ဖြစ်၍ ကိုယ်တော်အား အနိုင်ရအောင်လုပ်ဆောင်ရန် စာတန်၏အဖွဲ့ဝင်များသည် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြပါသည်။ ကမ္ဘာပေါ်တွင်အသက်ရှင်ခဲ့ဖူးသော လူသားများတွင် စာတန်၏တန်ခိုးနှင့်ကင်းလွတ်ခဲ့သည့်လူဟူ၍ တစ်ယောက်မျှမရှိခဲ့ချေ။ နတ်ဆိုးမတရားသင်း၏အင်အားစုများကို ကိုယ်တော်နှင့် စစ်ဆင်ရေးတွင် အာရုံစူးစိုက်လုပ်ဆောင်နိုင်ရန်အတွက် စာတန်သည် ကိုယ်တော်၏လက်ရာတော်များကို ချေဖျက်တိုက်ခိုက်ခဲ့ပါသည်။ ဖြစ်နိုင်လျှင် ကိုယ်တော်၏လက်ရာတော်များကိုသာမက ကိုယ်တော်တိုင်ကိုပင် ချေမှုန်းရန်ဖြစ်ပါသည်။

ခရစ်တော်၏နှစ်ခြင်းမင်္ဂလာခံယူပွဲတွင် စာတန်သည် မျက်မြင်သက်သေများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့ပါသည်။ ခမည်းတော်ဘုရား၏ဘုန်းတော်အရိပ်သည် သားတော်အပေါ်သို့ကျရောက်နေကြောင်းကို သူတွေ့မြင်ခဲ့ရပါသည်။ ယေရှုခရစ်သည် ဘုရား၏သားတော်ဖြစ်ကြောင်း၊ ခမည်းတော်ဘုရား၏သက်သေပြုချက်အသံတော်ကိုလည်း သူကြားခဲ့ရပါသည်။ အာဒံအပြစ်ကျူးလွန်ခဲ့သည့်အချိန်မှစ၍ လူသားများသည် ဘုရားသခင်နှင့်တိုက်ရိုက်ဆက်သွယ်မှုပြုခြင်းကို ဖြတ်တောက်ခံခဲ့ရပါသည်။ ကောင်းကင်နှင့်မြေကြီးအကြား ကူးလူးဆက်ဆံမှုသည် ခရစ်တော်အားဖြင့်သာပြုခဲ့ကြရသည်။ သို့ရာတွင် ယခုအချိန်၌ ယေရှုခရစ်သည် "အပြစ်နှင့်ပြည့်စုံသောဇာတိပကတိ၏သဏ္ဌာန်ကိုဆောင်" ၍ ကြွလာတော်မူခဲ့ကြောင်းကို ခမည်းတော်ဘုရားကိုယ်တိုင် မိန့်မြွက်တော်မူခဲ့သည်။ ရောမ ၈း၃။ ထာဝရဘုရားသည် ယခင်ကခရစ်တော်အားဖြင့် လူသားများနှင့်မိတ်သဟာယဖွဲ့တော်မူ၏။ အပြစ်တရားအပေါ်ရွံမုန်းသော ဘုရားသခင်၏စိတ်နှလုံးတော်ကြောင့် ကောင်းကင်နှင့်မြေကြီးတို့သည် ထာဝရကာလအဆက်ပြတ်သွားလိမ့်မည်ဟု စာတန်အထင်ရှိခဲ့ပါသည်။ သို့သော် ဘုရားသခင်နှင့်လူသားများအကြား အဆက်အသွယ်များကို ယခုအချိန်တွင် ပြန်လည်ရရှိခဲ့ကြောင်း ထင်ရှားစေခဲ့ပါသည်။

မိမိသည် အောင်နိုင်မှုနှင့်ရှုံးနိမ့်မှုတစ်ခုခုကိုရမည့်အကြောင်း စာတန်တွေ့မြင်သိရှိခဲ့သည်။ တိုက်လှန်ပွဲ၏အကျိုးဆက်သည် စာတန်၏အပေါင်းပါကောင်းကင်တမန်များ၏ငင်းအပေါ်ယုံကြည်အပ်နှံမှုအပေါ်တွင် များစွာမူတည်နေခဲ့ပါသည်။ သူကိုယ်တိုင်လည်း တိုက်ပွဲကိုဦးဆောင်ရပါမည်။ အယူဝါဒဖောက်ပြန်သူများ၏အားလုံးသောအင်အားစုများသည် သားတော်ဘုရားကိုဆန့်ကျင်၍ အမြန်စုရုံးခဲ့ကြပါသည်။ ခရစ်တော်သည် ငရဲဘုံမှလက်နက်အားလုံး၏ပစ်မှတ်ဖြစ်ခဲ့ပါသည်။

ခရစ်တော်နှင့်စာတန်အကြားဖြစ်ပွားနေသော တိုက်လှန်ပွဲကြီးကို မိမိတို့၏အသက်တာအတွက် အထူးအကျိုးသက်ရောက်မှုမရှိသောအရာတစ်ခုကဲ့သို့ များစွာသောလူများကရှုမြင်ခဲ့ကြပါသည်။ သို့အတွက် သူတို့



သည်တိုက်လှန်ပွဲကို စိတ်ဝင်စားမှုမရှိသလောက်ဖြစ်ခဲ့ကြသည်။ သို့သော် လူသားတိုင်း၏နှလုံးသားနယ်ပယ်တွင် ထိုတိုက်လှန်ပွဲကြီးသည် ထပ်ခါတလဲလဲဖြစ်ပွားနေပါသည်။ ဘုရားသခင်၏အမှုတော်အတွက် စာတန်၏ချဉ်းနင်းတိုက်ခိုက်မှုကို တွေ့ဆုံခြင်းနှင့်ကင်းလွတ်လျက် လူတစ်ယောက်သည် မည်သည့်အခါကမျှ မကောင်းမှုဂုဏ်အဆင့်အတန်းများကို မစွန့်လွှတ်ခဲ့ဖူးချေ။ ခရစ်တော်တွန်းလှန်ခဲ့သော စုံစမ်းသွေးဆောင်ခြင်းများသည် ခုခံဆန့်ကျင်ရန်အလွန်ခက်သည်ဟု ကျွန်ုပ်တို့မှတ်ယူနေသောအရာများဖြစ်ကြပါသည်။ ကိုယ်တော်၏စာရိတ္တတော်သည် ကျွန်ုပ်တို့၏စာရိတ္တများထက်သာလွန်ကောင်းမွန်သကဲ့သို့ ကိုယ်တော်ခံခဲ့ရသောသွေးဆောင်ခြင်းများသည်လည်း အလွန်များပြားလှပါသည်။

ကမ္ဘာ၏ကြောက်ခမန်းလိလိလေးသောအပြစ်ဝန်ထုပ်များကို မိမိကိုယ်တိုင်ထမ်းလျက် ခရစ်တော်သည် ခံတွင်း၏တောင့်တချက်များအပေါ်စမ်းသပ်မှုများကိုလည်းကောင်း၊ လောကကိုချစ်မြတ်နိုးခြင်းအပေါ်စစ်ဆေးမှုကိုလည်းကောင်း၊ ရဲရင့်သောဒုစရိုက်ပြုခြင်းကိုဦးတည်နေသောဟန်ပြဝင့်ဝါချင်သည့်စိတ်ထားများအပေါ် စမ်းသပ်ခြင်းများကိုလည်းကောင်း ဆန့်ကျင်ခုခံတော်မူခဲ့ပါသည်။ ဤအရာများသည် အာဒံနှင့်ဧဝအပေါ် ကျော်လွှားအောင်မြင်ခဲ့သောစုံစမ်းနှောင့်ယှက်ခြင်းများဖြစ်ပြီး ကျွန်ုပ်တို့အား အလွယ်တကူအောင်နိုင်လျက်ရှိနေကြပါသည်။

ဘုရားသခင်၏ပညတ်တော်သည် တရားမျှတမှုမရှိသည့်ပြင် လိုက်နာစောင့်ရှောက်ရန်လည်းမဖြစ်နိုင်ကြောင်းကို သက်သေပြချက်အနေနှင့် အာဒံ၏အပြစ်ကို စာတန်ပြညွှန်ခဲ့ပြီးဖြစ်ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏လူဇာတိအားဖြင့် အာဒံ၏ကျဆုံးမှုကို ပြန်လည်ကယ်ယူရန်ဖြစ်ပါသည်။ သို့ရာတွင် အာဒံသည် စာတန်၏စုံစမ်းခြင်းကိုခံခဲ့ရသောအချိန်တွင် ၎င်း၌အပြစ်၏အကျိုးသက်ရောက်မှုတစ်စုံတစ်ခုမျှမရှိခဲ့သေးချေ။ သူသည် စုံလင်သောစိတ်တန်ခိုးနှင့် ကိုယ်ခန္ဓာခွန်အားများကိုပိုင်ဆိုင်ထားလျက် စုံလင်သောသူတစ်ယောက်၏ခွန်အားဖြင့်ရပ်တည်ခဲ့ရပါသည်။ ဧဒင်၏ဘုန်းတန်ခိုးများဖြင့် သူ့အားခြံရံလျက် သူသည် ကောင်းကင်သား

များနှင့် နေ့စဉ်မိတ်သဟာယဖွဲ့ခွင့်ရခဲ့ပါသည်။ ခရစ်တော်သည် တော၌ စာတန်နှင့်တိုက်လှန်ရန် သွားရောက်ခဲ့သောအချိန်တွင်မူ ထိုကဲ့သို့မဟုတ်ခဲ့ပါချေ။ လူသားများသည် နှစ်ပေါင်းလေးထောင်အတွင်းတွင် ခန္ဓာကိုယ်ခွန်အား၊ စိတ်တန်ခိုးနှင့် ကိုယ်ကျင့်တရားများတွင် နိမ့်ကျယုတ်ညံ့လျက်ရှိခဲ့ပါသည်။ ခရစ်တော်သည် ဆုတ်ယုတ်ညံ့ဖျင်းလာသောလူသားများ၏ အားနည်းချို့ယွင်းမှုများကို ယူတင်ဝတ်ဆောင်ခဲ့ပါသည်။ ထိုသို့သောနည်းအားဖြင့်သာ သိမ်ဖျင်းယုတ်ညံ့ဆုံးသောအခြေအနေမှ လူသားများကို ကိုယ်တော်ရှင်ကယ်တင်နိုင်မည်ဖြစ်ပါသည်။

စုံစမ်းခြင်းနောက်သို့လိုက်ပါရန် ခရစ်တော်အတွက်မဖြစ်နိုင်ဟု အများကအခိုင်အမာပြောကြပါသည်။ ထို့ပြင် အာဒံ၏အနေအထားမျိုးတွင် ကိုယ်တော်ရှင်အားမထားရှိနိုင်ခဲ့လျှင် ရယူရန်အာဒံပျက်ကွက်ခဲ့သော အောင်မြင်မှုကို ကိုယ်တော်ရှင်ရယူနိုင်လိမ့်မည်မဟုတ်ဟု အများကမှတ်ယူခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ထက်ပို၍စုံစမ်းခြင်းခံစားနေရသည်ဆိုလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့ဒုက္ခရောက်စဉ်တွင် ကူညီမစနိုင်လိမ့်မည်မဟုတ်ချေ။ သို့သော် ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် လူသားများအတွက်ပေးဆပ်ရန် အပြစ်ကြွေးများနှင့်အတူ လူသားဇာတိကိုခံယူတော်မူခဲ့ပါသည်။ ကိုယ်တော်သည် စုံစမ်းခြင်းနောက်သို့လိုက်ပါနိုင်သောအခြေအနေမျိုးဖြင့် လူဇာတိကိုခံယူတော်မူခဲ့သည်။ ခရစ်တော်မခံစားခဲ့ရဖူးသောမည်သည့်စုံစမ်းခြင်းကိုမျှ ကျွန်ုပ်တို့မခံစားကြရပါချေ။'

ဧဒင်ဥယျာဉ်တွင် သန့်ရှင်းသောဇနီးမောင်နှံကို အစားအစာဖြင့် စုံစမ်းခဲ့ပါသည်။ ၎င်းမှာ စုံစမ်းခြင်းများတွင်ကြီးမား၍ ပထမဦးဆုံးသော စုံစမ်းခြင်း၏အခြေခံဖြစ်ပါသည်။ ပျက်စီးယိုယွင်းခြင်းအစပြုခဲ့သောနေရာမှ ကယ်တင်ခြင်းကိုအစပျိုးရပါမည်။ အစာစားသောက်ခြင်းကို အလိုလိုက်ခြင်းအားဖြင့် အာဒံကျဆုံးရသည့်နည်းတူ အစာစားသောက်ခြင်းကို ခြိုးခြံခြင်းအားဖြင့် ခရစ်တော်သည် အပြစ်ကိုအောင်နိုင်ရမည်ဖြစ်ပါသည်။ "ယေရှုသည် အရက်လေးဆယ်ပတ်လုံး အစာအာဟာရကိုမသုံးဆောင်ဘဲ နေပြီးမှ မွတ်သိပ်ခြင်းသို့ရောက်တော်မူ၏။ ထိုအခါစုံစမ်းသွေးဆောင်



သူသည် ချဉ်းကပ်၍ ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင် ဤကျောက်ခဲကိုမုန့်ဖြစ်စေခြင်းငှါ အမိန့်ရှိတော်မူပါဟုလျှောက်လေ၏။ ယေရှုကလည်း လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်ကျမ်းစာလာသည်ဟုပြန်ပြောတော်မူ၏။

အာဒံအချိန်မှသည် ခရစ်တော်၏အချိန်တိုင်အောင် မိမိ၏စိတ်အလိုကိုလိုက်လွန်းခြင်းသည် ခံတွင်းအလိုလိုက်ခြင်းနှင့် ကာမဂုဏ်ခံစားခြင်းတန်ခိုးသတ္တိကို အရှိန်အဟုန်ကြီးမားစွာဖြင့် တိုးပွားစေခဲ့ပါသည်။ ထိုသို့သောအားဖြင့် လူသားများသည် ယုတ်ညံ့သိမ်ဖျင်းလာပြီး ရောဂါဘယများလည်းထူပြောလာခဲ့ကြသည်။ ၎င်းတို့အစွမ်းသတ္တိအားဖြင့် အောင်မြင်ကျော်လွှားရန်မဖြစ်နိုင်တော့ချေ။ အကြမ်းတမ်းဆုံးသောစစ်ဆေးမှုများကို ခံနိုင်ရည်ရှိခြင်းအားဖြင့် ခရစ်တော်သည် လူသားများကိုယ်စား အောင်နိုင်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အကျိုးငှါ ဆာလောင်မွတ်သိပ်ခြင်း (သို့မဟုတ်) သေခြင်းထက်ပင်ခွန်အားကြီးသောချုပ်တည်းခြင်းကို ကျင့်ဆောင်တော်မူခဲ့ပါသည်။ အမှောင်၏အာဏာစက်များနှင့် တိုက်လှန်ပွဲအားလုံးတွင် ဖက်စပ်ပါဝင်လာမည့်အခြားအကျိုးဆက်များသည် ဤပထမအောင်ပွဲနှင့်ပတ်သက်နေခဲ့ပါသည်။

ယေရှုခရစ်သည် တောသို့ဝင်သောအခါတွင် ခမည်းတော်ဘုရား၏ဘုန်းတော်ဖြင့်ကာရံထားခြင်းကို ခံတော်မူခဲ့ရပါသည်။ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းတွင် နစ်မျောခဲ့ကာ ကိုယ်တော်သည် လူသားများ၏ အားနည်းမှုများ၏အထက်တွင် မချီခြင်းကိုခံတော်မူခဲ့ရပါသည်။ သို့သော် ဘုန်းတော်သည် ကွယ်ပျောက်ခဲ့ပြီး စုံစမ်းခြင်းနှင့်တိုက်ပွဲဝင်ရန် ကိုယ်တော်သည် စွန့်ပစ်တော်မူခြင်းကိုခံခဲ့ရပါသည်။ စုံစမ်းခြင်းသည် ကိုယ်တော်အား အချိန်တိုင်းတွင် မရမနေတိုက်ခိုက်လျက်ရှိပါသည်။ ကိုယ်တော်၏လူသားဇာတိသည် မိမိအားစောင့်မျှော်နေသောတိုက်လှန်ပွဲမှလွတ်မြောက်ရန် ရှောင်ရှားခဲ့ပါသည်။ ကိုယ်တော်သည် အရက်လေးဆယ်လုံးလုံးအစာရှောင်၍ ဆုတောင်းတော်မူခဲ့ပါသည်။ အစာငတ်မွတ်ခြင်းကြောင့် အားနည်းပိန်ချုံး

နေပြီး ပြင်းထန်သည့်စိတ်ဝေဒနာကြောင့် မောပန်းနွမ်းရိ၍မျက်တွင်းများ ကျနေကာ "သူသည် လူမဟုတ်သကဲ့သို့ မျက်နှာပျက်ခြင်း၊ လူသားမဟုတ်သကဲ့သို့ အဆင်းအသရေပျက်ခြင်းရှိသည်။" ဟေရှာ ၅၂း၁၄။ ယခုတွင် စာတန်အတွက် အခွင့်ကောင်းတစ်ခုဖြစ်နေပါသည်။ ဤအချိန်တွင် ခရစ်တော်ကိုအောင်နိုင်လိမ့်မည်ဟုလည်း သူထင်ခဲ့ပါသည်။

စာတန်သည် ကောင်းကင်နိုင်ငံမှ ကောင်းကင်တမန်တစ်ပါး၏ အယောင်ကိုဆောင်၍ ကိုယ်တော်၏ဆုတောင်းသံကို အဖြေပေးသည့် သဘောမျိုးဖြင့် ကယ်တင်ရှင်ထံသို့ချဉ်းကပ်လာခဲ့ပါသည်။ ခရစ်တော်၏ အစာရှောင်ခြင်းသည် အဆုံးသတ်သွားပြီဖြစ်ကြောင်းကြေညာရန် ဘုရားသခင်ထံမှအမိန့်ရခဲ့ပြီဖြစ်ကြောင်း စာတန်က အခိုင်အမာပြောဆိုခဲ့ပါသည်။ ဘုရားသခင်သည် ကောင်းကင်တမန်တစ်ပါးကိုစေလွှတ်၍ ဣဇာက်အား ဆက်သမည့်အာဗြဟံ၏လက်ကိုဟန့်တားခဲ့သကဲ့သို့သွေးစွန်းသောလမ်းကို လျှောက်လှမ်းရန် ခရစ်တော်၏ဆန္ဒပြင်းပြမှုကို သဘောကျကျေနပ်သည့် အတွက် ကိုယ်တော်အားကယ်မရန် ကောင်းကင်တမန်တစ်ပါးကို ခမည်းတော်ဘုရားစေလွှတ်တော်မူလိုက်သည်ဟူသောသတင်းစကားကို ယေရှုခရစ်ထံသို့ယူဆောင်ခဲ့ပါသည်။ မမျှော်လင့်ဘဲ စာတန်ရောက်ရှိလာ သောအချိန်တွင် ခရစ်တော်သည် ဆာလောင်မွတ်သိပ်မှုကြောင့် အင်အား ချည့်နဲ့နေကာ အစာစားရန်အာသာငန်းငန်းတောင့်တနေပါသည်။ ကန္တာရတွင် ကြဲပြန့်နေသောမုန့်သဏ္ဌာန်ကျောက်တုံးများကိုညွှန်ပြကာ "ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင် ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်းငှါ အမိန့်ရှိတော်မူပါဟုလျှောက်လေ၏။"

စာတန်သည် သန့်ရှင်းသောကောင်းကင်တမန်တစ်ပါးကဲ့သို့ ပေါ်ထွန်းလာခဲ့သော်လည်း "ကိုယ်တော်သည် ဘုရားသခင်၏သားတော် မှန်လျှင်" ဆိုသည့်ပထမစကားသည် ၎င်း၏စာရိတ္တအမှန်ကိုဖော်ပြနေပါ သည်။ မယုံကြည်မှုကိုမသိမသာဖော်ပြနေခြင်းဖြစ်ပါသည်။ သခင်ယေရှု သည် စာတန်အကြံပေးသည့်အတိုင်း လုပ်ဆောင်ခဲ့လျှင် ထိုလုပ်ဆောင်မှု သည် သံသယဖြစ်မှုကိုလက်ခံခြင်းတစ်ရပ်ဖြစ်လာပေလိမ့်မည်။ အစဦး





လူသားများအား အောင်မြင်ခဲ့သည့်နည်းဖြင့် ခရစ်တော်ကိုအောင်မြင် ကျော်လွှားရန် စာတန်ကြံစည်ခဲ့ပါသည်။ စာတန်သည် ဧဒင်ဥယျာဉ်တွင် ရှိသော ဧဝထံသို့ ပရိယာယ်ကြွယ်ဝစွာဖြင့် ချဉ်းကပ်ခဲ့ပါသည်။ "သင်တို့သည် ဥယျာဉ်၌ရှိသမျှသောအပင်တို့၏အသီးကိုမစားရဟု ဧကန်စင်စစ်ဘုရား သခင်မိန့်တော်မူသလော" ဟု စာတန်က ဧဝအားမေးခဲ့သည်။ ကမ္ဘာဦး ၃း၁။ ဤအခြေအနေအထိစာတန်၏စကားများသည် မှန်သော်လည်း ၎င်း၏ ပြောဆိုပုံတွင် ဘုရားသခင်၏နှုတ်ထွက်စကားတော်များကို မခန့်လေးစား လုပ်ခြင်းကို ဖုံးကွယ်ထားသည့်အရာတစ်ခုရှိနေခဲ့ပါသည်။ ၎င်းမှာငြင်းဆန်မှု ကိုဖုံးကွယ်ထားသည့် ဘုရားသခင်နှင့်ဆိုင်သောသစ္စာတရားပြည့်ဝမှုကို သံသယရှိသောစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ဘုရားသခင်သည် မိမိမိန့်တော်မူ ပြီးသည့်အတိုင်းပြုတော်မူလိမ့်မည်မဟုတ်ကြောင်းကို ၎င်းကဲ့သို့လှပ ကောင်းမွန်သည့်အသီးများကို စားခွင့်မပြုခြင်းအားဖြင့် လူသားများအပေါ် ထားရှိသည့်ကိုယ်တော်၏မေတ္တာတော်နှင့်သော်လည်းကောင်း၊ ကရုဏာ တော်နှင့်သော်လည်းကောင်း ဆန့်ကျင်ဘက်ဖြစ်နေကြောင်း ပေါ်လွင်စေ သည့်အတွေးအခေါ်ကို ဧဝ၏စိတ်တွင် တဖြည်းဖြည်းပျံ့နှံ့သွားစေရန် စာတန်ကြိုးစားခဲ့ပါသည်။ ယခုတွင်လည်း ထိုကဲ့သို့ပင် မိမိ၏ပုဂ္ဂလိက ထင်မြင်ချက်ကိုအသုံးပြု၍ ခရစ်တော်အားနှိုးဆွရန် စာတန်အားထုတ်နေ သည်။ "ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင်" ဆိုသည့် စကားများသည် ၎င်း၏စိတ်တွင် ခါးသီးမှုဖြင့်နာကျင်မှုကိုဖြစ်စေခဲ့ပါသည်။ သူပြောသောစကားသံ၏အသံနေအသံထားထဲတွင် မယုံသင်္ကာရှိမှုကို ဖော်ပြနေပါသည်။ ထာဝရဘုရားသည် မိမိ၏သားတော်ကို ဤကဲ့သို့ပြုမူ ဆက်ဆံလိမ့်မည်လား။ အဖဘုရားသည် သားတော်ကို တောသားရဲများ ထူပြောသော၊ အစားအစာမရှိသော၊ မိတ်ဆွေအပေါင်းအသင်းတစ်စုံ တစ်ယောက်မျှမရှိသော၊ ပျော်စရာမကောင်းလှသော ဤတောကြီးထဲတွင် ယခုကဲ့သို့စွန့်ပစ်ထားမည်လား။ ဘုရားသခင်သည် ဤကဲ့သို့သောအခြေ အနေတွင် သားတော်ကို မည်သည့်အခါမျှရှိစေမည်မဟုတ်ကြောင်းကို စာတန်သည် မသိမသာအယုံသွင်းပြောဆိုခဲ့ပါသည်။ "ကိုယ်တော်သည်

ဘုရားသခင်၏သားတော်မှန်လျှင် မိမိခံစားနေရသောဆာလောင်မှုကို သက်သာစေရန် ကိုယ်တော်၏တန်ခိုးကိုပြ၍ ဤကျောက်ခဲများအား မုန့်ဖြစ်စေခြင်းငှါ အမိန့်တော်ရှိပါ" ဟု စာတန်တောင်းဆိုနေပါသည်။

"ဤသူကား ငါနှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်း" ဟူသော ကောင်းကင်မှအသံတော်သည် စာတန်၏နားထဲဝယ် ဆက်လက်မြည်ဟည်းနေဆဲဖြစ်ပါသည်။ သို့သော် ခရစ်တော်သည် ဤသက်သေခံချက်ကို မယုံကြည်အောင်လုပ်ရန် သူစိတ်ဆုံးဖြတ်ခဲ့ပါသည်။ ဘုရားသခင်၏ နှုတ်ထွက်စကားများသည် ကိုယ်တော်၏ဘုရားပေးအမှုတော်အတွက် အာမခံချက်ဖြစ်ပါသည်။ ကိုယ်တော်သည် လူသားတစ်ဦးအနေနှင့် လူသားများထဲတွင် နေထိုင်ရန်ကြွရောက်လာခဲ့ပါသည်။ ၎င်းပြင် ကောင်းကင်မှ သက်သေပြုခဲ့သောထိုစကားသံများသည် ကိုယ်တော်၏ကောင်းကင်နှင့် အဆက်အသွယ်ပြုမှုကိုဖော်ညွှန်းခဲ့သည်။ စာတန်၏အကြံအစည်မှာ ထိုစကားများကို ခရစ်တော်အနေနှင့်သံသယဖြစ်အောင်ပြုလုပ်ရန်ဖြစ်ပါသည်။ ထာဝရဘုရားအပေါ်မှာထားရှိသော ခရစ်တော်၏ယုံကြည်စိတ်ချမှုကို လျော့ပါးယိမ်းယိုင်အောင်လုပ်နိုင်မည်ဆိုလျှင် တိုက်လှန်ပွဲတစ်ခုလုံးတွင် သူအောင်ပန်းဆွတ်လိမ့်မည်ဟု စာတန်သိရှိထားပါသည်။ သူသည် ခရစ်တော်ကိုအောင်မြင်ကျော်လွှားနိုင်စရာအကြောင်းရှိပါသည်။ စိတ်အားလျော့ပါး၍ အလွန်အမင်းဆာလောင်မွတ်သိပ်နေသောအချိန်တွင် ခရစ်တော်သည် ခမည်းတော်ဘုရားအပေါ် ယုံကြည်ခြင်းလျော့ပါးလာကာ မိမိကိုယ်ကျိုးအတွက် နိမိတ်လက္ခဏာတစ်ခုကိုပြုတော်မူလိမ့်မည်ဟု စာတန်ကမျှော်လင့်ခဲ့ပါသည်။ ကိုယ်တော်ရှင်သည် ထိုကဲ့သို့သာပြုတော်မူခဲ့လျှင် ကယ်တင်ခြင်းစီမံကိန်းကြီးသည် ပျက်ပြားသွားပေလိမ့်မည်။

စာတန်နှင့်သားတော်ဘုရားတို့သည် ပထမဦးဆုံးအကြိမ် တိုက်လှန်ပွဲ၌ဆုံတွေ့သောအချိန်တွင် ခရစ်တော်သည် ကောင်းကင်ဗိုလ်မင်းဖြစ်တော်မူ၍ စာတန်ကို ကောင်းကင်မှနှင်ထုတ်တော်မူခဲ့ပါသည်။ ယခုအချိန်တွင်မူ ၎င်းတို့၏အခြေအနေသည် ထင်ရှားစွာပြောင်းပြန်ကြီးဖြစ်နေပါသည်။ ၎င်းပြင်စာတန်သည် မိမိထင်ခဲ့သည့်အခွင့်အရေးဆိုသည့်



အရာကို အကျိုးရှိအောင်အသုံးပြုခဲ့ပါသည်။ ကောင်းကင်တမန်များတွင် တန်ခိုးအကြီးဆုံးထဲ၌ တစ်ပါးအပါအဝင်ဖြစ်သော ကောင်းကင်တမန်တစ်ပါးသည် ကောင်းကင်မှနှင်ထုတ်ခြင်းကိုခံခဲ့ရသည်ဟု သူပြောပါသည်။ ကိုယ်တော်သည် ဘုရားသခင်၏စွန့်ပစ်ခြင်းကိုလည်းကောင်း၊ လူသားများ၏ စွန့်ခွာခြင်းကိုလည်းကောင်း၊ ခံနေရသောကျဆုံးခဲ့သည့် ထိုကောင်းကင်တမန်ဖြစ်နေကြောင်း ယေရှုခရစ်၏ပုံပန်းလက္ခဏာကဖော်ညွှန်းနေသည်ကိုလည်းကောင်း၊ ဘုရားသခင်နှင့်ဆိုင်သောပုဂ္ဂိုလ်တစ်ပါးဖြစ်လျှင် ၎င်း၏တောင်းဆိုချက်ကို နိမိတ်လက္ခဏာတစ်ခုပြတော်မူခြင်းအားဖြင့် ဖြည့်စွမ်းရန်တတ်နိုင်လိမ့်မည်ဖြစ်ကြောင်းကိုလည်းကောင်း၊ ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင် ဤကျောက်ခဲများကိုမုန့်ဖြစ်စေခြင်းငှါ မိန့်တော်မူမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ ထိုကဲ့သို့သောဖန်ဆင်းခြင်းတန်ခိုးတော်၏ လုပ်ဆောင်မှုသည် ဘုရားဇာတိတော်၏ဒွိဟမရှိနိုင်သော သက်သေအထောက်အထားဖြစ်လိမ့်မည်ဖြစ်ကြောင်းကိုလည်းကောင်း စာတန်သည် ကိုယ်တော်အားတိုက်တွန်းပြောဆိုခဲ့ပါသည်။ ထိုအခြင်းအရာသည် အကောင်းနှင့်အဆိုးတိုက်လှန်ပွဲကို အဆုံးသတ်စေလိမ့်မည်ဖြစ်ပါသည်။

ယေရှုခရစ်သည် စာတန်၏စကားများကို ကြိုးစား၍ငြိမ်သက်စွာနားထောင်ခဲ့ပါသည်။ သို့သော် မိမိ၏ဘုရားဇာတိကိုလည်းကောင်း၊ မိမိ၏နိမ့်ချခြင်းအကြောင်းရင်းကိုလည်းကောင်း ကိုယ်တော်သည် သက်သေပြမှု၊ ရှင်းလင်းမှုတစ်စုံတစ်ရာပြုတော်မမူခဲ့ချေ။ စာတန်၏တောင်းဆိုချက်များကို လိုက်လျောခြင်းအားဖြင့် လူသားများအတွက် ကောင်းကျိုးချမ်းသာမဖြစ်စေနိုင်သည့်ပြင် ဘုရားသခင်၏ဘုန်းတော်အတွက်လည်း မည်သည့်အကျိုးကျေးဇူးတစ်စုံတစ်ခုမျှဖြစ်လိမ့်မည်မဟုတ်ချေ။ ခရစ်တော်သည် စာတန်၏အကြံပြုချက်ကိုလိုက်လျောခဲ့မည်ဆိုလျှင် "ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်နိုင်ရန် ကျွန်ုပ်အား နိမိတ်လက္ခဏာတစ်ခုကိုပြတော်မူပါဦး" ဟု စာတန်သည် ဆက်၍ပြောလိမ့်ဦးမည်ဖြစ်ပါသည်။ သက်သေအထောက်အထားများသည် ၎င်း၏စိတ်နှလုံးထဲတွင်ရှိသော ဆန့်ကျင်မှုတန်ခိုးကိုချေဖျက်ရန် အသုံးဝင်လိမ့်မည်မဟုတ်ချေ။

ဌင်းပြင် ခရစ်တော်သည် ဘုရားဇာတိ၏တန်ခိုးများကို မိမိ၏အကျိုးအတွက် အသုံးပြုရန်မဟုတ်ပါချေ။ ယုံကြည်ခြင်းနှင့် အမိန့်နာခံခြင်းပုံသက်သေ တစ်ခုကို ကျွန်ုပ်တို့အတွက်ထားရစ်လျက်၊ ကျွန်ုပ်တို့ကဲ့သို့ဒုက္ခဆင်းရဲခြင်းကို ခံစားရန် ကိုယ်တော်ရှင်ကြွလာတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဤနေရာတွင်သော်လည်းကောင်း၊ မိမိ၏လောကအသက်တာနောက်ပိုင်း အချိန်များတွင်သော်လည်းကောင်း၊ မိမိကိုယ်ကျိုးအဖို့အလို့ငှါ နိမိတ်လက္ခဏာတစ်စုံတစ်ခုကိုမျှပြုတော်မမူခဲ့ချေ။ ကိုယ်တော်ပြုတော်မူခဲ့သော အံ့ဖွယ်နိမိတ်လက္ခဏာများသည် အခြားသူများ၏ကောင်းကျိုးအတွက်သာ ဖြစ်ကြပါသည်။ ကောင်းကင်မှအမိန့်တော်ပေးခဲ့သောအသံတော်ကို သတိရ အောက်မေ့၍ ခွန်အားယူကာ ကိုယ်တော်သည် ဖခမည်းတော်၏မေတ္တာ တော်ကိုခိုလှုံတော်မူခဲ့ပြီး စုံစမ်းခြင်းနှင့်စေ့စပ်ဆွေးနွေးခြင်းပြုတော်မမူခဲ့ချေ။

ခရစ်တော်သည် စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းအား ကျမ်းစာမှ နှုတ်ကပတ်တော်များကိုအသုံးပြု၍ရင်ဆိုင်ခဲ့ပါသည်။ "ကျမ်းစာလာ သည်ကား" ဟူသောစကားသည် ကိုယ်တော်၏လက်သုံးစကားများတည်း။ စုံစမ်းခြင်းကိုခံရသောအခါတိုင်းတွင် ကိုယ်တော်အသုံးပြုတော်မူခဲ့သော လက်နက်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ပါသည်။ ဘုရားဇာတိ တော်၏အထိမ်းအမှတ်တစ်ခုအဖြစ် နိမိတ်လက္ခဏာတစ်ခုကိုပြရန် ခရစ်တော်အား စာတန်တောင်းဆိုခဲ့ပါသည်။ သို့သော် နိမိတ်လက္ခဏာ အားလုံးတို့ထက်ကြီးမြတ်တော်မူသော ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရ ဘုရားမိန့်တော်မူချက်အပေါ် ခိုင်မာသောအားကိုးအားထားပြုခြင်းသည် အငြင်းမပွားနိုင်သောအထိမ်းအမှတ်တစ်ခုဖြစ်သည်။ ခရစ်တော်ဤအနေ အထားကိုဆွဲကိုင်ထားသရွေ့ သွေးဆောင်ဖြားယောင်းသူသည် အခွင့်သာ နိုင်လိမ့်မည်မဟုတ်ချေ။

ခရစ်တော်သည် ခွန်အားအနည်းဆုံးအချိန်တွင် အပြင်းထန်ဆုံး သောစုံစမ်းခြင်းကိုခံခဲ့ရပါသည်။ ထို့ကြောင့်လည်း မိမိအောင်ပန်းဆွတ် မည်ဟု စာတန်ထင်ခဲ့မိပါသည်။ သူသည် ဤနည်းဤဟန်နှင့် လူသားများ ကိုအောင်နိုင်ခဲ့ပါသည်။ ခွန်အားများလျော့နည်းလာသောအခါ စိတ်တန်ခိုး



သည်အားနည်းလာပါသည်။ ဘုရားသခင်ကိုကိုးစားရန် ယုံကြည်ခြင်း ခွန်အားလည်းရပ်စဲသွားပါသည်။ ထိုအချိန်တွင် အမှန်တရားဘက်တွင် အချိန်ကြာမြင့်စွာရှုပ်ရှုပ်ချွံချွံရပ်တည်ခဲ့သူများသည် အရှုံးပေးလိုက်ကြသည်။ အနန္တတန်ခိုးရှင်အပေါ်ထားရှိသော မိမိ၏ယုံကြည်ခြင်းကို တဒင်္ဂအချိန် ကလေးတွင် ယိမ်းယိုင်ခဲ့မိသောအချိန်တွင် မောရှေသည် နှစ်ပေါင်း လေးဆယ်ဣသရေလများနှင့်အတူ တော၌လှည့်လည်ခြင်းကို ငြီးငွေ့ခဲ့သည်။ သူသည် ကတိတော်ပြည်၏နယ်နိမိတ်ပေါ်တွင်ရှုံးနိမ့်ခဲ့ရပါသည်။ ဧလိယ သည်လည်း ထိုအဖြစ်မျိုးနှင့်ကြုံတွေ့ခဲ့ရပါသည်။ သူသည် အာဟပ်မင်း ရှေ့တွင် မဆုတ်မနစ်ရပ်တည်ခဲ့ပါသည်။ ဗာလပုရောဖက်လေးရာ့ငါးဆယ် ဦးဆောင်သောဣသရေလတစ်မျိုးသားလုံးနှင့်ရင်ဆိုင်ခဲ့ရပါသည်။ မှားယွင်း သောပုရောဖက်များကိုသုတ်သင်ပြီးသောအချိန်တွင် ဣသရေလလူများ သည် ထာဝရဘုရားဘက်၌ သစ္စာစောင့်မည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ ကရေမေလတောင်ပေါ်မှ ကြောက်လန့်စရာအဖြစ်အပျက်များဖြစ်ပျက် ပြီးနောက် ဧလိယသည် ရုပ်တုကိုးကွယ်သူ ယေဇဗေလ၏ခြိမ်းခြောက်မှု ကြောင့် အသက်လွတ်ရန်ထွက်ပြေးခဲ့ရသည်။ ထိုနည်းအားဖြင့် စာတန်သည် လူသားတို့၏အားနည်းမှုများအပေါ်တွင် အခွင့်ကောင်းယူခဲ့ပါသည်။ ဌင်းပြင် သူသည် ယခုတိုင်အောင် ထိုနည်းနှင်နှင်လုပ်ဆောင်ပါလိမ့်မည်။ လူတစ်ယောက်သည် ဒုက္ခပင်လယ်ဝေလာသောအချိန်၊ တွေ့ကြုံရသော အခြေအနေများကြောင့် စိတ်နှလုံးရှုပ်ထွေးလာသောအချိန်နှင့် ဆင်းရဲ နွမ်းပါးခြင်း၊ စိတ်ပင်ပန်းခြင်းများကြောင့် ရောဂါဘယခံစားရသောအချိန် များတွင် စာတန်သည် စုံစမ်းရန်နှင့် စိတ်အနှောင့်အယှက်ပေးရန် အနီး အနားတွင်ရှိနေတတ်ပါသည်။ သူသည် ကျွန်ုပ်တို့၏အားနည်းချက်များကို တိုက်ခိုက်တတ်ပါသည်။ ထိုကဲ့သို့သောအခြေအနေမျိုးကိုရောက်ရန် ခွင့်ပြု ခဲ့သောထာဝရဘုရားအပေါ်ထားရှိသည့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းများကို နုန့်နဲ့သွားစေရန် သူကြိုးစားနေသည်။ ဘုရားသခင်ကိုမကိုးစားရန်နှင့် ကိုယ်တော်၏မေတ္တာတော်ကိုဒွိဟဖြစ်ရန် ကျွန်ုပ်တို့ကိုသွေးဆောင်နေပါ သည်။ သွေးဆောင်ဖြားယောင်းသူသည် ကျွန်ုပ်တို့၏အားနည်းချက်များနှင့်

ချို့ယွင်းချက်များကိုပြလျက် ခရစ်တော်ထံသို့ချဉ်းကပ်စဉ်ကကဲ့သို့ ကျွန်ုပ်တို့ထံသို့ချဉ်းကပ်တတ်ပါသည်။ သူသည် အသက်ဝိညာဉ်များကို စိတ်ဓာတ်ကျဆင်းစေရန်နှင့် ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏အားကိုးအားထားပြုခြင်းကို ပျက်ပြားစေရန်မျှော်လင့်ချက်ထားပါသည်။ ထိုနောက် သူသည် မိမိ၏သားကောင်အပေါ်တွင် အောင်နိုင်မည်ဟုစိတ်ချပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ရင်ဆိုင်ခဲ့ရသကဲ့သို့ စာတန်နှင့်ရင်ဆိုင်ရမည်ဆိုလျှင် များစွာသောရှုံးနိမ့်မှုများမှလွတ်မြောက်ကြပါလိမ့်မည်။ ရန်သူနှင့် စေ့စပ်ဆွေးနွေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ၎င်းအားအခွင့်သာစေကြပါသည်။

“လူသည် မုန့်အားဖြင့်သာ အသက်မွေးရမည်မဟုတ်၊ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရမည်” ဟူသော ခရစ်တော်မိန့်မြွက်ခဲ့သည့် နှုတ်ကပတ်တော်သည် မိမိကိုယ်တိုင်လွန်ခဲ့သောနှစ်ပေါင်း (၁၄၀၀) ကျော်က ဣသရေလများအား မိန့်မြွက်တော်မူခဲ့သော နှုတ်ကပတ်တော်များကိုပြန်လည်မိန့်မြွက်ခြင်းသာဖြစ်ပါသည်။ “သင်၏ဘုရားသခင်ထာဝရဘုရားသည် သင့်ကိုနှိမ့်ချစုံစမ်း၍---လွန်ခဲ့သောအနှစ်လေးဆယ်ပတ်လုံး တော၌ပို့ဆောင်သောလမ်းခရီးတစ်လျှောက်လုံးကိုအောက်မေ့မည်။ ထိုသို့သင့်ကိုနှိမ့်ချ၍ အငတ်အမွတ်ခံစေတော်မူသောအခါ သင်သည်ကိုယ်တိုင်မသိ၊ သင်၏ဘိုးဘေးမသိဖူးသောမန္နနှင့်ကျွေးမွေးတော်မူသဖြင့် လူသည် မုန့်အားဖြင့်သာအသက်ကိုမွေးရသည်မဟုတ်၊ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို သိစေတော်မူ၏” တရားဟော ၈း၂-၃။ တောတွင်ရိက္ခာပေးပို့ရန် အခြားနည်းလမ်းအားလုံးနှင့်မဖြစ်နိုင်တော့သောအချိန်များတွင် ဘုရားသခင်သည် မိမိ၏သားသမီးများအတွက် လုံလောက်ပြည့်စုံသောမန္နမုန့်များကို ကောင်းကင်မှချပေးခဲ့တော်မူပါသည်။ ထာဝရဘုရားကိုကိုးစား၍ ကိုယ်တော်၏တရားလမ်းများအတိုင်း လျှောက်လှမ်းနေစဉ်တွင် ၎င်းတို့အား ကိုယ်တော်စွန့်ပစ်တော်မမူကြောင်းကို ဤနည်းအားဖြင့် ဣသရေလများအား သွန်သင်ရန်ဖြစ်ပါသည်။ ဣသရေလများအား မိမိသွန်သင်ခဲ့သောသင်ခန်းစာကို ကယ်တင်ရှင်သည်



ယခုတွင်လက်တွေ့ကျင့်သုံးခဲ့ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဆင်းရဲဒုက္ခမှချမ်းသာခြင်းအခွင့်ကို ဟေဗြဲဗိုလ်ခြေတို့အားပေးသနားတော်မူခဲ့သကဲ့သို့ ထိုနှုတ်ကပတ်တော်အားဖြင့် ဒုက္ခဆင်းရဲမှချမ်းသာခြင်းအခွင့်ကို သခင်ယေရှုအားပေးသနားတော်မူပါလိမ့်မည်။ ကိုယ်တော်သည် ဘုရားသခင်သက်သာခွင့်ပေးမည့်အချိန်ကို စောင့်ဆိုင်းခဲ့ပါသည်။ တောတွင်လည်း ဘုရားသခင်၏စကားတော်ကို နားထောင်တော်မူခဲ့ပြီး စာတန်၏အကြံပေးချက်များကိုလိုက်နာ၍ အစားအစာများကို မရယူခဲ့ချေ။ သက်သေပြလျက်ရှိသောစကြဝဠာ၏ရှေ့မှောက်တွင် ဘုရားသခင်၏အလိုတော်မှ မည်သည့်နည်း၊ မည်သည့်ဟန်နှင့်မဆို သွေဖည်ရန်ထက် ဖြစ်ပျက်လာမည့်မည်သည့်အရာကိုမဆိုခံစားရန်မှာ အတိဒုက္ခပို၍လျော့နည်းကြောင်းကို ကိုယ်တော်ရှင်သက်သေပြတော်မူခဲ့ပါသည်။

လူသည် မုန့်အားဖြင့် အသက်မွေးရမည်မဟုတ်၊ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရမည်။ ခရစ်တော်၏နောက်လိုက်များသည် မကြာခဏဆိုသလို ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်းမပြုနိုင်ဘဲ လောကနှင့်ပတ်သက်သောလုပ်ငန်းများကိုသာ ဆက်လက်ဆောင်ရွက်နေသည့်အခြေအနေမျိုးတွင်ရောက်ရှိတတ်ပါသည်။ လိုက်လျှောက်ရန်လွယ်ကူသောဘုရားသခင်၏တောင်းဆိုချက်များကိုနားထောင်ခြင်းသည် စားဝတ်နေရေးအတွက် ထောက်ပံ့ရေးလမ်းကြောင်းကို ပြတ်တောက်သွားစေမည့်ပုံပေါ်သကဲ့သို့ဖြစ်နေပါသည်။ မိမိ၏သြတ္တပ္ပစိတ်နှိုးဆော်မှုအရအပြစ်ရှိကြောင်းအထင်အရှားသိသောစိတ်ကိုစွန့်လွှတ်လိုက်ရန် စာတန်သည် လူကိုယုံအောင်ကြိုးစားပေလိမ့်မည်။ သို့သော် ကမ္ဘာပေါ်တွင် ကျွန်ုပ်တို့အားကိုးအားထားပြုနိုင်သည့် တစ်ခုတည်းသောအရာမှာ ဘုရားသခင်၏နှုတ်ကပတ်တော်ပင်ဖြစ်ပါသည်။ “ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့။ နောက်မှထိုအရာများကိုထပ်၍ပေးတော်မူလတ္တံ့။” ရှင်မဿဲ ၆း၃၃။ ဤအသက်တာ၌ပင်လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့အဘ၏အလိုတော်မှသွေဖည်ခြင်းအရာသည် ကျွန်ုပ်တို့အတွက် ကောင်းသောအရာမဟုတ်ချေ။

ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်၏တန်ခိုးတော်ကို လေ့ကျက်သောအချိန်တွင် အစားအစာကိုရရှိစေရန်အတွက်သော်လည်းကောင်း၊ မိမိအသက်လုံခြုံမှုရှိစေရန်အတွက်သော်လည်းကောင်း စာတန်၏အကြံပေးချက်ကို လက်ခံကြလိမ့်မည်မဟုတ်ချေ။ စုံစမ်းခြင်းခံရသောအခါတိုင်းတွင် ကျွန်ုပ်တို့၏မေးခွန်းများသည် ဘုရား၏အမိန့်တော်သည် အဘယ်သို့နည်း၊ ကိုယ်တော်၏ကတိတော်သည် အဘယ်သို့နည်းဟူမူကား မေးခွန်းများသာဖြစ်ကြပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဤအရာများကို သိရှိနားလည်လျက် အမိန့်တော်တစ်ခုကိုနာခံ၍ ကတိတော်တစ်ခုကိုကိုးစားရပါလိမ့်မည်။

ခရစ်တော်နှင့်စာတန်အကြားဖြစ်ပွားနေသော မဟာပဋိပက္ခကြီး၏ နောက်ဆုံးသောတိုက်လှန်ပွဲတွင် ဘုရားသခင်ကိုသစ္စာစောင့်သူများသည် လောကဆိုင်ရာအထောက်အမများဖြတ်တောက်ခြင်းခံရမည်ကို တွေ့မြင်ကြရလိမ့်မည်။ လောကနှင့်ဆိုင်သောတန်ခိုးအာဏာစက်များကို နာခံနိုင်ဖို့ရန်အတွက် ဘုရားသခင်၏ပညတ်တော်ကို မချိုးဖောက်လိုကြသည့်အတွက်ကြောင့် သူတို့သည် မရောင်းမဝယ်စေခြင်းငှါ စီရင်ခြင်းကိုခံရပါလိမ့်မည်။ နောက်ဆုံးတွင် ထိုသူတို့သည် သေမိန့်ပေးခြင်းကိုခံကြရပါလိမ့်မည်။ သို့ရာတွင် ပညတ်တော်ကိုလိုက်လျှောက်သူများအတွက် ပေးသနားတော်မူသောကတိတော်မှာ “ခိုင်ခံ့သောကျောက်မြို့၌ ခိုလှုံလိမ့်မည်။ ထိုသူအား အစာကိုအစဉ်ပေးရလိမ့်မည်။ သောက်ရေလည်းမပြတ်ရ” ဟူသတည်း။ ဟေရှာ ၃၃း၁၆။ ဘုရားသခင်၏သားသမီးများသည် ဤကတိတော်အားဖြင့် အသက်ရှင်ကြရလိမ့်မည်။ ကမ္ဘာကြီးသည် ငတ်မွတ်ခေါင်းပါးခြင်းဘေးနှင့်ကြုံတွေ့နေသောအချိန်တွင် သူတို့သည် ကျွေးမွေးခြင်းကိုခံကြရလိမ့်မည်။ “သူတို့သည် ခဲယဉ်းသောကာလ၌ မျက်နှာမပျက်၊ အစာခေါင်းပါးသောကာလ၌ ဝစွာစားကြရ၏” ဆာလံ ၃၇း၁၉။ ဟဗက္ကုတ်သည် ထိုခဲယဉ်းသောကာလကိုမျှော်ကြည့်၍ အသင်းတော်၏ယုံကြည်ခြင်းအကြောင်းကို မြွက်ဆိုထားသည်မှာ “သင်္ဘောသဖန်းပင်မပွင့်ရ၊ စပျစ်ပင်မသီးရ၊ သံလွင်ပင်၏ကျေးဇူးကိုမျှော်လင့်၍မခံရ၊ လယ်တို့သည် အသီးအနှံကိုမပေးရ၊ သိုးခြံ၌သိုးကုန်၍ တင်းကုပ်၌နွားမရှိရ။ သို့သော်လည်း



ထာဝရဘုရား၌ဝမ်းမြောက်၍ ငါ့ကိုကယ်တင်တော်မူသော ဘုရားသခင်ကို အမှီပြုလျက် ရွှင်လန်းမည်။” ဟဗက္ကုတ် ၃း၁၇-၁၈။

သခင်ယေရှုခံစားခဲ့ရသော ပထမစုံစမ်းခြင်းကြီးထဲမှ ကျွန်ုပ်တို့နည်းနာယူရမည့်သင်ခန်းစာများတွင် ခံတွင်းတောင့်တခြင်းနှင့် ကာမဂုဏ်ခံစားခြင်းများကို ထိန်းချုပ်ခြင်းအပေါ် ရှုမြင်ချက်ထက်ပို၍အရေးပါသောအရာတစ်ခုမျှမရှိချေ။ ကိုယ်ကာယနှင့်ပတ်သက်သော သဘာဝကိုညွှတ်ပျောင်းစေသောစုံစမ်းခြင်းသည် ခေတ်အဆက်ဆက်လူသတ္တဝါများအား စာရိတ္တဖောက်ပြန်ပျက်စီး၍ ယုတ်ညံ့သိမ်ဖျင်းစေရာတွင် အထိရောက်ဆုံးသောအရာဖြစ်ပါသည်။ စာတန်သည် ချုပ်တည်းခြိုးခြံမှုမရှိခြင်းကိုအကြောင်းပြု၍ တန်ဖိုးမဖြတ်နိုင်သောအရာအနေဖြင့် လူသားများအား ဘုရားသခင်ပေးသနားထားတော်မူသောစိတ်တန်ခိုးနှင့် ကိုယ်ကျင့်တရားစွမ်းရည်များကိုဖျက်ဆီးရန် အလုပ်လုပ်နေပါသည်။ ထိုနည်းအားဖြင့် ထာဝရအဖိုးထိုက်သောအရာများကို လူသားများအနေနှင့် မှန်ကန်စွာနားလည်သဘောပေါက်ရန် မဖြစ်နိုင်သည့်အခြေသို့ရောက်လာပါသည်။ ကာမဂုဏ်ခံစားခြင်းကိုလိုက်စားခြင်းအားဖြင့် ဘုရားသခင်နှင့်တူသည့်သဲလွန်စတိုင်းကို လူသားများထံမှဖောက်ဖျက်ပစ်ရန် စာတန်ကြိုးစားနေပါသည်။

ထိန်းချုပ်မှုမရှိသော ကာမဂုဏ်လိုက်စားခြင်းနှင့် ၎င်း၏အကျိုးဆက်များဖြစ်သောရောဂါဘယများနှင့် ယုတ်ညံ့သိမ်ဖျင်းသောစိတ်ဓာတ်တို့သည် ခရစ်တော်ပထမအကြိမ်ကြွလာစဉ်ကထက် ဒုတိယအကြိမ်ကြွလာသောအချိန်တွင် ပို၍အရှိန်အဟုန်ကြီးမားစွာဖြင့် လူသားများတွင်တည်ရှိနေကြလိမ့်မည်။ ကမ္ဘာ၏အခြေအနေကို ရေလွှမ်းမိုးခြင်းအချိန်မတိုင်မီကကဲ့သို့လည်းကောင်း၊ သောဒုံနှင့်ဂေါမောရအချိန်ကကဲ့သို့လည်းကောင်း ဖြစ်လိမ့်မည်ဖြစ်ကြောင်းကို ခရစ်တော်မိန့်တော်မူထားပါသည်။ စိတ်နှလုံး၏အတွေးအခေါ်များနှင့်ကြံဆမှုတိုင်းသည် ဆိုးသွမ်းသောအရာများသာဖြစ်ကြလိမ့်မည်။ ကြောက်လန့်ဖွယ်ကောင်းသောထိုအချိန်ကို ရောက်လုဆဲဆဲအချိန်တွင် ကျွန်ုပ်တို့သည် အသက်ရှင်နေကြရာ ကျွန်ုပ်တို့သည် ခရစ်တော်၏အစာရှောင်ခြင်းသင်ခန်းစာကို စိတ်ထဲ၌စွဲမှတ်သင့်ပါ

သည်။ ခရစ်တော်ခံစားခဲ့ရသော မဖော်ပြနိုင်လောက်အောင်ပြင်းထန်သော ဒုက္ခဝေဒနာအားဖြင့်သာလျှင် ချုပ်တည်းမှုမရှိသောကာမဂုဏ်လိုက်စားခြင်း၏မကောင်းမှုကို ကျွန်ုပ်တို့ခန့်မှန်းနိုင်ကြပါသည်။ ထာဝရအသက်အတွက် တစ်ခုတည်းသောမျှော်လင့်ချက်သည် ခံတွင်း၏တောင့်တမှုကိုလည်းကောင်း၊ စိတ်နှလုံးစွဲလမ်းခြင်းတို့ကိုလည်းကောင်း ဘုရားသခင်၏အလိုတော်အတိုင်းလုပ်ဆောင်ခြင်းအားဖြင့်သာ ပြည့်စုံနိုင်ကြောင်း ကိုယ်တော်ရှင်၏ပုံသက်သေကဖွင့်ဟနေပါသည်။

ကျဆုံးနေသော ကျွန်ုပ်တို့၏လူသားဇာတိ၏တောင်းဆိုချက်များကို ငြင်းပယ်ရန်အတွက် မိမိခွန်အားများအားဖြင့် မတတ်နိုင်ကြချေ။ စာတန်သည် ထိုအားနည်းချက်အပေါ်အခွင့်ကောင်းယူ၍ ကျွန်ုပ်တို့ကိုစုံစမ်းနှောင့်ယှက်ပါလိမ့်မည်။ မိစဉ်ဖဆက်အားနည်းချက်များအပေါ် အခွင့်ကောင်းယူရန်အတွက်သော်လည်းကောင်း၊ မိမိ၏မှားယွင်းသောအယုံသွင်းမှုများအားဖြင့် ထာဝရဘုရားအား ယုံကြည်ကိုးစားမှုမရှိသောသူများအား ဖြားယောင်းရန်အတွက်သော်လည်းကောင်း စာတန်သည် လူသားများထံသို့ ချဉ်းကပ်လိမ့်မည်ဖြစ်ကြောင်းကို ခရစ်တော်သိရှိခဲ့ပါသည်။ ၎င်းပြင် လူသားများလျှောက်ရမည့်လမ်းကို ကျော်ဖြတ်ခဲ့ခြင်းအားဖြင့် သခင်ဘုရားသည် ကျွန်ုပ်တို့အတွက် အောင်မြင်ကျော်လွှားနိုင်ရန် နည်းလမ်းကိုပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် စာတန်နှင့်တိုက်လှန်ပွဲတွင် အခွင့်မသာစေနိုင်သည့်အနေအထားတွင်ရှိနေစေရန်လည်း ဘုရားသခင်အလိုတော်မရှိပါ။ စာတန်၏တိုက်ခိုက်မှုအားဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့အား ခြိမ်းခြောက်လိမ့်မည်မဟုတ်ချေ။ စိတ်အားလျော့အောင်လုပ်တော်မူလိမ့်မည်မဟုတ်ချေ။ "မစိုးရိမ်ကြနှင့်။ ငါသည်လောကကိုအောင်ပြီ" ဟု ကိုယ်တော်ရှင်မိန့်တော်မူခဲ့၏။ ယောဟန် ၁၆း၃၃။

အစားအစာအားဖြင့် စုံစမ်းခြင်းခံနေရသူများသည် တောထဲတွင် စုံစမ်းခြင်းခံခဲ့ရသည့် ကိုယ်တော်ရှင်ကိုကြည့်ပါစေ။ ရေငတ်သည်ဟု မိန့်တော်မူစဉ် ကပ်တိုင်ပေါ်တွင် ဒုက္ခဝေဒနာကိုခံစားနေရသောကိုယ်တော်ကို



ကြည့်ကြပါ။ ကျွန်ုပ်တို့ခံစားရမည့်အရာအားလုံးကို ကိုယ်တော်ရှင်ခံစားတော်မူခဲ့ပြီး ကိုယ်တော်၏အောင်မြင်ခြင်းသည် ကျွန်ုပ်တို့၏အောင်ခြင်းတည်း။

သခင်ယေရှုသည် ခမည်းတော်ဘုရား၏ဉာဏ်ပညာ၊ အစွမ်းသတ္တိများအပေါ်တွင် အားကိုးအားထားပြုတော်မူခဲ့ပါသည်။ "ထာဝရဘုရားသည် ငါ့ကိုစောင့်မတော်မူလိမ့်မည်။ ထို့ကြောင့် ငါမရှုံးရသည်ဖြစ်၍---ရှက်ကြောက်ခြင်းသို့မရောက်ရ-----ကြည့်ရှုလော့၊ အရှင်ထာဝရဘုရားသည် ငါ့ကိုစောင့်မတော်မူမည်။-----သင်တို့တွင် အဘယ်သူသည် ထာဝရဘုရားကိုကြောက်ရွံ့သနည်း။ အဘယ်သူသည် အလင်းမရှိဘဲ မှောင်မိုက်၌သွားလာသနည်း။ ထိုသူသည် ထာဝရဘုရား၏နာမတော်ကိုခိုလှုံ၍ မိမိဘုရားသခင်ကိုအမှီပြုပါစေ။" ဟေရှာ ၅၀း၇-၁၀။

"ဤလောကကိုအစိုးရသောမင်းသည် လာဆဲဖြစ်၏။ လာသော်လည်း ငါ၌အဘယ်အခွင့်အရာကိုမျှမတွေ့ရ။" ယောဟန် ၁၄း၃၀။ စာတန်၏စဉ်းလဲသောဆင်ခြေကိုတုံ့ပြန်မည့်အရာတစ်ခုမျှ ကိုယ်တော်၌မတွေ့ရချေ။ ကိုယ်တော်သည် အပြစ်ပြုရန်အတွက် လိုက်လျောခြင်းမရှိခဲ့သည့်ပြင် စုံစမ်းခြင်းသို့လိုက်ပါရန်အတွက် စိတ်ကူးပင်မကူးခဲ့ဖူးချေ။ ကျွန်ုပ်တို့အနေနှင့်လည်း ထိုကဲ့သို့အခြေအနေမျိုးဖြစ်နိုင်ကြပါသည်။ ခရစ်တော်၏လူသားဇာတိသည် ဘုရားဇာတိတော်နှင့်ပေါင်းစပ်ခဲ့သဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် စိတ်ထဲတွင်ကိန်းဝပ်နေသောကြောင့် ကိုယ်တော်သည် တိုက်လှန်ပွဲအတွက် သင့်လျော်သောအခြေအနေတွင်ရှိတော်မူခဲ့ပါသည်။ ၎င်းပြင်ကိုယ်တော်သည် ကျွန်ုပ်တို့အား ဘုရားပကတိကိုဆက်ဆံသောသူများဖြစ်အောင်ပြုလုပ်ပေးရန် ကြွလာတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်ရှင်နှင့်တစ်လုံးတစ်ဝတည်းရှိနေသမျှကာလပတ်လုံး အပြစ်တရားသည် ကျွန်ုပ်တို့ကိုစိုးမိုးခြယ်လှယ်ခြင်းမပြုချေ။ ကျွန်ုပ်တို့သည် စုံလင်သောစာရိတ္တကိုရယူနိုင်စေရန်အလို့ငှါ ထာဝရဘုရားသည် ခရစ်တော်၏ဘုရားဇာတိတော်အပေါ် ခိုင်မြဲစွာဆုပ်ကိုင်ထားရန်အတွက်ညွှန်ပြရန် ကျွန်ုပ်တို့တွင်ရှိနေသောယုံကြည်ခြင်းအစွမ်းအစများကို လက်ကမ်းတော်မူပါသည်။

စုံလင်သောစာရိတ္တကို မည်ကဲ့သို့ရနိုင်ကြောင်းကိုလည်း ခရစ်တော်သည် ကျွန်ုပ်တို့အားပြထားတော်မူပြီးဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် တိုက်လှန်ပွဲတွင် စာတန်ကိုမည်သည့်နည်းအားဖြင့် အောင်မြင်တော်မူခဲ့သနည်း။ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်ပင်ဖြစ်ပါသည်။ ကိုယ်တော်သည် နှုတ်ကပတ်တော်အားဖြင့်သာ စုံစမ်းခြင်းကိုတွန်းလှန်နိုင်ခဲ့ပါသည်။ "ကျမ်းစာလာသည်ကား" ဟူ၍ ကိုယ်တော်မိန့်မြွက်တော်မူခဲ့ပါသည်။ ၎င်းပြင် "အလွန်ကြီးမြတ်၍ အဖိုးထိုက်သောကတိများကိုအမှီပြု၍ သင်တို့သည် လောကီတပ်မက်ခြင်းအညစ်အကြေးနှင့်ကင်းလွတ်သဖြင့် ဘုရားပကတိကိုဆက်ခံရသောသူဖြစ်ကြမည့်အကြောင်းတည်း" (၂ပေ၊ ၁း၄) ဟူ၍လည်း မိန့်တော်မူထားပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ပေးထားသည့်ကတိတော်များသည် ကျွန်ုပ်တို့အတွက်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်တော်မှယိုစီးလာသောနှုတ်ကပတ်တော်များအားဖြင့် ကျွန်ုပ်တို့အသက်ရှင်နေထိုင်ကြရပါမည်။ စုံစမ်းခြင်းကိုခံရသောအခါ ပတ်ဝန်းကျင်အခြေအနေများနှင့် မိမိ၏အားနည်းချက်များကိုမကြည့်ဘဲ နှုတ်ကပတ်တော်၏တန်ခိုးတော်ကိုသာကြည့်ကြပါ။ နှုတ်ကပတ်တော်၏ခပ်သိမ်းသောအစွမ်းသတ္တိများသည် သင့်အတွက်ဖြစ်ပါသည်။ "ကိုယ်တော်ကိုမပြစ်မှားဘဲနေနိုင်မည်အကြောင်း၊ ဗျာဒိတ်တော်ကို နှလုံးထဲမှာသိုထားပါပြီ။ ဖျက်ဆီးတတ်သောသူ၏လမ်းတို့ကို နှုတ်ကပတ်တော်အားဖြင့် အကျွန်ုပ်ရှောင်ပါပြီ။" (ဆာလံ ၁၁၉း၁၁။ ၁၇း၄) ဟူ၍ ဆာလံဆရာကရေးသားထားပါသည်။

-o-



# (၁၃)
# အောင်မြင်ခြင်း

ရှင်မဿဲ ၄း၅-၁၁။ မာကု ၁း၁၂-၁၃။ လုကာ ၄း၅-၁၃
ကိုအခြေပြုထားပါသည်

"မာရ်နတ်သည် ယေရှုကို သန့်ရှင်းသောမြို့တော်သို့ဆောင်သွား၍ ဗိမာန်တော်၏အထွတ်၌တင်ထားပြီးလျှင် ကျမ်းစာလာသည်ကား၊ ကောင်းကင်တမန်တို့အား သင့်အဖို့မှာထားတော်မူသည်ဖြစ်၍ သင်၏ခြေကို ကျောက်နှင့်မထိမခိုက်စေခြင်းငှါ သူတို့သည် သင့်ကိုလက်ဖြင့်မစချီပင့်ကြလိမ့်မည်ဟုလာ၏။ ထို့ကြောင့် ဘုရားသခင်၏သားတော်မှန်လျှင် ကိုယ်ကိုအောက်သို့ချလိုက်ပါဟုလျှောက်လေ၏။"

စာတန်သည် ယခုအချိန်တွင် မိမိ၏ပိုင်နက်တွင် ခရစ်တော်နှင့်ရင်ဆိုင်နေရသည်ဟု ယူဆနေပါသည်။ လှည့်ဖြားတတ်သောထိုရန်သူသည် ဘုရားသခင်၏နှုတ်တော်မှထွက်တော်မူခဲ့သည့် နှုတ်ကပတ်တော်များကို ကိုယ်တိုင်ရွတ်ဆိုပြနေပါသည်။ စာတန်သည် ယခုတိုင်အောင် သန့်ရှင်းသောကောင်းကင်တမန်တစ်ပါးကဲ့သို့ လက္ခဏာရှိနေပြီး မိမိသည် သမ္မာကျမ်းစာကိုသိကျွမ်းကြောင်း၊ အရေးပါသောသမ္မာကျမ်းချက်များကိုနားလည်ကြောင်း ထိုသို့ပြုလုပ်ခြင်းအားဖြင့် သက်သေထင်ရှားစေခဲ့ပါသည်။ ယခင်က ခရစ်တော်သည် မိမိ၏ယုံကြည်ခြင်းကိုထောက်မရန် နှုတ်ကပတ်တော်ကို အသုံးပြုခဲ့သကဲ့သို့ ယခုအချိန်တွင် စာတန်သည် မိမိ၏လိမ်ညာမှုကို ကာသာပေးရန် နှုတ်ကပတ်တော်ကိုအသုံးပြုနေပါသည်။ သူသည် ခရစ်တော်၏စောင့်သိခြင်းကို စမ်းသပ်နေခြင်းသာဖြစ်ကြောင်း၊ ယခုတွင် ကိုယ်တော်၏တည်ကြည်မှုအတွက်ချီးမွမ်းကြောင်းကို အခိုင်အမာပြောနေပါသည်။ ကယ်တင်ရှင်သည် ထာဝရဘုရား၌ မိမိ၏ယုံကြည်ကိုးစားမှုကို ထင်ရှားစွာပြသခဲ့သော်လည်း ကိုယ်တော်၏ယုံကြည်ခြင်းအတွက် အခြား

သက်သေအထောက်အထားတစ်ခုကို ဆက်လက်ပြသရန် စာတန်တိုက်တွန်းနေပါသည်။

သို့သော် နောက်ထပ်စုံစမ်းခြင်းကို "ဘုရားသခင်၏သားတော်မှန်လျှင်" ဟူသောမယုံကြည်မှုကို ထိကပါးရိကပါးပြောပြခြင်းဖြင့် နိဒါန်းပျိုးထားပါသည်။ "လျှင်" ဆိုသောစကားကိုဖြေရန် ခရစ်တော်သည် အစုံအစမ်းခံနေရသော်လည်း သံသယစိတ်ကို စိုးစဉ်းမျှမရှိစေရန် ကိုယ်တော်ကြဉ်ရှောင်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် စာတန်အား သက်သေအထောက်အထားပြရန်အလို့ငှါ၊ မိမိအသက်တာကို ဘေးအန္တရာယ်သင့်ရောက်စေလိမ့်မည်မဟုတ်ချေ။

ထိုသွေးဆောင်ဖြားယောင်းသူသည် ခရစ်တော်၏လူသားဇာတိအပေါ်တွင် အခွင့်အရေးယူရန် ကြံစည်ခဲ့ပြီး ရဲရင့်သောဒုစရိုက်ပြုခြင်းအတွက် ကိုယ်တော်အားတိုက်တွန်းနေပါသည်။ စာတန်သည် သွေးဆောင်ဖြားယောင်းနိုင်သော်လည်း အပြစ်ကျူးလွန်ရန် အတင်းအကျပ်မပြုလုပ်နိုင်ချေ။ သူသည် ခရစ်တော်ကိုအောက်သို့တွန်းချရန်မစွမ်းနိုင်ကြောင်းသိရှိသဖြင့် "ကိုယ်ကိုအောက်သို့ချလိုက်တော်မူပါ" ဟု ကိုယ်တော်အားပြောခဲ့ပါသည်။ အကြောင်းမူကား တွန်းချလိုက်လျှင်လည်း ဘုရားသခင်သည် ကိုယ်တော်အားကယ်ဆယ်ရန် ကြားဝင်ဆောင်ရွက်တော်မူပါလိမ့်မည်။ ၎င်းပြင် ခရစ်တော်ကိုယ်တော်တိုင် မိမိသဘောအတိုင်းခုန်ချရန်လည်း စာတန်သည် အနိုင်အထက်မပြုလုပ်နိုင်ချေ။ ခရစ်တော်သည် စုံစမ်းခြင်းသို့လိုက်ပါရန် သဘောမတူခဲ့လျှင် စုံစမ်းခြင်းကိုအောင်မြင်ကျော်လွှားနိုင်မည်သာဖြစ်ပါသည်။ ကိုယ်တော်အား ဘုရားသခင်၏အလိုတော်မှသွေဖည်သွားရန် လောကအာဏာစက်အားလုံးတို့သည်လည်းကောင်း၊ မရဏာနိုင်ငံမှအာဏာစက်များသည်လည်းကောင်း စိုးစဉ်းမျှအနိုင်အထက်ပြုနိုင်စွမ်းမရှိကြချေ။

သွေးဆောင်ဖြားယောင်းသူသည် ကျွန်ုပ်တို့အား ဒုစရိုက်ပြုရန် အနိုင်အထက်မပြုနိုင်ပါချေ။ ၎င်း၏ထိန်းချုပ်မှုအောက်သို့ အလျှော့ပေးအညံ့ခံခြင်းမပြုခဲ့ပါလျှင် စာတန်သည် လူတို့၏စိတ်ကိုမထိန်းချုပ်နိုင်ပါချေ။



သူသည် မိမိ၏တန်ခိုးကို ကျွန်ုပ်တို့၏အသက်တာတွင်အသုံးမချမီကျွန်ုပ်တို့သည် အလိုတော်ကိုလိုက်လျော၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်ကိုကိုင်ဆွဲရပါမည်။ သို့သော် ကျွန်ုပ်တို့မြတ်နိုးသည့် အပြစ်များသောအလိုဆန္ဒတိုင်းသည် စာတန်အားခြေကုပ်ရစေပါသည်။ ဘုရားသခင်ပေးထားသည့်အသက်တာ 'စံ' အတိုင်းနေထိုင်လုပ်ဆောင်ရန် ပျက်ကွက်သောအရာတိုင်းသည် ကျွန်ုပ်တို့ကို စာတန်စုံစမ်းဖျက်ဆီးရန်ဝင်ရောက်လာနိုင်သည့်တံခါးပေါက်များဖြစ်နေပါသည်။ ကျွန်ုပ်တို့၏ပျက်ကွက်မှုများသည် ခရစ်တော်ကိုအပြစ်တင်ရန် စာတန်အတွက်အခွင့်ကောင်းများဖြစ်စေပါသည်။

စာတန်သည် ကတိတော်ကိုကိုးကားဖော်ပြရာတွင် "ကောင်းကင်တမန်တို့အား သင့်အဖို့မှာထားတော်မူသည်ဖြစ်၍" ဟူသောစာကြောင်းကိုသာသုံး၍ "သွားလေရာရာ၌ သင့်ကိုစောင့်ရှောက်စေခြင်းငှါ" ဆိုသည့်စကားစုကိုချန်ထားခဲ့ပါသည်။ "သွားလေရာရာ၌" ဟုဆိုရာတွင် ဘုရားသခင်ရွေးချယ်ထားသောလမ်းများကိုဆိုလိုပါသည်။ ယေရှုခရစ်သည် နားထောင်ခြင်းလမ်းကြောင်းမှ အပြင်သို့ကျော်သွားရန် ငြင်းဆန်တော်မူခဲ့ပါသည်။ အဖခမည်းတော်အပေါ် စုံလင်သောယုံကြည်ကိုးစားမှုကိုထင်ရှားစေစဉ်တွင် မိမိအား သေခြင်းမှကယ်ရန် ဘုရားသခင်၏ကြားဝင်ဆောင်ရွက်ခြင်းကို မလွဲမသွေဖြစ်စေမည့်အနေအထားမျိုးတွင် ဘုရားသခင်၏အမိန့်မပါဘဲ ကိုယ်တော်သည် မိမိကိုယ်ကိုထားတော်မူလိမ့်မည်မဟုတ်ချေ။ မိမိ၏လွတ်မြောက်ရေးအတွက် ကြွလာရန် ဘုရားသခင်အားအတင်းအကျပ်တောင်းခံလိမ့်မည်မဟုတ်ချေ။ ထိုသို့လုပ်မိလျှင် ယုံကြည်ကိုးစားခြင်းနှင့်အပ်နှံခြင်းအတွက် လူသားများအားပေးရမည့်ပုံသက်သေကိုကိုယ်တော်ပေးနိုင်တော့မည်မဟုတ်ချေ။

ယေရှုကလည်း သင်၏ဘုရားသခင်ထာဝရဘုရားကို အစုံအစမ်းမပြုရဟု ကျမ်းစာလာပြန်သည်ဟု မိန့်တော်မူ၏။ "ထာဝရဘုရားသည် ငါတို့တွင်ရှိသလော၊ မရှိသလော" ဟု အော်ဟစ်ကာရေငတ်နေသော ဣသရေလများသည် မောရှေအားရေပေးရန် တောင်းခံကြသောအခါ

ဤစကားများကို မောရှေပြောကြားခဲ့ပါသည်။ ထာဝရဘုရားသည် ထိုသူများအတွက် အံ့ဩဖွယ်ပြုတော်မူခဲ့သော်လည်း ဒုက္ခနှင့်ရင်ဆိုင်ရသောအခါ သူတို့သည် သံသယစိတ်များဝင်လာကာ ကိုယ်တော်သည် ၎င်းတို့နှင့်အတူရှိကြောင်း အထောက်အထားများကို တောင်းခံလာခဲ့ကြပါသည်။ မယုံကြည်သောကြောင့် ကိုယ်တော်ရှင်ကို အစုံအစမ်းပြုခဲ့ကြပါသည်။ စာတန်သည် ထိုနည်းနှင်နှင်ပင် ခရစ်တော်အား တိုက်တွန်းနေပါသည်။ ယေရှုခရစ်သည် မိမိ၏သားတော်ဖြစ်ကြောင်း ထာဝရဘုရားသည် သက်သေခံတော်မူခဲ့ပြီးဖြစ်သဖြင့် ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း သက်သေအထောက်အထားကို ယခုတောင်းခံနေခြင်းသည် ဘုရား၏နှုတ်ထွက်စကားများကို အစုံအစမ်းပြုနေခြင်းဖြစ်ပြီး ဘုရားသခင်အားစုံစမ်းနေခြင်းဖြစ်ပါသည်။ ၎င်းပြင် ဘုရားသခင်ကတိတော်ပေးမထားခဲ့သောအရာများကို တောင်းခံခြင်းသည်လည်း မယုံကြည်မှုကို ထင်ရှားစေသည့်အပြင် ဘုရားသခင်ကိုအမှန်တကယ်စုံစမ်းနေခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် မိမိနှုတ်ကပတ်တော်များကိုပြည့်စုံစေလိမ့်မည်ဖြစ်သောကြောင့် နှုတ်ကပတ်တော်ကိုပြည့်စုံစေမည်၊ မပြည့်စုံစေမည်ကိုစမ်းသပ်ရန်အတွက် ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ဆုမတောင်းသင့်ကြချေ။ ကိုယ်တော်သည် ကျွန်ုပ်တို့အားချစ်သောကြောင့် ချစ်၊ မချစ်အတွက်မစုံစမ်းသင့်ချေ။ “ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင်ထံတော်သို့ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုလည်းကောင်း ယုံကြည်ရမည်။” ဟေဗြဲ ၁၁း၆။

သို့သော် ယုံကြည်ခြင်းသည် ရဲရင့်သောဒုစရိုက်ပြုခြင်းနှင့် မည်သို့မျှမဆက်နွှယ်ပါချေ။ စစ်မှန်သောယုံကြည်ခြင်းရှိသူသည် ရဲရင့်သောဒုစရိုက်ပြုခြင်း၏အန္တရာယ်မှကင်းလွတ်ပါသည်။ အကြောင်းမူကား ရဲရင့်သောဒုစရိုက်ပြုခြင်းသည် စာတန်၏ယုံကြည်ခြင်းအတုဖြစ်သောကြောင့်တည်း။ ယုံကြည်ခြင်းသည် ဘုရားသခင်၏ကတိတော်များကို တောင်းဆို၍ နာခံခြင်းအသီးအပွင့်ကိုဖြစ်စေပါသည်။ ရဲရင့်သောဒုစရိုက်ပြုခြင်းသည် ထိုကတိတော်များကို အခိုင်အမာပြောဆိုသော်လည်း စာတန်ကဲ့သို့ပင် အပြစ်ကျူးလွန်ခြင်းကိုခွင့်ပြုရန်အတွက် ထိုကတိတော်များကိုအသုံးပြုပါသည်။ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏မိဦးဖဦးအား ဘုရားသခင်၏မေတ္တာတော်ကိုကိုးစားစေ၍ ကိုယ်တော်၏ပညတ်ချက်များအား လိုက်နာစေခဲ့ပါသည်။ ရဲရင့်သောဒုစရိုက်ပြုခြင်းမှာမူ ကိုယ်တော်၏ကြီးမားလှသောမေတ္တာတော်သည် ၎င်းတို့အား အပြစ်၏အဖိုးအခထဲမှ ကယ်တင်လိမ့်မည်ဟုယုံကြည်စေလျက် ၎င်းတို့အား ပညတ်တော်ကိုချိုးဖောက်ရန်ပို့ဆောင်ပါသည်။ ကရုဏာတော်ရနိုင်မည့်အခြေအနေနှင့်ကိုက်ညီအောင်မဆောင်ရွက်ဘဲ ထိုယုံကြည်ခြင်းသည် ဘုရားသခင်၏ကျေးဇူးပြုခြင်းကို မတောင်းခံချေ။ စစ်မှန်သောယုံကြည်ခြင်းသည် ကတိတော်များနှင့် သမ္မာကျမ်းစာ၏ပြဋ္ဌာန်းချက်များအပေါ်တွင် အခြေခံထားပါသည်။

စာတန်သည် တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့အားမယုံကြည်အောင်မလုပ်နိုင်သော်လည်း ရဲရင့်သောဒုစရိုက်ကိုပြုရန် သွေးဆောင်နိုင်ပါသည်။ အကယ်၍မလိုအပ်ဘဲ မိမိကိုယ်ကိုစုံစမ်းခြင်းခံရမည့်အခြေအနေတွင်ရှိစေရန် ကျွန်ုပ်တို့အား စာတန်လုပ်ဆောင်နိုင်မည်ဆိုလျှင် အောင်မြင်မှုသရဖူသည် သူ့အတွက်ဖြစ်မည်ကို စာတန်သိပါသည်။ ဘုရားသခင်သည် နာခံခြင်းရှိသောသူအပေါင်းကို စောင့်ရှောက်တော်မူမည်ဖြစ်ပြီး တရားလမ်းမှသွေဖည်သွားသူသည် စာတန်၏ပိုင်နက်တွင်စွန့်စားနေခြင်းသာဖြစ်ပါသည်။ ထိုနေရာတွင် ကျွန်ုပ်တို့သည် သေချာပေါက်ကျဆုံးကြမည်သာတည်း။ “စုံစမ်းခြင်းနှင့်ကင်းလွတ်မည်အကြောင်း ဆုတောင်းလျက်စောင့်နေကြလော့” ဟု ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အားမိန့်မှာတော်မူခဲ့ပါသည်။ တရားတော်ကိုဆင်ခြင်သုံးသပ်ခြင်းနှင့် ဆုတောင်းခြင်းများသည် အန္တရာယ်လမ်းထဲသို့ပို့ဆောင်သော အလျင်စလိုလုပ်ဆောင်ခြင်းများမှ ကျွန်ုပ်တို့အားကင်းဝေးစေပါလိမ့်မည်။ ထိုနည်းအားဖြင့် ကျွန်ုပ်တို့အား များစွာသောချို့ယွင်းမှုများမှကယ်တင်ပါလိမ့်မည်။

သို့စေကာမူ ကျွန်ုပ်တို့သည် စုံစမ်းခြင်းခံရသောအခါ အားမလျှော့သင့်ကြချေ။ စုံစမ်းခြင်းခံရသောအခြေအနေသို့ရောက်သောအချိန်တွင်

ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့အားပို့ဆောင်ခဲ့ခြင်းဖြစ်သည်ဟု မကြာခဏကျွန်ုပ်တို့သံသယဖြစ်တတ်ကြပါသည်။ သို့သော် မာရ်နတ်၏





စုံစမ်းသွေးဆောင်ခြင်းကိုခံစေမည့်အကြောင်း ဝိညာဉ်တော်သည် ယေရှုကိုတောသို့ပို့ဆောင်တော်မူခဲ့၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အားစုံစမ်းခြင်းခံရန် ခေါ်ဆောင်လာသောအခါ ကိုယ်တော်၌ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် ပြီးစီးစွာဆောင်ရွက်ရန် အကြံအစည်တစ်ခုရှိတော်မူပါသည်။ ခရစ်တော်သည် အမိန့်တော်မရှိဘဲ စုံစမ်းခြင်းထဲသို့ဝင်စားခြင်းအားဖြင့် ဘုရားသခင်၏ကတိတော်များကို တလွဲအသုံးမချခဲ့သည့်ပြင် စုံစမ်းခြင်းခံရသောအခါတွင်လည်း စိတ်ပျက်အားလျော့ခြင်းရှိတော်မမူခဲ့ချေ။ ကျွန်ုပ်တို့သည်လည်း ထိုနည်းအတူဖြစ်သင့်ကြပါသည်။ "ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ သင်တို့မခံနိုင်သောစုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့၌ရောက်စိမ့်သောငှါ အခွင့်ပေးတော်မမူ။ သင်တို့သည် ခံနိုင်မည့်အကြောင်း စုံစမ်းနှောင့်ယှက်ခြင်းနှင့်တကွ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်။" ၁ကော ၁၀း၁၃။ "ကျေးဇူးတော်ကိုချီးမွမ်းခြင်းယဇ်ကို ဘုရားသခင်အားပူဇော်လော့။ သစ္စာကတိထားသည့်အတိုင်း အမြင့်ဆုံးသောဘုရား၌ သစ္စာဝတ်ကိုဖြေလော့။ အမှုရောက်သည်ကာလ၌ ငါ့ကိုပတ္ထနာပြုလော့၊ ငါသည်ကယ်လွှတ်မည်၊ သင်သည်လည်း ငါ့ကိုချီးမွမ်းလိမ့်မည်ဟု မိန့်တော်မူ၏။" ဆာလံ ၅၀း၁၄-၁၅။

ခရစ်တော်သည် ဒုတိယအကြိမ်ခံရသောစုံစမ်းခြင်းတွင်လည်း အောင်နိုင်သူတစ်ပါးဖြစ်ခဲ့ပါသည်။ ယခုတွင် စာတန်သည် မိမိ၏ဇာတိရုပ်မှန်ကိုပေါ်လွင်ထင်ရှားစေခဲ့ပါသည်။ သို့သော်လည်း သူသည် ကွဲနေသောခွာကြီးများ၊ လင်းနို့အတောင်များနှင့် ကြောက်လန့်စက်ဆုပ်ဖွယ်ကောင်းသောဧရာမသတ္တဝါကြီးတစ်ကောင်ကဲ့သို့ ပေါ်ထွန်းမလာခဲ့ချေ။ ကျဆုံးနေသောကောင်းကင်တမန်ဖြစ်သော်လည်း ခွန်အားကြီးသောကောင်းကင်တမန်တစ်ပါးဖြစ်နေဆဲဖြစ်ပြီး မိမိကိုယ်ကိုဆန့်ကျင်မှု၏ခေါင်းဆောင်အနေဖြင့်လည်းကောင်း၊ လောကကမ္ဘာ၏ဘုရားတစ်ဆူအနေဖြင့်လည်းကောင်း သူအတိအလင်းသတ်မှတ်ထားခဲ့ပါသည်။

မာရ်နတ်သည် ယေရှုကိုတောင်ပေါ်သို့ဆောင်သွား၍ ကမ္ဘာလောကတွင်ရှိသော တိုင်းနိုင်ငံများ၏ဘုန်းစည်းစိမ်များကို ကိုယ်တော်၏

ရှေ့မှောက်၌ မြင်ကွင်းကျယ်ရှုခင်းအသွင်ဖြင့် ထင်ရှားစေခဲ့ပါသည်။ နေရောင်ခြည်သည် ဗိမာန်တော်များစွာရှိနေသောမြို့တော်များ၊ သလင်းကျောက်များဖြင့်တည်ဆောက်ထားသောနန်းတော်များ၊ မြေသြဇာကောင်းမွန်သောလယ်ကွင်းများနှင့် အသီးတို့ပြွတ်နေသောစပျစ်ဥယျာဉ်များအပေါ်သို့ ကျရောက်ထွန်းလင်းနေပါသည်။ ဒုစရိုက်၏အစအနများကိုဖုံးကွယ်ထားပါသည်။ ယခင်ကစိတ်ပျက်ဖွယ်ရာများ၊ ပျက်စီးခြင်းများနှင့် တွေ့ထိခံစားခဲ့ရသောခရစ်တော်၏မျက်ဝန်းတော်များသည် ယခုတွင်ချစ်လိုဖွယ်ကောင်းခြင်းနှင့်သာယာလှပမှုများ၌ မည်သည့်အရာကမျှ သာလွန်နိုင်ခြင်းမရှိသော မြင်ကွင်းတစ်ခုကိုစူးစိုက်၍ကြည့်တော်မူခဲ့ပါသည်။ ထိုအချိန်တွင် စာတန်၏အသံသည် ပေါ်ထွက်လာသည်ကား "ဤဘုန်းတန်ခိုးအာနုဘော်ရှိသမျှကို ငါ၌အပ်ပြီ။ ငါသည် ပေးလိုသောသူအားပေးရသည်ဖြစ်၍ ကိုယ်တော်အားပေးပါမည်။ ငါ့ကိုကိုးကွယ်လျှင် ဤအလုံးစုံတို့သည် ကိုယ်တော်၏ဥစ္စာဖြစ်လိမ့်မည်" ဟုလျှောက်လေ၏။

ခရစ်တော်၏အမှုတော်သည် ဒုက္ခဆင်းရဲခံစားခြင်းအားဖြင့်သာ ပြည့်စုံပြီးမြောက်စေနိုင်ပါသည်။ ကိုယ်တော်၏ရှေ့တော်မှောက်တွင် ဝမ်းနည်းခြင်းနှင့်ပြည့်ဝပြီး ခဲယဉ်းကျပ်တည်း၍ တိုက်လှန်ပွဲနှင့်ပြည့်ဝသော အသက်တာများနှင့် ရှက်ဖွယ်ကောင်းသောအသေခံခြင်းများရှိနေခဲ့ပါသည်။ ကိုယ်တော်သည် ကမ္ဘာတစ်ခုလုံး၏အပြစ်များကိုယူတင်ဝတ်ဆောင်မည်ဖြစ်ပြီး ခမည်းတော်၏မေတ္တာတော်နှင့်ခွဲခွာခြင်းကိုခံရမည်ဖြစ်သည်။ ယခုတွင် သွေးဆောင်သူသည် မိမိအမွေရယူထားခဲ့သောတန်ခိုးအာဏာကို ပေးအပ်ရန် ထုတ်ဖော်နေပါသည်။ ခရစ်တော်သည် စာတန်၏အချုပ်အခြာအာဏာရှိခြင်းကို အသိအမှတ်ပြုခြင်းအားဖြင့် ကြောက်လန့်ဖွယ်အနာဂတ်မှ မိမိကိုယ်ကိုလွတ်မြောက်စေနိုင်ပါမည်။ သို့သော် ဤကဲ့သို့ပြုလုပ်ခြင်းသည် တိုက်လှန်ပွဲကြီးတွင်ရရှိမည့်အောင်မြင်မှုသရဖူကို အရှုံးပေးလက်လျှော့လိုက်ခြင်းဖြစ်ပါသည်။ မိမိကိုယ်ကို ဘုရားသခင်၏သားတော်၏အထက်တွင် ချီးမြှောက်ရန်ကြိုးစားခြင်းဖြင့် စာတန်သည် ကောင်းကင်နိုင်ငံတွင် အပြစ်



ကျူးလွန်ခဲ့ပြီးဖြစ်ပါသည်။ ယခုအချိန်တွင် သူအောင်နိုင်မည်ဆိုလျှင်လည်း ထိုအောင်မြင်မှုသည် ခြားနားမှု၏အောင်မြင်မှုသာဖြစ်ပေလိမ့်မည်။

ဤဘုန်းတန်ခိုးအာနုဘော်တော်ရှိသမျှကို ငါ၌အပ်ခဲ့ပြီ။ ငါသည် ပေးလိုသောသူအားပေးရသည်ဟူသော စာတန်၏လျှောက်ထားချက်သည် အမှန်တစ်ပိုင်းကိုသာကွက်၍ ဖော်ပြထားခြင်းဖြစ်ပါသည်။ ၎င်းပြင် ထိုမှန်သောအပိုင်းကလေးကိုလည်း မိမိ၏လိမ်ညာလှည့်စားခြင်းအကြံထမြောက်စေရန်သာ သူပြောဆိုအသုံးပြုခဲ့ပါသည်။ စာတန်၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုသည် ဖန်ဆင်းရှင်၏ကိုယ်စားဖြစ်သည့် အာဒံမှလုယူထားသောအရာဖြစ်ပါသည်။ သူရရှိထားသောအချုပ်အခြာအာဏာသည် လွတ်လပ်သောအုပ်စိုးမှုတစ်ခုမဟုတ်ခဲ့ချေ။ ကမ္ဘာလောကသည် ကိုယ်တော်ပိုင်တော်မူသောအရာဖြစ်တော်မူ၍ ခပ်သိမ်းသောအရာတို့ကို ထာဝရဘုရားသည် သားတော်ကိုအပ်နှင်းတော်မူခဲ့ပြီးဖြစ်သည်။ အာဒံသည် ခရစ်တော်၏လက်အောက်တွင် ကမ္ဘာကြီးကိုအုပ်စိုးရန်ဖြစ်ပါသည်။ မိမိ၏အုပ်စိုးခွင့်အာဏာကို စာတန်၏လက်ထဲသို့အပ်နှံခဲ့သောအချိန်တွင် ခရစ်တော်သည် တရားဝင်ဘုရင်ကြီးအနေဖြင့် ဆက်လက်တည်ရှိနေပါသေးသည်။ ဘုရားသခင်သည် နေဗုခဒ်နေဇာမင်းကြီးအား မိန့်မြွက်တော်မူခဲ့သည်မှာ "အမြင့်ဆုံးသောဘုရားသည် လောကီနိုင်ငံကိုအုပ်စိုးတော်မူ၍ ပေးလိုတော်မူသောသူအား ပေးတော်မူသည်" ဟူ၏။ ဒံယေလ ၄း၁၇။ စာတန်သည် မတရားလုယူထားသော မိမိ၏တန်ခိုးအာဏာကို ဘုရားသခင်ခွင့်ပြုသလောက်သာအသုံးပြုနိုင်ပါသည်။

သွေးဆောင်ဖြားယောင်းသူသည် လောကီနိုင်ငံများနှင့် ဘုန်းတန်ခိုးအာနုဘော်တော်များကို ခရစ်တော်အားပေးအပ်နေသောအချိန်တွင် ခရစ်တော်အနေနှင့် ကမ္ဘာလောက၏စစ်မှန်သောဘုရင်အရိုက်အရာကို စွန့်လွှတ်၍ ၎င်းကိုလက်အောက်ခံသည့် အချုပ်အခြာအာဏာကိုကိုင်စွဲရန် အဆိုပြုနေခြင်းဖြစ်ပါသည်။ ယုဒလူမျိုးများတို့မျှော်လင့်ခဲ့သောအုပ်စိုးမှုမျိုးသည် ထိုကဲ့သို့သောအုပ်စိုးမှုမျိုးဖြစ်ပါသည်။ ခရစ်တော်သည် ထိုသို့သောတိုင်းနိုင်ငံမျိုးကို ၎င်းတို့အားပေးအပ်ရန် သဘောတူတော်မူခဲ့လျှင် ယုဒ

များသည် ကိုယ်တော်ကိုဝမ်းပန်းတသာကြိုကြိုပေလိမ့်မည်။ သို့သော် အမင်္ဂလာများနှင့်ပြည့်ဝသောအပြစ်၏ကျိန်ခြင်းသည် ကမ္ဘာလောက အပေါ်သို့ကျရောက်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ခရစ်တော်သည် စာတန် အားမိန့်တော်မူသည်ကား "အချင်းစာတန်၊ နောက်သို့ဆုတ်လော့၊ သင်၏ ဘုရားသခင်ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည်ကျမ်းစာလာသည်" ဟူ၏။

ကောင်းကင်နိုင်ငံတွင်ထကြွခဲ့သောစာတန်သည် ကိုယ်တော်အား ဒုစရိုက်လမ်းစဉ်များကိုကိုးကွယ်မှုပြုရန် လောကီနိုင်ငံများကို လာဘ်ထိုးနေပါသည်။ သို့ပါသော်လည်း ကိုယ်တော်ကို ထိုကဲ့သို့ပြု၍ရလိမ့်မည်မဟုတ်ချေ။ ခရစ်တော်သည် ဖြောင့်မတ်ခြင်းနှင့်ဆိုင်သောနိုင်ငံတစ်ခုကို တည်ထောင်ရန် ကြွလာခဲ့ပြီး ထိုအကြံအစည်တော်ကို စွန့်လွှတ်တော်မူလိမ့်မည်မဟုတ်ချေ။ ထိုကဲ့သို့ထပ်တူထပ်မျှသောစုံစမ်းခြင်းမျိုးကိုအသုံးပြု၍ စာတန်သည် လူများထံသို့ချဉ်းကပ်ခဲ့ရာ ခရစ်တော်ကိုစုံစမ်းခဲ့သည်ထက်ပို၍ အောင်မြင်မှု ရရှိခဲ့ပါသည်။ မိမိ၏အုပ်စိုးခွင့်ကို အသိအမှတ်ပြုခြင်းအခြေအနေပေါ်တွင် မူတည်၍ စာတန်သည် ဤလောကီနိုင်ငံနှင့်ပတ်သက်သောအရာများကို လူသားများအားပေးအပ်ခဲ့ပါသည်။ လူများသည် ရိုးသားတည်ကြည်မှုကို စွန့်လွှတ်ရန်၊ သြတ္တပ္ပစိတ်၏နှိုးဆော်မှုကိုဂရုမပြုရန်နှင့် တစ်ကိုယ်ကောင်း ကြံခြင်းများကိုလိုက်စားကြရန် သူတောင်းဆိုခဲ့ပါသည်။ ခရစ်တော်သည် ၎င်းတို့အား ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာ ရှာကြရန် တောင်းပန်တော်မူသော်လည်း စာတန်သည် ၎င်းတို့၏နံဘေးသို့ လျှောက်လာကာ "ထာဝရအသက်နှင့်စပ်လျဉ်း၍ မည်သည့်အရာမဆို မှန်သည်ဟုပြောဆိုနိုင်စေကာမူ၊ ဤလောကတွင် အောင်မြင်မှုရရှိစေရန် အလို့ငှါ သင်သည် ငါ့ကိုကိုးကွယ်ရမည်။ သင်၏သာရေးနာရေးသည် ငါ့လက်ထဲတွင်ရှိသည်။ ကြွယ်ဝချမ်းသာခြင်း၊ စည်းစိမ်ခံစားခြင်း၊ ဂုဏ် အသရေနှင့်ပျော်ရွှင်မှုများကို သင့်အားငါပေးနိုင်သည်။ ငါ့စကားကို နားထောင်ပါ။ ရိုးသားဖြောင့်မတ်ခြင်း (သို့မဟုတ်) မိမိကိုယ်ကိုအနစ်နာခံ ခြင်းများနှင့်ပတ်သက်သောစိတ်ရှုပေါက်ရာတွေးခေါ်ရာမှ ဖြစ်ပေါ်လာ



သောအာသာရမ္မက်များနောက်သို့ပါသွားရန် သင့်ကိုယ်သင်ခွင့်မပြုပါနှင့်။ ငါသည် သင့်ရှေ့တွင်လမ်းပြင်ဆင်ထားမည်" စသည့်စကားများဖြင့် လူသားများသည် လိမ်ညာမှုကိုခံနေကြရပါသည်။ လူတို့သည် မိမိ ကောင်းစားရေးအတွက်အသက်ရှင်ရန် သဘောတူကြပါသည်။ စာတန်သည် ထိုအချက်ကိုကျေနပ်ခဲ့ပါသည်။ သူသည် လောကီအချုပ်အခြာအာဏာ တန်ခိုးများနှင့်ပတ်သက်သောမျှော်လင့်ချက်များကိုပြ၍ ဖြားယောင်းနေစဉ် အသက်ဝိညာဉ်များအပေါ်အုပ်စိုးမှုကို စာတန်ရရှိနေပါသည်။ သို့သော် သူသည် မိမိပစ္စည်းမဟုတ်သော မကြာမီတွင်သူ့ထံမှပြန်လည်သိမ်းပိုက် သွားတော့မည့်အရာကိုပေးနေခြင်းသာတည်း။ အကျိုးဆက်အနေနှင့် သူသည် လူသားများအား ဘုရားသခင်၏သားသမီးများ၏အမွေဆက်ခံ ခြင်းနှင့်ပတ်သက်သောပိုင်ဆိုင်ခွင့်များအကြောင်းကို လှည့်ဖြားခဲ့ပါသည်။

သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်မဖြစ်သည် ကို စာတန်မေးခွန်းထုတ်ခဲ့ပါသည်။ ကောင်းကင်မှ အဆောတလျင်ဖယ်ရှား ခံရခြင်းအားဖြင့် သူသည် ဤကိစ္စအတွက် မငြင်းဆိုနိုင်ကြောင်းထင်ရှား စေပါသည်။ ဘုရားဇာတိတော်သည် ဒုက္ခဆင်းရဲခံရသောလူဇာတိအားဖြင့် ထွန်းတောက်ခဲ့ပါသည်။ ချမှတ်လိုက်သောအမိန့်ကို တွန်းလှန်ရန်အတွက် စာတန်၌တန်ခိုးမရှိချေ။ အရှက်ကွဲခြင်းနှင့် ဒေါသထွက်ခြင်းများကြောင့် လူးလွန့်လျက်ရှိသောစာတန်သည် ကမ္ဘာ့ကယ်တင်ရှင်၏အထံတော်မှ ဆုတ်ခွာသွားရန် အနိုင်အထက်ပြုခြင်းကိုခံခဲ့ရပါသည်။ ခရစ်တော်၏ အောင်မြင်ခြင်းသည် အာဒံ၏ကျဆုံးမှုကို လုံးဝကာမိခဲ့ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် စုံစမ်းခြင်းကိုဆီးတား၍ စာတန်အား ကျွန်ုပ်တို့ထံမှထွက်ခွာသွားရန် အနိုင်အထက်ပြုနိုင်ကြပါသည်။ ယေရှုခရစ် သည် ဘုရားသခင်ထံယုံကြည်အပ်နှံခြင်းအားဖြင့် အောင်ပွဲဆင်ခဲ့ပြီး တမန်တော်တစ်ပါးအားဖြင့် ကျွန်ုပ်တို့အား ကိုယ်တော်ရှင်မိန့်တော်မူ သည်ကား "ထို့ကြောင့် ဘုရားသခင်၏အလိုတော်သို့လိုက်ကြလော့။ မာရ်နတ် ကိုဆီးတားကြလော့။ သို့ပြုလျှင် သူသည် သင်တို့ထံကပြေးသွားလိမ့်မည်။ ဘုရားသခင်၌ချဉ်းကပ်ကြလော့။ သို့ပြုလျှင် သင်တို့၌ချဉ်းကပ်တော်မူ

လိမ့်မည်။” ယာကုပ် ၄း၇-၈။ ကျွန်ုပ်တို့သည် မိမိတို့၏ခွန်အားများအားဖြင့် စာတန်၏တန်ခိုးကိုမကာကွယ်နိုင်ကြချေ။ သူသည် လူသားများကို အောင်နိုင်ခဲ့လေပြီ။ ကျွန်ုပ်တို့သည် မိမိ၏ခွန်အားဖြင့်ရပ်တည်ရန် ကြိုးစားသောအချိန်တွင် စာတန်ဆင်ထားသောပရိယာယ်၏သားကောင်တစ်ကောင်ဖြစ်လာပေလိမ့်မည်။ သို့သော်လည်း “ထာဝရဘုရား၏နာမတော်သည် ခိုင်ခံ့သောရဲတိုက်ဖြစ်၍ ဖြောင့်မတ်သောသူတို့သည် ပြေးဝင်သဖြင့် လုံခြုံစွာနေရကြ၏” သုတ္တံ ၁၈း၁၀။ စာတန်သည် ဘုရား၏နာမတော်ကိုခိုလှုံသောခွန်အားအနည်းဆုံးအသက်ဝိညာဉ်တစ်လုံး၏ထံမှ ကြောက်ရွံ့တုန်လှုပ်လျက်ထွက်ပြေးသွားမည်သာတည်း။

ရန်သူထွက်သွားပြီးနောက် ယေရှုသည် မျက်နှာတော်၌သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်ကာ အားပြတ်၍ မြေပေါ်သို့လဲကျသွားတော်မူပါသည်။ ကျွန်ုပ်တို့အတွက် လွတ်မြောက်ရေးနည်းလမ်းပြုလုပ်ပေးရန် နှုတ်အားဖြင့် မဖော်ပြနိုင်လောက်အောင် ကြီးမားသောဒုက္ခဆင်းရဲခြင်းများကိုခံစားနေရသည်။ ၎င်းတို့၏ဗိုလ်မင်းခရစ်တော်ယေရှုအား ကြည့်ရှုလျက် ကောင်းကင်တမန်များသည် တိုက်လှန်ပွဲကြီးကိုစောင့်၍ကြည့်ခဲ့ကြသည်။ ကျွန်ုပ်တို့ခံစားကြရမည့်စမ်းသပ်စစ်ဆေးခြင်းထက်ကြီးမားသောစမ်းသပ်စစ်ဆေးခြင်းကို ကိုယ်တော်ရှင်ခံစားခဲ့ရသည်။ ကိုယ်တော်သည် အသေကောင်ကဲ့သို့လဲနေစဉ်တွင် ကောင်းကင်တမန်များသည် ဘုရားသခင်၏သားတော်ထံချဉ်းကပ်၍ အလုပ်အကျွေးပြုခဲ့ကြပါသည်။ ကိုယ်တော်သည် အစားအစာအားဖြင့်အားဖြည့်၍ မိမိခမည်းတော်ဘုရား၏မေတ္တာသတင်းစကားနှင့် ကိုယ်တော်၏အောင်မြင်မှုအတွက် ကောင်းကင်သားအားလုံးအောင်ပွဲခံခဲ့ကြကြောင်း၊ အာမခံချက်များအားဖြင့် နှစ်သိမ့်မှုကိုခံတော်မူခဲ့ပါသည်။ တစ်ဖန်အသက်ပြန်လည်ရှင်သန်နွေးထွေးလာကာ လူသားများအပေါ်သနားစာနာစိတ်များသည် ကိုယ်တော်၏နှလုံးတော်မှ ယိုထွက်လာသဖြင့် မိမိအစပြုခဲ့သောအမှုတော်ကို အဆုံးသတ်ရန်နှင့် ရန်သူစာတန်အားမသုတ်သင်မပြီးမချင်း ကျဆုံးနေသောလူသားများကို ကယ်တင်ရန်၊ လုပ်ငန်းမပြီးမချင်းလုပ်ဆောင်ရန် ထွက်ခွာသွားတော်မူပါသည်။



ကယ်တင်ခြင်းခံရသူများသည် ဘုရားသခင်၏ပလ္လင်ရှေ့မှောက်တွင်မရပ်ရမီတိုင်အောင် ကယ်တင်ခြင်းအတွက် ပေးဆပ်ခဲ့ရသည့်တန်ဖိုးကို မည်သူမျှသိမြင်နားလည်ကြလိမ့်မည်မဟုတ်ချေ။ ထိုအချိန်တွင် ထာဝရအိမ်တော်၏ဘုန်းအာနုဘော်တော်များသည် ကျွန်ုပ်တို့၏ပီတိဖြစ်နေသောနှလုံးသားများအပေါ်သို့ ယိုဖိတ်လာသောအခါ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းကိုစွန့်ခွာခဲ့ရကြောင်းကိုလည်းကောင်း၊ ကိုယ်တော်ရှင်သည် ကောင်းကင်နွေနန်းတော်မှ တစ်ကျွန်းတစ်နိုင်ငံတွင် အပြစ်ဒဏ်ခံရမည့်သူတစ်ဦးဖြစ်လာခဲ့ရုံမျှမက ကျွန်ုပ်တို့အတွက် ထာဝရဆုံးရှုံးမှုနှင့်ကျဆုံးမှုအဖို့အလို့ငှါ စွန့်စားခန်းတစ်ခုကိုလုပ်ကိုင်ခဲ့ရကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့သတိရကြပါလိမ့်မည်။ ထိုအချိန်တွင် ကျွန်ုပ်တို့သည် မိမိတို့၏သရဖူများကို ကိုယ်တော်၏ခြေတော်ရင်းသို့ချထားလျက် “အသေသတ်ခြင်းကိုခံခဲ့ပြီးသောသိုးသငယ်သည် တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်နှင့် ကောင်းချီးမင်္ဂလာကိုခံထိုက်တော်မူ၏” ဟူ၍ သီဆိုချီးမွမ်းကြလိမ့်မည်။ ဗျာဒိတ် ၅း၁၂။

-ဝ-

# (၁၄)
# ငါတို့သည်မေရှိယကိုတွေ့ကြပြီ

ယောဟန် ၁း၁၉-၅၁ ကိုအခြေပြုထားပါသည်

ယခုတွင် ဗတ္တိဇံဆရာယောဟန်သည် ယော်ဒန်မြစ်တစ်ဖက် ဗေသနိရွာ၌ တရားဟောကာ နှစ်ခြင်းမင်္ဂလာပေးလျက်ရှိနေခဲ့ပါသည်။ ထိုရွာသည် ဣသရေလများကျော်ဖြတ်ပြီးသည့်တိုင်အောင် ဘုရားသခင်သည် ယော်ဒန်မြစ်ရေကိုရပ်တန့်စေခဲ့သောနေရာနှင့် များစွာမဝေးကွာလှချေ။ ဤနေရာမှမဝေးကွာလှသောနေရာတွင် ကောင်းကင်တပ်မများဖြိုဖျက်ခဲ့သည့် ယေရိခေါခံတပ်ရှိပါသည်။ ဤအချိန်တွင် အဖြစ်အပျက်များကို ပြန်လည်သတိရအောက်မေ့ခြင်းသည် ဆရာယောဟန်၏သတင်းစကားကို အထူးစိတ်ဝင်စားစေခဲ့ပါသည်။ အတိတ်ကာလများတွင် အလွန်အံ့ဖွယ်သောအရာများကိုပြုတော်မူခဲ့သော ဤသူသည် ဣသရေလများကို ကယ်လွှတ်ရန်အတွက် မိမိတန်ခိုးတော်ကို တစ်ဖန်ထင်ရှားစေလိမ့်ဦးမည်လား၊ ဟူသောအတွေးများသည် ယော်ဒန်မြစ်ကမ်းတွင် နေ့စဉ်စုရုံးလာသောလူများ၏စိတ်နှလုံးများထဲတွင်နိုးထလျက်ရှိခဲ့ပါသည်။

ဆရာယောဟန်၏ဟောကြားချက်သည် ဘာသာရေးကိစ္စများအပေါ်သို့အာရုံပြုလာစေရန် ယုဒလူမျိုးများအား နက်ရှိုင်းစွာဩဇာလွှမ်းမိုးခဲ့ပြီးဖြစ်ပါသည်။ ထကြွသောင်းကျန်းမည့်အန္တရာယ်ကြောင့် ရောမအစိုးရသည် လူအစုအဝေးတိုင်းကို မယုံသင်္ကာသဘောဖြင့် ကြည့်ရှုခဲ့ကြပြီး လူထုထကြွမှုဖြစ်စေသောအရာတိုင်းသည် ယုဒလူအကြီးအကဲများ၏ ကြောက်ရွံ့မှုကိုဖြစ်ပေါ်စေခဲ့ပါသည်။ ဆရာယောဟန်သည် ဆန်ဟီဒရင်အဖွဲ့၏ဩဇာအာဏာကို အသိအမှတ်မပြုခဲ့ချေ။ မိမိ၏အမှုတော်ကိုဆောင်ရွက်ရန်အတွက် ၎င်းတို့ထံတွင် အမိန့်တစ်စုံတစ်ရာတောင်းခံခြင်းမပြုခဲ့သည့်ပြင် ယုဒလူအကြီးအကဲများ၊ သာမန်ယုဒလူများ၊ ဖာရိရှဲများနှင့် ဇဒ္ဒုကဲများကို အပြစ်ဖော်ပြ၍ ဆုံးမပဲ့ပြင်ခဲ့ပါသည်။ သို့စေကာမူ



လူအများသည် ၎င်း၏နောက်သို့ စိတ်အားကြီးစွာလိုက်ခဲ့ကြပါသည်။ သူ၏အမှုတော်အပေါ် ထိုသူများ၏စိတ်ဝင်စားမှုများသည် အဆက်မပြတ်တိုးပွားခဲ့ပါသည်။ သူသည် ၎င်းတို့၏ဆန္ဒကိုထောက်ထားခဲ့သော်လည်း ပြည်သူ့ဆရာတစ်ဦးအနေနှင့် ၎င်းတို့၏အုပ်ချုပ်မှုအောက်တွင်ရှိနေသည်ဟု ဆန်ဟီဒရင်အဖွဲ့ကမှတ်ယူခဲ့ပါသည်။

ဆန်ဟီဒရင်အဖွဲ့ကို ရွေးချယ်ထားသော ယဇ်ပုရောဟိတ်များ၊ နိုင်ငံတော်အကြီးအကဲများနှင့် ကျမ်းတတ်ဆရာများဖြင့် ဖွဲ့စည်းထားပါသည်။ ယဇ်ပုရောဟိတ်မင်းသည် များသောအားဖြင့် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရပါသည်။ အဖွဲ့ဝင်များသည် အသက်ငယ်ရွယ်သူများဖြစ်၍ ယုဒဘာသာရေးနှင့် ယုဒသမိုင်းကို ရေးသားသိကုံးနိုင်ရုံသာမက အထွေထွေဗဟုသုတကြွယ်ဝသောပညာတတ်များဖြစ်ကြပါသည်။ ထိုသူများသည် ခန္ဓာကိုယ်ချို့ယွင်းသူများမဖြစ်ရချေ။ အိမ်ထောင်ရှိသောယောကျ်ားများဖြစ်ရမည်။ ထောက်ထားစာနာ၊ ကြင်နာသနားတတ်သောဖခင်များဖြစ်ရမည်။ ၎င်းတို့၏အစည်းဝေးခန်းမသည် ယေရုရှလင်မြို့ရှိဗိမာန်တော်နှင့် ဆက်လျက်ရှိသောအခန်းတစ်ခုတွင်ဖြစ်ပါသည်။ ယုဒပြည်လွတ်လပ်ရေးရရှိနေသည့်အချိန်များတွင် ဆန်ဟီဒရင်အဖွဲ့နိုင်ငံရေးနှင့် ဘာသာရေးဩဇာအာဏာများကိုပိုင်ဆိုင်ထားသော နိုင်ငံတော်အာဏာပိုင်အဖွဲ့တစ်ခုဖြစ်ခဲ့ပါသည်။ ယခုအခါတွင် ယုဒပြည်သည် ရောမဘုရင်ခံများလက်အောက်သို့ကျရောက်နေသော်လည်း ထိုအဖွဲ့သည် ဘာသာရေးကိစ္စနှင့် နိုင်ငံရေးကိစ္စနှစ်ခုစလုံးတွင် တန်ခိုးဩဇာရှိဆဲဖြစ်ပါသည်။

ဆန်ဟီဒရင်အဖွဲ့သည် ဆရာယောဟန်၏လုပ်ဆောင်မှုများအတွက် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ရွှေ့ဆိုင်းထားနိုင်ခြင်းမရှိတော့ချေ။ ဗိမာန်တော်တွင် ဇာခရိအားပေးတော်မူခဲ့သော ဗျာဒိတ်တော်ကိုလည်းကောင်း၊ မေရှိယ၏ရှေ့ပြေးတစ်ဦးအဖြစ် မိမိ၏သားငယ်အား ရည်ညွှန်းပြောဆိုခဲ့သောဖခင်၏အနာဂတ္တိစကားကိုလည်းကောင်း သတိရသောလူအချို့ရှိခဲ့ပါသည်။ ရုန်းရင်းဆန်ခတ်မှုများနှင့် နှစ်ပေါင်းသုံးဆယ်အတွင်းဖြစ်ပေါ်ခဲ့သောအပြောင်းအလဲများကြောင့် ဤအရာများကို များစွာ

မျက်ခြည်ပြတ်ခဲ့ကြပါသည်။ ယခုအချိန်တွင်မူ ဆရာယောဟန်၏အမှုတော်နှင့်ပတ်သက်သော စိတ်လှုပ်ရှားမှုအားဖြင့် ထိုအရာများကို ပြန်လည်သတိရလာခဲ့ကြပါသည်။

ဣသရေလပြည်တွင် ပုရောဖက်တစ်ပါးပေါ်ထွန်းခဲ့သည်မှာ ကြာမြင့်ခဲ့ပေပြီ။ ယခုအချိန်တွင် ဆောင်ရွက်ဆဲဖြစ်သော ဘာသာရေးပြုပြင်ပြောင်းလဲမှုမျိုးကိုလည်း တွေ့ခဲ့ကြဖူးသည်မှာ ကြာမြင့်ခဲ့ပေပြီ။ သို့ရာတွင် အပြစ်ဝန်ချရန်တောင်းဆိုနေခြင်းသည် အသစ်အဆန်းတစ်ခုကဲ့သို့လည်းကောင်း၊ ကြောက်လန့်စရာတစ်ခုကဲ့သို့လည်းကောင်း ဖြစ်နေပါသည်။ မိမိတို့၏လျှို့ဝှက်ချက်များပေါ်သွားမည်စိုး၍ များစွာသောယုဒခေါင်းဆောင်များသည် ဆရာယောဟန်၏ဝေဖန်ပြောဆိုခြင်းနှင့် ထုတ်ဖော်စွပ်စွဲခြင်းများကို သွားရောက်နားမထောင်ခဲ့ကြချေ။ သို့စေကာမူ သူ၏ဟောကြားချက်သည် မေရှိယနှင့်ပတ်သက်သောတိုက်ရိုက်ကြေညာချက်တစ်ရပ်ဖြစ်နေပါသည်။ မေရှိယကြွလာခြင်းကို ခြုံငုံထားသည့် ဒံယေလ၏သီတင်း (၇၀) အနာဂတ္တိစကားသည် ကုန်ဆုံးလုနီးပြီဖြစ်ကြောင်းကို ကောင်းမွန်စွာသိရှိခဲ့ကြပါသည်။ ယုဒလူအားလုံးတို့သည် ထိုအချိန်က ၎င်းတို့မျှော်လင့်ထားခဲ့သောနိုင်ငံတော်ဂုဏ်အသရေကို ထိုခေတ်ဦးမှာပင် အတူတကွခံစားကြရန် စိတ်အားထက်သန်ခဲ့ကြပါသည်။ လူအများဆန္ဒပြင်းစွာဖြင့် စောင့်ကြည့်နေသည့်အရာမှာ ဆန်ဟီဒရင်အဖွဲ့အနေဖြင့် ဆရာယောဟန်၏အမှုတော်ကိုခွင့်ပြုရန် (သို့မဟုတ်) ငြင်းပယ်ရန် ဆုံးဖြတ်ချက်တစ်ခုခုကို မကြာမီတွင်ပြုလုပ်ရတော့မည့်ကိစ္စပင်ဖြစ်ပါသည်။ ၎င်းတို့၏တန်ခိုးအာဏာသည် လူထုအကြားတွင် ဆုတ်ယုတ်လျော့ပါးနေပေပြီ။ ထို့ကြောင့် မိမိတို့၏ရာထူးများကို မည်ကဲ့သို့ဆက်လက်ချုပ်ကိုင်ရမည်ဆိုသည့် အရေးကြီးသောအချက်တစ်ခုပေါ်ပေါက်လာပါသည်။ ထိုအချက်အတွက်အဖြေရမည်အထင်ဖြင့် ၎င်းတို့သည် ယဇ်ပုရောဟိတ်များနှင့် လေဝိအမျိုးသားများ၏ကိုယ်စားလှယ်များကို ဆရာယောဟန်နှင့်တိုင်ပင်နှီးနှောရန် ယော်ဒန်မြစ်သို့စေလွှတ်ခဲ့ကြပါသည်။



ထိုကိုယ်စားလှယ်များချဉ်းကပ်လာသောအချိန်တွင် လူထုကြီးသည် ဆရာယောဟန်ပြောသောစကားများကို နားထောင်လျက် စုရုံးနေကြပါသည်။ လူများအားသိမ်းသွင်းရန်နှင့် ပုရောဖက်၏သူတထူးအား အလိုလိုက်လျှောခြင်းကို အမိန့်ပေးတားမြစ်ရန်ရည်ရွယ်၍ ဩဇာသံနှင့်စကားပြောတတ်သောမာနတစ်ခွဲသားနှင့် ကျမ်းတတ်ဆရာတစ်စုသည် ချဉ်းကပ်လာခဲ့ပါသည်။ ကြောက်ရွံ့လေးစားသည့်သဘောဖြင့် လူအုပ်ကြီးသည် ၎င်းတို့အားကျော်ဖြတ်သွားနိုင်စေရန် လမ်းဖွင့်ပေးခဲ့ပါသည်။ သားနားသောဝတ်ရုံများကိုဝတ်လျက် ရာထူးနှင့်တန်ခိုးအာဏာများကြောင့် မာန်မာနထောင်လွှားနေကြသော ထိုလူများတို့သည် တောမှပုရောဖက်၏ရှေ့တွင် ရပ်လိုက်ကြပါသည်။

"သင်သည်အဘယ်သူနည်း" သူတို့ကမေးကြ၏။
၎င်းတို့၏အကြံအစည်ကိုသိသောဆရာယောဟန်က
"ငါသည်ခရစ်တော်မဟုတ်" ဟုဖြေဆိုခဲ့၏။
"သို့ဖြစ်လျှင်သင်သည်အဘယ်သူနည်း။ ဧလိယလော"
"ငါသည်ဧလိယမဟုတ်"
"ဤမည်သောပုရောဖက်ဖြစ်သလော"
"မဟုတ်ပါ"

"သင်သည်အဘယ်သူနည်း။ ငါတို့ကိုစေလွှတ်သောသူတို့အား ပြန်လျှောက်စရာရှိစေခြင်းငှါ သင်သည် မိမိကိုယ်ကို အဘယ်သူဖြစ်သည်ဟုဆိုမည်နည်း။"

"ငါသည် ပုရောဖက်ဟေရှာယဟောဖူးသည်နှင့်အညီ ထာဝရဘုရား၏လမ်းခရီးတော်ကိုဖြောင့်စေကြလော့ဟု တော၌ဟစ်ကြော်သောသူ၏အသံဖြစ်သည်" ဟုဆို၏။ ဆရာယောဟန်ရည်ညွှန်း၍ပြောသောသမ္မာကျမ်းစကားသည် ဟေရှာယအနာဂတ္တိကျမ်း ၄၀း၁-၅ ဖြစ်ပါသည်။ "သင်တို့၏ဘုရားသခင်မိန့်တော်မူသည်ကား၊ ငါ၏လူတို့ကိုနှစ်သိမ့်စေကြလော့။ သင်၏အပြစ်လည်းဖြေရှင်းပြီဟု ယေရုရှလင်မြို့အား နှစ်သိမ့်သောစကားကိုပြော၍ ကြွေးကြော်ကြလော့။ တော၌ဟစ်ကြော်သောအသံမှာ

ထာဝရဘုရားကြွတော်မူရာလမ်းကိုပြင်ကြလော့။ ငါတို့ဘုရားသခင်၏ လမ်းခရီးတော်ကို လွင်ပြင်၌ဖြောင့်စေကြလော့။ ချိုင့်ဝှမ်းရာရှိသမျှတို့ကို ဖို့ရမည်။ တောင်ကြီးတောင်ငယ်ရှိသမျှတို့ကိုဖြိုရမည်။ ကောက်သော လမ်းများကိုဖြောင့်စေရမည်။ ကြမ်းတမ်းသောလမ်းများကိုလည်း သုတ်သင် ပြင်ဆင်ရမည်။ ထာဝရဘုရား၏ဘုန်းတော်ပေါ်ထွန်း၍ လူအပေါင်းတို့သည် အတူမြင်ရကြလတ္တံ့ဟု ထာဝရဘုရား၏နှုတ်တော်ထွက်အမိန့်တော်ရှိ၏။”

ရှေးခေတ်အခါတွင် ဘုရင်တစ်ပါးသည် မိမိ၏တိုင်းပြည်အတွင်းရှိ အသွားအလာနည်းသောဒေသများသို့ တိုင်းခန်းလှည့်လည်သောအခါ ဘုရင်ကြီးသည် လုံလုံခြုံခြုံနှင့် အတားအဆီးမရှိခရီးသွားနိုင်စေရန်အလို့ငှါ မတ်စောက်သောလမ်းများကိုဖြိုချရန်အတွက်သော်လည်းကောင်း၊ ချိုင့်ဝှမ်း များကိုဖို့ရန်အတွက်သော်လည်းကောင်း လူတစ်စုကို ရှေ့ပြေးအဖြစ် စေလွှတ်တတ်ပါသည်။ ပုရောဖက်သည် ဧဝံဂေလိတရားဟောကြားခြင်း အလုပ်ကိုပုံဆောင်ပြောကြားရန် ဤဓလေ့ကိုအသုံးပြုထားပါသည်။ ချိုင့်ဝှမ်း တိုင်းကိုဖို့၍ တောင်များကိုဖြိုချလိမ့်မည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် မိမိ၏အံ့ဖွယ်သောတန်ခိုးတော်များနှင့် အသက်ဝိညာဉ်များကို ထိတွေ့ သောအချိန်တွင် ထိုဝိညာဉ်တော်တန်ခိုးသည် လူသားများ၏မာနတရား များကိုကျဆင်းစေပါသည်။ လောကစည်းစိမ်များ၊ ရာထူးရာခံ၊ တန်ခိုး အာဏာများသည် ဘာမှတန်ဖိုးမရှိကြောင်းကို တွေ့မြင်လာပေမည်။ “ထိုလက်နက်တော်အားဖြင့် လူတို့၏အကြံအစည်တို့ကိုလည်းကောင်း၊ ဘုရားသခင်ကိုသိသောပညာကိုဆီးတားသောမာန်မာနရှိသမျှတို့ကိုလည်း ကောင်း နှိမ့်ချမှောက်လှန်၍ ခပ်သိမ်းသောစိတ်တို့ကိုဖမ်းသွားချုပ်ထားလျက် ခရစ်တော်၏စကားကိုနားထောင်စေကြ၏။” ၂ကော၊ ၁၀း၅။ ထိုအခါတွင် လူအများတန်ဖိုးမထားကြသောနှိမ့်ချခြင်းနှင့် မိမိကိုယ်ကိုဆက်ကပ်သည့် မေတ္တာများကို တစ်ခုတည်းသောတန်ဖိုးရှိသည့်အရာများအဖြစ် မြှောက်တင် ကြလိမ့်မည်။ ဤအရာများသည် တစ်စိတ်တစ်ဒေသအဖြစ် ဆရာယောဟန် ၏သတင်းစကားပါဝင်သော ဧဝံဂေလိအမှုတော်လုပ်ငန်းဖြစ်ပါသည်။ ထိုသူတို့ကလည်း သင်သည် ခရစ်တော်မဟုတ်၊ ဧလိယမဟုတ်၊ ဤမည်သော



ပုရောဖက်မဟုတ်သည်မှန်လျှင် အဘယ်ကြောင့်ဗတ္တိဇံကိုပေးသနည်းဟု မေးပြန်ကြ၏။ “ဤမည်သောပုရောဖက်” ဟုဆိုရာတွင် မောရှေကို ရည်ညွှန်းပြောဆိုခြင်းဖြစ်ပါသည်။ မောရှေသည် သေခြင်းမှရှင်ပြန် ထမြောက်ပြီး ကောင်းကင်သို့ယူဆောင်ခြင်းခံရလိမ့်မည်ဟု ယုဒလူများသည် ယုံကြည်စွဲလမ်းခဲ့ကြပါသည်။ သူသည် ထမြောက်သွားပြီဖြစ်ကြောင်း သူတို့မသိခဲ့ကြချေ။ ဗတ္တိဇံဆရာယောဟန်သည် အမှုတော်ကိုစတင်ခဲ့သည် အချိန်တွင် အနာဂတ္တိစကားနှင့်ပတ်သက်၍လည်းကောင်း၊ ယုဒရာဇဝင် အကြောင်းကိုလည်းကောင်း ကျေကျေညက်ညက်သိထားသလိုဖြစ်နေသည့် အတွက် ၎င်းအားသေခြင်းမှထမြောက်ခဲ့သော ပုရောဖက်မောရှေဖြစ်မည်ဟု အများစုကထင်မြင်ခဲ့ပါသည်။

မေရှိယကြွမလာမီတွင် ဧလိယသည် ခန္ဓာကိုယ်အားဖြင့် ပေါ်ထွန်း ခဲ့လိမ့်မည်ဟူ၍လည်း ယုံကြည်ခဲ့ကြပါသည်။ ဤအမြင်ကိုဆရာယောဟန် သည်ငြင်းပယ်ခဲ့သော်လည်း ၎င်း၏စကားများတွင် နက်နဲသောအဓိပ္ပါယ် ရှိနေပါသည်။ “သင်တို့သည် ငါ့စကားကိုနာခံနိုင်လျှင် ဤသူကား လာလတ္တံ့သောဧလိယဖြစ်သတည်း” ဟူ၍ နောက်ပိုင်းတွင် ဆရာယောဟန် ကိုရည်စူး၍ ယေရှုခရစ်မိန့်တော်မူခဲ့ပါသည်။ ဧလိယလုပ်ဆောင်ခဲ့သော အမှုတော်မျိုးကိုဆောင်ရွက်ရန်အတွက် ဆရာယောဟန်သည် ဧလိယ၏ တန်ခိုး၊ ဧလိယ၏ဝိညာဉ်အားဖြင့်လာခဲ့ပါသည်။ ယုဒလူများသည် ၎င်းအား လက်ခံခဲ့ကြလျှင် သူတို့အတွက် ပြီးမြောက်အောင်လုပ်ကိုင်ဆောင်ရွက်နိုင် ခဲ့လိမ့်မည်။ သို့သော် ၎င်းတို့သည် ဆရာယောဟန်၏သတင်းစကားကို လက်မခံခဲ့ကြချေ။ ထိုသူများအတွက် သူသည် ဧလိယမဟုတ်ခဲ့ချေ။ ပြီးမြောက်အောင်ဆောင်ရွက်ရန် မိမိလာရောက်လုပ်ကိုင်ခဲ့သောအမှုတော် ကို သူတို့အတွက်မဖြည့်ဆည်းနိုင်ခဲ့ချေ။

ယော်ဒန်မြစ်တွင်စုရုံးခဲ့ကြသောသူများထဲမှ များစွာသောလူများ သည် ခရစ်တော်၏နှစ်ခြင်းမင်္ဂလာပွဲတွင်ရှိခဲ့ကြသောသူများဖြစ်သော်လည်း ထိုအချိန်ကပြခဲ့သောနိမိတ်လက္ခဏာကို လူအနည်းငယ်သာတွေ့မြင်ခဲ့ကြ ရပါသည်။ ဆရာယောဟန်အမှုတော်၏အဦးပိုင်းလများတွင် များစွာသော

သူများသည် နောင်တရခြင်းအတွက် ခေါ်တော်မူခြင်းကိုနားထောင်ရန် ငြင်းဆန်ခဲ့ကြပါသည်။ ဤနည်းအားဖြင့် ၎င်းတို့သည် စိတ်နှလုံးမာကျော၍ နားလည်မှုမှောင်မိုက်ကျခဲ့ကြပါသည်။ နှစ်ခြင်းခံစဉ်တွင် ယေရှုခရစ်အား ဘုရားသခင်သက်သေပြုတော်မူခဲ့သည်ကို သူတို့မသိမြင်ခဲ့ကြချေ။ မျက်မြင်မရသောကိုယ်တော်ကိုယုံကြည်ခြင်းအားဖြင့် မကြည့်ခဲ့ကြသောမျက်လုံးများသည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းကို မမြင်တွေ့လိုက်ကြရချေ။ ကိုယ်တော်ရှင်၏အသံတော်ကိုနားမထောင်ခဲ့သောနားများသည် သက်သေခံချက်စကားသံများကိုမကြားခဲ့ရချေ။ ယခုအချိန်တွင်လည်း ထိုနည်းအတူဖြစ်ပျက်နေပါသည်။ လူအများစုရုံးဝတ်ပြုပွဲများတွင် ခရစ်တော်နှင့်အစေခံကျွန်ကောင်းကင်တမန်များသည် မကြာခဏအတူရှိခဲ့သော်လည်း ၎င်းတို့၏အတူရှိခြင်းကို မသိလိုက်ရသောသူများစွာရှိကြပါသည်။ သူတို့သည် ထူးဆန်းစွာဖြစ်ပျက်နေသောအရာများကို မသိမြင်လိုက်ကြရချေ။ သို့ရာတွင် တချို့အတွက် ကိုယ်တော်ရှင်သည် ထင်ရှားတော်မူခဲ့ပါသည်။ ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းသည် ၎င်းတို့၏စိတ်နှလုံးကိုလှုပ်ရှားစေခဲ့ပါသည်။ ထိုသူများသည် နှစ်သိမ့်ခြင်းကိုလည်းကောင်း၊ အားပေးခြင်းကိုလည်းကောင်း၊ ကောင်းချီးပေးခြင်းကိုလည်းကောင်း ခံခဲ့ကြရပါသည်။

ယေရုရှလင်မှလာသောကိုယ်စားလှယ်များသည် "အဘယ်ကြောင့် ဗတ္တိဇံကိုပေးသနည်း" ဟုဆရာယောဟန်အား မေးမြန်းကြကာ အဖြေကို စောင့်စားနေခဲ့ကြပါသည်။ ရုတ်တရက်သူသည် လူအုပ်ကြီးကိုကြည့်နေစဉ်တွင် သူ၏မျက်လုံးများသည် မီးကဲ့သို့ဝင်းဝင်းတောက်နေပြီး သူ၏မျက်နှာသည် ဘုန်းရောင်ခြည်များနှင့်ထွန်းလင်းနေကာ လူတစ်ကိုယ်လုံးသည် ပြင်းထန်သောစိတ်လှုပ်ရှားမှုကြောင့် သိမ့်သိမ့်တုန်နေပါသည်။ ဆရာယောဟန်သည် လက်ကိုဆန့်၍ "ငါသည် ရေ၌ဗတ္တိဇံကိုပေး၏။ သင်တို့အလယ်၌ သင်တို့မသိသောသူတစ်ယောက်ရှိ၏။ ထိုသူသည် ငါ့နောက်ကြွလာသော်လည်း ငါ့ထက်သာ၍ကြီးမြတ်၏။ ထိုသူ၏ခြေနင်းတော်ကြိုးကိုမျှဖြည်ခြင်းငှါ ငါမထိုက်ဟုပြန်ပြော၏။" ယောဟန် ၁း၂၆-၂၇။





ဤသတင်းစကားသည် ဆန်ဟီဒရင်အဖွဲ့ထံပြန်လည်ယူဆောင်သွားရမည့်ထူးဆန်း၍ အဓိပ္ပါယ်အမျိုးမျိုးရှိသောသတင်းစကားဖြစ်နေပါသည်။ ဆရာယောဟန်၏စကားများသည် ကြာမြင့်စွာစောင့်မျှော်ခဲ့ရသောမေရှိယမှလွဲ၍ အခြားမည်သူနှင့်မျှမသက်ဆိုင်နိုင်ချေ။ မေရှိယသည် သူတို့အထဲတွင်ရှိသည်ဆိုပါလား။ ဆရာယောဟန်ညွှန်ပြနေသောသူကိုတွေ့နိုင်ရန်မျှော်လင့်လျက် ယဇ်ပုရောဟိတ်နှင့်အကြီးအကဲများသည် အံ့ဩစွာဖြင့် ၎င်းတို့၏အနီးတစ်ဝိုက်တွင်ကြည့်ရှုကြပါသည်။ သို့ပါသော်လည်း ကိုယ်တော်ကို လူအုပ်ကြီးတွင်ခွဲခြားသိမြင်နိုင်စွမ်းမရှိကြချေ။

သခင်ယေရှု၏နှစ်ခြင်းမင်္ဂလာပွဲ၌ ဆရာယောဟန်သည် ဘုရားသခင်၏သိုးသငယ်ကဲ့သို့ဖြစ်တော်မူသောကိုယ်တော်အား ပြညွှန်သောအချိန်၌ အသစ်သောအလင်းတော်သည် မေရှိယ၏အမှုတော်အပေါ်သို့ကျရောက်တော်မူခဲ့ပါသည်။ "ထိုသူသည် အသေသတ်ခြင်းငှါဆောင်သွားသောသိုးသငယ်ကဲ့သို့ သူတို့ဆောင်သွား၍" ဟူသောဟေရှာယ၏စကားများဘက်သို့ ထိုပုရောဖက်၏စိတ်သည် ဦးတည်နေပါသည်။ နောက်ပိုင်းရက်သတ္တပတ်များတွင် ဆရာယောဟန်သည် အနာဂတ္တိစကားများနှင့် ပူဇော်ဆက်ကပ်ခြင်းဆိုင်ရာသွန်သင်ချက်များကို စိတ်ဝင်စားစွာဖြင့်လေ့လာခဲ့ပါသည်။ ဒုက္ခဆင်းရဲခံရသောယဇ်ကောင်တစ်ကောင်အနေနှင့်သော်လည်းကောင်း၊ အောင်နိုင်သောဘုရားတစ်ပါးအနေနှင့်သော်လည်းကောင်း ခရစ်တော်ပါဝင်ဆောင်ရွက်ရမည့်အမှုတော်၏ကဏ္ဍနှစ်ခုအကြောင်းကို သူသည် ရှင်းလင်းစွာခွဲခြားမသိမြင်ခဲ့ချေ။ သို့သော်လည်း ကိုယ်တော်ရှင်၏ကြွလာခြင်းတွင် နက်နဲသောထူးခြားချက်များရှိကြောင်း ထိုယဇ်ပုရောဟိတ်များနှင့်ယုဒလူများသိမြင်နားလည်သည်ထက် ဆရာယောဟန်သည် ပိုမိုတွေ့မြင်ခဲ့ပါသည်။ တောမှပြန်လာပြီး လူထုထဲတွင်ရောက်နေတော်မူသောယေရှုခရစ်ကို သူတွေ့မြင်သောအခါ ကိုယ်တော်၏ဇာတိရုပ်မှန်ထင်ရှားစေရန်အတွက် ယုဒလူများအား နိမိတ်လက္ခဏာပြပေးရန် စိတ်ချစွာဖြင့် သူမျှော်ကိုးခဲ့ပါသည်။ သူသည် အမှုတော်အတွက် ကိုယ်တော်ရှင်၏ကြေညာသံကိုကြားရန် အောင့်အည်းသည်းခံ၍ စောင့်မျှော်ခဲ့သော်လည်း

စကားတစ်လုံးကိုမျှမိန့်တော်မမူ။ နိမိတ်လက္ခဏာတစ်ခုကိုမျှ ပြတော်မမူခဲ့ချေ။ သခင်ယေရှုသည် ဗတ္တိဇံဆရာယောဟန်၏ကြေညာချက်ကို မတုံ့ပြန်ခဲ့သော်လည်း မိမိ၏အထူးလုပ်ငန်းအတွက် မည်သည့်အပေါ်ယံအထောက်အထားကိုမျှမပြရုံသာမက မိမိအားအာရုံစိုက်လာအောင်လည်း မည်သည့်ဆောင်ရွက်ချက်ကိုမျှမပြုဘဲ ယောဟန်၏တပည့်တော်များနှင့်ရောထွေးယှက်တင်နေထိုင်ခဲ့ပါသည်။

နောက်တစ်နေ့တွင် ခရစ်တော်ကြွလာသည်ကို ဆရာယောဟန်တွေ့မြင်ပါသည်။ ဘုရားသခင်၏ဘုန်းရောင်ခြည်တော်ကျရောက်ခြင်းခံရသောထိုပုရောဖက်ကြီးသည် လက်ကိုဆန့်တန်းကာ "ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုကြည့်ရှုလော့။ ငါမရှိမီရှိနှင့်သည်ဖြစ်၍ ငါ့ထက်သာ၍ကြီးမြတ်သောသူသည် ငါ့နောက်ကြွလာသည်ဟုငါဆိုရာ ထိုသူကိုဆိုလို၏။ အစကထိုသူကိုငါမသိ။ သို့သော်လည်း ထိုသူကိုဣသရေလလူတို့အား ထင်ရှားစေခြင်းငှါ ငါသည် ရေ၌ဗတ္တိဇံကိုပေးလျက်လာ၏။ ထိုမှတစ်ပါး ဝိညာဉ်တော်သည် ကောင်းကင်မှချိုးငှက်ကဲ့သို့ဆင်းသက်၍ သူ၏အပေါ်၌နားတော်မူသည်ကိုငါမြင်ရပြီ။ အစကငါမသိ။ ရေ၌ဗတ္တိဇံကိုပေးစေခြင်းငှါ ငါ့ကိုစေလွှတ်တော်မူသောသူကအကြင်သူ၏အပေါ်၌ ဝိညာဉ်တော်ဆင်းသက်၍ နားတော်မူသည်ကိုသင်မြင်လျှင် ထိုသူကား သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကိုပေးသောသူပေတည်းဟု မိန့်တော်မူသည်နှင့်အညီ ငါသည်မြင်၍ ဤသူသည်ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်းကို သက်သေခံသည်ဟုယောဟန်ဆိုလေ၏။" ယောဟန် ၁း၂၉-၃၄။

"ဤသူသည် ခရစ်တော်ဖြစ်သလား" ဟုမေးခွန်းထုတ်ကာ ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ကြေညာခြင်းခံရသောကိုယ်တော်အားအံ့ဩထိတ်လန့်စွာဖြင့် ကြည့်ရှုခဲ့ကြပါသည်။ သူတို့သည် ဆရာယောဟန်၏စကားကြောင့် များစွာလှုပ်ရှားသွားခဲ့ပါသည်။ သူသည် ယုဒလူများအားဘုရားသခင်၏နာမတော်အားဖြင့် ပြောကြားခဲ့ပါသည်။ သူတို့သည် မိမိတို့၏အပြစ်များအတွက် ဆရာယောဟန်ဆုံးမသည်ကို တစ်နေ့ပြီးတစ်နေ့



သွားရောက်နားထောင်ခဲ့ကြပြီးလျှင် တစ်နေ့ထက်တစ်နေ့မိမိတို့၏အပြစ်များကို ထင်ရှားစွာတွေ့မြင်လာခဲ့ကြပါသည်။ သို့သော် ဆရာယောဟန်ထက်သာ၍ကြီးမြတ်သည်ဟူသောပုဂ္ဂိုလ်သည် မည်သူနည်း။ ကိုယ်တော်၏ဝတ်စားဆင်ယင်မှုနှင့်ပြုမူပုံများသည် ဂုဏ်ဒြပ်မြင့်မားခြင်းအသွင်ကိုမဆောင်ချေ။ ကိုယ်တော်သည် ဆင်းရဲသားများဝတ်သည့် နိမ့်ကျသောဝတ်ရုံကိုဝတ်ဆင်ကာ အမြင်အားဖြင့် သာမန်လူတစ်ယောက်သာဖြစ်ခဲ့ပါသည်။

ခရစ်တော်၏နှစ်ခြင်းမင်္ဂလာပွဲတွင် ကိုယ်တော်ပေါ်သို့ရောက်ခဲ့သောဘုရားသခင်၏ဘုန်းတော်ကိုမြင်တွေ့ခဲ့ကြပြီး ဘုရားသခင်၏အသံတော်ကိုကြားခဲ့ရသောလူအချို့သည် လူအုပ်ထဲတွင်ရှိခဲ့ကြပါသည်။ သို့သော်လည်း ထိုအချိန်မှစ၍ ကိုယ်တော်ရှင်၏အသွင်အပြင်လက္ခဏာသည်များစွာပြောင်းလဲခဲ့ပါသည်။ နှစ်ခြင်းမင်္ဂလာခံယူစဉ်တွင် သူတို့သည်ကိုယ်တော်၏မျက်နှာတော်ပေါ်၌ ကောင်းကင်မှအလင်းတော်များနှင့်တောက်ပနေသည်ကိုမြင်ခဲ့ရသော်လည်း ယခုတွင်မူ ကိုယ်တော်၏မျက်နှာတော်သည် ဖြူဖပ်ဖြူရော်ဖြစ်ကာ ပိန်ချုံးနေသောကြောင့် ပုရောဖက်ဆရာယောဟန်တစ်ပါးတည်းသာ ကိုယ်တော်ကိုမှတ်မိခဲ့ပါသည်။

သို့သော် လူအများသည် ကိုယ်တော်ရှင်အားကြည့်ရှုကြရာမျက်နှာတော်ပေါ်တွင် ဘုရားသခင်၏သနားခြင်းကရုဏာနှင့်သိမြင်ခြင်းတန်ခိုးများရောယှက်နေကြောင်းကို တွေ့မြင်ကြရပါသည်။ မျက်လုံးတော်၏အကြည့်တိုင်းတွင်သော်လည်းကောင်း၊ မျက်နှာတော်၏အမူအရာတိုင်းတွင်သော်လည်းကောင်း နှိမ့်ချခြင်းနှင့်တကွ နှုတ်ဖြင့်ဖော်ပြနိုင်သည့်မေတ္တာတော်ကိုဖော်ပြနေပါသည်။ ကိုယ်တော်ရှင်သည် ဝိညာဉ်တော်၏ဩဇာသက်ရောက်မှုဖြင့် ခြံရံမှုကိုခံစားနေရသယောင်ဖြစ်နေပါသည်။ ကိုယ်တော်၏လုပ်နည်းလုပ်ဟန်များသည် နူးညံ့သိမ်မွေ့၍ ဟိတ်ဟန်မပါဘဲရှိစဉ်တွင် ၎င်းတို့အားဖုံးကွယ်ထားသော်လည်း အလုံးစုံကိုဖုံးကွယ်ခြင်းငှါ မတတ်စွမ်းသောတန်ခိုးတော်အသိအားဖြင့် ကိုယ်တော်သည်လူတို့၏နှလုံးသားကိုစွဲမှတ်စေတော်မူခဲ့ပါသည်။ ဣသရေလများသည်

အချိန်ကြာမြင့်စွာကတည်းက စောင့်မျှော်ခဲ့သောသူသည် ဤပုဂ္ဂိုလ်ဖြစ်ပါသလား။

ကျွန်ုပ်တို့၏ကယ်တင်ရှင်တစ်ပါးဖြစ်သကဲ့သို့ ကျွန်ုပ်တို့၏ ပုံသက်သေတစ်ခုဖြစ်နိုင်စေရန်အလို့ငှါ ခရစ်တော်သည် ဆင်းရဲခြင်းနှင့် နှိမ့်ချခြင်းများကိုခံယူလျက် ကြွမြန်းလာခဲ့ပါသည်။ အကယ်၍ ကိုယ်တော်သည် ဘုရင်များ၏ပကာသနမျိုးဖြင့် ပေါ်ထွန်းတော်မူခဲ့လျှင် နှိမ့်ချခြင်းကို မည်ကဲ့သို့သွန်သင်ပေးနိုင်လိမ့်မည်နည်း။ တောင်ပေါ်ဒေသနာထဲတွင် ပါဝင်သောထိရောက်သည့်သမ္မာတရားများကို မည်ကဲ့သို့သွန်သင်နိုင်လိမ့်မည်နည်း။ ခရစ်တော်သည် ဘုရင်တစ်ဆူအနေဖြင့် လူများထဲတွင်နေတော်မူခဲ့လျှင် နိမ့်ကျသောလူတန်းစားများ၏မျှော်လင့်ချက်သည် အဘယ်မှာရှိလိမ့်မည်နည်း။ လူထုကြီးအတွက်မူ ဆရာယောဟန်ဖော်ညွှန်းနေသောပုဂ္ဂိုလ်သည် ၎င်းတို့၏ကြီးမားသောမျှော်မှန်းချက်များနှင့်ဆက်စပ်၍ မရနိုင်သလိုဖြစ်နေခဲ့ပါသည်။ သို့အတွက် များစွာသောလူတို့သည် စိတ်ပျက်ခဲ့ကြပြီး များစွာစိတ်ရှုပ်ထွေးခဲ့ကြပါသည်။

ပုရောဟိတ်များနှင့်ကျမ်းတတ်ဆရာများတို့ အလွန်ကြားချင်နေသည့်စကားများဖြစ်သည့် "ခရစ်တော်သည် ယခုတွင် ဣသရေလနိုင်ငံကို ပြန်လည်ရယူတော့မည်" ဟူသောစကားများကို ကိုယ်တော်မိန့်တော်မမူခဲ့ချေ။ ထိုကဲ့သို့သောဘုရင်မျိုးကို သူတို့စောင့်စားခဲ့ကြသည်။ ထိုကဲ့သို့သောဘုရင်မျိုးကိုလက်ခံကြိုဆိုရန် သူတို့အသင့်ရှိခဲ့ကြသည်။ သို့သော် မိမိတို့၏စိတ်နှလုံးထဲတွင် ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းတို့နှင့်ယှဉ်သောနိုင်ငံတော်ကို တည်ထောင်ရန် ကြိုးစားခဲ့သောပုဂ္ဂိုလ်တစ်ပါးကို သူတို့လက်မခံခဲ့ကြချေ။

နောက်တစ်နေ့တွင် တပည့်တော်နှစ်ဦးသည် အနီး၌ရပ်နေကြစဉ် ဆရာယောဟန်သည် လူများအလယ်တွင်ရှိသောခရစ်တော်ကို တစ်ဖန်မြင်တွေ့ခဲ့ပြန်သည်။ ပုရောဖက်၏မျက်နှာတော်သည် ဘုရားသခင်၏အလင်းတော်ဖြင့်တစ်ဖန်ထွန်းလင်းလာပြီး "ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" ဟုဟစ်ကြော်ခဲ့ပါသည်။ ဤစကားများသည် တမန်တော်များ၏နှလုံးသားကို သိမ့်သိမ့်တုန်စေခဲ့ပါသည်။ ခရစ်တော်အား ဆရာယောဟန်



ကင်ပွန်းတပ်ခဲ့သည့် "ဘုရားသခင်၏သိုးသငယ်" ဟူသောအမည်နာမ၏ အဓိပ္ပါယ်ကို တမန်တော်များပြည့်ပြည့်စုံစုံနားမလည်ခဲ့ကြချေ။ ဆရာယောဟန်ကိုယ်တိုင်ကလည်း ရှင်းမပြခဲ့ချေ။

သူတို့သည် ဆရာယောဟန်ကိုစွန့်ခွာလျက် ခရစ်တော်ထံသို့ ထွက်သွားခဲ့ကြပါသည်။ ထိုနှစ်ယောက်ထဲမှတစ်ယောက်သောသူသည် ရှိမုန်၏ညီအန္ဒြေဖြစ်ပြီး ကျန်တစ်ယောက်မှာ တမန်တော်ယောဟန်ဖြစ်ပါသည်။ သူတို့သည် ခရစ်တော်၏လက်ဦးတမန်တော်များဖြစ်ကြပါသည်။ ချုပ်တည်း၍မရနိုင်သောစိတ်ဇော၏လှုံ့ဆော်မှုကြောင့် သူတို့သည် ခရစ်တော်နောက်သို့လိုက်ခဲ့ကြပါသည်။ ကိုယ်တော်နှင့်စကားပြောရန်အလွန်စိတ်စောနေကြသော်လည်း "ဤသူသည် မေရှိယလား" ဟူသောအတွေး၏မခံမရပ်နိုင်အောင် ဖိစီးထားသည့်အရေးပါမှုတွင်နစ်မျောကာ ထိတ်လန့်ငြိမ်သက်လျက်ရှိကြပါသည်။

တမန်တော်များသည် မိမိနောက်တော်သို့လိုက်လာကြသည်ကို ခရစ်တော်သိတော်မူခဲ့ပါသည်။ ထိုသူများသည် ကိုယ်တော့်အမှုတော်၏အဦးသီးသောအသီးများဖြစ်ကြပြီး မိမိ၏ကရုဏာကို ထိုသူများကတုံ့ပြန်ကြသောကြောင့် နှလုံးတော်တွင်းဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။ သို့စေကာမူ နောက်တော်သို့လှည့်၍ "အဘယ်အလိုရှိသနည်း" ဟု ယေရှုကမေးတော်မူ၏။ ကိုယ်တော်သည် ၎င်းတို့အား လာလမ်းအတိုင်းပြန်သွားရန်နှင့် မိမိတို့၏ဆန္ဒကိုတင်ပြရန်အတွက် လွတ်လပ်သောရွေးချယ်ခွင့်ကိုပေးတော်မူခဲ့ပါသည်။

သူတို့၏အသိစိတ်ဓာတ်တွင် ရည်ရွယ်ချက်တစ်ခုသာရှိပါသည်။ "ရဗ္ဗိ၊ ကိုယ်တော်သည် အဘယ်မှာနေတော်မူသနည်း" ဟုမေးလျှောက်ကြ၏။ လမ်းနံဘေးတွင် ခေတ္တခဏစကားပြောကြစဉ် မိမိတို့မျှော်လင့်သောအရာကို သူတို့မသိနိုင်ခဲ့ကြချေ။ သူတို့သည် ကိုယ်တော်၏ခြေတော်ရင်းတွင်ထိုင်ကာ နှုတ်တော်ထွက်စကားများကိုကြားနာပြီး ကိုယ်တော်နှင့်အတူနေထိုင်ကြရန် ဆန္ဒရှိခဲ့ကြပါသည်။ "ယေရှုကလည်း လာ၍ကြည့်ကြလော့ဟု မိန့်တော်မူ၏။ ထိုသူတို့သည် နေတော်မူရာအရပ်ကိုသွား၍ကြည့်ကြ၏။---မိုးချုပ်သည်တိုင်အောင် အထံတော်၌နေကြ၏။"

ယောဟန်နှင့်အန္ဒြေတွင် ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများ၌ရှိနေသည့် မယုံကြည်သောစိတ်ထားများရှိနေခဲ့ပါလျှင် ထိုသူတို့ကို ခရစ်တော်၏ခြေတော်ရင်းတွင်တရားနာနေသောပုဂ္ဂိုလ်များအဖြစ်တွေ့ရလိမ့်မည်မဟုတ်ချေ။ ဝေဖန်သူများအနေဖြင့် ကိုယ်တော်၏စကားများကို တရားစီရင်ရန်အတွက်သာ ကိုယ်တော့်ထံသို့ သူတို့လာခဲ့ကြပါလိမ့်မည်။ ထိုသို့အားဖြင့် များစွာသောလူများသည် အလွန်အဖိုးထိုက်တန်သော အခွင့်အရေးများကိုမရရှိစေရန် တံခါးကိုပိတ်ထားတတ်ကြသည်။ ဤရှေးဦးတမန်တော်နှစ်ပါးမှာမူ ထိုကဲ့သို့မဟုတ်ခဲ့ချေ။ သူတို့သည် ဗတ္တိဇံဆရာယောဟန်၏ဟောပြောချက်မှ သန့်ရှင်းသောဝိညာဉ်တော်၏ခေါ်သံကို တုံ့ပြန်ခဲ့ကြပါသည်။ ယခုတွင် သူတို့ကြားခဲ့ရသည့်ကောင်းကင်မှအသံတော်ကိုလည်း အသိအမှတ်ပြုခဲ့ကြသည်။ ကိုယ်တော်၏သွန်သင်ချက်များသည် ၎င်းတို့အဖို့ အားတက်စရာများ၊ သမ္မာတရားများ၊ တင့်တယ်မှုများနှင့် ပြည့်ဝသောသွန်သင်ချက်များဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏ဘုန်းတန်ခိုးထွန်းလင်းတောက်ပခြင်းသည် ဓမ္မဟောင်းကျမ်းစာ၏ဤသွန်သင်ချက်အပေါ်တွင် သက်ရောက်တော်မူခဲ့ပါသည်။ သမ္မာတရား၏အဘက်ဘက်ဆိုလိုရင်းအချက်များသည် အသစ်သောအလင်းတော်တွင် အဆုံးတိုင်မြဲမြံတော်မူခဲ့ပါသည်။

လူတို့သည် စိတ်နှလုံးကြေကွဲခြင်း၊ ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာအားဖြင့်သာ ကောင်းကင်မှဉာဏ်တော်ကိုရရှိနိုင်ကြပါသည်။ မေတ္တာတော်အားဖြင့်ကျင့်သုံးနေသောယုံကြည်ခြင်းသည် အသိပညာ၏အချက်အချာဖြစ်၍ ချစ်ခြင်းမေတ္တာရှိသောသူတိုင်းသည် ဘုရားသခင်ကိုသိကြပါသည်။ ၁ယော၊ ၄း၇။

တမန်တော်ရှင်ယောဟန်သည် ဖွဲလုံ့လရှိသော၊ လှိုက်လှိုက်လှဲလှဲချစ်တတ်သော၊ စိတ်အားထက်သန်သောသူတစ်ယောက်ဖြစ်သော်လည်း စဉ်းစားဆင်ခြင်တတ်သူတစ်ဦးလည်းဖြစ်ပါသည်။ သူသည် ခရစ်တော်၏ဘုန်းအာနုဘော်ကိုအစပြု၍ သိမြင်နားလည်ခဲ့ရာတွင် ကျမ်းတတ်ဆရာများက ၎င်းအားမျှော်လင့်ရန် သွန်သင်ခဲ့သောလောကီပကာသနများနှင့်



တန်ခိုးအာဏာများမဟုတ်ဘဲ “ခမည်းတော်၌ တစ်ပါးတည်းသောသားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို” သူမြင်ခဲ့ရပါသည်။ သူသည် အံ့ဩဖွယ်ရာများကို အာရုံစူးစိုက်ခြင်းတွင် စိတ်နှလုံးနစ်မျောနေခဲ့ပါသည်။

အန္ဒြေသည် မိမိခံစားရသောဝမ်းမြောက်ပျော်ရွှင်မှုကိုမျှဝေရန်ကြိုးစားခဲ့ပါသည်။ သူသည် မိမိညီအစ်ကိုရှိမုန်ကို ရှေးဦးစွာတွေ့လျှင် ငါတို့သည် မေရှိယကိုတွေ့ကြပြီဟုပြောဆို၏။ ဗတ္တိဇံဆရာယောဟန်၏သွန်သင်ချက်ကိုကြားနာပြီးဖြစ်သောရှိမုန်သည် ဒုတိယအကြိမ်ဖိတ်ခေါ်မှုကို မစောင့်ဆိုင်းတော့ဘဲ ကယ်တင်ရှင်ထံသို့အမြန်သွားခဲ့ပါသည်။ ခရစ်တော်သည် ထိုသူကိုကြည့်ရှုရာသူ၏စိတ်မြန်သောသဘာဝချစ်တတ်၊ ကိုယ်ချင်းစာနာတတ်သောစိတ်နှလုံး၊ သူ၏ရည်ရွယ်ချက်နှင့် မိမိကိုယ်ကိုစိတ်ချလွန်းမှု၊ သူ၏ကျဆုံးခြင်းနှင့်နောင်တရခြင်း၊ သူ၏အမှုတော်လုပ်ငန်းနှင့် မာတုရသေခြင်း စသည်တို့ကိုရှုမှတ်၍တွေ့သိပြီး “သင်သည် ယောန၏သားရှိမုန်ဖြစ်၏။ ကေဖအမည်သစ်ကိုရလတ္တံ့ဟုမိန့်တော်မူ၏။ ကေဖအနက်ကား ပေတရုဟုဆိုလိုသတည်း။”

နောက်တစ်နေ့၌ ဂါလိလဲပြည်သို့ကြွခြင်းငှါ အလိုတော်ရှိလျှင် ဖိလိပ္ပုကိုတွေ့၍ ငါ့နောက်သို့လိုက်လော့ဟုမိန့်တော်မူ၏။ ဖိလိပ္ပုသည် အမိန့်တော်ကိုနာခံ၍ ချက်ချင်းပင်ခရစ်တော်၏အမှုဆောင်တစ်ဦးဖြစ်လာခဲ့ပါသည်။

ဖိလိပ္ပုသည် နာသနေလကို ခရစ်တော်၏နောက်သို့လိုက်ရန်ခေါ်ခဲ့၏။ ဗတ္တိဇံဆရာသည် ခရစ်တော်အားညွှန်ပြ၍ ဘုရားသခင်၏သိုးသငယ်ဖြစ်ကြောင်းပြောနေသောအချိန်တွင် လူအုပ်ထဲတွင် နာသနေလရှိခဲ့ပါသည်။ နာသနေလသည် ယေရှုကိုမြင်တွေ့သောအခါ စိတ်ပျက်သွားခဲ့ပါသည်။ ဆင်းရဲနုံချာ၍ ပင်ပန်းနွမ်းလျပုံပေါ်နေသောဤသူသည် မေရှိယဖြစ်နိုင်ပါမည်လား။ ဗတ္တိဇံဆရာ၏သတင်းစကားသည် ၎င်း၏စိတ်နှလုံးအား ထင်ထင်ရှားရှားသိမြင်စေပြီးဖြစ်သည့်အတွက်ကြောင့် နာသနေလသည် ခရစ်တော်အားငြင်းပယ်ရန် ဆုံးဖြတ်နိုင်စွမ်းမရှိခဲ့ချေ။

ဖိလိပ္ပုသည် ၎င်းအားခေါ်သောအချိန်တွင် နာသနေလသည် ဗတ္တိဇံဆရာ၏ကြေညာချက်အပေါ်တွင်လည်းကောင်း၊ မေရှိယနှင့်ပတ်သက်သောအနာဂတ္တိစကားများအပေါ်တွင်လည်းကောင်း၊ အာရုံပြုရန် ငြိမ်သက်သောတောအုပ်ငယ်ကလေးထဲသို့ ဆုတ်ဝင်သွားခဲ့ပါသည်။ ဆရာယောဟန်ပြည့်ဆွန်သောပုဂ္ဂိုလ်သည် ကယ်တင်ရှင်ဖြစ်ပါလျှင် မိမိအားသိမြင်စေတော်မူပါဟု သူဆုတောင်းခဲ့ရာ ဘုရားသခင်သည် မိမိလူမျိုးတို့ထံအလည်အပတ်ကြွလာ၍ ၎င်းတို့အတွက်ကယ်တင်ခြင်းဦးချိုကိုမြှောက်တင်တော်မူခဲ့ကြောင်း အာမခံချက်နှင့်တကွ သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းအပေါ်သို့ ကြွဆင်းတော်မူခဲ့ပါသည်။ မိမိ၏သူငယ်ချင်းသည် အနာဂတ္တိစကားများကို စူးစမ်းရှာဖွေနေကြောင်းကို ဖိလိပ္ပုသိရှိခဲ့ပါသည်။ နာသနေလသည် သင်္ဘောသဖန်းပင်အောက်တွင်ဆုတောင်းနေစဉ်တွင် ၎င်း၏ဘာဝနာစီးဖြန်းခြင်းကို ဖိလိပ္ပုတွေ့မြင်ခဲ့ပါသည်။ သူတို့သည် ဆိတ်ငြိမ်သောသစ်ပင်များအောက်တွင် မကြာခဏအတူတကွဆုတောင်းခဲ့ကြပါသည်။ "မောရှေသည် ပညတ္တိကျမ်း၌လည်းကောင်း၊ ပုရောဖက်တို့သည် သူတို့ကျမ်း၌လည်းကောင်း အကြောင်းပြုရေးထားသောသူ---ကိုငါတို့တွေ့ကြပြီ" ဟူသောသတင်းစကားသည် နာသနေလ၏ဆုတောင်းချက်ကို တိုက်ရိုက်အဖြေပေးသကဲ့သို့ဖြစ်နေပါသည်။ သို့သော် ဖိလိပ္ပု၏ယုံကြည်ခြင်းသည် စနောင့်စနင်းဝိုးတိုးဝါးတားယုံကြည်ခြင်းမျိုးသာဖြစ်နေပါသေးသည်။ အကြောင်းမှာ သူသည် "နာဇရက်မြို့သားဖြစ်သော ယောသပ်၏သားယေရှု" ဟူ၍သံသယရှိစွာဖြင့် ကိုယ်တော်ကိုခေါ်ဝေါ်ခဲ့ပါသည်။ ထိုအခါနာသနေလ၏စိတ်နှလုံးထဲတွင် တစ်ဖက်သတ်အထင်လွဲမှုသည် ဖြစ်ပေါ်လာခဲ့ကာ "နာဇရက်မြို့ထဲကကောင်းသောအရာတစ်စုံတစ်ခုမျှထွက်နိုင်သလော" ဟုမေးလေ၏။

ဖိလိပ္ပုသည် နာသနေလနှင့်အငြင်းပွားမနေတော့ဘဲ "လာ၍ကြည့်ပါ" ဟုဆို၏။ နာသနေလလာသည်ကို ယေရှုသည်မြင်တော်မူလျှင် "လှည့်စားခြင်းအပြစ်နှင့်ကင်းလွတ်သော ဣသရေလလူစစ်ကိုကြည့်လော့" ဟု နာသနေလကိုအမှတ်ပြု၍မိန့်တော်မူ၏။ နာသနေလအံ့အားသင့်စွာဖြင့် ကိုယ်တော်သည် အဘယ်သို့သောအားဖြင့် အကျွန်ုပ်ကိုသိတော်မူသနည်းဟု



မေးလျှောက်သော် ယေရှုက "ဖိလိပ္ပုသည် သင့်ကိုမခေါ်မီ သင်သည် သင်္ဘောသဖန်းပင်အောက်၌ရှိသည်ကို ငါမြင်၏" ဟုမိန့်တော်မူ၏။

ယခုလောက်မိန့်တော်မူလျှင် လုံလောက်ပေပြီ။ သင်္ဘောသဖန်းပင်အောက်တွင် နာသနေလသည် ဆိတ်ငြိမ်စွာဆုတောင်းနေစဉ် သက်သေခံတော်မူခဲ့သော ဘုရားသခင်၏ဝိညာဉ်တော်သည် ယခုတွင် ယေရှုခရစ်၏နှုတ်တော်ထွက်စကားအားဖြင့် နာသနေလအား မိန့်တော်မူနေပါသည်။ သံသယရှိခဲ့သော်လည်း တစ်ဖက်သတ်အထင်လွဲမှုကိုစိတ်လျှော့လျက် နာသနေလသည် သမ္မာတရားကိုသိရှိရန် ရိုးသားသောဆန္ဒဖြင့် ခရစ်တော်ထံသို့တိုးဝင်ခဲ့ပါသည်။ ယခုတွင်မူ ၎င်း၏အလိုဆန္ဒပြည့်ဝသွားပေပြီ။ သူ့အားခရစ်တော်ထံသို့ခေါ်ဆောင်ခဲ့သော သူထက်ပင်နာသနေလ၏ယုံကြည်ခြင်းသည် သာလွန်သွားခဲ့ပါသည်။ "အရှင်ဘုရား၊ ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူ၏။ ဣသရေလလူတို့၏ရှင်ဘုရင်လည်းဖြစ်တော်မူ၏" ဟုနာသနေလလျှောက်လေ၏။

နာသနေလသည် ကျမ်းတတ်ဆရာများ၏လမ်းပြမှုကိုသာ ကိုးစားပါလျှင် ယေရှုခရစ်ကိုတစ်ခါမျှတွေ့နိုင်လိမ့်မည်မဟုတ်ချေ။ မိမိကိုယ်ကိုမြင်တွေ့ခြင်း၊ ကိုယ်တိုင်ဆုံးဖြတ်ခြင်းအားဖြင့် သူသည် တမန်တော်တစ်ပါးဖြစ်လာခဲ့ပါသည်။ ထိုနည်းအတိုင်းပင် ယနေ့လူများအား လူကောင်းများဖြစ်မလာစေရန်အတွက် တစ်ဖက်သတ်အထင်လွဲမှုများကဟန့်တားထားပါသည်။ သူတို့သည် လာ၍ကြည့်ခဲ့လိမ့်မည်ဆိုလျှင် အလွန်ခြားနားသောအဖြေကိုရကြပါလိမ့်မည်။

သူတို့သည် လူသားများ၏လမ်းပြမှုကိုကိုးစားသောအချိန်တွင် မည်သည့်အရာတစ်စုံတစ်ခုမျှ သမ္မာတရား၏ကယ်တင်ခြင်းအသိဉာဏ်ဖြစ်လာလိမ့်မည်မဟုတ်ချေ။ ကျွန်ုပ်တို့သည် နာသနေလကဲ့သို့ မိမိတို့ကိုယ်တိုင် နှုတ်ကပတ်တော်ကိုလေ့လာရန် လိုအပ်သည့်ပြင် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုရရန်အတွက်လည်း ဆုတောင်းဖို့လိုပါသည်။ သင်္ဘောသဖန်းပင်အောက်တွင်ရှိသော နာသနေလကိုတွေ့မြင်တော်မူသောပုဂ္ဂိုလ်သည် လျှို့ဝှက်သောနေရာများတွင် ဆုတောင်းနေသောကျွန်ုပ်တို့ကိုမြင်တွေ့

တော်မူလိမ့်မည်။ အလင်းကမ္ဘာမှ ကောင်းကင်တမန်များသည် နှိမ့်ချစွာဖြင့် ဘုရားသခင်၏လမ်းပြမှုကို ရှာဖွေနေကြသောသူများ၏အနီးအနားတွင် ရှိတော်မူ၏။

ယောဟန်၊ အန္ဒြေ၊ ရှိမုန်၊ ဖိလိပ္ပုနှင့် နာသနေလတို့ကိုခေါ်တော်မူ၍ ခရစ်ယာန်အသင်းတော်၏တိုက်မြစ်ကို အစပျိုးတော်မူခဲ့ပါသည်။

-ဝ-



# (၁၅)
# မင်္ဂလာလက်ထပ်ပွဲ၌

ရှင်ယောဟန် ၂း၁-၁၁ ကိုအခြေပြုထားပါသည်

“သခင်ယေရှုသည် မိမိ၏အမှုတော်ကို ယေရုရှလင်မြို့ရှိ ဆန်ဟီဒရင်အဖွဲ့ရှေ့တွင် ကြီးကျယ်သောလုပ်ဆောင်မှုများအားဖြင့် အစပြုခဲ့ခြင်းမဟုတ်ပါ။ ဂါလိလဲရွာငယ်ကလေးတစ်ခုတွင် ကျင်းပသောလက်ထပ်ပွဲ၌ စုရုံးနေသောအိမ်သူအိမ်သားများ၏ဝမ်းမြောက်မှုအတွက် တန်ခိုးတော်ကို စတင်အသုံးပြုခဲ့ပါသည်။ ဤနည်းအားဖြင့် လူသားများအပေါ်တွင် ထားရှိခဲ့သောကိုယ်တော်၏ကိုယ်ချင်းစာတရားနှင့် လူသားများပျော်ရွှင်မှုရရှိကြရန် မစလိုသောကိုယ်တော်၏အလိုတော်ကိုထင်ရှားစေခဲ့ပါသည်။ ခရစ်တော်ကိုယ်တော်တိုင်သည် ဒုက္ခဆင်းရဲခြင်းခွက်ဖလားကို တောထဲ၌စုံစမ်းခြင်းခံရစဉ်အခါကသောက်ခဲ့ပြီးဖြစ်ပါသည်။ လူသားများ၏အသက်တာနှင့် ဆက်နွှယ်မှုများကို သန့်ရှင်းစေရန် ကောင်းချီးပေးခြင်းအားဖြင့် ကိုယ်တော်သည် ကောင်းချီးမင်္ဂလာဖလားကို လူသားများအားပေးသနားရန် ပေါ်ထွန်းတော်မူခဲ့ပါသည်။

သခင်ယေရှုသည် ယော်ဒန်မြစ်မှ ဂါလိလဲပြည်သို့ပြန်လည်ကြွမြန်းလာခဲ့ပါသည်။ ထိုအချိန်တွင် နာဇရက်မြို့နှင့်မနီးမဝေးတွင်ရှိသော ကာနမြို့တွင် ယောသပ်နှင့်မာရိတို့၏ဆွေမျိုးသားချင်းထဲမှလက်ထပ်ပွဲတစ်ခုရှိပါသည်။ မိသားစုများသည် ထိုနေရာတွင်ရောက်ရှိနေကြမည်ကိုသိသဖြင့် ကာနမြို့သို့သွားတော်မူခဲ့ရာ ကိုယ်တော်ရှင်နှင့်တကွ တပည့်တော်များသည် လက်ထပ်ပွဲသို့တက်ရောက်ရန် ဖိတ်ကြားခြင်းခံရပါသည်။

ကိုယ်တော်သည် အချိန်အတော်ကြာခွဲခွာခဲ့ရသောမယ်တော်ကို တစ်ဖန်တွေ့ဆုံခွင့်ရခဲ့ပြန်တော်မူသည်။ မာရိအနေနှင့်လည်း ယော်ဒန်မြစ်၌ နှစ်ခြင်းခံစဉ်တွင် ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များအကြောင်းကို ကြားသိခဲ့ပြီးဖြစ်ပါသည်။ ထိုသတင်းများသည် နာဇရက်မြို့သို့ရောက်လာပြီး သူမ၏

စိတ်နှလုံးတွင် နှစ်ပေါင်းများစွာတိမ်မြုပ်နေသောမြင်ကွင်းများကို ပြန်လည်သစ်ဆန်းစေခဲ့ပါသည်။ မာရိသည် အခြားကာလသရေလများနည်းတူ ဗတ္တိဇံဆရာယောဟန်၏အမှုတော်ကြောင့် စိတ်လှုပ်ရှားခဲ့ရပါသည်။ ဆရာယောဟန်မွေးဖွားစဉ်က ဘုရားသခင်ပေးတော်မူခဲ့သောအနာဂတ္တိစကားကို သူမကောင်းစွာသတိရခဲ့ပါသည်။ ယခုအချိန်တွင် သခင်ယေရှုနှင့်ဆရာယောဟန်အကြားဆက်နွယ်နေမှုသည် သူမ၏မျှော်လင့်ခြင်းကို အသစ်ဖြစ်စေခဲ့ပါသည်။ သို့သော် သခင်ယေရှုသည် တောထဲသို့ထွက်ခွာသွားကြောင်း နိမိတ်မကောင်းသည့်သတင်းကြောင့် သူမသည် စိတ်သောကရောက်ခဲ့ရပါသည်။


သူမသည် နာဇရက်မြို့ရှိနေအိမ်တွင် ကောင်းကင်တမန်၏ကြေညာချက်ကိုကြားခဲ့ရသည့်အချိန်မှစ၍ သားတော်သခင်ယေရှုသည် မေရှိယဖြစ်ကြောင်း သက်သေအထောက်အထားတိုင်းကို စုဆောင်းမှတ်သားခဲ့ပါသည်။ ကိုယ်တော်၏ကောင်းမြတ်၍ အတ္တကင်းသောအသက်တာသည် ၎င်းအားမေရှိယဖြစ်ကြောင်း စိတ်ချစေခဲ့ပါသည်။ သို့စေကာမူ သံသယစိတ်များနှင့် စိတ်ပျက်စရာများတို့ကိုလည်း သူမခံစားရပြီး ကိုယ်တော်၏ဘုန်းတော်ထင်ရှားမည့်အချိန်ကို သူမစောင့်စားခဲ့ပါသည်။ ခရစ်တော်၏မွေးဖွားခြင်းနှင့်ပတ်သက်သောနက်နဲမှုများအကြောင်းကိုမျှဝေအသိပေးခဲ့သူ၊ သူမ၏ခင်ပွန်းယောသပ်သည် သေခြင်းအားဖြင့် သူမအားခွဲခွာခဲ့ပေပြီ။ ယခုအချိန်တွင် သူမ၏မျှော်လင့်ချက်များနှင့် စိုးရိမ်ကြောက်ရွံ့မှုများကို နှစ်ကိုယ်ကြားတိုင်ပင်ရမည့်သူတစ်ဦးမျှမရှိတော့ချေ။ လွန်ခဲ့သောနှစ်လတွင် သူမသည် ဝမ်းနည်းပူဆွေးခဲ့ရပါသည်။ မိမိအားစာနာချစ်ခင်ကာ စိတ်ချမ်းသာမှုပေးသော သားတော်မောင်သည် သူမအားခွဲခွါခဲ့သဖြင့် “ထိုမှတစ်ပါး သန်လျက်သည် သင်၏စိတ်နှလုံးကိုခွင်းလိမ့်မည်” ဟူ၍ မြွက်ဆိုခဲ့သောရှိမုန်၏စကားများအပေါ် မယ်တော်သည် ပြန်ပြောင်းဆင်ခြင်မိခဲ့ပါသည်။ သခင်ယေရှုပျောက်ဆုံးသွားပြီအထင်နှင့် သုံးရက်တိတိစိတ်သောကရောက်ခဲ့ရပုံများကိုလည်းကောင်း၊ သားတော်၏ပြန်အလာကိုစိုးရိမ်တကြီးဖြင့်စောင့်မျှော်ခဲ့ရသည်ကိုလည်းကောင်း သူမပြန်လည်သတိရမိခဲ့ပါသည်။



လက်ထပ်ပွဲတွင် ကိုယ်တော်အား တွေ့ဆုံသောအချိန်တွင် ယခင်ကအတိုင်းပင် ယေရှုသည် နူးညံ့သိမ်မွေ့၍ တာဝန်ကျေပွန်သောသားတစ်ယောက်ဖြစ်နေသေးသော်လည်း မျက်နှာအသွင်အပြင်မှာမူ ယခင်ကနှင့်မတူတော့ချေ။ မျက်နှာတော်တွင် တော၌တွေ့ဆုံရင်ဆိုင်ခဲ့ရသောတိုက်လှန်ပွဲ၏အစအနများနှင့် မိမိ၏ဘုရားပေးအမှုတော်အတွက်အထောက်အထားကိုထင်ရှားစေသောဂုဏ်သိက္ခာနှင့်တန်ခိုးတော်များ၏အသစ်သောသရုပ်သကန်တစ်ခုကိုတွေ့မြင်နေရပါသည်။ ကိုယ်တော်ကိုရိုသေကိုင်းရှိုင်းသောမျက်လုံးများဖြင့် နောက်တော်မှလိုက်လာသည့်ကိုယ်တော်အား သခင်ဟုခေါ်ကြသောလူငယ်တစ်စုသည်လည်း အတူပါလာပါသည်။ ဤလူငယ်များသည် နှစ်ခြင်းမင်္ဂလာပွဲတွင်သော်လည်းကောင်း၊ အခြားနေရာများတွင်သော်လည်းကောင်း မိမိတို့မြင်ခဲ့၊ ကြားခဲ့ရသည်များကိုမာရိအားပြန်လည်ပြောပြခဲ့ကြပါသည်။ “မောရှေသည် ပညတ္တိကျမ်း၌လည်းကောင်း၊ ပုရောဖက်တို့သည် သူတို့ကျမ်း၌လည်းကောင်း အကြောင်းပြု၍ရေးထားသောသူ---ကိုငါတို့သည်တွေ့ကြပြီ” ဟုသူတို့ကပြောဆိုကြ၏။

ဧည့်သည်များစုရုံးလာကြစဉ် များစွာသောလူများသည် စိတ်ဝင်စားစရာကောင်းသောအကြောင်းအရာအချို့ကို အာရုံစူးစိုက်နေခဲ့ကြပါသည်။ မျိုသိပ်ထားခဲ့သောစိတ်လှုပ်ရှားမှုတစ်ခုသည် ပရိသတ်အားလုံးထဲပျံ့နှံ့သွားခဲ့ပါသည်။ မာရိ၏သားတော်အပေါ်သို့ အံ့သြစွာဖြင့်ကြည့်ရှုကြလျက်ထိုလူစုကလေးသည် တိုးညင်းသော်လည်း စိတ်အားထက်သန်သောလေသံများဖြင့် တီးတိုးစကားပြောနေကြပါသည်။ မာရိသည် သခင်ယေရှုနှင့်ပတ်သက်၍ တပည့်တော်များ၏သက်သေခံချက်ကိုကြားသိရသောအခါအချိန်ကြာမြင့်စွာကတည်းက မြတ်နိုးစွာမျှော်လင့်ခဲ့ရသည့် မိမိ၏မျှော်လင့်ချက်သည် အလဟဿမဖြစ်ကြောင်းသိရှိကာ ဝမ်းသာအားရဖြစ်နေခဲ့ပါသည်။ သို့စေကာမူ သားသမီးကိုချစ်တတ်သောမိခင်များတွင်ရှိတတ်သည့်ဂုဏ်ယူဝါကြွားခြင်းများနှင့် ဤသန့်ရှင်းသောဝမ်းမြောက်မှုကို မရောယှက်ခဲ့ပါလျှင် သူမသည် လူသားတစ်ဦးထက်ထူးကဲသောဝမ်းမြောက်မှုကိုခံစားခဲ့ရလိမ့်မည်တည်း။ လူအများက ကိုယ်တော်အားကြည့်နေကြသည်ကို သူမ

မြင်သောအခါ ကိုယ်တော်ဘုရား၏သားတော်အမှန်တကယ်ဖြစ်ကြောင်းကို ဤလူစုကလေးရှေ့တွင်တန်ခိုးပြရန် သူမမျှော်လင့်တောင့်တခဲ့ပါသည်။ သူတို့ရှေ့တွင် နိမိတ်လက္ခဏာတစ်ခုပြရန် ကိုယ်တော်အတွက် အခွင့်အရေးကောင်းဖြစ်သည်ဟုလည်း သူမမျှော်လင့်ခဲ့ပါသည်။



လက်ထပ်ပွဲကို ရက်ပေါင်းများစွာဆက်တိုက်ကျင်းပခြင်းသည် ထိုခေတ်ထိုအခါ၏ဓလေ့ထုံးစံတစ်ခုဖြစ်ပါသည်။ အရေးကြီးသောဤအခါသမယတွင် လက်ထပ်ပွဲရက်မကုန်ဆုံးမီ စပျစ်ရည်များကုန်ခန်းသွားခဲ့ပါ



သည်။ ထိုကဲ့သို့ဖြစ်သွားသည့်အတွက် များစွာစိတ်ရှုပ်ထွေး၊ ဝမ်းနည်းမှုများကိုဖြစ်စေခဲ့ပါသည်။ လက်ထပ်ပွဲအချိန်အတွင်းတွင် စပျစ်ရည်ဖြင့်ကျွေးမွေးခြင်းကိုမဖြစ်မနေပြုရပါသည်။ တိုက်ကျွေးရန်ပျက်ကွက်ခြင်းသည် ဧည့်ဝတ်မကျေပွန်ရာရောက်ပါသည်။ သတို့သမီး၊ သတို့သားတို့၏ဆွေမျိုးတစ်ဦးအနေဖြင့် မာရိသည် လက်ထပ်ပွဲကိုကူညီစီစဉ်ပေးခဲ့ပြီး ယခုတွင်လည်း စပျစ်ရည်ကုန်သွားသဖြင့် "စပျစ်ရည်မရှိတော့ဘူး" ဟု ယေရှုအားပြောကြားခဲ့၏။ ဤစကားများသည် ၎င်းတို့၏လိုအပ်ချက်အား ကိုယ်တော်ရှင်မစလိုကမစနိုင်ကြောင်း အကြံပေးချက်ဖြစ်ပါသည်။ သို့သော် ယေရှုက "အချင်းမိန်းမ၊ သင်သည် ငါနှင့်အဘယ်သို့ဆိုင်သနည်း၊ ငါ့အတွက်အချိန်မရောက်သေး" ဟုမိန့်တော်မူ၏။

ဤအဖြေသည် ပြေပြေပြစ်ပြစ်ရှိပုံမပေါ်သော်လည်း မယဉ်ကျေးမှုကိုသော်လည်းကောင်း၊ ဟက်ဟက်ပက်ပက်မရှိခြင်းကိုသော်လည်းကောင်း မဖော်ညွှန်းပါ။ မယ်တော်အား ကိုယ်တော်ခေါ်ဝေါ်သုံးစွဲသည့်ပုံစံများသည် အရှေ့တိုင်းဓလေ့အတိုင်း ပြောဆိုသုံးစွဲခဲ့ခြင်းဖြစ်ပါသည်။ လေးစားကြောင်းပြလိုသောပုဂ္ဂိုလ်များကို ထိုကဲ့သို့ခေါ်ဝေါ်အသုံးပြုပါသည်။ ကိုယ်တော်၏ပြုမူဆောင်ရွက်မှုသည် မိမိကိုယ်တိုင်ပေးခဲ့သော "သင်၏မိဘကိုရိုသေလော့" ဟူသောတရားတော်နှင့်ကိုက်ညီခဲ့သည်။ မယ်တော်အား ဂရုစိုက်စောင့်ရှောက်ကြရန် အချစ်ဆုံးသောတပည့်တော်ထံအပ်နှံရန် ကပ်တိုင်ပေါ်မှ ၎င်း၏နောက်ဆုံးပြောဆိုဆက်ဆံခဲ့ရာတွင်လည်း ခရစ်တော်သည် ထိုနည်းအတိုင်းပင် မယ်တော်အားခေါ်ဝေါ်ခဲ့ပါသည်။ မင်္ဂလာလက်ထပ်ပွဲနှင့် ကပ်တိုင်နှစ်နေရာစလုံးတွင် အသံနေအသံထား၊ အကြည့်နှင့်ဟန်ပန်များတွင်ဖော်ပြခဲ့သည့် ကိုယ်တော်၏မေတ္တာသည် မိမိပြောတော်မူခဲ့သောစကားများကို အနက်အဓိပ္ပါယ်ဖော်ပြနေပါသည်။

သူငယ်ဘဝတွင် ဗိမာန်တော်သို့သွားရောက်လည်ပတ်စဉ်က မိမိရှေ့မှောက်တွင်ပွင့်လင်းလျက်ရှိသော၊ တစ်သက်ပတ်လုံးစွဲမြဲလုပ်ဆောင်ရမည့်အလုပ်၏နက်နဲမှုအနေဖြင့် "မိဘသည် အဘယ်ကြောင့်ကျွန်ုပ်ကိုရှာရသနည်း၊ အကျွန်ုပ်သည် အဘအိမ်၌နေရသည်ကို မသိပါသလော"

(လုကာ ၂း၄၉) ဟု ယေရှုက မာရိအားပြောတော်မူခဲ့ပါသည်။ ဤစကားများသည် ကိုယ်တော်၏အသက်တာတစ်ခုလုံးနှင့် အမှုတော်တစ်ခုလုံး၏ အဓိကလိုရင်းအချက်ကိုထိမိစေခဲ့ပါသည်။ ဤကမ္ဘာသို့ကြွလာကာ ပြီးစီးအောင်ဆောင်ရွက်ရမည့်ကယ်တင်ခြင်းလုပ်ငန်းကြီးအတွက် အရာရာတိုင်းကိုဆက်လက်မလုပ်ဆောင်တော့ရန် ဆိုင်းငံ့ထားခဲ့ပါသည်။ ယခုတွင် ဤသင်ခန်းစာကို ကိုယ်တော်သည် ထပ်လောင်းမိန့်မြွက်တော်မူခဲ့ပါသည်။ ခရစ်တော်သည် မိမိ၏သားဖြစ်နေသောကြောင့် သူမသည် ကိုယ်တော်ရှင်ထံတွင် အထူးတောင်းဆိုချက်များပြုနေမည်ကိုလည်းကောင်း၊ ကိုယ်တော်၏ အမှုတော်ထဲတွင် ဝင်ရောက်ညွှန်ကြားနေမည်ကိုလည်းကောင်း စိုးရိမ်စရာရှိပါသည်။ ကိုယ်တော်သည် နှစ်ပေါင်းသုံးဆယ်လုံးလုံး၊ မပြောင်းလဲသောမေတ္တာဖြင့် ချစ်ခဲ့၊ နားထောင်ခဲ့သောသားတစ်ဦးဖြစ်ခဲ့သော်လည်း ယခုတွင်မူ ခမည်းတော်ဘုရား၏အမှုတော်ကို ဆောင်ရွက်ရတော့မည်ဖြစ်ပါသည်။ ဘုရားသခင်၏သားတော်တစ်ပါးအနေဖြင့်သော်လည်းကောင်း၊ လောကသားများ၏ကယ်တင်ရှင်တစ်ပါးအနေဖြင့်သော်လည်းကောင်း မည်သည့်လောကသံယောဇဉ်များကမျှ ကိုယ်တော်အား အမှုတော်မှ မသွေဖည်စေနိုင်မည့်အပြင် ကိုယ်တော်၏ဆောင်ရွက်မှုများအပေါ်၌ သြဇာသက်ရောက်မှုရှိစေမည်မဟုတ်ချေ။ ကိုယ်တော်သည် အဖခမည်းတော်၏ အလိုတော်ကိုဆောင်ရွက်ရန် လွတ်လပ်စွာရပ်တည်ရပါမည်။ ဤအရာသည် ကျွန်ုပ်တို့အတွက်လည်း သင်ခန်းစာဖြစ်ပါသည်။ ဘုရားသခင်၏တောင်းဆိုချက်များတို့သည် လူသား၏သံယောဇဉ်အနှောင်အဖွဲ့များထက်ပင် ထူးကဲသာလွန်နေပါသည်။ မည်သည့်လောကဆွဲဆောင်မှုကမျှ ကျွန်ုပ်တို့၏ခြေများကို ကိုယ်တော်လျှောက်လှမ်းစေလိုသောလမ်းမှမလွှဲဖယ်စေသင့်ချေ။

ကျဆုံးနေသောလူသားများအတွက် တစ်ခုတည်းသောကယ်တင်ခြင်း၏မျှော်လင့်ချက်သည် ခရစ်တော်၌သာဖြစ်ပါသည်။ မာရိသည်လည်း ဘုရားသခင်၏သိုးသငယ်အားဖြင့်သာ ကယ်တင်ခြင်းကိုရရှိနိုင်မည်ဖြစ်ပါသည်။ သူမသည် မိမိကိုယ်တိုင်အားဖြင့် မည်သည့်ကောင်းမှုကုသိုလ်ကိုမျှ မပိုင်ဆိုင်ချေ။ သခင်ယေရှုနှင့်သူမအကြားသွေးသားတော်စပ်မှုသည်





ဝိညာဉ်ရေးဆက်သွယ်မှုတွင် ကိုယ်တော်နှင့်အခြားလူများ၏ဆက်နွယ်မှုကဲ့သို့ပင်ဖြစ်ပါသည်။ ဤအကြောင်းအရာများကို ကိုယ်တော်၏စကားများတွင်ဖော်ညွှန်းထားပါသည်။ မိမိနှင့်မယ်တော်အကြား လူသားတစ်ဦးအနေဖြင့်ဆက်ဆံခြင်းနှင့် ဘုရား၏သားတော်တစ်ပါးအနေနှင့်ဆက်ဆံခြင်းများကို ထင်ရှားကွဲပြားအောင်ပြုတော်မူခဲ့ပါသည်။ ယေရှုခရစ်နှင့် သားအမိတော်စပ်ခြင်းသည် သူမအား မည်သည့်နည်းနှင့်မျှ ကိုယ်တော်နှင့် တန်းတူရည်တူမဖြစ်စေခဲ့ချေ။

ခရစ်တော်၏လောကအသက်တာတစ်လျှောက်တွင် ပြုမူဆောင်ရွက်ခြင်းများတို့သည် ထာဝရကာလမှစ၍ တည်ရှိခဲ့သောအစီအစဉ်ကိုပြည့်စုံစေခြင်းဖြစ်ကြောင်းကို “ငါ့အချိန်မရောက်သေး” ဟူသောစကားများက ညွှန်ပြနေပါသည်။ ကိုယ်တော်သည် ဤလောကသို့မကြွလာမီ အစီအစဉ်များကို အသေးစိတ်ကြံရွယ်ထားပြီးဖြစ်ပါသည်။ ကိုယ်တော်သည် ဤလောကအလယ်တွင်လျှောက်လှမ်းစဉ် တစ်လှမ်းပြီးတစ်လှမ်း အဖဘုရား၏အလိုတော်အတိုင်းလမ်းပြခြင်းကိုခံခဲ့ရပါသည်။ ကိုယ်တော်သည် သတ်မှတ်ထားသောအချိန်တွင် လုပ်ဆောင်ရန်မဆိုင်းတွခဲ့ချေ။ ၎င်းအပြင် စောင့်ဆိုင်းတော်မူခဲ့ပါသည်။

“ငါ့အချိန်မရောက်သေး” ဟု မာရိအားပြောဆိုရာတွင် နှုတ်မှဖွင့်မပြောသော်လည်း အခြားဣသရေလများကဲ့သို့ မျှော်လင့်နေသောမယ်တော်၏တောင့်တချက်ကို ယေရှုခရစ်တုံ့ပြန်တော်မူခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် မိမိကိုယ်ကိုမေရှိယဟုကြေညာ၍ ဣသရေလပလ္လင်ကိုသိမ်းယူတော်မူလိမ့်မည်ဟု သူမမျှော်လင့်ခဲ့ပါသည်။ သို့သော်မျှော်လင့်ထားသည့်အတိုင်းဖြစ်မလာခဲ့ချေ။ ခရစ်တော်သည် ဘုရင်တစ်ပါးအနေနှင့်မဟုတ်ဘဲ နာကြည်းခြင်းဝေဒနာနှင့်အကျွမ်းဝင်သောသူတစ်ဦးအနေနှင့် လူသားများ၏အငန်းအတာကိုခံယူတော်မူခဲ့သည်။

မာရိသည် ခရစ်တော်၏အမှုတော်နှင့်ပတ်သက်၍ အယူအဆမှန်ကန်ခဲ့သော်လည်း ကိုယ်တော်ကိုလုံးလုံးပုံ၍ယုံကြည်ကိုးစားခဲ့သဖြင့် ခရစ်တော်သည် ဤယုံကြည်ခြင်းကိုတုံ့ပြန်တော်မူခဲ့ပါသည်။ မယ်တော်၏

ယုံကြည်ကိုးစားမှုကိုဂုဏ်ပြုရန်နှင့် တမန်တော်များ၏ယုံကြည်ခြင်းကို တိုးပွားလာစေရန် ကိုယ်တော်သည် ပထမနိမိတ်လက္ခဏာကိုပြုတော်မူခဲ့သည်။ တမန်တော်များသည် ယုံမှားသံသယရှိလာစေနိုင်သည့် များစွာသောကြီးကျယ်သည့်စုံစမ်းခြင်းများကိုကြုံတွေ့ခဲ့ရပါသည်။ သခင်ယေရှုသည် မေရှိယဖြစ်ကြောင်းကို မငြင်းနိုင်အောင် ထင်ရှားပေါ်လွင်သည့် အနာဂတ္တိစကားများ သူတို့တွင်ရှိပါသည်။ သူတို့ထက်ပိုမိုစိတ်ချယုံကြည်စွာဖြင့် ကိုယ်တော်ရှင်အားလက်ခံကြိုဆိုမည့် ဘာသာရေးခေါင်းဆောင်များကို ၎င်းတို့ရှာဖွေစောင့်စားခဲ့ကြပါသည်။ သူတို့သည် ကိုယ်တော်ပြုမူခဲ့သောအံ့ဖွယ်နိမိတ်လက္ခဏာများနှင့် ကိုယ်တော်အမှုတော်အပေါ် မိမိတို့၏ယုံကြည်စိတ်ချမှုများအကြောင်းကို လူပုံအလယ်၌ကြေညာခဲ့ကြပါသည်။ သို့သော် ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာများက ကိုယ်တော်အပေါ်ထားရှိသောမယုံကြည်မှုများ၊ အမြစ်စွဲနေသောတစ်ဖက်သတ်အထင်လွဲမှုများနှင့် ရန်ငြိုးဖွဲ့မှုများကြောင့် သူတို့အံ့အားသင့်ခဲ့ကြရပါသည်။ ခါးခါးသီးသီးစိတ်ပျက်ခဲ့ကြရပါသည်။ ကယ်တင်ရှင်ပြုတော်မူသောရှေးဦးနိမိတ်လက္ခဏာများသည် ဤအတိုက်အခံများကိုဆန့်ကျင်၍ ရပ်တည်ရန် တမန်တော်များအတွက် ခွန်အားဖြစ်စေခဲ့ပါသည်။

ခရစ်တော်၏စကားတော်ကြောင့် မည်သို့မျှစိတ်ယောက်ယက်ခတ်သွားခြင်းမရှိဘဲ မာရိက "သူစေခိုင်းသမျှကိုပြုကြလော့" ဟု စားပွဲ၌ရှိသောအစေခံများအားပြောဆိုခဲ့၏။ ဤနည်းဖြင့် ခရစ်တော်၏အမှုတော်အတွက်လမ်းကိုပြင်ဆင်ရန် သူမတတ်နိုင်သရွေ့ဆောင်ရွက်ခဲ့၏။

ယေရှုသည် အဝင်တံခါးဝအနီးတွင်ရှိသော ထိုကျောက်စရည်းအိုးကြီးခြောက်လုံးထဲသို့ ရေအပြည့်ဖြည့်ရန် အစေခံများအားခိုင်းစေလိုက်ပါသည်။ စပျစ်ရည်ကိုအရေးပေါ်လိုအပ်နေသောကြောင့် အိုးများထဲသို့ရေဖြည့်ပြီးပြီးချင်း "ယခုခပ်၍ပွဲအုပ်ထံသို့သွင်းကြလော့" ဟု ယေရှုမိန့်တော်မူခဲ့၏။ အိုးကြီးများကို ရေဖြင့်ဖြည့်ခဲ့သော်လည်း ခပ်ယူရရှိသောအရာများသည် စပျစ်ရည်များဖြစ်နေပါသည်။ ပွဲအုပ်မှစ၍ လက်ထပ်ပွဲသို့တက်ရောက်လာခဲ့ကြသူများသည် စပျစ်ရည်ပြတ်တောက်သွားသည်ကိုပင်



မသိလိုက်ကြရချေ။ အစေခံများယူဆောင်လာသောစပျစ်ရည်ကိုမြည်းစမ်းကြည့်ရာ ၎င်းသောက်ဖူးသမျှစပျစ်ရည်တို့ထက်အရသာရှိပြီး လက်ထပ်ပွဲ၏ပထမပိုင်းတွင် တိုက်ကျွေးခဲ့သောစပျစ်ရည်နှင့်လည်းမတူကြောင်းကို ပွဲအုပ်တွေ့ခဲ့ပါသည်။ ထိုအခါ မင်္ဂလာဆောင်လုလင်အား အသံလွှင့်၍ အခြားသောသူမည်သည်ကား ရှေးဦးစွာကောင်းသောစပျစ်ရည်ကိုထည့်လေ့ရှိ၏။ သင်မူကား ကောင်းသောစပျစ်ရည်ကို ယခုတိုင်အောင်သိုထားပြီဟုဆို၏။

လူများသည် အကောင်းဆုံးစပျစ်ရည်များကို ရှေးဦးစွာတိုက်ကျွေး၍ ထိုနောက်မှမကောင်းသောစပျစ်ရည်ကိုတိုက်ကျွေးသကဲ့သို့ ကမ္ဘာလောကသည်လည်း ၎င်း၏ဆုကျေးဇူးလက်ဆောင်များကို ထိုနည်းနှင်နှင်အသုံးပြုနေပါသည်။ ပေးသောအရာများသည် လှပ၍ အာရုံဆွဲဆောင်မှုရှိသော်လည်း တင်းတိမ်မှုမရှိစေကြောင်းထင်ရှားပါသည်။ လောကစပျစ်ရည်များသည် ခါးသောအရသာကိုပြောင်းလဲထားပြီး အစအဦးတွင် ပျော်မြူးစေ၍ နောက်ပိုင်းတွင် မှိုင်တွေစေပါသည်။ လောကစပျစ်ရည်များသည် အစအဦးတွင်သီချင်းဆိုစေ၊ မြူးထူးစေသော်လည်း အဆုံးတွင် ပင်ပန်းနွမ်းရိဖွယ်များ၊ စက်ဆုပ်ရွံရှာဖွယ်များနှင့် နိဂုံးချုပ်တတ်ပါသည်။ သို့သော် ယေရှုခရစ်ပြုသောစပျစ်ရည်သည် အမြဲတမ်းကြည်လင်သစ်ဆန်းနေပါသည်။ လက်ထပ်ပွဲတွင် ကိုယ်တော်စီမံပေးခဲ့သောစပျစ်ရည်သည် ထာဝရကျေနပ်တင်းတိမ်မှုနှင့်ပျော်ရွှင်မှုကိုဖြစ်စေပါသည်။ အသစ်သောလက်ဆောင်မွန်တိုင်းသည် ရယူသုံးဆောင်သူများအား ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို ပိုမို၍အလေးအမြတ်ပြုစေခဲ့ပါသည်။ ပိုမို၍နှစ်ခြိုက်လာစေခဲ့ပါသည်။ ကိုယ်တော်သည် ကရုဏာတော်အတွက် ကရုဏာကိုပေးသနားတော်မူသည်။ ရိက္ခာပစ္စည်းများသည် မလုံမလောက်မဖြစ်ပါချေ။ သင်သည် ကိုယ်တော်၌ရှိလျှင် မြတ်နိုးဖွယ်သောလက်ဆောင်တစ်ခုကို ယနေ့သင်ရရှိခြင်းသည် မနက်ဖြန်တွင် မြတ်နိုးဖွယ်သောလက်ဆောင်တစ်ခုကို လက်ခံရရှိခြင်းအတွက်စိတ်ချစေပါသည်။ နာသနေလအား ခရစ်တော်မိန့်တော်မူခဲ့သောစကားများသည် ယုံကြည်သောသားသမီးများနှင့် ဘုရားသခင်၏ဆက်ဆံရေးနှင့်ပတ်သက်သောစည်းမျဉ်းတစ်ခုကိုဖော်ညွှန်းနေပါသည်။

ကိုယ်တော်ရှင်မေတ္တာတော်၏လန်းဆန်းသောဖော်ပြချက်များနှင့်အတူ "သင်ယုံသလော၊ ထိုမျှမက သင်သည်သာ၍ကြီးစွာသောအကြောင်းအရာကို မြင်လတ္တံ့" ဟူ၍ ကရုဏာတော်အားလက်ခံနိုင်သောစိတ်နှလုံးကို ကိုယ်တော်ကြေညာတော်မူပါသည်။

လက်ထပ်ပွဲတွင် ကိုယ်တော်ပေးခဲ့သောလက်ဆောင်မွန်သည် အထိမ်းအမှတ်တစ်ခုဖြစ်ခဲ့သည်။ ရေသည် ကိုယ်တော်၏သေခြင်း၌ ဗတ္တိဇံခံခြင်းကိုပုံဆောင်ပြီး စပျစ်ရည်သည် ကမ္ဘာလောက၏အပြစ်အတွက် ကျခဲ့ရသောအသွေးကိုပုံဆောင်ပါသည်။ အိုးကြီးများထဲသို့ လူသားများ၏ လက်များဖြင့် ရေအပြည့်ဖြည့်ခဲ့သော်လည်း ခရစ်တော်၏နှုတ်ထွက်စကားကသာလျှင် ထိုရေကိုအသက်ပေးပိုင်ခွင့်တန်ခိုးကို မျှဝေနိုင်ပါသည်။ ခရစ်တော်၏သေခြင်းကိုပြညွှန်သည့်ကိုးကွယ်မှုများသည်လည်း ထိုကဲ့သို့သောအဓိပ္ပါယ်ကိုဆောင်ပါသည်။ ယုံကြည်ခြင်းအားဖြင့်လုပ်ဆောင်လျက် ခရစ်တော်၏တန်ခိုးတော်အားဖြင့်သာ သူတို့သည် အသက်ဝိညာဉ်ကို ကြီးထွားရင့်သန်ရန် လုပ်ဆောင်ပြီးမြောက်မှုကို ရရှိကြပါသည်။

ခရစ်တော်၏နှုတ်ထွက်စကားသည် လက်ထပ်ပွဲအတွက် လုံလောက်သောစပျစ်ရည်ကိုပံ့ပိုးတော်မူခဲ့ပါသည်။ လူသားများ၏အပြစ်များကို ဆေးကြောရန် အသက်ဝိညာဉ်များကို အသင့်ပြုပြင်ရန်နှင့် ကျွေးမွေးပြုစုရန်အတွက် ကိုယ်တော်ရှင်၏ကရုဏာတော်သည် အလျှံပယ်ဖြစ်တော်မူပါသည်။

သခင်ယေရှုသည် တမန်တော်များနှင့်အတူ ပထမဦးစွာ တက်ရောက်ခဲ့သောလက်ထပ်ပွဲတွင် ၎င်းတို့၏ကယ်တင်ခြင်းအတွက် လုပ်ဆောင်တော်မူမည့် ကိုယ်တော်ရှင်၏အမှုတော်ကိုပုံဆောင်သော ခွက်ဖလားကိုပေးတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်၏အသေသတ်ခံခြင်းမှ ကိုယ်တော်ရှင်၏ဒုတိယကြွလာတော်မူခြင်းတိုင်အောင် ထင်ရှားစေမည့် သန့်ရှင်းသောအခမ်းအနားတစ်ခုဖြစ်သည့် နောက်ဆုံးကျင်းပခဲ့သောပွဲတော်မင်္ဂလာတွင်လည်း ကိုယ်တော်သည် ထိုပုံပမာကို တစ်ဖန်ပေးသနားတော်မူခဲ့ပြန်သည်။ ကိုယ်တော်နှင့်ခွဲခွါရသည့်အတွက် ဝမ်းနည်းပက်လက်ဖြစ်နေ



သောတမန်တော်များအား ပြန်လည်တွေ့ဆုံရမည်ဟူသောကတိတော်အားဖြင့် အောက်ပါအတိုင်းနှစ်သိမ့်ခဲ့ပါသည်။ "ငါဆိုသည်ကား ဤစပျစ်ရည်မျိုးအသစ်ကို ငါ့ခမည်းတော်၏နိုင်ငံ၌ သင်တို့နှင့်အတူ ငါမသောက်မီနေ့တိုင်အောင် ယခုမှစ၍ တစ်ဖန်ငါမသောက်ရ" ဟုမိန့်တော်မူ၏။ မဿဲ ၂၆း၂၉။

လက်ထပ်ပွဲတွင် ခရစ်တော်ပြုမူပေးခဲ့သောစပျစ်ရည်သည်လည်းကောင်း၊ မိမိ၏အသွေးတော်ကိုပုံဆောင်၍ တမန်တော်များအားပေးတော်မူခဲ့သောစပျစ်ရည်သည်လည်းကောင်း သန့်ရှင်းလတ်ဆတ်သောစပျစ်ရည်များဖြစ်ပါသည်။ "စပျစ်သီးပြွတ်၌ စပျစ်ရည်ကိုတွေ့သောအခါမဖျက်နှင့်၊ မင်္ဂလာရှိသည်" ဟု ဟေရှာယသည် ဤအကြောင်းအရာများကိုရည်ညွှန်း၍ ပြောဆိုခဲ့ပါသည်။ ဟေရှာယ ၆၅း၈။

"စပျစ်ရည်သည် လှည့်စားတတ်၏။ သေရည်သေရက်သည် ရုန်းရင်းခတ်ခြင်းအမှုကိုဖြစ်စေတတ်၏။ ထိုသို့သောအားဖြင့် မှားယွင်းသောသူသည် ပညာမရှိ။" သုတ္တံ ၂၀း၁ ဟူ၍ ဓမ္မဟောင်းကျမ်းတွင် ဣသရေလများအား သတိပေးခဲ့သူသည် ခရစ်တော်ပင်ဖြစ်တော်မူပါသည်။ ၎င်းပြင် ကိုယ်တော်တိုင်သည် ထိုကဲ့သို့သောအဖျော်ယမကာမျိုးကို ပြုတော်မမူခဲ့ချေ။ စာတန်သည် ဆင်ခြင်တုံတရားကိုမှုန်ဝါးစေ၍ ဝိညာဉ်ရေးအသိများကို ထုံထိုင်းစေသည့် ကာမဂုဏ်ခံစားမှုများကိုလိုက်စားရန် လူသားများအား သွေးဆောင်နေပါသည်။ သို့သော်လည်း ကိုယ်တော်၏ အသက်တာတစ်ခုလုံးသည် မိမိ၏အလိုကိုငြင်းပယ်ခြင်းအတွက် ပုံသက်သေတစ်ခုဖြစ်တော်မူခဲ့ပါသည်။ ခံတွင်း၏လိုလားတောင့်တခြင်းတန်ခိုးကို ချေဖျက်နိုင်ရန်အလို့ငှါ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့ကိုယ်စား လူသားများခံနိုင်ရည်ရှိသည့်စစ်ဆေးမှုများတို့တွင် အကြမ်းတမ်းဆုံးသောစစ်ဆေးမှုကို ခံစားခဲ့ရပါသည်။ ဗတ္တိဇံဆရာယောဟန်အား စပျစ်ရည်နှင့်သေရည်သေရက်ကိုမသောက်ရန် ညွှန်ကြားခဲ့သောပုဂ္ဂိုလ်သည် ခရစ်တော်ပင်ဖြစ်ပါသည်။ မာနော်ဇနီး၏စပျစ်ရည်နှင့်သေရည်သေရက်များရှောင်ကြဉ်မှုကို နှစ်ခြိုက်ခဲ့သောပုဂ္ဂိုလ်မှာ ကိုယ်တော်ရှင်ပင်ဖြစ်တော်မူပါသည်။ မိမိမိတ်ဆွေများအား အရက်တိုက်သောသူများအပေါ် ကျိန်ခြင်းပြုခဲ့သော

ပုဂ္ဂိုလ်သည် ကိုယ်တော်ရှင်သာတည်း။ ခရစ်တော်သည် မိမိကိုယ်တိုင်ပြုခဲ့သောသွန်သင်ချက်များအား ဆန့်ကျင်တော်မမူခဲ့ချေ။ လက်ထပ်ပွဲသို့ လာရောက်ကြသည့်ဧည့်သည်များအတွက် ကိုယ်တော်စီစဉ်ပေးခဲ့သော ကစော်မပေါက်သေးသည့်စပျစ်ရည်သည် ကျန်းမာရေးအတွက်ကောင်းသော သန့်ရှင်းလတ်ဆတ်သည့်စပျစ်ရည်မျိုးဖြစ်ပါသည်။ ထိုစပျစ်ရည်ကိုသောက်ခြင်းသည် ကျန်းမာရေးကောင်းမွန်စေသည့် ခံတွင်းတောင့်တမှုနှင့် ကိုက်ညီသည့်အရသာခံစားမှုကိုဖြစ်စေပါသည်။

လက်ထပ်ပွဲမှဧည့်သည်များသည် စပျစ်ရည်၏အရည်အသွေးကို မှတ်ချက်ချလျက်ပြတော်မူခဲ့သော နိမိတ်လက္ခဏာကိုသိချင်ကြသည့်အတွက် အစေခံများအား မေးမြန်းစုံစမ်းနေကြပါသည်။ ထိုအချိန်ပိုင်းအတွင်းတွင် လက်ထပ်ပွဲလာသူများသည် အံ့ဖွယ်အမှုတစ်ခုကိုပြုတော်မူခဲ့သော ကိုယ်တော့်အကြောင်းကို မစဉ်းစားတတ်လောက်အောင် အံ့အားသင့်ခဲ့ကြပါသည်။ အဆုံးတွင် သူတို့သည် ကိုယ်တော်ကိုလိုက်လံရှာဖွေကြသောအခါ ကိုယ်တော်သည် တိတ်ဆိတ်စွာပျောက်ကွယ်သွားခဲ့ရာ မည်သည့်အချိန်ကစ၍ ထိုနေရာတွင်မရှိတော့သည်ကို တမန်တော်များပင်မသိလိုက်ကြရချေ။

ယခုအချိန်တွင် လူစုကလေးသည် တမန်တော်များအပေါ် အာရုံပြုလာကြပါသည်။ တမန်တော်များသည် ပထမဦးဆုံးအကြိမ်အဖြစ် ခရစ်တော်အပေါ် ၎င်းတို့၏ယုံကြည်မှုကို အသိအမှတ်ပြုခွင့်ရခဲ့ကြပါသည်။ ယော်ဒန်မြစ်တွင် သူတို့မြင်ခဲ့၊ ကြားခဲ့ရသောအရာများကို ထိုသူတို့အား ပြောပြခဲ့ကြသည်။ ထို့ကြောင့် လူတို့၏စိတ်နှလုံးတွင် မိမိတို့အတွက် ကယ်တင်ရှင်တစ်ပါးကို ပေါ်ထွန်းစေခဲ့ပြီဟူသော မျှော်လင့်ချက်ကိုဖြစ်ပေါ်စေခဲ့ပါသည်။ နိမိတ်လက္ခဏာပြခြင်းသတင်းသည် ထိုဒေသရှိနေရာအနှံ့အပြားနှင့်တကွ ယေရုရှလင်မြို့သို့တိုင်ရောက်ရှိသွားခဲ့ပါသည်။ ထိုအခါ ယဇ်ပုရောဟိတ်များနှင့်ပတ်သက်သောအနာဂတ္တိစကားကို စိတ်ဝင်တစား လေ့လာခဲ့ကြပါသည်။ သာမန်လူတန်းစားများအလယ်တွင် ဟိတ်ဟန်မပါဘဲ



ပေါ်ထွန်းလာခဲ့သော ဤဆရာသစ်၏အထူးလုပ်ငန်းများကိုလေ့လာရန် ဆန္ဒပြင်းပြနေခဲ့ကြပါသည်။

ခရစ်တော်၏အမှုတော်လုပ်ငန်းသည် ယုဒလူအကြီးအကဲများ၏ လုပ်ငန်းနှင့်သိသိသာသာကွဲပြားခြားနားလှပါသည်။ ၎င်းတို့၏မိရိုးဖလာထုံးစံများနှင့် အပြင်ပန်းဘာသာရေးလုပ်ဆောင်မှုများကို အရေးပေးမှုများသည် အတွေးအခေါ်၊ အပြုအမူတို့၏စစ်မှန်သောလွတ်လပ်ခွင့်ကိုဖျက်ဆီးခဲ့ပါသည်။ သူတို့သည် ညစ်ညူးသောအရာများ၏အဆက်မပြတ်ခြောက်လှန့်မှုများတွင် အသက်ရှင်ခဲ့ကြပါသည်။ မသန့်ရှင်းသောအရာများကိုရှောင်ရှားနိုင်ရန် တစ်ပါးအမျိုးသားများကိုသာမက ၎င်းတို့၏ယုဒလူအများစုကိုပင် ကောင်းကျိုးပြုဖို့ မိတ်သဟာယဖွဲ့ရန် မကြိုးစားတော့ဘဲ ဝေးဝေးမှရှောင်ခဲ့ကြပါသည်။ သူတို့သည် ဤကိစ္စအပေါ်တွင်သာ အမြဲတမ်းအာရုံစူးစိုက်နေခြင်းကြောင့် အသက်တာများသည် ကျဉ်းမြောင်းလာပြီး စိတ်နေသဘောထားများသည်လည်း သေးနုပ်လာခဲ့ကြပါသည်။ ၎င်းတို့၏ပုံသက်သေသည် ဣသရေလလူများ၏လူတန်းစားအားလုံးအလယ်တွင် ကိုယ့်ကိုကိုယ်အထင်ကြီးလွန်းသောစိတ်ဓာတ်နှင့် သူတစ်ပါးအား သည်းမခံသည့်စိတ်ဓာတ်များကို တိုးတက်ဖြစ်ပေါ်စေခဲ့ပါသည်။

သခင်ယေရှုသည် လူသားများနှင့်နီးကပ်စွာနေထိုင်မေတ္တာပြခြင်းအားဖြင့် ဘာသာရေးပြန်လည်ပြုပြင်ရေးလုပ်ငန်းကို အစပြုတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဘုရားသခင်၏ပညတ်တော်ကို လေးနက်စွာရိုသေကိုင်းရှိုင်းကြောင်း ထင်ရှားစေတော်မူစဉ်တွင် ဘုရားဝတ်၌မွေ့လျော်ယောင်ဆောင်သောဖါရိရှဲများကို ဆုံးမပဲ့ပြင်၍ ဣသရေလလူများအား ၎င်းတို့ကိုချည်နှောင်ထားသည့် အနှစ်သာရမရှိသော စည်းမျဉ်းဥပဒေများမှ လွတ်မြောက်ရန် ကြိုးစားတော်မူခဲ့ပါသည်။ ကိုယ်တော်သည် လူသားများအား တစ်မိသားစုမှသားသမီးများကဲ့သို့စုစည်းနိုင်ရန် မတူညီသော လူ့အလွှာများအကြားတွင် ကာဆီးနေသောအရာများကို ဖြိုဖျက်ပစ်ရန် ကြိုးစားလျက်ရှိခဲ့ပါသည်။ မင်္ဂလာလက်ထပ်ပွဲသို့တက်ရောက်ခဲ့ခြင်းသည် ဤအရာကိုအကျိုးသက်ရောက်စေရန် ပထမခြေလှမ်းအဖြစ်ရည်စူး၍

တက်ရောက်ခဲ့ခြင်းဖြစ်ပါသည်။ ယဇ်ပုရောဟိတ်နှင့်ကျမ်းတတ်ဆရာများ၏ ဩဇာသက်ရောက်မှုမှကာကွယ်နိုင်စေရန်နှင့် အထူးသောတာဝန်ကို ထမ်းဆောင်ဖို့ပြင်ဆင်နိုင်ရန်အတွက် ဘုရားသခင်သည် ဗတ္တိဇံဆရာယောဟန်အား တောတွင်သွားရောက်နေထိုင်ရန် ညွှန်ကြားတော်မူခဲ့ပါသည်။ သို့သော် ခက်ထန်ကြမ်းတမ်း၍ တစ်ဦးတည်းနေထိုင်ခဲ့သော ၎င်း၏အသက်တာသည် ဣသရေလလူများတို့အတွက် စံနမူနာတစ်ခုမဖြစ်ခဲ့ချေ။ မိမိတို့၏ယခင်တာဝန်ဝတ္တရားများတို့ကို စွန့်ပစ်ခဲ့ကြရန်အတွက် တရားနာရန်လာရောက်သူများအား ဆရာယောဟန်ကိုယ်တိုင်မညွှန်ကြားခဲ့ဖူးချေ။ ၎င်းတို့အား ကိုယ်တော်ရှင်ခေါ်တော်မူခဲ့သောနေရာတွင် ဘုရားသခင်အားသစ္စာရှိသောအားဖြင့် နောင်တရခြင်းနှင့်ပတ်သက်သော အထောက်အထားများကိုပြကြရန် ဆရာယောဟန်ဖိတ်ခေါ်ခဲ့ပါသည်။

ကိုယ်တော်ရှင်သည် လူများနှင့်ပေါင်းသင်းနေထိုင်လိုသော သဘာဝရှိသူတစ်ပါးဖြစ်သော်လည်း ပုံစံအမျိုးမျိုးနှင့် မိမိ၏အလိုကိုလိုက်စားခြင်းများအား ပြစ်တင်ဆုံးမတော်မူခဲ့၏။ ဆင်းရဲ၊ ချမ်းသာမရွေး၊ ပညာတတ်၊ ပညာမဲ့မရွေး၊ အိမ်များသို့သွားရောက်လည်ပတ်လျက် သာမန်အသက်တာ၏ကိစ္စရပ်များမှ ဝိညာဉ်ရေးနှင့်ပတ်သက်သော ထာဝရကာလကိစ္စရပ်များသို့ ၎င်းတို့၏စိတ်ကူးစိတ်သန်းများကို မြှင့်တင်ပေးရန်ကြိုးစားလျက် လူတန်းစားအလွှာအသီးသီး၏ဧည့်ဝတ်ပြုမှုများကို ကိုယ်တော်လက်ခံတော်မူခဲ့ပါသည်။ ကိုယ်တော်သည် အပျော်ကြူးမှုကို ခွင့်ပြုတော်မူခြင်းမရှိခဲ့ချေ။ ၎င်းပြင် မည်သည့်လောကဆန်သောနမော်နမဲ့နေခြင်းများကမှ ကိုယ်တော်၏ကျင့်ကြံနေထိုင်ပုံကိုမပျက်ယွင်းစေခဲ့ချေ။ သို့စေကာမူ ကိုယ်တော်သည် အပြစ်ကင်းသောပျော်ရွှင်မှုများတွင် နှစ်သက်တော်မူခဲ့ပါသည်။ ၎င်းတို့နှင့်ကိုယ်တော်ရှင်အတူရှိခြင်းအားဖြင့် လူမှုရေးစုရုံးမှုများကို သဘောတူကြောင်းပြတော်မူခဲ့ပါသည်။ ယုဒလက်ထပ်ပွဲသည် စိတ်လှုပ်ရှားစေသောအခါသမယတစ်ခုဖြစ်ပြီး ထိုအခါသမယ၏ပျော်ရွှင်ဝမ်းမြောက်မှုသည် သားတော်အားနှစ်သက်စေတော်မူခဲ့ပါသည်။ ခရစ်တော်သည် ထိုပွဲသို့



တက်ရောက်တော်မူခဲ့ခြင်းအားဖြင့် ဘုရားသခင်နှင့်ပတ်သက်သောအခမ်းအနားတစ်ခုအဖြစ် လက်ထပ်ပွဲကိုဂုဏ်ပြုတော်မူခဲ့ပါသည်။

မင်္ဂလာဆောင်လက်ထပ်ထိမ်းမြားခြင်းသည် ခရစ်တော်နှင့်ကိုယ်တော်၏လူများအကြားတည်ရှိသော မွန်မြတ်သန့်စင်သည့်ပေါင်းဖက်မှုကို ပုံဆောင်ရန်အတွက် ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်း၊ နှစ်ကျမ်းစလုံးထဲတွင် အသုံးပြုထားခဲ့ပါသည်။ ခရစ်တော်၏စိတ်နှလုံးထဲတွင် ခံစားလျက်ရှိသော လက်ထပ်ပွဲနှင့်ပတ်သက်သည့်ပျော်ရွှင်မှု၊ ဝမ်းမြောက်မှုသည် ကိုယ်တော်၏သားသမီး (အသင်းတော်) အား အဘ၏အိမ်တော်သို့ခေါ်ဆောင်သွားပြီး ကယ်တင်ခြင်းခံရသည့်သူများသည် ကယ်တင်ရှင်နှင့်အတူ သိုးသငယ်၏မင်္ဂလာဆောင်ညစာစားပွဲ၌အတူတူထိုင်ကြရမည့်အချိန်တွင်ခံစားရမည့်ပျော်ရွှင်ဝမ်းမြောက်မှုများကို ပြညွှန်ခဲ့ပါသည်။ “မင်္ဂလာဆောင်လုလင်သည် မင်္ဂလာဆောင်သတို့သမီး၌ ဝမ်းမြောက်သကဲ့သို့၊ သင်၏ဘုရားသခင်သည် သင်၌ဝမ်းမြောက်တော်မူလိမ့်မည်” (ဟေရှာယ ၆၂း၅) ဟူ၍လည်းကောင်း၊ “သင့်ကိုစွန့်ပစ်ခြင်းခံရသောသူဟူ၍မခေါ်ရဘဲ ငါနှစ်သက်သောသူဟူ၍ခေါ်ရမည်။ အကြောင်းမူကား ထာဝရဘုရားသည် သင့်ကိုနှစ်သက်တော်မူသည်” (ဟေရှာယ ၆၂း၄) ဟူ၍လည်းကောင်း၊ “သင်၌အားရ၍ ဝမ်းမြောက်တော်မူလိမ့်မည်။ ချစ်ခြင်းမေတ္တာနှင့်ကိန်းဝပ်၍ သီချင်းဆိုခြင်းနှင့်တကွ သင်၌ဝမ်းမြောက်တော်မူလိမ့်မည်” (ဇေဖနိ ၃း၁၇) ဟူ၍လည်းကောင်း ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ တမန်တော်ရှင်ယောဟန်သည် ကောင်းကင်အရာများနှင့်ပတ်သက်သော ရူပါရုံကိုတွေ့မြင်ပြီးသောအခါ “ဟာလေလုယ၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသောထာဝရအရှင်၊ ငါတို့ဘုရားသခင်သည် စိုးစံတော်မူ၏။ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့။ ဂုဏ်တော်ကိုချီးမွမ်းကြကုန်အံ့။ အကြောင်းမူကား သိုးသငယ်၏မင်္ဂလာဆောင်ပွဲကိုခံချိန်ရှိပြီ။ သူ၏မိန်းမသည် ကိုယ်ကိုတန်ဆာဆင်ပြီဟု စည်းဝေးသောသူများတို့၏အသံ၊ သမုဒ္ဒရာသံ၊ ပြင်းစွာသောမိုးကြိုးသံကဲ့သို့ငါကြား၏။---သိုးသငယ်၏မင်္ဂလာဆောင်ပွဲသို့ခေါ်ဖိတ်ခြင်းကိုခံရသောသူတို့သည် မင်္ဂလာရှိကြ၏” ဟူ၍ရေးသားထားခဲ့ပါသည်။ ဗျာဒိတ် ၁၉း၆၊၇၊၉။

သခင်ယေရှုသည် အသက်ဝိညာဉ်တိုင်းအား ကိုယ်တော်၏နိုင်ငံတော်သို့ ခေါ်တော်မူခြင်းခံရမည့်သူတစ်ဦးစီအဖြစ် မြင်တွေ့တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ၎င်းတို့အား ကောင်းစားစေလိုသည့်ဆန္ဒဖြင့် လူများအလယ်တွင် သွားလာအမှုတော်ဆောင်ခြင်းအားဖြင့် စိတ်နှလုံးများကိုထိတွေ့တော်မူခဲ့ပါသည်။ အများသုံးလမ်းများတွင်သော်လည်းကောင်း၊ နေအိမ်များထဲတွင်သော်လည်းကောင်း၊ လှေသင်္ဘောများထဲတွင်သော်လည်းကောင်း၊ ဗိမာန်တော်တွင်သော်လည်းကောင်း၊ ပင်လယ်ကမ်းနားများတွင်သော်လည်းကောင်း၊ လက်ထပ်ပွဲတွင်သော်လည်းကောင်း ၎င်းတို့အားကိုယ်တော်ရှာဖွေတော်မူခဲ့ပါသည်။ ယေရှုသည် ၎င်းတို့၏နေ့စဉ်လုပ်ငန်းများတွင် သူတို့အားသွားရောက်တွေ့ဆုံခဲ့ပြီး ၎င်းတို့၏လောကီရေးရာများတွင် မိမိစိတ်ဝင်စားကြောင်းကိုထင်ရှားစေခဲ့ပါသည်။ ကိုယ်တော်ရှင်သည် မိသားစုများကို မိမိတို့၏နေအိမ်များထဲတွင်ရှိစဉ် ဘုရားသခင်၏တန်ခိုးတော်အောက်၌ရှိစေလျက် ဘုရားသခင်၏သွန်သင်ချက်တို့ကို မြဲမြံစေခဲ့သည်။ ကိုယ်တော်၏ပုဂ္ဂလိကစာနာသနားတတ်မှုသည် အသက်ဝိညာဉ်များကို ဘုရားသခင်ထံသို့ခေါ်ယူရန် အထောက်အကူပြုခဲ့ပါသည်။ ကိုယ်တော်သည် တစ်ကိုယ်တည်းဆုတောင်းရန်အတွက် တောင်ပေါ်သို့ မကြာခဏသွားရောက်တော်မူခဲ့ပါသည်။ ထိုကဲ့သို့ပြုလုပ်ရခြင်းသည် လူများအလယ်တွင်ထက်မြက်သောအသက်တာအားဖြင့်လုပ်ဆောင်ရန် မိမိ၏လုပ်ငန်းများအတွက် ပြင်ဆင်မှုတစ်ရပ်ဖြစ်ပါသည်။ ထိုသို့ပြုတော်မူပြီးမှ ကိုယ်တော်သည် နာမကျန်းသူများအားသက်သာစေရန် မသိနားမလည်သူများအား သွန်သင်ရန်နှင့် စာတန်၏အနှောင်အဖွဲ့များကိုချိုးဖျက်ရန် ထွက်ကြွတော်မူခဲ့ပါသည်။

သခင်ယေရှုသည် တမန်တော်များအား တစ်ဦးချင်းထိတွေ့မှုနှင့် ပုဂ္ဂလိကရင်းနှီးမှုအားဖြင့် သင်ကြားပို့ချခဲ့ပါသည်။ တစ်ခါတစ်ရံတွင် ကိုယ်တော်သည် တောင်စောင်းများတွင် တမန်တော်များ၏အလယ်၌ထိုင်လျက် တစ်ခါတစ်ရံတွင် ပင်လယ်ကမ်းနား၌ ၎င်းတို့နှင့်အတူထိုင်နေစဉ်တွင်သော်လည်းကောင်း၊ လမ်းလျှောက်နေစဉ်တွင်သော်လည်းကောင်း



ဘုရားသခင်နိုင်ငံတော်နှင့်ပတ်သက်သောနက်နဲမှုများကိုဖော်ပြတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ယနေ့လူများတရားဟောသကဲ့သို့ ဟောတော်မမူခဲ့ချေ။ ဘုရားသခင်၏သတင်းစကားကိုလက်ခံရန် ဖွင့်ထားသည့်စိတ်နှလုံးတိုင်းအား ကယ်တင်ခြင်းလမ်းစဉ်နှင့်ပတ်သက်သောသမ္မာတရားကို ကိုယ်တော်ရှင်ထုတ်ဖော်ဟောကြားခဲ့ပါသည်။ ကိုယ်တော်သည် တမန်တော်များအား ဤအရာကိုလုပ်ပါ၊ ထိုအရာကိုလုပ်ပါဟု မိန့်တော်မူခဲ့သော်လည်း "ငါ့နောက်သို့လိုက်လော့" ဟုမိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် မြို့ရွာများကိုဖြတ်သန်းသွားလာစဉ် မိမိသည် မည်ကဲ့သို့လူများအားသွန်သင်သည်ကိုသိကြရန် တမန်တော်များအား မိမိနှင့်အတူခေါ်ဆောင်သွားတော်မူခဲ့ပါသည်။ ကိုယ်တော်သည် မိမိ၏ဝါသနာနှင့်တမန်တော်များ၏ဝါသနာကိုပေါင်းဖက်ဆက်စပ်လိုက်သဖြင့် သူတို့သည် အမှုတော်၌ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိခဲ့ကြပါသည်။

လူသားများ၏စိတ်ဝင်စားမှုများကို မိမိ၏စိတ်ဝင်စားမှုနှင့် ပေါင်းဖက်လုပ်ဆောင်သောခရစ်တော်၏ပုံသက်သေကို နှုတ်ကပတ်တော်များကိုဟောပြောသောသူများနှင့် ဧဝံဂေလိသတင်းစကားကိုရရှိထားပြီးသောသူများသည် လိုက်လျှောက်သင့်ပါသည်။ ကျွန်ုပ်တို့သည်လူမှုဆက်ဆံရေးကိုစွန့်ပယ်ရန်မဟုတ်ချေ။ ကျွန်ုပ်တို့သည် အခြားသူများနှင့်မပေါင်းသင်းဘဲ တသီတခြားမနေသင့်ချေ။ လူတန်းစားအလွှာအသီးသီးကို လက်လှမ်းမီစေရန်အလို့ငှါ သူတို့ရှိသောနေရာသို့သွားရောက်တွေ့ဆုံရပါမည်။ သူတို့သဘောနှင့်သူတို့၊ ကျွန်ုပ်တို့အားရှာခဲ့လိမ့်မည်ဖြစ်သည်။ လူသားများ၏စိတ်နှလုံးကို သမ္မာတရားအလင်းနှင့်တွေ့ထိပေးနိုင်သည့်နေရာများမှ တစ်ဆင့်သမ္မာတရားအလင်းကိုထွန်းလင်းခြင်းသည် ပို၍အောက်တန်းကျသကဲ့သို့ဖြစ်သော်လည်း ကတိထားတော်မူသကဲ့သို့ပြည့်စုံခြင်းရှိပါသည်။ ဆင်းရဲသောအိမ်များတွင်သော်လည်းကောင်း၊ အကြီးအကဲများ၏ခမ်းနားသောအိမ်ခန်းများထဲတွင်သော်လည်းကောင်း၊ ကလေးများ၏လူမှုရေးနှင့်ပတ်သက်သောပျော်ရွှင်မှုများအတွက် ဧည့်ခံပြုစုခြင်းနှင့် စုရုံးခြင်းများအားဖြင့်လည်းကောင်း သမ္မာတရားအလင်းကိုထွန်းလင်းပေးနိုင်ပါသည်။

ကျွန်ုပ်တို့သည် ခရစ်တော်၏တပည့်တော်များအနေနှင့် အပျော်အပါးကိုနှစ်ခြိုက်သည့်သဘောသက်သက်ဖြင့် မကောင်းမှုများတွင် လောကီသားများနှင့်ပေါင်းဖက်ရန် ရောယှက်ကြလိမ့်မည်မဟုတ်ချေ။ ထိုကဲ့သို့ပေါင်းဖက်ခြင်းများသည် အဆုံး၌ပျက်စီးခြင်းသို့သာပို့ဆောင်နိုင်ပါသည်။ ကျွန်ုပ်တို့သည် စကားအားဖြင့်သော်လည်းကောင်း၊ အလုပ်အားဖြင့်သော်လည်းကောင်း၊ ဆိတ်ဆိတ်နေခြင်းအားဖြင့်သော်လည်းကောင်း၊ အတူရှိနေခြင်းအားဖြင့်သော်လည်းကောင်း အပြစ်ကျူးလွန်ရန် မည်သည့်အခါမျှခွင့်မပြုသင့်ချေ။ ကျွန်ုပ်တို့သွားသည့်နေရာတိုင်းသို့ ခရစ်တော်ကိုဆောင်ယူသွား၍ အခြားသူများအား ခရစ်တော်၏မွန်မြတ်မှုများကိုဖော်ပြရန်ဖြစ်ပါသည်။ သို့သော် မိမိရရှိထားသောအလင်းတရားကို ကျောက်နံရံများအထဲတွင်သိမ်းဆည်းထားရန် ကြိုးစားနေသောသူများသည် ကောင်းမြတ်သောလုပ်ငန်းကိုလုပ်ကိုင်ရန် ရရှိထားသည့်တန်ဖိုးရှိသောအခွင့်အရေးများကို ဆုံးရှုံးနေကြပါသည်။ လူမှုပေါင်းသင်းဆက်ဆံရေးအားဖြင့် ခရစ်ယာန်ဘာသာသည် ကမ္ဘာနှင့်ထိတွေ့လာပါသည်။ ဘုရားသခင်ထံမှအလင်းတရားကိုရရှိပြီးထားသူများသည် အသက်တာ၏အလင်းသခင်အားမသိရှိသေးသောသူများ၏လမ်းကို ထွန်းလင်းပေးရန်ဖြစ်ပါသည်။

ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်အတွက် သက်သေခံများဖြစ်သင့်လှပါသည်။ ခရစ်တော်၏ကရုဏာတော်အားဖြင့် သန့်စင်ပြီးသောလူမှုဆက်ဆံရေးအစွမ်းသတ္တိများကို ကိုယ်တော်ထံသို့ ဝိညာဉ်များပြန်လည်ရောက်ရှိလာအောင်ကြိုးစားခြင်းအားဖြင့် တိုးတက်စေရပါသည်။ ကျွန်ုပ်တို့သည် အတ္တလွန်ကဲစွာဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဝင်စားမှုများတွင်သာနစ်မျောနေသည်ဟု ကမ္ဘာကမမြင်စေဘဲ မိမိတို့၏ကောင်းချီးမင်္ဂလာများနှင့်အခွင့်ထူးများကို သူတစ်ပါးအားမျှဝေခံစားရန်ဆန္ဒရှိသူများအဖြစ် ကမ္ဘာကမြင်တွေ့စေပါ။ ကျွန်ုပ်တို့၏ဘာသာအယူဝါဒသည် ကျွန်ုပ်တို့အား ကိုယ်ချင်းမစာတတ်သူများမဖြစ်စေကြောင်းကို သူတို့သိစေပါ။ ခရစ်တော်ကိုတွေ့မြင်ပြီးဖြစ်သည်ဟု ဝန်ခံထားသောသူအားလုံးသည် ကိုယ်တော်လုပ်ဆောင်ခဲ့သည်နည်းတူ သူတစ်ပါးကောင်းစားရေးအတွက် အလုပ်အကျွေးပြုစေပါ။



ခရစ်ယာန်များသည် မှိုင်တွေစိတ်ပျက်နေသောပျော်ရွှင်မှုမရှိသည့်လူများဖြစ်သည်ဟု မှားယွင်းသောရုပ်လုံးဖော်မှုကို ကျွန်ုပ်တို့သည်ကမ္ဘာအားမည်သည့်အခါမျှမပြသင့်ကြချေ။ ကျွန်ုပ်တို့၏မျက်လုံးများသည် သခင်ယေရှုကိုသာစူးစိုက်ကြည့်ရှုနေပါလျှင် မြတ်နိုးဖွယ်ကယ်တင်ရှင်ကိုမြင်တွေ့ရလိမ့်မည်ဖြစ်ပြီး ကိုယ်တော်ရှင်၏မျက်နှာတော်မှအလင်းတော်ကိုမြင်တွေ့ကြရပါလိမ့်မည်။ ကိုယ်တော်ရှင်၏ဝိညာဉ်တော်ကိုစိုးစံသောနေရာတိုင်းတွင်ငြိမ်သက်ခြင်းသည်တည်ရှိနေပါသည်။ ထို့အပြင်ဝမ်းမြောက်ခြင်းသည်လည်းထိုနေရာတွင်ရှိနေပေလိမ့်မည်။ အကြောင်းမူကား ထိုနေရာတွင် ဘုရားသခင်၌တည်ကြည်၍ သန့်ရှင်းသောယုံကြည်ကိုးစားမှုရှိသောကြောင့်တည်း။

တမန်တော်များအနေနှင့် မိမိတို့သည် လူသားများဖြစ်ကြသော်လည်း ဘုရားဇာတိတော်နှင့်ပါဝင်ဆက်ဆံခွင့်ရသူများဖြစ်ကြောင်း ထင်ရှားစေကြသောအခါ ခရစ်တော်သည် နှစ်ထောင်းအားရရှိတော်မူခဲ့၏။ သူတို့သည် ပန်းပုရုပ်တုများမဟုတ်ကြဘဲ သက်ရှင်လှုပ်ရှားနေသောလူယောကျ်ား၊ လူမိန်းမများဖြစ်ကြပါသည်။ ကရုဏာတော်မိုးပွင့်အားဖြင့် လန်းဆန်းစေသော ၎င်းတို့၏စိတ်နှလုံးများသည် တရားတော်နေမင်းအတွက် ပွင့်ဟလျက်ရှိပါသည်။ ထိုသူတို့သည် မိမိတို့အပေါ်ကျရောက်သောအလင်းတော်ကို ခရစ်တော်၏မေတ္တာတော်ကိုသိမြင်လွယ်သော မိမိတို့၏အကျင့်များအားဖြင့် အခြားသူများအပေါ်သို့ရောင်ပြန်ဟပ်စေကြပါသည်။

## (၁၆)
## ဘုရားသခင်၏ဗိမာန်တော်၌

ယောဟန် ၂း၁၂-၂၂ ကိုအခြေပြုထားပါသည်

ထိုနောက် မယ်တော်မှစ၍ညီတော်၊ တပည့်တော်တို့နှင့်တကွ ကပေရနောင်မြို့သို့ကြွတော်မူ၏။ ထိုမြို့မှာကြာမြင့်စွာမနေဘဲ ယုဒပသခါပွဲခံချိန်နီးသည်ရှိသော် ယေရုရှလင်မြို့သို့ကြွတော်မူ၏။

ဤခရီးစဉ်တွင် ခရစ်တော်သည် ယေရုရှလင်မြို့တော်သို့ဦးတည်သွားနေသော လူအုပ်တစ်အုပ်နှင့်အတူ ခရီးသွားတော်မူခဲ့ပါသည်။ ကိုယ်တော်သည် မိမိ၏အမှုတော်ကို လူသိရှင်ကြားမကြေညာရသေးသည့်အတွက် လူအုပ်ကြီးနှင့်အတူမသိမသာရောနှောပြီး ခရီးသွားခဲ့ပါသည်။ ရှင်ယောဟန်၏အမှုတော်လုပ်ငန်းတွင် အထင်ကရပြောကြားခဲ့သည့် မေရှိယကြွလာခြင်းအကြောင်းကို ဤအခါသမယမျိုးတွင် ခရီးသွားများ၏ စကားဝိုင်း၌ မကြာခဏအဓိကအကြောင်းအရာအဖြစ် ပြောဆိုလေ့ရှိခဲ့ပါသည်။ ယုဒနိုင်ငံကြီးပွားတိုးတက်ရေးမျှော်လင့်ချက်အပေါ် ရဲရဲတောက်စိတ်အားထက်သန်မှုများအားဖြင့် အာရုံစူးစိုက်နေခဲ့ကြပါသည်။ ကျမ်းစာကိုလွဲမှားစွာအနက်ဖွင့်ခဲ့ကြကာ ဤမျှော်လင့်ချက်များကိုထားခဲ့ကြသဖြင့် စိတ်ပျက်ကြရလိမ့်မည်ကို ခရစ်တော်သိရှိတော်မူခဲ့ပါသည်။ အလွန်စိတ်အားထက်သန်စွာဖြင့် ကိုယ်တော်သည် အနာဂတ္တိစကားများကို ရှင်းလင်းပြောဆိုခဲ့ပြီး ဘုရားသခင်၏နှုတ်ကပတ်တော်ကို စေ့စေ့စပ်စပ်လေ့လာကြရန်၊ ဣသရေလလူများအားနှိုးဆွရန် ကြိုးစားတော်မူခဲ့ပါသည်။

ယုဒလူများသည် ယေရုရှလင်မြို့တွင် ထာဝရဘုရားအား လာရောက်ကိုးကွယ်ဝတ်ပြုကြဖို့ သွန်သင်ပေးရန် လူများအား ယုဒခေါင်းဆောင်များက ညွှန်ကြားထားပြီးဖြစ်ပါသည်။ ဤနေရာတွင် ပသခါပွဲအချိန်အတွင်း၌ ဖိလိတ္တိပြည်အနှံ့အပြားနှင့် အလွန်ဝေးလံသောနေရာများမှ လူပေါင်းများစွာတို့သည် လာရောက်စုရုံးခဲ့ကြပါသည်။ ဗိမာန်တော်ဝင်းသည်



ရောနှောရှုပ်ထွေးနေသောလူအုပ်ကြီးနှင့်ပြည့်နှက်နေခဲ့ပါသည်။ များစွာသောလူများသည် ကယ်တင်ရှင်ကိုပုံဆောင်၍ ပူဇော်ရမည့်ယဇ်ကောင်များကို ယူမလာနိုင်ခဲ့ကြချေ။ လိုအပ်သူများ အလွယ်တကူဝယ်ယူပူဇော်နိုင်ရန် ဗိမာန်တော်၏အပြင်ပရိဝုဏ်တွင် တိရစ္ဆာန်များကိုရောင်းချခဲ့ပါသည်။ ဤနေရာတွင် လူအလွှာအသီးသီးတို့သည် ပူဇော်သကာများကိုဝယ်ကြရန် စုဝေးနေကြပါသည်။ ဤနေရာတွင် အရပ်ရပ်မှပိုက်ဆံများကို ဗိမာန်တော်သုံးပိုက်ဆံများနှင့်လဲလှယ်ပေးခဲ့ကြပါသည်။

ယုဒလူတိုင်းသည် "မိမိတို့၏အသက်အတွက် အရွေးငွေအဖြစ်ငွေအကျပ်တစ်ဝက် (ဂေရနှစ်ဆယ်) ကိုနှစ်စဉ်ပေးဆောင်ရပါသည်။ ကောက်ခံရရှိသော ထိုငွေများကို ဗိမာန်တော်စရိတ်အဖို့အလို့ငှါ အသုံးပြုခဲ့ကြပါသည်။ (ထွက်မြောက်ရာ ၃၀း၁၂-၁၆)။ ထိုငွေများအပြင် စိတ်စေတနာအလျောက်လှူဒါန်းကြသည့်ဗိမာန်တော်ဘဏ္ဍာတော်တိုက်တွင် သိမ်းဆည်းထားရှိမည့်အလှူငွေများကိုလည်းလှူဒါန်းရန် ယူဆောင်ခဲ့ကြပါသည်။ အရပ်ရပ်မှဆောင်ယူလှူဒါန်းကြသော ထိုအလှူငွေများကို ဗိမာန်တော်အခမ်းအနားများအတွက် အသုံးပြုသောဗိမာန်တော်သုံးငွေများနှင့် လဲလှယ်ကြရပါသည်။ ငွေကြေးလဲလှယ်ခြင်းသည် မတန်တဆအမြတ်ထုတ်မှုများနှင့် လိမ်လည်လှည့်ဖြားခြင်းများအတွက် အခွင့်အရေးရစေခဲ့ပါသည်။ ဤငွေလဲလှယ်ခြင်းများသည် ယဇ်ပုရောဟိတ်များအတွက် အခွန်ငွေရရှိစေသောပင်မအချက်အချာဖြစ်သည့် စက်ဆုပ်ဖွယ်ရာကူးသန်းရောင်းဝယ်မှုအသွင်သို့ရောက်ရှိသွားခဲ့ပါသည်။

ရောင်းချသူများသည် တိရစ္ဆာန်များကို မတန်တဆဈေးများနှင့်ရောင်းချကြပြီး လူအများအနစ်နာခံခြင်းအားဖြင့် ကြီးပွားချမ်းသာလာသောယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများတို့အား အမြတ်ငွေများကိုမျှဝေပေးကြရပါသည်။ ဝတ်ပြုကိုးကွယ်ရန် လာရောက်ကြသူများသည် ပူဇော်သကာကိုမပူဇော်ခဲ့လျှင် ၎င်းတို့၏သားသမီးများအပေါ်တွင်သော်လည်းကောင်း၊ နေထိုင်သောတိုင်းပြည်များအပေါ်တွင်သော်လည်းကောင်း ဘုရားသခင်၏ကောင်းချီးမင်္ဂလာကျရောက်လိမ့်မည်မဟုတ်

ကြောင်းကိုယုံကြည်ရန် သွန်သင်ခြင်းကိုခံခဲ့ကြရပါသည်။ လူများသည် ယခုလောက်ဝေးလံသောခရီးကိုလာခဲ့ကြပြီးဖြစ်သည့်အတွက် ၎င်းတို့လုပ်ဆောင်ရန် ရည်စူး၍လာခဲ့သောအရာများကိုမပြုလုပ်ဘဲပြန်ကြလိမ့်မည်မဟုတ်ချေ။ ဈေးကြီးပေး၍ ဝယ်ယူဆက်ကပ်ပူဇော်ခဲ့ကြရသည်။

မရေမတွက်နိုင်အောင်များပြားသည့်ပူဇော်သကာများကို ပသခါပွဲအချိန်တွင်ပူဇော်ကြသည်။ ထိုအချိန်တွင် ဗိမာန်တော်၌အကြီးအကျယ်အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ တိရစ္ဆာန်များကိုရောင်းဝယ်ဖေါက်ကားခြင်းကြောင့် ဘုရားသခင်၏ဗိမာန်တော်သည် သန့်ရှင်းစင်ကြယ်ရိုသေဖွယ်ဖြစ်ရမည့်အစား တိရစ္ဆာန်အော်သံများဖြင့် ဆူညံရှုပ်ထွေးနေပါတော့သည်။ ထိုနေရာတွင် အော်ကြီးဟစ်ကျယ်ဈေးဆစ်သံများ၊ နွားအော်သံများ၊ သိုးအော်သံများ၊ ချိုးကူသံများ၊ ငွေဒင်္ဂါးသံနှင့် စိတ်ဆိုးမာန်ဆိုးဖြင့်ငြင်းခုံသံများကိုကြားနိုင်ပါသည်။ အထူးစိတ်ရှုပ်စရာကောင်းသောအရာမှာ ကိုးကွယ်ရန်လာသူများသည် ယောက်ယက်ခတ်နေခြင်းဖြစ်ပြီး ဘုရားသခင့်ထံတော်သို့တောင်းလျှောက်နေသောစကားသံများသည် ဗိမာန်တော်ထဲသို့ဝင်လာသောရုန်းရင်းဆန်ခတ်သံများတွင် နစ်မြုပ်ပျောက်ကွယ်သွားခြင်းပင်ဖြစ်ပါသည်။ ယုဒလူမျိုးများသည် ၎င်းတို့၏ဘုရားတရားရှိမှုအပေါ် အထူးဂုဏ်ယူဝင့်ကြွားခဲ့ကြပါသည်။ သူတို့သည် မိမိတို့၏ဗိမာန်တော်အပေါ် အားရဝမ်းမြောက်ကြပြီး ဗိမာန်တော်အတွင်း အသရေမရှိသောစကားတစ်လုံးပြောခြင်းကို ဘုရားသခင်အားပြစ်မှားပြောဆိုခြင်းဟူ၍ မှတ်ယူခဲ့ကြပါသည်။ ၎င်းတို့သည် ဗိမာန်တော်နှင့်ဆက်နွယ်သောအခမ်းအနားများကိုပြုလုပ်ကျင်းပရာတွင် အလွန်တိကျသေချာလွန်းသောသူများဖြစ်ကြသော်လည်း ငွေကိုတပ်မက်ခြင်းသည် ၎င်းတို့၏စည်းစနစ်ကြီးလွန်းခြင်းအပေါ် စိုးမိုးသွားခဲ့ပါသည်။ သူတို့သည် ဘုရားသခင်ကိုယ်တော်တိုင်တည်ထောင်ခဲ့သော ဤအခမ်းအနားများ၏မူရင်းအကြံအစည်နှင့်မည်မျှဝေးကွာသွားပြီဆိုသည်ကိုသိရှိရန်ခဲယဥ်းလာခဲ့ပါသည်။

ထာဝရဘုရားသည် သိနာတောင်ပေါ်သို့ကြွဆင်းလာသောအချိန်တွင် ထိုနေရာသည် ဘုရားသခင်အတွက်သီးသန့်ထားသည့်နေရာဖြစ်လာ





ခဲ့ပါသည်။ သိနာတောင်ပတ်လည်တွင် နိမိတ်လက္ခဏာများသတ်မှတ်ကာ သန့်ရှင်းအောင်ပြုလုပ်ထားရန် မိန့်တော်မူခဲ့၍ "လူတို့မကျော်ရသော အဆီးအတားတို့ကို သိနာတောင်ပတ်လည်၌စီရင်၍ သင်တို့သည် တောင်ပေါ်သို့မတက်၊ တောင်ခြေရင်းကိုမထိရအောင် သတိပြုကြ--- တောင်ကိုထိသူမည်သည်ကား ဧကန်အမှန်အသေခံစေ။ ထိုသူကိုလက်နှင့်မထိရ၊ အကယ်စင်စစ် ကျောက်ခဲနှင့်ပစ်ရမည်။ သို့မဟုတ် လှံနှင့်ထိုးရမည်။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အသက်မရှင်ရ" ဟု မောရှေအား ဘုရားသခင်သတိပေးမြွက်ဆိုတော်မူခဲ့ပါသည်။ (ထွက်မြောက် ၁၉း၁၂-၁၃)။ ဘုရားသခင်ရှိတော်မူသောနေရာတိုင်းသည် သန့်ရှင်းတော်မူကြောင်းကို ထိုနည်းအားဖြင့်သွန်သင်တော်မူခဲ့ပါသည်။ ဘုရားသခင်၏ဗိမာန်တော် ပရိဝုဏ်ကိုလည်း မြင့်မြတ်သန့်ရှင်းသောနေရာတစ်ခုအဖြစ်မှတ်ယူသင့်ပါသည်။ သို့သော် ငွေကြေးအမြတ်ရရှိရေးအတွက် ရုန်းကန်လှုပ်ရှားနေခြင်းအားဖြင့် ထိုအရာများအားလုံးကို မျက်ခြည်ပြတ်ကုန်ခဲ့ကြပါသည်။

ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲတို့သည် ဣသရေလလူမျိုးများအလယ်တွင် ဘုရား၏ကိုယ်စားလှယ်များအဖြစ် ရပ်တည်ရန် ခေါ်တော်မူခြင်းခံခဲ့ရပါသည်။ ဗိမာန်တော်ဝင်းအတွင်းမှ ဆိုးရွားသောအကျင့်ဓလေ့များကိုလမ်းမှန်ဖြစ်အောင်ပြုပြင်ပေးသင့်ပါသည်။ သူတို့သည် ယုဒလူများအား သမာဓိရှိခြင်းနှင့် သနားကြင်နာမှုများအတွက် ပုံသက်သေပြသင့်ပါသည်။ မိမိတို့ကိုယ်ကျိုးကိုသာကြည့်မည့်အစား ဝတ်ပြုကိုးကွယ်ခြင်းငှါလာကြသူများ၏အခြေအနေနှင့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ သတ်မှတ်ထားသည့်ပူဇော်သကာများကို မဝယ်နိုင်သူများအားကူညီဖေးမရန် အဆင်သင့်ရှိသင့်ပါသည်။ သို့သော် ဤအရာများကိုသူတို့မလုပ်ဆောင်ခဲ့ကြချေ။ ဥစ္စာဓနကိုတပ်မက်လွန်းခြင်းသည် ၎င်းတို့၏စိတ်နှလုံးကို မာကျောစေခဲ့ပါသည်။

ဤပွဲတော်သို့လာကြသည့်ပရိသတ်ထဲတွင် ဆင်းရဲဒုက္ခရောက်သူများ၊ နွမ်းပါးသူများနှင့် စိတ်အားငယ်နေသူများပါဝင်ခဲ့ကြပါသည်။ မျက်စိကန်းသောသူများ၊ ခြေဆွံ့သောသူများနှင့် နားပင်းသူများလည်း

ပါဝင်ခဲ့ကြပါသည်။ တချို့ကို ထမ်းစင်များနှင့်သယ်ဆောင်လာခဲ့ကြပါသည်။ များစွာသောသူများသည် ဘုရားသခင်ကိုပူဇော်ရန် အညံ့ဆုံးပူဇော်သကာကိုပင် မဝယ်နိုင်လောက်အောင် ဆင်းရဲကြပြီး ထမင်းဝအောင်မစားနိုင်လောက်အောင် နွမ်းပါးကြပါသည်။ ဤပုဂ္ဂိုလ်များသည် ယဇ်ပုရောဟိတ်များ၏ပြောဆိုချက်များကြောင့် အထူးစိတ်အားငယ်လျက်ရှိကြပါသည်။ ယဇ်ပုရောဟိတ်များသည် မိမိကိုယ်ကို ဣသရေလများ၏ကာကွယ်စောင့်ရှောက်သူများဖြစ်သည်ဟု အခိုင်အမာပြောကြပြီး မိမိတို့၏ဘုရားတရားရှိသမျှအတွက် ဝါကြွားနေကြသော်လည်း သူတို့၌ ကိုယ်ချင်းစာတရား (သို့မဟုတ်) သနားကြင်နာမှုများမရှိခဲ့ကြချေ။ ဆင်းရဲသားများ၊ နာမကျန်းသူများနှင့် သေလုမြောပါးလူအများသည် ၎င်းတို့ထံမှအမအစများတို့ကို အချည်းနှီးတောင်းခံနေကြပါသည်။ သူတို့ခံစားရသောဒုက္ခဆင်းရဲခြင်းများသည် ယဇ်ပုရောဟိတ်တို့၏စိတ်နှလုံးထဲဝယ်ရှိသောသနားကြင်နာခြင်းများကို မနှိုးဆွနိုင်ခဲ့ကြချေ။

ခရစ်တော်သည် ဗိမာန်တော်ထဲသို့ဝင်ရောက်လာစဉ် မြင်ကွင်းတစ်ခုကိုကြည့်လိုက်ရာ တရားမျှတမှုမရှိသောအရာများကိုတွေ့မြင်တော်မူခဲ့ရပါသည်။ တိရစ္ဆာန်များကိုယဇ်မပူဇော်နိုင်လျှင် အပြစ်ခွင့်လွှတ်ခြင်းမရတော့မည်အထင်နှင့် စိတ်အားငယ်သောဆင်းရဲသားများကိုလည်းကောင်း၊ ဗိမာန်တော်အပြင်ပရဝဏ်တွင် မသန့်ရှင်းသောရောင်းဝယ်မှုများလုပ်ဆောင်နေသောနေရာတစ်ခုအဖြစ် ပြောင်းလဲသွားကြောင်းကိုလည်းကောင်း ကိုယ်တော်ရှင်မြင်တွေ့တော်မူခဲ့ရပါသည်။ မွန်မြတ်သန့်ရှင်းသောဗိမာန်တော်ဝင်းသည် ကြီးကျယ်စွာငွေလဲလှယ်သည့်နေရာတစ်ခုဖြစ်နေပါသည်။

ခရစ်တော်သည် ထိုမြင်ကွင်းကိုကြည့်ကာ တစ်ခုခုပြုပြင်ပေးရန်လိုကြောင်း တွေ့မြင်ခဲ့ပါသည်။ သက်ဆိုင်ရာအခမ်းအနားများ၏အရေးပါမှုများအတွက် လိုအပ်သောညွှန်ကြားချက်များကို ယဇ်ပုရောဟိတ်များက မပြောပြကြဘဲ မရေမတွက်နိုင်သောဘာသာရေးအခမ်းအနားများကိုကျင်းပရန် ယုဒလူများအား ကြပ်တည်းစွာပြဋ္ဌာန်းခဲ့ကြပါသည်။ ပူဇော်



သူများသည် ကယ်တင်ရှင်၏စုံလင်သောအပူဇော်ခံခြင်းကိုပုံဆောင်ကြောင်းနားမလည်ကြဘဲနှင့် ၎င်းတို့၏ယဇ်ကောင်များကိုပူဇော်ခဲ့ကြပါသည်။ မည်သူကမျှအသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုခြင်းမပြုခဲ့သော်လည်း အခမ်းအနားအားလုံးကပုံဆောင်၍ ကျင်းပနေသည့်ပုဂ္ဂိုလ်တစ်ပါးသည် ၎င်းတို့အလယ်တွင်ရပ်တော်မူနေပါသည်။ ထိုပုဂ္ဂိုလ်ကပင် ပူဇော်သကာများနှင့်ပတ်သက်သောညွှန်ကြားချက်များကို ပေးတော်မူခဲ့ပြီး အထိမ်းအမှတ်ပြုသောအရာ၏တန်ဖိုးကိုနားလည်တော်မူခဲ့ပါသည်။ ၎င်းပြင် ယုဒလူများသည် ယခုတွင်ထိုအခမ်းအနားများ၏မူရင်းရည်ရွယ်ချက်မှသွေဖည်ကာ နားလည်မှုမှားကုန်ကြကြောင်းကိုလည်း ကိုယ်တော်မြင်တွေ့ခဲ့ပါသည်။ ဝိညာဉ်ရေးနှင့်ပြည့်ဝသောကိုးကွယ်မှုသည် လျင်မြန်စွာပျောက်ကွယ်လျက်ရှိပါသည်။ ထိုယဇ်ပုရောဟိတ်များ၊ ယုဒခေါင်းဆောင်များနှင့် ဘုရားသခင့်အကြားတွင်ဆက်နွှယ်မှုများပြတ်တောက်ခဲ့ပါသည်။ ခရစ်တော်၏အမှုတော်သည် ၎င်းသူ၏ကိုးကွယ်မှုများနှင့်လုံးလုံးမတူသည့်ကိုးကွယ်မှုတစ်ခုကိုတည်ထောင်ရန်ဖြစ်ပါသည်။

ကိုယ်တော်ရှင်သည် ဗိမာန်တော်အဝင်လှေကားထစ်များပေါ်တွင်ရပ်နေစဉ် မိမိရှေ့တွင်ရှိနေသောမြင်ကွင်းကို စိတ်ထိခိုက်စူးရှသောအကြည့်ဖြင့်ကြည့်လိုက်ပါသည်။ ကိုယ်တော်ရှင်သည် အနာဂတ်ကာလအတွက်နောင်ရေးကိုတင်ကြိုသိမြင်နိုင်သည့်မျက်လုံးတော်ဖြင့်ကြည့်လိုက်ရာ လပိုင်းနှစ်ပိုင်းအတွင်းဖြစ်မည့်အရာများသာမက ရာစုနှစ်များနှင့် ခေတ်အဆက်ဆက်ဖြစ်ပေါ်မည့်အဖြစ်အပျက်များကို မြင်တွေ့တော်မူခဲ့ပါသည်။ ထိုသူတို့သည် ဆင်းရဲသား၏အခွင့်အရေးများတို့ကိုဖျက်သိမ်းကာ ဧဝံဂေလိသတင်းစကားအား ၎င်းတို့ထံမရောက်အောင် ပိတ်ပင်တားမြစ်နေကြောင်းကို ကိုယ်တော်မြင်တွေ့တော်မူပါသည်။ ဘုရားသခင်၏မေတ္တာတော်ကို အပြစ်သားများမသိစေရန် ၎င်းတို့ဖုံးကွယ်ကြလိမ့်မည်ကိုလည်းကောင်း၊ လူများသည် ဘုရား၏ကရုဏာတော်ကို အရောင်းအဝယ်ပြုလုပ်ကြလိမ့်မည်ကိုလည်းကောင်း ကိုယ်တော်သိတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ထိုမြင်ကွင်းကိုတွေ့မြင်သောအခါ ကရုဏာဒေါသ၊ အာဏာတော်နှင့်တန်ခိုး

တော်များသည် မျက်နှာတော်ပေါ်တွင်ထင်ဟပ်ပေါ်လွင်လာခဲ့ပါသည်။ လူများ၏အာရုံပြုမှုသည်လည်း ကိုယ်တော်အပေါ်သို့ရောက်ရှိသွားခဲ့ပါသည်။ ဗိမာန်တော်အတွင်းရောင်းဝယ်ဖေါက်ကားမှုများကိုကြည့်နေသော



မျက်လုံးများသည် ကိုယ်တော်၏မျက်နှာတော်ကိုအာရုံစူးစိုက်လာခဲ့ကြကာ ကိုယ်တော်အားမကြည့်ဘဲမနေနိုင်ကြတော့ချေ။ ဤပုဂ္ဂိုလ်သည် မိမိတို့၏စိတ်တွင်းအကြံအစည်များကိုဖတ်တော်မူ၍ မိမိတို့ဖုံးကွယ်ထားသောစိတ်ထားများကိုသိရှိသွားလေပြီဟု သူတို့ခံစားကြရသည်။ အချို့လူများသည် မိမိတို့၏ဒုစရိုက်မှုများသည် မိမိတို့၏မျက်နှာပေါ်၌ထင်ပေါ်နေသဖြင့် စေ့စေ့ပေါက်ပေါက်ကြည့်နေတော်မူသော မျက်လုံးတော်မှလွတ်ကင်းရန် မျက်နှာလွဲဖို့ကြိုးစားခဲ့ကြပါသည်။

ဆူညံသံများငြိမ်သက်သွားခဲ့ပေပြီ။ ရောင်းဝယ်သံများနှင့် ဈေးဆစ်သံများလည်းရပ်သွားခဲ့လေပြီ။ ဖြစ်ပေါ်လာသောဆိတ်ငြိမ်မှုသည် စိတ်နှလုံးကိုထိခိုက်နာကျင်လာစေပါသည်။ ထိုလူများသည် ကြောက်ရွံ့တုန်လှုပ်နေကြပါသည်။ မိမိတို့၏မကောင်းမှုလုပ်ရပ်များအတွက်ဖြေဆိုရန် ဘုရား



သခင်၏တရားရုံးရှေ့တွင် ရုံးတင်စစ်ဆေးခြင်းခံနေရသကဲ့သို့ ခံစားခဲ့ကြရပါသည်။ သူတို့သည် ခရစ်တော်ကိုကြည့်ရှုနေကြစဉ် လူသားအမူအရာများမှ ဘုရားဇာတိတော်ထွန်းတောက်နေသည်ကိုမြင်တွေ့ခဲ့ရပါသည်။ ခရစ်တော်ဘုရားသည် နောက်ဆုံးသောနေ့ရက်ကြီးတွင် ကိုယ်တော်အားရစ်ပတ်မည့်ဘုန်းတော်သည် ယခုတွင် ကိုယ်တော်၌မရစ်ပတ်ထားသော်လည်း အသက်ဝိညာဉ်များကိုဖတ်နိုင်သောတန်ခိုးတော်မှာ အတူတူပင်ဖြစ်ပါသည်။ မျက်လုံးတော်သည် လူတစ်ဦးချင်းပါဝင်သောလူအုပ်ကြီးတစ်ခုလုံးကိုသိမ်းခြုံကြည့်လိုက်ပါသည်။ ကိုယ်တော်၏ပုံပန်းလက္ခဏာသည် တန်ခိုးနှင့်ပြည့်ဝသောကာယိန္ဒြေရှိသောကြောင့် အခြားသူများထက်ထူးခြားနေပြီး မျက်နှာတော်တွင်လည်း ဘုန်းရောင်ခြည်တော်သည် ထွန်းလင်းတောက်ပနေပါသည်။ “ဤဥစ္စာကိုယူသွားကြ၊ ငါ့အဘ၏အိမ်တော်ကို ပွဲတဲမလုပ်ကြနှင့်” ဟူ၍ ကြည်လင်ပြတ်သား၍ ချိုသာအေးမြသောအသံဖြင့် မိန့်တော်မူလိုက်ရာ ဗိမာန်တော်စကြံများတစ်လျှောက်၌ ပဲ့တင်ထပ်သွားခဲ့ပါသည်။ ထိုယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများချိုးဖောက်ခဲ့သောပညတ်တော်ကို သိနာတောင်တွင် ဤအသံမျိုးဖြင့်မိန့်မြွက်တော်မူခဲ့ပါသည်။

လှေကားထစ်များအတိုင်း ဖြည်းညင်းစွာဆင်းလာပြီး ရိုက်စရာကြိုးများကိုမြှောက်ယမ်းလျက် တိရစ္ဆာန်များလှောင်ထားသောနေရာသို့ဝင်သွားခဲ့ပါသည်။ ထိုနောက်ရောင်းဝယ်နေသောသူများအား ဗိမာန်တော်ပရိဝုဏ်မှထွက်ခွာသွားကြရန် စေခိုင်းလိုက်ပါသည်။ ကိုယ်တော်သည် ယခင်ကတစ်ခါမျှထင်ရှားစွာပြသတော်မမူဖူးသည့် စိတ်ထက်သန်မှု၊ တင်းမာမှုမျိုးနှင့် ပွဲစားတို့၏ငွေတင်ခုံများကို တွန်းလှန်မှောက်ပစ်တော်မူခဲ့ပါသည်။ ကျောက်ဖြူသားဖြင့်ပြီးသောလမ်းပေါ်တွင် ငွေဒင်္ဂါးများကျသွားသဖြင့် စူးရှသောအသံဗလံများထွက်လာခဲ့ပါသည်။ ကိုယ်တော်ရှင်အားမည်သူမျှပြန်၍မေးခွန်းမထုတ်ရဲကြချေ။ ကျနေသောငွေများကိုလည်း မည်သူမျှရပ်၍မကောက်သိမ်းရဲကြချေ။ ခရစ်တော်သည် ထိုသူများအား ထိုကြာပွတ်ကြိုးနှင့်မရိုက်သော်လည်း ကိုယ်တော်၏လက်ထဲတွင်ရှိနေသော

ထိုကြာပွတ်ကလေးသည် မီးလျှံထနေသောဓါးတစ်ချောင်းကဲ့သို့ ကြောက်ရွံ့စရာသဖွယ်ဖြစ်နေပါသည်။ ဗိမာန်တော်အရာရှိများ၊ စောင့်ကြည့်နေသော ယဇ်ပုရောဟိတ်များ၊ ပွဲစားများ၊ တိရစ္ဆာန်ကုန်ကူးရောင်းဝယ်သူများတို့သည် ကိုယ်တော်၏အပြစ်ဒဏ်စီရင်ခြင်းမှလွတ်မြောက်ရန်အကြံအစည်ဖြင့် မိမိတို့၏သိုးများ၊ နွားများရှိသည့်နေရာမှတစ်ဟုန်ထိုးထွက်ပြေးသွားကြပါသည်။

ဘုရားသခင်၏ကာကွယ်စောင့်ရှောက်မှုကိုခံစားနေရသော လူထုကြီးသို့တိုင် ရုတ်ရုတ်သဲသဲဖြစ်မှုသည် ဂယက်ရိုက်သွားခဲ့ပါသည်။ ဖြူရော်နေသောနှုတ်ခမ်းများမှ ကြောက်ရွံ့အော်ဟစ်သံများထွက်ပေါ်လာခဲ့ပါသည်။ တမန်တော်များသည်ပင်လျှင် ကြောက်ရွံ့တုန်လှုပ်သွားခဲ့ကြပါသည်။ သခင်ယေရှု၏နဂိုနှင့်မတူသည့်အမူအရာများနှင့် စကားသံများကြောင့် ၎င်းတို့စိုးရွံ့ထိတ်လန့်ခဲ့ကြပါသည်။ “ကိုယ်တော်၏အိမ်တော်၌ စွဲလမ်းပူပန်ခြင်းစိတ်သည် အကျွန်ုပ်ကိုစားပါ၏” (ဆာလံ ၆၉း၉) ဟူ၍ ကိုယ်တော်အကြောင်းရေးသားချက်များကို သူတို့သတိရခဲ့ကြပါသည်။ ရုန်းရင်းဆန်ခတ်ဖြစ်နေသောလူအုပ်ကြီးသည် မကြာမီတွင်ပင် ဘုရားသခင်၏ဗိမာန်တော်မှ ဝေးရာသို့ဖယ်ရှားခြင်းခံခဲ့ရပါသည်။ ဗိမာန်တော်ဝင်းသည် မသန့်ရှင်းသော ရောင်းဝယ်ဖေါက်ကားမှုများကင်းရှင်းသွားပြီးနောက် နက်ရှိုင်းသော ဆိတ်ငြိမ်မှုနှင့်ကြည်ညိုလေးမြတ်ခြင်းများသည် ပြန်လည်အခြေခိုင်လာခဲ့ပါသည်။ သိနာတောင်ကိုသန့်ရှင်းစေတော်မူခဲ့သော ဘုရားသခင်သည် ယခုတွင် ဗိမာန်တော်ကိုမွန်မြတ်သန့်ရှင်းစေတော်မူခဲ့ပါသည်။

ဗိမာန်တော်အားသန့်ရှင်းအောင် ပြုတော်မူခြင်းအားဖြင့် သခင်ယေရှုသည် ကြွလာတော်မူသောမေရှိယအနေနှင့် မိမိအမှုတော်ကိုကြေညာကာအစပြုခဲ့ပါသည်။ ဘုရားသခင်စိုးစံရန်အတွက် တည်ဆောက်ထားသည့် ထိုဗိမာန်တော်သည် ဣသရေလများနှင့်တကွ ကမ္ဘာသူကမ္ဘာသားများအတွက် သရုပ်ပြသင်ခန်းစာတစ်ခုဖြစ်ရန်ရည်စူးခဲ့ပါသည်။ ကောင်းကင်တမန်များမှလူသားများအထိ အားလုံးသောဖန်ဆင်းခြင်းခံရသည့်သူများသည် ဖန်ဆင်းရှင်ကိန်းဝပ်ရာဗိမာန်တော်များဖြစ်စေရန် ထာဝရကာလ



မှစ၍ ဘုရားသခင်ကြံရွယ်တော်မူခဲ့ပါသည်။ အပြစ်တရားကြောင့် လူသားများသည် ဘုရားသခင်အတွက် ဗိမာန်တော်ဖြစ်ခြင်းမှရပ်စဲခဲ့ကြပါသည်။ အပြစ်ဒုစရိုက်ကြောင့် မှောင်မိုက်ညစ်ညူးနေသောလူသားများ၏စိတ်နှလုံးများသည် ဘုရားသခင်၏ဘုန်းတော်ကိုမဖော်ထုတ်ခဲ့ကြတော့ချေ။ သို့သော် ဘုရားသခင်၏သားတော်သည် လူဇာတိကိုခံယူခြင်းအားဖြင့် ကိုယ်တော်၏အကြံအစည်တော်ကို ပြည့်ဝစေတော်မူခဲ့ပါသည်။ သားတော်ဘုရားသည် လူသားများတွင် လာရောက်နေထိုင်တော်မူ၍ ကယ်တင်ခြင်းဆိုင်ရာကရုဏာတော်အားဖြင့် လူသားများ၏စိတ်နှလုံးသည် ကိုယ်တော်၏ဗိမာန်တော်ဖြစ်လာခဲ့ပြန်ပါသည်။ ယေရုရှလင်မြို့တွင်ရှိသော ထိုဗိမာန်တော်သည် အသက်ဝိညာဉ်တိုင်းအတွက် နောင်တွင်ဖြစ်မည့်မြင့်မြတ်သော အကြောင်းအရာများရှိနေကြောင်း အမြဲတမ်းသက်သေဖြစ်စေရန် ဘုရားသခင်ကြံရွယ်တော်မူခဲ့ပါသည်။ သို့သော် ဣသရေလလူများသည် ၎င်းတို့များစွာဂုဏ်ယူဝင့်ကြွားသောဗိမာန်တော်အဆောက်အအုံ၏အရေးပါမှုကို နားမလည်ခဲ့ကြချေ။ သူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်၏ဝိညာဉ်တော်ကိန်းဝပ်ရန် သန့်ရှင်းသောဗိမာန်တော်များအဖြစ် ကိုယ်တော်အားမပေးအပ်ခဲ့ကြချေ။ ယေရုရှလင်မြို့ရှိဗိမာန်တော်ဝင်းထဲတွင် မသန့်ရှင်းသော ရောင်းဝယ်မှုများနှင့် ရုန်းရင်းခတ်နေခြင်းများသည် ကာမဂုဏ်ခံစားလိုသော စိတ်များနှင့် ညစ်ညမ်းသောအတွေးအဆများဖြင့်ညစ်ညူးနေသောနှလုံးသား ဗိမာန်တော်ကို ထိထိမိမိပုံဆောင်နေပါသည်။ ဗိမာန်တော်ထဲမှ လောကအရောင်းအဝယ်သမားများကို ရှင်းလင်းပယ်ရှားခြင်းတွင် ခရစ်တော်သည် စိတ်နှလုံးထဲမှ အပြစ်၏ညစ်ညမ်းမှုများဖြစ်သော အသက်ဝိညာဉ်ကို ပျက်ယွင်းစေသည့် လောကီအလိုဆန္ဒများ၊ တစ်ကိုယ်ကောင်းဆန်သည့် ကာမဂုဏ်လိုက်စားမှုများ၊ ဒုစရိုက်အကျင့်များကို ရှင်းလင်းဖယ်ရှားရန်အတွက် မိမိ၏အမှုတော်ကို ကြေညာခြင်းဖြစ်ပါသည်။” သင်တို့ရှာသော သခင်၊ သင်တို့တောင့်တသောပဋိညာဉ်တမန်တော်သည် မိမိဗိမာန်တော်သို့ ချက်ချင်းလာလိမ့်မည်။ ကြည့်ရှုလော့၊ ထိုသခင်လာလိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။ လာတော်မူသောနေ့ရက်ကို

အဘယ်သူသည် မတိမ်းမရှောင်ဘဲနေလိမ့်မည်နည်း။ ပေါ်ထွန်းတော်မူသောအခါ အဘယ်သူသည် ခံရပ်လိမ့်မည်နည်း။ ထိုသခင်သည် ငွေစစ်သောသူ၏မီး၊ ခဝါသည် သုံးသောဆပ်ပြာကဲ့သို့ဖြစ်တော်မူမည်။ ငွေကိုချွတ်၍သန့်ရှင်းစေသောသူကဲ့သို့ထိုင်လျက် ရွှေငွေကိုချွတ်သကဲ့သို့ လေဝိသားတို့ကိုချွတ်၍ သန့်ရှင်းစေတော်မူသဖြင့် သူတို့သည် ထာဝရဘုရားအဖို့ဖြစ်၍ ဖြောင့်မတ်ခြင်းပူဇော်သကာကိုပူဇော်ကြလိမ့်မည်။" မာလခိ ၃း၁-၃။

"သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ကိန်းဝပ်တော်မူသည်ကိုလည်းကောင်း မသိကြသလော၊ အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီး၏။ ထိုသူကို ဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ဗိမာန်တော်သည် သန့်ရှင်းရ၏။ သင်တို့သည်လည်း ထိုဗိမာန်တော်ဖြစ်ကြ၏။" ၁ကော၊ ၃း၁၆-၁၇။ မိမိစိတ်နှလုံးကိုပိုင်စိုးထားသောဒုစရိုက်သားကောင်များကို မည်သူတစ်ဦးတစ်ယောက်ကမျှ မိမိစွမ်းအားနှင့်နှင်ထုတ်နိုင်ကြလိမ့်မည်မဟုတ်ချေ။ ခရစ်တော်တစ်ပါးတည်းကသာလျှင် စိတ်နှလုံးကိုသန့်ရှင်းစင်ကြယ်စေနိုင်ပါသည်။ သို့သော် ကိုယ်တော်သည် စိတ်နှလုံးထဲသို့ အတင်းအဓမ္မဝင်ရောက်လာလိမ့်မည်မဟုတ်ချေ။ ယေရှုရှလင်မြို့ရှိဗိမာန်တော်ထဲသို့ဝင်ရောက်လာသကဲ့သို့ ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့ဝင်ရောက်လာမည်မဟုတ်ဘဲ "ငါသည် တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့။ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်မည်။" ဗျာဒိတ် ၃း၂၀ ဟူ၍ ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အထဲ၌တစ်ရက်သာနေတော်မူမည်မဟုတ်ချေ။ အကြောင်းမူကား "သူတို့တွင်ငါကိန်းဝပ်မည်။ သူတို့တွင်လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်၊ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်" ဟူ၏။ ၂ကော ၆း၁၆။ "ကိုယ်တော်သည် အကျွန်ုပ်တို့ကိုတစ်ဖန်သနား၍ အကျွန်ုပ်တို့၏ဒုစရိုက်ရှိသမျှတို့ကို ကျော်နင်းတော်မူလိမ့်မည်။ အကျွန်ုပ်တို့၏အပြစ်အလုံးစုံတို့ကိုနက်နဲသောပင်လယ်ထဲသို့ချပစ်တော်မူလိမ့်မည်။" မိက္ခာ ၇း၁၉။ အသက်



ဝိညာဉ်တစ်ခုသည် ဘုရားသခင်၏သန့်ရှင်းသောဗိမာန်တော်တစ်ဆောင်ဖြစ်လာ၍ ဘုရားသခင်၏အိမ်တော်သားတစ်ယောက်ဖြစ်လာနိုင်စေရန် ကိုယ်တော်ရှင်သည် ထိုအသက်ဝိညာဉ်ကို ဆေးကြောသန့်စင်ပေးလိမ့်မည်ဖြစ်ပါသည်။

ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများသည် ကြောက်ရွံ့တုန်လှုပ်ကာ ဗိမာန်တော်ဝင်းမှသော်လည်းကောင်း၊ မိမိတို့၏စိတ်နှလုံးကိုဖတ်နေသောစူးရှသည့်အကြည့်မှသော်လည်းကောင်း ဝေးရာသို့ထွက်ပြေးခဲ့ကြပါသည်။ လမ်းတွင် ဗိမာန်တော်သို့လာနေသောသူများကိုတွေ့သောအခါ ၎င်းတို့မြင်ခဲ့၊ ကြားခဲ့ရသည့်အရာများကိုပြောပြကာ နောက်ကြောင်းသို့ပြန်၍သွားကြရန် တိုက်တွန်းခဲ့ကြပါသည်။ ခရစ်တော်သည် ထွက်ပြေးသွားသူများ၏ကြောက်ရွံ့မှုများနှင့် စစ်မှန်သောကိုးကွယ်မှုအကြောင်းကို မသိခြင်းများအတွက် သနားကြင်နာစွာဖြင့် လှမ်းမျှော်၍ကြည့်တော်မူခဲ့ပါသည်။ ဆိုးသွမ်း၍အပြစ်ကိုနောင်မကြဉ်မှုများအတွက် အရပ်ရပ်ပျံ့လွင့်ခဲ့သော ဣသရေလအမျိုးတစ်ခုလုံးကို ဤမြင်ကွင်းသည်ပုံဆောင်ကြောင်းမြင်တွေ့တော်မူခဲ့ပါသည်။

ယဇ်ပုရောဟိတ်များသည် အဘယ်ကြောင့်ဗိမာန်တော်မှထွက်ပြေးခဲ့ကြရသနည်း။ အဘယ်ကြောင့်သူတို့သည် ဆိုင်ပြိုင်တိုက်လှန်မှုမပြုခဲ့ကြသနည်း။ သူတို့အားထွက်သွားရန် အမိန့်ပေးသောပုဂ္ဂိုလ်သည် လက်သမား၏သား၊ ဂါလိလဲပြည်ကဆင်းရဲသားတစ်ဦးသာဖြစ်သည်။ ထို့ပြင် လောကရာထူးရာခံတန်ခိုးအာဏာရှိသူလည်းမဟုတ်ပါချေ။ အဘယ်ကြောင့် ထိုပုဂ္ဂိုလ်အား သူတို့မတွန်းလှန်ခဲ့ကြသနည်း။ အဘယ်ကြောင့် မတရားရရှိခဲ့သောအမြတ်အစွန်းများကိုစွန့်၍ထားခဲ့ကာ အပေါ်ယံပုံပန်းအားဖြင့်နုံချာလှသောသူတစ်ဦး၏အမိန့်ကြောင့် ထွက်ပြေးခဲ့ကြသနည်း။

ခရစ်တော်သည် ဘုရင်တစ်ပါး၏အာဏာသံဖြင့် စကားပြောတော်မူခဲ့ပြီး ကိုယ်တော်ရှင်၏အသွင်အပြင်လက္ခဏာနှင့်အသံနေအသံထားကြောင့် သူတို့၌တွန်းလှန်နိုင်စွမ်းမရှိကြတော့ချေ။ သူတို့၏အခြေအနေမှန်သည် လျှို့ဝှက်သောသူများ၊ ခိုးပြမ်းများဟူ၍ ယခင်ကသူတို့မသိရှိခဲ့သော

အရာများကို ကိုယ်တော်၏အမိန့်ပေးသောစကားများထဲတွင် သူတို့သိရှိခဲ့ကြပါသည်။ လူသားဇာတိ၌ ဘုရားဇာတိတော်ထွန်းတောက်လာသောအခါ ကရုဏာဒေါသကို ခရစ်တော်၏မျက်နှာတော်ပေါ်တွင် သူတို့တွေ့မြင်ကြရရုံမျှမက စကားတော်များတွင်လည်း အရေးပါသည့်အကြောင်းများပါဝင်နေကြောင်းကို သူတို့သိရှိလိုက်ရပါသည်။ သူတို့သည် ထာဝရကာလအတွက် မိမိတို့အားစီရင်ချက်ချမည့် ဘုရားသခင်၏ပလ္လင်တော်ရှေ့တွင်ရောက်နေသကဲ့သို့ခံစားခဲ့ကြရပါသည်။ သူတို့သည် အခိုက်အတန့်အားဖြင့် ခရစ်တော်သည် ပုရောဖက်တစ်ပါးဖြစ်ကြောင်း သဘောပေါက်ခဲ့ကြပြီး များစွာသောလူများက ကိုယ်တော်ရှင်ကို မေရှိယအနေနှင့်ယုံကြည်ခဲ့ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်နှင့်ပတ်သက်သောပုရောဖက်များ၏နှုတ်ထွက်စကားများကို ၎င်းတို့၏စိတ်တွင် ပြန်လည်သတိရစေခဲ့ပါသည်။ သူတို့သည် မိမိတို့၌အပြစ်ရှိကြောင်းဖော်ပြချက်ကို သဘောတူလက်ခံခဲ့ကြပါသလား။

သူတို့သည် နောင်တမရခဲ့ကြချေ။ ဆင်းရဲသားများအပေါ်တွင် ခရစ်တော်၏စာနာသနားမှုသည် နိုးထခဲ့ပြီဖြစ်ကြောင်းကိုလည်းကောင်း၊ ဣသရေလလူများနှင့်ဆက်ဆံရာတွင် အနိုင်ကျင့်မိခဲ့သောမိမိတို့၏အပြစ်များကိုလည်းကောင်း သူတို့သိခဲ့ကြသည်။ မိမိတို့၏သဘောထားများကို ခရစ်တော်သိရှိသွားသည့်အတွက်ကြောင့် ကိုယ်တော်ကိုမုန်းတီးခဲ့ကြပါသည်။ သူများ၏ရှေ့တွင် ကိုယ်တော်၏အပြစ်တင်ဆုံးမမှုသည် သူတို့ကိုသိက္ခာကျစေပြီး လူထုအပေါ်တိုးပွားနေသောကိုယ်တော်၏ဩဇာသက်ရောက်မှုများကြောင့် သူတို့သည် ငြူစူခဲ့ကြပါသည်။ မိမိတို့အားနှင်ထုတ်ရာတွင် အသုံးပြုခဲ့သောတန်ခိုးအာဏာအကြောင်းနှင့်စပ်လျဉ်း၍ ကိုယ်တော်အားမေးမြန်းကြရန် သူတို့စိတ်ဆုံးဖြတ်ခဲ့ကြပါသည်။

သူတို့သည် ဗိမာန်တော်သို့ဖြည်းဆေးစွာဖြင့် ဂရုတစိုက်ပြန်လာခဲ့ကြသော်လည်း မုန်းတီးမှုများသည် သူတို့၏နှလုံးထဲတွင်ပါလာခဲ့ပါသည်။ ၎င်းတို့ဗိမာန်တော်၌မရှိစဉ်တွင် အပြောင်းအလဲများဖြစ်ပေါ်ခဲ့ပါသည်။ သူတို့ထွက်ပြေးသွားကြစဉ်က ဆင်းရဲသားများသည် နောက်နားမှာကျန်ရစ်ခဲ့ကြသော်လည်း ယခုတွင်မူထိုသူများသည် ခရစ်တော်ကိုဖူးမြော်ကြလျက် ၎င်းတို့၏မျက်နှာများတွင်လည်း ကိုယ်တော်၏မေတ္တာတော်နှင့် စာနာသနားမှုများကိုဖော်ပြနေကြပါသည်။ ကိုယ်တော်၏မျက်လုံးတော်မှမျက်ရည်များကျလျက် မကြောက်ကြနှင့်၊ ငါသည်သင့်ကိုကယ်တင်မည်၊ သင်သည်လည်း ငါ့ကိုချီးမွမ်းလိမ့်မည်။ ဤကိစ္စအတွက် ငါသည် ဤလောကသို့ကြွလာတော်မူခဲ့ခြင်းဖြစ်သည်ဟု အနားတွင်ကြောက်ရွံ့တုန်လှုပ်လျက်ဖူးမြော်နေကြသူများအား ကိုယ်တော်သည် အားပေးတော်မူနေပါသည်။



လူထုကြီးသည် မရမနေသနားကြင်နာဖွယ်တောင်းဆိုချက်များနှင့်အတူ ခရစ်တော်ရှေ့မှောက်သို့တိုးဝင်လာခဲ့ကြကာ သခင်၊ ကျွန်ုပ်တို့အားကောင်းချီးပေးတော်မူပါဟုတောင်းခံကြ၏။ ကိုယ်တော်ရှင်၏နားတော်သည်အော်ဟစ်တောင်းလျှောက်သံတိုင်းကိုကြားတော်မူခဲ့သည်။ ချစ်တတ်သောမိခင်၏ထူးကဲသောသနားကြင်နာမှုမျိုးနှင့် ဒုက္ခခံစားနေရသူများအားကိုယ်တော်အာရုံစူးစိုက်ခဲ့ပါသည်။ လူတိုင်းသည် မိမိတို့၏ရောဂါများပျောက်ကင်းခဲ့ကြသည်။ ဆွံ့အသူများသည် ကိုယ်တော်ကိုချီးမွမ်းနိုင်လာခဲ့ကြသည်။ မျက်မမြင်များသည် ကယ်တင်ရှင်၏မျက်နှာတော်ကိုဖူးမြော်ခဲ့ကြရသည်။ ဆင်းရဲဒုက္ခခံစားရသူများ၏စိတ်နှလုံးများသည် ဝမ်းမြောက်မှုကိုခံစားကြရသည်။

ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများသည် ကြီးကျယ်သောဤအမှုတော်ကိုမျက်မြင်ကိုယ်တွေ့တွေ့ခဲ့စဉ်တွင် ဖွင့်ဟထုတ်ဖော်ပြောဆိုသံများကို သူတို့၏နားနှင့်ဆတ်ဆတ်ကြားခဲ့ကြရပါသည်။ လူအများသည် ၎င်းတို့ခံစားခဲ့ရသောနာကျင်မှုဝေဒနာများကိုလည်းကောင်း၊ မျှော်လင့်ချက်ပျက်ခဲ့ရကြောင်းများကိုလည်းကောင်း၊ မျှော်လင့်ချက်ရောင်ခြည်ကလေးပျောက်ကွယ်တော့မလိုဖြစ်နေသည့်အချိန်တွင် ခရစ်တော်သည် ၎င်းတို့အားကုသပေးခဲ့ကြောင်းများကိုလည်းကောင်း ပြန်ပြောင်းပြောပြနေခဲ့ကြပါသည်။ တစ်ယောက်သောသူကမူ “မိမိထမ်းခဲ့ရသောဝန်သည် အတော်လေးလံကြောင်း၊ သို့သော် ကူညီမည့်သူကိုတွေ့ခဲ့ကြောင်း၊ ထိုသူသည် ခရစ်တော်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏အမှုတော်အတွက် အသက်တာကို

ဆက်ကပ်ပြီးဖြစ်ကြောင်း” စသည်ဖြင့် ပြောပြနေခဲ့ပါသည်။ “ကိုယ်တော်သည် သင်၏အသက်ကိုကယ်တော်မူခဲ့သည်။ ကိုယ်တော်ကိုအသံမြင့်၍ ချီးမွမ်းပါ” ဟုမိဘများက သားသမီးများအားပြောနေကြပါသည်။ ကလေးများ၊ လူငယ်များ၊ မိဘများနှင့် ဘေးနားမှကြည့်နေသူများသည် အသံအားဖြင့် စုပေါင်း၍ ကျေးဇူးတော်၊ ဂုဏ်တော်ကိုချီးမွမ်းခဲ့ကြသည်။ ၎င်းတို့၏ စိတ်နှလုံး၌ မျှော်လင့်ချက်များ၊ ဝမ်းမြောက်မှုများနှင့်ပြည့်ဝနေကြပြီး စိတ်နှလုံးတွင် ငြိမ်သက်မှုများရရှိခဲ့ကြပါသည်။ သူတို့၏ကိုယ်စိတ်နှစ်ပါးသည် ပြန်လည်ကောင်းမွန်လာပြီး သခင်ယေရှု၏အတုမရှိသောမေတ္တာတော် အကြောင်းကို နေရာတကာတွင်ဖွင့်ဟချီးမွမ်းလျက် အိမ်သို့ပြန်သွားခဲ့ကြပါသည်။

ထိုကဲ့သို့ကုသခြင်းခံခဲ့ရသူများသည် ယေရှုကိုကပ်တိုင်တင်စဉ်က “ကိုယ်တော်ကိုကပ်တိုင်တင်ပါ၊ ကိုယ်တော်ကိုကပ်တိုင်တင်ပါ” ဟုဟစ်အော်ကာ တောင်းခံနေသောပေါက်ကရလူအုပ်ထဲတွင်မပါဝင်ခဲ့ကြချေ။ သူတို့သည် ခရစ်တော်ကိုချစ်ခင်စာနာခဲ့ကြသည်။ အကြောင်းမူကား ကိုယ်တော်၏ ကြီးမားလှသောချစ်ခင်စာနာမှုနှင့် အံ့ဖွယ်သောတန်ခိုးတော်ကိုခံစားခဲ့ရပြီး ဖြစ်သောကြောင့်တည်း။ မိမိတို့၏ကိုယ်စိတ်နှစ်ဖြာအား ကျန်းမာစေခဲ့သည့် အတွက်ကြောင့်လည်း ကိုယ်တော်ရှင်သည် ကယ်တင်ရှင်တစ်ပါးဖြစ်ကြောင်း သူတို့သိရှိခဲ့ကြပါသည်။ သူတို့သည် တမန်တော်များ၏သွန်သင်ချက်များကို ကြားနာကာ နှုတ်ကပတ်တော်အသိပညာများကိုရရှိခဲ့ကြသည်။ ၎င်းပြင် ဘုရားသခင်၏မေတ္တာတော်ကိုစွမ်းဆောင်သူများဖြစ်လာကြပြီး ကိုယ်တော်ရှင်၏ကယ်တင်ခြင်းစီမံကိန်းအတွက် အသုံးခံပစ္စည်းများဖြစ်လာခဲ့ကြပါသည်။

ဗိမာန်တော်မှထွက်ပြေးသွားကြသူများသည် တဖြည်းဖြည်းနှင့် ဗိမာန်တော်သို့ပြန်လည်ရောက်ရှိလာခဲ့ကြပါသည်။ သူတို့သည် ထိတ်လန့်ကြောက်ရွံ့မှုသက်သာသွားသော်လည်း ခရစ်တော်အပေါ် ဇဝေဇဝါဖြစ်နေခြင်းနှင့် လန့်ဖျပ်နေခြင်းများသည် မျက်နှာပေါ်ဝယ်ထင်ပေါ်နေဆဲဖြစ်ပါသည်။ သူတို့သည် ခရစ်တော်၏လုပ်ဆောင်မှုများကို အံ့အားသင့်စွာ ကြည့်ရှုခဲ့ကြပြီး မေရှိယနှင့်ပတ်သက်သောအနာဂတ္တိစကားများသည်



ကိုယ်တော်၌ပြည့်စုံကြောင်းကိုသိရှိခဲ့ကြရပါသည်။ ဗိမာန်တော်ကိုမလေးမစားပြုခဲ့သည့်အပြစ်သည် ယဇ်ပုရောဟိတ်များအပေါ်သို့ ပို၍ကျရောက်ခဲ့ပါသည်။ သူတို့နှင့်နှိုင်းယှဉ်ကြည့်လျှင် ယုဒလူတို့သည် အပြစ်ကင်းကြပြီး ၎င်းတို့၏အစီအစဉ်ကြောင့် ဗိမာန်တော်ဝင်းသည် ဈေးနေရာကဲ့သို့ဖြစ်ခဲ့ရသည်။ ယုဒလူများအား ခရစ်တော်၏ဘုရားတန်ခိုးအာဏာတော်အားဖြင့် အမှန်တရားကိုသိမြင်စေခဲ့သော်လည်း ယဇ်ပုရောဟိတ်များနှင့် ယုဒအကြီးအကဲများ၏သြဇာသက်ရောက်မှုသည် သူတို့အပေါ်တွင် လွှမ်းမိုးလျက်ရှိနေသေးသည်။ ခရစ်တော်၏လုပ်ဆောင်မှုသည် အသစ်တီထွင်မှုတစ်ခုအနေဖြင့်သာ သူတို့ယူဆကြပြီး ဗိမာန်တော်အာဏာပိုင်တို့၏ခွင့်ပြုချက်ဖြင့် ရောင်းဝယ်ခြင်းများကို မည်သည့်အခွင့်နှင့်ဟန့်တားကြောင်းကို မေးခွန်းထုတ်ခဲ့ကြပါသည်။ အရောင်းအဝယ်များကို ကြားဝင်တားမြစ်ခြင်းခံလိုက်ရသောကြောင့် သူတို့ကိုအထိနာစေခဲ့ပါသည်။ ၎င်းပြင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အပြစ်ထင်ရှားကြောင်းပြသမှုများကိုလည်း စိတ်ထဲတွင်မျိုသိပ်ထိမ်ချန်ထားခဲ့ကြပါသည်။

မိမိတို့လက်ထဲတွင် ခရစ်တော်၏အမှုတော်အကြောင်းဖော်ပြထားသည့် ကျမ်းစာများရှိနေကြပြီး ဗိမာန်တော်ကိုသန့်စင်စေခြင်းအလုပ်သည် လူသား၏တန်ခိုးထက်ပို၍ကြီးမားကြောင်း ထင်ရှားပေါ်လွင်ကြောင်းကို ၎င်းတို့သိရှိခဲ့ကြသဖြင့် ခရစ်တော်သည် ဘုရားသခင်၏ဘိသိက်ပေးခြင်းခံရသောသူတစ်ပါးဖြစ်ကြောင်း အခြားသူများထက် ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများသည် ပို၍သိဖို့ကောင်းပါသည်။ သူတို့သည် ခရစ်တော်ကို များစွာမုန်းတီးကြသော်လည်း ကိုယ်တော်သည် ဗိမာန်တော်အား ဆေးကြောသန့်စင်စေရန် ဘုရားသခင်စေလွှတ်တော်မူသောပုရောဟိတ်တစ်ပါးဖြစ်ကြောင်းကို မစဉ်းစားဘဲမနေနိုင်ခဲ့ကြချေ။ ထိုကြောင့် “သင်သည် ဤသို့ပြုလျှင် အဘယ်နိမိတ်လက္ခဏာကို ငါတို့အားပြမည်နည်း” ဟူ၍ ထိုလူများသည် ကိုယ်တော်အနားသို့ချဉ်းကပ်၍မေးမြန်းခဲ့ကြပါသည်။

သခင်ယေရှုသည် သူတို့အား နိမိတ်လက္ခဏာတစ်ခုပြခဲ့ပြီးဖြစ်ပါသည်။ ၎င်းတို့၏စိတ်နှလုံးတွင် အလင်းတရားထွန်းလင်းခြင်းအားဖြင့်သော်

လည်းကောင်း၊ ၎င်းတို့၏ရှေ့တွင် မေရှိယလုပ်ဆောင်မည့်အလုပ်များကို လုပ်ဆောင်ပြခဲ့ခြင်းအားဖြင့်သော်လည်းကောင်း မိမိစာရိတ္တတော်အတွက် သဘောပေါက်လောက်သောအထောက်အထားများကိုပေးခဲ့ပြီးဖြစ်ပါသည်။ ယခုတွင် ထိုသူတို့သည် နိမိတ်လက္ခဏာတစ်ခုကိုတောင်းလာသောအခါ ကိုယ်တော်သည် ၎င်းတို့၏အကြံအစည်ကိုသိတော်မူ၍ ထိုစိတ်ဓာတ်သည် ၎င်းတို့အားပို့ဆောင်သွားမည့်ခရီးဆုံးကိုမြင်တွေ့တော်မူကြောင်း ထင်ရှားစေရန် ပုံပမာတစ်ခုအားဖြင့် အဖြေပေးတော်မူခဲ့ပါသည်။ ထိုအဖြေမှာ "ဤဗိမာန်တော်ကိုဖြိုဖျက်ကြလော့၊ သုံးရက်အတွင်းတွင် ငါတည်ဆောက်မည်" ဟူ၏။ ယောဟန် ၂း၁၉။

ဤစကားများတွင် အဓိပ္ပါယ်နှစ်မျိုးရှိပါသည်။ ယုဒဗိမာန်တော်ကို ဖြိုဖျက်ခြင်းသာမက ကိုယ်တော်၏ခန္ဓာကိုယ်ဗိမာန်တော်ဖြိုဖျက်ခြင်းတည်းဟူသော ကိုယ်တော်၏အသေခံခြင်းကိုလည်း ရည်ညွှန်းမိန့်မြွက်ခြင်းဖြစ်ပါသည်။ ယုဒလူများသည် ဤကိစ္စအတွက်ပူးပေါင်းကြံစည်ထားပြီးဖြစ်ကြပါသည်။ ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများသည် ဗိမာန်တော်သို့ ပြန်လာခဲ့ကြစဉ် ၎င်းတို့အားဒုက္ခပေးနေသူယေရှုခရစ်အား သုတ်သင်ရှင်းလင်းရန် တိုင်ပင်ခဲ့ကြပြီးဖြစ်ပါသည်။ သို့စေကာမူ ကိုယ်တော်သည် ၎င်းတို့၏အကြံအစည်များကို ၎င်းတို့အားပြောပြနေသော်လည်း သူတို့သည် ကိုယ်တော်မိန့်တော်မူသည်ကိုနားမလည်ကြချေ။ ကိုယ်တော်၏စကားများသည် ယေရုရှလင်မြို့မှ ဗိမာန်တော်ကိုသာဆိုလိုသည်ဟု သူတို့ထင်မှတ်ကြပြီး "အနှစ်လေးဆယ့်ခြောက်နှစ်ပတ်လုံး ဤဗိမာန်တော်ကိုတည်ဆောက်ရ၏။ သင်မူကား သုံးရက်တည်းနှင့်တည်ဆောက်မည်လော" ဟု ဒေါသတကြီး မေးမြန်းကြ၏။ ယခုတွင်ခရစ်တော်သည် ၎င်းတို့၏မယုံကြည်မှုကို ဆုံးဖြတ်ပြီးဖြစ်သည်ဟု သူတို့သိရှိကာ ကိုယ်တော်အားငြင်းပယ်ရန် အတည်ပြုခဲ့ကြပါသည်။

မယုံကြည်သောယုဒများသာမက ထိုအချိန်က ကိုယ်တော်၏ တမန်တော်များပင်လျှင် ကိုယ်တော်၏စကားတော်များကို နားလည်ကြလိမ့်မည်ဟု ခရစ်တော်ထင်တော်မမူခဲ့ချေ။ မိမိ၏စကားများကို အဓိပ္ပါယ်



အကောက်လွဲကာ သူတို့သည် မိမိအားဆန့်ကျင်ကြမည်ဖြစ်ကြောင်း ကိုယ်တော်သိတော်မူခဲ့ပါသည်။ စစ်ဆေးမေးမြန်းစဉ်တွင် ထိုစကားများကို စွဲချက်များအဖြစ် အသုံးပြုကြလိမ့်မည်။ ၎င်းပြင်ကရာနီကုန်းတွင် ထိုစကားများကိုခနဲ့သောစကားများအဖြစ်အသုံးပြုကာ ကိုယ်တော်အား မထီမဲ့မြင်ပြုကြမည်ဖြစ်သည်ကို ကိုယ်တော်သိတော်မူခဲ့ပါသည်။ သို့သော် ယခုအချိန်တွင် ရှင်းလင်းပြခဲ့မည်ဆိုလျှင် ကိုယ်တော်ရှင်ခံစားရမည့်ဆင်းရဲဒုက္ခကို တမန်တော်များသိရှိသွားလိမ့်မည်ဖြစ်ပြီး ထိုအချိန်တွင် ၎င်းတို့ခံနိုင်ရည်မရှိသေးသောဝမ်းနည်းပူဆွေးမှုကို သူတို့ခံစားကြရလိမ့်မည်။ ၎င်းပြင် ထိုသို့ရှင်းလင်းပြောပြခြင်းသည် ယုဒလူများအား ၎င်းတို့၏တစ်ဖက်သတ်အထင်လွဲမှားခြင်းနှင့် မယုံကြည်မှုများ၏အကျိုးဆက်ကို အချိန်မတိုင်မီ ထုတ်ဖော်ပြောပြခြင်းဖြစ်လိမ့်မည်။ အသေသတ်ခြင်းခံရသောသိုးသငယ်ကဲ့သို့ ကိုယ်တော်အားပို့ဆောင်ရန် သူတို့ကိုဖြည်းဖြည်းချင်းဆောင်ရွက်လုပ်ဆောင်ခဲ့သည့်လမ်းထဲသို့ဝင်ရောက်ခဲ့ကြပါသည်။

ခရစ်တော်သည် မိမိအားယုံကြည်ကြမည့်သူများ၏အကျိုးအဖို့အလို့ငှါ ဤစကားများကို မိန့်မြွက်တော်မူခဲ့ပါသည်။ ပသခါပွဲတွင် မိမိပြောကြားခဲ့သောစကားများကို ထပ်မံပြောပြကြမည်ကိုလည်းကောင်း၊ ထိုသို့ပြောပြကြခြင်းအားဖြင့် ကမ္ဘာအနှံ့တွင်ရှိသောလူများစွာတို့၏နားထဲသို့ ရောက်ရှိသွားလိမ့်မည်ကိုလည်းကောင်း ကိုယ်တော်သိရှိတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်ထမြောက်ပြီးသည့်နောက်မှ ထိုစကားများ၏အဓိပ္ပါယ်များသည် ရှင်းသွားကြပေလိမ့်မည်။ ထိုစကားများသည် များစွာသောယုဒများအတွက် ကိုယ်တော်၏ဘုရားဇာတိနှင့်ပတ်သက်သော ဒွိဟမရှိသည့် အထောက်အထားဖြစ်ပါလိမ့်မည်။

ဝိညာဉ်ရေးမှောင်မိုက်ကျမှုကြောင့် တမန်တော်များပင်လျှင် ကိုယ်တော်၏သွန်သင်ချက်များကို မကြာခဏနားလည်သဘောပေါက်မှုမရှိခဲ့ကြချေ။ သို့သော်နောင်အခါတွင် ဖြစ်ပျက်မည့်အရာများအားဖြင့် ဤသွန်သင်ချက်များမှအများစုကို ၎င်းတို့အားရှင်းရှင်းလင်းလင်းသွန်သင်ထားခဲ့ပါသည်။ ကိုယ်တော်သည် ၎င်းတို့နှင့်အတူမရှိတော့သည့်အချိန်တွင်

ကိုယ်တော်၏နှုတ်ထွက်စကားများသည် ၎င်းတို့၏စိတ်နှလုံးထဲတွင် အားကိုးမှီခိုရာထောင့်တိုင်တစ်ခုဖြစ်ခဲ့ပါသည်။

ကိုယ်တော်ရှင်သည် ယေရုရှလင်မြို့ရှိဗိမာန်တော်ကိုရည်ညွှန်း၍ "ဤဗိမာန်တော်ကို ဖြိုဖျက်ကြလော့၊ သုံးရက်အတွင်းတွင် ငါတည်ဆောက်မည်" ဟုမိန့်တော်မူသောစကားများ၌ ကြားနာသူများနားလည်သည်ထက်ပို၍နက်ရှိုင်းသောအဓိပ္ပါယ်ရှိနေပါသည်။ ခရစ်တော်သည် ဗိမာန်တော်၏တိုက်မြစ်၊ ဗိမာန်တော်၏အသက်ဖြစ်တော်မူ၏။ ဗိမာန်တော်တွင် ကျင်းပသောအခမ်းအနားများသည် ခရစ်တော်ဘုရား၏ဆက်ကပ်ပူဇော်ခံခြင်းကိုပုံဆောင်ပါသည်။ ဗိမာန်တော်တွင် အမှုဆောင်နေသောယဇ်ပုရောဟိတ်လုပ်ငန်းသည် ခရစ်တော်၏ကြားဖျန်ဖြေခြင်းလုပ်ငန်းကိုပုံဆောင်ပါသည်။ ယဇ်ပူဇော်ခြင်းအစီအစဉ်တစ်ခုလုံးသည် လောကီသားများကိုကယ်တင်ရန် ကိုယ်တော်ရှင်၏အသေခံခြင်းကို ကြိုတင်ပြညွှန်ခြင်းဖြစ်ပါသည်။ ဤပူဇော်သကာများသည် ခေတ်အဆက်ဆက်ပြညွှန်ခဲ့သောမဟာအဖြစ်အပျက်ကြီးဆုံးခန်းတိုင်ရောက်သွားသောအချိန်တွင် ၎င်းတို့၌တန်ခိုးအာနိသင်ရှိတော့မည်မဟုတ်ချေ။

ဤဝတ်ပြုကိုးကွယ်မှုအလုံးစုံတို့သည် ခရစ်တော်၏အမှုတော်နှင့် အသေခံခြင်းများကိုပုံဆောင်ခြင်းဖြစ်သောကြောင့် ခရစ်တော်ကိုယုံကြည်လက်ခံခြင်းမရှိခဲ့လျှင် ထိုလုပ်ဆောင်မှုများသည် အကျိုးရှိလိမ့်မည်မဟုတ်ချေ။ ခရစ်တော်အား အသေသတ်ခံရန် လက်ရောက်အပ်ပေးခြင်းအားဖြင့် ယုဒလူများသည် ကိုယ်တော်ရှင်အပေါ် မိမိတို့၏ငြင်းပယ်မှုကို အပြီးသတ်ဆုံးဖြတ်ကြသောအချိန်တွင် ဗိမာန်တော်နှင့်တကွ ကိုးကွယ်မှုအခမ်းအနားများအား အရေးပါကြောင်းဖော်ပြသည့်အရာအားလုံးကို သူတို့ငြင်းပယ်ခဲ့ကြပါသည်။ ဗိမာန်တော်၏မွန်မြတ်သန့်ရှင်းမှုသည် ကွယ်ပျောက်ခဲ့ပေပြီ။ ၎င်းသည်ဖြိုဖျက်ပစ်ရန် အပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရပေပြီ။ ထိုနေ့မှစ၍ ယဇ်ပူဇော်ခြင်းများနှင့်ဆက်နွှယ်နေသော ကိုးကွယ်ဝတ်ပြုမှုများသည် အဓိပ္ပါယ်ကင်းမဲ့ခဲ့သည်။ ကာဣန၏ပူဇော်သကာကဲ့သို့ပင် ထိုယဇ်ပူဇော်ခြင်းများနှင့် ကိုးကွယ်မှုများသည် ခရစ်တော်အား ယုံကြည်ကိုးစားကြောင်း





မဖော်ပြခဲ့ကြချေ။ ယုဒလူများသည် ခရစ်တော်ကိုအသေသတ်ခြင်းအားဖြင့် မရည်ရွယ်ဘဲနှင့် မိမိတို့၏ဗိမာန်တော်ကိုဖြိုဖျက်ခဲ့ကြပါသည်။ ခရစ်တော်သည် ကပ်တိုင်တွင် အသက်တော်ကိုစွန့်သောအချိန်တွင် မဟာယဇ်ပူဇော်ခြင်းကိုပြုလုပ်ပြီးစီးကြောင်းနှင့် ယဇ်ပူဇော်ခြင်းစနစ်သည် လုံးဝအဆုံးသတ်သွားပြီဖြစ်ကြောင်း နိမိတ်ပြသည့်အနေဖြင့် ဗိမာန်တော်မှ အတွင်းကန့်လန့်ကာသည် အထက်မှအောက်သို့နှစ်ခြမ်းကွဲသွားခဲ့ပါသည်။

"သုံးရက်အတွင်းတွင် ငါတည်ဆောက်မည်၊" ကိုယ်တော်ရှင်၏ အသေသတ်ခံခြင်းတွင် အမှောင်၏တန်ခိုးများသည် အောင်မြင်နေသယောင်ရှိပြီး မိမိတို့၏အောင်နိုင်ခြင်းအတွက် ဝမ်းမြောက်ပီတိဖြစ်နေခဲ့ကြပါသည်။ သို့သော်လည်း ခရစ်တော်ရှင်သည် ယောသပ်၏သင်္ချိုင်းကွဲထဲမှ အောင်နိုင်သူတစ်ပါးကဲ့သို့ ထမြောက်တော်မူခဲ့ပါသည်။ "အထွတ်အမြတ်အာဏာစက်များကိုလုယူလျှင် ထင်ရှားစွာထုတ်ပြ၍ လက်ဝါးကပ်တိုင်တော်အားဖြင့် အောင်ပွဲကိုခံတော်မူပြီ။" ကော ၂း၁၅။ အသေသတ်ခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကြောင့် ကိုယ်တော်သည် လူမဆောက်ဘဲ ထာဝရဘုရားဆောက်တော်မူသော တဲတော်စစ်၏ယဇ်ပုရောဟိတ်ဖြစ်လာတော်မူခဲ့ပါသည်။ လူများသည် ယုဒတဲတော်ကိုလည်းကောင်း၊ ယုဒဗိမာန်တော်ကိုလည်းကောင်း တည်ဆောက်ခဲ့ကြသော်လည်း လောကတဲတော်ကပုံစံယူထားသည့် ကောင်းကင်တဲတော်ကို လူသားဗိသုကာများတည်ဆောက်ခဲ့သည်မဟုတ်ချေ။ "အညွန့်အမည်ရှိသောသူတို့ကိုကြည့်ရှုလော့၊ မိမိဒေသအရပ်၌ပေါက်၍ ထာဝရဘုရား၏ဗိမာန်တော်ကိုတည်ဆောက်လိမ့်မည်။ ထာဝရဘုရား၏ဗိမာန်တော်ကိုတည်ဆောက်ပြီးလျှင် ဘုန်းကြီး၍ မိမိရာဇပလ္လင်ပေါ်မှာထိုင်လျက်စိုးစံလိမ့်မည်။ ရာဇပလ္လင်ပေါ်မှာ ယဇ်ပုရောဟိတ်လည်းဖြစ်လိမ့်မည်။" ဇာခရိ ၆း၁၂-၁၃။

ခရစ်တော်ကိုပြညွှန်သောယဇ်ပူဇော်ခြင်းအစီအစဉ်များသည် ကုန်ဆုံးခဲ့ပေပြီ။ သို့သော် ဘုရားသခင်သည် လောက၏အပြစ်အတွက် အသေခံမည့်ယဇ်ကောင်ကြီးကို အာရုံပြုကြည့်ရှုကြရန် လူသားများအား ဦးလှည့်ပေးတော်မူခဲ့သည်။ သို့သော်ပဋိညာဉ်တရားသစ်၏အာမခံတည်း

ဟူသော ယေရှုကိုလည်းကောင်း၊ အာဗေလ၏အသွေးက တရားဟောသော အရာထက်သာ၍မြတ်သောအရာကို တရားဟောသောဖျန်းဆွတ်ခြင်း၏ အသွေးကိုလည်းကောင်း၊ ကျွန်ုပ်တို့ကြည့်ရှုကြရန်ဖြစ်ပါသည်။ (ဟေဗြဲ ၁၂း၂၄)။ ၎င်းပြင် "ပထမတဲတော်မပျက်မီတိုင်အောင် သန့်ရှင်းရာဌာနသို့ သွားသောလမ်းမဖွင့်သေးကြောင်းကို ထိုအမှုအရာအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်သည် အရိပ်ပေးတော်မူ၏။---ယခုမှာ လူလက်တော်ဖြင့်မလုပ်၊ ဤလောကဓာတ်နှင့်မဆိုင်၊ သာ၍ကြီးမြတ်စုံလင်သောတဲတော်၌ နောက်မင်္ဂလာအကျိုးတို့၏ယဇ်ပုရောဟိတ်မင်းဖြစ်သောခရစ်တော်သည်--- မိမိအသွေးတော်နှင့်သန့်ရှင်းရာဌာနတော်ထဲသို့ တစ်ခါတည်းဝင်တော်မူ၏။" ဟေဗြဲ ၉း၈-၁၂။

"ထိုကြောင့်အကြင်သူသည် ယေရှုအားဖြင့် ဘုရားသခင့်အထံတော်သို့ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကို ကိုယ်တော်သည်စောင့်လျက် ကာလအစဉ်အသက်ရှင်သောကြောင့် သူတို့ကိုအစဉ်ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ၏။" ဟေဗြဲ ၇း၂၅။ အမှုဆောင်ခြင်းလုပ်ငန်းကို မြေကြီး ဗိမာန်တော်မှ ကောင်းကင်ဗိမာန်တော်သို့ပြောင်းရွှေ့သွားသော်လည်း တဲတော်နှင့်ယဇ်ပုရောဟိတ်မင်းကြီး၏လုပ်ငန်းများသည် လူသားမျက်စိဖြင့် မြင်နိုင်စွမ်းမရှိသော်လည်း တမန်တော်များသည်ထိုအကြောင်းကြောင့် ဆုံးရှုံးသည်ဟုမခံစားကြရချေ။ မိမိတို့၏ဆက်ဆံပေါင်းသင်းခြင်းများတွင် ပြတ်တောက်မှုမရှိကြောင်းကိုလည်းကောင်း၊ ကိုယ်တော်ရှင်သည် ၎င်းတို့နှင့် အတူမရှိတော့သည့်အတွက် တန်ခိုးအာဏာသေးသိမ်လျော့ပါးမသွား ကြောင်းကိုလည်းကောင်း သူတို့သိရှိခဲ့ကြပါသည်။ ခရစ်တော်သည် အထက်ဗိမာန်တော်တွင် အမှုတော်ဆောင်စဉ် ကိုယ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဤလောကတွင်ရှိသောအသင်းတော်၏အမှုဆောင် တစ်ပါးအဖြစ် ဆက်လက်ရပ်တည်တော်မူပါသည်။ ကိုယ်တော်သည် လူသားများ၏မျက်စိအောက်တွင်မရှိတော့သော်လည်း ခွဲခွာသွားစဉ် ကိုယ်တော်ရှင်မိန့်တော်မူခဲ့သော "ငါသည်လည်း ကပ်ကမ္ဘာကုန်သည့် တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်" ဟူသောကတိတော်သည်



ပြည့်စုံလျက်ရှိပါသည်။ ကိုယ်တော်သည် မိမိ၏တန်ခိုးတော်ကိုသာ၍နိမ့်ကျသောအမှုဆောင်များထံလွှဲအပ်တော်မူခဲ့သော်လည်း ကိုယ်တော်၏တန်ခိုးခွန်အားသည် အသင်းတော်နှင့်အတူ ဆက်လက်တည်ရှိတော်မူပါသည်။

"ယခုမူကား ကောင်းကင်ဘုံထဲသို့ကြွဝင်တော်မူသော ယဇ်ပုရောဟိတ်မင်းအကြီးတည်းဟူသော ဘုရားသခင်၏သားတော်ယေရှုသည် ငါတို့၌ ယဇ်ပုရောဟိတ်မင်းဖြစ်တော်မူသောကြောင့် ငါတို့သည်ဝန်ခံခဲ့ပြီးသော အရာ၌တည်ကြည်ကြကုန်အံ့။ ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်၊ ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကိုခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏။ ထို့ကြောင့် ငါတို့သည် သနားခြင်းကရုဏာကိုလည်းကောင်း၊ တော်လျော်သောမစခြင်းကျေးဇူးတော်ကိုလည်းကောင်း ခံရမည်အကြောင်း ရဲရင့်သောစိတ်နှင့် ကျေးဇူးတော်ပလ္လင်သို့တိုးဝင်ချဉ်းကပ်ကြကုန်အံ့။" ဟေဗြဲ ၄း၁၄-၁၆။

-o-

## (၁၇)
## နိကောဒင်

ရှင်ယောဟန်ခရစ်ဝင် ၃း၁-၁၇ ကိုအခြေပြုပါသည်

နိကောဒင်သည် ယုဒပြည်တွင်ကြီးမားသောရာထူးတစ်ခုကိုရရှိထားသူတစ်ဦးဖြစ်ပြီး ပညာတတ်တစ်ယောက်လည်းဖြစ်ပါသည်။ သာမန်ထက်ကြီးမြတ်သောစွမ်းပကားများကို ပိုင်ဆိုင်ထားပြီး အမျိုးသားကောင်စီဝင်ဂုဏ်အသရေရှိပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ သူသည် အခြားသူများကဲ့သို့ပင် ခရစ်တော်၏သွန်သင်ချက်များကြောင့် စိတ်လှုပ်ရှားခဲ့ရပါသည်။ နိကောဒင်သည် ငွေကြေးချမ်းသာ၍ ပညာတတ်တစ်ဦးဖြစ်ပြီး ဂုဏ်အသရေနှင့်ပြည့်စုံသောပုဂ္ဂိုလ်တစ်ဦးဖြစ်သော်လည်း နာဇရက်မြို့သားယေရှုကို ထူးထူးဆန်းဆန်းစွဲလမ်းခဲ့သူတစ်ဦးဖြစ်ပါသည်။ ကိုယ်တော်၏နှုတ်တော်မှယိုစီးလာသောသင်ခန်းစာများသည် သူ၏စိတ်နှလုံးကို အကြီးအကျယ်ထိခိုက်စေပြီး အံ့သြဖွယ်ကောင်းသော ဤသမ္မာတရားများကို ပို၍ပို၍လေ့လာရန်ဆန္ဒပြင်းပြခဲ့ပါသည်။

ဗိမာန်တော်ကိုသန့်ရှင်းစင်ကြယ်စေခဲ့ရာတွင် ခရစ်တော်အသုံးပြုခဲ့သောအခွင့်အာဏာသည် ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများ၏မုန်းတီးမှုကိုခိုင်မာစေခဲ့ပါသည်။ သူတို့သည် ဤဧည့်သည်၏တန်ခိုးအာဏာကိုကြောက်ရွံ့ခဲ့ကြပါသည်။ မထင်ရှားသည့်ဂါလိလဲမှ လူတစ်ယောက်ပြခဲ့သည့် ထိုကဲ့သို့သောရဲတင်းမှုမျိုးကို သူတို့သည်မခံနိုင်ခဲ့ကြဘဲ ကိုယ်တော်၏အမှုတော်ကိုအဆုံးသတ်ရန် အာရုံပြုကြပါသည်။ သို့သော် ယဇ်ပုရောဟိတ်နှင့်ယုဒလူအကြီးအကဲအားလုံးက ထိုအကြံကို သဘောတူခဲ့ကြသည်မဟုတ်ချေ။ ထိုအဖွဲ့မှတချို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အထင်အရှားလုပ်ကိုင်နေသောထိုပုဂ္ဂိုလ်ကို မဆန့်ကျင်ဝံ့ကြချေ။ ဣသရေလခေါင်းဆောင်များ၏အပြစ်များကို ဆုံးမပဲ့ပြင်ခဲ့ကြခြင်းအတွက် ပုရောဖက်များအသတ်ခံခဲ့ရကြောင်း ထိုသူတို့ သတိရအောက်မေ့ခဲ့ကြ



ပါသည်။ ယုဒလူများသည် တစ်ပါးအမျိုးသားများ၏ တိုင်းပြည်များတွင်သွားရောက်၍ကျွန်ခံရခြင်းသည် ဘုရားသခင်၏ ဆုံးမပဲ့ပြင်မှုများကိုခေါင်းမာစွာဖြင့်ငြင်းဆန်မှုများအတွက် အကျိုးဆက်ဖြစ်ကြောင်းကိုသူတို့သိရှိခဲ့ကြပါသည်။ ခရစ်တော်ကိုသုတ်သင်ရန်ကြံစည်နေခြင်းသည် ထိုပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲတို့အနေနှင့် ၎င်းတို့သည် ဘိုးဘေးများ၏ခြေရာများကိုလိုက်လျှောက်နေကြခြင်းဖြစ်သည်ဟု စိုးရိမ်ကြောက်ရွံ့နေကြပါသည်။ ထိုကဲ့သို့ပြုလုပ်လျှင် တိုင်းပြည်သည် အသစ်သောဒုက္ခများနှင့်တွေ့ကြုံရမည်ကိုလည်း သူတို့သိရှိခဲ့ကြပါသည်။ နိကောဒင်သည် ထိုကဲ့သို့သောခံစားချက်မျိုးရှိသူတစ်ဦးဖြစ်ပါသည်။ ခရစ်တော်အပေါ်လုပ်ဆောင်ကြမည့်နည်းလမ်းများကို စဉ်းစားသုံးသပ်ကြသောအချိန်တွင် သတိထားလုပ်ဆောင်ရန်နှင့် အေးအေးဆေးဆေးလုပ်ဆောင်ကြရန် ဆန်ဟီဒရင်ကောင်စီတွင် သူအကြံပေးခဲ့ပါသည်။ ယေရှုရှင်သည် ဘုရားသခင်ထံမှလုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူတစ်ပါးဖြစ်လျှင် ၎င်း၏သတိပေးချက်ကိုငြင်းပယ်ခြင်းသည် အန္တရာယ်ရှိကြောင်း နိကောဒင်တိုက်တွန်းခဲ့ပါသည်။ နိကောဒင်၏အကြံပေးတိုက်တွန်းချက်ကို ယဇ်ပုရောဟိတ်များသည် ဂရုမပြုဘဲမနေရဲကြချေ။ ထို့ကြောင့် အခိုက်အတန့်အားဖြင့် ကိုယ်တော်ရှင်အား ပွင့်ပွင့်လင်းလင်းမဆန့်ကျင်မတိုက်ခိုက်ခဲ့ကြချေ။

နိကောဒင်သည် ယေရှုအကြောင်းကိုကြားသိခဲ့သည့်အချိန်မှစ၍ မေရှိယနှင့်ပတ်သက်နေသောအနာဂတ္တိစကားများကို စိုးရိမ်တကြီးလေ့လာခဲ့ရာ ရှာဖွေလေ့လာလေလေ၊ ကိုယ်တော်သည် ကြွလာမည့်သူဖြစ်ကြောင်းထင်ရှားလေလေဖြစ်ပါသည်။ သူသည် အခြားဣသရေလလူများစွာတို့နှင့်အတူ ဗိမာန်တော်ကို မရိုမသေပြုမှုများအား တွေ့မြင်နေရသည့်အတွက် များစွာစိတ်မကောင်းဖြစ်ခဲ့ရပါသည်။ ယေရှုသည် ရောင်းဝယ်နေသူများအားဗိမာန်တော်မှမောင်းထုတ်သောအချိန်တွင် နိကောဒင်သည် ထိုမြင်ကွင်းကိုမျက်မြင်ကိုယ်တွေ့မြင်တွေ့ခဲ့ရပါသည်။ ဘုရားတန်ခိုးတော်၏အံ့သြဖွယ်ထင်ရှားမှုများကိုလည်းကောင်း၊ ကယ်တင်ရှင်သည် ဆင်းရဲသားများအား

လက်ခံပြုစုနေသည်ကိုလည်းကောင်း၊ နာမကျန်းသူများအား ကုသပေးနေသည်ကိုလည်းကောင်း၊ ကယ်မခြင်းခံခဲ့ရသောသူများ၏ဝမ်းသာမှုအကြည့်များကိုလည်းကောင်း မြင်တွေ့ခဲ့ရပြီး ထိုသူများ၏ချီးမွမ်းသံများကိုလည်း နားနှင့်ဆတ်ဆတ်ကြားခဲ့ရသဖြင့် ယေရှုသည် ထာဝရဘုရားစေလွှတ်တော်မူသောပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်းကို နိကောဒင်သည် သံသယမရှိနိုင်တော့ချေ။

သူသည် ခရစ်တော်နှင့်များစွာတွေ့ဆုံမေးမြန်းလိုသော်လည်း ပြောင်ကျကျသွားရောက်တွေ့ဆုံရန်ကိုမူ တွန့်ဆုတ်နေပါသည်။ ယခုအချိန်တိုင်အောင် လူသိအလွန်နည်းပါးသေးသောဆရာကလေးတစ်ဦးနှင့် ခင်မင်မှုရှိနေကြောင်း မိမိကိုယ်ကိုအသိအမှတ်ပြုခြင်းသည် ယုဒလူအကြီးအကဲတစ်ယောက်အတွက် အလွန်ဂုဏ်ငယ်စရာဖြစ်ပေလိမ့်မည်။ ၎င်းပြင် ဆန်ဟီဒရင်အဖွဲ့ဝင်များအား ယေရှုထံသို့ မိမိသွားရောက်လည်ပတ်ကြောင်းကိုအသိပေးခဲ့ပါလျှင် အတိအလင်းစွပ်စွဲစရာ၊ ကြိမ်းမောင်းစရာဖြစ်လာပေလိမ့်မည်။ အကယ်၍သူသည် ယေရှုထံသို့ပြောင်ကျကျသွားရောက်ခဲ့လျှင် အခြားသူများသည် ၎င်းလုပ်သလိုလိုက်၍လုပ်ကောင်းလုပ်နိုင်သည်ဆိုသည့်အကြောင်းပြချက်ဖြင့် ညအချိန်တွင် ကိုယ်တော်ထံသို့ သွားရောက်တွေ့ဆုံမေးမြန်းရန် သူသန္နိဋ္ဌာန်ချခဲ့ပါသည်။ သံလွင်တောင်ပေါ်တွင် ကိုယ်တော်ရှင်နားနေမည့်နေရာကို အသေအချာလေ့လာစုံစမ်းပြီးလျှင် တစ်မြို့လုံးအိပ်မောကျကာ ငြိမ်သက်မည့်အချိန်တိုင်အောင်စောင့်ဆိုင်း၍ အချိန်တန်သောအခါ ကိုယ်တော်ထံသို့သူသွားရောက်ခဲ့ပါသည်။

နိကောဒင်သည် ခရစ်တော်ရှေ့မှောက်တွင် ထူးဆန်းသောထိတ်လန့်မှုတစ်ခုကိုခံစားခဲ့ရပါသည်။ သို့သော် ထိုထိတ်လန့်မှုကို တည်ငြိမ်၍ သိက္ခာရှိသောအသံနှင့် ဖုံးကွယ်ရန်ကြိုးစားလျက် "အရှင်ဘုရား၊ ကိုယ်တော်သည် ပြတော်မူသောနိမိတ်လက္ခဏာတို့ကို ဘုရားသခင်၏အခွင့်မရှိလျှင် အဘယ်သူမျှမပြနိုင်သည်ကို အကျွန်ုပ်တို့သည်ထောက်၍ ကိုယ်တော်သည် ဘုရားသခင်အထံတော်မှ ကြွလာတော်မူသောဆရာဖြစ်



ကြောင်းကိုသိကြပါ၏" ဟု နိကောဒင်လျှောက်၏။ ဆရာတစ်ပါးအဖြစ်သွန်သင်ခဲ့သောအလွန်ကောင်းမွန်သည့် ခရစ်တော်၏အစွမ်းများနှင့် နိမိတ်လက္ခဏာပြခဲ့သော အံ့ဩဖွယ်တန်ခိုးတော်များအကြောင်းကို ဖော်ညွှန်းပြောကြားခြင်းအားဖြင့် ကိုယ်တော်နှင့်တွေ့ဆုံစကားပြောဖို့ လမ်းခင်းရန် သူမျှော်လင့်ခဲ့ပါသည်။ သူ၏စကားများသည် သူ့အားယုံကြည်စိတ်ချရန်ဖော်ညွှန်းနေသော်လည်း အမှန်မှာမယုံကြည်မှုများကို ဖော်ပြနေခဲ့ပါသည်။ နိကောဒင်သည် ခရစ်တော်အား မေရှိယအနေဖြင့် အသိအမှတ်မပြုခဲ့ဘဲ ဘုရားသခင်စေလွှတ်လိုက်သောဆရာတစ်ပါးအနေဖြင့်သာ အသိအမှတ်ပြုခဲ့ပါသည်။

ခရစ်တော်သည် ဤနှုတ်ခွန်းဆက်စကားကို အသိအမှတ်ပြုရမည့်အစား ၎င်း၏စိတ်ဝိညာဉ်ကိုဖတ်နေသကဲ့သို့ နိကောဒင်အား အာရုံစူးစိုက်၍ ကြည့်တော်မူရာ ၎င်းသည် သမ္မာတရားကိုရှာဖွေနေသူတစ်ဦးဖြစ်ကြောင်းကို အနန္တဉာဏ်တော်အားဖြင့် မြင်တွေ့တော်မူခဲ့ပါသည်။ နိကောဒင်လာရောက်လည်ပတ်ခြင်း၏ရည်ရွယ်ချက်ကို ကိုယ်တော်သိတော်မူခဲ့ပါသည်။ ၎င်း၏စိတ်နှလုံးတွင်ရှိနှင့်ပြီးသော အပြစ်ထင်ရှားကြောင်းအသိကလေးကို နက်နက်ရှိုင်းရှိုင်းသိလာရန်ဆန္ဒဖြင့် ခန့်ညားသော်လည်း ကြင်နာစွာဖြင့် လိုရင်းအချက်ကို "ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရ" ဟူ၍ (ယောဟန် ၃း၃) တွင် တိုက်ရိုက်မိန့်တော်မူထားပါသည်။

နိကောဒင်သည် ယေရှုနှင့်ဆွေးနွေးရန်ရည်ရွယ်၍လာခဲ့သော်လည်း ကိုယ်တော်သည် သမ္မာတရား၏အခြေခံစည်းမျဉ်းများကိုဖွင့်ပြတော်မူနေပါသည်။ ကိုယ်တော်၏စကားများသည် "သင်သည် သဘောတရားဗဟုသုတများကို ဝိညာဉ်ရေးအသစ်မွေးဖွားခြင်းလောက်မလိုအပ်ကြောင်း၊ သင်သည် သိလိုသောအရာများကိုကျေနပ်အောင်သိရှိဖို့လိုသည်ထက် နှလုံးအသစ်ရဖို့ ပို၍လိုအပ်ကြောင်း၊ သင်သည် ကောင်းကင်နှင့်ပတ်သက်သောအရာများတို့ကို တန်ဖိုးမထားနိုင်မီ အထက်မှပေးသနားသည့် အသစ်သော

အသက်တာကိုရယူရမည်ဖြစ်ကြောင်း ဤအရာများကိုပြောင်းလဲ၍ အားလုံးသောအရာများသည် အသစ်မဖြစ်မချင်း ငါနှင့်လာရောက်ဆွေးနွေးခြင်းသည် သင့်အတွက်ကယ်တင်ခြင်းကောင်းကျိုးဖြစ်လိမ့်မည်မဟုတ်” ဟု ဆိုလိုပါသည်။



နိကောဒင်သည် ဗတ္တိဇံဆရာယောဟန်၏နောင်တရခြင်း၊ ဗတ္တိဇံခံခြင်းများနှင့်ပတ်သက်သော တရားဟောချက်များကိုလည်းကောင်း၊ ဝိညာဉ်တော်အားဖြင့် နှစ်ခြင်းပေးမည့်ပုဂ္ဂိုလ်အားဖော်ညွှန်းဟောပြောချက်များကိုလည်းကောင်း၊ ကြားသိခဲ့ပြီးဖြစ်ပါသည်။ ယုဒလူများ၌ ဝိညာဉ်ရေးဘက်တွင်လိုအပ်မှုများရှိနေကြောင်းကိုလည်းကောင်း၊ ယုဒလူအတော်များများသည် တစ်ယူသန်မှုများ၊ လောကနှင့်ပတ်သက်သောရည်မှန်းချက်ကြီးမားလွန်းခြင်းများ၏ထိန်းချုပ်မှုအောက်တွင် ရောက်ရှိနေကြကြောင်းကိုလည်းကောင်း နိကောဒင်ကိုယ်တိုင်ခံစားခဲ့ရပါသည်။ မေရှိယကြွလာသော



အချိန်တွင် ဖြစ်ပေါ်လာမည့် ပို၍ကောင်းမွန်သောအခြေအနေကို သူမျှော်လင့်ခဲ့ပါသည်။ သို့စေကာမူ အရင်းခံသဘောများကို ထင်ရှားသိသာစေရန် စိတ်နှလုံးကိုစစ်ဆေးခြင်းနှင့်ဆိုင်သော ဗတ္တိဇံဆရာယောဟန်၏သတင်းစကားများသည် သူ၏စိတ်နှလုံးအား ကျူးလွန်ခဲ့သောပြစ်ချက်များကို ထင်ရှားစွာသိမြင်လာရန် မစွမ်းဆောင်နိုင်ခဲ့ချေ။ သူသည် စိတ်အားထက်သန်သောဖါရိရှဲတစ်ယောက်ဖြစ်ပြီး မိမိ၏ကောင်းသောအကျင့်များအတွက် ဂုဏ်ဝင့်နေသူတစ်ဦးလည်းဖြစ်ပါသည်။ သူတစ်ပါးအားကျေးဇူးပြုခြင်းများနှင့် ဗိမာန်တော်ထိန်းသိမ်းပြုပြင်ရေးအတွက် ရက်ရောစွာလှူဒါန်းမှုများကြောင့် လူအများ၏လေးစားမှုကိုခံရသူလည်းဖြစ်ပါသည်။ ၎င်းပြင် ထိုကောင်းမှုကုသိုလ်များအတွက် ဘုရားသခင်၏မျက်နှာသာပေးခြင်းကိုခံရမည်ဟုလည်း သူထင်မြင်ယူဆထားပါသည်။ သူ၏ယခုအသက်တာအခြေအနေဖြင့် မမြင်တွေ့နိုင်လောက်အောင် နိုင်ငံတော်သည် သန့်ရှင်းမွန်မြတ်ကြောင်း မိန့်မြွက်သွန်သင်ချက်ကိုကြားသိရသောအခါ သူထိတ်လန့်သွားခဲ့ပါသည်။

သခင်ယေရှုခရစ်တော်အသုံးပြုခဲ့သော အသစ်မွေးဖွားခြင်းနှင့်ပတ်သက်သောရုပ်လုံးဖော်ခြင်းသည် နိကောဒင်အတွက် လုံးလုံးလျားလျားမကြားဖူးခဲ့သောအသစ်အဆန်းတစ်ခုမဟုတ်ခဲ့ချေ။ ရုပ်တုကိုးကွယ်မှုများမှ ဣသရေလများ၏ယုံကြည်ခြင်းသို့ပြောင်းလဲလာသူများအား မကြာခဏမွေးခါစကလေးငယ်များနှင့်နှိုင်းယှဉ်ခဲ့ကြပါသည်။ သို့အတွက် ခရစ်တော်မိန့်တော်မူခဲ့သောနှုတ်ထွက်စကားများသည် မူရင်းစာသား၏အဓိပ္ပါယ်မဟုတ်ကြောင်းကို သူသိရှိရမည်ဖြစ်သည်။ သို့သော် သူသည် ဣသရေလတစ်ဦးအဖြစ်မွေးဖွားခြင်းခံခဲ့ရသောကြောင့် မိမိကိုယ်ကို ကောင်းကင်နိုင်ငံဝင်စားဖို့ သေချာသူတစ်ဦးအဖြစ်မှတ်ယူခဲ့ပါသည်။ နောက်ထပ်ပြောင်းလဲစရာမလိုတော့ဟု သူထင်နေသည့်အတွက် ခရစ်တော်၏စကားများသည် သူ့အားအံ့အားသင့်စေခဲ့ပါသည်။ ထိုစကားများ၏တောင်းဆိုမှုများသည် သူ့အားနေမထိထိုင်မသာဖြစ်စေခဲ့ပါသည်။ ၎င်း၏စိတ်နှလုံးထဲတွင် ဖာရိရှဲ

တစ်ဦး၏မာန်မာနစိတ်နှင့်သမ္မာတရားရှာဖွေလိုသူ၏ ရိုးသားသောအလို ဆန္ဒတို့သည် တိုက်ခိုက်ရုန်းကန်နေကြပါသည်။ ဣသရေလအကြီးအကဲ တစ်ဦးကဲ့သို့ မိမိ၏ရာထူးကိုမလေးမစားပြုလျက် ယခုကဲ့သို့ခရစ်တော်သည် မိမိအားပြောဆိုခဲ့သည်ကိုလည်း သူအံ့သြခဲ့ရပါသည်။

သတိလက်လွတ်ဖြစ်ကာ အံ့အားသင့်လျက် "အသက်ကြီးသော သူသည် မွေးခြင်းကိုအဘယ်သို့ခံနိုင်ပါမည်နည်း" ဟု ငေါ့၍ ခရစ်တော်အား သူပြန်လည်ဖြေဆိုခဲ့ပါသည်။ စိတ်နှလုံးကိုနာကျင်စေသောအမှန်တရားကို သြတ္တပ္ပစိတ်၌ ထင်ရှားစွာသိမြင်လာသောအခါတွင် ဇာတိပကတိသည် ဝိညာဉ်ပကတိအရာများကိုလက်ခံနိုင်ခြင်းမရှိကြောင်း၊ အခြားဣသရေလ များနည်းတူ နိကောဒင်ထုတ်ဖော်ပြသခဲ့ပါသည်။ သူ၏စိတ်နှလုံးသည် ဝိညာဉ်ပကတိအရာများကို တုံ့ပြန်နိုင်မည့်အရာတစ်စုံတစ်ခုမျှမရှိခဲ့ချေ။ အကြောင်းမူကား ဝိညာဉ်ပကတိအရာများကို ဝိညာဉ်တော်အားဖြင့်သာ သိရှိနိုင်သောကြောင့်တည်း။

သို့သော်ကယ်တင်ရှင်သည် ငြင်းဆိုမှုကိုငြင်းဆိုမှုဖြင့်မတုံ့ပြန်ခဲ့ချေ။ ဣန္ဒြေသိက္ခာကြီးစွာဖြင့် လက်တော်ကိုမြှောက်လျက် "ရေနှင့်ဝိညာဉ်တော် မမွေးသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရ" ဟု ကိုယ်တော်သည်ခိုင်လုံသောအာမခံချက်ဖြင့် သမ္မာတရားကို ထိထိမိမိ သွန်သင်တော်မူခဲ့ပါသည်။ ခရစ်တော်သည် ရေအားဖြင့် နှစ်ခြင်းခံခြင်းနှင့် ဘုရား၏ဝိညာဉ်တော်အားဖြင့် စိတ်နှလုံးအသစ်ပြောင်းလဲခြင်းကို ရည်ဆောင်၍ပြောဆိုနေကြောင်း နိကောဒင်သိရှိခဲ့ပါသည်။ ၎င်းသည် ဗတ္တိဇံဆရာယောဟန်ကြိုတင်ဟောကြားခဲ့သော ပုဂ္ဂိုလ်တစ်ပါး၏ရှေ့မှောက် တွင်ရောက်ရှိနေကြောင်းကို သဘောပေါက်ခဲ့ပါသည်။

ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိဖြစ်၏။ ဝိညာဉ် ပကတိမွေးသောအရာသည် ဝိညာဉ်ပကတိဖြစ်၏ဟု ယေရှုသည်ဆက်၍ မိန့်တော်မူခဲ့ပါသည်။ သဘာဝအားဖြင့် လူ၏စိတ်နှလုံးသည် ဒုစရိုက်ဖြင့် ပြည့်ဝသဖြင့် "မသန့်ရှင်းသောအရာထဲက သန့်ရှင်းသောအရာကို အဘယ်သူထုတ်ဖော်နိုင်သနည်း။ အဘယ်သူမျှမထုတ်မဖော်နိုင်ပါ" ဟု



ယောဘပြောဆိုခဲ့ပါသည်။ (ယောဘ ၁၄း၄)။ မည်သည့်လူသားတစ်ဦး တစ်ယောက်၏တီထွင်မှုကမှ အပြစ်ပြုတတ်သောအသက်ဝိညာဉ်အတွက် သက်သာခြင်းအခွင့်ကိုပေးစွမ်းနိုင်ခြင်းမရှိချေ။ "ဇာတိပကတိစိတ်သဘော သည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏တရားတော် အလိုသို့မလိုက်တတ်၊ ထိုမျှမကမလိုက်နိုင်၊" "မကောင်းသောကြံစည်ခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ မိန်းမလွတ်နှင့်မှားယွင်း ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ မမှန်သောသက်သေကိုခံခြင်း၊ သူ့အသရေကို ဖျက်ခြင်းအရာတို့သည် နှလုံးထဲကထွက်လာ၏။" ရောမ ၈း၇။ မဿဲ ၁၅း၁၉။ စိတ်နှလုံးမှထွက်လာသောအရာများကို မသန့်စင်စေမီ စိတ်နှလုံးအခြေ အမြစ်ကိုသန့်စင်စေရမည်ဖြစ်ပါသည်။ ကောင်းကင်နိုင်ငံတော်သို့ဝင်စားရန် မိမိအကျင့်အားဖြင့် ပညတ်တော်ကိုစောင့်ရှောက်နေသူများသည် မဖြစ်နိုင် သည့်အရာတစ်ခုအတွက် ကြိုးစားနေခြင်းသာဖြစ်ပါသည်။ လူတစ်ယောက် သည် ဘုရားတရားရှိသည့်ပုံစံတစ်ခုအနေဖြင့် တရားဝင်ဘာသာအယူဝါဒ တစ်ခုရှိရုံနှင့် လုံခြုံမှုကိုမရနိုင်ချေ။ ခရစ်ယာန်အသက်တာသည် ဟောင်းနွမ်း သောအသက်တာကိုကောင်းအောင်မွမ်းမံပြင်ဆင်ထားခြင်းမျိုးမဟုတ်ဘဲ သဘာဝတစ်ခုမှသဘာဝတစ်ခုသို့ လုံးလုံးပြောင်းလဲပစ်ခြင်းမျိုးဖြစ်ပါသည်။ အတ္တစိတ်နှင့်အပြစ်တရားသည် သေ၍အသစ်သောအသက်တာသည် လုံးလုံးလျားလျားအသက်ရှင်ရန်ဖြစ်ပါသည်။ ဤပြောင်းလဲမှုကို သန့်ရှင်း သောဝိညာဉ်တော်၏ထိရောက်သောလုပ်ဆောင်မှုအားဖြင့်သာ ပြီးမြောက် စေနိုင်ပါသည်။

နိကောဒင်သည် ယခုတိုင်ရှင်းလင်းစွာနားမလည်သေးသဖြင့် သခင်ယေရှုသည် မိမိဆိုလိုရင်းကိုနားလည်နိုင်ရန် "လေ" ကိုသာဓကထား ပြောဆိုခဲ့ပါသည်။ "လေ" သည်အလိုရှိသည့်အတိုင်းသွားလာ၍ လေ၏ အသံကိုသင်သည်ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည်၊ အဘယ် အရပ်သို့သွားသည်ကိုမသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူဖြစ် သည်ဟု ယေရှုရှင်မိန့်တော်မူ၏။

သစ်ပင်၏သစ်ရွက်များကြားတွင် လေပွတ်တိုက်မှုကြောင့် သစ်ကိုင်းများ၌အသံမြည်သံကိုကြားရပါသည်။ သို့စေကာမူ လေကိုမမြင်နိုင်သည့်အတွက် ဘယ်ကလာ၍ဘယ်ကိုသွားသည်ကို မည်သူမျှမသိကြချေ။ စိတ်နှလုံးများတွင် ပြုပြင်တော်မူသည့် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ကိုင်ဆောင်ရွက်မှုသည်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်လုပ်ပုံကို လေ၏လှုပ်ရှားမှုဖြင့်သာဓကပြု၍ ရှင်းပြနိုင်သည်ထက်ပို၍မရှင်းပြနိုင်တော့ချေ။ လူတစ်ယောက်သည် မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်ကဲ့သို့အဆင့်ဆင့်ပြောင်းလဲလာခဲ့ကြောင်းကို ရှင်းလင်းပြောပြရန်မဖြစ်နိုင်ပါချေ။ သို့သော် ထိုကဲ့သို့ ရှင်းမပြနိုင်ခြင်းသည် ထိုပုဂ္ဂိုလ်အားပြောင်းလဲခြင်းမရှိသေးဟု အဓိပ္ပါယ်မရောက်ချေ။ လေကဲ့သို့သောအရူပအရာတစ်ခုအားဖြင့် ခရစ်တော်သည် လူသားများ၏စိတ်နှလုံးကို အမြဲတမ်းပြုပြင်လုပ်ဆောင်နေပါသည်။ ခရစ်တော်ထံသို့ အသက်ဝိညာဉ်များကိုဆွဲယူစေနိုင်သည့်ခံစားချက်များကို အချို့တို့သည် သူ့အလိုအလျောက်မသိမသာနည်းနည်းချင်းဖြစ်ပေါ်စေခဲ့ပါသည်။ ကိုယ်တော့်အကြောင်းဆင်ခြင်သုံးသပ်ခြင်းအားဖြင့်လည်းကောင်း၊ သမ္မာကျမ်းစာကိုဖတ်ရှုလေ့လာခြင်းအားဖြင့်လည်းကောင်း၊ အသက်ရှင်လျက်ရှိသောတရားဟောဆရာများထံမှ ဒေသနာတော်များကိုနာကြားခြင်းအားဖြင့်သော်လည်းကောင်း ထိုခံစားမှုများကိုရရှိခံစားနိုင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် တိုက်ရိုက်စိတ်နှလုံးညွတ်ပြောင်းစေသောတန်ခိုးဖြင့် ရုတ်တရက်သက်ရောက်လာသောအခါ အသက်ဝိညာဉ်သည် မိမိကိုယ်ကို ခရစ်တော်ထံတွင် ဝမ်းသာအားရဆက်ကပ်အပ်နှံပါသည်။ ထိုကဲ့သို့သောပြောင်းလဲခြင်းကို ရုတ်တရက်ပြောင်းလဲခြင်းဟု အများကခေါ်ဆိုကြပါသည်။ သို့သော် ထိုကဲ့သို့ပြောင်းလဲခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ အချိန်ကြာမြင့်စွာစိတ်ရှည်စွာဖြင့်လုပ်ဆောင်ကြိုးစားမှု၏အကျိုးဆက်ဖြစ်ပါသည်။

လေသည် အရူပအရာတစ်ခုဖြစ်သော်လည်း မြင်တွေ့နိုင်ပြီး ခံစားနိုင်သည့်အကျိုးသက်ရောက်မှုများကိုဖြစ်ပေါ်စေပါသည်။ ထိုနည်းနှင်နှင်ပင်



သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ခြင်းခံရသောအသက်ဝိညာဉ်သည် ကယ်တင်ခြင်းတန်ခိုးကိုခံစားခဲ့ရသော ၎င်း၏ပြုမူဆောင်ရွက်မှုတိုင်းတွင် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးများကို ဖော်ပြပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် စိတ်နှလုံးကိုအုပ်စိုးမိသောအချိန်တွင် အသက်တာကိုလုံးလုံးပြောင်းလဲပစ်လိုက်ပါသည်။ အပြစ်နှင့်ပြည့်ဝသောအတွေးအခေါ်များကိုစွန့်လွှတ်၍ ဒုစရိုက်လုပ်ရပ်များကိုငြင်းပယ်ကာချစ်ခြင်း၊ နှိမ့်ချခြင်းနှင့်ငြိမ်သက်ခြင်းတန်ခိုးများသည် အမျက်ဒေါသဖြစ်ခြင်း၊ ငြူစူခြင်းနှင့်တိုက်ခိုက်ခြင်းများ၏နေရာတွင် အစားထိုးလာကြပါသည်။ ဝမ်းနည်းမှုတစ်နေရာတွင် ဝမ်းမြောက်မှုသည် နေရာယူလိုက်သဖြင့် ထိုသူ၏မျက်နှာသည် ကောင်းကင်အလင်းတော်ကိုရောင်ပြန်ဟပ်နေပါသည်။ ဝန်များကိုမချီပေးသည့်လက်တော်ကိုလည်းကောင်း၊ အထက်အရပ်ရွှေနန်းမှ သက်ရောက်လာသောအလင်းတော်ကိုလည်းကောင်း မည်သူမျှမမြင်တွေ့ကြချေ။ လူသည် ယုံကြည်ခြင်းအားဖြင့် မိမိကိုယ်ကို ဘုရားသခင်ထံဆက်ကပ်အပ်နှံသောအချိန်တွင် ကောင်းချီးမင်္ဂလာသည် သူ့အပေါ်သို့ကျရောက်လာပါသည်။ ထိုအချိန်တွင် လူသားမျက်စိနှင့်မတွေ့မြင်နိုင်သော ထိုတန်ခိုးတော်သည် ထိုသူအား ဘုရားသခင်၏သဏ္ဍာန်တော်နှင့်တူညီသည့် အသစ်သောသတ္တဝါအဖြစ် ဖန်ဆင်းလိုက်ပါသည်။

ဉာဏ်နည်းပါးနေသောလူသားများအနေဖြင့် ကယ်တင်ခြင်းလုပ်ငန်းစဉ်ကိုသိရှိနားလည်ရန်မဖြစ်နိုင်ချေ။ ထိုနက်နဲသိမ်မွေ့မှုကို လူသားအသိဉာဏ်ဖြင့်လိုက်၍မမီချေ။ သို့စေကာမူ ဤအရာသည် ဘုရားသခင်၏အငန်းအတာဖြစ်ကြောင်းကို သေခြင်းမှရှင်ခြင်းသို့ကျော်ဖြတ်ခဲ့ရသောသူသည် သူသိရှိနားလည်ပါသည်။ ကယ်တင်ခြင်း၏အစသည် ပုဂ္ဂလိကအတွေ့အကြုံဖြစ်ကြောင်းကို ဤနေရာတွင် ကျွန်ုပ်တို့သိရှိနိုင်ကြပါသည်။ ၎င်း၏အကျိုးသက်ရောက်မှုများသည် ထာဝရကာလတစ်လျှောက်တည်မြဲပါသည်။

ခရစ်တော်မိန့်တော်မူစဉ်တွင် သမ္မာတရားအလင်းများသည် နိကောဒင်၏စိတ်နှလုံးထဲသို့ ထိုးဖောက်ဝင်ရောက်သွားခဲ့ပါသည်။ သန့်ရှင်း

သောဝိညာဉ်တော်၏စိတ်နှလုံးကိုနူးညံ့ပျော့ပျောင်းစေသည့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်သည် သူ၏စိတ်နှလုံးကိုခံစားမှုရှိစေခဲ့ပါသည်။ သို့သော် သူသည် ကိုယ်တော်၏နှုတ်ထွက်စကားများကို အပြည့်အစုံနားလည်ခဲ့သည်တော့မဟုတ်ချေ။ အသက်ကြီးသောသူသည် မွေးခြင်းကို အဘယ်သို့ခံနိုင်ပါမည်နည်းဟူသော အံ့ဩစွာဖြင့်မေးမြန်းခြင်းသည် အသစ်သောမွေးဖွားခြင်းကို ပြီးစီးဆောင်ရွက်ရန် လုပ်နည်းလုပ်ဟန်များနှင့် အသစ်သောမွေးဖွားခြင်း၏အရေးပါမှုများကို ကောင်းစွာမခံစားရသေးကြောင်းဖော်ပြနေပါသည်။

သင်သည် ဣသရေလလူတို့တွင် ဓမ္မဆရာဖြစ်လျက်ပင် ဤအမှုအရာကိုမသိသလောဟု ယေရှုကမေးတော်မူခဲ့သည်။ အမှန်မှာ ယုဒလူများအား ဘာသာရေးသွန်သင်ချက်များကိုသွန်သင်ရန် ယုံမှတ်လွှဲအပ်ခြင်းခံရသူတစ်ဦးအနေဖြင့် ဤမျှလောက်အရေးကြီးသည့်သမ္မာတရားကို နားလည်သင့်ပါသည်။ ကိုယ်တော်၏စကားများသည် နိကောဒင်အတွက် ရိုးရိုးသမ္မာတရားသတင်းစကားများဖြစ်သဖြင့် မခံချိမခံသာဖြစ်စေမည့်အစား မိမိ၏ဝိညာဉ်ရေးမသိနားမလည်မှုကြောင့် မိမိကိုယ်ကိုအထင်မကြီးသင့်ကြောင်း သင်ခန်းစာပေးနေခြင်းဖြစ်ပါသည်။ ခရစ်တော်၏စကားသံသည် ဣန္ဒြေသိက္ခာနှင့်ပြည့်စုံသော်လည်း ကိုယ်တော်၏အကြည့်နှင့်အသံနေအသံထားသည် မေတ္တာကိုဖော်ပြနေသောကြောင့် နိကောဒင်သည် မိမိ၏ကောင်းကျိုးခံရမည့်အခြေအနေကိုသိသော်လည်း စိတ်နာကြဉ်းမှုမရှိခဲ့ချေ။

မိမိ၏လောကအမှုတော်သည် လောကနိုင်ငံတော်တစ်ခုတည်ထောင်ရန်မဟုတ်ဘဲ ဝိညာဉ်ရေးနိုင်ငံတစ်ခုတည်ထောင်ရန်ဖြစ်ကြောင်း ယေရှုရှင်းလင်းဟောကြားသောအချိန်တွင် များစွာသောတရားနာပရိသတ်တို့သည် စိတ်ဒုက္ခရောက်ခဲ့ကြပါသည်။ ထိုအရာကိုတွေ့မြင်သဖြင့် မြေကြီးအရာကိုငါပြော၍ သင်တို့မယုံလျှင် ကောင်းကင်အရာကိုငါပြောသောအခါ အဘယ်သို့ယုံကြည်လိမ့်မည်နည်းဟု ထပ်လောင်း၍မိန့်တော်မူခဲ့ပါသည်။ လူသားများ၏စိတ်နှလုံးတွင် ကရုဏာတော်၏လုပ်ဆောင်မှု



များကိုသာဓကပြလျက် သွန်သင်သောခရစ်တော်၏သွန်သင်ချက်များကို နိကောဒင်သည် လက်မခံနိုင်ခဲ့လျှင် ဘုန်းတော်နှင့်ပြည့်ဝသောကိုယ်တော်၏ ကောင်းကင်နိုင်ငံတော်အကြောင်းကို သူသည် မည်ကဲ့သို့သိရှိနားလည်နိုင်မည်နည်း။ ခရစ်တော်၏လောကအမှုတော်ကို သူနားမလည်နိုင်လျှင် ကောင်းကင်နိုင်ငံတော်တွင်လုပ်ဆောင်သည့် ကိုယ်တော်၏အမှုတော်ကို သူနားမလည်နိုင်ချေ။

ခရစ်တော်ဗိမာန်တော်မှ မောင်းထုတ်လိုက်သောယုဒလူများသည် မိမိကိုယ်ကို အာဗြဟံ၏သားသမီးများဖြစ်သည်ဟု အခိုင်အမာပြောဆိုခဲ့သော်လည်း ကယ်တင်ရှင်၏ရှေ့မှောက်မှထွက်ပြေးခဲ့ကြပါသည်။ အကြောင်းမူကား သူတို့သည် ကိုယ်တော်၌ထင်ရှားတော်မူခဲ့သော ဘုရားသခင်၏ဘုန်းတော်ကိုမခံမရပ်နိုင်ခဲ့ကြချေ။ ထိုနည်းအားဖြင့် ၎င်းတို့သည် ဗိမာန်တော်တွင်ကျင်းပသည့် သန့်ရှင်းသောအခမ်းအနား၌ ဘုရား၏ကျေးဇူးတော်အားဖြင့် ပါဝင်လုပ်ဆောင်ရန် မသင့်လျော်ကြကြောင်း အထောက်အထားများကိုပေးခဲ့ပါသည်။ သူတို့သည် အပြင်ပန်းသန့်ရှင်းမှုများလုပ်ဆောင်ခြင်းတွင် စိတ်အားထက်သန်ခဲ့ကြသော်လည်း စိတ်နှလုံးသန့်ရှင်းမှုအတွက်လုပ်ဆောင်ရန်ကိုမူ ဥပေက္ခာပြုခဲ့ကြပါသည်။ သူတို့သည် ပညတ်တော်တွင်ရေးသားထားသည့်စာသားများအတွက် တိကျသေချာလွန်းသူများဖြစ်ခဲ့သော်လည်း စိတ်ထဲတွင် ပညတ်တော်များကို အမြဲတမ်းချိုးဖောက်လျက်ရှိခဲ့ကြပါသည်။ ၎င်းတို့၏အထူးလိုအပ်ချက်တစ်ခုမှာ နိကောဒင်အား ခရစ်တော်ရှင်းလင်းပြောကြားခဲ့သည့် အသစ်သောပြောင်းလဲခြင်းပင်ဖြစ်ပါသည်။ ထိုပြောင်းလဲခြင်းသည် အသစ်မွေးဖွားခြင်း၊ အပြစ်ဆေးကြောခြင်း၊ အသိဉာဏ်နှင့်သန့်ရှင်းခြင်းအား အသစ်တစ်ဖန်ပြုပြင်ခြင်းများတည်း။

အသစ်မွေးဖွားခြင်းနှင့်ပတ်သက်၍ ဣသရေလများ၏မမြင်မသိမှုများအတွက် ဆင်ခြေမရှိချေ။ သန့်ရှင်းသောဝိညာဉ်တော်၏မှုတ်သွင်းတော်မူခြင်းအားဖြင့် ဟေရှာယသည် ပြုဖူးသမျှသောကုသိုလ်ကောင်းမှုများ

သည် ညစ်သောအဝတ်နှင့်တူကြပါ၏ဟူ၍လည်းကောင်း၊ ဒါဝိဒ်သည် အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှလုံးကိုဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါဟူ၍လည်းကောင်း မြွက်ဆိုကြသကဲ့သို့ ယေဇကျေလအားဖြင့်လည်း စိတ်နှလုံးသစ်ကိုငါပေးမည်။ သဘောသစ်ကိုသွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကို နုတ်၍ အသားနှလုံးကိုပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေးသဖြင့် သင်တို့သည် ငါ၏တရားလမ်းသို့လိုက်၍ ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်ဟူ၍လည်းကောင်း ထာဝရဘုရားသခင်သည် ကတိထားတော်မူပါသည်။

နိကောဒင်သည် မှုန်မှိုင်းသောစိတ်ဖြင့် ဤကျမ်းချက်များကို ဖတ်ဖူးခဲ့ပါသည်။ ယခုတွင်မူ ဤကျမ်းချက်များ၏အနက်အဓိပ္ပါယ်ကိုစတင်နားလည်လာခဲ့ပါသည်။ ပညတ်တော်တွင်ပါဝင်သည့်စာသားများအားအပြင်ပန်းအသက်တာအတွက်သာ တင်းတင်းကျပ်ကျပ်လိုက်နာစောင့်ရှောက်ခြင်းသည် နိုင်ငံတော်ကိုဝင်စားခွင့်မရှိနိုင်ကြောင်းကို သူတွေ့မြင်လာခဲ့ပါသည်။ လူ့အမြင်အရ သူ၏အသက်တာသည် ဖြောင့်မတ်၍ဂုဏ်ပြုခြင်းခံထိုက်သော်လည်း ခရစ်တော်၏ရှေ့မှောက်တွင် မိမိ၏အသက်တာသည် ညစ်ထေးကြောင်း၊ မသန့်ရှင်းကြောင်း သူသိရှိလာခဲ့ပါသည်။

နိကောဒင်သည် ခရစ်တော်ထံတော်သို့ဆွဲယူခြင်းကိုခံရလျက်ရှိပါသည်။ ကိုယ်တော်ရှင်သည် အသစ်သောမွေးဖွားခြင်းနှင့်ပတ်သက်၍ ၎င်းအားရှင်းလင်းပြောကြားစဉ်တွင် ထိုကဲ့သို့သောပြောင်းလဲမှုကို သူ၏စိတ်နှလုံးထဲတွင် ပြုပြင်ခြင်းခံယူရန် သူတောင့်တခဲ့ပါသည်။ မည်သည့်နည်းအားဖြင့် ထိုပြောင်းလဲခြင်းကိုရရှိနိုင်မည်နည်း။ မောရှေသည် တော၌မြွေကိုမြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကိုခံရမည်။ အကြောင်းမူကား ထိုသားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရမည်အကြောင်းတည်းဟူ၍ ခရစ်တော်ဖြေဆိုတော်မူခဲ့ပါသည်။ ယောဟန် ၃း၁၄-၁၅။





ဤအရာသည် နိကောဒင်သိကျွမ်းထားသည့် အကြောင်းတစ်ခုဖြစ်ပါသည်။ မြှောက်ထားခြင်းခံရသောမြွေ၏အထိမ်းအမှတ်သည် ကိုယ်တော်ရှင်၏အမှုတော်မြတ်ကို ရည်ဆောင်ကြောင်းကို သူ့အားရှင်းလင်းစွာသိသာရန်ဖြစ်ပါသည်။ ဣသရေလများသည် မီးမြွေအကိုက်ခံရသည့်အတွက် သေလုမြောပါးဖြစ်နေသောအချိန်တွင် ကြေးဝါမြွေရုပ်တစ်ခုပြုလုပ်၍ လူထုအလယ်မြင့်သောနေရာတွင်ပြထားရန် မောရှေအား ဘုရားသခင်ညွှန်ကြားတော်မူခဲ့ပါသည်။ ထိုနောက်မီးမြွေအကိုက်ခံရသောသူများသည် ထိုကြေးဝါမြွေရုပ်ကိုကြည့်ခဲ့လျှင် အသက်ရှင်ကြလိမ့်မည်ဟု စခန်းတစ်ခုလုံးအား အသိပေးကြေညာလိုက်ပါသည်။ ကြေးဝါမြွေရုပ်တွင် ၎င်းတို့အတွက် အနာပျောက်ကင်းစေသောတန်ခိုးမပါရှိကြောင်းကို ယုဒလူများကောင်းစွာသိရှိခဲ့ကြပါသည်။ ဤမြွေရုပ်သည် ခရစ်တော်ကိုပုံဆောင်ထားသောအရာတစ်ခုဖြစ်ပါသည်။ ဖျက်ဆီးတတ်သောမြွေရုပ်၏ပုံသဏ္ဍာန်အတိုင်း သွန်းလောင်းထားသောမြွေရုပ်ကို အနာပျောက်ကင်းစေဖို့အတွက် မြှောက်တင်ခဲ့သကဲ့သို့ သူတို့၏ကယ်တင်ရှင်သည် အပြစ်နှင့်ပြည့်စုံသောဇာတိပကတိ၏သဏ္ဍာန်ကိုဆောင်တော်မူ၍ မြှောက်တင်ခြင်းကိုခံခဲ့ရပါသည်။ (ရောမ ၈း၃)။ ယဇ်ပူဇော်ခြင်းအခမ်းအနားများသည် ကြေးဝါမြွေရုပ်ထက်ပို၍ အရေးပါခြင်းမရှိကြောင်း ၎င်းတို့အား ဘုရားသခင်သွန်သင်ရန် ဆန္ဒရှိတော်မူခဲ့ပါသည်။ ထိုအခမ်းအနားများသည် သူတို့အားကယ်တင်ရှင်ထံသို့ပို့ဆောင်ပေးရန်ဖြစ်ပါသည်။ အနာပျောက်စေခြင်းအတွက်ဖြစ်စေ၊ အပြစ်မှခွင့်လွှတ်ခြင်းခံရဖို့အတွက်ဖြစ်စေ သူတို့သည် မိမိတို့ခွန်အားဖြင့် ဘာကိုမျှမစွမ်းဆောင်နိုင်ဘဲ ခရစ်တော်ကိုယုံကြည်ကိုးစားကြောင်းပြရန်သာဖြစ်ပါသည်။ သူတို့သည် ခရစ်တော်ကိုကြည့်၍ အသက်ရှင်ရန်ဖြစ်ပါသည်။

မီးမြွေအကိုက်ခံရသူများသည် ကြေးဝါမြွေရုပ်ကိုကြည့်ရန် နှောင့်နှေးခဲ့ကြပါသည်။ ကြေးဝါမြွေရုပ်တွင် မည်သည့်တန်ခိုးအာနိသင်ရှိနိုင်မည်နည်းဟု စောဒကတက်မည်ဆိုလျှင်တက်နိုင်ပါသည်။ သူတို့သည် သိပ္ပံနည်းကျကျရှင်းလင်းတင်ပြမှုကိုတောင်းဆိုကောင်းတောင်းဆိုနိုင်ပါသည်။

သို့သော် မည်သည့်ရှင်းလင်းချက်ကိုမျှ ပေးတော်မမူခဲ့ချေ။ သူတို့သည် မောရှေမှတစ်ဆင့်ပေးတော်မူသောဘုရားသခင်၏နှုတ်ထွက်စကားများကို လက်ခံရမည်သာဖြစ်ပါသည်။ မြွေရုပ်ကိုကြည့်ရန်ငြင်းလျှင် ပျက်စီးမည်သာတည်း။

အချေအတင်ပြောဆိုခြင်းနှင့် ဆွေးနွေးခြင်းများအားဖြင့် လူတစ်ယောက်အား သမ္မာတရားသိရှိနားလည်မှုကိုမဖြစ်စေပါ။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုကြည့်၍ အသက်ရှင်ကြရမည်။ နိကောဒင်သည် ဤသွန်သင်ချက်ကိုလက်ခံရယူကာ စိတ်တွင်မှတ်သားထားခဲ့ပါသည်။ ထိုနောက် သူသည် သဘောတရားတစ်ခုအတွက် ဆွေးနွေးရန်မဟုတ်ဘဲ အသက်ဝိညာဉ်အတွက် အသက်ကိုရရှိစေရန်အလို့ငှါ အသစ်သောနည်းဖြင့် ကျမ်းစာကိုရှာဖွေလေ့လာခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုကို ရရှိရန် မိမိကိုယ်ကိုအပ်နှံသောအချိန်တွင် သူသည် ဘုရားသခင်၏နိုင်ငံတော်ကို စတင်၍မြင်တွေ့ခဲ့ပါသည်။

နိကောဒင်ကိုသင်ကြားပေးခဲ့သောသမ္မာတရားမျိုးကို ယနေ့ခေတ်လူသားများတို့သည် လေ့လာဖို့လိုပါသည်။ သူတို့သည် မိမိတို့အား ဘုရားသခင်၏စိတ်တော်နှင့်တွေ့စေရန် မိမိတို့၏ပညတ်တော်စောင့်ရှောက်ခြင်းအပေါ်တွင် မှီခိုအားထားနေကြပါသည်။ ကိုယ်တော်ကိုကြည့်ကြရန်အတွက် သော်လည်းကောင်း၊ ကရုဏာတော်အားဖြင့် ၎င်းတို့ကို ကိုယ်တော်ရှင်ကယ်တင်တော်မူမည်ကို ယုံကြည်ကြရန်အတွက်သော်လည်းကောင်း ပြောသောအချိန်တွင် "ဤအရာများသည် အဘယ်သို့ဖြစ်နိုင်မည်နည်း" ဟု သူတို့ကမေးမြန်းကြပါသည်။

အပြစ်သားထဲတွင် အပြစ်အများဆုံးသူများဖြစ်ကြသော ကျွန်ုပ်တို့သည် နိကောဒင်ကဲ့သို့ အသက်ရှင်ခြင်းသို့ဝင်စားရန် ဆန္ဒရှိကြရပါမည်။ "ထိုသခင်၏နာမမှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့တွင်မပေါ်မရှိ။" တမန် ၄း၁၂။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ကရုဏာတော်ကိုရရှိကြ၏။ သို့သော်



ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ကယ်တင်ရှင်မဟုတ်ချေ။ ယုံကြည်ခြင်းသည် မည်သည့်အရာတစ်စုံတစ်ခုကိုမျှ မရရှိထိုက်ချေ။ ယုံကြည်ခြင်းသည် ခရစ်တော်ကိုဆွဲကိုင်ထားနိုင်သည့်လက်တစ်ခုသာဖြစ်ပြီး အပြစ်ကိုသက်သာစေနိုင်သည့် ကိုယ်တော်၏ကောင်းမှုကုသိုလ်များကို သီးခြားအသုံးပြုသည့် အရာတစ်ခုသာဖြစ်ပါသည်။ ၎င်းပြင် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏အမအစမပါဘဲ နောင်တမရနိုင်ကြချေ။ "ဣသရေလလူတို့အား နောင်တတရားနှင့်အပြစ်လွှတ်ခြင်းအခွင့်ကိုပေးစေခြင်းငှါ ထိုသူကိုအစိုးရသောအရှင်အရာ၌လည်းကောင်း။ ကယ်တင်သောသခင်အရာ၌လည်းကောင်း ဘုရားသခင်ခံထား၍ မိမိလက်ယာတော်နှင့် ချီးမြှောက်တော်မူပြီ" ဟု ခရစ်တော်အကြောင်းကို ကျမ်းစာတွင်ဖော်ပြထားပါသည်။ (တမန် ၅း၃၁)။ အပြစ်ခွင့်လွှတ်ခြင်းသည် ခရစ်တော်ထံမှလာသကဲ့သို့ နောင်တရခြင်းသည်လည်း ကိုယ်တော်ထံမှလာပါသည်။

ထိုသို့ဆိုလျှင် ကျွန်ုပ်တို့သည် အဘယ်သို့သောနည်းဖြင့် ကယ်တင်ခံကြရမည်နည်း။ မောရှေသည် တော၌မြွေရုပ်ကိုမြှောက်တင်ထားခဲ့သကဲ့သို့ သားတော်ဘုရားသည် မြှောက်တင်ခြင်းကိုခံတော်မူခဲ့ရပါသည်။ လှည့်ဖြားခြင်းကိုခံရသူများနှင့် မြွေကိုက်ခံရသူများသည် ကြည့်၍အသက်ရှင်ကြရမည်ဖြစ်ပါသည်။ "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" ယောဟန် ၁း၂၉။ ကပ်တိုင်မှထွန်းတောက်နေသောအလင်းတော်သည် ဘုရားသခင်၏မေတ္တာတော်ကိုဖော်ပြနေပါသည်။ ကိုယ်တော်ရှင်၏မေတ္တာတော်သည် ကျွန်ုပ်တို့အား ကိုယ်တော်ရှင်ထံသို့ ဆွဲယူတော်မူလျက်ရှိပါသည်။ ကျွန်ုပ်တို့သည် ဤဆွဲယူတော်မူခြင်းကို မတားဆီးမငြင်းဆန်ပါလျှင် ခရစ်တော်ကို ကပ်တိုင်တင်ခဲ့သောအပြစ်များအတွက် နောင်တရကာ ကပ်တိုင်ခြေရင်းသို့ပို့ဆောင်ခြင်းကိုခံရပါလိမ့်မည်။ ထိုနောက် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကြောင့် ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသက်ဝိညာဉ်တွင် အသစ်သောအသက်တာကိုဖြစ်ထွန်းစေပါသည်။ အတွေးအခေါ်များနှင့်အလိုဆန္ဒများသည် ဘုရားသခင်၏

အလိုတော်နှင့်ကိုက်ညီလာကြပါသည်။ စိတ်နှလုံးများသည် ခပ်သိမ်းသော အရာတို့ကို မိမိအောက်၌နှိမ့်ချတော်မူ၍ ကျွန်ုပ်တို့၏အထဲတွင်ပြုပြင်ပေး တော်မူသော ကိုယ်တော်၏ပုံသဏ္ဌာန်နှင့်အညီ အသစ်ပြုပြင်ဖန်ဆင်းခြင်း ကိုခံရပါသည်။ ထိုနောက် ဘုရားသခင်၏ပညတ်တော်ကို ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင် ရေးသားထားတော်မူသဖြင့် "အကျွန်ုပ်ဘုရားသခင်၊ ကိုယ်တော်၏အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏" (ဆာလံ ၄၀း၈) ဟုခရစ်တော်နှင့်အတူ ကျွန်ုပ်တို့ပြောဆိုနိုင်ကြပါသည်။

သခင်ယေရှုသည် နိကောဒင်နှင့်တွေ့ဆုံပြောကြားသောအချိန်၌ ကမ္ဘာလောကတွင် ကယ်တင်ခြင်းစီမံကိန်းနှင့်ပတ်သက်သည့် လုပ်ဆောင် ရမည့်မိမိ၏အမှုတော်အကြောင်းကို ထုတ်ဖော်တော်မူခဲ့ပါသည်။ ကောင်းကင်နိုင်ငံတော်သို့ဝင်စားမည့်သူများ၏စိတ်နှလုံးထဲတွင် မလုပ်မဖြစ် အဆင့်ဆင့်လုပ်ကိုင်ပြီးစီးထားရမည့်အရာများကို နောက်ပိုင်းဟောပြောချက် များတွင် ယခုလောက်ပြည့်ပြည့်စုံစုံမိန့်တော်မမူတော့ချေ။ အမှုတော် စလျှင်စချင်း သမ္မာတရားကိုလက်မခံနိုင်ဆုံး စိတ်သဘောရှိသောလူထုက ရွေးချယ်ခန့်ထားခြင်းခံရသည့် ဆန်ဟီဒရင်အဖွဲ့ဝင်တစ်ဦးအား သမ္မာတရား ၏အလင်းကိုဖွင့်ပြခဲ့ပါသည်။ သို့သော် ဣသရေလခေါင်းဆောင်များသည် ထိုအလင်းတရားကိုမကြိုဆိုခဲ့ကြချေ။ နိကောဒင်သည် ကြားနာခဲ့ရသော သမ္မာတရားကို စိတ်နှလုံးထဲတွင် ထိမ်ဝှက်ထားခဲ့သဖြင့် သုံးနှစ်အတွင်း သိသာထင်ရှားသည့်အသီးအပွင့်များမရှိသလောက်ဖြစ်ခဲ့ပါသည်။

သို့သော် ခရစ်တော်သည် မိမိမျိုးစေ့ချခဲ့သော မြေဩဇာအကြောင်း ကိုသိကျွမ်းတော်မူပါသည်။ သံလွင်တောင်ပေါ်တွင် တစ်ယောက်သော သူအား ညအချိန်တွင်မိန့်တော်မူခဲ့သောနှုတ်ထွက်စကားများသည် ပျောက်ဆုံးသွားခြင်းမရှိခဲ့ချေ။ နိကောဒင်သည် အခိုက်အတန့်အားဖြင့် လူသိရှင်ကြားခရစ်တော်ကိုအသိအမှတ်မပြုခဲ့သော်လည်း ကိုယ်တော်၏ သက်တော်စဉ်ကိုစောင့်ကြည့်ခဲ့ပြီး သွန်သင်ချက်များကို နက်နက်နဲနဲစဉ်းစား ခဲ့ပါသည်။ သူသည် ကိုယ်တော်ရှင်အား သုတ်သင်မည့် ဆန်ဟီဒရင်အဖွဲ့မှ



ယဇ်ပုရောဟိတ်များ၏အကြံအစည်များကို ထပ်ခါတလဲလဲပျက်ပြားစေခဲ့ပါ သည်။ နောက်ဆုံးတွင် ခရစ်တော်ကို ကပ်တိုင်ပေါ်သို့တင်သောအချိန်၌ "မောရှေသည် တော၌မြွေကိုမြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထား ခြင်းကိုခံရမည်။ အကြောင်းမူကား ထိုသားတော်ကိုယုံကြည်သောသူအပေါင်း တို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရမည့်အကြောင်းတည်း" ဟူသောသံလွင်တောင်ပေါ်တွင် ကိုယ်တော်မိန့်မြွက်ခဲ့သောသွန်သင်ချက် များကို နိကောဒင်သတိရအောက်မေ့ခဲ့ပါသည်။ လျှို့ဝှက်တွေ့ဆုံပွဲမှ အလင်းတော်သည် ကရာနီကုန်းမှ ကပ်တိုင်ထက်တွင် ထွန်းလင်းတောက်ပ နေရာနိကောဒင်သည် ယေရှု၌ ကမ္ဘာ့ကယ်တင်ရှင်ကိုတွေ့မြင်ခဲ့ပါသည်။

သခင်ဘုရားသည် ကောင်းကင်နိုင်ငံသို့တက်ကြွသွားပြီးနောက် နှိပ်စက်ညှဉ်းပန်းမှုများကြောင့် တမန်တော်များသည် အရပ်ရပ်သို့ကွဲလွင့် နေကြသောအချိန်တွင် ပျောက်ပျက်သွားမည်ဟု ယုဒလူများမျှော်လင့် ထားသည့် တည်ထောင်စအသင်းတော်ကလေးကို မစထောက်ပံ့ရန်အတွက် မိမိပိုင်ငွေကြေးဥစ္စာများကိုအသုံးပြုကာ နိကောဒင်သည် ရှေ့တန်းသို့ ရဲဝံ့စွာတက်ရောက်လာခဲ့ပါသည်။ အထူးသတိဝီရိယရှိ၍ အမေးအမြန်း ထူသောနိကောဒင်သည် ဒုက္ခဆင်းရဲခြင်းကာလတွင် တမန်တော်များကို ယုံကြည်ခြင်းမပျက်ပြားရန် အားပေးခြင်းအားဖြင့်လည်းကောင်း၊ ဧဝံဂေလိ လုပ်ငန်းကို တိုးချဲ့လုပ်ဆောင်ရန် ငွေကြေးများထောက်ပံ့ခြင်းအားဖြင့် လည်းကောင်း ကျောက်ဆောင်တစ်ခုကဲ့သို့ခိုင်မာခဲ့ပါသည်။ ယခင်အချိန် များတွင် ဂုဏ်အားရိုသေသမှုပြုခဲ့ကြသောသူများ၏မထီမဲ့မြင်ပြုခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းများကိုလည်း နိကောဒင်ခံခဲ့ရပါသည်။ သူသည် လောကပစ္စည်းဥစ္စာချို့တဲ့သောဆင်းရဲသားတစ်ဦးဖြစ်ခဲ့သော်လည်း ထိုညတွင် ခရစ်တော်နှင့်တွေ့ဆုံစဉ်က အစပျိုးခဲ့သော ယုံကြည်ခြင်းအတွက် ချီတုံချတုံမဖြစ်တော့ချေ။

နိကောဒင်သည် ထိုတွေ့ဆုံမေးမြန်းခဲ့သည့်အကြောင်းအရာများကို ရှင်ယောဟန်အားပြန်၍ပြောပြခဲ့ပြီး သန်းပေါင်းများစွာသောလူသားများ

အဖို့ သွန်သင်စရာဖြစ်စေခြင်းငှါ ထိုတမန်တော်၏မင်တံအားဖြင့် မှတ်တမ်းတင်ထားခဲ့ပါသည်။ ယုဒလူမျိုးမှအကြီးအကဲဆရာသမားတစ်ဦး သည် ထိုညထိုတောင်ပေါ်တွင် ဂါလိလဲပြည်သားအညတရဆရာကလေး တစ်ဦးထံမေးမြန်းခဲ့သောသမ္မာတရားသည် ထိုအချိန်အတွက် အရေးကြီး သကဲ့သို့ ယနေ့အတွက်လည်းအရေးပါလှပါသည်။

-ဝ-



## (၁၈)
## ထိုသခင်သည်တိုးပွားခြင်းရှိရမည်

ရှင်ယောဟန်ခရစ်ဝင် ၃း၂၂-၃၆ ကိုအခြေပြုပါသည်

အခိုက်အတန့်အားဖြင့် ဗတ္တိဇံဆရာယောဟန်၏ပြည်သူများအပေါ် ဩဇာသက်ရောက်မှုသည် ယဇ်ပုရောဟိတ်များ၊ ယုဒအကြီးအကဲများနှင့် တိုင်းပြည်အုပ်ချုပ်သူများထက် သာလွန်ခဲ့ပါသည်။ သူသည် မိမိကိုယ်ကို မေရှိယဖြစ်ကြောင်းကြေညာ၍ ရောမအစိုးရအားပုန်ကန်ရန် လှုံ့ဆော် လိုက်မည်ဆိုလျှင် ယဇ်ပုရောဟိတ်များနှင့်တကွ ယုဒလူများသည် ၎င်း၏ အလံအောက်တွင် စုရုံးလာကြမည်ဖြစ်ပါသည်။ ကမ္ဘာလောက၏အောင်နိုင် သူများ၏ရည်မှန်းချက်မျိုးကိုတောင်းခံရန် စဉ်းစားဆင်ခြင်ချက်တိုင်းကို လုပ်ဆောင်ဖို့ ဆရာယောဟန်အား အားပေးတိုက်တွန်းရန် စာတန် အဆင်သင့်ရှိခဲ့ပါသည်။ သို့သော် ကိုယ်တော်၏တန်ခိုးတော်အကြောင်းကို မျက်မြင်ကိုယ်တွေ့ထင်ရှားစွာတွေ့မြင်ခဲ့ရသည့်အတွက် ဆရာယောဟန် သည် ကြီးကျယ်ခမ်းနားသောထိုလာဘ်လာဘများကိုငြင်းပယ်ခဲ့ပြီး မိမိ အပေါ်အာရုံပြုလာမှုများကို ခရစ်တော်ထံသို့လွှဲပေးခဲ့ပါသည်။

ယခုတွင်မိမိအပေါ်ရေပန်းစားခြင်းသည် ခရစ်တော်အပေါ်သို့ ဦးလှည့်သွားကြောင်းကို သူတွေ့မြင်ခဲ့ရပါသည်။ သူ့အနားတွင်ဝိုင်းအုံနေ သောလူအုပ်ကြီးသည် တစ်နေ့တခြားနည်းပါးလာခဲ့ပါသည်။ သခင် ခရစ်တော်သည် ယေရုရှလင်မြို့မှ ယော်ဒန်မြစ်သို့ရောက်လာသောအခါ ကိုယ်တော်ရှင်၏တရားဒေသနာကိုနားထောင်ရန် လူများစုဝေးလာခဲ့ကြ ပါသည်။ ကိုယ်တော်ရှင်၏တမန်တော်အရေအတွက်သည် တစ်နေ့တခြား တိုးပွားခဲ့ပါသည်။ လူများစွာတို့သည် နှစ်ခြင်းခံရန်လာခဲ့ကြပါသည်။ ခရစ်တော်သည် ကိုယ်တိုင်နှစ်ခြင်းပေးတော်မမူခဲ့ဘဲ တမန်တော်အား နှစ်ခြင်းမင်္ဂလာအစီအစဉ်ကိုဦးစီးလုပ်ဆောင်ခွင့်ပြုတော်မူခဲ့ပါသည်။ ဤနည်းအားဖြင့် ကိုယ်တော်၏ရှေ့ပြေးကြီး ဗတ္တိဇံဆရာယောဟန်၏

အမှုတော်ကို အသိအမှတ်ပြုတော်မူခဲ့ပါသည်။ သို့သော် ဆရာယောဟန်၏ တပည့်များသည် ခရစ်တော်အားပိုမို၍ရေပန်းစားလာခြင်းကို ဝန်တိုသော အကြည့်ဖြင့် ကြည့်ခဲ့ကြပါသည်။ သူတို့သည် ကိုယ်တော်၏အမှုတော်အပေါ် ဝေဖန်ရန် စောင့်ဆိုင်းခဲ့ကြရာ မကြာမီတွင်ဝေဖန်ဖို့အတွက် ပေါ်လာခဲ့ပါ သည်။ နှစ်ခြင်းခံခြင်းအားဖြင့် အပြစ်မှဆေးကြောခွင့်ရသည်၊ မရသည်နှင့် စပ်လျဉ်း၍ ၎င်းတို့နှင့်ယုဒလူများအကြားတွင် မေးခွန်းတစ်ခုပေါ်ထွက်လာ ခဲ့ပါသည်။ ခရစ်တော်၏နှစ်ခြင်းမင်္ဂလာသည် ဆရာယောဟန်ပေးသော နှစ်ခြင်းမင်္ဂလာနှင့် အနှစ်သာရအားဖြင့် ကွဲပြားခြားနားမှုမရှိကြောင်း သူတို့က အခိုင်အမာပြောလာခဲ့ပါသည်။ မကြာမီတွင်ပင် ၎င်းတို့သည် နှစ်ခြင်းမင်္ဂလာပွဲတွင်အသုံးပြုရမည့် သင့်လျော်သည့်စကားလုံးအသုံးအနှုန်း များအကြောင်းနှင့်စပ်လျဉ်း၍ ခရစ်တော်၏တမန်တော်များနှင့်အငြင်းအခုံ ဖြစ်လာကြပြီး နောက်ဆုံးတွင် ခရစ်တော်တမန်တော်များ၏ နှစ်ခြင်းမင်္ဂလာ ပေးပိုင်ခွင့်နှင့်ပတ်သက်၍ မေးခွန်းထုတ်လာခဲ့ကြပါသည်။

ဆရာယောဟန်၏တပည့်များသည် ဝမ်းနည်းနာကြည်းစွာဖြင့် သူ့ထံသို့ရောက်ရှိလာကြပြီး "အရှင်ဘုရား၊ ယော်ဒန်မြစ်တစ်ဖက်၌ ကိုယ်တော်နှင့်တကွရှိ၍ ကိုယ်တော်သက်သေပေးသောသူသည် ဗတ္တိဇံကို ပေးလျက်နေ၏။ ထိုသူ့ထံသို့ လူအပေါင်းတို့သည်ရောက်ကြပါ၏" ဟု လျှောက်၏။ (ယောဟန် ၃း၂၆)။ စာတန်သည် ထိုစကားများအားဖြင့် ဆရာယောဟန်ကို စုံစမ်းနှောင့်ယှက်ခဲ့ပါသည်။ ဆရာယောဟန်၏အမှု တော်သည် ဆုံးခန်းတိုင်သို့ရောက်လုသယောင်ဖြစ်နေသော်လည်း သူ့အနေ နှင့်ကိုယ်တော်၏အမှုတော်ကိုအဟန့်အတားပြုရန်ဖြစ်နိုင်ဆဲဖြစ်ပါသည်။ သူသည် မိမိကိုယ်ကိုသနားနေပြီး ကိုယ်ထက်သာလွန်သွားခြင်းကိုတွေ့သဖြင့် စိတ်ပျက်ကြောင်း၊ ဝမ်းနည်းကြောင်း ထုတ်ဖော်ခဲ့လျှင် သူ၏အပြုအမူများ သည် စိတ်ဝမ်းကွဲပြားမှုမျိုးစေ့ကို ကြဲခြင်းဖြစ်လိမ့်မည်။ ငြူစူမှုနှင့်မနာလို မှုများကိုတိုးပွားစေလိမ့်မည်။ ဧဝံဂေလိလုပ်ငန်း၏တိုးတက်ကြီးပွားရေးကို အကြီးအကျယ်အဟန့်အတားဖြစ်စေပါလိမ့်မည်။



ဆရာယောဟန်၌ သဘာဝအားဖြင့် အခြားသူများမှာကဲ့သို့ပင် မှားယွင်းမှုများ၊ အားနည်းမှုများရှိပါသည်။ သို့ပါသော်လည်း ဘုရားသခင်၏ မေတ္တာတော်နှင့်ထိတွေ့မှုသည် ၎င်းအား အသစ်သောအပြောင်းအလဲကို ဖြစ်စေခဲ့ပါသည်။ သူသည် တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် ရည်မှန်းချက် ကြီးလွန်းခြင်းများဖြင့် မညစ်ညမ်းသောပတ်ဝန်းကျင်တွင်နေခဲ့ရပါသည်။ မနာလိုဝန်တိုခြင်းအငွေ့အသက်ဆိုးများနှင့်လည်း ကင်းဝေးခဲ့ပါသည်။ သူသည် မိမိ၏တပည့်တော်များ၏မကျေနပ်မှုကို သနားသက်ဝင်ကြောင်း မပြသခဲ့ဘဲ မိမိနှင့်မေရှိယအကြားဆက်နွှယ်မှုကို မည်မျှရှင်းလင်းစွာ နားလည်ကြောင်းနှင့် မိမိသည် သူ့အတွက်လာရောက်လမ်းပြခဲ့သူဖြစ်သော ကြောင့် ထိုပုဂ္ဂိုလ်အား ဝမ်းပန်းတသာကြိုဆိုကြောင်းများကိုသာပြသခဲ့ ပါသည်။

"ကောင်းကင်ဘုံမှပေးတော်မမူလျှင် လူသည် အဘယ်အရာကိုမျှ မခံနိုင်ရာ၊ ငါသည် ခရစ်တော်မဟုတ်။ ခရစ်တော်ရှေ့၌ စေလွှတ်သောသူ ဖြစ်သည်ဟု ငါဆိုသည်ကို သင်တို့သည် ငါ၏သက်သေဖြစ်ကြ၏။ မင်္ဂလာ ဆောင်သတို့သမီးကိုရသောသူသည် မင်္ဂလာဆောင်လုလင်ဖြစ်၏။ မင်္ဂလာ ဆောင်လုလင်၏အနားမှာနေ၍ သူ၏စကားကိုကြားရသောအဆွေခင်ပွန်း သည် ထိုစကားသံကိုကြားသောအားဖြင့် ဝမ်းမြောက်ခြင်းရှိ၏။ ထိုနည်းတူ ငါ၏ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံ၏" ဟု ဆရာယောဟန်ပြောခဲ့၏။ ဆရာ ယောဟန်သည် လက်ထပ်ထိမ်းမြားနိုင်ရန် စေ့စပ်ကြောင်းလမ်းထားသည့် သူနှစ်ဦးအကြား အောင်သွယ်တစ်ဦးအနေနှင့်ဆောင်ရွက်ပေးနေသည့် မိတ်ဆွေတစ်ဦးအနေဖြင့် မိမိကိုယ်ကိုပုံဆောင်ဖော်ပြထားပါသည်။ သတို့သားသည် သတို့သမီးနှင့်လက်ထပ်ပြီးသည့်အချိန်တွင် ယင်းမိတ်ဆွေ၏ လုပ်ငန်းသည် ပြီးစီးသွားခဲ့ပါသည်။ ၎င်း၏ကြိုးစားမှုကြောင့် တစ်လုံး တစ်ဝတည်းဖြစ်သွားသောဇနီးမောင်နှံ၏ပျော်ရွှင်မှု၌ သူလည်းဝမ်းမြောက် ခဲ့ပါသည်။ ယုဒလူများအား ခရစ်တော်ထံသို့ပြည့်ွှန်ရန် ဆရာယောဟန်အား ခေါ်တော်မူခဲ့သောကြောင့် ခရစ်တော်၏အမှုတော်အောင်မြင်မှုကို သက်သေခံရန်မှာ သူ့အတွက်ဝမ်းမြောက်စရာဖြစ်ခဲ့ပါသည်။ "ထိုနည်းတူ

ငါ၏ဝမ်းမြောက်ခြင်းပြည့်စုံ၏။ ထိုသခင်သည် တိုးပွားခြင်းရှိရမည်။ ငါမူကား ဆုတ်ယုတ်ခြင်းရှိရမည်" ဟုသူပြောဆိုခဲ့ပါသည်။

ဆရာယောဟန်သည် ကယ်တင်ရှင်ကိုယုံကြည်သောစိတ်နှင့်ကြည့်ခြင်းအားဖြင့် ကိုယ်တော်၏အလိုကိုလိုက်လျှောက်ရန် ကိုယ်အလိုကိုငြင်းပယ်ခြင်းကို အရှိန်တိုးမြှင့်ခဲ့ပါသည်။ လူများသည် မိမိကိုအာရုံစူးစိုက်လာစေရန် သူမကြိုးစားခဲ့ဘဲ ၎င်းတို့၏အတွေးအခေါ်များသည် ဘုရားသခင်၏ သိုးသငယ်အပေါ် မှီခိုလာနိုင်သည့်အခြေထိမြင့်သည်ထက်မြင့်အောင် မြှင့်ပေးခဲ့ပါသည်။ သူကိုယ်တိုင်မှာမူ တောထဲတွင်အော်ဟစ်ခဲ့သောအသံတစ်ခုသာဖြစ်ခဲ့ပါသည်။ လူများ၏မျက်လုံးများသည် အသက်တာ၏အလင်းအရှင်ဘက်သို့ဦးလှည့်သွားစေရန်အတွက် သူသည် ယခုတွင် ဆိတ်ငြိမ်မှုနှင့် ဇဝေဇဝါဖြစ်မှုကို ဝမ်းမြောက်ဝမ်းသာစွာဖြင့် လက်ခံခဲ့ပါသည်။

ဘုရားသခင်၏စေတမန်များအဖြစ် ခေါ်တော်မူခြင်းအပေါ် သစ္စာရှိသောသူများသည် မိမိတို့အား အရိုအသေပေးမှုများကိုရရှိရန် ကြိုးစားကြလိမ့်မည်မဟုတ်ချေ။ မိမိကိုယ်ကိုချစ်ခင်မြတ်နိုးခြင်းသည် ခရစ်တော်အား ချစ်သည့်မေတ္တာတွင် နစ်မြုပ်ပျောက်ကွယ်သွားပါလိမ့်မည်။ မည်သည့်အန်တုဖက်ပြိုင်မှုကမျှ မွန်မြတ်လှသောဧဝံဂေလိအမှုတော်ကို ပျက်ပြားစေလိမ့်မည် မဟုတ်ချေ။ "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" ဟူ၍ ဆရာယောဟန်ဟစ်ကြွေးခဲ့သကဲ့သို့ သူတို့သည်လည်း မိမိတို့၏အလုပ်သည် ထိုကဲ့သို့ဟစ်ကြွေးရန်ဖြစ်ကြောင်း အသိအမှတ်ပြုလာကြလိမ့်မည်။ သူတို့သည် ကိုယ်တော်ရှင်အား မြှောက်တင်ကြသဖြင့် လူသားများသည် ကိုယ်တော်ရှင်နှင့်အတူ မြှောက်တင်ခြင်းကိုခံကြရလိမ့်မည်။" သန့်ရှင်းခြင်းဟု နာမရှိတော်မူသော၊ အနန္တကာလတည်းဟူသော ဘုံဗိမာန်၌စံတော်မူထသော၊ အထွတ်အမြတ်ဖြစ်တော်မူသော ဘုရားမိန့်တော်မူသည်ကား၊ ငါသည် မြင့်မြတ်သန့်ရှင်းသောအရပ်၌နေ၏။ စိတ်နှိမ့်ချသောသူနှင့် နှလုံးကြေကွဲသောသူတို့၏စိတ်ဝိညာဉ်အသက်ရှင်စေခြင်းငှါ ကြေကွဲနှိမ့်ချသောစိတ်သဘောရှိသောသူတို့၌လည်း ငါနေ၏။" ယေရှာယ ၅၇း၁၅။



တစ်ကိုယ်ကောင်းစိတ်လုံးလုံးမရှိသော ထိုပုရောဖက်၏စိတ်ဝိညာဉ်သည် ဘုရားသခင်၏အလင်းတော်နှင့်ဖြည့်ဆည်းခြင်းကိုခံခဲ့ရပါသည်။ ခရစ်တော်၏ဘုန်းအာနုဘော်တော်အကြောင်းကို သက်သေခံစဉ် ဆရာယောဟန်အသုံးပြုပြောဆိုခဲ့သောစကားလုံးများသည် ခရစ်တော်ကိုယ်တိုင် နိကောဒင်အားမိန့်တော်မူခဲ့သောစကားများနှင့်တူညီလုနီးပါးဖြစ်ခဲ့ပါသည်။" အထက်မှလာသောသူသည် အလုံးစုံတို့၏အထွတ်အမြတ်ဖြစ်၏။ မြေကြီးမှဖြစ်သောသူသည် မြေကြီးနှင့်စပ်ဆိုင်၍ မြေကြီးအရာကို ပြောတတ်၏။ ကောင်းကင်ဘုံမှကြွလာသောသူသည် အလုံးစုံတို့၏ အထွတ်ဖြစ်တော်မူ၏။ ဘုရားသခင်စေလွှတ်တော်မူသောသူသည် ဘုရားသခင်၏စကားတော်ကိုပြောဆိုတတ်၏။ ထိုသူအား ဘုရားသခင်သည် ဝိညာဉ်တော်ကို အတိုင်းအရှည်မရှိဘဲ ပေးတော်မူ၏" ဟု ဆရာယောဟန် ပြောကြားခဲ့၏။ ခရစ်တော်ကမူ "ငါသည် ကိုယ်အလိုသို့မလိုက်၊ ငါ့ကို စေလွှတ်တော်မူသောခမည်းတော်၏အလိုသို့လိုက်၏" ဟုမိန့်တော်မူ၏။ ရှင်ပေါလုကလည်း "ကိုယ်တော်သည် ဖြောင့်မတ်ခြင်းတရားကိုနှစ်သက်၍ မတရားသောအမှုကိုမုန်းတော်မူ၏။ ထို့ကြောင့် အိုဘုရားသခင်၊ ကိုယ်တော်၏ဘုရားသခင်သည် ကိုယ်တော်၏အပေါင်းအဖော်တို့ထက် ကိုယ်တော်ကိုချီးမြှောက်၍ ဝမ်းမြောက်ခြင်းဆီနှင့်ဘိသိက်ပေးတော်မူပြီဟု မြွက်ဆိုခဲ့ပါသည် (ဟေဗြဲ ၁း၉)။ အဖဘုရားသည် ကိုယ်တော်အား ဝိညာဉ်တော်ကို အတိုင်းအရှည်မရှိဘဲ ပေးတော်မူ၏။

ထိုနည်းအတိုင်းပင် ခမည်းတော်ဘုရားသခင်သည် ခရစ်တော်၏ နောက်လိုက်များအပေါ်တွင်လည်း ဝိညာဉ်တော်မိုးကိုသွန်းလောင်းနေပါသည်။ ကျွန်ုပ်တို့သည် တစ်ကိုယ်ကောင်းစိတ်များကင်းရှင်းရန် ဆန္ဒရှိသော အချိန်မှသာလျှင် ကောင်းကင်၏အလင်းတော်ကိုရရှိနိုင်ကြပါသည်။ ခရစ်တော်၏အမိန့်တော်များအား နားထောင်မှုရှိရန် မိမိစိတ်နှလုံးအကြံအစည်များကိုပေးအပ်ရန် အလိုမတူကြလျှင် ကျွန်ုပ်တို့သည် ထာဝရဘုရား၏ စာရိတ္တတော်ကို မသိမြင်နိုင်ကြမည့်ပြင် ခရစ်တော်ကိုလည်း ယုံကြည်ခြင်းအားဖြင့် လက်ခံနိုင်မည်မဟုတ်ချေ။ ခရစ်တော်၏အလိုတော်ကို

နားထောင်ရန် အလိုတူသောသူများအား သန့်ရှင်းသောဝိညာဉ်တော် တန်ခိုးများကို အတိုင်းအတာမရှိပေးသနားတော်မူပါသည်။ "ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏။ အထွတ်အမြတ်အာဏာစက်ရှိသမျှကိုအုပ်စိုးတော်မူသောထိုသခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြ၏။" ကောလောသဲ ၂း၉-၁၀။

လူအများသည် ခရစ်တော်ထံသို့သွားကုန်ကြပြီဖြစ်ကြောင်းကို တပည့်တော်များသည် ဗတ္တိဇံဆရာယောဟန်အားပြောပြကြရာ သူသည် အမြင်ကြည်စွာဖြင့်ကြည့်၍ အနည်းငယ်သောသူများကသာ ကိုယ်တော်အား အပြစ်မှကယ်တင်မည့် ကယ်တင်ရှင်အဖြစ်လက်ခံရန် အဆင်သင့်ရှိသောကြောင့် "ထိုသက်သေခံချက်ကို အဘယ်သူမျှမခံမယူ" ဟုပြောဆိုခဲ့၏။ သို့သော် "သက်သေခံတော်မူချက်ကိုခံယူသောသူသည်ကား ဘုရားသခင်သည် သစ္စာစောင့်တော်မူသည်ဟု တံဆိပ်ခတ်၏။" ယောဟန် ၃း၃၃။ "သားတော်ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။" ယောဟန် ၃း၃၆။ ခရစ်တော်၏ကရုဏာတော်သည် အသက်ဝိညာဉ်များအား အသက်ကိုပေးတော်မူသဖြင့် ခရစ်တော်ပေးသောနှစ်ခြင်းမင်္ဂလာနှင့် ဆရာယောဟန်ပေးသောနှစ်ခြင်းမင်္ဂလာတို့တွင် မည်သူ၏နှစ်ခြင်းမင်္ဂလာသည် အပြစ်ကိုဖြူစင်စေသည်ဆိုသည့်အကြောင်းနှင့်စပ်လျဉ်း၍ အငြင်းပွားစရာမလိုပါချေ။ ခရစ်တော်မပါလျှင် အခြားသောအခမ်းအနားများမှာကဲ့သို့ပင် နှစ်ခြင်းမင်္ဂလာအခမ်းအနားသည်လည်း တန်ဖိုးမဲ့မည်သာဖြစ်ပါသည်။ သားတော်ကိုမယုံကြည်သောသူသည် အသက်ကိုမတွေ့ရ။

ဗတ္တိဇံဆရာယောဟန်ရရှိနေသည့် ခရစ်တော်၏အမှုတော်အတွက် အောင်မြင်မှုများအကြောင်းကိုလည်း ယေရုရှလင်မြို့ရှိ ယုဒအာဏာပိုင်များထံသို့ သတင်းပေးပို့ခဲ့ကြပါသည်။ ယုဒလူများသည် တရားဇရပ်များကို စွန့်ခွာ၍ တောတွင်သွားရောက်စုရုံးနေကြသည်ကို သူတို့မြင်တွေ့သောအခါ ဆရာယောဟန်၏ဩဇာသက်ရောက်မှုအတွက် စိုးရိမ်နေရသည့်အချိန်တွင် ထိုဆရာထက် လူထု၏အာရုံကို ဆွဲဆောင်နိုင်သောပုဂ္ဂိုလ်တစ်ပါးသည် ထိုနေရာတွင်ပေါ်ထွန်းလာခဲ့ပါသည်။ ကိုယ်တော်သည် တိုးပွားခြင်းရှိ၍



ကျွန်ုပ်သည် "ဆုတ်ယုတ်ခြင်းရှိပါသည်ဟု ဆရာယောဟန်ပြောသကဲ့သို့ ပြောဆိုရန် ယုဒခေါင်းဆောင်များတွင် ဆန္ဒမရှိကြချေ။ လူအများအား သူတို့ထံမှဆွဲဆောင်နေသောထိုလုပ်ငန်းကို အဆုံးသတ်ရန် ဆုံးဖြတ်ချက်အသစ်တစ်ခုကို သူတို့ချမှတ်ခဲ့ကြပါသည်။

မိမိတပည့်တော်များနှင့် ဆရာယောဟန်၏တပည့်တော်များအကြား ကွဲပြားမှုများရှိလာရန် သူတို့အစွမ်းကုန်ကြိုးစားကြလိမ့်မည်ဖြစ်ကြောင်းကို သခင်ယေရှုသိတော်မူခဲ့ပါသည်။ ကမ္ဘာပေါ်တွင်ပေါ်ထွန်းခဲ့သော အကြီးမြတ်ဆုံးပုရောဖက်များထဲမှတစ်ပါးကို သုတ်သင်ဖယ်ရှားမည့် မုန်တိုင်းတစ်ခုသည် အားယူလျက်ရှိကြောင်းကိုလည်း ကိုယ်တော်သိတော်မူပါသည်။ အချင်းချင်း၏စိတ်ဝမ်းကွဲပြားမှုများနှင့် နားလည်မှုမှားခြင်းများကို ရှောင်ရှားရန်ဆန္ဒဖြင့် မိမိ၏အမှုတော်ကို တိတ်ဆိတ်စွာရပ်တန့်၍ ဂါလိလဲသို့ကြွမြန်းတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည်လည်း သမ္မာတရားကို သစ္စာစောင့်သိနေစဉ်တွင် ကွဲပြားခြားနားမှုများနှင့် နားလည်မှုလွဲမှားခြင်းများ ဖြစ်စေနိုင်သည့်အရာခပ်သိမ်းကို ရှောင်ရှားရန် ကြိုးစားသင့်ပါသည်။ အကြောင်းမူကား စိတ်ဝမ်းကွဲပြားမှုများနှင့် နားလည်မှုလွဲခြင်းများဖြစ်ပေါ်လာသည့်အခါတိုင်း အသက်ဝိညာဉ်များအား ဆုံးရှုံးမှုများသာဖြစ်ပေါ်စေခဲ့ပါသည်။ အချင်းချင်းကွဲပြားရန် ခြိမ်းခြောက်မည့်အခြေအနေများဖြစ်ပေါ်လာသည့်အခါတိုင်းတွင် ခရစ်တော်ယေရှုနှင့်ဆရာယောဟန်တို့၏ ပုံသက်သေများအတိုင်း ကျွန်ုပ်တို့လိုက်လျှောက်သင့်ကြပါသည်။

ဆရာယောဟန်သည် ဘာသာရေးပြုပြင်ပြောင်းလဲသူတစ်ဦးအနေဖြင့် ဦးဆောင်လုပ်ကိုင်ရန် ခေါ်တော်မူခြင်းခံခဲ့ရပါသည်။ ထိုအကြောင်းကြောင့် ဆရာယောဟန်သည် ဘုရားသခင်အသုံးပြုတော်မူသော အသုံးခံပစ္စည်းကလေးတစ်ခုသာဖြစ်ကြောင်းကို သူတို့မျက်ခြည်ပြတ်ကာ အမှုတော်၏အောင်မြင်မှုသည် သူ၏လုပ်ဆောင်မှုအပေါ်တွင်မူတည်နေကြောင်း ခံစားမှတ်ယူပြီး ၎င်းအပေါ်၌သာအာရုံပြုနေသည့် အန္တရာယ်တစ်ခုရှိနေခဲ့ပါသည်။ သို့သော် ဆရာယောဟန်၏လုပ်ဆောင်မှုများသည် ခရစ်ယာန်အသင်းတော်ကြီးအတွက် တိုက်မြစ်ချရန် မလုံလောက်ပါချေ။ သူလုပ်ဆောင်

ရမည့်လုပ်ငန်းများပြီးဆုံးသွားသောအခါ သူ၏သက်သေခံခြင်းအားဖြင့် မပြီးမြောက်နိုင်ခဲ့သေးသည့် အခြားလုပ်ငန်းကို လုပ်ကိုင်ရန်လိုအပ်နေပါသေးသည်။ ဤအကြောင်းကို သူ၏တပည့်တော်များနားမလည်ကြချေ။ အမှုတော်ကိုဆက်လက်လုပ်ဆောင်ရန် ခရစ်တော်ကြွလာကြောင်း သူတို့မြင်ကြရသောအခါ ငြူစူမှုများနှင့် မကျေနပ်မှုများဖြစ်လာကြပါသည်။

ထိုအန္တရာယ်မျိုးသည် ယနေ့တိုင်အောင် ဆက်လက်တည်ရှိနေပါသည်။ ဘုရားသခင်သည် လုပ်ငန်းတစ်ခုကိုလုပ်ဆောင်ရန် လူတစ်ဦးကိုခေါ်တော်မူလိုက်သည်။ ထိုသူသည် မိမိတတ်အားသရွေ့ ကြိုးစားဆောင်ရွက်ပြီးသောအခါ ဘုရားသခင်သည် ထိုလုပ်ငန်းကို ပိုမိုကျယ်ပြန့်စွာဆက်လက်လုပ်ဆောင်ရန် အခြားသူများအားခေါ်တော်မူလိုက်ပါသည်။ ထိုအချိန်တွင် များစွာသောလူများသည် ဆရာယောဟန်၏တပည့်များကဲ့သို့ပင် ထိုလုပ်ငန်း၏အောင်မြင်မှုသည် ပထမလုပ်ဆောင်သွားသူအပေါ်တွင် အဓိကဖြစ်သည်ဟု မှတ်ယူကြပါသည်။ ဘုရားသခင်၏အစီအစဉ်ဖြစ်သည်ဟု စွဲလမ်းရမည့်အစား လူ၏လုပ်ဆောင်မှုအပေါ်တွင် အာရုံစူးစိုက်လာသောအခါ ငြူစူမှုများဖြစ်ပေါ်လာပြီး အမှုတော်ကိုပျက်ယွင်းစေခဲ့ပါသည်။ မထိုက်တန်ဘဲ ဂုဏ်ပြုခြင်းခံရသောသူသည် ကိုယ့်ကိုကိုယ်စိတ်ချခြင်းရှိလာစေရန် အစုံစမ်းခံရခြင်းဖြစ်ပါသည်။ ဘုရားသခင်ကိုမှီခိုအားကိုးနေသည့် မိမိအခြေအနေကို သူမသိရှိပါချေ။ လူသားအချင်းချင်း၏ ဦးဆောင်မှုအပေါ်တွင် အားထားမိကြသဖြင့် အမှားမှားအယွင်းယွင်းဖြစ်ကုန်ကြပြီး ထာဝရဘုရားထံမှလမ်းလွှဲသွားကုန်ခဲ့ကြပါသည်။

ဘုရားသခင်၏အမှုတော်သည် လူသားများ၏ရုပ်လုံးနှင့်အပြင်ပန်းဟန်များကိုဆောင်ရန်မဟုတ်ချေ။ ဘုရားသခင်သည် မိမိ၏အကြံအစည်တော်ကို အကောင်းဆုံးအကောင်အထည်ဖော်နိုင်ကြမည့်သူများအား မကြာခဏခေါ်ယူအသုံးပြုပါလိမ့်မည်။ “ထိုသခင်သည် တိုးပွားခြင်းရှိ၍ ငါသည် ဆုတ်ယုတ်ခြင်းရှိမည်” ဟု ဆရာယောဟန်ပြောသည့်အတိုင်း မိမိကိုယ်ကိုနှိမ့်ချရန်အလိုရှိသောသူများသည် မင်္ဂလာရှိကြ၏။

-၀-



# (၁၉)
# ယာကုပ်ရေတွင်း၌

ရှင်ယောဟန်ခရစ်ဝင် ၄း၁-၄၂ ကိုအခြေပြုထားပါသည်

သခင်ယေရှုသည် ဂါလိလဲသို့သွားရာတွင် ရှမာရိပြည်ကိုဖြတ်၍ သွားရပါသည်။ ကိုယ်တော်သည် လှပသောရှုခါလျှိုမြောင်သို့ရောက်သောအခါ မွန်းတည့်နေပြီဖြစ်ပါသည်။ ထိုလျှို၏အဝင်လမ်းတွင် ယာကုပ်ရေတွင်းရှိပါသည်။ သခင်ယေရှုသည် ခရီးပန်းသောကြောင့် ရေတွင်းနားတွင် ထိုင်တော်မူပါသည်။ ထိုစဉ်တွင် တမန်တော်များသည် စားစရာများကိုဝယ်ရန် ထွက်ခွာသွားခဲ့ကြပြီဖြစ်ပါသည်။

ယုဒလူများနှင့် ရှမာရိလူများသည် ခါးသီးသောရန်သူများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦးမဆက်ဆံမိရန် တတ်နိုင်သမျှရှောင်ရှားခဲ့ကြပါသည်။ ရှမာရိများနှင့်ကုန်ကူးသန်းရောင်းဝယ်ရေးတွင်မရှိလျှင်မဖြစ်သောပစ္စည်းများဖြစ်ပါက တရားဝင်ကြောင်းကျမ်းတတ်ဆရာများက မှတ်ယူကြသော်လည်း ၎င်းတို့နှင့်ပေါင်းသင်းဆက်ဆံခြင်းကိုမူ ရှုတ်ချကြပါသည်။ ယုဒလူတစ်ယောက်သည် ရှမာရိတစ်ဦးထံမှ မည်သည့်ပစ္စည်းကိုမျှ ချေးငှါးခြင်းမပြုရသည့်အပြင် ထမင်းကလေးတစ်လုတ်၊ ရေကလေးတစ်ခွက်ကိုပင် ဆက်ဆံစားသောက်ခြင်းမပြုကြချေ။ တမန်တော်များသည် ယုဒအမျိုးသားဓလေ့ထုံးစံနှင့်ကိုက်ညီစွာ စားစရာဝယ်ခြင်းအမှုတွင်လုပ်ဆောင်ခဲ့ကြပါသည်။ ဓလေ့ထုံးစံကိုကျော်လွန်၍မလုပ်ဆောင်ကြချေ။ ခရစ်တော်၏တမန်တော်များပင်လျှင် ရှမာရိများထံမှအခွင့်အရေးတစ်ခုတောင်းရန် (သို့မဟုတ်) အကျိုးတစ်ခုခုပြုရန် စိတ်မကူးခဲ့ကြချေ။

သခင်ယေရှုသည် ထိုရေတွင်းနားတွင်ထိုင်နေစဉ် ထမင်းလည်းဆာ၊ ရေလည်းငတ်နေသည့်အတွက် အားပြတ်နေခဲ့ပါသည်။ နံနက်ကတည်းက ရှည်လျားဝေးလံသောခရီးကိုလျှောက်ခဲ့ကြပြီးနောက် ယခုတွင် မွန်းတည့်နေ၍ ပူပြင်းလျက်ရှိနေပါသည်။ သန့်ရှင်းအေးမြသောရေတွင်း

နားသို့ ရောက်နေပြီဖြစ်သည့်အတွက် ပို၍ပင်ရေဆာလာသော်လည်း ကိုယ်တော်အနေဖြင့် ဘာမှမတတ်နိုင်ခဲ့ချေ။ အကြောင်းမူကား ခပ်စရာ ရေပုံးနှင့်ကြိုးများမရှိသည့်အပြင် ရေတွင်းကလည်း အလွန်နက်သော ကြောင့်တည်း။ ထိုကြောင့်ကိုယ်တော်သည် ရေခပ်ရန်လာမည့်လူတစ်စုံ တစ်ယောက်ကို စောင့်စားတော်မူခဲ့ပါသည်။



DA-18



ရှမာရိအမျိုးသမီးတစ်ဦးသည် ထိုရေတွင်းသို့ရောက်လာခဲ့ပြီး ကိုယ်တော်ရှိနေသည်ကိုသတိပြုမိပုံမပေါ်ဘဲ သူမ၏အိုးထဲသို့ရေခပ်ထည့်နေပါသည်။ သူမထွက်သွားတော့မည်အပြုတွင် ခရစ်တော်သည် သူမအား ရေတစ်ခွက်ပေးရန် တောင်းခဲ့ပါသည်။ မည်သည့်အရှေ့တိုင်းသားကမျှ ထိုကဲ့သို့သောအခွင့်အရေးမျိုးကိုလက်လွတ်ခံလိမ့်မည်မဟုတ်ချေ။ အရှေ့နိုင်ငံများတွင် ရေကို ထာဝရဘုရား၏လက်ဆောင်မွန်ဟုခေါ်ကြပါသည်။ ရေငတ်နေသောခရီးသွားတစ်ယောက်အား ရေတစ်ခွက်တိုက်ခြင်းသည် မွန်မြတ်သောတာဝန်တစ်ခုဟုမှတ်ယူကြကာ သဲကန္တာရမှအာရပ်လူများသည် ထိုကိစ္စကိုလုပ်ဆောင်နိုင်ရန်အလို့ငှါ မိမိတို့၏ခရီးလမ်းကြောင်းကို ပြောင်းလဲ၍သွားတတ်ကြပါသည်။ ယုဒလူမျိုးများနှင့် ရှမာရိလူမျိုးများ အကြားတွင်ရှိသည့် မုန်းတီးမှုသည် ခရစ်တော်အား ရေတစ်ခွက်ပေးခြင်း မပြုရန် ဤမိန်းမအား အဟန့်အတားပြုနေပါသည်။ သို့သော်လည်း ကိုယ်တော်သည် ဤစိတ်နှလုံးအတွက် သော့ချက်ကိုရှာဖွေရန်ကြိုးစားနေတော်မူပါသည်။ ယေရှုသည် ဘုရား၏မေတ္တာတော်မှပေါက်ဖွားလာသည့် ကျွမ်းကျင်ပါးနပ်မှုကိုအသုံးပြု၍ အမအစတစ်ခုကိုပေးတော်မမူဘဲ တောင်းတော်မူခဲ့ပါသည်။ အမအစကိုပေးမည်ဆိုလျှင် ငြင်းပယ်ကောင်း ငြင်းပယ်နိုင်ကြမည်ဖြစ်ပါသည်။ ယုံကြည်ကိုးစားမှုသည်သာ ယုံကြည်ကိုးစားမှုကိုနှိုးဆွလေ့ရှိပါသည်။ ကောင်းကင်နိုင်ငံမှဘုရားသခင်သည် သူမ၏လက်များဖြင့် အမှုတစ်ခုကိုဆောင်ရွက်ပေးရန် တောင်းခံလျက် အပယ်ခံအသက်ဝိညာဉ်တစ်လုံးထံသို့ကြွမြန်းလာခဲ့ပါသည်။ သမုဒ္ဒရာများကို ဖန်ဆင်းတော်မူခဲ့သောအလွန်နက်ရှိုင်းသည့် ရေလှောပြင်များကို ထိန်းသိမ်းကွပ်ကဲထားတော်မူသောကမ္ဘာ့ရေချောင်းများနှင့်စမ်းရေတွင်းများကို စီးဆင်းစေတော်မူသောကိုယ်တော်ရှင်သည် ပင်ပန်းနွမ်းနယ်စွာဖြင့် ယာကုပ်ရေတွင်းနားတွင်ထိုင်တော်မူ၍ ရင်းနှီးမှုမရှိသောသူတစ်ဦးကသနား၍ပေးမည့် ရေတစ်ခွက်ကိုအားကိုးတော်မူခဲ့ရပါသည်။

ယေရှုသည် ယုဒလူတစ်ဦးဖြစ်ကြောင်းကို ထိုအမျိုးသမီးမြင်တွေ့သောအခါ အံ့အားသင့်သွားကာ ကိုယ်တော်၏တောင်းဆိုချက်ကိုဖြည့်စွမ်းရန်

မေ့လျော့သွားခဲ့ပါသည်။ သို့သော် ထိုကိစ္စအတွက် အကြောင်းပြချက်ကို လေ့လာရန် သူမကြိုးစားခဲ့ပါသည်။ ထိုနောက်သူမက "သင်သည် ယုဒလူဖြစ်လျက်ပင် ရှမာရိမိန်းမဖြစ်သောအကျွန်ုပ်ကို အဘယ်ကြောင့်သောက်ဖို့တောင်းသနည်း" ဟုဆို၏။

ယေရှုကလည်း "ဘုရားသခင့်ကျေးဇူးတော်ကိုလည်းကောင်း၊ ငါသောက်ဖို့ရေပေးပါဟုဆိုသောသူကား အဘယ်သူဖြစ်သည်ကိုလည်းကောင်း သင်သည်သိလျှင် ထိုသူ့ကိုတောင်းလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကိုပေးလိမ့်မည်" ဟု ပြန်၍မိန့်တော်မူ၏။ အဓိပ္ပါယ်မှာ အကျွန်ုပ်သည် မြေကြီးထဲမှာရှိသည့်ရေတွင်းထဲမှရေးကလေးတစ်ပေါက်တောင်းခံနေသည်ကို သင်အံ့ဩသည်။ သင်သည် ကျွန်ုပ်အားတောင်းမည်ဆိုလျှင် ကျွန်ုပ်သည် သင်သောက်ဖို့ ထာဝရအသက်ရေကိုပေးမည်ဟုဆိုလိုသတည်း။

ထိုအမျိုးသမီးသည် ခရစ်တော်၏စကားများကို နားမလည်ခဲ့သော်လည်း အရေးပါသောစကားများဖြစ်ကြောင်းကို သိရှိခဲ့ပါသည်။ သူမ၏ပေ့ါပေ့ါတန်တန်၊ နောက်နောက်ပြောင်ပြောင်အမူအရာသည် ပြောင်းလဲစပြုလာခဲ့ပါသည်။ သူမ၏ရှေ့တွင်ရှိသောရေတွင်းအကြောင်းကို ခရစ်တော်ပြောနေသည်အထင်နှင့် သူမက "သခင်၌ ရေခပ်စရာမရှိ၊ ရေတွင်းလည်းနက်သည်ဖြစ်၍ အသက်ရေကို အဘယ်သို့ရပါမည်နည်း။ ဤရေတွင်းကို ငါတို့အဘယာကုပ်သည် ငါတို့အားပေး၏။ သူကိုယ်တိုင်မှစ၍ သားသမီး၊ တိရစ္ဆာန်များတို့သည် ဤရေတွင်းကိုသောက်ကြပြီး သခင်သည် ထိုသူထက်ကြီးမြတ်သလော" ဟုဆို၏။ သူမသည် မိမိရှေ့တွင်ရောက်နေသောပုဂ္ဂိုလ်အား ခရီးပန်းပြီးညစ်ပတ်ပေရေနေသောရေငတ်နေသည့်ခရီးသွားတစ်ဦးအနေဖြင့်သာ တွေ့မြင်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကို ဂုဏ်အသရေရှိသောရှေးဘိုးဘေးယာကုပ်နှင့် စိတ်ထဲတွင်နှိုင်းယှဉ်ကြည့်ခဲ့ပါသည်။ လူ့သဘာဝအတိုင်း မိမိတို့၏ဘိုးဘေးများတူးဖော်ခဲ့သောရေတွင်းသည် မည်သည့်ရေတွင်းနှင့်မျှမတူညီဟု သူမမှတ်ယူခဲ့ပါသည်။ သူမသည် ရှေးဘိုးဘေးများ၏နှောင်းဖြစ်များကို ပြန်လည်မြော်တွေး၍ အနာဂတ်တွင်ကြွလာမည်ဟု



ယုံကြည်ထားသည့် မေရှိယကို မျှော်ကြည့်နေသော်လည်း မေရှိယကိုယ်တိုင်သူမအနီးတွင်ရောက်နေသည်ကို သူမမသိခဲ့ချေ။ ယနေ့တွင်လည်း ရေငတ်နေသောအသက်ဝိညာဉ်များသည် အသက်စမ်းရေတွင်းများကိုမျှော်ကြည့်နေကြပါသလား။" ယုံကြည်ခြင်းနှင့်ဆိုင်သော ဖြောင့်မတ်ခြင်းတရားဆိုသည်ကား ကောင်းကင်သို့အဘယ်သူတက်လိမ့်မည်နည်း။ နက်နဲရာထဲသို့အဘယ်သူဆင်းလိမ့်မည်နည်းဟု စိတ်ထဲမှာမအောက်မေ့နှင့်ဟုဆို၏။ ထိုသို့ဆိုသော် ခရစ်တော်ကိုဆောင်ခဲ့ခြင်းငှါ ကောင်းကင်သို့အဘယ်သူတက်လိမ့်မည်နည်း။ ခရစ်တော်ကိုသေခြင်းမှထမြောက်စေခြင်းငှါ နက်နဲရာထဲသို့ အဘယ်သူဆင်းလိမ့်မည်နည်းဟုဆိုလိုသတည်း။ တစ်ဖန်ဆိုသည်ကား တရားတော်သည် သင်နှင့်နီး၏။ သင်၏နှုတ်၌လည်းကောင်း၊ နှလုံး၌လည်းကောင်း ရှိသည်ဟုဆို၏။---သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သူ့ကိုသေခြင်းမှထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။" ရောမ ၁၀း၆-၉။

သခင်ယေရှုသည် မိမိဘယ်သူဘယ်ဝါဖြစ်ကြောင်းကို ချက်ချင်းမဖြေဆိုခဲ့သော်လည်း "ဤရေကိုသောက်သောသူသည် နောက်တစ်ဖန်ရေငတ်ဦးမည်။ ငါပေးသောရေကိုသောက်သောသူမူကား ရေငတ်ခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ထာဝရအသက်ရှင်ခြင်းအလို့ငှါ ထွက်သောစမ်းရေဖြစ်လိမ့်မည်" ဟု မိန့်တော်မူခဲ့ပါသည်။

လောကတွင်ရှိသောစမ်းရေများအားဖြင့် ရေအငတ်ပြေအောင်ကြိုးစားနေသူများသည် နောက်တစ်ဖန်သောက်ကြရပါလိမ့်ဦးမည်။ နေရာတိုင်းတွင် လူများသည် မကျေမနပ်ဖြစ်နေကြပါသည်။ သူတို့သည် အသက်ဝိညာဉ်များ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့်အရာများကို မျှော်လင့်တောင့်တနေကြပါသည်။ တစ်ပါးတည်းသောပုဂ္ဂိုလ်ကသာ ထိုလိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ပါသည်။ ကမ္ဘာကြီး၏လိုအပ်ချက်တည်းဟူသော "လူမျိုးအပေါင်းတို့နှစ်သက်ဖွယ်သောအရာ" သည် ခရစ်တော်ဖြစ်ပါသည်။ ကိုယ်တော်တစ်ပါးတည်းကသာပေးဝေနိုင်သည့် ဘုရားသခင်၏

ကရုဏာတော်သည် အသက်စမ်းရေကဲ့သို့ အသက်ဝိညာဉ်အား ဖြုစင်သန့်ရှင်းလန်းဆန်း၍ အားအင်ပြည့်ဖြိုးစေနိုင်ပါသည်။

အသက်ရေအနည်းငယ်ကလေးသည် သောက်သုံးသူအတွက် လုံလောက်သည်ဟု ခရစ်တော်မဆိုလိုချေ။ ခရစ်တော်၏မေတ္တာတော်ကို မြည်းစမ်းမိသောသူသည် မေတ္တာတော်ကိုအဆက်မပြတ်ခံစားရန် မျှော်လင့်တောင့်တလိမ့်မည်ဖြစ်ပြီး အခြားသူများကိုရှာဖွေတော့မည်မဟုတ်ချေ။ လောက၏ချမ်းသာကြွယ်ဝမှုများ၊ ဂုဏ်အသရေများနှင့် အပျော်အပါးများသည် ထိုသူကိုမဆွဲဆောင်နိုင်တော့ချေ။ သူ၏စိတ်နှလုံးသည် ကိုယ်တော်ကိုသာ အမြဲတမ်းအော်ဟစ်တမ်းတနေပါမည်။ အသက်ဝိညာဉ်များအား ၎င်းတို့၏လိုအပ်ချက်များကိုဖော်ပြတော်မူသောကိုယ်တော်သည် ထိုသူများ၏ ဆာလောင်မွတ်သိပ်မှုများကို ဖြည့်စွမ်းပေးရန်စောင့်ကြိုနေပါသည်။ လူသားများ၏စွမ်းပကားနှင့်အားကိုးအားထားပြုမှုများသည် ထိုဆာလောင်မွတ်သိမ့်မှုကိုဖြည့်ဆည်းနိုင်လိမ့်မည်မဟုတ်ချေ။ ရေတွင်းများနှင့်ရေကန်များတွင် ရေခန်းခြောက်သွားလိမ့်မည်ဖြစ်သော်လည်း ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် မခန်းခြောက်နိုင်သောစမ်းရေတွင်းဖြစ်တော်မူပါသည်။ ကျွန်ုပ်တို့သောက်သုံးသောအခါခါတွင် လတ်ဆတ်သောအသက်ရေကိုသာ အမြဲတမ်းသောက်သုံးကြရမည်ဖြစ်ပါသည်။ ခရစ်တော်ကိန်းဝပ်စိုးစံတော်မူခြင်းခံရသည့်သူသည် မိမိအထဲ၌ ထာဝရအသက်ရှင်ခြင်းငှါ ထွက်သောစမ်းရေတည်းဟူသော မင်္ဂလာစမ်းရေရှိနေပါသည်။ သူသည် မိမိ၏လိုအပ်သမျှအတွက် လုံလောက်သောခွန်အားနှင့်ကရုဏာများကို ခပ်ယူသုံးစွဲနိုင်ပါသည်။

သခင်ယေရှုသည် အသက်ရေအကြောင်းကိုပြောတော်မူစဉ် ရှမာရိအမျိုးသမီးသည် အံ့သြစိတ်ဝင်စားစွာဖြင့် ကိုယ်တော်အားကြည့်နေပါသည်။ ကိုယ်တော်သည် သူမ၏စိတ်ဝင်စားမှုကို နှိုးဆွပေးလိုက်ပြီး မိန့်တော်မူခဲ့သောဆုကျေးဇူးတော်အတွက် လိုအင်ဆန္ဒပြင်းပြလာစေခဲ့ပါသည်။ ကိုယ်တော်ရှင်မိန့်တော်မူနေသောအသက်ရေသည် ယာကုပ်ရေတွင်းမှရေကိုမဆိုလိုကြောင်းကို သူမသိမြင်ခဲ့ပါသည်။ အကြောင်းမူကား



သူမသည် ထိုရေကိုသောက်ဖူးသော်လည်း တစ်ဖန်ရေငတ်ပြန်သဖြင့် အဆက်မပြတ်သောက်သုံးလာခဲ့ရခြင်းကြောင့်ဖြစ်ပါသည်။ သို့အတွက် သူမသည် "သခင်၊ အကျွန်ုပ်သည် ရေငတ်ခြင်းနှင့်လည်းကောင်း၊ သည်ကိုလာ၍ရေခပ်ခြင်းနှင့်လည်းကောင်း ကင်းလွတ်မည်အကြောင်း ထိုရေကိုပေးပါ" ဟုတောင်းလေ၏။

သခင်ယေရှုသည် ယခုအချိန်တွင် ရုတ်တရက်စကားလမ်းကြောင်းကိုပြောင်းတော်မူလိုက်ပါသည်။ သူမသည် ဘုရားသခင်ပေးသနားလိုသောဆုကျေးဇူးကိုမရယူမီ မိမိ၏အပြစ်များကိုလည်းကောင်း၊ မိမိ၏ကယ်တင်ရှင်ကိုလည်းကောင်း အသိအမှတ်ပြုရန် သူမအားပြင်ဆင်ပေးရမည်ဖြစ်ပါသည်။ ထိုကြောင့်ယေရှုက "သွားလော့၊ သင်၏လင်ကိုခေါ်၍ သည်ကိုလာဦးလော့" ဟုမိန့်တော်မူလိုက်ရာ "အကျွန်ုပ်၌လင်မရှိ" ဟုသူမကဆို၏။ ဤနည်းအားဖြင့် ဤကိစ္စနှင့်ပတ်သက်၍ မေးလာမည့်မေးခွန်းများကို တားဆီးရန် သူမပြောလိုက်ပါသည်။ သို့သော် ကိုယ်တော်သည်ဆက်၍ "လင်မရှိဟူသောစကားသည်မှန်၏။ အကြောင်းမူကား၊ သင်၌လင်ငါးယောက်ရှိဖူးပြီ။ ယခုသင်နှင့်နေသောသူသည် သင်၏လင်မဟုတ်၊ ဤအရာ၌သင်သည် မှန်သောစကားကိုပြောပြီ" ဟုမိန့်တော်မူပါသည်။

ထိုစကားကိုကြားခဲ့ရသောသူမသည် တုန်လှုပ်သွားခဲ့ပါသည်။ အံ့သြဖွယ်သောရွှေလက်တော်သည် သူမ၏တစ်သက်လုံးဖုံးထားဖို့ မျှော်လင့်ထားသည့်အရာများကို ဖော်ကောင်လုပ်လျက် သူမ၏အသက်တာရာဇဝင်စာမျက်နှာများကိုဖွင့်လှန်ပြလျက်ရှိသည်။ သူမ၏အသက်တာလျှို့ဝှက်ချက်များကိုဖတ်နိုင်သော ဤပုဂ္ဂိုလ်သည် အဘယ်သို့သောသူနည်း။ ယခုအချိန်တွင် ဖုံးကွယ်ထားသည့် ခပ်သိမ်းသောအရာများကိုဖွင့်ပြမည့်အနာဂတ်တရားစီရင်ခြင်းအကြောင်းများနှင့်ပတ်သက်သောအတွေးများသည် သူမ၏စိတ်နှလုံးထဲသို့ဝင်လာခဲ့ပါသည်။ ထိုအတွေးအားဖြင့် သြတ္တပ္ပစိတ်သည် နိုးထလာခဲ့ပါသည်။

သူမသည် မငြင်းကွယ်နိုင်တော့သော်လည်း အလွန်ဝမ်းနည်းစရာကောင်းသည့် အကြောင်းအရာတစ်ခုအကြောင်း ဖော်ပြချက်များကို

ရှောင်လွှဲရန်ကြိုးစားခဲ့ပါသည်။ ထို့နောက် "ကိုယ်တော်သည် ပုရောဖက်ဖြစ်သည်ကို အကျွန်ုပ်ရိပ်မိပါ၏" ဟု အလွန်ရိုသေစွာဖြင့် သူမကဆို၏။ သူမ၏အပြစ်များကို ထင်ရှားစွာထောက်ပြနေမှုများကို ရပ်တန့်သွားစေရန် မျှော်လင့်ချက်ဖြင့် ဘာသာရေးနှင့်ပတ်သက်သောအငြင်းပွားစရာအချက်များဘက်သို့ စကားပြောင်းပစ်လိုက်ပါသည်။ ကိုယ်တော်သည် ပုရောဖက်တစ်ပါးအမှန်ဖြစ်မည်ဆိုလျှင် ကာလကြာမြင့်စွာကတည်းက အငြင်းပွားခဲ့သောထိုဘာသာရေးကိစ္စများနှင့်ပတ်သက်သည့်ညွှန်ကြားချက်များကို ကိုယ်တော်သည် ဧကန်အမှန်ပေးနိုင်မည်ဟု သူမထင်မြင်ယူဆခဲ့ပါသည်။

သခင်ယေရှုသည် သူမပြောလိုသည့်စကားများကိုပြောဆိုစေရန် စိတ်ရှည်စွာဖြင့် သူမအားခွင့်ပြုတော်မူခဲ့ပါသည်။ ထိုသို့နားထောင်နေစဉ်မှာပင် သူမ၏စိတ်နှလုံးထဲသို့ သမ္မာတရားကိုပို့ဆောင်ရန် အခွင့်ကောင်းကို စောင့်မျှော်ခဲ့ပါသည်။ ထိုအမျိုးသမီးက "အကျွန်ုပ်တို့ဘိုးဘေးများသည် ဤတောင်ပေါ်၌ကိုးကွယ်လေ့ရှိကြပါသည်။ ယေရုရှလင်မြို့၌သာကိုးကွယ်ရမည်ဟု သင်တို့သည်ဆိုတတ်ကြ၏" ဟုလျှောက်လေ၏။ ဂေရဇိမ်တောင်ကို ထိုနေရာမှကောင်းမွန်စွာမြင်တွေ့ရပါသည်။ တောင်ပေါ်တွင်ရှိသောဗိမာန်တော်သည် ဖြိုဖျက်ခြင်းကိုခံရပြီး ယဇ်ပလ္လင်တစ်ခုသာကျန်ရစ်ပါတော့သည်။ ယုဒလူများနှင့်ရှမာရိလူများအကြားတွင် ဝတ်ပြုကိုးကွယ်သည့်နေရာနှင့်ပတ်သက်၍ အငြင်းအခုံများရှိခဲ့ပါသည်။ ရှမာရိလူမျိုးဘိုးဘေးများသည် တစ်ချိန်က ဣသရေလအနွယ်တစ်နွယ်ဖြစ်ခဲ့သော်လည်း ၎င်းတို့အား ရုပ်တုကိုးကွယ်သူများ၏စိုးမိုးမှုကို ခွင့်ပြုတော်မူခဲ့ပါသည်။ သူတို့သည် မိမိတို့၏ဘာသာရေးကို ညစ်ညူးစေခဲ့သောဘာသာတရားကို ယုံကြည်လက်ခံသည့်ရုပ်တုကိုးကွယ်သူများနှင့်မျိုးစဉ်မျိုးဆက်ရောပြွမ်းနေထိုင်ခဲ့ကြပါသည်။ စကြဝဠာ၏အရှင်သခင်ထာဝရအသက်ရှင်တော်မူသောဘုရားကို သတိရစေရန်အတွက်သာ ရုပ်တုကို ၎င်းတို့ကိုးကွယ်ကြရပါသည်ဟု ပြောဆိုကြသော်လည်း အဆုံးတွင် ၎င်းတို့၏ရုပ်တုကိုသာ ၎င်းတို့ရိုသေကိုင်းညွတ်လာကြပါသည်။



ဧဇရအချိန်တွင် ယေရုရှလင်မြို့ရှိဗိမာန်တော်အား ပြန်လည်တည်ဆောက်သောအချိန်၌ ဗိမာန်တော်တည်ဆောက်ရေးလုပ်ငန်းများကို ယုဒလူများနှင့်အတူပူးပေါင်းလုပ်ဆောင်ရန် ရှမာရိများက လက်ကမ်းခဲ့ကြပါသည်။ ငြင်းဆိုခြင်းခံခဲ့ရသည့်အတွက် ဤလူမျိုးနှစ်မျိုးအကြားတွင် ခါးသီးသောရန်လိုမုန်းတီးခြင်းများဖြစ်ပေါ်ခဲ့ပါသည်။ ထို့ကြောင့် ရှမာရိလူများသည် ဂေရဇိမ်တောင်ပေါ်တွင် ဗိမာန်တော်တစ်ဆောင်ကို အပြိုင်တည်ဆောက်ခဲ့ကြပါသည်။ သူတို့သည် ရုပ်တုကိုးကွယ်ခြင်းကို လုံးလုံးကြီးမစွန့်လွှတ်သေးသော်လည်း မောရှေ၏ဝိနည်းထုံးဖွဲ့များနှင့်အညီ ဝတ်ပြုကိုးကွယ်ခဲ့ကြပါသည်။ သို့သော် ၎င်းတို့အပေါ်တွင် ဘေးဒုက္ခများအကြီးအကျယ်ကျရောက်ခဲ့ပြီး ၎င်းတို့၏ဗိမာန်တော်သည် ဖျက်ဆီးခြင်းခံခဲ့ရပါသည်။ ထိုကဲ့သို့ဖြစ်ရခြင်းသည် ၎င်းတို့အပေါ်ကျိန်ဒဏ်သင့်ခြင်းဖြစ်သည်ဟု ထင်မြင်ခဲ့ကြသော်လည်း ၎င်းတို့သည် မိရိုးဖလာများနှင့် မိမိတို့၏ဝတ်ပြုကိုးကွယ်သည့်ပုံစံများကိုစွဲလမ်းနေကြဆဲဖြစ်ကြပါသည်။ သူတို့အနေနှင့် ယေရုရှလင်မြို့တွင်ရှိသောဗိမာန်တော်သည် ဘုရားသခင်၏အိမ်တော်ဖြစ်ကြောင်းကိုလည်းကောင်း၊ ယုဒလူမျိုးများ၏ဘာသာတရားသည် မိမိတို့၏ဘာသာတရားထက်မြင့်မြတ်သည်ကိုလည်းကောင်း အသိအမှတ်မပြုခဲ့ကြချေ။

ထိုအမျိုးသမီး၏အမေးကို ဖြေဆိုသည့်အနေဖြင့် ယေရှုက "အချင်းမိန်းမ၊ ငါ့စကားကိုယုံလော့။ ဤတောင်သို့မလာ၊ ယေရုရှလင်မြို့သို့မသွားဘဲ ခမည်းတော်ကိုကိုးကွယ်ရမည့်အချိန်ကာလရောက်ဆဲရှိ၏။ သင်တို့သည် ကိုယ်မသိသောအရာကိုကိုးကွယ်ကြ၏။ ငါတို့သည် ကိုယ်သိသောအရာကိုကိုးကွယ်ကြ၏။ အကြောင်းမူကား ယုဒလူတို့၌ ကယ်တင်ခြင်းအကြောင်းရှိ၏" ဟုမိန့်တော်မူ၏။ မိမိသည် ယုဒလူများ၏ ရှမာရိများအပေါ်ထားရှိသည့် တစ်ဖက်သတ်အထင်လွဲမှုမျိုးနှင့်ကင်းစင်ကြောင်းကို ထင်ရှားစေခဲ့ပြီးဖြစ်ပါသည်။ ယခုတွင်မူ ကိုယ်တော်သည် ယုဒလူများအပေါ်ထားရှိသည့်ရှမာရိလူများ၏တစ်ဖက်သတ်အထင်လွဲမှုများကို ချေဖျက်ရန်ကြိုးစားတော်မူခဲ့ပါသည်။ ရှမာရိများ၏ယုံကြည်ခြင်းသည် ရုပ်တု

ကိုးကွယ်ခြင်းအားဖြင့်ပျက်စီးခဲ့ရကြောင်း ရည်ညွှန်းပြောဆိုစဉ်တွင် ကိုယ်တော်သည် ကယ်တင်ခြင်းနှင့်ပတ်သက်သောသမ္မာတရားကို ယုဒလူများအားပေးအပ်ထားပြီးဖြစ်ကြောင်းကိုလည်းကောင်း၊ မေရှိယသည် ယုဒလူများထဲမှပေါ်ထွန်းတော်မူမည်ကိုလည်းကောင်း ထုတ်ဖော်ပြောကြားတော်မူခဲ့ပါသည်။ ဘုရားသခင်၏စာရိတ္တတော်နှင့် နိုင်ငံတော်၏စည်းမျဉ်းများကို သမ္မာကျမ်းစာတော်မြတ်တွင် ရှင်းလင်းစွာဖော်ပြထားကြောင်းကို သူတို့သိရှိကြပါသည်။ ယေရှုသည် ဘုရားသခင်ကိုယ်တော်တိုင်၏အကြောင်းကို အသိပေးခြင်းခံရသည့် ယုဒလူမျိုးတစ်ဦးအနေဖြင့် မိမိကိုယ်ကိုသတ်မှတ်တော်မူခဲ့ပါသည်။

ကိုယ်တော်သည် မိမိ၏တစ်ဦးတည်းသော ထိုတရားနာပရိသတ်အား ဝိနည်းထုံးဖွဲ့ပုံစံများနှင့်ပတ်သက်သောကိစ္စများနှင့် ငြင်းခုံစရာမေးခွန်းများထက် အရေးကြီးသောအရာများကို အတွေးပေါက်လာစေရန်အလိုတော်ရှိပါသည်။ ထို့ကြောင့် "ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်ကို နံဝိညာဉ်နှင့်လည်းကောင်း၊ သမ္မာတရားနှင့်လည်းကောင်း ကိုးကွယ်ရမည့်အချိန်ကာလသည်လာ၍ ယခုပင်ရောက်လျက်ရှိ၏။ အကြောင်းမူကား ထိုသို့ကိုးကွယ်သောသူတို့ကိုခမည်းတော်သည် အလိုရှိတော်မူ၏။ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကိုကိုးကွယ်သောသူသည် နံဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ကိုးကွယ်ရမည်" ဟု မိန့်တော်မူ၏။

"ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရ" ဟု နိကောဒင်အားမိန့်တော်မူခဲ့သော သမ္မာတရားကို ယေရှုခရစ်သည် ယခုတွင်ထပ်မံဖော်ပြနေခြင်းဖြစ်ပါသည်။ သန့်ရှင်းသောတောင်ကိုလည်းကောင်း၊ သန့်ရှင်းသောဗိမာန်တော်ကိုလည်းကောင်း ကြိုးစားရှာဖွေခြင်းအားဖြင့် လူများသည် ဘုရားသခင်နှင့်မထိတွေ့နိုင်ကြချေ။ ဘာသာတရားကို အပြင်ပန်းဝတ်ပြုကိုးကွယ်သည့်ပုံစံနှင့်ဝိနည်းထုံးဖွဲ့မှုများဖြင့်သာ ကန့်သတ်ထားရန်မဟုတ်ချေ။ ထာဝရဘုရားထံမှလာသော ဘာသာတရားသည် ထာဝရဘုရားထံသို့ပို့ဆောင်ပေးမည့် ဘာသာတရား



သာဖြစ်သည်။ ကိုယ်တော်ရှင်အား မှန်ကန်စွာကိုးကွယ်စေရန်အလို့ငှါ ကျွန်ုပ်တို့သည် ဘုရား၏ဝိညာဉ်တော်အားဖြင့် မွေးဖွားခြင်းကိုခံကြရပါမည်။ ထိုဝိညာဉ်တော်သည် ထာဝရဘုရားအား သိကျွမ်းခြင်းနှင့်ချစ်ခြင်းအတွက် အသစ်သောအစွမ်းများကိုပေးလျက် စိတ်နှလုံးများကိုအသစ်ပြုပြင်သန့်စင်ပေးမည်ဖြစ်ပါသည်။ ကိုယ်တော်၏ပညတ်တော်အလုံးစုံကို မိမိအလိုအတိုင်းနားထောင်လာချင်သောစိတ်နှလုံးကို ကျွန်ုပ်တို့အားပေးသနားတော်မူမည်ဖြစ်ပါသည်။ ဤအရာသည် စစ်မှန်သောကိုးကွယ်မှုဖြစ်ပါသည်။ ထိုကိုးကွယ်မှုသည် သန့်ရှင်းသောဝိညာဉ်တော်လုပ်ဆောင်မှု၏အသီးအပွင့်ဖြစ်ပါသည်။ ထိုဝိညာဉ်တော်အားဖြင့် စိတ်နှလုံးပါသောဆုတောင်းချက်တိုင်းကို ဖွဲ့နွဲ့ပါသည်။ ထိုကဲ့သို့သောဆုတောင်းချက်မျိုးကို ဘုရားသခင်လက်ခံတော်မူပါသည်။ အသက်ဝိညာဉ်တစ်ခုသည် ထာဝရဘုရားနောက်တော်သို့ယိမ်းယိုင်နေသောနေရာတိုင်းတွင် ဝိညာဉ်တော်၏လုပ်ဆောင်မှုများသည် ထင်ရှား၍ ဘုရားသခင်သည် ထိုအသက်ဝိညာဉ်အား မိမိကိုယ်တော်တိုင်ကိုထင်ရှားစေတော်မူလိမ့်မည်။ ကိုယ်တော်ရှင်သည် ထိုကဲ့သို့သောကိုးကွယ်သူများကိုရှာဖွေတော်မူနေပါသည်။ ထိုသူများကို လက်ခံရန်နှင့် ကိုယ်တော်၏သားသမီးများအဖြစ် သတ်မှတ်ထားရန် ထာဝရဘုရားစောင့်ရှောက်နေတော်မူပါသည်။

ထိုအမျိုးသမီးသည် သခင်ယေရှုနှင့်စကားပြောနေစဉ်တွင် ကိုယ်တော်၏နှုတ်တော်ထွက်စကားများသည် သူမ၏စိတ်နှလုံးတွင် စွဲငြိခဲ့ပါသည်။ ထိုကဲ့သို့စိတ်နှလုံးနှူးညွှတ်စေသောစကားမျိုးကို ရှမာရိယဇ်ပုရောဟိတ်များထံမှလည်းကောင်း၊ ယုဒလူမျိုးယဇ်ပုရောဟိတ်များထံမှလည်းကောင်း သူမမကြားခဲ့ဖူးချေ။ သူမအသက်တာ၏အတိတ်အဖြစ်အပျက်များကို သူမရှေ့၌ဖွင့်ပြနေစဉ်တွင် သူမ၏ကြီးမားသောလိုအပ်ချက်အကြောင်းကို သူမအားသိရှိခံစားစေခဲ့ပါသည်။ ရှုခါရေတွင်းမှရေများက ကျေနပ်မှုမပေးနိုင်သော သူမ၏ရေဆာလောင်မှုကို သူမသိရှိလာခဲ့ပါသည်။ ယခုအချိန်တိုင်အောင် ထိတွေ့ခဲ့သော မည်သည့်အရာကမျှ သူမအတွက် လိုအင်နေသောအရာတစ်ခုကိုသိရှိရန် ယခုလောက်အထူးနှိုးဆွခြင်းမရှိ

ခဲ့ချေ။ သူမအသက်တာ၏လျှို့ဝှက်ချက်များကို မိမိသိရှိတော်မူကြောင်းကို ခရစ်တော်သည် သူမအား သဘောပေါက်စေခဲ့သော်လည်း ကိုယ်တော်သည် သူမအားချစ်ခင်သနားသောမိတ်ဆွေတစ်ဦးဖြစ်ကြောင်း သူမခံစားခဲ့ရပါသည်။ ကိုယ်တော်၏အလွန်ဖြူစင်သန့်ရှင်းခြင်းသည် သူမ၏အပြစ်များကို ပေါ်လွင်ထင်ရှားစေစဉ်တွင် ကိုယ်တော်သည် သူမအားငြင်းပယ်သောစကား တစ်လုံးကိုမျှပြောတော်မမူခဲ့ဘဲ သူမ၏အသက်ဝိညာဉ်ကို အသစ်ပြုပြင်ပေးနိုင်သော မိမိ၏ကရုဏာတော်အကြောင်းကိုသာ ပြောကြားတော်မူခဲ့ပါသည်။ သူမသည် ကိုယ်တော်၏စာရိတ္တတော်နှင့်ပတ်သက်သော ခိုင်မာသည့် ထင်မြင်ယူဆချက်တစ်ခုကို စတင်စဉ်းစားလာပြီး ဤသူသည် ရှေးယခင်မှစ၍ မျှော်လင့်ခဲ့ကြသည့် မေရှိယများဖြစ်နေမည်လား ဟူသောမေးခွန်းသည် စိတ်တွင်ပေါ်ပေါက်လာကာ "မေရှိယကြွလာတော်မူသည်ကို အကျွန်ုပ်သိပါ၏။ ရောက်တော်မူသောအခါ အကျွန်ုပ်တို့အား အလုံးစုံတို့ကိုဖော်ပြတော်မူမည်" ဟု ထိုအမျိုးသမီးကလျှောက်ပြန်၏။ မေရှိယအနက်ကား၊ ခရစ်တော်ဟုဆိုလိုသတည်း။ ထိုအခါယေရှုက "သင်နှင့်စကားပြောသော ငါသည် မေရှိယပင်ဖြစ်သည်" ဟုမိန့်တော်မူ၏။

ထိုအမျိုးသမီးသည် ဤစကားများကိုကြားစဉ်တွင် စိတ်နှလုံးထဲ၌ ယုံကြည်ခြင်းများပေါက်ဖွားဖြစ်ပေါ်ခဲ့ပြီး သခင်ယေရှု၏နှုတ်တော်မှ ထွက်တော်မူခဲ့သည့် အံ့သြဖွယ်ထိုကြေညာချက်ကို လက်ခံခဲ့ပါသည်။

ဤအမျိုးသမီးသည် ကောင်းမွန်စွာဝေဖန်နိုင်သည့်အခြေအနေတွင်ရှိပါသည်။ သူမသည် မြင့်မြတ်သောတရားတော်ဖွင့်ဆိုချက်တစ်ခုကို လက်ခံရန် အဆင်သင့်ရှိခဲ့ပါသည်။ အကြောင်းမူကား သူမသည် သမ္မာကျမ်းတွင် စိတ်ဝင်စားခဲ့သောကြောင့် ပို၍များသောအလင်းတရားများကို လက်ခံနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်သည် သူမ၏စိတ်နှလုံးကို ပြင်ဆင်ပေးတော်မူခဲ့ပါသည်။ "သင်၏ဘုရားသခင်ထာဝရဘုရားသည် သင်၏အမျိုးသားချင်းတို့အထဲ၌ ငါနှင့်တူသောပုရောဖက်တစ်ပါးကို သင့်အဖို့ပေါ်ထွန်းစေတော်မူမည်။ ထိုပုရောဖက်၏စကားကိုနားထောင်ရမည်" (တရားဟော ၁၈း၁၅) ဟူသော ဓမ္မဟောင်းကျမ်းမှကတိတော်ကို သူမ



လေ့လာခဲ့ပြီးဖြစ်ပါသည်။ ဤအနာဂတ္တိစကားကို သူမနားလည်လိုလှပါသည်။ အလင်းတရားသည် သူမ၏စိတ်ထဲတွင် ထွန်းတောက်လျက်ရှိပါသည်။ ရေငတ်သောစိတ်ဝိညာဉ်များအား ခရစ်တော်ပေးသနားတော်မူမည့် ဝိညာဉ်ရေးအသက်တာတည်းဟူသော အသက်စမ်းရေသည်လည်း သူမ၏ စိတ်နှလုံးထဲတွင် ပေါ်ထွက်လာဖို့အစပြုခဲ့ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူမ၌အလုပ်လုပ်လျက်ရှိခဲ့ပါသည်။

ဤအမျိုးသမီးအား ယေရှုရှင်မိန့်တော်မူခဲ့သော ရှင်းလင်းရိုးသားသည့်ဖော်ပြချက်မျိုးကို မိမိကိုယ်ကိုဖြောင့်မတ်သည်ဟုထင်နေကြသည့် ယုဒလူများအားမဖော်ပြခဲ့ချေ။ ကိုယ်တော်သည် ထိုသူများကိုအလွန်ထိန်းထိန်းသိမ်းသိမ်းဖြင့်မိန့်တော်မူခဲ့ပါသည်။ ယုဒလူများအားမိန့်တော်မမူဘဲချန်ထားသည့်တရားစကားကို သူမအားထုတ်ဖော်ပြောပြတော်မူခဲ့ပါသည်။ ထိုလျှို့ဝှက်ချက်များကို ဆက်လက်လျှို့ဝှက်ထားရန် တမန်တော်များအား နောက်ပိုင်းတွင် ကျပ်တည်းစွာမှာထားတော်မူခဲ့ပါသည်။ သူမသည် ကိုယ်တော်၏ကရုဏာတော်အား အခြားသူများထံသို့မျှဝေရန် မိမိ၏ ဗဟုသုတများကို ကောင်းမွန်စွာအသုံးချလိမ့်မည်ကိုလည်း သခင်ယေရှုမြင်တွေ့တော်မူခဲ့ပါသည်။

တမန်တော်တို့သည် စားစရာများကိုဝယ်ခြမ်းရာမှပြန်လာကြသောအခါ ကိုယ်တော်သည် ထိုအမျိုးသမီးနှင့် စကားလက်ဆုံကျနေသည်ကို တွေ့ရသဖြင့် အံ့အားသင့်ခဲ့ကြပါသည်။ ကိုယ်တော်သည် မိမိသောက်လိုသောရေစင်တစ်ပေါက်ကိုမသောက်ရသေးသဖြင့် တမန်တော်များဝယ်လာခဲ့သောအစားအစာများကို စားသုံးတော်မမူခဲ့ချေ။ ထိုအမျိုးသမီးထွက်သွားသောအခါတွင် တပည့်တော်များသည် ကိုယ်တော်အား အစာကို သုံးဆောင်ရန် တောင်းပန်ခဲ့ကြ၏။ သို့သော် ကိုယ်တော်မှာမူ ဘဝင်ခိုက်နေသောကမ္ဘာ့ဥာန်းရှုခြင်းတွင် ဆိတ်ငြိမ်စွာဖြင့် အာရုံ၌နစ်မျောနေသည်ကို သူတို့တွေ့မြင်ခဲ့ရသည်။ မျက်နှာတော်တွင် ရောင်ခြည်တော်များကွန့်မြူးနေပါသည်။ ကောင်းကင်နိုင်ငံတော်နှင့်ပါဝင်ဆက်ဆံနေတော်မူသော ကိုယ်တော်အား ကြားဝင်ဖြတ်တောက်ရန် တမန်တော်များမဝံ့ကြချေ။

သို့သော် ကိုယ်တော်သည် အားနည်း၍ပင်ပန်းနွမ်းနယ်နေသည်ကို သူတို့သိခဲ့ကြပြီး ကိုယ်တော်၏ခန္ဓာကိုယ်လိုအပ်ချက်ကိုသတိပေးရန် ၎င်းတို့တွင် တာဝန်ရှိသည်ဟု ထင်မြင်ယူဆခဲ့ကြပါသည်။ သခင်ယေရှုသည် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို အသိအမှတ်ပြုခဲ့ပြီး "သင်တို့မသိသောစားစရာသည် ငါ၌ရှိ၏" ဟု မိန့်တော်မူခဲ့ပါသည်။

မည်သူသည် ကိုယ်တော်အတွက် အစားအစာယူခဲ့သနည်းဟု တမန်တော်များစဉ်းစားနေမိပါသည်။ ထိုအခါ "ငါ့ကိုစေလွှတ်တော်မူသောသူ၏အလိုတော်ကိုဆောင်ခြင်း၊ သူ၏အမှုတော်ကိုပြီးစီးခြင်းအမှုသည် ငါ့စားစရာဖြစ်၏" (ယောဟန် ၄း၃၄) ဟု ရှင်းလင်းပြောပြတော်မူခဲ့ပါသည်။ ထိုအမျိုးသမီးအားပြောတော်မူခဲ့သော ကိုယ်တော်၏စကားများသည် သူမ၏ဩတ္တပ္ပစိတ်ကိုနှိုးဆွခဲ့ကြောင်း တွေ့မြင်ရသောအခါ သခင်ယေရှုသည် ဝမ်းမြောက်တော်မူခဲ့ပါသည်။ သူမသည် အသက်ရေကိုသောက်သုံးနေကြောင်း မြင်တွေ့ရသဖြင့် မိမိ၏ဆာလောင်မှုများ ပြေပျောက်သွားခဲ့ပါသည်။ ကိုယ်တော်ရှင်သည် ကောင်းကင်ကိုစွန့်၍ လုပ်ဆောင်တော်မူရန်ကြွလာတော်မူခဲ့သောအမှုတော်၏ပြီးမြောက်မှုသည် လုပ်ငန်းများကိုဆက်လက်လုပ်ဆောင်နိုင်ရန် ကိုယ်တော်အား ခွန်အားပေးခဲ့ပြီးလျှင် လူသားများ၏လိုအပ်ချက်များအပေါ်တွင် ကိုယ်တော်အားပင့်မြှောက်တော်မူပါသည်။ သမ္မာတရားကို ဆာလောင်ငတ်မွတ်နေသော အသက်ဝိညာဉ်တစ်လုံးအား မစရန်မှာ စားသောက်ခြင်းအမှုထက် ကိုယ်တော်အား ပီတိဖြစ်စေတော်မူပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအမှုသည် ကိုယ်တော်အတွက် နှစ်သိမ့်မှု၊ လန်းဆန်းကြည်လင်မှုကိုဖြစ်စေပါသည်။ သူတစ်ပါးအား ကျေးဇူးပြုခြင်းသည် ကိုယ်တော့်အသက်ဝိညာဉ်၏အဓိကလုပ်ငန်းဖြစ်ပါသည်။

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် အသိအမှတ်ပြုခြင်းကို တောင့်တတော်မူခဲ့ပါသည်။ ကိုယ်တော်သည် မိမိအသွေးတော်အားဖြင့် ဝယ်ယူတော်မူခဲ့သောသူများ၏သနားကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာများကို တောင့်တတော်မူခဲ့ပါသည်။ သူတို့သည် ကိုယ်တော်ထံသို့လာ၍ အသက်ကို



ရယူကြရန် အလွန်အမင်းတောင့်တတော်မူခဲ့ပါသည်။ မိခင်တစ်ဦးသည် အသိဉာဏ်ဖြစ်ပေါ်စအခြေအနေကိုပြသွန်နေသော မိမိရင်သွေးငယ်၏ အသိအမှတ်ပြုအပြုံးကလေးကို အရိပ်တကြည့်ကြည့်နှင့်ကြည့်နေသကဲ့သို့ လူသားများ၏အသက်ဝိညာဉ်များတွင် ဝိညာဉ်ရေးအသက်တာအစပျိုးကြောင်း ဖော်ပြသည့်မေတ္တာ၏နှစ်လိုဖွယ်ဖော်ညွှန်းချက်များကို ခရစ်တော်သည် စောင့်ကြည့်တော်မူနေပါသည်။

ခရစ်တော်၏နှုတ်တော်ထွက်စကားများကို နားထောင်ခဲ့ရသဖြင့် ရှမာရိအမျိုးသမီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါသည်။ အံ့ဩဖွယ်သောဗျာဒိတ်တော်သည် သူမ၏အသက်တာကို လွှမ်းမိုးလုမတတ်ဖြစ်ခဲ့ပါသည်။ သူမသည် ရေအိုးကိုချန်ထားခဲ့ကာ အခြားသူများထံသို့ သတင်းစကားအားယူဆောင်သွားရန် ရှမာရိမြို့ထဲသို့ပြန်သွားခဲ့ပါသည်။ မည်သည့်အတွက်ကြောင့် သူမထွက်သွားခဲ့သည်ကို သခင်ယေရှုသိတော်မူခဲ့ပါသည်။ ရေအိုးကိုချန်ထားခဲ့ခြင်းသည် ကိုယ်တော်၏နှုတ်ထွက်စကားများ၏အကျိုးသက်ရောက်မှုကို မမှားနိုင်အောင်ဖော်ညွှန်းနေပါသည်။ သူမ၏အသက်ဝိညာဉ်သည် အသက်ရေကိုရရန် လှိုက်လှိုက်လှဲလှဲဆန္ဒရှိခဲ့ပါသည်။ ရေတွင်းသို့မိမိလာခဲ့ရသည့်အကြောင်းကိုလည်းကောင်း၊ ဖြည့်ဆည်းရန်ကြံရွယ်ခဲ့သည့် ခရစ်တော်၏ရေငတ်ခြင်းကိုလည်းကောင်း သူမသည် မေ့လျော့သွားကာ မိမိရရှိထားသည့်အလင်းတရားကို သူတစ်ပါးအားမျှဝေရန် ဝမ်းမြောက်ဝမ်းသာစွာဖြင့် လျင်မြန်စွာထွက်ခွာသွားခဲ့ပါသည်။

"အကျွန်ုပ်ပြုဖူးသမျှသောအမှုအရာတို့ကို ထုတ်ဖော်သောသူကို လာ၍ကြည့်ကြပါ။ ထိုသူသည် ခရစ်တော်မှန်လိမ့်မည်လော" ဟု မြို့ထဲမှလူများအား သူမပြောဆိုလေ၏။ သူမ၏စကားများသည် မြို့သူမြို့သားများ၏စိတ်နှလုံးကို ထိတွေ့စေခဲ့ပါသည်။ သူမ၏မျက်နှာနှင့်တကွ ဟန်အမူအရာတစ်ခုလုံးသည်လည်း အသစ်ပြောင်းလဲသွားခဲ့ပါသည်။ မြို့သားများသည် ခရစ်တော်အားတွေ့မြင်ရန် ဆန္ဒပြင်းပြစွာဖြင့် မြို့ထဲမှထွက်လာ၍ အထံတော်သို့သွားခဲ့ကြပါသည်။

ထိုအချိန်တွင် ခရစ်တော်သည် ရေတွင်းနား၌ထိုင်နေဆဲဖြစ်ပြီး အစိမ်းရောင်ကမ္ဘလာပေါ်တွင် နေရောင်ခြည်ဖျန်းနေသောမိမိရှေ့တွင် ရှိနေသည့် စပါးခင်းများကိုကြည့်တော်မူခဲ့ပြီး တမန်တော်များအား ထိုမြင်ကွင်းကိုညွှန်ပြကာ မိန့်တော်မူသည်မှာ "ယခုမှစ၍ လေးလလွန်လျှင် စပါးရိတ်ရာကာလဖြစ်လိမ့်မည်ဟု သင်တို့ဆိုတတ်သည်မဟုတ်လော။ ငါဆိုသည်ကား၊ စပါးရိတ်ခြင်းအလို့ငှါ လယ်ပြင်တို့သည် ယခုပင်ဝင်းဝင်း ရှိသည်ကို မျှော်၍ကြည့်ကြလော့" ဟူ၍ မိန့်တော်မူနေစဉ်တွင် ရေတွင်းရှိရာသို့ချဉ်းကပ်လာလျက်ရှိသောလူတစ်စုကို ကိုယ်တော်မြင်တွေ့တော်မူပါသည်။ စပါးရိတ်ရန် အချိန်လေးလလိုသေးသော်လည်း ဤနေရာတွင် ရိတ်သိမ်းသူအတွက် ရိတ်သိမ်းစရာများဖြစ်သည့် ထိုသူများသည် အဆင်သင့်ရှိနေကြပေပြီ။ "စပါးရိတ်သောသူသည် အခကိုခံရ၍ ထာဝရ အသက်ရှင်ခြင်းအလို့ငှါ အသီးအနှံစုသိမ်းရ၏။ သို့ဖြစ်လျှင် ပျိုးကြဲသော သူနှင့် စပါးရိတ်သောသူတို့သည် အတူဝမ်းမြောက်ကြလိမ့်မည်။ တစ်ဦးကား ပျိုးကြဲ၏။ တစ်ဦးကားစပါးရိတ်၏ဟူသောစကားသည် ဤအရာ၌အမှန် ကျသတည်းဟု ကိုယ်တော်မိန့်တော်မူ၏။ ဧဝံဂေလိတရားတော်ကို ရရှိထားသောသူများအနေနှင့် ဘုရားသခင်အတွက် သန့်ရှင်းသောအမှုတော်ကို ဆောင်ရွက်ရန် အကြွေးတင်နေသေးကြောင်းကို ဤနေရာတွင် ခရစ်တော်သည် ထောက်ပြထားပါသည်။ အလင်းတရားရရှိထားပြီးသူများသည် ကိုယ်တော်၏အသက်ရှင်နေသောကိုယ်စားလှယ်များဖြစ်ရန်လိုပါသည်။ ၎င်းတို့၏ပုဂ္ဂလိကအမှုတော်ဆောင်ရွက်ခြင်းကို ကိုယ်တော်တောင်းဆိုတော်မူပါသည်။ သို့အတွက် ကျွန်ုပ်တို့သည် ပျိုးကြဲသည်ဖြစ်စေ၊ ရိတ်သိမ်းသည်ဖြစ်စေ ဘုရားသခင်အတွက်လုပ်ဆောင်နေခြင်းသာဖြစ်ကြပါသည်။ တစ်ယောက်သောသူသည် ပျိုးကြဲ၍ တစ်ယောက်သောသူသည် ရိတ်သိမ်း၏။ ကြဲသောသူသည် ရိတ်သိမ်းသူနှင့်အတူ အခကိုခံရပါသည်။ သူတို့သည် မိမိတို့၏လုပ်အားအတွက် ရသည့်အကျိုးကျေးဇူးတွင် အတူတကွဝမ်းမြောက်ဝမ်းသာရှိကြပါသည်။



ယေရှုက "သင်တို့သည် လယ်မလုပ်သောအရပ်၌ စပါးရိတ်စေခြင်းငှါ သင်တို့ကိုငါစေလွှတ်၏။ အခြားသောသူတို့သည် လယ်လုပ်ကြ၍ သင်တို့သည် ထိုသူတို့၏အလုပ်ထဲသို့ဝင်ရကြ၏" ဟု တမန်တော်တို့အား မိန့်တော်မူ၏။ ခရစ်တော်သည် ပင်တေကုတ္တေပွဲနေ့တွင် ဖြစ်ပေါ်မည့် ကြီးကျယ်သောဝိညာဉ်ရိတ်သိမ်းခြင်းကိုမျှော်ကြည့်၍ ပြောဆိုနေခြင်းဖြစ်ပါသည်။ ထိုဝိညာဉ်ရိတ်သိမ်းခြင်းသည် မိမိတို့၏လုပ်အားကြောင့်မဟုတ်ကြောင်းကို တမန်တော်များအနေနှင့်မှတ်ယူကြရန်ဖြစ်ပါသည်။ သူတို့သည် အခြားသူများ၏အလုပ်ထဲသို့ဝင်ရောက်နေခြင်းဖြစ်ပါသည်။ အကြောင်းမူကား ခရစ်တော်သည် အာဒံကျဆုံးခဲ့သောအချိန်မှစ၍ လူသားများ၏စိတ်နှလုံးများတွင် ကြဲဖြန့်ရန်အတွက် သမ္မာတရားမျိုးစေ့များကို မိမိရွေးချယ်ထားသောအစေခံကျွန်များအား ပေးအပ်ထားခဲ့ပြီးဖြစ်ပါသည်။ ၎င်းပြင် မဖြစ်နိုင်သော်လည်း အလုံးစုံကိုတတ်နိုင်သောတန်ခိုးတော်နှင့်ပြည့်စုံတော်မူသည့် ကိုယ်စားလှယ်တော်သည် ရိတ်သိမ်းခြင်းကိုဖြစ်ထွန်းစေရန် မသိသာသော်လည်း ထိရောက်စွာဖြင့် လုပ်ဆောင်တော်မူခဲ့ပါသည်။ သမ္မာတရားမျိုးစေ့ကလေးလန်းဆန်းကြီးပွားလာစေရန် ကရုဏာတော်တည်းဟူသောနှင်းရည်မိုးပွင့်နှင့်နေရောင်ခြည်များကို ပေးတော်မူခဲ့ပြီးဖြစ်၍ ခရစ်တော်သည် မိမိအသွေးတော်အားဖြင့် ဖျန်းလောင်းရတော့မည်ဖြစ်ပါသည်။ ကိုယ်တော်၏တမန်တော်များသည် ဘုရားသခင်နှင့်အတူ လုပ်ဆောင်ရမည့် အမှုတော်ဆောင်များဖြစ်စေရန် အခွင့်ပေးခြင်းခံခဲ့ကြရပါသည်။ သူတို့သည် ခရစ်တော်နှင့်ရှေးသန့်ရှင်းသူများ၏လုပ်ဖော်ဆောင်ဘက်များဖြစ်လာခဲ့ကြသည်။ ပင်တေကုတ္တေပွဲတွင် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းအားဖြင့် တစ်နေ့တည်းတွင် ထောင်နှင့်ချီသောလူများတို့သည် ပြောင်းလဲခဲ့ကြပါသည်။ ဤနေရာသည် ကိုယ်တော့်အမှုတော်၏ရိတ်သိမ်းခြင်းတည်းဟူသော ခရစ်တော်၏လုပ်ဆောင်မှုအတွက် အကျိုးအမြတ်ဖြစ်ပါသည်။

ယာကုပ်ရေတွင်း၌ ထိုအမျိုးသမီးအား မိန့်တော်မူခဲ့သောစကားများအားဖြင့် ကောင်းသောမျိုးစေ့ကိုကြဲခဲ့ရာ လျင်မြန်စွာပင်ရိတ်သိမ်းခြင်း

ကိုပြုခဲ့ရပါသည်။ ရှမာရိလူများသည် ယေရှုအထံတော်သို့လာရောက်ခဲ့ကြပြီး တရားတော်ကိုနာယူကာ ကိုယ်တော်အားယုံကြည်ခဲ့ကြပါသည်။ လူအများသည် ရေတွင်းအနား၌ရှိသော ကိုယ်တော်ရှင်၏အနီးတွင် စုရုံးကြကာ မေးခွန်းပေါင်းများစွာကို မေးမြန်းခဲ့ကြပါသည်။ ထိုနောက်သူတို့အတွက် မရှင်းမလင်းဖြစ်ခဲ့သောအကြောင်းအရာများအတွက် ရှင်းလင်းပြောပြချက်များကိုကြားနာခဲ့ရပါသည်။ နားထောင်နေစဉ်မှာပင် သူတို့သည် နေ့၏အလင်းရောင်ကိုတွေ့သည့်တိုင်အောင် မှောင်မိုက်ကြီးထဲတွင် အလင်းတန်းကလေးတစ်ခုအတိုင်း ခြေရာခံလျှောက်လှမ်းခဲ့သောသူများနှင့်တူနေပါသည်။ ယခုကဲ့သို့ကိုယ်တော်ရှင်နှင့်ခေတ္တခဏတွေ့ဆုံကြားနာရခြင်းဖြင့် သူတို့မကျေနပ်ကြချေ။ သူတို့ကိုယ်တိုင် ထိုထက်ပို၍ကြားနာလိုကြပြီး ရင်းနှီးသောမိတ်ဆွေများကိုလည်း ကိုယ်တော်ရှင်၏သွန်သင်ချက်များကို ကြားနာစေလိုကြသောကြောင့် ၎င်းတို့၏မြို့တွင် ဆက်လက်နေထိုင်တော်မူရန် ကိုယ်တော်ရှင်အားတောင်းပန်ကြ၏။ ကိုယ်တော်သည် ရှမာရိတွင် နှစ်ရက်တိုင်နေထိုင်တော်မူခဲ့ရာ များစွာသောသူတို့သည် ကိုယ်တော်ကို ယုံကြည်ခြင်းသို့ရောက်ခဲ့ကြပါသည်။

ဖါရိရှဲများသည် သခင်ယေရှု၏အတွေ့အကြုံမရှိခြင်း၊ အသိပညာမရှိခြင်းများကို မထီမဲ့မြင်ပြုခဲ့ကြပါသည်။ သူတို့သည် ကိုယ်တော်ရှင်ပြတော်မူခဲ့သောနိမိတ်လက္ခဏာများကို လျစ်လျူရှုခဲ့ကြပြီး ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ထင်ရှားစေသည့်နိမိတ်လက္ခဏာတစ်ခုကိုတောင်းခံခဲ့ကြပါသည်။ ရှမာရိများကမူ မည်သည့်နိမိတ်လက္ခဏာကိုမျှမတောင်းခံခဲ့ကြချေ။ ထိုရေတွင်းသို့ရောက်လာခဲ့သော ထိုအမျိုးသမီးအား ၎င်း၏အသက်တာတွင်ဖြစ်ပျက်ခဲ့သည့်လျှို့ဝှက်ချက်များကိုဖော်ပြခဲ့ခြင်းမှလွဲ၍ ခရစ်တော်သည် ၎င်းတို့အကြားတွင် မည်သည့်နိမိတ်လက္ခဏာကိုမျှပြတော်မမူခဲ့ချေ။ သို့သော်ငြားလည်း သူတို့သည် ကိုယ်တော်ကို လက်ခံခဲ့ကြသည်။ ၎င်းပြင် "ယခုဖြစ်လျှင် ငါတို့သည် သင်၏စကားကြောင့်သာ ယုံကြည်သည်မဟုတ်။ စကားတော်ကိုကိုယ်တိုင်ကြားနာရ၍ ဤသူသည် လောကီသားတို့ကိုကယ်တင်တော်မူသောသခင်တည်းဟူသော ခရစ်တော်





အမှန်စင်စစ်ဖြစ်တော်မူကြောင်းကိုသိသည်" ဟု သူတို့သည် ထိုအမျိုးသမီးအားဝမ်းသာစွာဖြင့်ပြောဆိုကြပါသည်။

မေရှိယအရှင်သည် ကယ်တင်ရှင်တစ်ပါးအနေဖြင့် ယုဒလူများအတွက်သာမက ကမ္ဘာသူကမ္ဘာသားအားလုံးအတွက် ကြွလာတော်မူမည်ဟု ရှမာရိများကယုံကြည်ခဲ့ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်ထံမှစေလွှတ်သောပုရောဖက်တစ်ပါးအနေဖြင့် ကြွလာမည့်ကိုယ်တော်အကြောင်းကို မောရှေမှတစ်ဆင့်ကြိုတင်ဟောကြားတော်မူခဲ့ပါသည်။ ကိုယ်တော့်ထံ၌ လူအများစုရုံးကြမည်ကို ယောဘအားဖြင့်လည်းကောင်း၊ ကိုယ်တော်၌ လူမျိုးအပေါင်းတို့သည် ကောင်းချီးချပေးခြင်းခံရမည်ဖြစ်ကြောင်းကို အာဗြဟံအားဖြင့်လည်းကောင်း သန့်ရှင်းသောဝိညာဉ်တော်သည် ကြိုတင်ဟောကြားခဲ့ပါသည်။ ရှမာရိလူများသည် မေရှိယအပေါ် ယုံကြည်ခြင်းကို ဤကျမ်းချက်များအပေါ်တွင် အခြေပြုထားကြပါသည်။ ခရစ်တော်၏ပထမအကြိမ်ကြွလာခြင်းကို ဘုန်းတော်နှင့်ကြွလာမည့် ဒုတိယကြွလာခြင်းနှင့် မှားယွင်းစွာမှတ်ယူ၍ နောက်ပိုင်းပုရောဖက်များ၏ စကားများကို ယုဒလူများသည် လွဲမှားစွာအနက်ဖွင့်ခဲ့ကြသဖြင့် ရှမာရိလူများသည် မောရှေရေးသားခဲ့သောစာများမှလွဲ၍ ကျန်ကျမ်းစာအားလုံးကို ပစ်ပယ်ခဲ့ကြပါသည်။ သို့သော်လည်း ခရစ်တော်သည် မှားယွင်းသော ဤအနက်ဖွင့်ခြင်းများကို ချေဖျက်လိုက်သောအခါ များစွာသောရှမာရိများသည် နောက်ပိုင်းပုရောဖက်များ၏အနာဂတ္တိစကားများကိုလည်းကောင်း၊ နိုင်ငံတော်နှင့်ပတ်သက်သော ခရစ်တော်ကိုယ်တော်တိုင်မိန့်တော်မူခဲ့သည့်စကားများကိုလည်းကောင်း လက်ခံခဲ့ကြပါသည်။

သခင်ယေရှုသည် ယုဒလူများနှင့်တစ်ပါးအမျိုးသားများအကြား တည်ရှိနေသည့်အုတ်တံတိုင်းများကိုဖြိုဖျက်၍ ကမ္ဘာအားကယ်တင်ခြင်းသတင်းစကားဟောပြောရန် အစပျိုးတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ယုဒလူမျိုးတစ်ယောက်ဖြစ်သော်လည်း မိမိအမျိုးသားများ၏ ဖါရိရှဲဓလေ့အကျင့်များကို မထီမဲ့မြင်ပြုလျက် ရှမာရိလူများနှင့်လွတ်လွတ်လပ်လပ် ရောပြွမ်းနေထိုင်တော်မူခဲ့ပါသည်။ ဖါရိရှဲများ၏တစ်ဖက်သတ်အထင်လွဲမှု

များတို့ကိုဆန့်ကျင်၍ ၎င်းတို့မထီမဲ့မြင်ပြုခဲ့ကြသည့် ရှမာရိလူများ၏ ဧည့်ဝတ်ပြုမှုကို ကိုယ်တော်လက်ခံတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ၎င်းတို့၏အိမ်အမိုးအောက်တွင်အိပ်ခဲ့ပြီး ၎င်းတို့၏လက်ဖြင့်ပြင်ဆင်ကျွေးမွေးသည့်အစာများကို ၎င်းတို့နှင့်အတူစားပွဲ၌ထိုင်၍စားခဲ့သည်။ သူတို့၏လမ်းများထဲတွင် သူတို့အား ကိုယ်တော်သွန်သင်တော်မူခဲ့ပြီး အလွန်ကြင်နာယဉ်ကျေးစွာဖြင့် ၎င်းတို့အား ဆက်ဆံတော်မူခဲ့ပါသည်။

ယေရုရှလင်မြို့ရှိ ဗိမာန်တော်အပြင်ပရိဝုဏ်နှင့် ဗိမာန်တော်၏ သန့်ရှင်းသောအခြားအပိုင်းများကို ခွဲခြားထားသည့်နံရံအနိမ့်ကလေး တစ်ခုရှိပါသည်။ ယုဒလူများမှလွဲ၍ မည်သူမဆို ထိုနံရံနယ်နိမိတ်ကို မကျော်ဖြတ်ရဟု ဘာသာစကားမျိုးစုံနှင့်ရေးသားထားသည့်စာတမ်းကလေး တစ်ခုရှိပါသည်။ တစ်ပါးအမျိုးသားတစ်ယောက်သည် ဗိမာန်တော်အတွင်းပိုင်းသို့ကျူးကျော်ဝင်ရောက်လာခဲ့ပါလျှင် သူသည် ဗိမာန်တော်အား ညစ်ညူးစေသောကြောင့် အသေခံရမည်ဖြစ်ပါသည်။ သို့သော် ဗိမာန်တော်နှင့်တကွ ဗိမာန်တော်အခမ်းအနားများကိုတည်ထောင်ခဲ့သူဖြစ်သော ခရစ်တော်သည် မိမိ၏ဘုရားကရုဏာတော်အားဖြင့် ယုဒလူများငြင်းပယ်ခဲ့ကြသောကယ်တင်ခြင်းကို ၎င်းတို့ထံယူဆောင်ခဲ့ပြီး လူသားမေတ္တာနှင့်နှောင်ဖွဲ့၍ ကိုယ်တော်ထံသို့တစ်ပါးအမျိုးသားများအား ဆွဲယူတော်မူခဲ့ပါသည်။

ရှမာရိပြည်တွင် ခရစ်တော်နေထိုင်တော်မူခဲ့ခြင်းသည် ယုဒလူမျိုးများ၏ တစ်ယူသန်မှုများ၏ဩဇာသက်ရောက်မှုအောက်တွင်ရှိနေဆဲဖြစ်သော တမန်တော်များအတွက် ကောင်းချီးမင်္ဂလာတစ်ခုဖြစ်ရန် ကြံရွယ်ခဲ့ပါသည်။ မိမိအမျိုးသားရင်းများကို သစ္စာစောင့်သိခြင်းသည် ရှမာရိများအား ရန်ငြိုးထားရန်လိုအပ်သည်ဟု တမန်တော်များကခံယူခဲ့ကြပါသည်။ သခင်ယေရှုသည် ထိုကဲ့သို့ပြုမူဆောင်ရွက်တော်မူသည့်အတွက် သူတို့အံ့သြကြရပါသည်။ သူတို့သည် ရှမာရိတွင်နေထိုင်စဉ် နှစ်ရက်အတောအတွင်း၌ ကိုယ်တော်၏ပုံသက်သေအတိုင်းလိုက်လျှောက်ရန် မငြင်းဆိုနိုင်ခဲ့ကြချေ။ ကိုယ်တော်ရှင်အား သစ္စာစောင့်သိနေရခြင်းကြောင့် ၎င်းတို့၏တစ်ဖက်သတ်



အထင်လွဲမှုများကို ထိန်းထားရသော်လည်း စိတ်နှလုံးထဲတွင်ရှိသော မထီလေးစားလုပ်မှုများနှင့် မုန်းတီးမှုများနေရာ၌ သနားကြင်နာခြင်း၊ ကိုယ်ချင်းစာခြင်း စသည့်စိတ်သဘောထားများကို အစားထိုးပေးရမည်ကို နားလည်မှုနှေးကွေးနေကြ၏။ သို့သော် သခင်ဘုရားသည် ကောင်းကင်နိုင်ငံတော်သို့တက်ကြွသွားပြီးသောအခါ ကိုယ်တော်ပေးတော်မူခဲ့သော သင်ခန်းစာများသည် ၎င်းတို့အတွက် အသစ်သောအဓိပ္ပါယ်တစ်ခုဖြစ်စေခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းခံရပြီးနောက် သူတို့သည် ကိုယ်တော်ရှင်၏အဆင်းသဏ္ဍာန်နှင့်သွန်သင်စကားများကိုလည်းကောင်း၊ ဤအနှိမ်ခံလူသားများအပေါ်ထားရှိခဲ့သည့် ကိုယ်တော်၏လေးစားမှုများနှင့် သိမ်မွေ့နူးညံ့စွာဆက်ဆံမှုများကိုလည်းကောင်း ပြန်လည်သတိရခဲ့ကြပါသည်။ ရှင်ပေတရုသည် ရှမာရိသို့တရားဟောရန်သွားသော အချိန်၌ ထိုစိတ်ထားမျိုးနှင့်ပင်သွားရောက်လုပ်ကိုင်ခဲ့ပါသည်။ ဧဖက်နှင့် စမုရနအသင်းတော်များအတွက် ရှင်ယောဟန်အားခေါ်တော်မူသောအချိန်တွင် သူသည် ဤမြင်ကွင်းကိုပြန်လည်သတိရကာ မိမိတို့ကြုံတွေ့ရမည့် အခက်အခဲများကို ကြိုတင်တွေ့မြင်ပြီး မိမိ၏ပုံသက်သေအားဖြင့် ၎င်းတို့အားကူညီတော်မူခဲ့သောခရစ်တော်အား ကျေးဇူးတင်ခဲ့ပါသည်။

ကိုယ်တော်ရှင်သည် ရှမာရိအမျိုးသမီးအား အသက်ရေပေးရန် ကမ်းလှမ်းခဲ့သောအချိန်မှာကဲ့သို့ပင် ယခုလည်း ကမ်းလှမ်းဆဲဖြစ်ပါသည်။ မိမိကိုယ်ကို ခရစ်တော်၏နောက်လိုက်ဟုခေါ်ဝေါ်ကြသူများသည် အနှိမ်ခံ ဝိုင်းပယ်ထားသည့်သူများအား မထီလေးစားပြုကောင်းပြုကြပါမည်။ ရှောင်ဖယ်ကောင်းရှောင်ဖယ်ကြပါမည်။ သို့သော် မည်သည့်အခြေအနေနှင့် လူမျိုးရေးအခြေအနေများသည်လည်းကောင်း၊ အသက်တာအခြေအနေများသည်လည်းကောင်း သားသမီးများအပေါ်ထားရှိသော ကိုယ်တော်၏ မေတ္တာကို မပြောင်းလဲစေနိုင်ပါချေ။ မည်မျှပင်အပြစ်များသောအသက်ဝိညာဉ်များကိုမဆို ကိုယ်တော်ရှင်မိန့်တော်မူသည်ကား “သင်တို့သည် ငါ့ထံတွင်တောင်းလျှောက်ကြလျှင် ငါသည် သင်တို့အားအသက်ရေကို ပေးမည်” ဟူ၍ဖြစ်ပါသည်။

ဧဝံဂေလိတရားတော်၏ဖိတ်ခေါ်ချက်သည် ရွေးချယ်ထားသည့်လူနည်းစုအတွက်သာကျဉ်းကျဉ်းမြောင်းမြောင်းတင်ပြရန်မဟုတ်ချေ။ ဤသတင်းစကားသည် လူသတ္တဝါအားလုံးကိုဟောကြားရန်ဖြစ်ပါသည်။ သမ္မာတရားကိုလက်ခံရယူရန် ဖွင့်ထားသောစိတ်နှလုံးတို့အား ခရစ်တော်သည် သွန်သင်ရန်အသင့်ရှိတော်မူပါသည်။ ကိုယ်တော်ရှင်သည် ခမည်းတော်ဘုရားကိုလည်းကောင်း၊ စိတ်နှလုံးများကိုဖတ်နိုင်သည့် ကိုယ်တော်ဘုရားလက်ခံနိုင်သောကိုးကွယ်မှုကိုလည်းကောင်း သူတို့အား အသိပေးတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ထိုအရာများကိုသွန်သင်ရန်အတွက် ပုံပမာများကိုအသုံးပြုတော်မမူခဲ့ချေ။ ရေတွင်း၌ ထိုအမျိုးသမီးအား မိန့်တော်မူသကဲ့သို့ သူတို့အားလည်း "သင်နှင့်စကားပြောသောငါသည် မေရှိယဖြစ်သည်" ဟု မိန့်တော်မူ၏။

ခရစ်တော်သည် ယာကုပ်ရေတွင်းနားတွင် အနားယူရန်ထိုင်တော်မူသောအချိန်သည် အမှုတော်တိုးတက်ထွန်းကားမှုနည်းပါးခဲ့သောယုဒပြည်မှကြွလာတော်မူခဲ့သည့်အချိန်ဖြစ်ပါသည်။ ကိုယ်တော်သည် ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာများ၏ငြင်းပယ်ခြင်းကိုခံခဲ့ရပြီး မိမိ၏တမန်တော်များဟု ခေါ်ဝေါ်သောသူများသည်ပင်လျှင် ကိုယ်တော်၏ဘုရားဇာတိတော်ကိုမသိမြင်ခဲ့ကြချေ။ ကိုယ်တော်ရှင်သည် ခရီးပန်း၍အားနည်းနေသော်လည်း သူစိမ်းဖြစ်သောဣသရေလများနှင့်ဆန့်ကျင်ဖီလာဖြစ်သောအပြစ်ကိုပြောင်ကျကျကျူးလွန်နေသောအမျိုးသမီးတစ်ဦးနှင့်စကားပြောခွင့်ကိုမူ လျစ်လျူရှုတော်မမူခဲ့ချေ။

ကိုယ်တော်သည် တရားနာပရိသတ်များစွာစုရုံးသည်အထိစောင့်တော်မမူဘဲ မကြာခဏပင် မိမိ၏အနီးပတ်ဝန်းကျင်တွင်ရှိသောလူအနည်းငယ်နှင့်သင်ခန်းစာကိုအစပြုခဲ့ပါသည်။ ထိုနောက်မှအနားတွင်ဖြတ်သွားသောလူများသည် တစ်ယောက်ပြီးတစ်ယောက်ရပ်တန့်နားထောင်ကာ နောက်ဆုံးတွင်လူအုပ်ကြီးဖြစ်လာပြီး ကိုယ်တော်မှတစ်ဆင့်ကြားနာရသောဘုရားသခင်၏နှုတ်ကပတ်တော်များကို အံ့ဩကြောက်ရွံ့စွာဖြင့် တရားနာခဲ့ကြပါသည်။ ခရစ်တော်၏အမှုတော်ဆောင်များ



သည်လည်း ထိုနည်းတူပြုသင့်ကြပါသည်။ ပရိသတ်များသောနေရာတွင်ဟောကြားသကဲ့သို့ ပရိသတ်အနည်းစုကိုလည်း တူညီသောစိတ်အားထက်သန်မှုဖြင့် ဟောပြောနိုင်ကြရပါမည်။ တရားနာပရိသတ်သည် တစ်ယောက်တည်းရှိသည်ဆိုဦးတော့၊ ၎င်း၏ဩဇာသက်ရောက်မှုသည်မည်မျှခရီးရောက်သွားမည်ကို မည်သူပြောနိုင်ပါမည်နည်း။ ခရစ်တော်သည် မိမိ၏အချိန်များကို ရှမာရိအမျိုးသမီးတစ်ဦးအတွက် အသုံးချနေခြင်းသည် သေးငယ်သောကိစ္စတစ်ခုဖြစ်သည်ဟု တမန်တော်များအတွက် ထင်ယောင်ထင်မှားဖြစ်ခဲ့ကြပါသည်။ သို့သော် ကိုယ်တော်သည် ဘုရင်များ၊ မင်းတိုင်ပင်အဖွဲ့များနှင့် ယဇ်ပုရောဟိတ်မင်းကြီးများ ကြောင်းကျိုးဖော်ပြပြောဆိုသည်ထက် သူမအားပိုမို၍လှိုက်လှဲစွာဖြင့်စိတ်ပါလာအောင် ဆွဲဆောင်မိန့်တော်မူခဲ့ပါသည်။ ထိုအမျိုးသမီးအား ကိုယ်တော်မိန့်တော်မူခဲ့သောသင်ခန်းစာများသည် ဝေးလံသောနယ်စွန်နယ်ဖျားများသို့တိုင် ပဲ့တင်ထပ်ခဲ့ပါသည်။

သူမသည် ကယ်တင်ရှင်အားတွေ့သည်နှင့်တစ်ပြိုင်နက် အခြားသူများကို ကိုယ်တော်ရှင်ထံသို့ခေါ်ဆောင်လာခဲ့ပါသည်။ သူမသည် ကိုယ်တော်၏တမန်တော်များထက် အမှုတော်ဆောင်လုပ်ငန်းတွင် ထိရောက်မှုရှိကြောင်းကို သက်သေပြနေပါသည်။ တမန်တော်များသည် ရှမာရိပြည်တွင် အမှုတော်အတွက်အားတက်စရာကောင်းသောနေရာလုပ်ကွက်ကိုမမြင်တွေ့ခဲ့ကြချေ။ ကြီးမားသည့်ဤမှုတော်ကြီးကို အနာဂတ်တွင်ပြီးမြောက်အောင်လုပ်ရန် သူတို့စိတ်ပြဋ္ဌာန်းခဲ့ကြသော်လည်း သူတို့၏အနီးအနားတွင် စုသိမ်းရမည့်ရိတ်သိမ်းခြင်းကိုမူ သူတို့မမြင်တွေ့ခဲ့ကြချေ။ ၎င်းတို့အထင်သေးခဲ့သောအမျိုးသမီးအားဖြင့် တစ်မြို့လုံးရှိလူများသည် ကယ်တင်ရှင်၏တရားတော်ကိုနားထောင်ရန်ခေါ်ယူခြင်းကို ခံခဲ့ကြရပါသည်။ သူမသည် မိမိ၏မြို့သားများသို့ အလင်းတရားကိုချက်ချင်းသယ်ဆောင်သွားခဲ့ပါသည်။

ဤအမျိုးသမီးသည် ခရစ်တော်၌ လက်တွေ့ယုံကြည်ခြင်း၏လုပ်ဆောင်မှုကိုပုံဆောင်ပါသည်။ စစ်မှန်သောတမန်တော်တိုင်းသည်

ဘုရားသခင်၏နိုင်ငံတော်အတွက် သာသနာပြုတစ်ဦးအနေဖြင့် မွေးဖွားခြင်းကိုခံရခြင်းဖြစ်ပါသည်။ အသက်ရေကိုသောက်သုံးသောသူမည်သည်ကား အသက်စမ်းရေဖြစ်လာပါသည်။ ရယူသူသည် ပေးကမ်းသူတစ်ဦးဖြစ်လာပါသည်။ အသက်ဝိညာဉ်ထဲတွင်ရှိသော ခရစ်တော်၏ကရုဏာတော်သည် အရာခပ်သိမ်းအားလန်းဆန်းစေရန် ပန်းထွက်နေသောစမ်းရေတွင်းနှင့်လည်းကောင်း၊ ပျက်စီးခြင်းသို့ရောက်လုမတတ်ဖြစ်နေသူများအား အသက်ရေကိုသောက်ချင်စိတ်ဖြစ်လာရန် လုပ်ဆောင်ပေးနေသည့်ကန္တာရထဲမှ စမ်းရေတွင်းနှင့်လည်းကောင်းတူပါသည်။

-ဝ-



## (၂၀)
## သင်တို့သည်နိမိတ်လက္ခဏာနှင့်အံ့ဖွယ်သော အမှုတို့ကိုမမြင်ရလျှင်

ရှင်ယောဟန်ခရစ်ဝင် ၄း၄၃-၅၄ ကိုအခြေပြုထားပါသည်

ပသခါပွဲမှပြန်လာခဲ့ကြသော ဂါလိလဲလူများသည် သခင်ယေရှု၏ အံ့ဩဖွယ်လုပ်ဆောင်မှုသတင်းများကို ယူဆောင်ခဲ့ကြပါသည်။ ကိုယ်တော်ရှင်၏လုပ်ဆောင်မှုများအပေါ် ချမှတ်ခဲ့သည့် ယေရုရှလင်မြို့မှ အကြီးအကဲများ၏စီရင်ဆုံးဖြတ်ချက်များသည် ဂါလိလဲသို့သွားမည့် ကိုယ်တော်ရှင်၏လမ်းခရီးကိုပွင့်စေခဲ့ပါသည်။ များစွာသောယုဒများသည် ဗိမာန်တော်၏ဆိုးရွားသောအကျင့်ဓလေ့များ၊ ယဇ်ပုရောဟိတ်များ၏ လောဘကြီးခြင်းများနှင့် မာန်မာနထောင်လွှားခြင်းများကြောင့် စိတ်နှလုံးမချမ်းမသာဖြစ်ခဲ့ရပါသည်။ ထိုအကြီးအကဲများကို ဗိမာန်တော်မှထွက်ပြေးစေခဲ့သောထိုပုဂ္ဂိုလ်သည် စောင့်မျှော်နေခဲ့သောကယ်တင်ရှင်ဖြစ်နိုင်သည်ဟု သူတို့မျှော်လင့်ခဲ့ကြပါသည်။ သူတို့၏မျှော်မှန်းချက်ကို အတည်ဖြစ်စေပုံပေါ်သည့်သတင်းများသည် ယခုရောက်ရှိလာပါပြီ။ ထိုပုရောဖက်သည် မိမိကိုယ်ကိုမေရှိယဖြစ်သည်ဟု ကြေညာခဲ့ကြောင်း သတင်းပေးပို့ခဲ့ကြပါသည်။

သို့ပါသော်လည်း နာဇရက်မြို့သားများသည် ကိုယ်တော်ကိုမယုံကြည်ခဲ့ကြချေ။ ထိုအကြောင်းကြောင့် ကိုယ်တော်သည် ကာနမြို့သို့အသွားတွင် နာဇရက်မြို့ကိုဖြတ်သန်းမသွားခဲ့ခြင်းဖြစ်ပါသည်။ ပုရောဖက်များသည် မိမိနေရင်းအရပ်၌ အသရေမရှိဟု တမန်တော်များအား ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ လူတို့သည် မိမိတို့နားလည်သဘောပေါက်သလောက်နှင့် အခြားသူများကိုအကဲဖြတ်တတ်ကြပါသည်။ ကျဉ်းမြောင်း၍ လောကဆန်သောသူများသည် ကိုယ်တော်၏နိမ့်ကျသောမွေးဖွားခြင်း၊ နိမ့်ကျသောအဝတ်တန်ဆာနှင့် နေ့စဉ်လုပ်ကိုင်ရသည့်အလုပ်အကိုင်များကိုကြည့်၍

ခရစ်တော်ကိုတန်ဖိုးဖြတ်ခဲ့ကြပါသည်။ သူတို့သည် အပြစ်အနာအဆာကင်းသောစိတ်နှလုံး၏သန့်ရှင်းစင်ကြယ်မှုကို တန်ဖိုးမထားနိုင်ခဲ့ကြချေ။


ကိုယ်ဒုက္ခစိတ်ဒုက္ခရောက်နေသောသူများအတွက် မျှော်လင့်ချက်ကိုဖြစ်စေသည့် ကာနသို့ ခရစ်တော်ပြန်လာတော်မူကြောင်းသတင်းသည် မကြာမီတွင် ဂါလိလဲပြည်အနှံ့အပြားသို့ပျံ့နှံ့သွားခဲ့ပါသည်။ ထိုသတင်းသည် ကပေရနောင်မြို့တွင်နေထိုင်သောဘုရင့်အမှုတော်မှ အမတ်တစ်ယောက်အား စိတ်ဝင်စားစေခဲ့ပါသည်။ ထိုအမတ်၏သားတစ်ယောက်သည် ကုသ၍မပျောက်ကင်းနိုင်သည့်ရောဂါတစ်ခုကိုခံစားနေရသယောင်ဖြစ်နေပါသည်။ သမားတော်ကြီးများလည်း လက်လျှော့လိုက်ကြပေပြီ။ သို့သော်ဖခင်ဖြစ်သူသည် ခရစ်တော်၏သတင်းကိုကြားသောအခါ ကိုယ်တော်ထံသို့သွား၍ အသနားခံရန်ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ကလေး၏အခြေအနေသည် အတော်ဆိုးနေပေပြီ။ သူပြန်ရောက်လာမည့်အချိန်အထိပင် အသက်ရှင်လိမ့်မည်မဟုတ်ဟု စိုးရိမ်နေကြပါသည်။ သို့စေကာမူ ခရစ်တော်ထံသို့ ဤကိစ္စကိုကိုယ်တိုင်ကိုယ်ကြပ်သွားရောက်တင်ပြရမည်ဟု အမတ်ကမှတ်ယူခဲ့ပါသည်။ ၎င်းပြင် ဖခင်တစ်ဦး၏တောင်းလျှောက်သံသည် ကိုယ်တော်ရှင်၏သနားခြင်းကရုဏာကိုနိုးထစေနိုင်မည်ဟု သူမျှော်လင့်ခဲ့ပါသည်။

ကာနမြို့သို့ရောက်သွားသောအခါ လူအုပ်ကြီးတစ်ခုသည် ခရစ်တော်ကိုဝိုင်းထားသည်ကို သူတွေ့ရှိလိုက်ရပါသည်။ သူသည် ခရစ်တော်၏ရှေ့မှောက်သို့ရောက်ရန် စိုးရိမ်စွာဖြင့် လူအုပ်ကြီးထဲသို့တိုးဝင်သွားခဲ့ပါသည်။ သာမန်အဝတ်ကိုဝတ်၍ ဖုန်များဖြင့်ပေရေကာ ခရီးပန်းနေသောပုဂ္ဂိုလ်တစ်ဦးကိုသူတွေ့လိုက်ရသောအခါ သူ၏ယုံကြည်ခြင်းသည် ယိမ်းယိုင်သွားခဲ့ပါသည်။ မိမိတောင်းခံမည့်အရာကို ဤသူသည် မစနိုင်ပါမည်လားဟုလည်း သံသယဝင်ခဲ့ပါသည်။ သို့စေကာမူ သူသည် သခင်ယေရှုနှင့်တွေ့ဆုံ၍ မိမိလာရင်းကိစ္စကိုပြောပြကာ မိမိနှင့်အတူ အိမ်သို့လိုက်ပါ၍ကြွတော်မူရန် ကိုယ်တော်အားတောင်းပန်တော်မူခဲ့ပါသည်။ ခရစ်တော်သည် ထိုသူ၏စိတ်သောကဝမ်းနည်းမှုကိုသိရှိထားပြီးဖြစ်ပါသည်။ ထိုအမတ်



သည် အိမ်မှထွက်ခွာမလာမီကပင် ၎င်းခံစားနေရသောစိတ်ဒုက္ခကို ကိုယ်တော်ရှင်သိမြင်တော်မူခဲ့ပါသည်။

၎င်းပြင် ဤသူသည် ၎င်း၏စိတ်ထဲ၌ ကိုယ်တော်အားယုံကြည်ခြင်းနှင့်ပတ်သက်၍ အခြေအနေများကိုတွက်ဆနေကြောင်းကိုလည်း ကိုယ်တော်သိရှိတော်မူခဲ့ပါသည်။ ၎င်း၏တောင်းလျှောက်မှုများကို မလိုက်လျောခဲ့လျှင် ဤသူသည် ယေရှုအား မေရှိယအနေဖြင့် လက်ခံလိမ့်မည်မဟုတ်ချေ။ ထိုအမတ်သည် စိတ်မဝေခွဲနိုင်ဘဲရှိနေစဉ်တွင် ယေရှုက "သင်သည် နိမိတ်လက္ခဏာနှင့် အံ့ဩဖွယ်သောအမှုတို့ကိုမမြင်ရလျှင် ယုံကြည်လိမ့်မည်မဟုတ်" ဟုမိန့်တော်မူပါသည်။



ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း သက်သေအထောက်အထားအားလုံးရှိပင်ရှိငြားသော်လည်း ထိုသူသည် ၎င်း၏တောင်းခံချက်ကို ပေးသနားတော်မူခြင်းအပေါ်တွင်မူတည်၍ ကိုယ်တော်အားယုံကြည်ရန် စိတ်ပြဋ္ဌာန်းထားခဲ့ပါသည်။ ကယ်တင်ရှင်သည် မေးခွန်းထုတ်နေသည့် ဤမယုံကြည်မှုနှင့် နိမိတ်လက္ခဏာတစ်ခုကိုမျှ တောင်းဆိုခြင်းမပြုခဲ့သည့်

ရှမာရိများ၏ယုံကြည်ခြင်းကို ကွဲပြားခြားနားအောင်သိသာရန်ယှဉ်၍ ပြသတော်မူခဲ့ပါသည်။ ကိုယ်တော်၏ဘုရားဇာတိတော်အတွက် အမြဲတမ်းထင်ရှားပေါ်လွင်နေသော ကိုယ်တော်၏နှုတ်ကပတ်တော်သည် ၎င်းတို့၏စိတ်နှလုံးသို့တိုင် ထိုးဖောက်ရောက်ရှိနိုင်သော သဘောပေါက်နားလည်စေနိုင်သည့် တန်ခိုးတော်တစ်ခုဖြစ်ပါသည်။ နှုတ်ကပတ်တော်ကိုအပ်နှံခြင်းခံရသော မိမိ၏လူမျိုးများသည် သားတော်မှတစ်ဆင့် ၎င်းတို့အား မိန့်တော်မူနေသော ဘုရားသခင်၏အသံတော်ကို နားထောင်ရန်ပျက်ကွက်ခဲ့ကြသောကြောင့် ခရစ်တော်သည် နာကျင်မှုဝေဒနာကို ခံစားတော်မူခဲ့ရပါသည်။

သို့သော်လည်း ထိုအမတ်တွင် ယုံကြည်ခြင်းအားကောင်းခဲ့ပါသည်။ အကြောင်းမူကား သူသည် ကောင်းချီးမင်္ဂလာများတွင် သူ့အတွက် အမွန်မြတ်ဆုံးဟုထင်ရသည့် ကောင်းချီးမင်္ဂလာကိုလာ၍တောင်းခံသောကြောင့်ဖြစ်ပါသည်။ ၎င်းတောင်းသည့်အရာထက် ကောင်းသောကောင်းချီးမင်္ဂလာသည် ခရစ်တော်၌ရှိတော်မူ၏။ ကိုယ်တော်ရှင်သည် ထိုကလေးငယ်ကိုကုသပေးရန်အတွက်သာမကဘဲ ထိုအမတ်နှင့်အိမ်သူအိမ်သားအားလုံးသည် ကယ်တင်ခြင်းကောင်းချီးမင်္ဂလာကို မျှဝေခံစားသူများဖြစ်စေရန်အတွက်သော်လည်းကောင်း၊ မကြာမီအတောအတွင်းတွင် မိမိအမှုတော်ဆောင်မည့် နေရာဒေသဖြစ်လာမည့် ကပေရနောင်တွင် အလင်းတရားကိုအစပျိုးရန်အတွက်သော်လည်းကောင်း အလိုရှိတော်မူပါသည်။ သို့သော်ထိုအမတ်သည် ခရစ်တော်ထံမှကရုဏာတော်ကိုမရယူမီ မိမိ၏လိုအပ်ချက်ကိုသိရှိရမည်ဖြစ်ပါသည်။ သူသည် မိမိအမျိုးသားချင်းများမှ များစွာသောလူများကိုကိုယ်စားပြုခဲ့ပါသည်။ သူတို့သည် အတ္တနှင့်နွယ်၍ ခရစ်တော်ကိုစိတ်ဝင်စားခဲ့ကြပါသည်။ ကိုယ်တော်၏တန်ခိုးတော်အားဖြင့် အကျိုးထူးများကိုရရှိရန် မျှော်လင့်ခဲ့ကြပါသည်။ လောကနှင့်ပတ်သက်သောကောင်းချီးမင်္ဂလာပေးသနားခြင်းအပေါ်တွင် ၎င်းတို့၏ယုံကြည်ခြင်းကို အခြေစိုက်ထူခဲ့ကြပါသည်။ သို့သော်သူတို့သည် မိမိတို့၏ဝိညာဉ်ရေးရောဂါများကို မသိရှိခဲ့ကြဘဲ ဘုရားသခင်၏ကရုဏာတော်လိုအပ်ကြောင်းကို မတွေ့မြင်ခဲ့ကြချေ။



ကယ်တင်ရှင်၏နှုတ်ထွက်စကားများသည် လျှပ်တစ်ပြက်အလင်းတန်းတစ်ခုကဲ့သို့ ထိုအမတ်၏စိတ်နှလုံးသည် ထင်ရှားစွာဖော်ပြခဲ့ပါသည်။ ခရစ်တော်ထံ၌ သူပြုလုပ်နေသောတောင်းဆိုမှုတွင် အတ္တသဘောများရှိနေကြောင်းကို သူသိခဲ့ရပါသည်။ ယိမ်းယိုင်နေသောသူ၏ယုံကြည်ခြင်းသည် ဇာတိရုပ်အမှန်အတိုင်း သူ့ကိုသိသာထင်ရှားစေခဲ့ပါသည်။ သူ၏သံသယစိတ်သည် သားငယ်၏အသက်ကိုပင်ထိပါးနိုင်ကြောင်း စိတ်သောကရောက်စွာဖြင့် သူသိရှိခဲ့ရပါသည်။ မိမိ၏စိတ်နှလုံးကိုဖတ်နိုင်သည့် ပုဂ္ဂိုလ်တစ်ပါးရှေ့မှောက်တွင်ရောက်ရှိနေကြောင်းကိုလည်းကောင်း၊ ထိုသခင်သည် အရာရာကိုတတ်နိုင်တော်မူသည်ကိုလည်းကောင်း သူသိရှိခဲ့ပါသည်။ ထို့ကြောင့် "သခင်၊ ကျွန်ုပ်သားမသေမီကြွတော်မူပါ" ဟု စိတ်နှလုံးမချမ်းမြေ့စွာဖြင့် သူအော်ဟစ်တောင်းခံခဲ့ပါသည်။ ယာကုပ်သည် ကောင်းကင်တမန်နှင့်နပန်းလုံးစဉ် "ကိုယ်တော်သည် ကျွန်ုပ်ကိုကောင်းချီးမပေးလျှင်မသွားရ" ဟု ဟစ်ကြွေး၍ဖက်ထားသကဲ့သို့ သူ၏ယုံကြည်ခြင်းသည် ခရစ်တော်ကိုကိုင်စွဲထားခဲ့ပါသည်။

ယာကုပ်ကဲ့သို့ပင် သူအောင်မြင်ခဲ့ပါသည်။ လိုအပ်ချက်ကိုတောင်းခံလျက် မိမိအားဆည်းကပ်နေသောအသက်ဝိညာဉ်တစ်ခုလုံးထံမှ ကိုယ်တော်သည် မဆုတ်ခွာနိုင်ခဲ့ဘဲ "သွားလော့၊ သင်၏သားသည် အသက်ချမ်းသာရပြီ" ဟု မိန့်တော်မူလိုက်၏။ အမတ်သည် ယခင်ကမခံစားခဲ့ရဖူးသောငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းများကိုခံစားလျက် ကယ်တင်ရှင်၏ရှေ့မှောက်မှထွက်ခွာသွားခဲ့ပါသည်။ သူ၏သားသည် ပြန်လည်ကျန်းမာလာမည်ကို သူယုံကြည်သည့်ပြင် ခရစ်တော်အား ကယ်တင်ရှင်တစ်ပါးအနေဖြင့် ကြီးမားသောယုံကြည်စိတ်ချမှုမျိုးဖြင့် ကိုးစားခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် ကပေရနောင်မြို့ရှိနေအိမ်၌ သေလုမြောပါးဖြစ်နေသောကလေးငယ်၏နံဘေးတွင် ပြုစုနေကြသူများသည် နားလည်ဖို့ခက်လှသောတစ်မုဟုတ်ချင်းပြောင်းလဲမှုကို တွေ့မြင်ခဲ့ကြရပါသည်။ ကလေးငယ်၏မျက်နှာမှ သေတော့မည့်အရိပ်အယောင်သည် ပျောက်လွင့်သွားခဲ့ပြီး အဖျားသွေးများမရှိတော့ဘဲ ပြန်လည်ကျန်းမာလာခဲ့ပါသည်။

မှုန်ရီနေသောမျက်လုံးအစုံသည် အသိစွမ်းအားကလေးနှင့်အတူ ပြန်လည်တောက်ပလာခဲ့ပါသည်။ အင်အားချည့်နဲ့ပြီး ပိန်ချုံးနေသောကိုယ်ခန္ဓာသည်လည်း အားအင်များပြန်လည်ပြည့်ဖြိုးလာခဲ့ပါသည်။ ကလေးငယ်တွင် ရောဂါဖိစီးခြင်း၏အရိပ်အမြွက်ကိုမျှမတွေ့ရတော့ချေ။ ခြစ်ခြစ်တောက်ပူနေသောသူ၏အသားများသည် နူးညံ့စိုစွတ်လာခဲ့ပြီး သူသည် ငြိမ်သက်စွာ အိပ်မောကျသွားခဲ့ပါသည်။ သူ့အဖျားသည် ပူအိုက်နေသောနေ့အချိန်ကြီးမှာပင်ကျသွားခဲ့ပါသည်။ မိသားစုများသည် အံ့ဩဝမ်းမြောက်ခဲ့ကြရပါသည်။

ကာနမြို့သည် ကပေရနောင်မြို့နှင့်များစွာမဝေးကွာသဖြင့် ခရစ်တော်နှင့်တွေ့ဆုံပြီးနောက် ပြန်သွားခဲ့သောထိုအမတ်သည် ညနေခင်းလောက်တွင် အိမ်သို့ရောက်ရှိသွားနိုင်သော်လည်း သူသည် အိမ်အပြန်ခရီးကိုဖြည်းဖြည်းဆေးဆေးပြန်သွားခဲ့ရာ နောက်တစ်နေ့နံနက်ခင်းရောက်မှကပေရနောင်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ အိမ်အပြန်ခရီးကို ဘာကြောင့်ယခုလိုဖြည်းဖြည်းဆေးဆေးလုပ်နေရတာလဲ။ ခရစ်တော်နှင့်တွေ့ရန် သူသွားခဲ့သောအချိန်တွင် သူ၏စိတ်နှလုံးသည် လေးလံနေခဲ့ပါသည်။ နေမင်းကြီးကလည်း သူ့ကိုရက်စက်နေသည့်ပြင် ငှက်ကလေးများကလည်း သူ့ကိုလှောင်ပြောင်နေခဲ့ကြပါသည်။ ယခုခံစားချက်သည် အခြေအနေနှင့် မည်မျှကွာခြားလိုက်ပါသလဲ။ သဘာဝအားလုံးသည် အသစ်သောမြင်ကွင်းတစ်ခုကိုဝတ်ခြုံထားပါသည်။ အသစ်သောမျက်လုံးအစုံနှင့် သူမြင်တွေ့ရပါသည်။ သူသည် ငြိမ်သက်နေသောနံနက်လင်းအားကြီးတွင် ခရီးသွားနေစဉ် ခပ်သိမ်းသောသဘာဝတရားများသည် သူနှင့်အတူ ဘုရားသခင်ကိုချီးမွမ်းထောမနာပြုနေသယောင်တွေ့မြင်ရပါသည်။ သူသည် အိမ်နှင့်အတော်ဝေးဝေးနေရာသို့ရောက်ရှိလာစဉ်တွင် ၎င်းခံစားရမည်ဟု သူတို့သေချာပေါက်သိထားသည့်စိုးရိမ်မှုများပျောက်လွင့်သွားဖို့ သတင်းပေးရန် ကျွန်တစ်ယောက်သည် ၎င်းထံသို့ထွက်လာနေပါသည်။ ၎င်း၏သတင်းပို့ချက်ကို သူသည်အံ့အားသင့်ဖော်မပြဘဲ မည်သည့်အချိန်တွင်စ၍ သက်သာခဲ့ကြောင်းကိုသာစိတ်ဝင်တစားမေးမြန်းတော်မူလျှင် "မနေ့ခုနစ်နာရီအချိန်၌ဖျားနာပျောက်ပါသည်" ဟုပြန်ပြောခဲ့ပါသည်။ ထိုအချိန်ကား "သင့်သားအသက်



ချမ်းသာရပြီ" ဟု ယေရှုမိန့်တော်မူသောအချိန်ဖြစ်သည်။ ဘုရားသခင်၏မေတ္တာတော်သည် သေလုဆဲကလေးငယ်ကို တို့ထိတော်မူခဲ့ပြီ။

အဘသည်သားငယ်ကိုနှုတ်ဆက်ရန် အမြန်လျှောက်၍သွားနေပါသည်။ ထိုနောက် သေရွာပြန်ကလေးဖြစ်သည့်သားကလေးအား ပိုက်ပွေ့ထားလိုက်ပြီး ဤကဲ့သို့အံ့ဩဖွယ်ကောင်းသောပြန်လည်ကျန်းမာလာခြင်းအတွက် သူသည် ဘုရားသခင်အားအထပ်ထပ်ကျေးဇူးတင်ခဲ့ပါသည်။

ထိုအမတ်သည် ခရစ်တော်၏အကြောင်းကိုပို၍သိရှိရန်တောင့်တခဲ့ပါသည်။ နောက်ပိုင်းတွင် သူနှင့်တကွအိမ်သူအိမ်သားများသည် ကိုယ်တော်၏သွန်သင်ချက်များကိုကြားနာခဲ့ရသဖြင့် တစ်အိမ်သားလုံးသည် တပည့်တော်များဖြစ်လာခဲ့ကြသည်။ သူတို့ခံစားခဲ့ရသောပူပင်သောကများတို့ကို တစ်အိမ်သားလုံး၏ အသစ်သောပြောင်းလဲခြင်းဖြစ်လာရန် သန့်စင်စေခဲ့ပါသည်။ ဤနိမိတ်လက္ခဏာပြုသည့်သတင်းသည် ပျံ့နှံ့သွားပြီး ကြီးမားသောအမှုတော်ကိုပြီးစီးစွာလုပ်ဆောင်ခဲ့သည့်ကပေရနောင်တွင် ခရစ်တော်၏ပုဂ္ဂလိကအမှုတော်အတွက် လမ်းပြင်ဆင်ပေးခဲ့ပါသည်။

ကပေရနောင်မြို့မှအမတ်အား ကောင်းချီးချပေးခဲ့သောကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အားလည်း ကောင်းချီးချပေးရန် အလိုတော်ရှိနေပါသည်။ သို့သော် ပူပင်သောကရောက်ခဲ့သည့် ထိုဖခင်ကဲ့သို့ပင်ကျွန်ုပ်တို့သည် လောကကောင်းကျိုးများကိုရလိုသောဆန္ဒဖြင့်သာ ခရစ်တော်ကိုမကြာခဏရှာဖွေခဲ့ကြပါသည်။ ၎င်းပြင် မိမိတို့၏တောင်းဆိုချက်ကိုလိုက်လျောပေးသနားမှုပေါ်တွင်မူတည်၍ ကိုယ်တော်၏မေတ္တာတော်ကိုကျွန်ုပ်တို့ခိုနားယုံကြည်နေကြပါသည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့တောင်းသောအရာထက် ကောင်းသောကောင်းချီးမင်္ဂလာကိုပေးရန် ဆန္ဒရှိတော်မူပါသည်။ ၎င်းပြင် ကျွန်ုပ်တို့၏စိတ်နှလုံးများ၏မိုက်မဲမှုများကိုလည်းကောင်း၊ ကိုယ်တော်၏ကရုဏာတော်ကို ကျွန်ုပ်တို့အလွန်လိုအပ်ကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့အားပြနိုင်ဖို့ရန်အတွက် ကိုယ်တော်သည်ကျွန်ုပ်တို့တောင်းဆိုချက်များအတွက် အဖြေကိုဆိုင်းငံ့ထားတတ်ပါသည်။ ကိုယ်တော်ရှင်ကိုအသနားခံရန် ကျွန်ုပ်တို့အားလှုံ့ဆော်ပေးနေသောအတ္တ

စိတ်များကိုစွန့်ပယ်ရန် ကိုယ်တော်အလိုရှိတော်မူပါသည်။ ကျွန်ုပ်တို့၏ ခိုကိုးရာမဲ့ခြင်းနှင့် အမှန်တကယ်လိုအပ်ချက်များကိုဝန်ခံလျက် ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၏မေတ္တာတော်ကို လုံးလုံးလျားလျားယုံကြည်ကိုးစားကြရန်ဖြစ်ပါသည်။

ထိုအမတ်သည် ကိုယ်တော်အားမယုံကြည်မီ မိမိ၏ဆုတောင်းချက်ပြည့်စုံခြင်းကိုမြင်တွေ့ရန်ဆန္ဒရှိခဲ့ပါသည်။ သူ၏ဆုတောင်းချက်ကို နားညောင်း၍ ကောင်းချီးမင်္ဂလာပေးသနားခြင်းခံရစေရန် ခရစ်တော်၏ နှုတ်ထွက်စကားတော်များကို လက်ခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤသင်ခန်းစာကိုမှတ်ယူရပါမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းချက်များကို နားညောင်းကြောင်း သိမြင်ခံစားရသည့်အတွက်ကြောင့် ဘုရားကိုယုံကြည်ကြသည်မဟုတ်ဘဲ ကိုယ်တော်၏ကတိတော်များကို ကျွန်ုပ်တို့ကိုးစားယုံကြည်ကြရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်ထံသို့ချဉ်းကပ်သောအခါ ဆုတောင်းချက်တိုင်းသည် ဘုရားသခင်၏နှလုံးတော်ထဲသို့ တိုးဝင်သွားခဲ့ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ထံမှကောင်းချီးမင်္ဂလာများကို တောင်းခံသောအခါ ကျွန်ုပ်တို့ ရရှိပြီဆိုသည်ကို ယုံကြည်သင့်ပြီး ရရှိပြီးဖြစ်သည်ဟု မှတ်ယူလျက် ကိုယ်တော်အားကျေးဇူးတင်သင့်ပါသည်။ ထိုနောက် အမှန်တကယ်လိုအပ်လာသောအချိန်တွင် ကောင်းချီးမင်္ဂလာများသည် အမှန်တကယ်အကောင်အထည်ပေါ်လာလိမ့်မည်ဟုစိတ်ချလျက် မိမိတို့၏တာဝန်များကို ကျွန်ုပ်တို့ဆက်လက်လုပ်ကိုင်ရန်သာဖြစ်ပါသည်။ ဤအရာကိုလုပ်ဆောင်ရန် လေ့ကျက်ပြီးသောအချိန်တွင် ကျွန်ုပ်တို့၏ဆုတောင်းသံများကို အဖြေပေးမည်ဟု ကျွန်ုပ်တို့သိရှိကြရလိမ့်မည်။ "အလွန်ထူးခြားစွာပြုခြင်းငှါ တတ်နိုင်တော်မူသောဘုရားသခင်သည် ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့်လျော်ညီစွာ အကျွန်ုပ်တို့အတွက်ပြုတော်မူ၍ အလွန်ကြီးလှစွာသောတန်ခိုးတော်ကားအဘယ်မျှလောက်ကြီးသည်ကို ကျွန်ုပ်တို့အားပြတော်မူလိမ့်မည်။" ဧဖက် ၃း၂၀၊ ၁၆။ ၁း၁၉။

-၀-



# (၂၁)
# ဗေသေသဒနှင့်ဆန်ဟီဒရင်

## ရှင်ယောဟန် ၅ ကိုအခြေပြုထားပါသည်

"ယေရုရှလင်မြို့၌ သိုးတံခါးနားမှာ ဟေဗြဲဘာသာစကားအားဖြင့် ဗေသေသဒအမည်ရှိသောရေကန်ရှိ၏။ ထိုရေကန်သည် ကနားပြင်ငါးဆောင်နှင့်ပြည့်စုံ၏။ ထိုကနားပြင်တို့၌ မျက်စိကန်း၊ ခြေမစွမ်း၊ ကိုယ်ပိန်ခြောက်သောသူတို့မှစ၍ အနာရောဂါစွဲသောသူများအပေါင်းတို့သည် ရေလှုပ်ရှားခြင်းကိုမျှော်လင့်၍နေကြ၏။"

အချိန်တန်သောအခါတွင် ရေကန်ထဲမှရေများသည် လှုပ်လာခဲ့ကြပါသည်။ ထိုကဲ့သို့ရေလှုပ်ခြင်းသည် ကောင်းကင်တမန်၏လုပ်ဆောင်ချက်ဖြစ်သည်ဟူ၍လည်းကောင်း၊ ရေလှုပ်နေသောအချိန်တွင် ရေထဲသို့ ပထမဦးဆုံးဆင်းနိုင်သောသူသည် မည်သည့်ရောဂါကိုခံစားနေရသည်ဖြစ်စေကျန်းမာလာလိမ့်မည်ဟူ၍လည်းကောင်း အများအားဖြင့်ယုံကြည်ကြပါသည်။ ရာနှင့်ချီသောရောဂါသည်များသည် ဤနေရာသို့လာရောက်စုရုံးခဲ့ကြပါသည်။ သို့သော်လည်း စုရုံးနေသူများလွန်းသဖြင့် ရေလှုပ်သောအခါ ရေကန်ထဲရောက်ဖို့ မိမိထက်ခွန်အားနည်းသည့်ယောကျ်ား၊ မိန်းမနှင့် ကလေးငယ်များတို့ကိုကျော်နင်းကာ ရှေ့သို့တိုးဝှေ့ကြရပါသည်။ လူများစုသည် ရေကန်နားသို့မရောက်နိုင်ခဲ့ချေ။ လူအုပ်ထဲတွင် မရမကတိုးဝှေ့ချဉ်းကပ်ခဲ့သူများစွာတို့သည်လည်း ရေကန်ဘောင်ပေါ်မှာပင် အသက်ဆုံးရှုံးခဲ့ကြရပါသည်။ နေ့အချိန်၏နေပူဒဏ်နှင့် ညအချိန်၏အချမ်းဒဏ်ကို ကာကွယ်နိုင်ရန် ဖျားနာသူများနေထိုင်သည့်နေရာများတွင် အမိုးအကာများတည်ဆောက်ထားကြပါသည်။ အချို့သောလူများသည် သက်သာခြင်းအတွက် အချည်းနှီးသောမျှော်လင့်ချက်ဖြင့် တစ်နေ့ပြီးတစ်နေ့ ရေကန်ဘောင်စပ်သို့တွားသွားလျက် ဤကနားပြင်များတွင် ညအချိန်ကိုကုန်လွန်စေခဲ့ကြပါသည်။

သခင်ယေရှုသည် ယေရုရှလင်မြို့သို့ တစ်ဖန်ရောက်ရှိလာပြန်ကာ ကမ္ဘဌာန်းရှုခြင်းနှင့် ဆုတောင်းခြင်းများပြုလုပ်ရန် ထိုရေကန်သို့ တစ်ပါးတည်းလမ်းလျှောက်လာခဲ့သည်။ မိမိတို့အတွက် တစ်ခုတည်းသောရောဂါပျောက်ကင်းစေနိုင်သည့်နည်းဖြစ်သည်အထင်နှင့် ရေအလှုပ်ကိုစောင့်စားနေကြသော မစွမ်းမသန်ရောဂါသည်များကို ကိုယ်တော်မြင်တွေ့ခဲ့ရပါသည်။ မိမိ၏တန်ခိုးတော်ကိုအသုံးပြု၍ ရောဂါသည်များကိုကုသပေးလိုလှပါသည်။ သို့သော် ထိုနေ့သည် ဥပုသ်နေ့ဖြစ်ပါသည်။ များစွာသောလူအပေါင်းတို့သည် ဝတ်ပြုကိုးကွယ်ရန်အတွက် ဗိမာန်တော်သို့သွားလျက်ရှိကြပါသည်။ ဥပုသ်နေ့တွင်ရောဂါကုသပေးခြင်းသည် မိမိအမှုတော်ကို ရုပ်တရက်ရပ်စဲစေရန် ယုဒလူများ၏တစ်ဖက်သတ်အထင်လွဲမှုကို နှိုးဆွလိမ့်မည်ဖြစ်ကြောင်းကို ကိုယ်တော်သိတော်မူပါသည်။

သို့ရာတွင် ကိုယ်တော်ရှင်သည် အလွန်ဆိုးရွားစွာအတိဒုက္ခရောက်နေသောရောဂါသည်တစ်ဦးအား တွေ့မြင်တော်မူခဲ့ပါသည်။ ထိုသူသည် နှစ်ပေါင်းသုံးဆယ့်ရှစ်နှစ်လုံးလုံး ခိုကိုးရာမဲ့တုံးလုံးနေခဲ့ရသော ခြေမစွမ်းသူတစ်ဦးဖြစ်ပါသည်။ သူ၏ရောဂါသည် အထူးသဖြင့် သူ၏အပြစ်များကြောင့်ဖြစ်ခဲ့ရပြီး ဘုရားသခင်ထံမှ တရားစီရင်ခြင်းဖြစ်သည်ဟုမှတ်ယူခဲ့ကြပါသည်။ မိမိသည် ဘုရားသခင်၏ကရုဏာတော်ကိုခံစားခွင့်မရနိုင်ရန် တားဆီးပိတ်ပင်ခြင်းခံရသည်ဟုထင်မှတ်လျက် အဖော်မဲ့သောအထီးကျန်ဘဝဖြင့် ဤရောဂါသည်မှာ စိတ်ဆင်းရဲစရာကောင်းသည့် နှစ်ပေါင်းများစွာကို ကျော်ဖြတ်ခဲ့ရပါသည်။ ရေလှုပ်လာတော့မည်ဟုထင်ရသောအချိန်များတွင် ၎င်း၏အကူအညီမဲ့သောအခြေအနေကိုသနားကြသောသူများသည် သူ့အားကနားပြင်များသို့မ၍သယ်ယူခဲ့ကြသော်လည်း ရေလှုပ်သောတစ်ခဏတာအချိန်တွင်မူ သူ့အား ရေကန်ထဲသို့ချပေးမည့်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့ချေ။ သူသည် ရေလှိုင်းများကိုသာ မြင်တွေ့ခဲ့ရသော်လည်း ရေကန်အစွန်းနားထက်ပို၍မရောက်နိုင်ခဲ့ချေ။ သူ့ထက်ပို၍ခွန်အားရှိသောသူများသည် သူ့အလျင်ရေကန်ထဲသို့ဆင်းနိုင်ခဲ့ကြပါသည်။ သူသည် အတ္တများပြီးသူ့ထက်ငါအလုအယက်ဖြစ်နေသောလူအုပ်ကြီးကို မဆိုင်ပြိုင်နိုင်ခဲ့ပါချေ။





ရည်ရွယ်ချက်တစ်ခုအတွက် သူ၏မဆုတ်မနစ်ကြိုးစားမှုများ စိုးရိမ်ပူပန်ခြင်းနှင့် အဆက်မပြတ်စိတ်ပျက်ခဲ့ရခြင်းများသည် ကျန်ကြွင်းနေသောခွန်အားကလေးကို အလျင်အမြန်ပျက်ပြုန်းဆုတ်ယုတ်စေလျက်ရှိပါသည်။ နူးညံ့သိမ်မွေ့၍ သနားကြင်နာမည့် မျက်နှာပိုင်ရှင်တစ်ယောက်သည် သူ့အားငုံ့ကြည့်၍ "သင်သည် ကျန်းမာခြင်းသို့ရောက်လိုသလော" ဟူသောစကားလုံးများအားဖြင့် ၎င်းအားအာရုံစူးစိုက်စေသောအချိန်တွင် ထိုလူနာသည် အခါအားလျော်စွာခေါင်းထောင်လျက် ရေကန်ကိုကြည့်လိုက်၊ ဖျာပေါ်တွင်လဲလျောင်းလိုက်လုပ်နေသောအချိန်ဖြစ်ပါသည်။ သူ၏စိတ်နှလုံးတွင် မျှော်လင့်ချက်ရောင်ခြည်သန်းလာခဲ့ပါသည်။ သူသည် တစ်နည်းနည်းအားဖြင့် အကူအညီရမည်ဟုခံစားမိခဲ့ပါသည်။ သို့သော် မျှော်လင့်ချက်ရောင်ခြည်သည် မကြာမီတွင်ပင် ပျောက်ကွယ်သွားခဲ့ပါသည်။ ရေကန်ထဲတွင်ရောက်အောင် သူဘယ်နှစ်ကြိမ်ကြိုးစားခဲ့ဖူးသည်ကို အောက်မေ့သတိရပြီး ယခုတွင်နောက်တစ်ကြိမ်ရေလှုပ်သည့်အချိန်တိုင်အောင်အသက်ရှင်ရန် အလားအလာနည်းပါးနေခဲ့ပါသည်။ သူသည် ပင်ပန်းနွမ်းနယ်စွာဖြင့် တစ်ဖက်သို့လှည့်သွားပြီး "သခင်၊ ရေလှုပ်ရှားသောအခါရေကန်ထဲသို့ အကျွန်ုပ်ကိုသွင်းထားမည့်သူမရှိပါ။ အကျွန်ုပ်သွားစဉ်တွင် အခြားသောသူသည် အကျွန်ုပ်ရှေ့မှာဝင်တတ်ပါသည်" ဟုလျှောက်လေ၏။

ခရစ်တော်သည် ထိုသူအား ကိုယ်တော်ရှင်၌ယုံကြည်ခြင်းရှိရန် မတောင်းဆိုခဲ့ချေ။ "ထလော့၊ ကိုယ်အိပ်ရာကိုဆောင်၍ လှမ်းသွားလော့" ဟု ရိုးရိုးကလေးမိန့်တော်မူခဲ့ပါသည်။ သို့သော် ထိုသူ၏ယုံကြည်ခြင်းသည် ထိုစကားတော်ကိုဆွဲကိုင်လိုက်ပါသည်။ အကြောများ၊ ကြွက်သားများသည် အသစ်သောအသက်တာဖြင့် နိုးကြွလာပြီး ကျန်းမာသန်စွမ်းသောလှုပ်ရှားမှုများသည် ၎င်း၏မသန်စွမ်းသောကိုယ်အင်္ဂါများထဲသို့ရောက်ရှိလာသည်။ သူသည် မေးမြန်းခြင်းမပြုလုပ်တော့ဘဲ ခရစ်တော်၏အမိန့်တော်ကိုနားထောင်ရန် ဆန္ဒပြုသတ်မှတ်လိုက်ရာ ၎င်း၏ကြွက်သားစိုင်များအားလုံးသည် ၎င်း၏ဆန္ဒကိုတုံ့ပြန်ကြပါသည်။ ရုတ်တရက်ထ၍ရပ်လိုက်ရာ မိမိကိုယ်ကိုဖျတ်လတ်သောသူတစ်ယောက်ဖြစ်နေကြောင်း သူတွေ့ရှိရပါသည်။

သခင်ယေရှုသည် ၎င်းအား ဘုရားသခင်၏အမအစနှင့်ပတ်သက်သောအာမခံချက်တစ်စုံတစ်ခုကိုမျှ ပေးတော်မမူခဲ့ချေ။ ထိုသူသည် သံသယစိတ်များကင်းဝေးသွားနိုင်ခဲ့သကဲ့သို့ အနာပျောက်ကင်းခွင့်ကိုလည်း ဆုံးရှုံးသွားနိုင်ခဲ့ပါသည်။ သို့သော် သူသည် ခရစ်တော်၏စကားကိုယုံကြည်၍ မိန့်တော်မူသည့်အတိုင်း ပြုမူဆောင်ရွက်ခဲ့သဖြင့် ခွန်အားများကိုရရှိခဲ့ပါသည်။

ထိုကဲ့သို့သောယုံကြည်ခြင်းမျိုးအားဖြင့် ကျွန်ုပ်တို့သည် ဝိညာဉ်ရေးအနာရောဂါပျောက်ကင်းမှုကိုရရှိနိုင်ပါသည်။ ကျွန်ုပ်တို့သည် အပြစ်ကြောင့်ဘုရားသခင်၏အသက်တာမှအဆက်ဖြတ်ခြင်းကိုခံခဲ့ရပါသည်။ ကျွန်ုပ်တို့၏အသက်ဝိညာဉ်များသည် မစွမ်းမသန်ဖြစ်လျက်ရှိကြပါသည်။ ထိုရောဂါသည်မှာလမ်းလျှောက်ခြင်းငှါ မစွမ်းဆောင်နိုင်သကဲ့သို့ ကျွန်ုပ်တို့သည်လည်းမိမိခွန်အားအားဖြင့် သန့်ရှင်းသောအသက်တာဖြင့်နေထိုင်နိုင်ခြင်းငှါမစွမ်းနိုင်ကြချေ။ မိမိတို့၏အကူအညီမဲ့ခြင်းကိုသိရှိသူများနှင့် ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီစေနိုင်သည့်ဝိညာဉ်ရေးပြည့်စုံသောအသက်တာကိုမျှော်လင့်တောင့်တသောသူများ များစွာရှိကြပါသည်။ ထိုသူများသည် ၎င်းအသက်တာမျိုးကိုရရှိရန် အချည်းနှီးကြိုးစားနေကြပါသည်။ မရသည့်အဆုံးတွင် စိတ်ပျက်စွာဖြင့် "ငါသည် ငြိုငြင်သောသူဖြစ်ပါသည်တကား။ ဤအသေကောင်မှ ငါ့ကိုအဘယ်သူကယ်လွှတ်မည်နည်း" (ရောမ ၇း၂၄) ဟု သူတို့ငိုကြွေးဟစ်အော်ခဲ့ကြသည်။ စိတ်ပျက်အားလျော့ပြီး ကြိုးစားရုန်းကန်နေသောဤသူများအား မော့၍အထက်သို့ကြည့်ပါစေ။ မိမိ၏အသွေးတော်နှင့်ဝယ်ထားတော်မူသောကယ်တင်ရှင်သည် ငုံ့ကြည့်တော်မူပြီးလျှင် "သင်သည် ကျန်းမာခြင်းသို့ရောက်လိုသလော" ဟု မဖော်ပြနိုင်သောနူးညံ့သိမ်မွေ့ခြင်း၊ သနားကြင်နာခြင်းတို့ဖြင့် မိန့်တော်မူနေပါသည်။ ကျန်းမာ၊ ငြိမ်သက်စွာဖြင့် မတ်တတ်ထရပ်ရန် သင့်ကိုကိုယ်တော်ရှင်အမိန့်ပေးနေပါသည်။ ကျန်းမာမှုကိုခံစားဖို့ စောင့်ဆိုင်းမနေပါနှင့်။ ကိုယ်တော်၏နှုတ်တော်ထွက်စကားများကိုယုံကြည်ပါ။ ကျန်းမာလာပါလိမ့်မည်။ ခရစ်တော်ဘုရားဘက်တွင်ရပ်တည်ရန်ဆုံးဖြတ်ပါ။ ကိုယ်တော်ရှင်၏



အမိန့်တော်အတိုင်း လုပ်ဆောင်ရန်ဆန္ဒရှိ၍ အမိန့်တော်အတိုင်းလုပ်ဆောင်လျှင် ခွန်အားကိုသင်ရပါလိမ့်မည်။ အချိန်ကြာမြင့်စွာလိုက်စားခဲ့ခြင်းကြောင့်စိတ်ဝိညာဉ်နှင့်ခန္ဓာကိုယ်နှစ်ခုစလုံးကိုချုပ်နှောင်ထားသည့် ကာမဂုဏ်လိုက်စားခြင်းတည်းဟူသော မည်သည့်မကောင်းသောအကျင့်ဆိုးကိုမဆိုခရစ်တော်သည် မစနိုင်ပါသည်။ ကယ်တင်ရန်လည်း မျှော်လင့်တောင့်တနေပါသည်။ ကိုယ်တော်သည် "ဒုစရိုက်အပြစ်၌သေလျက်ရှိနေသော" (ဧဖက် ၂း၂) အသက်ဝိညာဉ်အား အသက်ကိုပေးစေတော်မူလိမ့်မည်။ အားနည်းချက်ကြောင့်သော်လည်းကောင်း၊ ကံမကောင်းအကြောင်းမလှခြင်းကြောင့်လည်းကောင်း၊ အပြစ်၏အနှောင်အဖွဲ့များတို့ကြောင့်လည်းကောင်း ဖမ်းဆီးချုပ်ထားခြင်းခံရသောဝိညာဉ်ရေးအကျဉ်းသားများကိုကိုယ်တော်သည်လွှတ်ခြင်းအခွင့်ကိုပေးတော်မူလိမ့်မည်။

ပြန်လည်ကျန်းမာလာသောထိုသူသည် မိမိ၏အိပ်ရာဖြစ်သောကြမ်းခင်းစောင်ကြမ်းတစ်ထည်နှင့် ခြုံစောင်ကလေးတစ်ထည်ကို ကုန်း၍ကောက်ယူလိုက်ပြီး အားရနှစ်သက်စွာဖြင့် ကိုယ်ကိုတစ်ဖန်ပြန်၍မတ်လိုက်ကာ မိမိကိုမစသောပုဂ္ဂိုလ်အားတွေ့နိုင်ရန် ပတ်ဝန်းကျင်ကိုကြည့်လိုက်ပါသည်။ သို့သော် ခရစ်တော်သည် လူအုပ်ကြီးထဲတွင်ပျောက်သွားခဲ့ပါသည်။ နောက်တစ်ဖန်ကိုယ်တော်ကိုတွေ့လျှင် မမှတ်မိမည်ကိုသူစိုးရိမ်နေပါသည်။ မိမိရရှိသည့် အသစ်သောခွန်အားများကြောင့် ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ဘုရားသခင်အားချီးမွမ်းထောမနာပြုလျက် ခိုင်မာသွက်လက်သောခြေလှမ်းများဖြင့် သူလျှောက်လှမ်းလာစဉ်တွင် လမ်း၌ဖါရိရှဲများကိုတွေ့ရှိရာ ချက်ချက်ပင် မိမိ၏ရောဂါကုသပျောက်ကင်းခြင်းအကြောင်းကို သူတို့အားပြောပြလိုက်သည်။ သူတို့သည် မိမိပြောပြနေသည့်အကြောင်းကို စိတ်မပါ့တပါနှင့်နားထောင်နေကြသည်ကိုတွေ့ရသောအခါသူအံ့အားသင့်သွားခဲ့ပါသည်။

သူတို့သည် ထိုသူ၏စကားကိုဖြတ်၍ သုန်မှုန်သောမျက်နှာထားများနှင့် မည်သည့်အတွက်ကြောင့် ဥပုသ်နေ့တွင် အိပ်ရာကိုသယ်လာရကြောင်းကိုမေးမြန်းကြ၏။ သခင်ဘုရား၏နေ့တွင် ဝန်များကိုသယ်ပိုးခြင်း

သည် ပညတ်တော်နှင့်မကိုက်ညီကြောင်းကို သူ့အားကျပ်တည်းစွာသတိပေး ခဲ့ကြပါသည်။ ဤသူသည် ပျော်ရွှင်သောကြောင့် ထိုနေ့သည် ဥပုသ်နေ့ ဖြစ်ကြောင်းကို မေ့လျော့သွားခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင် ထံတော်မှ ထိုကဲ့သို့သောတန်ခိုးတော်ကိုရရှိသောပုဂ္ဂိုလ်တစ်ဦး၏အမိန့်ကို နားထောင်ခြင်းအတွက် အပြစ်မရှိဟု သူထင်မြင်ခံစားခဲ့ပါသည်။ သို့အတွက် ထိုသူက "အကျွန်ုပ်ကို ကျန်းမာစေသောသူက ကိုယ်အိပ်ရာကိုဆောင်၍ လှမ်းသွားလော့" ဟုဆိုသည်ဟု ရဲရင့်စွာပြန်၍ပြောကြားလိုက်ပါသည်။ ထိုကဲ့သို့လုပ်ဆောင်သောသူသည် မည်သူနည်းဟု သူတို့ကမေးသော်လည်း သူပြောမပြနိုင်ခဲ့ချေ။ ဤနိမိတ်လက္ခဏာကိုလုပ်ဆောင်နိုင်ကြောင်း မိမိကိုယ်ကိုထင်ရှားစေခဲ့သောပုဂ္ဂိုလ်တစ်ပါးတည်းရှိကြောင်းကို ဤယုဒ လူအကြီးအကဲများကောင်းစွာသိရှိခဲ့ကြပါသည်။ သို့သော်လည်း ထိုသူအား ဥပုသ်ချိုးဖောက်သူတစ်ဦးအနေဖြင့် အပြစ်တင်ခွင့်ရနိုင်စေရန်အတွက် ဤသူကယေရှုဖြစ်ကြောင်းဖော်ပြသည့် တိုက်ရိုက်သက်သေပြချက်တစ်ခုကို သူတို့လိုလားခဲ့ကြပါသည်။ ကိုယ်တော်သည် ဥပုသ်နေ့တွင် လူနာကိုကုသ ခြင်းအတွက် ပညတ်တော်ကိုချိုးဖောက်ရုံသာမက ဤသူအားအိပ်ရာကို ဆောင်သွားရန်အမိန့်ပေးခြင်းအားဖြင့် ဘုရားသခင်ကို မခံ့မညားပြုသည်ဟု ယုဒလူအကြီးအကဲများကစီရင်ခဲ့ကြပါသည်။

ယုဒလူများသည် ပညတ်တော်ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေအောင် လွဲမှားစွာကျင့်သုံးခဲ့ကြပါသည်။ ၎င်းတို့၏အဓိပ္ပါယ်မရှိသောလုပ်ဆောင်ရန် တောင်းဆိုချက်များသည် အခြားလူမျိုးများအလယ်တွင် ကဲ့ရဲ့စရာအဖြစ် ပုံခိုင်းစရာတစ်ခုဖြစ်လာခဲ့ပါသည်။ အထူးသဖြင့်ဥပုသ်နေ့ကို အဓိပ္ပါယ်မရှိသောကန့်သတ်တားမြစ်ချက်များအမျိုးမျိုးတို့ဖြင့် ခြံစည်းရိုးခတ်ထားခဲ့ကြ ပါသည်။ ထိုသို့သောလုပ်ရပ်သည် ၎င်းအတွက်နှစ်ခြိုက်ဖွယ်သောအရာ၊ ဘုရားသခင်အတွက်သန့်ရှင်းခြင်းနှင့် ဂုဏ်ပြုထိုက်သောအရာတစ်ခုမဖြစ် ခဲ့ပါချေ။ ကျမ်းတတ်ဆရာနှင့်ဖါရိရှဲများသည် ဥပုသ်နေ့တည်ဆောက်ခြင်းကို သည်းမခံနိုင်လောက်သောဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်စေခဲ့ကြပါသည်။ ဥပုသ် နေ့တွင် ယုဒလူမျိုးတစ်ယောက်သည် ဖယောင်းတိုင်ကိုမီးညှိခြင်းအစ၊



မီးမွှေးခြင်းကိုလုပ်ဆောင်ခွင့်မရကြချေ။ အကျိုးဆက်တစ်ခုအနေဖြင့် ယုဒ လူများသည် တစ်ပါးအမျိုးသားဘုရင်များအတွက်သာ ကျင်းပရန် သီးသန့် ထားခဲ့သောအခမ်းအနားများစွာတို့အတွက် တစ်ပါးအမျိုးသားများအပေါ် တွင် မှီငြမ်းလာခဲ့ကြရပါသည်။ အကယ်၍ထိုလုပ်ဆောင်ချက်များသည် အပြစ်ရှိနေလျှင် အခြားသူများအား ငှါးရမ်း၍လုပ်ဆောင်ခိုင်းသောသူများ သည် မိမိတို့ကိုယ်တိုင်လုပ်ဆောင်သကဲ့သို့ အပြစ်ရှိကြောင်းကို သူတို့ထင်ရှား စွာမသိခဲ့ကြချေ။ ကယ်တင်ခြင်းသည် ယုဒလူမျိုးများအတွက်သာ သီးသန့် သတ်မှတ်သည်ဟူ၍လည်းကောင်း၊ အခြားသူအားလုံး၏အခြေအနေသည် မျှော်လင့်ချက်မရှိသည့်အခြေအနေတွင်ရှိနေပြီးဖြစ်သည့်အတွက် ပို၍ မဆိုးဝါးနိုင်တော့ချေဟူ၍လည်းကောင်း သူတို့ထင်မြင်ယူဆခဲ့ကြပါသည်။ သို့သော် ခပ်သိမ်းသောလူများမစောင့်ရှောက်နိုင်သော မည်သည့်ပညတ် တော်ကိုမျှ ဘုရားသခင်ပေးတော်မမူခဲ့ချေ။ ကိုယ်တော်၏ပညတ်တော်များ သည် အကြောင်းယုတ္တိမခိုင်လုံသော (သို့မဟုတ်) တစ်ကိုယ်ကောင်းဆန် သော မည်သည့်တားမြစ်ချက်များကိုမျှမပြုခဲ့ချေ။

သခင်ယေရှုသည် ဗိမာန်တော်တွင် မိမိကျန်းမာစေခဲ့သောလူကို ပြန်၍တွေ့တော်မူခဲ့ပါသည်။ ထိုသူသည် မိမိခံစားရရှိခဲ့သော ဘုရားသခင်၏ ကရုဏာတော်အတွက် အပြစ်ဖြေရာယဇ်နှင့်ကျေးဇူးတင်ခြင်းအတွက် ပူဇော် သကာကိုပူဇော်လှူဒါန်းရန် ဗိမာန်တော်သို့လာခဲ့ခြင်းဖြစ်ပါသည်။ သခင် ယေရှုသည် ထိုသူကိုကိုးကွယ်သူများအလယ်တွင်တွေ့ရှိသောအခါ မိမိသည် မည်သူမည်ဝါဖြစ်ကြောင်းကိုအသိပေးကာ "သင်သည် ကျန်းမာခြင်းရှိ၏။ သာ၍ဆိုးသောဘေးနှင့်ကင်းလွတ်မည်အကြောင်း နောက်တစ်ဖန်ဒုစရိုက် ကိုမပြုနှင့်" ဟုသတိပေးစကားကိုမိန့်တော်မူ၏။

ထိုသူသည် မိမိအားကုသပေးခဲ့သည့်ပုဂ္ဂိုလ်နှင့်တွေ့ရသည့်အတွက် အလွန်ဝမ်းမြောက်ခဲ့ပါသည်။ သခင်ယေရှုအပေါ် ဖာရိရှဲများရန်ငြိုးထား ရှိကြောင်းကိုမသိခဲ့သောကြောင့် မိမိအားကုသပျောက်ကင်းစေသောသူသည် ကိုယ်တော်ဖြစ်ကြောင်းကို ၎င်းအားမေးမြန်းခဲ့သောဖါရိရှဲများအား ပြောပြ ခဲ့ပါသည်။ "ထိုအမှုကို ဥပုသ်နေ့၌ပြုတော်မူသောကြောင့် ယုဒလူတို့သည်

ယေရှုကိုညှဉ်းဆဲခြင်းငှါလည်းကောင်း၊ သတ်ခြင်းငှါလည်းကောင်း ရှာကြံကြ၏။”

ဥပုသ်နေ့ချိုးဖောက်ခြင်းအတွက် စွဲချက်တင်မှုကိုဖြေဆိုရန်အတွက် ခရစ်တော်ကို ဆန်ဟီဒရင်လူကြီးများရှေ့မှောက်သို့ခေါ်ဆောင်ခဲ့ကြပါသည်။ ထိုအချိန်တွင် ယုဒလူမျိုးများသည် လွတ်လပ်သောနိုင်ငံတစ်ခုဖြစ်ခဲ့ပါလျှင် သူတို့သည် ခရစ်တော်ကို အဆုံးစီရင်ပစ်မည်ဖြစ်ပါသည်။ သို့သော် ၎င်းတို့သည် ရောမများ၏လက်အောက်ခံဖြစ်နေကြသောကြောင့် ထိုကဲ့သို့ မလုပ်ဆောင်နိုင်ခဲ့ကြချေ။ ယုဒလူများ၌ ကြီးမားသောပြစ်မှုများအတွက် စီရင်ပိုင်ခွင့်မရှိကြချေ။ ၎င်းပြင် ခရစ်တော်အားစွဲဆိုထားသောအချက်များသည်လည်း ရောမတရားရုံးတွင် အထူးအရေးထားမည့်စွဲဆိုချက်များ မဟုတ်ချေ။ မည်သို့ပင်ဆိုစေ၊ သူတို့မျှော်လင့်ထားသည့်အခြားမျှော်မှန်းချက်များလည်းရှိပါသေးသည်။ ကိုယ်တော်၏အမှုတော်ကို အဟန့်အတားလုပ်ရန် ကြိုးစားခဲ့သော်ငြားလည်း ယေရုရှလင်မြို့၌ပင်လျှင် ခရစ်တော်သည် ၎င်းတို့ထက် လူထုအပေါ်ဩဇာသက်ရောက်မှုများကိုရရှိနေပါသည်။ ကျမ်းတတ်ဆရာများ၏ဟိတ်ဟန်ထုတ်၍ ပြောသောစကားများကို စိတ်ဝင်စားမှုမရှိကြသောလူထုကြီးသည် ကိုယ်တော်ရှင်၏သွန်သင်ချက်များကို စွဲမက်ခဲ့ကြပါသည်။ ကိုယ်တော်ရှင်မိန့်တော်မူသောစကားများကို သူတို့နားလည်သဘောပေါက်ကြပြီး စိတ်နှလုံးများတွင် နွေးထွေးမှုများနှင့် နှစ်သိမ့်မှုများကိုခံစားခဲ့ကြပါသည်။ ဘုရားသခင်သည် ကလဲ့စားချေတတ်သောတရားသူကြီးအနေဖြင့်မဟုတ်ဘဲ ချစ်တတ်သောဖခင်တစ်ဦးအဖြစ်ဖြင့် ထာဝရဘုရားအကြောင်းကို ကိုယ်တော်သွန်သင်တော်မူခဲ့ပါသည်။ မိမိကိုယ်ကိုမှန်ထဲတွင်ပေါ်လွင်စေသကဲ့သို့ ဘုရားသခင်၏သဏ္ဍာန်တော်ကို ကိုယ်တော်ရှင်ဖော်ပြတော်မူခဲ့ပါသည်။ ကိုယ်တော်၏စကားများသည် ဒဏ်ရာရနေသောအသက်ဝိညာဉ်တစ်လုံးအတွက် ဆီမွှေးကဲ့သို့ဖြစ်ပါသည်။ ကိုယ်တော်၏နှုတ်ထွက်စကားများနှင့် ကရုဏာထားလုပ်ဆောင်မှုများသည် ရှေးဟောင်းမိရိုးဖလာများ၏ဖိစီးနှိပ်စက်နေသောတန်ခိုးများနှင့် လူများတို့တီထွင်ထားသောပညတ်များကိုချိုးဖျက်လျက်ရှိပြီး မကုန်ခန်းနိုင်အောင်ပြည့်ဝနေသောဘုရား၏မေတ္တာတော်ကိုဖော်ပြလျက်ရှိပါသည်။



ခရစ်တော်အကြောင်းဖော်ပြထားသည့် ရှေးအကျဆုံးအနာဂတ္တိစကားတစ်ခုမှာ “ရှိလောမရောက်မီတိုင်အောင် ရာဇလှံတံသည် ယုဒထံမှလည်းကောင်း၊ မင်းအာဏာသည် သူ၏အမျိုးအနွယ်ထံမှလည်းကောင်း မရွေ့ရ။ ရှိလော၌ လူမျိုးတို့သည် ဆည်းကပ်ကြလိမ့်မည်” ဟူသတည်း။ (ကမ္ဘာ၊ ၄၉း၁၀)။ လူထုကြီး၏ကြင်နာသနားတတ်သောစိတ်နှလုံးများသည် ယဇ်ပုရောဟိတ်များခိုင်းစေသည့်ကျပ်တည်းသောဝိနည်းထုံးဖွဲ့များထက် မေတ္တာနှင့်ကျေးဇူးပြုခြင်းများ၏သင်ခန်းစာများကိုဦးစားပေး၍ လက်ခံခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာများသည် ကိုယ်တော်ရှင်၏အမှုတော်ကို ကြားဝင်ဟန့်တားမှုများမပြုလုပ်ခဲ့လျှင် ကိုယ်တော်ရှင်၏သွန်သင်ချက်သည် ကမ္ဘာကမကြုံခဲ့ဖူးသော ဘာသာရေးပြုပြင်မှုကြီးတစ်ခုကို ဖြစ်ပေါ်စေခဲ့လိမ့်မည်ဖြစ်ပါသည်။ သို့သော် ယုဒခေါင်းဆောင်များသည် မိမိတို့၏အာဏာတည်မြဲရေးအတွက် ခရစ်တော်၏ ဩဇာသက်ရောက်မှုများကိုချေဖျက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ကိုယ်တော်ရှင်အား ဆန်ဟီဒရင်အဖွဲ့ရှေ့မှောက်တွင် ရုံးတင်စစ်ဆေးခြင်းနှင့် ၎င်း၏သွန်သင်ချက်များအပေါ် ပြောင်ကျကျပြစ်တင်ပုတ်ခတ်ခြင်းများသည် ထိုဆုံးဖြတ်ချက်ကို ထိရောက်ရန်ကူညီခဲ့ပါသည်။ အကြောင်းမူကား ယုဒလူများသည် ၎င်းတို့၏ဘာသာရေးခေါင်းဆောင်များအား အလွန်ရိုသေကိုင်းရှိုင်းနေကြဆဲဖြစ်သောကြောင့်ဖြစ်ပါသည်။ ကျမ်းတတ်ဆရာများ၏ တောင်းဆိုချက်များကို ပြစ်တင်ပုတ်ခတ်ဝံ့သောသူများ (သို့မဟုတ်) ယုဒလူများအပေါ်တွင် ကျမ်းတတ်ဆရာများတင်ထားသောဝန်များကိုပေါ့စေရန် ကြိုးစားသောသူများသည် ဘုရားသခင်ကို မခန့်မညားပြုသည့်အနေဖြင့်သာမက နိုင်ငံတော်ကို သစ္စာဖောက်သည့် အပြစ်ရှိသူတစ်ဦးအနေဖြင့် မှတ်ယူခြင်းကိုခံကြရပါသည်။ ဤနေရာတွင် ကျမ်းတတ်ဆရာများသည် ခရစ်တော်အပေါ် မယုံသင်္ကာဖြစ်လာဖို့ နှိုးဆွရန်မျှော်လင့်ခဲ့ကြပါသည်။ အတည်တကျဖြစ်နေသောဓလေ့အကျင့်များကို ကပြောင်းကပြန်ဖြစ်အောင် ကြိုးစားနေသူ

တစ်ဦးအဖြစ် ခရစ်တော်အားသူတို့ပုံဖော်ခဲ့ကြပါသည်။ ဤနည်းအားဖြင့် ယုဒလူအချင်းချင်းစိတ်သဘောထားကွဲပြားသွားအောင် ကြိုးစား၍ ယုဒတစ်မျိုးသားလုံးအား ရောမလက်အောက်ခံလုံးလုံးဖြစ်သွားအောင် ပြင်ဆင်ကြလျက်ရှိပါသည်။

ကျမ်းတတ်ဆရာများ အလွန်စိတ်အားထက်သန်စွာအကောင်အထည်ဖော်လုပ်ဆောင်နေကြသော ဤစီမံကိန်းကို ဆန်ဟီဒရင်အဖွဲ့မှ သာမက အခြားအဖွဲ့များမှလည်း အစပျိုးလုပ်ဆောင်ခဲ့ကြပါသည်။ စာတန်သည် ခရစ်တော်အား တောတွင်စုံစမ်းအောင်မြင်နိုင်ခြင်းမရှိခဲ့သည့်နောက် သူသည် ကိုယ်တော်၏အမှုတော်တွင် ကိုယ်တော်အားဆန့်ကျင်ရန် မိမိ၏အင်အားစုများကို စုစည်းခဲ့ပါသည်။ ဖြစ်နိုင်လျှင် ကိုယ်တော်၏ အမှုတော်ကိုဖျက်ဆီးပစ်ရန်ဖြစ်ပါသည်။ မိမိကိုယ်တိုင်တိုက်ရိုက်လုပ်ဆောင်ခြင်းအားဖြင့် ပြီးစီးအောင်မလုပ်ဆောင်နိုင်သောထိုလုပ်ငန်းကို နည်းဗျူဟာသုံး၍လုပ်ဆောင်ရန် သူဆုံးဖြတ်ခဲ့ပါသည်။ သူသည် တော၌မအောင်မြင်သောစုံစမ်းမှုတွင် နောက်ဆုတ်ခဲ့ရပြီး မကြာမီတွင် ယုဒလူမျိုးများသည် ကယ်တင်ရှင်ကိုမသိရှိကြစေရန် ၎င်းတို့၏ဝိညာဉ်မျက်စိများကန်းစေဖို့ လုပ်ဆောင်မည့်မိမိ၏အကြံအစည်များကို ကျဆုံးသောကောင်းကင်တမန်များနှင့် နီးနှောတိုင်ပင်ကာ အကောင်အထည်ဖော်ခဲ့ပါသည်။ ခရစ်တော်အပေါ်ထားရှိသည့် မိမိ၏ရန်ငြိုးကို ယုဒလူများ၏စိတ်တွင် စွဲမြဲစေခြင်းအားဖြင့် ဘာသာရေးလောကမှ ၎င်း၏လူသားကိုယ်စားလှယ်များမှတစ်ဆင့် ခရစ်တော်အားဆန့်ကျင်လုပ်ဆာင်ရန် သူစီစဉ်ခဲ့ပါသည်။ ကိုယ်တော်ရှင်အား အမှုတော်ဆောင်ရာတွင် စိတ်ဓာတ်ကျစေဖို့ မျှော်လင့်ချက်ဖြင့် ယုဒလူများသည် ခရစ်တော်ကိုငြင်းပယ်ရန်နှင့် ကိုယ်တော်၏အသက်တာကိုလုံးဝမနှစ်မြို့စေရန် သူလမ်းပြခဲ့ပါသည်။ ထိုနည်းအားဖြင့် ဣသရေလခေါင်းဆောင်များသည် ခရစ်တော်အားဆန့်ကျင်တိုက်ခိုက်ခြင်းလုပ်ငန်းတွင် စာတန်၏အသုံးတော်ခံပစ္စည်းများဖြစ်လာခဲ့ကြပါသည်။

ခရစ်တော်သည် တရားတော်ကိုချီးမြှောက်၍ ဂုဏ်အသရေနှင့်ပြည့်စုံစေရန်နှင့် တရားတော်၏သိက္ခာတော်ကိုလျှော့ပါးစေရန်အတွက်



မဟုတ်ဘဲ မြှင့်တင်ပေးရန်ကြွလာတော်မူခဲ့ပါသည်။ ကျမ်းစာလာသည်ကား "မြေကြီးပေါ်တွင် တရားတော်မတည်စေမီတွင် သူသည် အားမလျော့၊ စိတ်ပျက်လိမ့်မည်မဟုတ်ချေ" ဟူသတည်း။ ဥပုသ်တော်နေ့ကို ကောင်းချီးမင်္ဂလာဖြစ်စေရမည့်အစား ကျိန်ခြင်းအမင်္ဂလာဖြစ်စေသည့် ဝန်လေးစေသောတောင်းဆိုချက်များကိုဖယ်ရှားပစ်ရန် ကိုယ်တော်ကြွလာတော်မူခဲ့ပါသည်။

ထိုအကြောင်းကြောင့် ကိုယ်တော်ရှင်သည် ပေသေသဒရေကန်တွင် လူနာကုသခြင်းအမှုကိုဆောင်ရွက်ရန် ဥပုသ်တော်နေ့ကိုရွေးချယ်ခဲ့ပါသည်။ ကိုယ်တော်သည် ထိုလူနာအား အခြားနေ့တစ်နေ့၌လည်း ကုသလိုကကုသနိုင်တော်မူပါသည်။ (သို့မဟုတ်) ကိုယ်တော်သည် ထိုလူနာအား အိပ်ရာကိုသယ်မသွားခိုင်းဘဲ အနာပျောက်အောင်ကုသပေးရုံသာလုပ်ဆောင်မည်ဆိုလျှင်လည်းဖြစ်နိုင်ပါသည်။ သို့သော်လည်း ထိုကဲ့သို့လုပ်ဆောင်မည်ဆိုလျှင် ကိုယ်တော်အလိုရှိသော အခွင့်အလမ်းပေါ်လာခဲ့လိမ့်မည်မဟုတ်ချေ။ အမြော်အမြင်ရှိသော အကြံအစည်တစ်ခုသည် ခရစ်တော်၏လောကဘဝအသက်တာတွင် လုပ်ဆောင်ခဲ့သောလုပ်ဆောင်မှုတိုင်း၌ပါရှိနေပါသည်။ ကိုယ်တော်ရှင်၏လုပ်ဆောင်မှုတိုင်းသည် အရေးပါလှပါသည်။ မိမိ၏အနာပျောက်ကင်းခြင်းတန်ခိုးတော်ကို အသုံးပြုရန် ထိုရေကန်၌စုရုံးနေကြသောလူနာများတွင် အဆိုးဆုံးသောလူနာကိုကုသပေးရန် ကိုယ်တော်ရွေးချယ်ခဲ့ပြီး ၎င်းအပေါ်တွင်ပြုတော်မူခဲ့သည့် ကြီးမားသောအမှုတော်ကို လူသိရှင်ကြားကြေညာစေရန်အလို့ငှါ ကိုယ်တော်သည် ထိုသူအား ၎င်း၏အိပ်ရာကိုသယ်ဆောင်သွားရန် အမိန့်ပေးခဲ့ပါသည်။ ထိုကဲ့သို့ခိုင်းစေလိုက်ခြင်းအားဖြင့် ဤအမှုကို ဥပုသ်နေ့တွင်ပြုလုပ်ရန် ပညတ်တော်ကခွင့်ပြုသလားဟူသောမေးခွန်းပေါ်လာမည်ဖြစ်ပြီး သခင်ဘုရား၏နေ့နှင့်ပတ်သက်၍ ယုဒလူများသတ်မှတ်ထားကြသော တားမြစ်ကန့်သတ်ချက်များကို လူသိရှင်ကြားအပြစ်တင်ရန်နှင့် ၎င်းတို့၏မိရိုးဖလာဓလေ့များသည် အချည်းနှီးဖြစ်ကြောင်းကြေညာရန် လမ်းပွင့်သွားလိမ့်မည်ဖြစ်ပါသည်။

အနာရောဂါကင်းငြိမ်းစေခြင်းအမှုသည် ဥပုသ်ပညတ်နှင့်ကိုက်ညီကြောင်းကို သူတို့အား ကိုယ်တော်သည်အစပျိုးဖော်ပြခဲ့ပါသည်။ ဤအရာသည် လူနာများအားမစရန် မြေကြီးနှင့်ကောင်းကင်အကြား လူးလာဆန်ခတ်လှုပ်ရှားသွားလာနေသော ဘုရားသခင်၏ကောင်းကင်တမန်များ၏ အမှုဆောင်ခြင်းနှင့်လည်း ကိုက်ညီနေပါသည်။ "ငါ့ခမည်းတော်သည် ယခုတိုင်အောင်အလုပ်လုပ်တော်မူသည်ဖြစ်၍ ငါသည်လည်းလုပ်၏" ဟု ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ ဘုရားသခင်သည် လူသားများအတွက် ထားရှိသည့်မိမိ၏စီမံကိန်းများကို နေ့စဉ်အကောင်အထည်ဖော်လုပ်ဆောင်တော်မူ၏။ ပညတ်တော်အပေါ် ယုဒလူများ၏အနက်ဖွင့်မှုမှန်ကန်ခဲ့မည်ဆိုလျှင် ဤကမ္ဘာ၏တိုက်မြစ်ကို ပထမဦးဆုံးချသည့်အချိန်မှစ၍ ယခုတိုင်အောင် ဝေနေယျသတ္တဝါများအား အသက်ရှင်လှုပ်ရှားစေရန် ကျွေးမွေးထောက်ပံ့တော်မူခဲ့သောအလုပ်များကို ပြုတော်မူသည့်ထာဝရဘုရားသည် ကြံရာမရဖြစ်ခဲ့မည်ဖြစ်ပါသည်။ ထိုနောက် မိမိ၏လက်ရာတော်များကို ကြည့်ရှုပြီး ကောင်းသည်ဟုကြေညာခဲ့ကာ ဖန်ဆင်းခြင်းပြီးဆုံးကြောင်း အမှတ်တရဖြစ်စေရန် ဥပုသ်နေ့ကိုတည်ထောင်တော်မူခဲ့သောကိုယ်တော်သည် မိမိ၏အမှုကိုအဆုံးသတ်တော်မူ၍ အဆုံးမရှိသောစကြဝဠာ၏လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ရပ်တန့်စေတော်မူရမည်ဖြစ်ပါသည်။

ထာဝရဘုရားသည် ဥပုသ်တော်နေ့တွင် ကမ္ဘာလောကအား အနွေးဓာတ်ပေး၍ ဟင်းသီးဟင်းရွက်များကိုကြီးထွားစေသည့်ရောင်ခြည်များကိုဖြတ်တောက်၍ နေမင်းကြီး၏လုပ်ငန်းများကိုရပ်ဆိုင်းစေခဲ့ပါသလား။ ကမ္ဘာများ၏စီမံလုပ်ဆောင်မှုများကို ထိုသန့်ရှင်းသောနေ့တစ်နေ့လုံးတွင် ရပ်တန့်ထားရမည်လား။ ကိုယ်တော်သည် လယ်ကွင်းများနှင့် သစ်တောများအား ရေပေးဝေနေသောရေချောင်းများကို ရေစီးရပ်တန့်ရန် ထိုနေ့တွင် အမိန့်ပေးရမည်လား။ ၎င်းပြင် ထိုနေ့တွင် ဒီရေအတက်အကျရပ်ဆိုင်းသွားရန် ပင်လယ်လှိုင်းများကို အမိန့်ပေးရမည်လား။ ဂျုံစပါးနှင့်ပြောင်းသီးနှံများသည် ဥပုသ်နေ့တွင် ကြီးထွားမှုရပ်တန့်ရမည်လား။ မှည့်နေသော အသီးအနှံများသည် ဥပုသ်နေ့တွင် ၎င်း၏ခရမ်းရောင်အပွင့်တွင် ဆက်လက်



ကြန့်ကြာနေရမည်လား။ သစ်ပင်များနှင့်ပန်းပွင့်များတို့သည် ဥပုသ်တော်နေ့တွင် အဖူးအပွင့်များတို့ကို မဖူးပွင့်ရဖူးလား။

ထိုကဲ့သို့သာဖြစ်မည်ဆိုလျှင် လူများသည် ကမ္ဘာ့အသီးအနှံများကိုလည်းကောင်း၊ နှစ်သက်ဖွယ်သောအသက်တာကိုဖြစ်စေသော ကောင်းချီးမင်္ဂလာများကိုလည်းကောင်း ခံစားကြရတော့မည်မဟုတ်ချေ။ သဘာဝတရားသည် မပြောင်းမလဲသောလမ်းစဉ်ဖြင့် အဆက်မပြတ်လုပ်ဆောင်နေရပါမည်။ ထာဝရဘုရားသည် ကိုယ်တော်၏ရွှေလက်တော်ကို တစ်ခဏမျှပင် မရပ်တန့်နိုင်ပါချေ။ ရပ်တန့်တော်မူခဲ့လျှင် လူသားများသည် ခွန်အားဆုတ်ယုတ်၍ သေကျေကုန်ကြပေလိမ့်မည်။ လူသားများ၌လည်း ဤနေ့မြတ်တွင်လုပ်ဆောင်ရန် အလုပ်များရှိသည်။ အသက်တာအတွက်မလုပ်လျှင်မဖြစ်သောလုပ်ငန်းများကိုလုပ်ဆောင်ရပါမည်။ လူနာများကို ပြုစုစောင့်ရှောက်ရပါမည်။ ဆင်းရဲသားများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရပါမည်။ အနာရောဂါခံစားနေရသူအား သက်သာမှုရှိစေရန် လုပ်ဆောင်ခြင်းအတွက် ဥပုသ်နေ့တွင်လျစ်လျူရှုထားသည့်သူအား အပြစ်ကင်းသောသူဟူ၍ မှတ်တော်မူမည်မဟုတ်ချေ။ ဘုရားသခင်၏သန့်ရှင်းသောနားနေရာနေ့သည် လူအတွက်ဖြစ်ပြီး သနားခြင်းကရုဏာနှင့်ဆိုင်သော ပြုမူဆောင်ရွက်မှုများသည် ဥပုသ်တော်နေ့၏ရည်ရွယ်ချက်နှင့်လုံးလုံးကိုက်ညီပါသည်။ ဥပုသ်တော်နေ့တွင်ဖြစ်စေ၊ အခြားနေ့တွင်ဖြစ်စေ ပျောက်ကင်းသက်သာစေနိုင်သည့် ခဏတာခံစားရမည့်နာကျင်မှုကိုပင် ကိုယ်တော်၏သားသမီးများခံစားရန် ထာဝရဘုရားအလိုတော်မရှိချေ။

ဥပုသ်နေ့တွင် အခြားနေ့များထက် ဘုရားသခင်အပေါ်တောင်းဆိုချက်များပြားလှပါသည်။ ထိုနေ့တွင် သားသမီးများသည် မိမိတို့၏လုပ်မြဲအလုပ်များကိုမလုပ်ကြတော့ဘဲ ဘုရားသခင်ကိုအာရုံပြုခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းများအားဖြင့်သာ အချိန်ကုန်လွန်စေခဲ့ကြပါသည်။ သူတို့သည် အခြားနေ့များမှာထက် ဥပုသ်နေ့တွင် ကောင်းချီးများကိုပိုမိုတောင်းခံတတ်ကြပါသည်။ ကိုယ်တော်၏ဂရုစိုက်မှုကို သူတို့တောင်းခံကြပါသည်။ ကိုယ်တော်၏အထူးရွေးချယ်ထားသည့် ကောင်းချီးမင်္ဂလာများကိုရယူရန်

သူတို့အသနားခံကြပါသည်။ ကိုယ်တော်သည် ဤတောင်းခံချက်များကို မပေးသနားမီ ဥပုသ်နေ့ကိုကုန်ဆုံးသွားရန် စောင့်ဆိုင်းတော်မမူချေ။ ကောင်းကင်နိုင်ငံ၏လုပ်ငန်းများသည် ရပ်တန့်ခြင်းမရှိသကဲ့သို့ လူများသည်လည်း ကောင်းသောလုပ်ငန်းများကိုလုပ်ကိုင်ခြင်းမှမရပ်ဆိုင်းသင့်ကြချေ။ ဥပုသ်တော်နေ့ကို အလဟဿလှုပ်ရှားလုပ်ကိုင်ခြင်းမရှိသောအချိန်ဖြစ်ရန်မရည်ရွယ်ချေ။ လောကနှင့်ပတ်သက်သောစားဝတ်နေရေးအတွက် အမြတ်အစွန်းရရန်လုပ်သောအလုပ်များနှင့် ပျော်ပွဲရွှင်ပွဲများအတွက် လုပ်ဆောင်မှုများကို ဥပုသ်တော်နေ့တွင်မပြုလုပ်ကြရန် ပညတ်တော်က တားမြစ်ပါသည်။ သို့သော် ဘုရားသခင်သည် ဖန်ဆင်းခြင်းအလုပ်ကို ဥပုသ်တော်နေ့တွင် ရပ်နားတော်မူ၍ ထိုနေ့ကိုကောင်းချီးပေးတော်မူခဲ့သကဲ့သို့ လူသားများသည် နေ့စဉ်အသက်တာ၏လုပ်ငန်းများကို နေ့တွင်စွန့်ပစ်ကာ ကျန်းမာစွာနားနေခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် သန့်ရှင်းမွန်မြတ်သောအလုပ်များအတွက် ထိုအချိန်ကိုဆက်ကပ်ကြရပါမည်။ ထို့ကြောင့် ခရစ်တော်၏လူနာကိုကုသခြင်းအလုပ်သည် ပညတ်တော်နှင့် တိတိကျကျကိုက်ညီပြီး တစ်နည်းအားဖြင့် ဥပုသ်တော်နေ့ကို ဂုဏ်ပြုခဲ့ခြင်းလည်းဖြစ်ပါသည်။

သန့်ရှင်းမွန်မြတ်သောအလုပ်များကို လုပ်ဆောင်ခြင်းအားဖြင့် မိမိသည် ဘုရားသခင်ကဲ့သို့လုပ်ပိုင်ခွင့်ရှိကြောင်းကိုလည်းကောင်း၊ ဘုရားသခင်နှင့်တူညီသော စာရိတ္တတော်ရှိကြောင်းကိုလည်းကောင်း သခင်ယေရှုမိန့်တော်မူခဲ့ပါသည်။ ဖါရိရှဲများနားလည်သဘောပေါက်ထားသည့်အတိုင်း ကိုယ်တော်သည် ပညတ်တော်ကိုချိုးဖောက်ရုံသာမက ဘုရားသခင်ကို မိမိအဘဟုခေါ်၍ ဘုရားသခင်နှင့်ပြိုင်နိူင်းတော်မူသောကြောင့် ၎င်းတို့သည် ပို၍ပင်ဒေါသအမျက်ထွက်ခဲ့ကြပါသည်။ ယုဒတစ်မျိုးသားလုံးသည် ဘုရားသခင်ကို မိမိတို့၏အဘဟုခေါ်ဝေါ်ကြသဖြင့် ၎င်းတို့ခံယူသောအနေအထားမျိုးနှင့် ခရစ်တော်သည် မိမိကိုယ်ကိုရုပ်လုံးဖော်လျှင် ယခုလောက်စိတ်ဆိုးကြမည်မဟုတ်ချေ။ ယခုတွင်မူ ခရစ်တော်သည် မိမိကိုယ်ကို ဘုရားသခင်ကဲ့သို့ဖြစ်ကြောင်း ပြောဆိုနေသည်ဟု ၎င်းတို့သဘောပေါက်ကြ



ကြောင်း ထင်ရှားစေလျက် ကိုယ်တော်ရှင်အား ဘုရားကိုပြစ်မှားပြောဆိုသူတစ်ဦးအဖြစ် ၎င်းတို့စွပ်စွဲခဲ့ကြပါသည်။

ခရစ်တော်အား ရန်ဖက်ပြုသူများသည် ၎င်းတို့၏ဩတ္တပ္ပစိတ်တွင် ထင်ရှားစေခဲ့သောသမ္မာတရားများကို ဆန့်ကျင်တားဆီးရန် ဆင်ခြင်မရှိကြချေ။ သူတို့သည် မိမိတို့၏ဓလေ့ထုံးစံများနှင့် မိရိုးဖလာအလုပ်များကို ကိုးကားရည်ညွှန်းနိုင်ရုံသာရှိကြပါသည်။ ခရစ်တော်မိန့်တော်မူသည့် နှုတ်ကပတ်တော်နှင့်မပြီးဆုံးနိုင်သောသဘာဝတရားများမှ ကျိုးကြောင်းဆင်ခြင်ချက်များနှင့် ထိုအရာများကို နှိုင်းယှဉ်လိုက်သောအခါ ၎င်းအရာများသည် အားနည်း၍ အနှစ်သာရမရှိသယောင်ဖြစ်နေပါသည်။ ကျမ်းတတ်ဆရာများသည် အလင်းတရားကိုလက်ခံရရှိရန် အလိုဆန္ဒအနည်းငယ်ရှိခဲ့ပါလျှင် ခရစ်တော်သည် သမ္မာတရားများကိုဟောကြားနေကြောင်း သဘောပေါက်ကြပါလိမ့်မည်။ သို့သော် ၎င်းတို့သည် ဥပုသ်နေ့နှင့်ပတ်သက်သော ကိုယ်တော်ရှင်၏ဆောင်ရွက်ချက်များကို ဝေ့လည်ကြောင်ပတ်ပြုလုပ်ခဲ့ပါသည်။ ၎င်းပြင် ကိုယ်တော်သည် မိမိအနေဖြင့် ဘုရားသခင်နှင့်တန်းတူရည်တူဖြစ်ကြောင်း မိန့်တော်မူခြင်းကြောင့် ကိုယ်တော်ရှင်အား အမျက်ဒေါသထွက်စေဖို့ ယုဒလူများကိုနှိုးဆွပေးရန် သူတို့ကြိုးစားခဲ့ကြသဖြင့် ယုဒအကြီးအကဲများသည် အထောက်မတန်အမျက်ဒေါသထွက်ခဲ့ကြပါသည်။ လူထုကိုသာမကြောက်ရဘူးဆိုလျှင် သူတို့သည် ခရစ်တော်အား ထိုနေရာ၌ပင် အဆုံးစီရင်ကောင်းစီရင်ကြပါလိမ့်မည်။ သို့သော်လည်း ကိုယ်တော်ရှင်ဘက်သို့လိုက်လိုသောဆန္ဒများသည် ပြည့်ဝသူများ၏စိတ်တွင် ပြင်းထန်နေပါသည်။ သခင်ယေရှုသည် မိမိတို့၏ရောဂါဝေဒနာများကို ပျောက်ကင်းစေပြီး မိမိတို့၏ဝမ်းနည်းမှုကို နှစ်သိမ့်စေသည့် မိတ်ဆွေတစ်ယောက်ဖြစ်ကြောင်း လူများစွာတို့က အသိအမှတ်ပြုခဲ့ကြပါသည်။ ဗေသေသဒရေကန်တွင် ထိုလူနာအား ကိုယ်တော်ရှင်၏ကုသပေးခြင်းသည် သင့်မြတ်လျော်ကန်သည်ဟုလည်း ထိုသူတို့ကပြောခဲ့ကြပါသည်။ ထို့ကြောင့် အခိုက်အတန့်အားဖြင့် ယုဒခေါင်းဆောင်များသည် မိမိတို့၏မလိုမုန်းထားမှုများကို ချုပ်ထိန်းထားခဲ့ကြပါသည်။ ၎င်းတို့၏စွပ်စွဲချက်များကိုလည်း ယေရှုရှင်

ငြင်းဆန်တော်မူခဲ့သည်။ ယခုကိုယ်တော်အားစွပ်စွဲထားသည့်လူနာကို ကုသခြင်းအခွင့်အာဏာသည် ကိုယ်တော်အား ဇာတိတော်အရာတွင်သော်လည်းကောင်း၊ အလိုတော်နှင့်အကြံအစည်တော်တွင်လည်းကောင်း ဘုရားနှင့်တစ်လုံးတစ်ဝတည်းရှိသော ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို ထင်ရှားစေခဲ့ပါသည်။ ခပ်သိမ်းသောအရာများကို ဖန်ဆင်းခြင်းတွင်လည်းကောင်း၊ စောင့်မကြည့်ရှုခြင်းများတွင်လည်းကောင်း ကိုယ်တော်သည် ထာဝရဘုရားသခင်နှင့်အတူ ပူးတွဲလုပ်ဆောင်တော်မူခဲ့ပါသည်။ "သားတော်သည် မိမိအလိုအလျောက်အဘယ်အမှုကိုမျှမပြုနိုင်၊ ခမည်းတော်ပြုတော်မူသမျှအတိုင်း သားတော်လည်းပြု၏။" ကိုယ်တော်ရှင်လုပ်ဆောင်ရန် ဘုရားသခင်ခိုင်းစေလိုက်သောအလုပ်အတွက် ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာများသည် ခရစ်တော်အားအပြစ်ရှာလျက်ရှိကြပါသည်။ သူတို့သည် မိမိတို့၏အပြစ်များကြောင့် ဘုရားသခင်နှင့်ဝေးကွာခဲ့ကြပြီး မိမိတို့၏ မာနထောင်လွှားမှုများကြောင့် ခရစ်တော်နှင့်တသီးတခြားစီဖြစ်လျက်ရှိကြပါသည်။ ၎င်းတို့သည် အရာရာတွင်ပြည့်စုံသည်ဟု မိမိကိုယ်ကိုထင်နေကြပြီး မိမိတို့၏ပြုမူဆောင်ရွက်မှုများကိုလမ်းညွှန်ရန်အတွက် ပို၍မြင့်မြတ်သောဉာဏ်ပညာများမလိုတော့ဟုလည်း မှတ်ယူထားကြပါသည်။ သို့သော်သားတော်မူကား အဖဘုရားသခင်၏အလိုတော်အတိုင်းပြုတော်မူရန် မိမိကိုယ်ကိုဆက်ကပ်၍ အဖဘုရား၏တန်ခိုးတော်ကိုသာ မှီခိုတော်မူခဲ့ပါသည်။ ယေရှုရှင်သည် မိမိ၏ကိုယ်ကျိုးအတွက် မည်သည့်အကြံအစည်ကိုမျှကြံစည်တော်မမူလောက်အောင် တစ်ကိုယ်ကောင်းစိတ်ကင်းရှင်းသူတစ်ပါးဖြစ်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ထာဝရဘုရား၏အစီအစဉ်များကိုသာ လက်ခံလုပ်ဆောင်ခဲ့ပြီး အဖခမည်းတော်သည် ၎င်းလုပ်ဆောင်ရမည့်အစီအစဉ်များကို တစ်နေ့ပြီးတစ်နေ့ ထင်ရှားစေတော်မူခဲ့ပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့၏အသက်တာများသည် ကိုယ်တော်၏အလိုတော်ကို အကောင်အထည်ဖော်နိုင်စေရန်အလို့ငှါ ကျွန်ုပ်တို့သည်လည်း ထာဝရဘုရားကိုမှီခိုသင့်ကြပါသည်။



မောရှေသည် ဘုရားသခင်စံပယ်တော်မူရန် ဗိမာန်တော်တည်ဆောက်မည့်ဆဲဆဲအချိန်တွင် တောင်ပေါ်၌ပြသခဲ့သည့်ပုံစံနမူနာအတိုင်း အရာခပ်သိမ်းကိုတည်ဆောက်ရန် ၎င်းအားညွှန်ကြားတော်မူခဲ့သည်။ မောရှေသည် ထာဝရဘုရား၏အမှုတော်ကိုဆောင်ရွက်ရန် စိတ်အားထက်သန်မှုအပြည့်အဝရှိသူတစ်ဦးဖြစ်ပါသည်။ စွမ်းရည်ရှိသူများ၊ ကျွမ်းကျင်သူများသည် ၎င်း၏ညွှန်ကြားချက်အတိုင်းလုပ်ဆောင်ရန် အနီးတွင်ရှိကြပါသည်။ သို့စေကာမူ မောရှေသည် ၎င်းအားပြသည့်ပုံစံအတိုင်းမှလွဲ၍ ခေါင်းလောင်းတစ်လုံးကိုမျှ၊ သလဲသီးတစ်လုံးကိုမျှ၊ ပန်းဖွားတစ်ခုကိုမျှ၊ ပန်းဆွဲတစ်ခုကိုမျှ၊ ကန့်လန့်ကာတစ်ခုကိုမျှ၊ သို့မဟုတ် ဗိမာန်တော်သုံးခွက်တစ်လုံးကိုမျှ မလုပ်ကိုင်မတည်ဆောက်ခဲ့ချေ။ ဘုရားသခင်သည် ၎င်းအားတောင်ပေါ်သို့ခေါ်ဆောင်တော်မူ၍ ကောင်းကင်ဗိမာန်တော်မှပစ္စည်းများကိုပြသတော်မူခဲ့ပါသည်။ ခပ်သိမ်းသောအရာများကို အရှိအတိုင်းမြင်တွေ့နိုင်စေရန်အလို့ငှါ ဘုရားသခင်သည် ကိုယ်တော်၏ဘုန်းအာနုဘော်တော်အားဖြင့် ၎င်းအားကာကွယ်တော်မူခဲ့ပါသည်။ ကိုယ်တော်ကိန်းဝပ်တော်မူရန် ဗိမာန်တော်ကိုတည်ဆောက်စေလိုသော ဣသရေလများအားလည်း ၎င်းတို့တွင်ရှိရမည့်အကျင့်စာရိတ္တစံကို ထိုနည်းအတူ ကိုယ်တော်ပြသတော်မူခဲ့သည်။ သိနာတောင်ပေါ်၌ ပညတ်တော်ကိုပေးသနားတော်မူနေသောအချိန် "ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူစေသော အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကို စောင့်မတော်မူထသော----ဘုရားသခင်" ဟု မောရှေကြွေးကြော်နေသောအချိန်တွင် ထိုပုံစံနမူနာကို တောင်ပေါ်တွင် သူတို့အားပေးတော်မူခဲ့ပါသည်။

ဣသရေလလူများသည် ကိုယ်ပိုင်နည်းစနစ်များကိုသာ ရွေးချယ်ခဲ့ကြပါသည်။ ပေးထားသည့်ပုံစံနမူနာအတိုင်း တည်ဆောက်ခြင်းမပြုခဲ့ကြချေ။ သို့သော် ဘုရားသခင်ကိန်းဝပ်ရန်အတွက် ဗိမာန်တော်အစစ်ဖြစ်တော်မူသောခရစ်တော်သည် ဘုရားသခင်အလိုရှိသော အသက်တာပုံစံ

အတိုင်း လောကအသက်တာကိုတည်ဆောက်ခဲ့ပါသည်။ "ကိုယ်တော်၏အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။" ဆာလံ ၄၀း၈။ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကိန်းဝပ်တော်မူခြင်းအလိုငှါ ကျွန်ုပ်တို့၏အကျင့်စာရိတ္တများကိုလည်း ထိုနည်းအတူတည်ဆောက်ကြရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပြသခဲ့သည့်ပုံစံနမူနာနှင့်အညီ အလုံးစုံတို့ကို လုပ်ဆောင်ရန်လိုသကဲ့သို့ ကျွန်ုပ်တို့အတွက်အသေခံတော်မူသော ကိုယ်တော်၏ခြေတော်ရာကိုလျှောက်လိုက်ရန်လိုအပ်ကြသည်။

ကျွန်ုပ်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော အဖဘုရားနှင့် ခွဲခြားခြင်းငှါမပြုနိုင်သည့်ချည်နှောင်မှုများရှိသူများဟု မိမိကိုယ်ကိုမှတ်ယူရမည်ဖြစ်ကြောင်း ကိုယ်တော်ရှင်သွန်သင်တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည် မည်သည့်ရာထူးကိုရရှိထားသည်ဖြစ်စေ၊ လက်တော်တွင်အနာဂတ်ခရီးဆုံးများကိုချုပ်ကိုင်ထားတော်မူသော ဘုရားသခင်ကိုမှီခိုရပါမည်။ ကိုယ်တော်ရှင်သည် ထိုရာထူးများတွင် ကျွန်ုပ်တို့အားခန့်အပ်တော်မူ၍ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စွမ်းအားများနှင့် နည်းစနစ်များကိုပေးသနားတော်မူပါသည်။ ကိုယ်တော်၏အလိုတော်အတိုင်း ပြုတော်မူရန် မိမိကိုယ်ကိုဆက်ကပ်၍ ကိုယ်တော်ရှင်၏အစွမ်းသတ္တိနှင့်ဉာဏ်ပညာများအပေါ် ကိုးစားသရွေ့ကာလပတ်လုံး ကိုယ်တော်၏မဟာစီမံကိန်းတွင် ကျွန်ုပ်တို့အား ခန့်အပ်ထားသည့်အလုပ်များကို ပြီးမြောက်အောင်လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ လုံခြုံသောလမ်းသို့လမ်းပြပို့ဆောင်တော်မူပါလိမ့်မည်။ မိမိ၏ပညာနှင့် တန်ခိုးများကို အမှီပြုနေသူများသည် မိမိကိုယ်ကို ဘုရားသခင်နှင့်ကွဲပြားအောင် ခွဲခြားနေကြခြင်းဖြစ်ပါသည်။ ခရစ်တော်ဘုရားနှင့်လက်တွဲညီညီလုပ်ဆောင်ရမည့်အစား ထိုသူသည် ဘုရားသခင်နှင့်လူသားများတို့၏ရန်သူ၏အလိုကိုဆောင်နေခြင်းသာဖြစ်ပါသည်။

ယေရှုက "ခမည်းတော်ပြုတော်မူသမျှအတိုင်း သားတော်လည်းပြု၏။ ခမည်းတော်သည် သေလွန်သောသူတို့ကို ထမြောက်ရှင်ပြန်စေတော်မူသကဲ့သို့ ထိုနည်းတူသားတော်ကိုလည်း အလိုရှိသမျှသောသူတို့ကိုရှင်စေ၏" ဟု ဆက်လက်၍မိန့်တော်မူခဲ့၏။ ဇဒ္ဒုကဲများသည် ရှင်ပြန်





ထမြောက်ခြင်းမရှိဟု မှတ်ယူထားကြပါသည်။ သို့သော် ခမည်းတော်ဘုရား၏ အရေးကြီးဆုံးသောအလုပ်သည် လူသေများကိုထမြောက်စေရန်ဖြစ်ကြောင်းကိုလည်းကောင်း၊ ထမြောက်စေရန်အတွက်လည်း မိမိ၌တန်ခိုးရှိတော်မူကြောင်းကိုလည်းကောင်း ထိုသူများအား ခရစ်တော်မိန့်တော်မူနေပါသည်။ "သေလွန်သောသူတို့သည် ဘုရားသခင့်သားတော်၏စကားသံကိုကြား၍ ကြားသောအားဖြင့် အသက်ရှင်ရမည့်အချိန်ကာလသည် လာ၍ယခုပင်ရောက်လျက်ရှိ၏။" ဖါရိရှဲများသည် ရှင်ပြန်ထမြောက်ခြင်းကိုယုံကြည်ကြပါသည်။ သေလွန်သူများအား အသက်ပေးနိုင်သောတန်ခိုးသည် ယခုပင် ၎င်းတို့အထဲတွင်ရှိသဖြင့် ထိုတန်ခိုးတော်၏ထင်ရှားတော်မူခြင်းကို ကြည့်ရှုကြရန် ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ ထိုထမြောက်ခြင်းတန်ခိုးသည် ဒုစရိုက်အပြစ်၌သေလျက်ရှိနေသောလူများကိုပင် အသက်ရှင်ခြင်းအခွင့်ကိုပေးနေပါသည်။ ထမြောက်ခြင်းအခွင့်ကိုပေးနိုင်သည့် တန်ခိုးတည်းဟူသော ခရစ်တော်၌ရှိသည့် အသက်ရှင်စေသောဝိညာဉ်တော်သည် အပြစ်တရား၏လက်မှလည်းကောင်း၊ သေခြင်းတရား၏လက်မှလည်းကောင်း ကင်းလွတ်တော်မူပါသည်။ (ဖိလိပ္ပိ ၃း၁၀။ ရောမ ၈း၂) ယုံကြည်ခြင်းအားဖြင့် ဒုစရိုက်၏အစိုးတရပြုခြင်းကိုချိုးဖျက်၍ လူသားများကို အပြစ်တရားမှကင်းဝေးစေပါသည်။ ခရစ်တော်၏ဝိညာဉ်တော်အား မိမိစိတ်နှလုံးထဲသို့ဝင်ရောက်စိုးစံတော်မူရန် စိတ်နှလုံးဖွင့်ထားသူများသည် မိမိ၏ခန္ဓာကိုယ်ကို သင်္ချိုင်းတွင်းမှပြန်လည်ရှင်ပြန်စေနိုင်ပြီး မဟာတန်ခိုးတော်ကို မျှဝေခံစားခွင့်ရသူများဖြစ်လာပါမည်။

သခင်ယေရှုသည် မိမိ၏စစ်မှန်သောဂုဏ်အသရေကို အခိုင်အမာဖြစ်စေတော်မူခဲ့ပါသည်။ ကိုယ်တော်သည် လူသားများအလယ်တွင် ထင်ရှားပေါ်လွင်လျက်ရှိပါသည်။ အပြစ်နှင့်ရှက်ကြောက်ဖွယ်ရာအသွင်အပြင်များကို ရှောင်ရှားတော်မူခဲ့ပါသည်။ စကြဝဠာ၏ဖန်ဆင်းရှင်ဖြစ်တော်မူသော ကောင်းကင်ဗိုလ်မင်းဖြစ်သည့် သားတော်ဘုရားဖြစ်ကြောင်းကို ထင်ရှားပေါ်လွင်အောင် ရပ်တည်တော်မူခဲ့ပါသည်။

တရားနာပရိသတ်များသည် ကိုယ်တော်၏တရားတော်တွင် အာရုံကပ်ငြိနေခဲ့ကြပါသည်။ ကိုယ်တော်မိန့်တော်မူခဲ့သောစကားမျိုးကို မည်သူမျှမပြောခဲ့ဖူးချေ။ မည်သူမျှလည်း ယခုကဲ့သို့ကြီးမြတ်သောဂုဏ်အသရေကို မဆောင်ခဲ့ဖူးချေ။ မိမိ၏အမှုတော်နှင့် ကမ္ဘာသူကမ္ဘာသားများ၏လုပ်ဆောင်ရမည့်တာဝန်များကို ထုတ်ဖော်ကြေညာတော်မူသည့် ယေရှုရှင်၏မိန့်တော်မူချက်တို့သည် ရှင်းလင်းပြတ်သားလှပါသည်။ "ခမည်းတော်သည် အဘယ်သူကိုမျှတရားစီရင်တော်မမူ၊ တရားစီရင်ခြင်းအခွင့်ရှိသမျှကို သားတော်အားအပ်ပေးတော်မူ၏။ သားတော်ကိုမရိုသေသောသူသည်ကား သားတော်ကိုစေလွှတ်တော်မူသောခမည်းတော်ကို မရိုသေသောသူဖြစ်၏။---ခမည်းတော်သည် ကိုယ်၌အသက်ရှိတော်မူသည်နည်းတူ သားတော်သည် မိမိ၌အသက်ရှိရသောအခွင့်ကို ပေးတော်မူ၏။ သားတော်သည် လူသားဖြစ်သောကြောင့် တရားစီရင်ခြင်းအခွင့်ကိုလည်း အပ်ပေးတော်မူ၏။"

ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများသည် ခရစ်တော်၏လုပ်ဆောင်မှုများကို အပြစ်တင်ဝေဖန်ရန် မိမိတို့ကိုယ်ကို တရားသူကြီးများအဖြစ်ခန့်အပ်ကြပါသည်။ သို့သော်လည်း မိမိသည် ၎င်းတို့အား တရားစီရင်မည့်သူဖြစ်ကြောင်းနှင့် ကမ္ဘာသူကမ္ဘာသားများအား တရားစီရင်မည့်သူဖြစ်ကြောင်း ကိုယ်တော်မိန့်တော်မူခဲ့သည်။ ကမ္ဘာကြီးအား ခရစ်တော်၏လက်တော်တွင်အပ်နှံတော်မူထားသဖြင့် ကိုယ်တော်အားဖြင့်သာ ဘုရားသခင့်ထံမှကောင်းချီးမင်္ဂလာများသည် ကျဆုံးနေသောလူသားများထံသို့ သက်ဆင်းလျက်ရှိပါသည်။ လူသားဇာတိကိုခံယူပြီးသည့်အချိန်မှစ၍ ကိုယ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်သကဲ့သို့ ဇာတိတော်ကို မခံယူမီကလည်း ကယ်တင်ရှင်ပင်ဖြစ်တော်မူပါသည်။ အပြစ်တရားရှိလာသည်နှင့်တစ်ပြိုင်နက် ကယ်တင်ရှင်တစ်ပါးသည်လည်း ရှိတော်မူခဲ့ပါသည်။ ကိုယ်တော်သည် လူသားများအား အသက်နှင့်အလင်းကိုပေးသနားတော်မူ၍ လူသားများသည် မိမိတို့ရရှိထားသည့်အလင်းတရားပမာဏအတိုင်း တရားစီရင်ခြင်းကိုခံကြရပါမည်။ လူသားများကို အလင်းတရားပေးတော်မူ၍ အပြစ်တရားမှ သန့်ရှင်းခြင်းသို့ရောက်ရှိလာရန် ကြိုးစားလျက် အနူးအညွတ်



တောင်းပန်ကာ ၎င်းတို့၏နောက်မှလိုက်တော်မူခဲ့သောကိုယ်တော်သည် ထိုအသက်ဝိညာဉ်များအတွက် ကြားဖျန်ဖြေသူနှင့် တရားစီရင်သောအရှင်ပင်ဖြစ်ပါသည်။ ကောင်းကင်နိုင်ငံတွင် တိုက်လှန်ပွဲကို လူသိရှင်ကြားအစပြုခဲ့သည့်အချိန်မှစ၍ စာတန်သည် မိမိ၏လုပ်ငန်းများကိုလိမ်ညာခြင်းအားဖြင့် ဆက်လက်တည်မြဲစေခဲ့ပါသည်။ ၎င်းပြင် ခရစ်တော်သည် စာတန်၏ကြံစည်ချက်များကို သိသာထင်ရှားစေရန်နှင့် စာတန်၏တန်ခိုးအာဏာကိုချိုးဖျက်ပစ်ရန် လုပ်ဆောင်တော်မူခဲ့ပါသည်။ စာတန်နှင့်ဆိုင်ပြိုင်တိုက်လှန်ခဲ့ပြီး စာတန်၏လက်အတွင်းသို့ကျရောက်နေသောအသက်ဝိညာဉ်များကို ပြန်လည်လုယူရန် ခေတ်အဆက်ဆက်ကြိုးစားကာ အသက်ဝိညာဉ်တိုင်းအား တရားစီရင်ဆုံးဖြတ်တော်မူမည့်ပုဂ္ဂိုလ်သည် ယေရှုရှင်ပင်ဖြစ်တော်မူပါသည်။

ယေရှုရှင်သည် ဘုရားသခင်၏သားတော်ဖြစ်သည့်အတွက်ကြောင့်သော်လည်းကောင်း၊ ကိုယ်တော်သည် လူသားများခံစားနေရသည့် ပူပန်သောကများနှင့် စုံစမ်းခြင်းတိုင်းကိုခံစားဖူးပြီး လူသားများ၏အားနည်းချို့ယွင်းချက်များနှင့် အပြစ်များကိုနားလည်တော်မူသည့်အတွက်ကြောင့်သော်လည်းကောင်း၊ ကျွန်ုပ်တို့၏ကိုယ်စား စာတန်၏စုံစမ်းခြင်းများကိုအောင်မြင်စွာခုခံတွန်းလှန်ခဲ့ပြီး ၎င်းတို့ကယ်တင်ခြင်းရရှိရန် မိမိအသွေးတော်ကိုသွန်းလောင်းခဲ့ပြီးဖြစ်သည့်အတွက် တရားမျှတစွာနှင့် နူးညံ့သိမ်မွေ့စွာပြုမူဆောင်ရွက်ပေးတော်မူလိမ့်မည်ဖြစ်သောကြောင့်သော်လည်းကောင်း ဘုရားသခင်သည် သားတော်အား တရားစီရင်ခွင့်အာဏာကို ပေးအပ်တော်မူခဲ့ပြီး တရားစီရင်သူအဖြစ် ခန့်အပ်တော်မူခဲ့ပါသည်။

သို့သော် ခရစ်တော်ဆောင်ရွက်မည့်အမှုတော်သည် အပြစ်စီရင်ခြင်းအတွက်မဟုတ်ဘဲ ကယ်တင်ခြင်းအတွက်ဖြစ်ပါသည်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည့်အကြောင်း သားတော်ကိုစေလွှတ်တော်မူပါသည်။ ခရစ်တော်သည် ဆန်ဟီဒရင်အဖွဲ့ဝင်များရှေ့တွင် မိန့်တော်မူသည်ကား "ငါ့စကားကိုနားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရသည်ဖြစ်၍

အပြစ်စီရင်ခြင်းကိုမခံရ၊ သေခြင်းမှအသက်ရှင်ခြင်းသို့ကူးမြောက်သောသူဖြစ်၏။” ယောဟန် ၅း၂၄။

ခရစ်တော်သည် မိမိ၏တရားနာပရိသတ်အား အံ့သြခြင်းမရှိကြရန် မိန့်တော်မူလျက် အနာဂတ်၏နက်နဲမှုများကို ၎င်းတို့ရှေ့မှောက်တွင် ကျယ်ပြန့်စွာဖွင့်ဟတော်မူခဲ့ပါသည်။ “ဤအရာကိုအံ့သြခြင်းမရှိကြနှင့်။ သင်္ချိုင်းများမှာရှိသောသူအပေါင်းတို့သည် သားတော်၏စကားသံကိုကြား၍ ထွက်ရမည့်အချိန်ကာလရောက်လတ္တံ့။ ကောင်းသောအကျင့်ကိုကျင့်သောသူတို့သည် အသက်ရှင်ရာထမြောက်ခြင်းသို့လည်းကောင်း၊ ဆိုးယုတ်သောအကျင့်ကိုကျင့်သောသူတို့သည် အပြစ်စီရင်ရာထမြောက်ခြင်းသို့လည်းကောင်း ထွက်ရကြလတ္တံ့။” ယောဟန် ၅း၂၈-၂၉။

အနာဂတ်အသက်တာအတွက် အာမခံချက်ကို ဣသရေလလူများသည် ကြာမြင့်စွာကတည်းက စောင့်စားမျှော်လင့်ခဲ့ကြပြီး မေရှိယကြွလာသောအချိန်တွင် ထိုမျှော်လင့်ချက်ပြည့်စုံလိမ့်မည်ဟု ထင်မြင်ခဲ့ကြပါသည်။ သင်္ချိုင်း၏မှောင်မိုက်ကိုထွန်းလင်းစေနိုင်သည့် တစ်ခုတည်းသောအလင်းတော်သည် ၎င်းတို့အပေါ်တွင် ထွန်းလင်းလျက်ရှိခဲ့ပါသည်။ သို့သော် အစွဲအလမ်းကြီးသောစိတ်ဓာတ်သည် ၎င်းတို့၏ဝိညာဉ်ရေးမျက်စိများအား ကန်းစေခဲ့ပါသည်။ ယေရှုသည် ကျမ်းတတ်ဆရာများ၏ မိရိုးဖလာများကို ချိုးဖောက်ကာ ထိုဆရာများ၏သြဇာအာဏာကိုမခံယူသောကြောင့် ကိုယ်တော်ကို သူတို့မယုံကြည်ခဲ့ကြချေ။

အချိန်အခါ၊ နေရာဒေသ၊ အခွင့်အခါ၊ စုရုံးနေကြသောလူထုတွင် ပျံ့နှံ့နေသောခံစားချက်ပြင်းပြမှု စသည်တို့သည် ဆန်ဟီဒရင်ရှေ့မှောက်တွင် မိန့်တော်မူခဲ့သောခရစ်တော်၏နှုတ်ထွက်စကားများကို ပိုမိုထိရောက်စေခဲ့ပါသည်။ ယုဒလူမျိုးများ၏အမြင့်ဆုံးသောဘာသာရေးအာဏာပိုင်များသည် ဣသရေလလူများအား မူရင်းအခြေအနေသို့ရောက်စေမည်ဟု မိန့်မြွက်နေသောကိုယ်တော်ရှင်၏အသက်တော်ကိုရန်ရှာရန် ကြိုးစားနေခဲ့ကြပါသည်။ ဥပုသ်နေ့၏အရှင်သည် ဥပုသ်ပညတ်တော်ချိုးဖောက်နေသည်ဟူသော စွဲဆိုချက်ကိုဖြေကြားရန် လောကတရားရုံးရှေ့မှောက်တွင် တရား



စစ်ဆေးခြင်းခံနေရပါသည်။ မိမိ၏အမှုတော်အကြောင်းကို မကြောက်မရွံ့ဘဲ မိန့်တော်မူသောအခါ ကိုယ်တော်အားတရားစီရင်မည့်သူများသည် အံ့သြတုန်လှုပ်၍ ဒေါသအမျက်ခြောင်းခြောင်းထွက်ခဲ့ကြသော်လည်း ကိုယ်တော်၏နှုတ်ထွက်စကားများကို ပြန်လည်ချေပနိုင်ခြင်းမရှိခဲ့ကြချေ။ သူတို့သည် ကိုယ်တော်ကိုပြစ်ဒဏ်မစီရင်နိုင်ခဲ့ကြတော့ချေ။ ထိုယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာများ၏မေးမြန်းမှုများနှင့် ဝင်ရောက်စွက်ဖက်မှုများကို ကိုယ်တော်ငြင်းပယ်တော်မူခဲ့ပါသည်။ ၎င်းတို့သည် ထိုကဲ့သို့သောအခွင့်အာဏာများကို အပ်နှင်းခြင်းမခံခဲ့ကြချေ။ ၎င်းတို့၏စေခိုင်းမှုများသည်လည်း မာနထောင်လွှားမှုများအပေါ်တွင်သာ အခြေပြုထားပါသည်။ ကိုယ်တော်သည် ၎င်းတို့၏စွဲဆိုချက်များတွင် အပြစ်ရှိကြောင်းကိုချေပရန်အတွက်သော်လည်းကောင်း၊ သူတို့၏ခရေစေ့တွင်းကျစစ်ဆေးမေးမြန်းမှုများကိုဖြေဆိုရန်အတွက်သော်လည်းကောင်း ငြင်းဆိုတော်မူခဲ့ပါသည်။ ၎င်းတို့အပြစ်တင်သော ကိုယ်တော်၏ပြုမူဆောင်ရွက်ချက်အတွက်သော်လည်းကောင်း၊ ထိုကဲ့သို့ပြုမူခြင်းအတွက် မိမိ၏အကြံအစည်တော်ကိုရှင်းပြရန်အတွက်သော်လည်းကောင်း တောင်းပန်ရမည့်အစား သခင်ယေရှုသည် ယုဒလူအကြီးအကဲများအပေါ် အမျက်ဒေါသထွက်ကြောင်း ပြသခဲ့ပါသည်။ စွဲချက်အတင်ခံရသူသည် စွဲချက်တင်သောသူဖြစ်လာခဲ့ပါသည်။ ၎င်းတို့၏စိတ်နှလုံးခိုင်မာမှုနှင့် သမ္မာကျမ်းစာကိုမသိနားမလည်မှုများအတွက် ကိုယ်တော်သည် ထိုအကြီးအကဲများအား ပြစ်တင်ဆုံးမတော်မူခဲ့ပါသည်။ ဘုရားသခင်စေလွှတ်တော်မူသော မိမိအားလက်ခံယုံကြည်ရန် ငြင်းဆန်ကြသောကြောင့် ၎င်းတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုငြင်းပယ်ခဲ့ကြသည်ဟု ယေရှုရှင်မိန့်မြွက်တော်မူခဲ့ပါသည်။ “ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟုစိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာသည် ငါ၏သက်သေဖြစ်၏” (ယောဟန် ၅း၃၉)။

ဓမ္မဟောင်းကျမ်းတွင်ပါရှိသော ရာဇဝင်ဖြစ်စေ၊ ဆုံးမသွန်သင်ချက်များတွင်ဖြစ်စေ၊ အနာဂတ္တိစကားများတွင်ဖြစ်စေ ရေးသားဖော်ပြထားသည့်စာမျက်နှာတိုင်းသည် ဘုရားသခင့်သားတော်၏ဘုန်းတော်နှင့်

ထွန်းလင်းတောက်ပနေပါသည်။ ဘုရားသခင်တည်ထောင်ထားသည့် အဖွဲ့အစည်းတစ်ခုအနေဖြင့် ယုဒဘာသာရေးထုံးစံများအားလုံးသည် ဧဝံဂေလိတရားတော်၏ကျစ်လျစ်သိပ်သည်းသောအနာဂတ္တိစကားတစ်ခုဖြစ်ပါသည်။ "ပုရောဖက်အပေါင်းတို့သည် ထိုသခင်၏သက်သေခံဖြစ်ကြသည်။" (တမန်တော် ၁၀း၄၃)။ အာဒံကိုပြုတော်မူသောကတိတော်မှသည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့၏သားစဉ်မြေးဆက်များနှင့် တရားဥပဒေအရ အသိအမှတ်ပြုခြင်းခံရသောအိမ်ထောင်မှုစီမံအုပ်ချုပ်သည့်နည်းစနစ်များသို့တိုင် ကောင်းကင်၏အသေရေတော်နှင့် ပြည့်စုံသောအလင်းတော်သည် ကယ်တင်ရှင်၏ခြေတော်ရာများကို ထင်ရှားစေခဲ့ပါသည်။ အနာဂတ်ရေးအကြောင်းအရာများသည် သိရှိဖို့ခက်ခဲနက်နဲလှသောအစီအစဉ်အဖြစ်အပျက်များအားဖြင့် ၎င်းတို့ရှေ့မှောက်တွင် အောင်မြင်စွာဖြစ်ပျက်စဉ်တွင် ပုရောဖက်များသည် ရှိလောလာရန်လက္ခဏာဖြစ်သည့် ဗက်လင်မြို့မှကြယ်ကြီးကို မြင်တွေ့ခဲ့ရပါသည်။ ဆက်ကပ်ပူဇော်မှုတိုင်းတွင် ခရစ်တော်၏အသေခံခြင်းကိုထင်ရှားစေခဲ့ပါသည်။ နံ့သာပေါင်းမီးရှို့သောမီးခိုးများထဲတွင် ကိုယ်တော်၏ဖြောင့်မတ်ခြင်းသည် အထက်သို့တက်ကြွလျက်ရှိခဲ့ပါသည်။ ရတုသဘင်၏တံပိုးမှုတ်သံတိုင်းတွင် ကိုယ်တော်၏နာမတော်အားကြားသိစေခဲ့ပါသည်။ အသန့်ရှင်းဆုံးသော ရိုသေကြောက်ရွံ့ဖွယ်နက်နဲမှုထဲတွင် ကိုယ်တော်၏ဘုန်းတော်သည် ကိန်းဝပ်တော်မူခဲ့ပါသည်။

ယုဒလူများတွင် ကျမ်းစာကိုယ်ပိုင်ရှိကြပါသည်။ ကျမ်းစာအသိပညာများကို အပေါ်ယံသိထားရုံနှင့် ထာဝရအသက်ကိုရမည်ဟု သူတို့ထင်ခဲ့ကြပါသည်။ သို့သော် ယေရှုရှင်မိန့်တော်မူသည်ကား "နှုတ်ကပတ်တော်သည်လည်း သင်တို့၌မတည်၊ အကြောင်းမူကား စေလွှတ်တော်မူသောသူကိုသင်တို့သည်မယုံကြည်ကြဘဲနေကြ၏" ဟူ၏။ သူတို့သည် နှုတ်ကပတ်တော်တွင်ရှိသောခရစ်တော်အား ငြင်းပယ်ခဲ့ကြပြီးနောက် ကိုယ်တော်အားကိုယ်တိုင်ကိုယ်ကြပ်ငြင်းပယ်ခဲ့ကြပြန်သည်။ ထို့ကြောင့် "သင်တို့သည်အသက်ကိုရအောင် ငါ့ထံသို့လာခြင်းငှါအလိုမရှိကြ" ဟု ကိုယ်တော်ကမိန့်တော်မူခဲ့၏။



ယုဒလူများသည် မေရှိယ၏နိုင်ငံတော်နှင့်ပတ်သက်သောပုရောဖက်များ၏သွန်သင်ချက်များကို လေ့လာကြပြီးသော်လည်း သမ္မာတရားကိုသိရှိလိုသောဆန္ဒမွန်ဖြင့် လေ့လာကြခြင်းမဟုတ်ဘဲ မိမိတို့၏ကြီးပွားလိုသောမျှော်မှန်းချက်များတို့ကိုထောက်မရန် လိုအပ်သည့်သက်သေအထောက်အထားများကိုတွေ့ရှိအောင်သာ လေ့လာခဲ့ကြခြင်းဖြစ်ပါသည်။ ခရစ်တော်ကြွလာသောအခါ ၎င်းတို့မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာသောအချိန်တွင် ကိုယ်တော်ကိုသူတို့လက်ခံကြိုဆိုမှုမပြုခဲ့ကြချေ။ ၎င်းပြင်မိမိတို့၏လုပ်ရပ်မှန်ကန်ကြောင်း ထင်ရှားစေရန် ကိုယ်တော်ရှင်အား လူလိမ်လူညာတစ်ဦးအနေဖြင့် စွပ်စွဲရန် သူတို့ကြိုးစားခဲ့ကြပါသည်။ သူတို့သည်ထိုကဲ့သို့တစ်ခါစွပ်စွဲဖူးရုံနှင့် သူတို့အား ခရစ်တော်နှင့်ဆန့်ကျင်ဘက်ပြုဖို့အားပေးရန် စာတန်အတွက်လွယ်ကူသွားစေခဲ့ပါသည်။ ကိုယ်တော်ရှင်၏ဘုရားဇာတိတော်ကိုထင်ရှားစေသောသက်သေအထောက်အထားများဖြစ်စေသည့် နှုတ်ထွက်စကားများကိုလည်းဆန့်ကျင်၍ အနက်ဖွင့်ခဲ့ကြပါသည်။ ထိုနည်းအားဖြင့် သူတို့သည် ဘုရားသခင်၏သမ္မာတရားကို မုသားစကားတစ်ခုအသွင်သို့ပြောင်းလဲခဲ့ကြပြီး ကိုယ်တော်ရှင်သည် မိမိ၏မေတ္တာလုပ်ငန်းများဖြင့် ၎င်းတို့အား တိုက်ရိုက်သွန်သင်လေလေ၊ အလင်းတရားကိုတွန်းလှန်ရန်အတွက် သူတို့ဆုံးဖြတ်လေလေဖြစ်ခဲ့ကြပါသည်။

ယေရှုက "လူပေးသောဘုန်းအသရေကိုငါမခံ" ဟုမိန့်တော်မူခဲ့ပါသည်။ ဆန်ဟီဒရင်အဖွဲ့မှပေးသောအာဏာတန်ခိုးကိုလည်းကောင်း၊ ခွင့်ပြုမိန့်ကိုလည်းကောင်း ကိုယ်တော်တောင့်တတော်မမူခဲ့ချေ။ ၎င်းတို့၏ဂုဏ်ပြုခြင်းကိုလည်း ကိုယ်တော်ရှင်လက်မခံခဲ့ချေ။ ထာဝရဘုရားသည် ကိုယ်တော်အား မိမိ၏ဂုဏ်အသေရနှင့်အာဏာတန်ခိုးများကိုအပ်နှင်းပေးတော်မူခဲ့သည်။ ကိုယ်တော်ရှင်အလိုတော်ရှိလျှင် ကောင်းကင်တမန်များသည် ကိုယ်တော်ရှင်အားလာရောက်ကိုးကွယ်ကြမည်ဖြစ်ပြီး အဖဘုရားသခင်သည် ကိုယ်တော်၏ဘုရားဇာတိအတွက် တစ်ဖန်ထပ်၍သက်သေခံလိမ့်ဦးမည်ဖြစ်ပါသည်။ သို့သော် ယုဒနိုင်ငံနှင့်ထိုနိုင်ငံအားဦးဆောင်နေသော ၎င်းတို့၏အကျိုးကိုထောက်ထား၍ ကိုယ်တော်ရှင်အားအမြင်ကြည်ကာ

ပေးသနားတော်မူမည့်ကောင်းချီးမင်္ဂလာများကို သူတို့ခံစားနေကြရန် ယေရှုရှင်လိုလားတော်မူခဲ့ပါသည်။

"ငါသည် ခမည်းတော်၏အခွင့်နှင့်ရောက်လာသော်လည်း သင်တို့သည် ငါ့ကိုလက်မခံကြ။ အခြားသောသူသည် မိမိအခွင့်နှင့်ရောက်လာလျှင် ထိုသူကိုလက်ခံကြလိမ့်မည်" ဟုလည်း ကိုယ်တော်မိန့်တော်မူခဲ့၏။ ယေရှုရှင်သည် ဘုရားသခင်၏ပုံသဏ္ဌာန်တော်ကိုဆောင်ပြီး ဘုရားသခင်၏နှုတ်ကပတ်စကားကိုပြည့်စုံစေလျက်၊ ဘုရား၏ဘုန်းတော်ကိုထွန်းလင်းစေလျက် ဘုရားသခင်၏အခွင့်နှင့်ကြွလာတော်မူခဲ့သော်လည်း ယုဒခေါင်းဆောင်များသည် ကိုယ်တော်အား လက်မခံခဲ့ကြချေ။ သို့သော် မိမိအလိုအတိုင်း မိမိ၏ဘုန်းကိုထင်ရှားစေလိုသောသူကိုမူ ၎င်းတို့လက်ခံကြလိမ့်မည်ဖြစ်ပါသည်။ အဘယ်ကြောင့်လက်ခံကြပါသလဲ။ အကြောင်းမူကား မိမိဘုန်းကိုထင်ရှားစေမည့်ထိုသူသည် မိမိကိုယ်ကိုချီးမြှောက်စေသောအလိုဆန္ဒကို နှိုးဆွပေးသောကြောင့်ဖြစ်ပါသည်။ ထိုသို့သောနှိုးဆွတောင်းဆိုမှုကို ယုဒလူများတုံ့ပြန်လိုကြပါသည်။ သူတို့သည် အတုအယောင်ဆရာသမားများကို ကြိုဆိုလက်ခံကြပါလိမ့်မည်။ အကြောင်းမူကား ၎င်းတို့နှစ်သက်မြတ်နိုးသောထင်မြင်ယူဆချက်များနှင့် မိရိုးဖလာများကိုလုပ်ခွင့်ပြုခြင်းအားဖြင့် ၎င်းတို့၏မာနထောင်လွှားမှုကို မြှောက်ပင့်ပေးသောကြောင့်ဖြစ်ပါသည်။ ခရစ်တော်၏သွန်သင်ချက်သည် ၎င်းတို့၏အတွေးအခေါ်နှင့်တစ်သားတည်းမကျခဲ့ချေ။ ကိုယ်တော်သွန်သင်ချက်များသည် ဝိညာဉ်ရေးသက်သက်ဖြစ်ပြီး "ငါ" ဟူသောအတ္တစိတ်ကို ဆက်ကပ်ရန်ဖြစ်သောကြောင့် သူတို့လက်မခံခဲ့ကြချေ။ ထိုသူများသည် ထာဝရဘုရားနှင့်ပွန်းတီးမှုမရှိခဲ့ဘဲ ခရစ်တော်အားဖြင့် မိန့်တော်မူသော ဘုရားသခင်၏အသံတော်သည် ၎င်းတို့အတွက် သူစိမ်းဧည့်သည်တစ်ဦး၏အသံကဲ့သို့ဖြစ်ခဲ့ပါသည်။

ထိုသတင်းစကားကို ကျွန်ုပ်တို့၏ခေတ်အတွက်လည်း အထပ်ထပ်မိန့်တော်မူနေသည်မဟုတ်ပါလား။ ဘုရားသခင်၏အသံတော်ကိုမမှတ်မိစေရန်လုပ်ဆောင်ပြီး ဘာသာရေးခေါင်းဆောင်များသည်ပင် သန့်ရှင်းသောဝိညာဉ်တော်ကိုဆန့်ကျင်ကာ မိမိတို့၏စိတ်နှလုံးများကိုမာကျောစေလျက်



ရှိကြသည်မဟုတ်ပါလား။ ထိုသူတို့သည် မိမိတို့၏မိရိုးဖလာကိစ္စရပ်များကို စောင့်ရှောက်နိုင်ရန် ထာဝရဘုရား၏နှုတ်ကပတ်တော်ကို ငြင်းပယ်နေကြသည်မဟုတ်ပါလား။

"သင်တို့သည် မောရှေ၏စကားကိုယုံလျှင် ငါ့စကားကိုမယုံကြည်ဘဲ မနေနိုင်ကြ။ အကြောင်းမူကား မောရှေသည် ငါ့အကြောင်းကိုရေးထား၏။ ရေးထားသောစာကို သင်တို့သည်မယုံလျှင် ငါ့စကားကိုအဘယ်သို့ယုံနိုင်မည်နည်း" ဟု ယုဒလူတို့အားမိန့်တော်မူ၏။ မောရှေအားဖြင့် ဣသရေလလူများအား မိန့်တော်မူခဲ့သောပုဂ္ဂိုလ်သည် ခရစ်တော်ပင်ဖြစ်ပါသည်။ သူတို့သည် မိမိတို့၏ခေါင်းဆောင်ကြီးမောရှေမှတစ်ဆင့် မိန့်တော်မူခဲ့သောစကားများကို နားထောင်ခဲ့ကြပါလျှင် ခရစ်တော်၏သွန်သင်ချက်များထဲတွင် ပါဝင်နေသည့်ထိုစကားများကို အသိအမှတ်ပြုခဲ့ကြလိမ့်မည်သာတည်း။ သူတို့သည် မောရှေကိုယုံကြည်ခဲ့ကြပါလျှင် ၎င်းစာများကိုရေးသားစေခဲ့သည့်ကိုယ်တော်ကို ယုံကြည်ကြလိမ့်မည်ဖြစ်ပါသည်။

ထိုယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာများသည် မိမိအသက်ကိုအန္တရာယ်ပြုရန်ဆုံးဖြတ်ထားကြကြောင်း ယေရှုရှင်သိရှိခဲ့သော်လည်း မိမိနှင့်ထာဝရဘုရားသည် တစ်လုံးတစ်ဝတည်းရှိကြောင်းကိုလည်းကောင်း၊ ကမ္ဘာကြီးနှင့်မိမိအကြားဆက်နွယ်မှုကိုလည်းကောင်း ရှင်းလင်းစွာမိန့်ကြားတော်မူခဲ့ပါသည်။ ခရစ်တော်ကို မိမိတို့ဆန့်ကျင်သည့်အတွက် အပြစ်လွှတ်ခွင့်ရမည်မဟုတ်ကြောင်းကို ထိုသူများသိရှိကြသော်လည်း အလွန်အမင်းရက်စက်ကြမ်းကြုတ်သော မိမိတို့၏မုန်းတီးမှုကို မငြိမ်းသတ်နိုင်ခဲ့ကြချေ။ ကိုယ်တော်ရှင်၏အမှုတော်တွင် ပြတော်မူသောတန်ခိုးတော်များကို မျက်မြင်ကိုယ်တွေ့မြင်တွေ့ခဲ့ကြသောအခါ ကြောက်ရွံ့တုန်လှုပ်ခဲ့ကြသော်လည်း ကိုယ်တော်ရှင်၏တောင်းဆိုသံကို ငြင်းဆန်ခဲ့ကြပြီး အမှောင်ထဲမှာပင် မိမိတို့ကိုယ်ကို တံခါးပိတ်ထားခဲ့ကြပါသည်။

ခရစ်တော်၏ဩဇာအာဏာကို ပျက်ပြုန်းသွားစေရန်အတွက်သော်လည်းကောင်း၊ ခရစ်တော်အပေါ်ထားရှိသည့် ယုဒလူ၏ရိုသေလေးစားမှုနှင့်အာရုံစွဲလမ်းမှုများကို ပျက်ပြားသွားစေရန်အတွက်သော်လည်းကောင်း

သူတို့မစွမ်းဆောင်နိုင်ခဲ့ကြချေ။ ထိုသို့မစွမ်းဆောင်နိုင်သည့်အပြင် များစွာသောလူများသည် ကိုယ်တော်၏နှုတ်ကပတ်တော်အားဖြင့် သမ္မာတရားကို သိရှိသွားခဲ့ကြပါသည်။ ကိုယ်တော်သည် ၎င်းတို့၏ဒုစရိုက်များအကြောင်းကို သြတ္တပ္ပစိတ်များတွင် ထင်ရှားစေခဲ့သဖြင့် သူတို့ကိုယ်တိုင်လည်း နက်ရှိုင်းသောပြစ်ဒဏ်စီရင်ခြင်းကိုခံစားခဲ့ကြရပါသည်။ သို့စေကာမူ ထိုခံစားမှုသည် ကိုယ်တော်အားပိုမို၍ခါးသီးမှုကိုဖြစ်စေခဲ့ပါသည်။ ကိုယ်တော်ကိုလုပ်ကြံရန် သူတို့ဆုံးဖြတ်ခဲ့ကြပါသည်။ ခရစ်တော်သည် လိမ်လည်ဖြားယောင်းသူတစ်ဦးဖြစ်ကြောင်း ပြည်သူလူထုအားသတိပေးရန် စေတမန်များကို ယုဒပြည်အနှံ့စေလွှတ်ခဲ့ကြပါသည်။ ကိုယ်တော်ရှင်အား စောင့်ကြည့်ထားရန်နှင့် ကိုယ်တော်ရှင်ပြောသည့်စကား၊ လုပ်သည့်အရာများအားလုံးကိုသတင်းပို့ရန် သူလျှိုများကိုလည်းစေလွှတ်ခဲ့ကြပါသည်။ မွန်မြတ်သန့်စင်တော်မူသောကယ်တင်ရှင်သည် ယခုအချိန်တွင် ကပ်တိုင်၏အရိပ်အောက်တွင်မုချဧကန် ရပ်လျက်ရှိတော်မူပါသည်။

-၀-



## (၂၂)
## ဗတ္တိဇံဆရာယောဟန်၏အကျဉ်းချခံရခြင်းနှင့် အသေသတ်ခံရခြင်း

ရှင်မဿဲ ၁၁း၁-၁၁။ ၁၄း၁-၁၁။ ရှင်မာကု ၆း၁၇-၂၈။
ရှင်လုကာ ၇း၁၉-၂၈ တို့ကိုအခြေခံထားပါသည်

နှစ်ခြင်းဆရာယောဟန်သည် ခရစ်တော်၏နိုင်ငံတော်အကြောင်းကိုကြွေးကြော်ရာတွင် ပထမဦးဆုံးသောပုဂ္ဂိုလ်ဖြစ်သကဲ့သို့ ခရစ်တော်အတွက် ပထမဦးဆုံးသောဒုက္ခဆင်းရဲခြင်းခံခဲ့ရသူလည်းဖြစ်ပါသည်။ သူ၏သွန်သင်ချက်များကိုစွဲလမ်းသည့် များစွာသောလူထုကြီးအလယ်တွင်လည်းကောင်း၊ တော၏လွတ်လပ်လဟာတွင်လည်းကောင်း အမှုတော်ဆောင်ခဲ့သော၎င်းသည် ယခုတွင် မြေတိုက်ခန်းထဲတွင် ပိတ်လှောင်ထားခြင်းကို ခံနေရပြီး ဟေရုဒ်အန္တိပ၏အကျဉ်းသားတစ်ယောက်ဖြစ်နေခဲ့ပါသည်။ ဆရာယောဟန်အမှုတော်ဆောင်ခဲ့သောယော်ဒန်မြစ်၏အရှေ့ဘက်ခြမ်းသည် အန္တိပအုပ်ချုပ်ရသောနယ်မြေဖြစ်ပါသည်။ ဟေရုဒ်ကိုယ်တိုင်လည်း ဆရာယောဟန်၏တရားဟောချက်များကို ကြားနာခဲ့ဖူးပါသည်။ အပျော်ကြူးသောထိုဟေရုဒ်သည် နောင်တရဖို့ခေါ်သံကိုကြားရသောအခါ ကြောက်ရွံ့တုန်လှုပ်ခဲ့ပါသည်။ “ယောဟန်သည် ဖြောင့်မတ်သန့်ရှင်းသောသူဖြစ်ကြောင်းကို ဟေရုဒ်သည်သိ၍ သူ့ကိုကြောက်ရွံ့ရိုသေ၏။-----အမှုအရာများတို့၌ သူ၏စကားကိုနားထောင်၍ ဝမ်းမြောက်သောစိတ်နှင့်လည်း နားထောင်တတ်သည်---။” ဟေရုဒ်သည် ညီဖြစ်သူ၏ဇနီးဖြစ်သူ ဟေရောဒိနှင့်လက်ထပ်ပေါင်းသင်းမှုအတွက် ဆရာယောဟန်သည် ၎င်းအားလူသိရှင်ကြားပြစ်တင်ဝေဖန်ခဲ့ကာ မှန်ကန်သောအနေအထားဖြင့် ဆက်ဆံခဲ့ပါသည်။ ၎င်းအားရစ်ပတ်နေသောဟေရောဒိ၏အနှောင်အဖွဲ့များကိုဖြတ်တောက်ရန် ချည့်နဲ့စွာဖြင့်ကြိုးစားခဲ့ပါသည်။ သို့သော် ဟေရောဒိသည်

သူမ၏ကျော့ကွင်းတွင် ၎င်းအားပိုမိုခိုင်မြဲအောင်ချည်နှောင်ခဲ့ပြီး ဆရာယောဟန်အား အကျဉ်းချစေအောင် ဟေရုဒ်အားသွေးဆောင်နိုင်ခဲ့ခြင်းဖြင့် ကလဲ့စားချေရန် အခွင့်အလမ်းကိုတွေ့ရှိခဲ့ပါသည်။

ဆရာယောဟန်၏အသက်တာသည် ထက်မြက်သောအမှုတော်ကို စွမ်းဆောင်သောအသက်တာဖြစ်ခဲ့ပြီး မှောင်မည်း၍ လှုပ်ရှားခွင့်မရသည့် ထောင်နန်းစံဘဝသည် ၎င်းအားလေးလံစွာဖိစီးခဲ့ပါသည်။ ထူးခြားချက်များဖြစ်ပေါ်မလာသည့်အတွက် စိတ်ပျက်အားလျော့မှုများနှင့် သံသယစိတ်များသည် တစ်နေ့ထက်တစ်နေ့ ၎င်း၏စိတ်တွင်ဖြစ်ပေါ်ခဲ့ပါသည်။ ၎င်း၏တပည့်များသည် ဆရာယောဟန်အား မစွန့်ပစ်ခဲ့ကြချေ။ သူတို့သည် ထိုအကျဉ်းထောင်သို့လာရောက်ခွင့်ရခဲ့ကြသောကြောင့် ယေရှုရှင်၏ အမှုတော်နှင့်ပတ်သက်သောသတင်းများနှင့် ကိုယ်တော်ရှင်ထံတွင် လူများစုရုံးနေကြသည့်သတင်းများကို ဆရာယောဟန်အားပြောပြခဲ့ကြပါသည်။ ယေရှုရှင်သည် မေရှိယဖြစ်ခဲ့လျှင် အဘယ်ကြောင့်ဆရာယောဟန်၏ လွတ်မြောက်ရေးအတွက် မည်သည့်အရာတစ်ခုကိုမျှ လုပ်ဆောင်ပေးတော်မမူသနည်း။ မိမိ၏သစ္စာရှိသောရှေ့ပြေးကြီး၏လွတ်လပ်ခွင့်သာမက အသက်ကိုပင်ဆုံးရှုံးစေနိုင်သည့်အခြေအနေအထိ ကိုယ်တော်သည် မည်သည့်အတွက်ကြောင့် ခွင့်ပြုပေးခဲ့သနည်းဟူသောမေးခွန်းများကို သူတို့မေးမြန်းလာကြပါသည်။

၎င်းမေးခွန်းများသည် အလဟဿဖြစ်မသွားခဲ့ဘဲ အကျိုးသက်ရောက်မှုရှိခဲ့ပါသည်။ အခြားနည်းများကြောင့် တစ်ခါမျှမဖြစ်ပေါ်ခဲ့ဖူးသောသံသယစိတ်များသည် ဤမေးခွန်းများကြောင့် ဆရာယောဟန်၏ စိတ်တွင်ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုတပည့်များ၏စကားများကိုကြားခဲ့ရခြင်းနှင့် ထိုစကားများသည် စေတမန်ကြီး၏စိတ်ဝိညာဉ်ကို မည်ကဲ့သို့ထိခိုက်နာကျင်စေမည်ကို ကြည့်မြင်ခဲ့ရခြင်းတို့အတွက် စာတန်ဝမ်းမြောက်ခဲ့ပါသည်။ မကြာခဏဆိုသလို လူကောင်းတစ်ယောက်၏မိတ်ဆွေများဟု မိမိကိုယ်ကိုထင်နေကြသူများနှင့် မိမိမိတ်ဆွေများအပေါ်မှာ သစ္စာရှိသည်ဟု မိမိကိုယ်ကိုထင်နေကြသူများသည် ထိုလူအတွက် အန္တရာယ်အကြီးဆုံးရန်သူ



များဖြစ်နေတတ်ပါသည်။ ၎င်းတို့ပြောဆိုသောစကားများသည် ယုံကြည်ခြင်းကို တိုးပွားစေမည့်အစား၊ စိတ်အားငယ်ခြင်း၊ စိတ်ပျက်ခြင်းများကို မကြာခဏဖြစ်စေခဲ့ပါသည်။

နှစ်ခြင်းဆရာယောဟန်သည် ခရစ်တော်၏တမန်တော်များကဲ့သို့ပင် ခရစ်တော်တည်ထောင်မည့် နိုင်ငံတော်၏သဘာဝကို နားမလည်ခဲ့ကြချေ။ သခင်ယေရှုသည် ဒါဝိဒ်၏ပလ္လင်ကိုသိမ်းပိုက်တော်မူမည်ဟု သူမျှော်လင့်ခဲ့ပါသည်။ သို့စေကာမူ အချိန်တွေကြာညောင်းလာသော်လည်း ခရစ်တော်သည် ဘုရင်ဖြစ်ကြောင်း ကြေညာတော်မမူခဲ့သည့်အတွက် ဆရာယောဟန်သည် စိတ်နှလုံးရှုပ်ထွေးပူပန်ခဲ့ရပါသည်။ သခင်ဘုရားအတွက် လမ်းခရီးတော်ကိုပြင်ဆင်ရန်အလို့ငှါ ဟေရှာယအနာဂတ္တိပြုခဲ့သောတောင်ကုန်းများကိုဖြိုချခြင်း၊ ကောက်သောလမ်းများကိုဖြောင့်စေခြင်းနှင့် ကြမ်းတမ်းသောနေရာများကိုညီညာစေခြင်းများသည် ပြည့်စုံခြင်းသို့ ရောက်ရမည်ဟု ယုဒလူများအား ဆရာယောဟန်ဟောကြားခဲ့ပါသည်။ သူသည် လူသားများ၏မာနထောင်လွှားခြင်းနှင့် တန်ခိုးအာဏာပြမှုများကို ချိုးနှိမ်ရန်ရည်ရွယ်၍ ဟောကြားခဲ့ခြင်းဖြစ်ပါသည်။ လက်တော်တွင် ဆန်ကောပါလျက် မိမိကောက်နယ်တလင်းကိုရှင်းလင်းစေသဖြင့် မိမိဂျုံစပါးကို ကျီ၌စုသိမ်းသွင်းထား၍ အဖျင်းကိုကား မငြိမ်းနိုင်သောမီးနှင့် မီးရှို့တော်မူလတ္တံ့သော မေရှိယအား သူပြည့်သွန်ခဲ့ပါသည်။ သူသည် ဧလိယ၏ စိတ်ဝိညာဉ် တန်ခိုးနှင့်ပြည့်စုံလျက် မီးအားဖြင့် ထူးတော်မူခဲ့သောဘုရားတစ်ပါးအဖြစ် ကိုယ်တော်အားထင်ရှားစေရန်အတွက် ဣသရေလများထံသို့ ရောက်ရှိလာခဲ့ပါသည်။

ဆရာယောဟန်သည် မြင့်မြတ်သောအထက်တန်းလွှာများနှင့် နိမ့်ကျသောလူတန်းစားနှစ်မျိုးစလုံးတွင်ရှိနေသောအပြစ်များကို မကြောက်မရွံ့ပြစ်တင်ပြောဆိုသူတစ်ဦးအဖြစ် အမှုတော်ကာလရပ်တည်ခဲ့ပါသည်။ ကျူးလွန်ခဲ့သောအပြစ်အတွက်ဆုံးမရန် သူသည် ဟေရုဒ်မင်းကြီးအားရဲဝံ့စွာရင်ဆိုင်ခဲ့ပါသည်။ မိမိအားပေးအပ်ထားသောတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ဖို့ အသက်ကိုပင်ပဓါနမထားခဲ့ချေ။ ယခုတွင်မူ နှိပ်စက်

ကလူပြုနေသူများ၏မာနကိုချိုးနှိမ်၍ အော်ဟစ်ငိုကြွေးနေသောမိမိနှင့်တကွ ဆင်းရဲသားအပေါင်းအား ကယ်လွှတ်မည့်ယုဒအမျိုးမှခြသေ့်မင်းအား မိမိ၏ အချုပ်ခန်းကလေးထဲမှပင် သူစောင့်စားခဲ့ပါသည်။ သို့သော် ယေရှုရှင်သည် မိမိ၏ပတ်ပတ်လည်တွင် တပည့်တော်များဝန်းရံနေသည်ကိုလည်းကောင်း၊ လူများအားကုသပေးခြင်း၊ သွန်သင်ခြင်းများနှင့်လည်းကောင်း ကျေနပ်နှစ်သိမ့်နေပုံပေါ်နေပြီး ရောမများသည် ဣသရေလများအပေါ် လေးလံသောထမ်းပိုးများကိုတင်နေစဉ်တွင် ဟေရုဒ်မင်းကြီးနှင့် ၎င်း၏ဆိုးယုတ်သောအမြှောင်မယားတို့သည် ၎င်းတို့ဆန္ဒအတိုင်းလုပ်ဆောင်နေကြသဖြင့် အတိဒုက္ခရောက်နေသူများနှင့် ဆင်းရဲသားများ၏အော်ဟစ်ငိုကြွေးသံများသည် ကောင်းကင်သို့ပျံ့တက်နေစဉ်တွင် ကိုယ်တော်ရှင်သည် အခွန်ခံများ၏ စားပွဲတွင် စားသောက်လျက်ရှိခဲ့ပါသည်။

တောတွင်းမှ ထိုပုရောဖက်ကြီးအတွက် ဤအရာအားလုံးသည် ဥာဏ်မမီနိုင်သောနက်နဲမှုများဖြစ်နေပါတော့သည်။ နတ်ဆိုးများ၏တီးတိုးပြောသံများသည် ၎င်း၏စိတ်ကိုနာကျင်ထိခိုက်စေခဲ့ပြီး ကြောက်လန့်စိုးရွံ့ဖွယ်အရိပ်အယောင်များသည် ၎င်းစိတ်တွင်တဖြည်းဖြည်းပေါ်ပေါက်လာခဲ့ပါသည်။ အချိန်ကြာမြင့်စွာကတည်းက စောင့်မျှော်ခဲ့ရသောကယ်တင်ရှင်သည် မပေါ်ထွန်းသေးဖူးဆိုသည်မှာဖြစ်နိုင်ပါ့မလား။---မိမိကို ဇွတ်အတင်းဟောကြားစေခဲ့သည့်သတင်းစကားသည် မည်သည့်အဓိပ္ပါယ်ရှိဦးမည်နည်း စသည့်မေးခွန်းများသည် ဆရာယောဟန်၏စိတ်ထဲတွင်ပေါ်လာကာ မိမိ အမှုတော်၏ရလဒ်များအတွက် အလွန့်အလွန်စိတ်ပျက်ခဲ့ရပါသည်။ ဘုရားသခင်ထံမှလာသောသတင်းစကားများသည် ယောရှိနှင့်ဇေရတို့၏အချိန်တွင် ပညတ်တော်ကိုဖတ်ရွတ်လေ့လာသည့်အတွက် ထွက်ပေါ်လာသည့် အကျိုးသက်ရောက်မှုမျိုးကို သူရရှိလိမ့်မည်ဟု ဆရာယောဟန်မျှော်လင့်ခဲ့ပါသည်။ (၆ရာ ၃၄ နှင့် နေဟမိ ၈-၉)။ ထိုပုဂ္ဂိုလ်များသည် ပညတ်တော်များကိုဖတ်ရှုလေ့လာခြင်းအားဖြင့် ခိုင်မြဲသောနောင်တတရားများကိုရခဲ့ကြကာ ဘုရားသခင့်အထံတော်သို့ပြန်၍လှည့်ခဲ့ကြပါသည်။ အမှုတော်ဆောင်ခြင်း၏ အောင်မြင်မှုများအတွက် မိမိအသက်တာတစ်ခုလုံးကို ဆရာယောဟန်



ဆက်ကပ်ခဲ့ပါသည်။ ထိုသို့ဆက်ကပ်ခြင်းသည် အလဟဿဖြစ်သွားခဲ့ပါသလား။

သူ၏တပည့်တော်များသည် သူ့အားချစ်သည့်အတွက် သခင်ယေရှုနှင့်ပတ်သက်၍ မယုံကြည်သောစိတ်ဓာတ်များကို မွေးမြူနေကြကြောင်း မြင်တွေ့ရသောအခါ ဆရာယောဟန်စိတ်ဒုက္ခရောက်ခဲ့ရပါသည်။ ၎င်းတို့အတွက် မိမိဆောင်ရွက်ခဲ့မှုများသည် အလဟဿဖြစ်ခဲ့ပါသလား။ ယခုကဲ့သို့ အမှုတော်ကိုဆက်လက်လုပ်ဆောင်ခွင့်မရရှိခြင်းသည် အမှုတော်အပေါ် မိမိသစ္စာရှိစွာမလုပ်ဆောင်ခဲ့မိသည့်အတွက်ကြောင့်လော။ ကတိတော်နှင့်ပတ်သက်သောကယ်တင်ရှင်သည် ပေါ်ထွန်းပြီးဖြစ်သည်ဆိုလျှင် ဆရာယောဟန်၏လုပ်ဆောင်မှုသည် မှန်ကန်မှုရှိကြောင်း တွေ့ရမည်ဖြစ်ပြီး သခင်ယေရှုသည် ယခုတွင် ဖိနှိပ်ချုပ်ချယ်သူများ၏တန်ခိုးအာဏာများကို သိမ်းပိုက်၍ မိမိ၏ရှေ့ပြေးကြီးအား အဘယ်ကြောင့်ထောင်ထဲမှလွှတ်မပေးရသနည်း။

သို့သော် ဆရာယောဟန်သည် ခရစ်တော်အပေါ်ထားရှိသော မိမိ၏ယုံကြည်ခြင်းကိုမစွန့်လွှတ်ခဲ့ချေ။ ကောင်းကင်မှဖြစ်ပေါ်လာသော အသံနှင့် ဆင်းသက်လာသောချိုးငှက်သည်လည်းကောင်း၊ ခြောက်ပြစ်ကင်းသဲလဲစင်သော ခရစ်တော်၏အသက်တာသည်လည်းကောင်း၊ ကယ်တင်ရှင်ရှေ့မှောက်တွင်ရောက်ရှိလာစဉ် မိမိအပေါ်သို့ကျရောက်ခဲ့သည့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်နှင့် ကျမ်းစာ၏အနာဂတ္တိဆိုင်ရာသက်သေခံချက်များအားလုံးသည်လည်းကောင်း နာဇရက်မြို့သားယေရှုသည် ကတိထားတော်မူသောမေရှိယဖြစ်ကြောင်း သက်သေခံနေကြပါသည်။

ဆရာယောဟန်သည် မိမိ၏သံသယများနှင့် စိုးရိမ်ပူပန်မှုများအကြောင်းကို မိမိမိတ်ဆွေများနှင့်မဆွေးနွေးတော့ဘဲ စုံစမ်းရန်အတွက် စေတမန်ကိုစေလွှတ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ကယ်တင်ရှင်နှင့်တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ၎င်းတို့၏ယုံကြည်ခြင်းကိုခိုင်ခံ့စေပြီး ညီအစ်ကိုများအတွက်လည်း အာမခံချက်ကိုရယူနိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ယေရှုနှင့်တွေ့ဆုံမေးမြန်းရန် တပည့်တော်နှစ်ယောက်ကိုစေလွှတ်ခဲ့ပါသည်။

၎င်းပြင် မိမိနှင့်တိုက်ရိုက်ပတ်သက်သည့် ခရစ်တော်၏မိန့်တော်မူချက်များကိုလည်း ဆရာယောဟန်မျှော်လင့်တောင့်တခဲ့ပါသည်။

ထိုသူတို့သည် အထံတော်သို့ရောက်လျှင် "ကိုယ်တော်သည် ကြွလာတော်မူသောသူမှန်သလော၊ (သို့မဟုတ်) အခြားသောသူကိုမျှော်လင့်ရပါမည်လော" ဟုမေးလျှောက်ကြ၏။

နှစ်ခြင်းဆရာယောဟန်သည် ယေရှုကိုပြည့်နှ်၍ "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့"---"ငါ့နောက်မှကြွလာသော်လည်း ငါ့ထက်သာ၍ကြီးမြတ်၏" ဟုပြောခဲ့ပြီး အချိန်တိုကလေးအတွင်းမှာပင် "ကိုယ်တော်သည် ကြွလာသောသူမှန်သလော" ဟု ယခုမေးခွန်းထုတ်ခဲ့ပြန်သည်။ ဤအရာသည် လူသားများအတွက် ပြင်းပြစွာသောခါးသီးခြင်းနှင့် စိတ်ပျက်စရာကောင်းသောအရာတစ်ခုဖြစ်ပါသည်။ သစ္စာရှိသောဆရာယောဟန်ကဲ့သို့သော ရှေ့ပြေးကြီးသည် ခရစ်တော်၏အမှုတော်ကို ကောင်းမွန်စွာနားမလည်ခဲ့လျှင် တစ်ကိုယ်ကောင်းကြံတတ်သော ယုဒလူထုကြီးထံမှ မည်သည့်အရာကိုမျှော်လင့်နိုင်လိမ့်မည်နည်း။

ကယ်တင်ရှင်သည် ထိုတပည့်တော်များ၏အမေးကို ချက်ချင်းအဖြေပေးတော်မမူခဲ့ချေ။ အဖြေမပေးဘဲ ငြိမ်သက်နေသောကိုယ်တော်ကိုအံ့ဩစွာဖြင့် ၎င်းတို့ရပ်၍ကြည့်နေကြစဉ်တွင် နာမကျန်းသောသူများနှင့်ဒုက္ခသည်များသည် ကုသမှုကိုခံယူရန် ကိုယ်တော်၏ရှေ့တော်မှောက်သို့ရောက်လာခဲ့ကြပါသည်။ မျက်မမြင်များသည် လူအုပ်ထဲမှဖြတ်၍ကိုယ်တော်ထံသို့ စမ်းတဝါးဝါးနှင့်လျှောက်လာနေကြပါသည်။ မိမိဘာသာလမ်းလျှောက်နိုင်သောရောဂါသည်များနှင့် အခြားသူများကသယ်မ၍လာခဲ့ရသောရောဂါသည်ပေါင်းစုံတို့သည် ယေရှုရှင်၏ရှေ့မှောက်သို့ရောက်ရန်မရမကတိုးဝှေ့ချဉ်းကပ်နေကြပါသည်။ ကိုယ်တော်ရှင်၏အသံတော်သည်ပင်းနေသောနားထဲသို့ ထိုးဖောက်ဝင်ရောက်သွားခဲ့ပါသည်။ ကိုယ်တော်ရှင်၏နှုတ်တော်ထွက်စကားတစ်လုံးသည်လည်းကောင်း၊ လက်တော်နှင့်တစ်ချက်သာတို့တော်မူခြင်းသည်လည်းကောင်း၊ ကန်းနေသောမျက်လုံးအား





နေ့၏အလင်းရောင်ကိုလည်းကောင်း၊ သဘာဝရှုမျှော်ခင်းများကိုလည်းကောင်း၊ မိတ်ဆွေများ၏မျက်နှာများကိုလည်းကောင်း၊ ကယ်တင်ရှင်၏မျက်နှာတော်အားလည်းကောင်း မြင်တွေ့နိုင်ရန် ပွင့်လင်းစေခဲ့ကြပါသည်။ ယေရှုရှင်သည် ရောဂါများကိုပျောက်ကင်းစေ၍ ဖျားနာမှုများကိုလွင့်ပျောက်စေခဲ့ပါသည်။ ကိုယ်တော်၏အသံတော်သည် သေအံ့ဆဲဆဲရှိသောလူနာ၏နားထဲသို့ဝင်သွားတော်မူ၍ သူတို့သည် ကျန်းမာသန်စွမ်းစွာဖြင့် နိုးထခဲ့ကြပါသည်။ နတ်ဆိုးစွဲနေသောခြေလက်သေနေသူသည် ကိုယ်တော်၏အမိန့်တော်ကိုနားထောင်ခဲ့ပြီး ရူးသွပ်မှုများပျောက်ကင်းကာ ကိုယ်တော်အားပျပ်ဝပ်ကိုးကွယ်ခဲ့ကြပါသည်။ ကိုယ်တော်သည် ရောဂါများကိုကုသပေးနေစဉ်မှာပင် ၎င်းတို့အား သွန်သင်တော်မူခဲ့ပါသည်။ ကျမ်းတတ်ဆရာများက မသန့်ရှင်းသူများဟူ၍သတ်မှတ်ကာ ရှောင်ရှားခြင်းခံရသည့် ဆင်းရဲသား၊ လယ်သမားများနှင့် အလုပ်သမားများသည် ကိုယ်တော့်အနီးတွင် လာရောက်စုရုံးကြသဖြင့် ယေရှုရှင်သည် ၎င်းတို့အား ထာဝရအသက်နှင့်ပတ်သက်သော နှုတ်ကပတ်တော်များကို ဟောကြားတော်မူခဲ့ပါသည်။

ထိုနည်းအားဖြင့် ဆရာယောဟန်၏တပည့်တော်များသည် အရာခပ်သိမ်းအားကြည့်ရှုကြားနာရင်း တစ်နေ့တာသည် တဖြည်းဖြည်းကုန်ဆုံးသွားခဲ့ပါသည်။ နောက်ဆုံးတွင် သခင်ယေရှုသည် ထိုသူများအားအထံတော်သို့ခေါ်ဆောင်တော်မူ၍ မြင်သမျှကြားသမျှကို ဆရာယောဟန်အားပြန်၍ပြောရန် မိန့်တော်မူပြီး "ငါ့ကြောင့် စိတ်မပျက်သောသူသည် မင်္ဂလာရှိ၏" ဟု ထပ်လောင်းသွန်သင်တော်မူပါသည်။ (လုကာ ၇း၂၃)။ အတိဒုက္ခရောက်နေသောလူသားများတို့၏လိုအပ်ချက်များအား ဆီလျော်သင့်လျော်အောင် ဖြည့်ဆည်းလုပ်ဆောင်ပေးမှုများတွင် ကိုယ်တော်၏ဘုရားဇာတိတော်အတွက် အထောက်အထားများကိုမြင်တွေ့နိုင်ပါသည်။ ကျွန်ုပ်တို့၏နိမ့်ကျသောအခြေအနေသို့တိုင် ကိုယ်တော်၏မိမိကိုယ်ကိုနှိမ့်ချတော်မူခြင်းတွင် ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေတော်မူခဲ့ပါသည်။

တပည့်များသည် ထိုသတင်းများကိုပြောပြကြရာ ကြားရသော သတင်းများသည် ဆရာယောဟန်အတွက် လုံလောက်မှုရှိခဲ့ပါသည်။ ထိုနောက်သူသည် မေရှိယနှင့်ပတ်သက်သော အနာဂတ္တိစကားကို ပြန်လည်သတိရခဲ့ပါသည်။ "ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌တည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကိုကြားပြောစေခြင်းငှါ ငါ့ကိုဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏အနာကိုစည်းစေခြင်းငှါလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကိုပြစေခြင်းငှါလည်းကောင်း၊ ထာဝရဘုရား၏မင်္ဂလာနှစ်နှင့် ငါ့တို့ဘုရားသခင်အပြစ်ပေးတော်မူရာနေ့ရက်ကာလကို ကြားပြောစေခြင်းငှါလည်းကောင်း ငါ့ကိုစေလွှတ်တော်မူပြီ" ဟေရှာ ၆၁း၁-၂။ ခရစ်တော်၏လုပ်ဆောင်မှုများသည် မိမိအနေနှင့် မေရှိယဖြစ်ကြောင်း ကြေညာရုံသာမကဘဲ မိမိ၏နိုင်ငံတော်ကို မည်သည့်နည်းဖြင့်တည်ထောင်မည်ကိုလည်း ပြသတော်မူနေပါသည်။ "အားကြီးသောလေပြင်းသည် တောင်ထိပ်တို့ကိုခွဲ၍ ထာဝရဘုရားရှေ့တော်၌ ကျောက်တို့ကိုချိုးဖဲ့၏။ သို့ရာတွင် ထာဝရဘုရားသည် လေ၌ရှိတော်မမူ။ လေနောက်မှာမြေလှုပ်ခြင်းရှိ၏။ သို့ရာတွင် ထာဝရဘုရားသည် မြေလှုပ်ခြင်း၌လည်းရှိတော်မမူ။ မြေလှုပ်ခြင်းနောက်မှာမီးရှိ၏။ သို့ရာတွင် ထာဝရဘုရားသည် မီး၌လည်းရှိတော်မမူ။ မီးနောက်မှဖြည်းညင်းသောအသံရှိ၏" ဟူ၍ ဧလိယအား တောထဲတွင်မိန့်တော်မူခဲ့သောသမ္မာတရားမျိုးကို ဆရာယောဟန်အားလည်း ဖွင့်ပြတော်မူနေပါသည်။ (၃ရာ၊ ၁၉း၁၁-၁၂)။ ခရစ်တော်သည် ထိုကဲ့သို့ငြိမ်သက်သာယာစွာ မိမိ၏အမှုတော်ကိုပြီးစီးစွာဆောင်ရွက်ရမည်ဖြစ်ပါသည်။ လက်နက်စွဲကိုင်၍ ရာဇပလ္လင်များနှင့် တိုင်းနိုင်ငံများကိုမှောက်လှန်ခြင်းအားဖြင့်မဟုတ်ဘဲ ကိုယ်ကျိုးစွန့်၍ သနားခြင်းကရုဏာနှင့်ပြည့်ဝသောအသက်တာအားဖြင့် လူသားများ၏စိတ်နှလုံးများကို တရားဟောခြင်းအားဖြင့် ကိုယ်တော်ရှင်သည် အမှုတော်ကိုပြီးစီးအောင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကိုယ်အလိုကိုငြင်းခြင်းတည်းဟူသော



ဆရာယောဟန်၏အသက်တာစည်းမျဉ်းသည် မေရှိယ၏နိုင်ငံတော်စည်းမျဉ်းပင်ဖြစ်ပါသည်။ ဤလောကရေးရာ ခေါင်းဆောင်များ၏မျှော်လင့်ချက်များနှင့် ၎င်းတို့၏အသက်တာစည်းမျဉ်းများသည် ဤအရာနှင့်တခြားစီဖြစ်နေကြောင်းကို ဆရာယောဟန်ကောင်းမွန်စွာသိခဲ့ရသည်။ ခရစ်တော်၏ဘုရားဇာတိတော်နှင့်ပတ်သက်သောအထောက်အထားများသည် သူ့အတွက်နားလည်သဘောပေါက်နေသော်လည်း ထိုသူများအတွက်မူ သဘောမပေါက်နိုင်စရာများဖြစ်နေခဲ့ပါသည်။ ၎င်းတို့သည် ကတိထားတော်မမူခဲ့သောမေရှိယတစ်ပါးကို မျှော်လင့်နေကြပါသည်။ ကိုယ်တော်ရှင်၏အမှုတော်သည် ၎င်းတို့ထံမှမုန်းတီးခြင်းများနှင့် အပြစ်စီရင်ခြင်းများကိုသာရရှိမည်ကိုလည်း ဆရာယောဟန်တွေ့မြင်ခဲ့ပါသည်။ အနည်ကိုရောက်သည့်တိုင် ခရစ်တော်ဘုရားစစ်ယူသောက်သုံးရမည့်ခွက်ဖလားကို ဆရာယောဟန်သောက်နေခြင်းသာဖြစ်ပါသည်။

"ငါ့ကြောင့် စိတ်မပျက်သောသူသည် မင်္ဂလာရှိသည်" ဟူသောကိုယ်တော်ရှင်၏နှုတ်ထွက်စကားများသည် ဆရာယောဟန်အား ညင်သာစွာဆုံးမနေခြင်းဖြစ်ပါသည်။ ထိုစကားသည် သူ့အတွက်ခရီးရောက်ခဲ့ပါသည်။ ခရစ်တော်၏အမှုတော်အကြောင်းကို ယခုတွင်ပိုမို၍ရှင်းလင်းစွာနားလည်လာပြီဖြစ်သည့်အတွက် မိမိကိုယ်ကို ဘုရားသခင်ထံလုံးလုံးလျားလျားဆက်ကပ်အပ်နှံခဲ့ပါသည်။

ယောဟန်စေလွှတ်လိုက်သော စေတမန်များပြန်သွားကြသောခါ ဆရာယောဟန်ကိုရည်စူး၍ သာဓကတစ်ခုဖြင့်လူထုအား မိန့်တော်မူခဲ့ပါသည်။ ယခုအချိန်တွင် ဟေရုဒ်မင်းကြီး၏အကျဉ်းခန်းထဲ၌ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသည့် သစ္စာရှိသောထိုသက်သေခံအား ကိုယ်တော်ဘုရားသည်ကြင်နာသနားတော်မူခဲ့ပါသည်။ ထာဝရဘုရားသည် ဆရာယောဟန်အားစွန့်ပစ်တော်မမူကြောင်းကိုလည်းကောင်း၊ ဆရာယောဟန်၏ယုံကြည်ခြင်းသည် စမ်းသပ်စစ်ဆေးသောနေ့တွင် ချည့်နဲ့ခဲ့ကြောင်းကိုလည်းကောင်းသိသာထင်ရှားစေရန် ယေရှုသည် အနီးအနားတွင်ရှိနေသောပရိသတ်အား "သင်တို့သည် အဘယ်မည်သောအရာကိုကြည့်ရှုခြင်းငှါ တောသို့ထွက်သွား

ကြသနည်း။ လေလှုပ်သောကျူပင်ကိုကြည့်ရှုခြင်းငှါသွားကြသလော” ဟူ၍ မိန့်တော်မူခဲ့၏။

ယော်ဒန်မြစ်ကမ်းနားတွင် ပေါက်ရောက်နေသောလေယူရာတိမ်းနေသည့်ကျူပင်များသည် နှစ်ခြင်းဆရာ၏အမှုတော်ကိုဝေဖန်စီရင်နေကြသူများဖြစ်သည့် ကျမ်းတတ်ဆရာများ၏ကိုယ်စားလှယ်များနှင့်တူလှပါသည်။ သူတို့သည် ရေပန်းစားသော၊ ထင်မြင်ယူဆချက်တည်းဟူသော လေတိုက်ခတ်ခြင်းကြောင့် ဟိုဘက်၊ ဒီဘက်ကိုယိမ်းယိုင်တတ်ကြသည်။ သူတို့သည် ဆရာယောဟန်၏အရင်းခံသဘောများကို ထင်ရှားသိသာစေရန် စိတ်နှလုံးကိုစစ်ဆေးခြင်းနှင့်ဆိုင်သောဒေသနာတော်ကိုလက်ခံရန် မိမိကိုယ်ကိုမနှိမ့်ချကြသော်လည်း လူထုကိုကြောက်သဖြင့် ထိုသူ၏လုပ်ငန်းများကိုလည်း ပွင့်ပွင့်လင်းလင်းမဆန့်ကျင်ရဲကြချေ။ သို့သော် ဘုရားသခင်၏စေတမန်ကြီးတွင်မူ ထိုကဲ့သို့သောသူရဲဘောကြောင်သည့်စိတ်ဓာတ်မျိုးမရှိပါချေ။ ခရစ်တော်အနားတွင်စုရုံးနေကြသောလူထုပရိသတ်သည် ဆရာယောဟန်အမှုတော်အတွက် သက်သေခံများဖြစ်ခဲ့ကြပါသည်။ သူတို့သည် ဆရာယောဟန်၏မကြောက်မရွံ့ဆုံးမသံများကိုလည်း ကြားခဲ့ဖူးကြပါသည်။ မိမိကိုယ်ကိုဖြောင့်မတ်သည်ဟုအထင်ရှိကြသော ဖါရိရှဲများအားလည်းကောင်း၊ ယဇ်ပုရောဟိတ်အန္တယ်ဇဒ္ဒုကဲများအားလည်းကောင်း၊ မင်းညီမင်းသားများနှင့်စစ်သည်တော်များအားလည်းကောင်း၊ ဟေရုဒ်မင်းကြီးနှင့် ၎င်း၏နန်းတွင်းသားများအားလည်းကောင်း၊ အခွန်ခံများနှင့်လယ်သမားများ၊ ဆင်းရဲသားများအားလည်းကောင်း မည်သူကိုမျှမျက်နှာမလိုက်ဘဲ ဆရာယောဟန်သည် ဘွင်းဘွင်းရှင်းရှင်းသွန်သင်ဆုံးမခဲ့ပါသည်။ အကျဉ်းချခြင်းကိုခံရသောအခါတွင်လည်း သူသည် ယခင်ကကဲ့သို့ပင် ဘုရားသခင်ကိုသစ္စာစောင့်သိခဲ့ပြီး တောထဲတွင် ဘုရားသခင်၏သတင်းစကားကိုဟောကြားစဉ်ကကဲ့သို့ပင် ဖြောင့်မတ်ခြင်းတရားအတွက်စိတ်အားထက်သန်မှုရှိခဲ့ပါသည်။ ကောင်းမြတ်သည့်ကျင့်စဉ်ကို သစ္စာရှိမှုတွင် သူသည် ကျောက်တစ်လုံးကဲ့သို့ခိုင်မာလှပါသည်။



ယေရှုသည် ဆက်လက်၍ “သို့မဟုတ် နူးညံ့သောအဝတ်ကိုဝတ်ဆင်သောသူကိုကြည့်ရှုခြင်းငှါ သွားသလော၊ တင့်တယ်သောအဝတ်ကိုဝတ်ဆင်၍ ကောင်းမွန်စွာစားသောက်သောသူသည် မင်းအိမ်၌နေတတ်ကြ၏” ဟု မိန့်တော်မူ၏။ အပြစ်ကျူးလွန်ခြင်းနှင့် ပေါက်လွတ်ပဲစားနေထိုင်စားသောက်ခြင်းများကို ပြစ်တင်ဆုံးမပေးရန် ဆရာယောဟန်အားခေါ်တော်မူခဲ့ခြင်းဖြစ်သည်။ သူ၏ရိုးသားသောဝတ်စားပုံနှင့် မိမိအလိုကိုငြင်းပယ်သောအသက်တာသည် ၎င်းလုပ်ဆောင်ရမည့်လုပ်ငန်းနှင့်ဆီလျော်ကိုက်ညီခဲ့ပါသည်။ တင့်တယ်သောအဝတ်တန်ဆာများနှင့် ဇိမ်ခံအပျော်ကျူးသောအသက်တာသည် ဘုရားသခင့်အစေခံများ၏အငန်းအတာမဟုတ်ဘဲတန်ခိုးများ၊ အာဏာများ၊ ချမ်းသာကြွယ်ဝမှုများနှင့်ဆက်နွှယ်နေသောဘုရင့်နန်းတော်တွင်နေထိုင်သောကမ္ဘာ့ခေါင်းဆောင်ကြီးများ၏အငန်းအတာသာဖြစ်ကြပါသည်။ ဆရာယောဟန်၏ဝတ်ဆင်ပုံနှင့် ယဇ်ပုရောဟိတ်အကြီးအကဲများ၏ဝတ်ဆင်ပုံကွဲပြားခြားနားမှုများကို ပရိသတ်အာရုံပြုလာရန် ယေရှုရှင်လိုလားတော်မူပါသည်။ ဤအရာရှိကြီးများသည် အလွန်တင့်တယ်သောဝတ်ရုံများနှင့် တန်ဖိုးကြီးလှသောလက်ဝတ်လက်စားများကိုဝတ်ဆင်ကြပါသည်။ ပကာသနကိုမြတ်နိုးကြပြီး မိမိတို့၏ဝတ်စားဆင်ယင်ပုံဖြင့် လူထုအား မိန်းမောတွေဝေသွားစေရန်ရည်ရွယ်ကာ ထိုသို့နည်းအားဖြင့် ကြီးမားသောအဖိုးအခများကိုဆင့်ဆိုကြပါသည်။ သူတို့သည် ဘုရားသခင်၏နှစ်သက်မှုကိုရရှိနိုင်သောစိတ်နှလုံးသန့်ရှင်းမှုကိုရယူရန်ထက်လူများ၏ချီးမွမ်းမှုကိုရယူရန် ပို၍စိတ်အားထက်သန်ခဲ့ကြပါသည်။ သူတို့သည် ဘုရားသခင်အပေါ်သစ္စာစောင့်သိမှုမပြဘဲ လောကီသားများအား သစ္စာစောင့်ကြောင်း ပြသနေသည်ကို ထိုနည်းအားဖြင့် ထင်ရှားစေခဲ့ကြသည်။

“ပုရောဖက်ကိုကြည့်ရှုခြင်းငှါသွားသလော၊ မှန်ပေ၏။ ပုရောဖက်ထက်ကြီးမြတ်သောသူလည်းဖြစ်သည်ဟု ငါဆို၏။ ကျမ်းစာလာသည်ကား၊ ကြည့်ရှုလော့၊ သင်သွားရာလမ်းကိုပြင်ရသောငါ၏တမန်ကို သင့်ရှေ့၌ငါစေလွှတ်၏ဟုဆိုရာ၌ ထိုသူကိုဆိုလိုသတည်း။ ငါဆိုသည်ကား မိန်းမ

မွေးသောသူတို့တွင် ဗတ္တိဇံဆရာယောဟန်ထက် ကြီးမြတ်သောပုရောဖက်တစ်ယောက်မျှမရှိ” ဟု ယေရှုမိန့်တော်မူ၏။ ဆရာယောဟန်မမွေးဖွားမီတွင် ဇာခရိအား ကောင်းကင်တမန်မိန့်တော်မူသည်ကား “ထိုသားသည် ထာဝရဘုရားရှေ့တော်၌ ကြီးမြတ်သောသူဖြစ်လိမ့်မည်” ဟူသတည်း။ (လုကာ ၁း၁၅)။ ဘုရားသခင်၏အကဲဖြတ်မှုတွင် မည်သည့်အရာသည် အမြတ်ဆုံးဖြစ်သနည်း။ လောကအနေနှင့် တန်ဖိုးထားကြသည့် ချမ်းသာကြွယ်ဝမှုများမဟုတ်ပါ။ ရာထူးရာခံများလည်းမဟုတ်ပါ။ မြင့်မြတ်သောမျိုးရိုးဇာတိများလည်းမဟုတ်ပါ။ ဉာဏ်ပညာဆုကျေးဇူးလည်းမဟုတ်ပါ။ ပိုမိုမြင့်မြတ်သောမည်သည့်အကြောင်းရင်းများမှမပါသော ဉာဏ်ပညာဆိုင်ရာကြီးကျယ်မှုကိုရိုသေကိုင်းရှိုင်းထိုက်သည်ဟုမှတ်ယူလျှင် ကျွန်ုပ်တို့၏ကိုင်းရှိုင်းမှုသည်မည်သည့်လူသားနှင့်မျှ ဉာဏ်ပညာတန်ခိုးတွင်မယှဉ်သာသောစာတန်ကိုကိုးကွယ်နေခြင်းဖြစ်သည်။ မိမိကိုယ်ကို အလုပ်အကျွေးပြုခြင်းဘက်သို့သွေဖည်တိမ်းယိမ်းသွားသောအချိန်တွင် ကြီးမားသောဆုမင်္ဂလာသည်ကြီးမားသောကျိန်ခြင်းအမင်္ဂလာဖြစ်လာခဲ့ပါသည်။ ထာဝရဘုရားတန်ဖိုးထားသောအရာသည် ကျွန်ုပ်တို့၏အကျင့်စာရိတ္တပင်ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာနှင့်စာရိတ္တကောင်းမွန်ခြင်းသည် ကိုယ်တော်ရှင်၏တန်ဖိုးအထားဆုံးသောအရာများဖြစ်ပါသည်။ ဆရာယောဟန်သည် ဆန်ဟီဒရင်အဖွဲ့ဝင်များ၏စေတမန်များရှေ့တွင်သော်လည်းကောင်း၊ ယုဒလူထုရှေ့တွင်သော်လည်းကောင်း၊ မိမိ၏တပည့်တော်များရှေ့တွင်သော်လည်းကောင်း၊ မိမိကိုယ်ကိုဂုဏ်ပြုချီးမြှောက်ခြင်းမပြုဘဲ မေရှိယဖြစ်သောသခင်ယေရှုကိုသာဂုဏ်ပြုချီးမြှောက်ခဲ့သည့်အတွက် သူသည် ထာဝရဘုရားရှေ့မှောက်တွင်ကြီးမြတ်သောသူဖြစ်လာခဲ့ပါသည်။ ခရစ်တော်၏အမှုတော်ကိုထမ်းဆောင်ခြင်းအားဖြင့် ခံစားခဲ့ရသောသူ၏အတ္တမဲ့သောပျော်ရွှင်ဝမ်းမြောက်မှုသည်လူသားများ၏အသက်တာတွင် တွေ့ရှိခဲ့ဖူးသမျှထဲတွင် အမြင့်မြတ်ဆုံးသောဂုဏ်သရေဖြစ်ပါသည်။

ဆရာယောဟန်သေဆုံးသွားပြီးနောက် ခရစ်တော်အကြောင်းငင်း၏သက်သေခံချက်များကိုကြားခဲ့ရသောသူများက “ယောဟန်သည်



နိမိတ်လက္ခဏာကိုမပြ၊ သို့သော်လည်း ဤသူ၏အကြောင်းကို ယောဟန်ပြောသမျှမှန်ပေ၏” ဟုသက်သေခံကြ၏။ ဧလိယကဲ့သို့ ကောင်းကင်မှမီးကိုကျလာအောင် တောင်းဆိုနိုင်ဖို့အတွက်သော်လည်းကောင်း၊ လူသေများကိုထမြောက်စေရန်အတွက်သော်လည်းကောင်း သူ့အား တန်ခိုးပေးခြင်းမခံခဲ့ရချေ။ ဘုရားသခင်၏နာမတော်အားဖြင့် မောရှေ၏လှံတံတန်ခိုးကိုအသုံးပြုရန် အခွင့်ပေးခြင်းမခံခဲ့ရချေ။ ကိုယ်တော်ရှင်၏ကြွလာခြင်းအတွက် ယုဒလူများကိုပြင်ဆင်ဖို့ဆင့်ခေါ်ရန်နှင့် ရှေ့ပြေးတာဝန်ကိုထမ်းဆောင်ရန် သူသည် စေလွှတ်ခြင်းကိုခံခဲ့ရပါသည်။ ယုဒလူများသည်ခရစ်တော်၏အကြောင်းကို ပြန်လည်သတိရစဉ်းစားကြသောအခါ “ဤသူ၏အကြောင်းကို ယောဟန်ပြောသမျှမှန်ပေ၏” ဟူ၍ ပြန်လည်ပြောပြနိုင်သည့်တိုင် သူသည် သစ္စာရှိရှိဖြင့် မိမိတာဝန်များကိုထမ်းဆောင်ခဲ့ပါသည်။ တမန်တော်တိုင်းသည် ခရစ်တော်အတွက် ထိုကဲ့သို့သောသက်သေခံများဖြစ်ရန် ခေါ်တော်မူနေပါသည်။

ဆရာယောဟန်သည် မေရှိယ၏ရှေ့ပြေးတော်ကြီးအနေဖြင့် ပုရောဖက်ထက်ကြီးမြတ်သောသူလည်းဖြစ်ပါသည်။ အကြောင်းမူကား အခြားပုရောဖက်များသည် ခရစ်တော်၏ကြွလာခြင်းကို ကိုယ်တိုင်ကိုယ်ကြပ်မမြင်တွေ့ခဲ့ရဘဲ ဆရာယောဟန်အနေနှင့်မူ ကိုယ်တော်ရှင်အား ကိုယ်တိုင်ကိုယ်ကြပ်ဖူးမြော်ရသောအခွင့်၊ ကိုယ်တော်သည် မေရှိယဖြစ်ကြောင်း ကောင်းကင်နိုင်ငံ၏သက်သေခံချက်ကိုကြားရသောအခွင့်နှင့် ကိုယ်တော်သည် ကောင်းကင်မှစေလွှတ်ခံရသူဖြစ်ကြောင်းကို ဣသရေလများအား တင်ပြရသောအခွင့်များကိုရရှိခဲ့ပါသည်။ “သို့သော်လည်း ကောင်းကင်နိုင်ငံတော်တွင် အငယ်ဆုံးသောသူသည် ထိုသူထက်သာ၍ကြီးမြတ်၏။

ပုရောဖက်ယောဟန်သည် ဘုရားသခင်ပြဋ္ဌာန်းထားရာ ဥပဒေတည်သည့်ခေတ်နှစ်ခေတ်အကြား ဆက်စပ်ပေးခဲ့သူတစ်ဦးဖြစ်ပါသည်။ သူသည် ခရစ်တော်ပေါ်ထွန်းပြီးခေတ်နှင့် ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းတို့အကြားဆက်နွှယ်မှုကိုဖော်ပြရန် ပေါ်ထွက်လာခဲ့ပါသည်။ သူသည်

သေးငယ်သောအလင်းသာဖြစ်ပြီး ပို၍ကြီးမားလာသောအလင်းသည် ၎င်း၏နောက်မှဆက်တိုက်ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ သူသည် ယုဒလူများအပေါ် အလင်းတရားထွန်းလင်းနိုင်ရန် ဘုရားသခင်သည် ၎င်း၏စိတ်နှလုံးကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ထွန်းလင်းတောက်ပစေခဲ့ပါသည်။ သို့သော် ခရစ်တော်၏အသက်တာပုံစံနမူနာနှင့် သွန်သင်ချက်များမှထွက်ပေါ်လာခဲ့သောအလင်းလောက် လူသားများအပေါ် ကြည်လင်စွာထွန်းလင်းခဲ့သည့်အလင်းမျိုးသည် တစ်ခါမျှမထွန်းလင်းခဲ့ဖူးချေ။ နောင်တွင်လည်း ထွန်းလင်းလိမ့်မည်မဟုတ်ချေ။ ပုံရိပ်ဖြစ်သောယဇ်ပူဇော်မှုများအားဖြင့် ရုပ်လုံးဖော်လုပ်ဆောင်သောအချိန်များက ခရစ်တော်နှင့်ကိုယ်တော်၏အမှုတော်အကြောင်းကို အနည်းငယ်သာနားလည်ခဲ့ကြသည်။ ဆရာယောဟန်သည်ပင်လျှင် ခရစ်တော်အားဖြင့်ရရှိမည့်ထာဝရအသက်နှင့်ပတ်သက်သော အနာဂတ်ရေးကို ပြည့်ပြည့်စုံစုံနားမလည်ခဲ့ချေ။

ဆရာယောဟန်သည် မိမိ၏အမှုတော်တွင် ပျော်ရွှင်မှုများကိုတွေ့ခဲ့ရသော်လည်း ၎င်း၏အသက်တာသည် ဝမ်းနည်းဖွယ်အသက်တာတစ်ခုသာဖြစ်ခဲ့ပါသည်။ သူ၏အသံကို တောထဲမှာကြားခဲ့ရသည်မှလွဲ၍ အခြားနေရာတွင်မကြားရတော့ချေ။ သူ့ဘဝသည် အထီးကျန်ဘဝသာတည်း။ မိမိလုပ်ဆောင်မှုများ၏ရလဒ်အကျိုးများကိုလည်း သူတွေ့မြင်ခွင့်မရခဲ့ချေ။ သူသည် ခရစ်တော်ဘုရားနှင့်အတူ နေထိုင်လုပ်ကိုင်ခွင့်မရရှိခဲ့ဘဲ ကြီးကျယ်သောအလင်းတော်များဖြင့် ဒွန်တွဲနေသော ဘုရားသခင်၏တန်ခိုးတော်ထင်ရှားပေါ်ထွန်းခြင်းများကိုလည်း မမြင်တွေ့လိုက်ရချေ။ မျက်မမြင်များအလင်းပြန်ရလာကြခြင်းကိုလည်းကောင်း၊ သေသောသူများပြန်လည်၍အသက်ရှင်လာကြသည်ကိုလည်းကောင်း သူမမြင်တွေ့လိုက်ရချေ။ အနာဂတ်ကတိတော်များအပေါ် ဘုန်းတော်ဖြာထွက်လျက် ခရစ်တော်၏နှုတ်တော်ထွက်စကားများအားဖြင့်ထွန်းလင်းခဲ့သောအလင်းများကိုလည်း သူမြင်မတွေ့ခဲ့ရချေ။ ခရစ်တော်၏ကြီးမြတ်လှသောအမှုတော်မြတ်ကိုမြင်တွေ့ခဲ့ပြီး နှုတ်တော်ထွက်စကားများကို ကြားခဲ့ရသည့်အငယ်ဆုံးသော



တပည့်တော်သည် ဤအရာတွင် ဆရာယောဟန်ထက် အခွင့်အရေးသာခဲ့ပါသည်။ ထို့ကြောင့် ကောင်းကင်နိုင်ငံတော်တွင် အငယ်ဆုံးသောသူသည် ၎င်းထက်သာလွန်သည်ဟု မိန့်တော်မူခဲ့ခြင်းဖြစ်သည်။

ဆရာယောဟန်၏သွန်သင်ချက်ကို နားထောင်ခဲ့ကြသည့် များပြားစွာသောလူအုပ်ကြီးမှတစ်ဆင့် သူ၏ကျော်ကြားမှုများသည် ယုဒပြည်အနှံ့သို့ပျံ့သွားခဲ့ပါသည်။ သူ၏အကျဉ်းချခံရမှုအတွက် အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ အထူးစိတ်ဝင်စားခဲ့ကြပါသည်။ သို့စေကာမူ ၎င်း၏အပြစ်ကင်းသောအသက်တာနှင့် လူထု၏အားကြီးသောထောက်ခံမှုသည် ၎င်းနှင့်ဆန့်ကျင်၍ မည်သည့်အကြမ်းဖက်မှုကိုမျှ မဖြစ်ပေါ်စေခဲ့ချေ။

ဟေရုဒ်မင်းသည် ဆရာယောဟန်အား ဘုရားသခင်၏ပုရောဖက်တစ်ပါးဖြစ်ကြောင်း ယုံကြည်ခဲ့ပြီး လွှတ်ငြိမ်းခွင့်ပေးရန် အပြည့်အဝရည်စူးထားခဲ့သော်လည်း ဟေရောဒိကိုစိုးရွံ့နေရသဖြင့် လွှတ်ပေးရန်နှောင့်နှေးခဲ့ပါသည်။

သူမသည် ဆရာယောဟန်အား အသေသတ်ရန် ဟေရုဒ်ကိုတိုက်ရိုက်တောင်းဆိုလျှင်မရနိုင်ကြောင်းကိုသိသဖြင့် မိမိ၏အကြံကိုအောင်မြင်စေရန် မဟာဗျူဟာကိုအသုံးပြုခဲ့ပါသည်။ ဟေရုဒ်မင်းကြီး၏မွေးနေ့တွင် နိုင်ငံတော်အကြီးအကဲများနှင့် နန်းတော်မှဂုဏ်အသရေရှိပုဂ္ဂိုလ်များအား ဧည့်ခံကျွေးမွေးရန် အစီအစဉ်ပြုလုပ်ခဲ့ပါသည်။ ထိုမွေးနေ့ပွဲတွင် သူတို့သည် စားသောက်ကြူးကာ ယစ်မူးခဲ့ကြပါသည်။ ဟေရုဒ်သည်လည်း သတိလက်လွတ်ဖြစ်ကာ ထိုအချိန်တွင် ဟေရောဒိလိုသလိုဆွဲသည့်နောက်သို့ ကောက်ကောက်ပါအောင်လိုက်ခဲ့ပါသည်။

မွေးနေ့သို့ရောက်လာသောအခါ ဟေရုဒ်မင်းကြီးနှင့် ၎င်း၏အပေါင်းပါများတို့သည် သောက်စားမူးယစ်နေကြသောအချိန်တွင် ဧည့်သည်တော်များကို အကဖြင့်ဖျော်ဖြေရန် ဟေရောဒိသည် မိမိ၏သမီးဖြစ်သူဆိုလိုမီအား ထိုစားသောက်ပွဲကျင်းပနေသောအခန်းထဲသို့လွှတ်လိုက်သည်။ သူမ၏သမီးသည် စိုစိုပြည်ပြည်လှလှပပရှိသောအမျိုးသမီးတစ်ဦးဖြစ်ပြီး ကိလေသာစိတ်ကိုနိုးကြွစေသောသူမ၏အလှသည် အပျော်ကြူးနေကြသော

ထိုသူများကိုဖမ်းစားခဲ့ပါသည်။ နန်းတွင်းသူတစ်ယောက်သည် ဤကဲ့သို့သောပွဲမျိုးတွင် ယခုကဲ့သို့ပါဝင်လာခြင်းသည် ထုံးစံမဟုတ်သည့်အတွက် ဧည့်သည်တော်များပျော်မြူးစေရန် ဣသရေလယဇ်ပုရောဟိတ်များနှင့် မင်းသားများ၏သမီးဖြစ်သူ၊ နန်းတွင်းသူမင်းသမီးကလေးသည် ကခုန်ကာဖျော်ဖြေသောအခါ ဟေရုဒ်မင်းကြီးအား မြှောက်ပင့်ချီးမွမ်းခဲ့ကြပါသည်။

မင်းကြီးသည် စပျစ်ရည်သောက်ကြူး၍ မူးယစ်နေပေပြီ။ ကိလေသာစိတ်များဖောက်ပြန်လာကာ ဆင်ခြင်တုံတရာများလည်း ပျောက်လွင့်ကုန်ကြပေပြီ။ မြူးထူးနေသောဧည့်သည်တော်များ၊ စားသောက်ဖွယ်ရာများဖြင့်ပြီးသောစားပွဲ၊ ပလုံစီထနေသောစပျစ်ရည်၊ ထွန်းတောက်နေသောမီးရောင်များနှင့် မိမိရှေ့တွင်ကနေသောမိန်းမငယ်ကလေး စသည့်မြင်ကွင်းများပါရှိသည့် အပျော်ကြူးနေသောခန်းမကြီးကိုသာ သူမြင်တွေ့ပါတော့သည်။ ထိုကဲ့သို့သတိလက်လွတ်ဖြစ်နေသောအချိန်တွင် ၎င်းသည် မိမိလက်အောက်ရှိလူကြီးလူကောင်းများရှေ့မှောက်၌ မိမိအားအထင်ကြီးသွားစေရန် ဟန်ပန်လုပ်လိုစိတ်များပေါ်ပေါက်လာကာ ဟေရောဒိ၏သမီးကတောင်းခံလျှင် နိုင်ငံတော်တစ်ဝက်အထိပေးမည်ဟု ကျိန်ဆိုကတိပြုခဲ့ပါသည်။

ဆိုလိုမီသည် မည်သည့်အရာတောင်းခံရမည်ကိုမေးရန် သူမ၏မိခင်ထံသို့အမြန်သွားရောက်ခဲ့ပါသည်။ ဟေရောဒိတွင် အဖြေရှိထားနှင့်ပြီးဖြစ်ပါသည်။ ၎င်းအဖြေမှာ ဆရာယောဟန်၏ဦးခေါင်းပင်ဖြစ်ပါသည်။ ဆိုလိုမီသည် သူမမိခင်၏ကလဲ့စားချေလိုစိတ်ပြင်းပြမှုကိုမသိရှိခဲ့ချေ။ ထိုတောင်းခံချက်ကို ဟေရုဒ်အားတင်ပြရန် တွန့်နေခဲ့သော်လည်း ဟေရောဒိ၏ဆုံးဖြတ်ချက်သည် အောင်နိုင်သွားခဲ့ပါသည်။ မိန်းမငယ်သည် မင်းကြီးထံသို့ပြန်လာခဲ့ပြီး "ဗတ္တိဇံဆရာယောဟန်၏ဦးခေါင်းကို ဤလင်ပန်း၌အလျင်အမြန်ပေးတော်မူစေခြင်းငှါ ကျွန်မအလိုရှိပါသည်" ဟု ကြောက်ရွံ့တုန်လှုပ်စွာဖြင့် တောင်းလျှောက်ထားခဲ့ပါသည်။

ဟေရုဒ်သည် အံ့ဩတွေဝေသွားခဲ့ပါသည်။ ရှန်းရင်းခတ်ပျော်မြူးနေခြင်းများလည်း ရပ်စဲသွားခဲ့ပြီး နိမိတ်မကောင်းသောငြိမ်သက်မှုသည်



အပျော်ကြူးနေသောမြင်ကွင်းကို ငြိမ်ကျသွားစေခဲ့ပါသည်။ ဆရာယောဟန်၏အသက်ကိုသတ်ရမည်ဟူသောအတွေးသည် မင်းကြီးအား တုန်လှုပ်ချောက်ချားစေခဲ့ပါသည်။ သို့စေကာမူ ကတိပေးထားပြီးဖြစ်သည့်အတွက် ပေးသောကတိကိုဖျက်ရန် သူဆန္ဒမရှိခဲ့ချေ။ ဧည့်သည်တော်များကို ဂုဏ်ပြုသည့်အနေဖြင့် ကျိန်ဆိုခဲ့ခြင်းဖြစ်သဖြင့် အကယ်၍ဧည့်သည်များထဲမှတစ်ယောက်ယောက်သည် မိမိ၏ကတိကိုမဖြည့်စွမ်းရန် စကားတစ်လုံးကမ်းလှမ်းခဲ့ပါလျှင် သူသည် ဝမ်းမြောက်ဝမ်းသာဖြင့် ထိုပုရောဖက်ကြီးကိုအသက်ချမ်းသာခွင့်ပေးခဲ့ပါလိမ့်မည်။ ထိုပုရောဖက်ကြီးကိုယ်စား ထိုကဲ့သို့တောင်းပန်ပေးရန် ၎င်းတို့အား အခွင့်အရေးပေးခဲ့ပါသည်။ သူတို့သည် ဆရာယောဟန်၏သွန်သင်ချက်ကိုကြားနာရန်အလိုငှါ အဝေးကြီးမှလာခဲ့ကြဖူးပါသည်။ ထိုသူသည် ရာဇဝတ်မှုတစ်စုံတစ်ခုကိုမျှ ကျူးလွန်ခဲ့သူမဟုတ်ဘဲ ဘုရားသခင်၏ကျွန်တစ်ဦးဖြစ်ကြောင်း ထိုသူတို့သိရှိခဲ့ကြပါသည်။ မိန်းမငယ်၏တောင်းခံသံကြောင့် တုန်လှုပ်ချောက်ချားခဲ့ကြသော်လည်း ဝင်ရောက်တားမြစ်ပိတ်ပင်ခြင်းမပြုလုပ်နိုင်လောက်အောင် သူတို့သည် မောဟဖုံးနေခဲ့ကြပါသည်။ ဘုရားသခင့်စေတမန်၏အသက်ကိုကယ်ဆယ်ရန် အသံတစ်သံမျှမထွက်ပေါ်ခဲ့ချေ။ ဤသူများသည် နိုင်ငံတော်၏ယုံကြည်ကိုးစားမှုခံရသည့်ရာထူးကြီးများကို ရရှိထားကြပြီး ကြီးလေးသောတာဝန်များကိုထမ်းဆောင်နေရသူများဖြစ်သော်လည်း အာရုံခံစားမှုများထုံထိုင်းသွားသည့်တိုင်အောင် သောက်စားမူးယစ်ခဲ့ကြသဖြင့် ၎င်းတို့၏ဦးခေါင်းများသည် တေးဂီတနှင့်အကအခုန်မြင်ကွင်းများနှင့်မူးဝေနေပြီး သြတ္တပ္ပစိတ်သည် ငြိမ်ဆိတ်နေပါသည်။ ၎င်းတို့သည် ဆိတ်ဆိတ်နေခြင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသော မိန်းမယုတ်၏ကလဲ့စားချေမှုကို ကျေနပ်သွားစေရန် ဘုရားသခင်၏ပုရောဖက်ကြီးအပေါ် ချမှတ်ထားသောသေဒဏ်ကို ကြေညာနေပါသည်။

ဟေရုဒ်သည် မိမိ၏ကျိန်ဆိုချက်မှကင်းလွတ်ခွင့်ပြုရန် အချည်းနှီးစောင့်စားခဲ့သော်လည်း နောက်ဆုံးတွင် ပုရောဖက်ကြီးအားသတ်ရန် နှောင့်နှေးဆိုင်းတွစွာဖြင့်အမိန့်ပေးခဲ့ပါသည်။ မကြာမီတွင်ပင် ဆရာယောဟန်၏

ဦးခေါင်းကို မင်းကြီးနှင့်တကွ ဧည့်သည်များ၏ရှေ့မှောက် သို့ယူဆောင်ခဲ့ကြပါသည်။ အပြစ်နှင့်ပြီးသောအသက်တာကိုကျော်ခိုင်းရန် ဟေရုဒ်မင်းကြီးအား ဖြောင့်မှန်စွာသတိပေးခဲ့သောပုရောဖက်ကြီး၏နှုတ်ခမ်းများသည် ထာဝရပိတ်သွားခဲ့လေပြီ။ လူအများအားနောင်တရရန် ခေါ်တော်မူသံကို မည်သည့်အခါမျှကြားရတော့မည်မဟုတ်ချေ။ တစ်ညတာ၏အပျော်ကြူးမှုသည် ကြီးမြတ်သောပုရောဖက်ကြီးများထဲမှ တစ်ပါးသောပုရောဖက်၏အသက်ကို ဆုံးရှုံးစေခဲ့ပါသည်။ တရားမျှတမှုကို ထိန်းသိမ်းစောင့်ရှောက်သင့်သောပုဂ္ဂိုလ်များ၏ချုပ်တည်းမှုမရှိခြင်းအားဖြင့် အပြစ်မဲ့သောအသက်များကို ဘယ်နှစ်ကြိမ်ဆုံးရှုံးခဲ့ဖူးပြီလဲ။ သေရည်သေရက်ကို မိမိပါးစပ်ထဲသို့ လောင်းထည့်သောသူသည် မောဟဖုံးပြီ။ မိမိကျူးလွန်နိုင်သောမတရားမှုအားလုံးအတွက် မိမိကိုယ်ကိုတာဝန်ရှိသောသူဖြစ်စေပါသည်။ အာရုံခံစားမှုထုံထိုင်နေခြင်းကြောင့် တည်ငြိမ်စွာဆုံးဖြတ်ချက်ချရန်အတွက်သော်လည်းကောင်း၊ အမှားနှင့်အမှန်ကိုခွဲခြားသိမြင်နိုင်ရန်အတွက်သော်လည်းကောင်း မဖြစ်နိုင်တော့ချေ။ စာတန်သည် ၎င်းအားအသုံးပြုကာ အပြစ်မဲ့သူများအား ညှဉ်းပန်းနှိပ်စက်၍ သုတ်သင်ဖျက်ဆီးရန်လမ်းဖွင့်ပေးခဲ့ပါသည်။ "စပျစ်ရည်သည် လှည့်စားတတ်၏။ သေရည်သေရက်သည် ရုန်းရင်းခတ်ပြုခြင်းအမှုကိုဖြစ်စေတတ်၏။ ထိုသို့သောအားဖြင့် မှားယွင်းသောသူသည် ပညာမရှိ။" သု၊ ၂၀း၁။ "ဖြောင့်မတ်စွာစီရင်ခြင်းသည် ဆုတ်သွားပြီ။----ဒုစရိုက်ကိုရှောင်သောသူသည် လုယူခြင်းကိုခံရ၏။" ဟေရှာ ၅၉း၁၄-၁၅။ မိမိ၏အပေါင်းအဖော်များအပေါ် တရားစီရင်ပိုင်ခွင့်ရှိသောသူများသည် ချုပ်တည်းခြင်းမရှိမှုနောက်သို့ လိုက်ပါသွားသောအချိန်တွင် မိမိကိုယ်တိုင်ရာဇဝတ်မှုမကျူးလွန်မိစေရန် ချုပ်ထိန်းသင့်ပါသည်။ တရားဥပဒေများကိုအတည်ဖြစ်စေသောသူအားလုံးသည် ဥပဒေကိုစောင့်ရှောက်သူများဖြစ်သင့်ပါသည်။ ၎င်းတို့သည် ကိုယ့်ကိုကိုယ်ချုပ်တည်းသောသူများဖြစ်ရပါမည်။ ဉာဏ်ပညာစွမ်းအားနှင့် အမှားအမှန်ခွဲခြားခြင်းတန်ခိုးများကို ပိုင်ဆိုင်နိုင်ရန်အလို့ငှါ ကာယ၊ ဉာဏနှင့် စာရိတ္တတန်ခိုးများကို လုံးလုံးလျားလျားအုပ်ထိန်းထားရန်လိုအပ်ပါသည်။



ဗတ္တိဇံဆရာယောဟန်၏ခေါင်းကို ဟေရောဒိထံသို့ယူဆောင်လာခဲ့ရာ မစ္ဆရိယစိတ်နှင့်ပြီးသောကျေနပ်မှုဖြင့် သူမသည် လက်ခံရယူခဲ့ပါသည်။ သူမသည် ကလဲ့စားချေခဲ့ရသည့်အတွက် ဝမ်းမြောက်ပီတိဖြစ်နေပြီး ဟေရုဒ်ကို စိတ်ဒုက္ခရောက်အောင်ပြုမည့်သူမရှိတော့သဖြင့် နှစ်ထောင်းအားရဖြစ်နေခဲ့ပါသည်။ သို့သော် သူမ၏အပြစ်ကျူးလွန်မှုသည် သူမအား မည်သည့်ဝမ်းမြောက်မှုကိုမှမဖြစ်ထွန်းစေခဲ့ပါ။ သူမ၏နာမည်သည် မကောင်းသတင်းကျော်စောခဲ့ပြီး စက်ဆုပ်ရွံရှာခြင်းကိုခံခဲ့ရပါသည်။ ဟေရုဒ်သည်လည်း ဆရာယောဟန်၏သတိပေးစကားထက် နောင်တသံဝေဂရခြင်းကြောင့် ပို၍စိတ်ဒုက္ခရောက်ခဲ့သည်။ ဆရာယောဟန်သွန်သင်ချက်များ၏ဩဇာသက်ရောက်မှုသည် ရပ်ဆိုင်းငြိမ်သက်သွားခြင်းမရှိဘဲ ကမ္ဘာဆုံးသည့်တိုင်အောင် လူမျိုးအဆက်သို့ပျံ့နှံ့သွားမည်ဖြစ်ပါသည်။

ဟေရုဒ်သည် မိမိကျူးလွန်ခဲ့သောအပြစ်ခြောက်လှန့်မှုကို အမြဲတမ်းခံနေခဲ့ရပါသည်။ ထိုကြောင့် မိမိ၏အပြစ်ကျူးလွန်ခဲ့သောဩတ္တပ္ပစိတ်၏ စွဲဆိုချက်မှသက်သာမှုရရှိရန် အမြဲတမ်းသူကြိုးစားခဲ့ရပါသည်။ သူသည် ဆရာယောဟန်အပေါ်တွင် ခိုင်မြဲစွာစိတ်ချယုံကြည်ခဲ့သည်။ မိမိအလိုကို ငြင်းပယ်သောဆရာယောဟန်၏အသက်တာကိုလည်းကောင်း၊ သူ၏မွန်မြတ်၍ စိတ်အားထက်သန်မှုရှိလှသော တောင်းဆိုချက်များကိုလည်းကောင်း၊ သူ၏ခိုင်မာသောဆုံးဖြတ်ချက်ကိုလည်းကောင်း၊ သူသည် မည်ကဲ့သို့ သေပွဲဝင်ခဲ့ရသည်ကိုလည်းကောင်း ဟေရုဒ်မင်းကြီးပြန်လည်သတိရမိတိုင်း နေမထိထိုင်မသာဖြစ်ခဲ့ပါသည်။ သူသည် တိုင်းရေးပြည်ရာကိစ္စများကို ထမ်းဆောင်သောအခါ ကျိန်ခြင်းအမင်္ဂလာတစ်ခုသည် မိမိအပေါ်သို့ ကျရောက်ခဲ့ပြီဟူသော ကြောက်ရွံ့မှုတစ်ခု၏ဖိစီးမှုကိုရင်မှာဝှက်ကာ လူအများ၏အရိုသေပေးမှုကို ပြုံးရွှင်စွာလက်ခံလျက် အိန္ဒြေဆောင်ခဲ့ရပါသည်။

ထာဝရဘုရား၏ရှေ့တော်မှောက်တွင် မည်သည့်အရာကိုမျှ ဖုံးကွယ်ထား၍မရကြောင်း ဆရာယောဟန်၏သွန်သင်ချက်သည် ဟေရုဒ်မင်း၏စိတ်နှလုံးတွင်စွဲမြဲနေခဲ့ပါသည်။ ထာဝရဘုရားသည် နေရာတိုင်း၌

ရှိတော်မူကြောင်းကိုလည်းကောင်း၊ စားသောက်ပွဲခန်းမကြီးထဲမှ မိမိတို့၏ အပျော်ကြူးမှုများကို မြင်တော်မူသည်ကိုလည်းကောင်း၊ ဆရာယောဟန်၏ ခေါင်းကိုဖြတ်ရန် မိမိပေးခဲ့သောအမိန့်ကို ကိုယ်တော်ကြားတော်မူခဲ့မည် ကိုလည်းကောင်း၊ ဟေရောဒိ၏ကျေနပ်ဝမ်းသာနေပုံနှင့် သူမအားအပြစ်တင် ခဲ့သောဆရာယောဟန်၏ခေါင်းပြတ်ကြီးရှေ့တွင် သူမ၏မထီလေးစား လုပ်နေပုံများကို ကိုယ်တော်မြင်တွေ့တော်မူမည်ကိုလည်းကောင်း ဟေရုဒ် သဘောပေါက်ခဲ့ပါသည်။ ဆရာယောဟန်၏နှုတ်ဖျားမှထွက်လာသည့် ဟေရုဒ်ကြားဖူးခဲ့သောစကားများသည် တောတွင်ကြားခဲ့ရသည်ထက် ယခု အချိန်တွင် သူ၏သြတ္တပ္ပစိတ်၌ ပိုမိုထင်ရှားရှင်းလင်းစွာကြားနေရပါသည်။

ခရစ်တော်၏လုပ်ဆောင်မှုများအကြောင်းကို ဟေရုဒ်မင်းကြီး ကြားသောအခါ အလွန်ကြောက်ရွံ့တုန်လှုပ်သွားခဲ့ပါသည်။ ဘုရားသခင် သည် ဆရာယောဟန်အား သေခြင်းမှထမြောက်စေတော်မူပြီး မိမိအပြစ် များကိုစီရင်ရန် ထိုသူအား ပို၍ကြီးမားသောတန်ခိုးများဖြင့် စေလွှတ် တော်မူခဲ့သည်ဟု သူထင်မြင်ယူဆခဲ့ပါသည်။ ဆရာယောဟန်သည် မိမိနှင့် တကွ နန်းတော်သူနန်းတော်သားများအား အပြစ်ဒဏ်စီရင်ခြင်းအားဖြင့် ကလဲ့စားချေမည်ကို အစဉ်သဖြင့်စိုးရိမ်ခဲ့ပါသည်။ “ထိုလူမျိုးတို့တွင် သင်သည် သက်သာခြင်းမရှိရာ၊ နေရာမကျရာ၊ နှလုံးတုန်လှုပ်ခြင်း၊ မျက်စိ မြော်၍အားကုန်ခြင်း၊ ဝမ်းနည်းခြင်းအကြောင်းကို ထာဝရဘုရားစီရင် တော်မူသဖြင့် သင်သည် အသက်ဆုံးလုသည်ဖြစ်၍ နေ့ညမပြတ်စိုးရိမ်လျက် သေဘေးနှင့်လွတ်မည်မလွတ်မည်ကိုမသိဘဲလျက်နေရလိမ့်မည်။ သင်၏ စိတ်နှလုံးထဲမှာ ကြောက်ရွံ့ရသောအကြောင်း၊ သင့်မျက်စိနှင့်မြင်ရသော အရာကြောင့် နံနက်အချိန်၌ သင်ကညဉ့်ရောက်ပါစေဟူ၍လည်းကောင်း၊ ညဉ့်အချိန်၌ နံနက်ရောက်ပါစေဟူ၍လည်းကောင်း ဆုတောင်းရလိမ့်မည်” (တရား ၂၈း၆၅-၆၇) ဟူ၍ ထာဝရဘုရားမိန့်တော်မူထားသည့် အပြစ် အတိုင်းအတာတစ်ခု၏ဆိုးကျိုးများကို ဟေရုဒ်မင်းကြီးရိတ်သိမ်းနေရခြင်း ဖြစ်ပါသည်။ အပြစ်သား၏ကိုယ်ပိုင်ထင်မြင်ချက်များသည် ၎င်းအား စွပ်စွဲ သူများဖြစ်ကြပါသည်။ ၎င်းအား နေ့ရောညပါနေမထိထိုင်မသာဖြစ်စေ



သောအပြစ်ရှိနေသည့် သြတ္တပ္ပစိတ်တစ်ခု၏နာကျင်မှုများထက် ပိုမို ထက်မြက်သည့်နှိပ်စက်ညှဉ်းဆဲမှုမရှိနိုင်ချေ။

ဆရာယောဟန်၏ကံကြမ္မာနှင့်ပတ်သက်၍ လူများစွာတို့၏ စိတ်နှလုံးတွင်နက်ရှိုင်း၍ လူ့ဉာဏ်နှင့်မမီနိုင်အောင် နက်နဲသိမ်မွေ့သည့် အရာတစ်ခုကိုခံစားနေကြရပါသည်။ အကျဉ်းထောင်ထဲ၌ လုံးပါးပါး၍ သေဆုံးသွားရန် သူ့အားအဘယ်ကြောင့်စွန့်ပစ်ထားခဲ့သနည်းဟု သူတို့က မေးလာကြပါသည်။ ဤရင်လေးဖွယ်စီစဉ်မှု၏နက်နဲသိမ်မွေ့မှုကို ကျွန်ုပ်တို့ လူသားများ၏ဉာဏ်ဖြင့် မသိစွမ်းနိုင်ချေ။ သို့သော် ဆရာယောဟန်သည် ခရစ်တော်၏ဆင်းရဲမှု၌ မျှဝေခံစားခဲ့ရသူတစ်ဦးဖြစ်ကြောင်းကို ကျွန်ုပ်တို့ အောက်မေ့သတိရသောအချိန်တွင် ထိုနက်နဲမှုသည် ဘုရားသခင်အား ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုကို မည်သည့်အခါမျှတုန်လှုပ်နိုင်မည်မဟုတ် ချေ။ ခရစ်တော်၏နောက်တော်သို့လိုက်သောသူအပေါင်းတို့သည် ဆက်ကပ် ခြင်းသရဖူကို ဆောင်းကြရလိမ့်မည်။ ထိုသူတို့သည် တစ်ကိုယ်ကောင်းဆန် သောသူများ၏နားလည်မှုလွဲမှားခြင်းကို သေချာပေါက်ခံကြရလိမ့်မည် ဖြစ်ပြီး စာတန်၏ပြင်းထန်သောတိုက်ခိုက်မှုအတွက် ပစ်မှတ်တစ်ခုဖြစ်လာ လိမ့်မည်။ ထိုတိုက်ခိုက်မှုများကိုဖျက်ဆီး၍ တွေ့သည့်နေရာတိုင်းတွင် တိုက်ခိုက်ချေမှုန်းရန် ကိုယ့်ကိုကိုယ်ဆက်ကပ်ခြင်းစည်းမျဉ်းအားဖြင့် ကိုယ်တော်၏နိုင်ငံတော်ကို တည်ထောင်ခဲ့ပါသည်။

ဆရာယောဟန်၏ကလေးဘဝ၊ လူငယ်ဘဝနှင့် လူကြီးဘဝများ သည် ခိုင်မာကြံ့ခိုင်ခြင်းနှင့် စာရိတ္တတန်ခိုးများအားဖြင့် ထင်ရှားပေါ်လွင် ခဲ့ပါသည်။ “ထာဝရဘုရားကြွတော်မူရာလမ်းကို ပြင်ကြလော့။ လမ်းခရီး တော်ကိုဖြောင့်စေကြလော့” ဟူ၍ တောတွင်းဟစ်ကြော်သောဆရာ ယောဟန်၏အသံကိုကြားရသောအချိန်တွင် စာတန်သည် မိမိနိုင်ငံ၏ လုံခြုံရေးအတွက် စိုးရိမ်ကြောင့်ကြခဲ့ပါသည်။ အပြစ်၏ကျူးလွန်မှုကို လူများ ကြောက်ရွံ့ကြသော ဤနည်းဤဟန်များဖြင့် ဖော်ပြခဲ့ပါသည်။ စာတန်၏ ထိန်းချုပ်မှုအောက်၌ရှိသော လူများစွာတို့အပေါ်လွှမ်းမိုးနေသည့် စာတန်၏ တန်ခိုးအာဏာသည် ကျိုးပျက်ခဲ့ပါသည်။ ထာဝရဘုရားအား လုံးလုံး

လျှားလျှားဆက်ကပ်အပ်နှံသောအသက်တာအခြေအနေမှ ဆရာယောဟန်အားဝေးစေရန် စာတန်သည် မမောတမ်းမပန်းတမ်းကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ ၎င်းပြင် သခင်ယေရှုကိုလွှမ်းမိုးရန်ကြိုးစားမှုတွင်လည်း မအောင်မြင်ခဲ့ချေ။ စာတန်သည် တောတွင် ခရစ်တော်အားစုံစမ်းနှောင့်ယှက်ခြင်းတွင်ရှုံးနိမ့်ခဲ့သဖြင့် အမျက်ခြောင်းခြောင်းထွက်ကာ ယခုတွင် ဆရာယောဟန်ကိုတိုက်ခိုက်ခြင်းအားဖြင့် ခရစ်တော်အားဝမ်းနည်းအောင်လုပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ စာတန်သည် အပြစ်ပြုဖို့ လှည့်ဖြားသွေးဆောင်ရန် မိမိမစွမ်းဆောင်နိုင်ခဲ့သည့် သခင်ယေရှုအား ဒုက္ခဝေဒနာခံရစေရန် လုပ်ဆောင်ခဲ့ပါသည်။

သခင်ယေရှုသည် မိမိအစေခံကျွန်ကြီးအား ကြားဝင်၍ကယ်တင်တော်မမူခဲ့ချေ။ ဆရာယောဟန်အနေနှင့် ထိုစစ်ဆေးမှုကိုခံနိုင်ရည်ရှိလိမ့်မည်ဟု ကိုယ်တော်သိတော်မူခဲ့ပါသည်။ မှောင်မည်းနေသောအချုပ်ခန်းကလေးကို လင်းထိန်သွားအောင် သခင်ယေရှုသည် ဆရာယောဟန်ထံသို့ ဝမ်းမြောက်ဝမ်းသာဖြင့် ကြွချီသွားနိုင်ပါသော်လည်း ကိုယ်တော်သည် မိမိကိုယ်ကိုရန်သူလက်တွင်းအကျခံ၍ မိမိအမှုတော်ကိုအပျက်ခံလိမ့်မည်မဟုတ်ချေ။ ကိုယ်တော်သည် မိမိ၏သစ္စာရှိအစေခံကျွန်ကြီးအား ကယ်တင်နိုင်ပါသော်လည်း နောင်လာမည့်နှစ်များတွင် အကျဉ်းထောင်မှသည် အသေသတ်ခြင်းအထိ ခံစားကြရမည့်ထောင်ပေါင်းများစွာသောသူတို့၏ အကျိုးအလို့ငှါ ဆရာယောဟန်သည် မာတုရသေခြင်းကိုခံယူရပါမည်။ ခရစ်တော်၏နောက်လိုက်များသည် ဆိတ်ညံသောအကျဉ်းခန်းထဲတွင် အင်အားဆုတ်ယုတ်နေကြစဉ် (သို့မဟုတ်) ဓါးဖြင့်လည်းကောင်း၊ ကပ်တိုင်တင်ခြင်းအားဖြင့်လည်းကောင်း၊ ကွပ်မျက်ခြင်းကိုခံနေကြရစဉ် ဘုရားသခင်နှင့်တကွ လူသားများသည် ၎င်းတို့အားစွန့်ပစ်ထားကြပြီဟု ခံစားနေရစဉ်များတွင် ၎င်း၏သစ္စာရှိမှုကို ခရစ်တော်ကိုယ်တော်တိုင်သက်သေခံခြင်းကို ခံခဲ့ရသော ဗတ္တိဇံဆရာယောဟန်သည်လည်း ထိုကဲ့သို့ခံစားခဲ့ရသည်ဟူသော အသိကလေးသည် ၎င်းတို့၏စိတ်နှလုံးတွင် အားကိုးမှီခိုရာတစ်ခုဖြစ်စေပါလိမ့်မည်။





ဆရာယောဟန်၏လောကသက်တမ်းကိုတိုစေရန် စာတန်အားခွင့်ပြုခဲ့သော်လည်း ဘုရားသခင်၌ဝှက်ထားလျက်ရှိသော ၎င်း၏အသက်ကိုမူ စာတန်လက်လှမ်းမမီခဲ့ချေ။ ၎င်းသည် ခရစ်တော်အား ဝမ်းနည်းစေနိုင်ခဲ့သဖြင့် ဝမ်းမြောက်ပီတိဖြစ်နေသော်လည်း ဆရာယောဟန်ကိုအောင်နိုင်ရန် မစွမ်းနိုင်ခဲ့ချေ။ သေခြင်းသည် ဆရာယောဟန်အား စုံစမ်းနှောင့်ယှက်ခြင်းတန်ခိုးလက်လှမ်းမမီနိုင်သည့်နေရာသို့ ထာဝစဉ်ပို့ဆောင်ထားခဲ့ပါသည်။ ဤတိုက်လှန်ပွဲတွင် စာတန်သည် မိမိ၏ဇာတိမှန်ကိုထုတ်ဖော်ခဲ့ပါသည်။ စကြဝဠာကိုသက်သေခံခြင်းမပြုမီ သူသည် ဘုရားသခင်နှင့်လူသားများအပေါ်ထားရှိသည့် မိမိ၏ရန်ငြိုးကိုထင်ရှားစေခဲ့ပါသည်။

ဆရာယောဟန်အား အံ့ဖွယ်နိမိတ်လက္ခဏာများပြ၍ မကယ်လွှတ်ခဲ့သော်လည်း သူသည် စွန့်ပစ်ခြင်းကိုမခံခဲ့ရချေ။ သူသည် မိမိအား ခရစ်တော်နှင့်ပတ်သက်သောအနာဂတ္တိစကားများနှင့် အလွန်အဖိုးထိုက်တန်သောကတိတော်များကို အသိပေးခဲ့သည့် ကောင်းကင်သားများ၏ အပေါင်းအဖော်ပြုမှုကို အမြဲတမ်းရရှိခဲ့ပါသည်။ ဤအရာများသည် ခေတ်အဆက်ဆက်တွင် ဘုရားသခင်၏သားသမီးများအတွက် အားကိုးအားထားပြုစရာဖြစ်သကဲ့သို့ ဆရာယောဟန်အတွက်လည်း အားထားစရာဖြစ်ခဲ့ပါသည်။ "ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်" ဟူသောအာမခံချက်ကို နောက်ပိုင်းလူသားများကို ပေးခဲ့သကဲ့သို့ ဆရာယောဟန်အားလည်း ပေးတော်မူခဲ့ပါသည်။

ဘုရားသခင်၏သားသမီးများသည် အစမှသည်အဆုံးတိုင်အောင် မြင်တွေ့နိုင်ကြပြီး ကိုယ်တော်နှင့်အတူလက်တွဲ၍ ၎င်းတို့ဖြည့်ဆည်းနေကြသောအကြံအစည်တော်၏ဘုန်းအာနုဘော်တော်ကို သိရှိနားလည်ကြမည်ဆိုလျှင် ၎င်းတို့ရွေးချယ်သည့်အရာများနှင့်မတူသည့်အရာတို့ကို ဘုရားသခင်သည် မည်သည့်အခါမျှ ရွေးချယ်စေတော်မူမည်မဟုတ်ချေ။ သေခြင်းကိုမခံစားလိုက်ရဘဲ ကောင်းကင်သို့တက်ကြွသွားခဲ့သော ဧနောက်သည်လည်းကောင်း၊ မီးမြင်းရထားဖြင့် ကောင်းကင်သို့ယူဆောင်ခြင်းခံခဲ့ရသော ဧလိယသည်လည်းကောင်း၊ အကျဉ်းထောင်ထဲတွင်အထီးကျန်ဘဝဖြင့်

သေဆုံးခဲ့ရသောဆရာယောဟန်ထက် ပိုမို၍ဂုဏ်ပြုခြင်းမခံခဲ့ကြရချေ။ “သင်တို့သည် အထက်ကမြင်သည်အတိုင်း၊ ယခုလည်းကြားသည့်အတိုင်း ငါခံရသောတိုက်လှန်ခြင်းကိုခံရသည်နည်းတူ သင်တို့သည်ခံရကြသည်ဖြစ်၍ ခရစ်တော်ကိုယုံကြည်ခြင်းအခွင့်မှတစ်ပါး ခရစ်တော်အတွက်ကြောင့် ဆင်းရဲခံရခြင်းအခွင့်ကို ကျေးဇူးတော်အားဖြင့်ရကြ၏” ဖိလိပ္ပိ ၁း၂၉။ ၎င်းပြင် လူသားများအပေါ် ဘုရားသခင်ချပေးတော်မူသောဆုကျေးဇူးများတွင် ကိုယ်တော်နှင့်အတူလက်တွဲ၍ ဒုက္ခဆင်းရဲခံခြင်းသည် အလေးနက်ဆုံးကိုးစားမှုဖြစ်ပြီး အကြီးမြတ်ဆုံးဂုဏ်ပြုခြင်းလည်းဖြစ်ပါသည်။

-၀-